
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

26 JAN 2013

**ဒို့တာဝန်အရေး သုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

မဂ္ဂဇင်း

㊗ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

**အယ်ဒီတာအဖွဲ့**

ဦးသန့်

နန္ဒာမိုးကြယ်

ကေလတ်

**ထုတ်ဝေသူ**

ဒေါ်ပြုံး(မြ-၀၂၉၆၀)

အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဝင်းထွန်းပုံနှိပ်တိုက်(မြ-၀၄၈၃၉)

အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး**

လာဘ်မိုးရွှေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၃ ခုနှစ်၊ မတ်လ၊ အမှတ် (၂၁၀)

### ကဗျာ ပြစ်မှု

ငြိမ့်နိုင်၊ မောင်သုခွေ(သပြေရုံ)၊ နွေနှောင်း(အိမ်မဲ)၊
မျှးအိမ်စိုး၊ မောင်စိမ်းစို၊ မောင်စိမ့်စမ်း(သဲကုန်း)၊
ဆုမွန်ဦး(ဟသ်ာတ)၊ ကောင်းမြင့်စံ။

BURMESE CLASSIC .com

### ကာတွန်း ပြစ်မှု

မြေဇာ၊ ကိုတေ၊ မြေရိုင်း၊ ဟိတ်ထီးဇော်(ကော့လှိုက်)၊
ထိန်သာ၊ သူရိန်၊ ယုမောင်၊ ကော့မှူးဖိုးကျော်။

### စာပေသုခုမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကသစ်နီ ---------- ၂၅
သုခုမသတင်းလွှာ
အမ်ကေ ---------- ၂၇

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၉

### အခန်းဆက် ရသပြစ်မှု

ထောင်မှူးများ အလိုရှိသည်(၇၂)
ဗဟိုစော ---------- ၅၀
အရှုံးသမား၏အောင်ပွဲ(၁)
ကာတွန်းကြည်ဝင်း ---------- ၆၀
နဂါးမင်းသမီးနှင့် ကြင်ယာတော် ရန်ဘက်ချစ်သူ(၃)
ဂန္ဓာရီမောင်မောင် ---------- ၁၀၈
တန်းမြင့်ဂျင်(၅)
ပဥ္စလက် ---------- ၁၂၆
သိဒ္ဓိရှင်နေအေး(၂)
ကျော်မြသန်း ---------- ၁၃၆
တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း(ဇာတ်သိမ်း)
လေးမောင် ---------- ၁၆၂
ကျားပွဲနှင့် ကြံ့လိုက်ပွဲ(၄)
ဖိုးကျော့ ---------- ၁၇၂

### ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ---------- ၁၇၂

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


လှည့်၍သာ ပြန်လိုရလျှင်
မြမြလှိုင် ---------- ၆၈
မင်းမိန့်အာဏာ(၂)
စံ-ကောတု ---------- ၇၄
နောက်ဆုံးကျိန်စာထိသောအခါ
ဂုဏ်သိမ်(ကချင်မြေ) ---------- ၉၆
လူသွေးသောက် ကိုယ်ပျောက်အမဲကြီး
မြဝင် ---------- ၁၀၄
တစ်ကမ္ဘာလုံး အေးချမ်းကြပါစေ
ခင်မောင်အေး(မန္တလေး) ---------- ၁၄၆
မျှော်ရုံတောဆီက တိမ်ညှိုမည်းမည်းသို့
ဝေဒါကို ---------- ၁၅၆
ကြောင်နက်သုံးကောင်
မြသိန်း ---------- ၁၈၆
အဆိပ်ထက်ပြင်းသော အဆိပ်
မော်တင်-သိန်းဇော်ဝ ---------- ၁၉၂
ခရီးသွားမိတ်ဆွေ
ဟန်သီဇင် ---------- ၁၉၆
တောဆင်ရိုင်းတို့၏ မှဆိုးဝိညာဉ်
သန်းထွန်း(ဂျေဂျေ) ---------- ၂၀၀
ကိန္နရီမောင်နှံတို့ရဲ့ သွေးရောင်လွှမ်းတဲ့အချစ်
ဝင်းသောင်(ရမည်းသင်း) ---------- ၂၀၆
ကာမေသုကာံ သူ့ဆီပြန်
တေးသံရှင် သင်းသင်းသူ ---------- ၂၁၆
လျော်ကြေးငွေမဟုတ်သောအသက်
ကျော်ဇင်ဝင်း ---------- ၂၂၂
မုဆိုးကြီးတောကျော်နဲ့ ဂန္ထီရသော့ချက်
နေဝန်းနီ ---------- ၂၃၈
သမီးကလေး ပြန်လာပါ
ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ) ---------- ၂၄၈
အမိုက်၏နိဂုံး
လွမ်းသျှင်နောင်(မဟာသာရွာ) ---------- ၂၅၂
ဆွမ်းခံရင်းငှက်သင့်
ကောတုမောင်ညိုလင်း ---------- ၂၅၆
တစ်မူးသာ
မောင်မဟာ ---------- ၂၆၂
သံသယစိတ်ရိုင်း
ဝင်းဇော်(သုံးဆယ်) ---------- ၂၆၆


## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


မော်တော်ယာဉ်ရပ်နားရာနေရာတွင် လူသေလောက်သော…
လေးဝတီကျော် ---------- ၁၁၆
လျော့ရဲသော ဆေးညွှန်းပေးခြင်းအတွက်…
လေးဝတီကျော် ---------- ၁၃၄
၁၂ နှစ်သမီး သေဆုံးသွားမှု ထောင်ဒဏ်(၂၀)အပြစ်ပေး
ဦးဦးသိန်း ---------- ၁၅၃
i phone ဖုန်းအကျွဖြင့် လူဆိုးလက်ရ ဖမ်းဆီးမိ
ကောတီအောင်သိန်း ---------- ၁၇၀
ကြွံများကို သတ်ဖြတ်ရန် ဦးဆောင်သူ
ထောင်ဒဏ်နှစ်(၄၀) ချမှတ်ခံရ
ဦးဦးသိန်း ---------- ၁၇၁
ဘရာဇီးနိုင်ငံ မြို့ကြီးပြကြီး မူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်
ကောတီအောင်သိန်း ---------- ၁၈၀
ချီကာဂိုမြို့တော်မှ သိမှတ်ဖွယ်ရာ မှုခင်းကျူးလွန်ရေး စီမံချက်
မောင်မောင်စန်းထွေး ---------- ၁၈၁
သစ်ပင်ဝင်တိုက်သည့်ကား
မောင်ကောင်းယဉ် ---------- ၁၈၅
ကန့်ကွက်ဆန္ဒပြခြင်းကြောင့် တရုတ်နိုင်ငံမှ
ဓာတုဗေဒစီမံကိန်း ရပ်တန့်သွား
လေးဝတီကျော် ---------- ၁၉၁
မြေကီစ္စနာလန်ထူရန် လေလံပွဲ နေးကွေးနေ၍
တရုတ်ရွာသားများ ကန့်ကွက်
လေးဝတီကျော် ---------- ၁၉၉
လူသားစား ဂုရဝွေးလေယာဉ်မှူး
ကောတီအောင်သိန်း ---------- ၂၁၅
စုံထောက်ခွေးများကို ဗီဒီယိုကင်မရာတပ်ဆင်ပေးမည်
ညိုမင်းလွင်(မော်ကျွန်း) ---------- ၂၃၃


www.burmeseclassic.com

www.burmeseclassic.com

## တစ်ပျက်နှာ ပြစ်မှု


ဒိုင်မက်နှင့် လားရာဆီ
ဘစောတူ ---------- ၁၀၃

စေတနာပါသော ဆောင်ပုဒ်နှင့်လူ
ကိုမောင်သန်းဝင်း ---------- ၁၂၅

အဝေးရောက်သားရဲ့ ကဗျာ
မောင်ဇော်လူ ---------- ၁၃၅

သူခိုးမျက်ရည်
ဗိုက်မင်းဝေ ---------- ၁၄၅

ခေါင်းစဉ်ကလေး
ချိုသာ ---------- ၁၅၅

လိုနေတဲ့အသိ
ပန်းတနော်-နောင်လတ် ---------- ၁၆၁


## ဥပဒေ ပြစ်မှု

BURMESE CLASSIC .com


အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ---------- ၅၇

ဥပဒေရေးရာ သုတအဖြာဖြာ
စလင်း-ဦးအောင်သိန်း ---------- ၉၁

နောက်တိုးတရားခံဖြစ်စေသော ခြေလှမ်းများ
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------- ၁၁၇

တရားခွင်မရောက်သော မှုခင်းများ
အောင်မြတ်ဦး ---------- ၁၂၁


## နိုင်ငံရပ်ခြား ရာဇဝတ်မှု


အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ---------- ၄၅

သူ ဘယ်သူလဲ
ဘနန်း(မြန်မာပြန်) ---------- ၂၄


## ဆောင်းပါး ပြစ်မှု


ခွဲတမ်း
ဘုန်းဝေ ---------- ၃၃

လေးစားလောက်ပါပေရဲ့
ထိပ်တင်ထွေး(ယာဥ်/စက်) ---------- ၃၅

ပစ္စက္ခဝေဒနာ
ထူးမမ(ပေါင်) ---------- ၃၇

မိုးခါးရေ
မန်းစံရွှေ ---------- ၃၉


## မျက်နှာဖုံးဆောင်းပါး ပြစ်မှု


လွန်ခဲ့သောနှစ်ပေါင်း(၆၀)ခန့်က
အင်းစိန်ငွေတိုက်အား ဓားပြတိုက်မှုကြီး ---------- ၄၁
အင်းစိန်ငွေတိုက် ဓားပြမှုနှင့်ပတ်သက်သည့်
နောက်ဆက်တွဲ ဖော်ပြချက်များ ---------- ၄၃
အင်းစိန်ငွေတိုက် ဓားပြမှု ရုံးတင်ပြီ ---------- ၄၄



မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - DEEP BLUE၊ မယ်(DOVE)
အလင်းရောင်၊ မယု(သင်းနိုင်)၊
အောင်မျိုးသန့်၊ Glory၊ တင်မိုးနိုင်
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - အောင်နိုင်လတ်၊ K.N၊ ကေလတ်၊
ဇော်သိုက်၊ ဖိုးအောင်၊ သန့်ဇော်သစ်၊
ကျော်ဝင်းမောင်၊ မောင်ဇော်၊ ပညတ်၊
စကြာ၊ မောင်ညှိုမှိုင်း။

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး
**လာဘ်မိုးရွှေ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား
နိုင်ငံရေးနဲ့ပတ်သက်ပြီး
ပြောစရာရှိတယ်ဆို၊
အဲဒါ ဘာလဲဗျ"
ဇဟိုဒေဘ ------------------ ၅၀



"ဟုတ်တယ်
ကျွန်မယောကျ်ား
မေခလာနဲ့
တွေ့လို့သာပေါ့"
ကာယွန်းကြည်ဝင်း ---------- ၆၀



BURMESE CLASSIC .com

"ဆရာတော်ဘုရား
ကိုတုတ်ချော အိမ်က
ပုဏ္ဏကကို
နှင်ပေးလို့ မရဘူးလားဘုရား"
စံ-ကေတု ------------- ၇၄



လူငါးယောက် မျက်နှာပုံးတွေနှင့်
သူလျှာဖြတ်၏။
မျက်စိတွေဖောက်
နားထင်ကို လှံနဲ့ထိုးသတ်၏။
ဂုဏ်သီမိ(ကချင်မြေ) --------- ၉၆



www.burmeseclassic.com

www.burmeseclassic.com



"နှောင်းတော်ကြီးကလည်း
အခေါ်နဲ့ သူ့တူမကျတော့
ကြက်ပေါင်တွေ၊ ပုစွန်တုပ်ကြီးတွေပေးပြီး
ကျွန်တော့်ကျတော့..."
ပဥ္စလက် ------------- ၁၂၆



"ဗိုလ်ကြီး ဟောမှာကြည့်ပါဦး
ဆယ့်နှစ်အီးကားဂိတ်နဲ့
စစ်ဆေးရေးစခန်းတောင်
မပိတ်ရသေးဘူး"
ဝေအိကို ------------- ၁၅၆

BURMESE CLASSIC .com



"ငါတို့အဖွဲ့မှာ ခန္တီးသား နာဂဆိုလို့
မင်းတစ်ယောက်ပဲပါတယ်၊
မင်းတို့ရွာအတိုင်း မင်းကို
အလျှင်ပွဲထုတ်ရမယ်"
ဖိုးကျော ------------- ၁၇၂



ကြောင်နက်မသည်
ကျော်ရင်ကို ပုံမှန်အတိုင်းဆက်ဆံပြီး
ကျွန်ုပ်ကိုမူ
ခြေထောက်နားလာ၍...
မြသိန်း ------------- ၁၈၆

www.burmeseclassic.com

www.burmeseclassic.com



"မမမီ...
လက်မှတ်စစ်တွ
လာစေနတယ်၊
ရထားလက်မှတ်နဲ့ မှတ်ပုံတင်ပေးလေ"

ဟန်သီဇင် -------------- ၁၉၆



"စောမြသန်းရေ...
ဆင်အုပ်တော့
တွေ့ပြီကွ၊
တို့အသာ နောက်ကလိုက်သွားမယ်"

သန်းလွန်း(ဂျေဂျေ) --------- ၂၀၀

BURMESE CLASSIC .com



"အမယ်လေးတော်
သားသမီးချင်း ကိုယ်ချင်းမစာ၊
ဒီကလေးက
သူတို့ ဘာလုပ်မှာမို့ ..."

ဝင်းဘောင်(ရမည်းသင်း) --- ၂၀၆



"ဟိုဘက်ရွာ တောင်ခြေမှာ
လူတစ်ယောက်
လက်တွေ ခြေတွေပြတ်ပြီး
အသတ်ခံရလို့တဲ့"

တေးသံရှင် သင်းသင်းချူ ----- ၂၁၆

www.burmeseclassic.com

www.burmeseclassic.com



"အောင်စိုင်ကို
ထိုးသတ်လိုက်တဲ့ လက်နက်က
ဆန့်အိတ်ကိုထိုးတဲ့
ဖောဒိ ကလောင်ပါပဲ"
ကျော်ဇင်ဝင်း ------------ ၂၂၂



နီရဲသော မီးလုံးကြီးများ
ကောင်းကင်သို့ တက်လာသော...
ခေတ်ခွဲရုံတစ်ရုံလုံး
မီးဟုန်းဟုန်း တောက်လောင်သွားသည်။
ဘာနွင်း(မြန်မာပြန်) -------- ၂၃၅



"သူကလည်း ဂန္ဓာရီဝက်ထီးကြီး
ကျုပ်ကလည်း ဂမ္ဘီရမုဆိုးကြီးပါ
ကျုပ်နဲ့တွေ့ရင်
ဒင်း မစံနိုင်လောက်ပါဘူး"
နေဝန်းနီ ------------- ၂၃၈



"ညီကြီး...ဒီည
မင်း ဒီစာကို
မိုးတာတို့ လူစုဆီ
သွားပေးစမ်း၊ ဘယ်သူမှ မသိစေနဲ့"
လှမ်းသျှင်နောင်(မဟာသာရ) ----၂၅၂

www.burmeseclassic.com

www.burmeseclassic.com

# စစ်ဆေးရေးဂိတ်ရှိသည်

မြင့်နိုင်

BURMESE CLASSIC .com

▲ အဗ္ဗကြီးကြီးနဲ့
ဓါးသမီးထွန်းပြီးရှာ
လောဘအိတ်ကြီးမှာထည့်
မောဟပုံးမှာထမ်း
လမ်းဆုံးရောက်လာ
ရှေ့မှာ စစ်ဆေးရေးဂိတ်
အနိစ္စဂိတ်ရောက်ကရော ...။

▲ မင်းသယ်လာသမျှ
ဂိတ်ဝမှာစစ်ဆေး
ဂုဏ်ထူး,ရာထူးတွေဘေးဖယ်
ဘွဲ့တွေ,ပညာတွေ ဘေးဖယ်
ရတနာစိန်ရွှေ၊ အသပြာတွေ ဘေးဖယ်
တိုက်တာအိုးအိမ်၊ စည်းစိမ်တွေ ဘေးဖယ်
အာဏာတွေ ပါဝါတွေ ပိုင်ခွင့်တွေ ဘေးဖယ်
သယ်ခွင့်မရ ချန်ထားရပြီ။

▲ အကုသိုလ်နဲ့ ကုသိုလ်ကိုသာ
ခွင့်ပြုတာ ...
မင်းမှာ ဘာတွေပါသနည်း။။





www.burmeseclassic.com

www.burmeseclassic.com

# အနုတ်တောမှာ

မောင်သုခွေ(သပြေရုံ)

▲ ဘယ်သူ့တွင်မှ ဘေးမသီ
ဖမ္ဗူတစ်ခွင် တစ်ပြေးညီ
ယှူလျှင်ပေးသည့်
မှုပြင်ရေးမည်။

▲ စကားခွယ်အမှု
အများအလွယ်ပြု
နားလည်မှုသီ။

▲ အခက်တွေ မတိုး
ရှုမှုက်ငွေမညှိုးဖို့
ရှုက်မနေထိုးစို့
လက်ဖက်ရည်ဖိုး ဖန်တီးပြီ
ဉာဏ်ကြီးသည့်ဆိုတဲ့ သားကောင်များ။

▲ ဟုတ်မှန်တာ အတင်းမှိန်
လှပ်ကြကာ စာရင်းလိမ်ရင်း
ထမင်းလည်းမြိန် အိပ်တွေလည်းမောင်း
စိတ်အခြေပြောင်းကာ အနုတ်တောမှာ
မြုပ်မောခဲ့မှာ။ ။





www.burmeseclassic.com

www.burmeseclassic.com

# ကျေးလက်ရစ်သမ်နှင့် မြို့ပြဂီတ

နွေနှောင်း(အိမ်မဲ)

▲ မြို့ပြရဲ့ မနက်ခင်းက
ကားဟွန်းတီးသံတွေ
လူအချင်းချင်း တွန်းထိုးလှုပ်ရှားသံတွေနဲ့
ဆူညံနေပေမဲ့
ကျေးလက်ရဲ့ မနက်ခင်းက
ငှက်ကလေးတွေရဲ့ တေးသီသံနဲ့
မျက်နှာသစ်တယ် ...။

▲ မြို့ပြရဲ့ နေ့လယ်ခင်းက
ဈေးတရှဲရှဲနဲ့ မွန်းကျပ်ပွယ်ကောင်းသလောက်
ကျေးလက်ရဲ့ နေ့လယ်ခင်းက
လယ်ကွင်းပြင်စိမ်းစိမ်းထဲမှာ
တေးတကြော်ကြော်ဆိုတယ် ...။

▲ မြို့ပြရဲ့ညက
နီယွန်မီးရောင်တွေ
ဘီယာနှိုးဝေနေတဲ့ မျက်လုံးတွေ
မိတ်ကပ်နံ့သင်းနေတဲ့ ညငှက်မလေးတွေနဲ့
စည်ကားဝေစည်နေပေမဲ့
ကျေးလက်ရဲ့ ညအခင်းဟာ
သခင့်ရင်ခွင်ထဲ ခေါင်းတိုးဝင်ခွင့်ရတဲ့
ကြောင်ပေါက်စလေး တစ်ကောင်လို
အေးမြတဲ့ လရောင်အောက်မှာ
ငြိမ်သက်စွာ အိပ်စက်အနားယူနေလေရဲ့ ...။





www.burmeseclassic.com

www.burmeseclassic.com

# စံ

မျိုးအိမ်စိုး

▲ တိုးတိုးလေးအိပ်ပြီး
တိတ်တိတ်ကလေးနိုးဖို့
နှစ်လို့တမ်းမက်ရွာဆုတောင်း၊
သိယ်သူအမတ်ကြီးရဲ့အကြောင်း၊ မတ်မိမှ
သူ့ဘဝနဲ့ သူ့ဆန္ဒ
ထပ်တူမကျမှန်း သိခဲ့ရ
(ဒါပေမဲ့) အမတ်ကြီးဆုတောင်းက
သဘာဝကျ။

▲ "အချင်းချင်း အမျက်အဉ် တစ်စေ့မရှိ
ချစ်သောမျက်စိဖြင့် ရှုကြရစေ၏ ..."ထိုတဲ့
သိယ်သူ့သမီးရဲ့ အမွေဝ
အဖေ့ခြေရာကို နင်းတဲ့သမီး
စိတ်ဓာတ်အမွေကြီးမြတ်
အထွဋ်ပါးလျ
သာဓုခေါ်ထိုက်ရွ။

▲ အဖေကဆိုး အဘိုးကမိုက်
(မင်းဘီလူးနဲ့ နန်းကျကြီး)
သူတို့ကို ပြည်သူမကြိုက် ...
သားအတော့ စရိုက်မတူ
ပြည်သူကိုအလေးထား
ဥပဒေကိုလေးစား
နန်းတော်တိုင်ထုံးသုတ်မိတဲ့ အမှားအတွက်
ကိုယ့်လက်ညှိုးကိုဖြတ်ခဲ့တဲ့
ဘုရင်မင်းထီး
ဒီုးကျူးစရာပ။

▲ ဒါတွေဟာ
ပြီးခဲ့တဲ့အတိတ် ...
တို့အကွက်တော့
ပစ္စုပ္ပန်ရဲ့ စိတ်ဓာတ်ခွန်အား
စံထားလောက်တဲ့ ပြယုဂ်များဖြစ်ရဲ့။ ။





www.burmeseclassic.com

www.burmeseclassic.com

# တိတ်ဆိတ်ည

မောင်စိမ်းစို


▲ ညတစ်ည
အလုပဆုံးလျှို့ဝှက်စွာ
ကဗျာမနက်ခင်းကို
သန့်စင်တော့မယ်။

▲ တစ်နေရာမှာ
အသံမဲ့ရှုန်းကန်မှုတွေနဲ့
သူ့ပွင့်ဖတ်သူချွတ်
သူ့ဝတ်ဆံ သူခါချ
အဲဒီ ညထဲမှာ။

▲ ခြေလှမ်းတွေ ...
ဖျောက်ရွေ့သွားတဲ့လ
အရိပ်တွေပင်လယ်ထဲဝှက်ခဲ့သလား
လှိုင်းကြပ်ခွပ်တွေ
ငွေမှုန်ကြဲတဲ့ည။

▲ ဝတ်မှုန်သယ်မိုးတဲ့လေ
အနေအထိုင်မတတ်
ဟင်းလင်းမှင့်ထဲ ဖြတ်လျှောက်သွား၊
လိပ်ပြာအတောင်နုံရုံမှာ
ရပ်တန့်သွားပေါ့။

▲ ကြည့်စမ်း ...
အသံမဲ့ပျံသန်းနေကြ
လိပ်ပြာတွေ
ကဗျာမနက်ခင်းရဲ့ရှေ့ပြေး
ဝိညာဉ်တမန်တော်
ပန်းရနံ့တွေသယ်ဆောင်လို့
တောတောင်တို့လည်း
လရောင်ကို ဝှက်ထားဆဲ။





www.burmeseclassic.com

www.burmeseclassic.com

# ဘဝကြွေး

မောင်စိမ့်စမ်း(သဲကုန်း)

▲ အလုပ်တွေ ပြင်ချိန်မဟုတ်တော့တဲ့
ဘဝနေဝင်ချိန်ရောက်ပြီမို့
ကြောက်နေလို့ မဖြစ်ပါ။

▲ အသေအချာ သေမှာဖြစ်တာကြောင့်
မသေချာ နေစရာ လုပ်မနေနဲ့
ရှပ်ပွေတဲ့ရွာ။

▲ တရားထူး
ဆွတ်ခူးယူနိုင်မှ
ဇမ္ဗူတွင် အောင်ပြီဟော့ရယ်လို့
နောင်ရှည်သရွေ့ သံသရာမှာဖြင့်
အပြန်တစ်ရာ သူ့ထက်ကဲတော့မပေါ့
လှံ့လ,ဖွဲ့ ရှိစေချင်
ပန်းဝင်မယ့် အောင်ပွဲ။

▲ သေရမှာကြောက်သူရှိသလိုပ
မကြောက်သူ တကယ်ရှိတာမို့
အသိတွင် သတိယှဉ်ကြပေရော့
နေရစဉ် အသေမြတ်အောင်
(ကွယ်) ပေးဆပ်ဖို့ခဲ။ ။





www.burmeseclassic.com

www.burmeseclassic.com

# နှင်းလိုမြူလို

ဆုမွန်ဦး(ဟသ်ာတ)


▲ လောကလက်ဆောင်
နှင်းယောင်ဆောင်တဲ့
မြူတွေက
ဘဝထဲမှာ
ထူထူပြိန်းပြိန်း
ပြည့်ပြည့်သိပ်သိပ်။

▲ အတိတ်ဟာ
သေသေချာချာအိပ်မွေ့ချပြီးထားတာတောင်မှ
ဘယ်လိုတီတ်တခိတ်
ဝင်ခဲ့ပါလိမ့် . . .။

▲ နှင်းရိပ်နဲ့ ဆောင်းကိုဆွယ်
သဇင်နဲ့ ဝတ်မှုန်ကူး
မြောက်ပြန်လေနဲ့ အကြိမ်ကြိမ်လူးရင်း
အထူးပြုလုပ်ချက်
ပုံပျက်ပန်းပျက်ဆောင်းထဲမှာ
အေးခဲပြာကျ
တစ်စွန်းတစ်စ
နှင်းနဲ့အေးရတဲ့ဘဝတွေ
အိပ်မက်တစ်ခုကို ဆုံးရှုံးသလိုရှုံး။

▲ စိတ်ကူးနဲ့
ပွင့်ဝေဆာနိုင်ဖို့
တကူးတကဆိုတာ
ဆောင်းအိပ်မက်တစ်မက်ကို ဖက်တွယ်ရသလိုမျိုးလား။

▲ မပျော်မပိုက်
ဆောင်းလေရှိင်းတွေကတော့
တိုက်ခတ်နေ . . .။





www.burmeseclassic.com

www.burmeseclassic.com

# မြင်းမိုရ်ဦးသို့ ဦးခိုက်စဉ်

ကောင်းမြင့်စံ

▲ ပြက္ခဒိန်မှ၊ ရက်ချိန်ပြသည့်
ပြုကြစဉ်မြဲ၊ ကန်တော့ပွဲတွင်
ဝဲယာလက်လျှင်၊ ကြာငုံသွင်သို့
ဟန်ပြင်ရိုကျိုး။ လက်စုံမိုးလျက်
ရှိုရှိုးသီးတင်ခဲ့စဉ်တွင် ...။

▲ ဆရာသခင်၊
သွန်သင်ညွှန်ပြ၊ ဆိုဆုံးမသည့်
အသိတရား။ အစဉ်ထားလော့
ရိုးသားဖြောင့်မတ်၊ ချင့်ချိန်တတ်လော့
မပြတ်သီလ၊ မြဲမြဲကြလော့
ဒါနတစ်ခု၊ နေ့စဉ်ပြုလော့
ယခုမှစ၊
ဒါန,သီလ၊ သမထနှင့်
ဝိပဿနာ၊ ရှုမှတ်ပါလော့ ...။

▲ ဆရာမက၊ ညြဝါဒကို
ချိုမြိုင်မှုဆောင်။ မေတ္တာလောင်း၍
"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍
ဖြူအောင်စိတ်ကို၊ ထားစေလိုခါ"
ထိုမှတစ်ဖန်၊ ဗုဒ္ဓဟောပြ
ဆိုဆုံးမသည်၊ ပဋိစ္စသမုပ္ပါဒ်
စက်ရဟတ်မှ၊ ထွက်ရပ်လမ်းစ
မပြတ်လေ့လာ၊ "အဝိဇ္ဇာနှင့်
တဏှာရင်းခံ၊ ဥပါဒါန်
ကံကြောင့် နာမ်ရုပ်ပေါ်"
ထုတ်ဖော်တစ်လီ၊ "ယုံကြည်ကျိန်းမှာ
စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်
နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်
ဤငါးအင် ...
မှန်ပင်မက်ရကြောင်း" ... တဲ့။

▲ တစ်နေ့ကွယ်လျှင်၊ သေနယ်သို့ကူး
"အသေမဦးခင်၊ ဉာဏ်ဦးအောင်ကြိုးစား"
နီးကြားထကြွ၊ ဉာဏ်,လုံ့လနှင့်
သမ္မဒယ၊ ဒုက္ခတစ်လီ
မဂ္ဂမည်ရ၊ နိရောဓမှန်
လေးတန်မှတ်သား။ မြတ်တရားကို
ရှုပွားဝိပဿနာ၊ ဝေဒနာ,ကာယ
ဗိတ္တ,ဓမ္မ အာစီဏ္ဏကံ
အဓိဋ္ဌာန်နှင့်၊ ချိန်မှန်ရှုမှတ်
ပွားများအဝ်ဓါ ထပ်ထပ်မှာကြား
မေတ္တာထား၍ သနားကြင်နာ
ကရုဏာဖြင့်၊ ညင်သာဖွဖွ
ဆိုဆုံးမတော်။

▲ ဆရာ–ဆရာမ၊ ညြဝါဒကို
အလေးတော်မူ၊ အရေးယူဆဲ
အပူမဲ့ကင်း။ ရန်စွယ်ရှင်းစေ ...
ကောင်းခြင်းစဉ်လာ၊ မင်္ဂလာရှိစေ ...
ချမ်းသာပြည့်ဖြိုး။ ရွှေငွေတိုးစေ ...
စိုးရိမ်ကင်းကွာ၊ သွားလမ်းသာစေ ...
ပမာပန်းမွှေး။ စမ်းလိုအေးစေ ...
ဘေးဘယာကင်း။ ရောဂါရှင်းစေ ...
... ... စေ ...
... ... စေ ...
... ... စေ ...
ဆုခြွေစကား။ မိန့်ဖော်ကြားသော်
နားဝင်ချိုသာ၊ ငွမ်းဆီထိသို့
ပီတိယိုဖိတ်၊ လွှမ်းသည့်စိတ်ကြောင့်
ကြိတ်မှိတ်မရ၊ မျက်ရည်စလျှင်
စီးကျသွင်သွင် မစဲပြီ။ ။

[၂၀–၁၁–၂၀၁၁၊ တနင်္ဂနွေနေ့(အမျိုးသားနေ့)တွင် ဟသ်ာတ မြို့ အ. ထ. က(၂) နဝရတ်ခန်းမ၌ ကျောင်းသား/သူဟောင်းများ၏ '၄၆ ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ' ကျင်းပပြုလုပ်စဉ် 'ကန်တော့ခံဆရာကြီး ဦးအုံးရှိန်' နှင့် 'ကန်တော့ခံဆရာမကြီး ဒေါ်တင်တင်ဝင်း' တို့၏ ဆုံးမညြဝါဒကို ရည်မှန်းလျက် ရေးဖွဲ့ပါသည်။]





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ကာတွန်း မြေရိုင်း



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## တောင်တွင်းကိုရင်ညြ၏ အရုပ်ကမ္ဘာနှင့် ရသဝတ္ထုတိုများ

စာများစွာ ဖတ်ရှုခဲ့ရာမှ စာရေးသူဘဝသို့ တစ်လှမ်းချင်း တက်လှမ်းလာခဲ့သည့် စာရေးဆရာ တောင်တွင်းကိုရင်ညြ၏ ပွဲဦးထွက် ရသဝတ္ထုတိုပေါင်းချုပ်စာအုပ် ဖြစ်သည်။

ဤစာအုပ်တွင် အိုအေစစ်သို့တမ်းချင်း၊ အုံ့မခန်းမေတ္တာရှင်၊ ကံ့ကော်ပုံပြင်တစ်ပုဒ်၊ သဲကိုးဖြာ၏ ခရုပတ်အလင်္ကာ၊ ပျားလူးမြက်နှင့် ငါးမူးကွက်၊ ပန်းနှစ်ပွင့်ရဲ့ ဒိုင်ယာရီ ကာရာအိုကေ ရွှေမင်းသမီး၊ ဗွေဆိုးလို့လား၊ အနားမညီတြိဂံ၏ အလျားများ၊ ရေချိုမြစ်၊ အရုပ်ကမ္ဘာ၊ ချြသံလေးတချွင်ချွင်၊ ချစ်စရာကောင်းလိုက်တာကွယ်…စသည့် ဝတ္ထုတို (၁၃)ပုဒ်ကို စုစည်းထားရာ ဝတ္ထုတစ်ပုဒ်ချင်းစီပင် ရသပေါ်လွင်အောင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ မိဘမေတ္တာဖွဲ့ အလွမ်းဖွဲ့ ခေတ်၏ ပြယုဂ်အဖွဲ့ ဆရာတို့၏ နှလုံးသား၊ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဖြစ်ပေါ်လာသည့် အကောင်းအဆိုး၊ မြန်မာ့ဓလေ့စရိုက်၏ အလုတရား၊ သားသမီး၏ တုံ့လှည့်မေတ္တာ…အစရှိသဖြင့် ရသမျိုးစုံပေါ်လွင်အောင် ဖော်ကျူးထားသည်မို့ ရသချစ်မက်သူတို့ အကြိုက်တွေ့စရာ ဖြစ်ပေလိမ့်မည်။ ဤစာအုပ်အတွက် ဆရာညီညီနိုင်နှင့် ဆရာနန္ဒာမိုးကြယ်တို့က အမှာစာရေးသားပေးထားသည်။ ဤစာအုပ်၏ မျက်နှာဖုံးကို ပန်းချီမောင်လှရှင်က ရေးဆွဲပေးထားပြီး အတွင်းသရုပ်ဖော်ပုံများကို ဝင်းသိန်း၊ မင်းထက်နိုင်၊ ကျော်ဦး၊ မောင်လှရှင်နှင့် ဝေမွန်လင်းတို့က ရေးဆွဲလျက် မျိုးဆက်သစ်စာပေမှ တန်ဖိုး ၁၅၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ဗန်းမော်ဇော်လှိုင်ပြန်ဆိုသည့် ဘုရင်မတို့၏ မာလိန်မှူး

စာရေးဆရာဗန်းမော်ဇော်လှိုင်သည် "တိုင်တင်းနစ်" စာအုပ်ကို ပြန်ဆိုရေးသားသူဖြစ်ပြီး၊ ဤစာအုပ်မှာ CAPTAIN OF THE QUEENS BY CAPTAIN HARRY GRATTIDGE & RICHARD COLLIER ကို ပြန်ဆိုရေးသားခြင်း ဖြစ်ပေသည်။

ဤစာအုပ်မှာ ကြီးကျယ်ထင်ရှားလှသော လူ့ပုဂ္ဂိုလ်မြောက်မြားစွာ၏ အကျဉ်းမျှသာ ဖော်ပြထားသော စွမ်းဆောင်ချက်တို့ဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ "ဘုရင်မတို့၏ မာလိန်မှူး"မှာ စွန့်စားခန်းနှင့် ထိုက်တန်သည့် အောင်မြင်မှုနှင့်ပတ်သက်၍ မြင့်မြင့်မားမား ဖျော်ဖြေမှုပေးနိုင်သည့် ဖြစ်ရပ်တစ်ခု၊ တစ်နည်းအားဖြင့် ဖမ်းစားနိုင်စွမ်းရှိသည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း ညွှန်းဆိုထားပေသည်။ မျက်နှာဖုံးဒီဇိုင်းကို ဗဂျီလင်းဝဏ္ဏက ဖော်ကျူးပေးထားပြီး လာဘ်မိုးရွာစာပေမှ တန်ဖိုး ၁၅၀၀/-ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်သည်။

## သကျဝံသ၏ ဗုဒ္ဓဘာသာဝင်တို့နှင့် အယူလွဲ အမှတ်လွဲ အသိလွဲ (ပထမတွဲ)

ရဟန်းစာရေးဆရာ သကျဝံသ၏ ဘာသာရေးအတွေးအမြင်အယူအဆ စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် မိရိုးဖလာအတိုင်း ရေးရိုးစွဲကို မပယ်ဖျောက်နိုင်သဖြင့် အယူလွဲမှု၊ အမှတ်လွဲမှု၊ အသိလွဲမှုတို့ကို အကြောင်းရပ် (၁၀၀)တိတိအား စိတ်ဝင်စားဖွယ်ရာ တင်ပြထားခြင်းဖြစ်သည်။

ဤစာအုပ်တွင် ထေရဝါဒနှင့် မဟာယာန၊ ဗုဒ္ဓဘာသာဝင်တို့နှင့် သိကြားသာသနာ၊ ဗုဒ္ဓဘာသာဝင်တို့နှင့် အစဉ်အလာအစွဲအလမ်းများ၊ ဗုဒ္ဓဘာသာဝင်တို့နှင့် ဝိညာဉ်လိပ်ပြာအယူဝါဒ၊ ဗုဒ္ဓဘာသာဝင်တို့နှင့် ကန္တာရ မန္တရဝါဒ၊ ဗုဒ္ဓဘာသာဝင်တို့နှင့် ရှင်ဥပဂုတ်ကိုးကွယ်မှု၊ ဗုဒ္ဓဘာသာဝင်တို့နှင့် ဗေဒင်ဓာတ်ရိုက်,ဓာတ်ဆင် အတိတ်နိမိတ်ယုံကြည်မှု၊ ဗုဒ္ဓဘာသာဝင်တို့နှင့် အသေထွက်,အရှင်ထွက် အယူအဆရှင်းတမ်းတို့အား ကျမ်းကိုးကျမ်းကား အစုံအလင်တို့ဖြင့် တင်ပြရေးသားထားခြင်းဖြစ်ရာ လွန်စွာမှ ကျေနပ်အားရစရာကောင်းလှပေသည်။ ပထမတွဲဟုဆိုထားသဖြင့် နောက်ထပ်အတွဲများ ထွက်ပေါ်လာမည်ဟု ယူဆရပေသည်။ ဤစာအုပ်အား ပညာရှင်စာပေတိုက်မှ ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုးမှာ ၁၅၀၀/-ကျပ် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၏ တစ်ခဏစံမလား၊ တစ်ဘဝခံမလားနှင့် လူငယ်ထုစံပြုစာစုများ

အမျိုးသားစာပေဆုရ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ တွဲဖက်အတွင်းရေးမှူး(၁)ဖြစ်သူ နိုင်ငံကျော်စာရေးဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၏ စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

ဤစာအုပ်တွင် ပြည်ပမှာ ဝင်ငွေကောင်းလို့ အားကျနေကြသူများသို့၊ ပုဗ္ဗာစရိယ,မိနှင့်ဖ,စံပြဖြစ်ကြပါစေ၊ ကြောက်ကြစေချင်စမ်းပါဘိ၊ ကလေးသူငယ် လူမမည်လေးတွေကို စာနာကြပါ၊ ထက်မြက်အကျိုးရှိတဲ့ အင်တာနက်ကို အကျိုးရှိအောင် အသုံးပြုနိုင်ကြပါစေ၊ ပြည်ပမှာ ဝင်ငွေရှာကြမယ့် မြန်မာမိန်းကလေးတွေ ဆင်ခြင်ကြဖို့၊ အနင်းခံမြက်, အနမ်းခံပန်းတို့ တစ်ခေတ်ဆန်းဆိုပေမယ့်၊ တစ်ခဏစံမလား, တစ်ဘဝခံမလား၊ လူရိုးလူကောင်းနဲ့ လူမိုက်လူယုတ်မာ ခွဲခြားသိပါ၊ ထိမ်းမြားမင်္ဂလာပွဲများ မင်္ဂလာရှိစွာ ထမြောက်အောင်မြင်ကြပါစေ၊ အတောင်စုံလို့ ပျံချင်သလို ပျံကြပါ မိဘရင်အစုံကိုတော့ မကန်ကြပါနဲ့၊ အိမ်ထောင်ပြုဘုရားတည် ဆေးမင်ရည်စုတ်ထိုး နောင်ပြင်ရန်ခက်သည့်အမျိုး၊ သမင်ဆယ်လုမ်း ကျားတစ်လုမ်း လက်တစ်ကမ်းအန္တရာယ်၊ အမျိုးသမီးတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးနေတဲ့ ဥပဒေများ၊ ပညာချို့တဲ့ ကျေးဇူးမမေ့ကြပါနဲ့၊ ခုမြင်,ခုကြိုက်,ခုလိုက်ပြီးမှ နောင်တရပြီး မမှန်မကန်လုပ်ကြံကြမယ်ဆိုရင်တော့၊ ကလေးသူငယ်တွေနဲ့ လူငယ်တွေကို မူခင်းဆိုင်ရာအရ အရေးယူကြမယ်ဆိုရင်၊ စစ်ပွဲတစ်ရာနွှဲလိုက်ပါ ဘိန်းဖြူတော့မစွဲပါစေနဲ့၊ သာယာမှုတဏှာရမ္မက်ကို တွယ်ဖက်မိရင်တော့၊ ကာမရောဂါ ကိုယ်တွင်းနာက ကုရာနတ္ထိဆေးမရှိ၊ လူကိုဖျက်တာ အရက်ပါ၊ အပျော်မလွန်ကြပါနဲ့၊ စာနာစိတ်နဲ့ပြောတာပါ၊ အညာမလွှယ်ကြပါနဲ့ . . . စသည့် ဆောင်းပါးကောင်း (၂၃)ပုဒ်တိတိ စုစည်းထားသည်။

ဤလူငယ်ထု စံပြုစာစုများကို စိန်မိုးယံစာပေမှ တန်ဖိုး ၁၅၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်သည်။

## ဦးညာဏ်ဝင်း၏ သိထားသင့်သော ဥပဒေရေးရာပြဿနာများ အမှတ်(၁)

ဤစာအုပ်ကို ပြုစုရေးသားသော ဆရာဦးညာဏ်ဝင်းမှာ ညွှန်ကြားရေးမှူး(ငြိမ်း)၊ တရားရုံးချုပ် ကရားလွှတ်တော်ရှေ့နေတစ်ဦး ဖြစ်သည်။

ဤစာအုပ်တွင် ပါရှိသော ဥပဒေဆောင်းပါးများမှာ ဖြစ်ရပ်မှန် စုံထောက်မဂ္ဂဇင်းတို့တွင် ပါရှိပြီးသော ဆောင်းပါးများ ဖြစ်ကြပေသည်။ ပတ်ဝန်းကျင်သက်သေအထောက်အထား၊ တစ်သက်တစ်ကျွန်းဒဏ်, နှစ်အကန့်အသတ်မရှိထောင်ဒဏ်နှင့် ထောင်ဒဏ်တစ်သက်ဟူသော ဝေါဟာရတို့၏ သီးခြားအဓိပ္ပာယ်များ၊ ပူးတွဲတရားခံဖြောင့်ချက်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေနှင့် စာနယ်ဇင်းများဆိုင်ရာ သတိပြုဖွယ်များ၊ အထူးထိမ်းမြားမှုအက်ဥပဒေများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအကြောင်း သိကောင်းစရာများ၊ မိဘကသားသမီးကို နှင်ထုတ်ပိုင်ခွင့် ရှိမရှိပြဿနာ၊ အိမ်မွေးတိရစ္ဆာန်များနှင့် အိမ်ရှင်အိမ်ငှားပြဿနာ၊ မြန်မာဗုဒ္ဓဘာသာ လင်မယားနှစ်ဦးပိုင်ပစ္စည်းကို တစ်ဦးဦးက မေတ္တာဖြင့်ပေးကမ်းရာတွင် ကျန်တစ်ဦးက အကျိုးခံစားခွင့်ရှိ အစုအတွက်ပါ အတည်ဖြစ်ခြင်းရှိမရှိ ပြဿနာ၊ သက်သေခံ၏ ကြိုတင်ထွက်ချက်များ၊ စာပေအနုပညာမူပိုင်ခွင့်ဆိုင်ရာပြဿနာ၊ ဗုဒ္ဓဘာသာဝင်မိခင် အမွေကို အစ္စလာမ်ဘာသာဝင်သားဖြစ်သူက အမွေဆက်ခံခွင့် ရှိမရှိပြဿနာ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆-၃၇၆ တို့အရ တရားစွဲဆိုခဲ့သည့်အမှုတွင် . . .၊ ကလေးသူငယ်ဥပဒေ . . . အစရှိသဖြင့် နိုင်ငံသားတိုင်း သိထားသင့်သည့် ဥပဒေရေးရာပြဿနာပေါင်း (၂၈)ပုဒ်တိတိကို ဥပဒေပညာရှင်ပီပီ တိကျသေချာစွာ ရေးသားထားပေသည်။

ဤစာအုပ်ကို လာဘ်မိုးစွေစာပေက တန်ဖိုး ၂၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ရာ ဥပဒေနှင့် မလွတ်ကင်းသူတိုင်း လက်စွဲပြုရမည် ဖြစ်သည်။

ကာသစ်နှီ



www.burmeseclassic.com

www.burmeseclassic.com



## ပန်းချီမောင်လှုရှင်၏ Solo Show

စာနယ်ဇင်းတွေမှာ ထဆင်ထူး အမည်နဲ့ သရုပ်ဖော်ပန်းချီတွေ ရေးဆွဲလေ့ရှိတဲ့ ပန်းချီမောင်လှုရှင်ဟာ သူ့ရဲ့ တစ်ကိုယ်တော် ပန်းချီပြပွဲကို Hidden Beauty အမည်နဲ့ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ နဝဒေးလမ်းရှိ နဝဒေးဂယ်လာရီမှာ ၂၀၁၂ နိုဝင်ဘာလ ၂၉ မှ ဒီဇင်ဘာ ၅ ရက်နေ့ထိ ခင်းကျင်းပြသခဲ့ပါတယ်။

အဲသည်ပြပွဲမှာ အခရိုင်းလစ်ဆေးနဲ့ ရေးဆွဲထားတဲ့ ပန်းချီကားများအပါအဝင် (၂၄)ကား ပြသပြီး အင်စတော်လေးရှင်း တပ်ဆင်မှုအနုပညာပြချက်တစ်ခုအပါအဝင် မိန်းမလှလေးတွေရဲ့ အလှီးအထည်ကို အဖုံးအကွယ်နဲ့ ရင်ခုန်ဖွယ်ပြသခဲ့ပါတယ်။ နောက်ထပ်လည်း သည့်ထက်ဆန်းသစ်တဲ့လက်ရာတွေကို ရေးဆွဲပြီး ပြည်တွင်းပြည်ပ ရှိုးပွဲတွေမှာ ပြသသွားမယ့်အကြောင်း သိရှိရပါတယ်။

## သရုပ်ဆောင် ချောရတနာ မင်္ဂလာဆွမ်းကျွေးပွဲ

ဗီဒီယို/ရုပ်ရှင် သရုပ်ဆောင် ချောရတနာဟာ နိုဝင်ဘာလ ၂၅ ရက်နေ့က ဆီဒိုးနားဟိုတယ်(၁၁)လွှာမှာ မောင်ကျော်လင်းနဲ့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ မင်္ဂလာဆွမ်းကျွေးပွဲကို မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာရှိ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒရာမကျောင်းတိုက်မှာ ကျင်းပခဲ့ပါတယ်။

မင်္ဂလာဆွမ်းကျွေးပွဲကို အနုပညာအသိုင်းအဝိုင်းမှ မိတ်ဆွေများ တက်ရောက်ခဲ့ကြပြီး မင်္ဂလာဇနီးမောင်နှံမှ ဆရာတော်နဲ့ သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။ သည့်နောက်မှာတော့ ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်တွေကို နေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ မွန်းလွဲ (၁း၀၀)နာရီမှာတော့ မင်္ဂလာဇနီးမောင်နှံနဲ့အတူ ဧည့်ပရိသတ်အပေါင်းအား ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒက မင်္ဂလာတရားတော်များ ဟောကြားခဲ့တဲ့အကြောင်း ကြားသိခဲ့ရပါတယ်။

## The Legal Affairs ဥပဒေမဂ္ဂဇင်း မိတ်ဆက်ပွဲကျင်းပ

ဥပဒေပညာရှင် လူငယ်များ ကြိုးပမ်းထုတ်ဝေတဲ့ The Legal Affairs ဥပဒေမဂ္ဂဇင်း မိတ်ဆက်ပွဲအခမ်းအနားကို (၂၅-၁၁-၂၀၁၂)ရက်နေ့က စီးတီးစတားဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

အဲသည်အခမ်းအနားမှာ မဂ္ဂဇင်းအကြံပေး ဦးခွန်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး အဝိုင်ပင်ခံစာတည်းအဖွဲ့ဝင် ဦးကျော်ဇေယျ(တရားလွှတ်တော်ရှေ့နေ/စာရေးဆရာ)၊ ဦးသန်းစိုး(ထွန်း)(တရားလွှတ်တော်ရှေ့နေ)၊ ဦးမြသိန်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးဝင်းဆွေဦး(တရားလွှတ်တော်ရှေ့နေ)တို့က မှဗိတာစကားနဲ့ အကြံပြုစကားတွေ ပြောကြားခဲ့ကြပြီး အဖွဲ့ဝင်အယ်ဒီတာ ဒေါ်ခိုင်ခိုင်လှဲ့က ကျေးဇူးတင်စကား ပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

## ဂျီလတ်၏ အစွန်းနှစ်ဖက် တေးအယ်လ်ဘမ် မိတ်ဆက်ပွဲ

တေးသံရှင် ဂျီလတ်ရဲ့ "အစွန်းနှစ်ဖက်"အမည်ရှိ တေးအယ်လ်ဘမ်မိတ်ဆက်ပွဲကို (၃၀-၁၁-၂၀၁၂)၊ သောကြာနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

အခမ်းအနားမှူးအဖြစ် ဆရာအောင်သျှပိုင်း(ကျိုက်မရော)က ဆောင်ရွက်ပြီး တေးအယ်လ်ဘမ်မှာ ပါဝင်ရေးသားတဲ့ တေးရေး ရွှေဂျော်ဂျော်က မိတ်ဆက်စကားပြောကြားခဲ့ပါတယ်။ အဲသည်တေးအယ်လ်ဘမ်မှာ ရွှေဂျော်ဂျော်၊ အောင်ကိုမြင့်၊ လင်းလင်း၊ ကမ္ဘာ၊ မာရှယ်တို့က ရေးသားပေးထားကြပြီး NC 13 Band မှ တီးခတ်လို့ နိုဝင်ဘာ(၃၀)ရက်နေ့မှာ The Sun Music က ဖြန့်ချိခဲ့တယ်လို့ သတင်းရရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## တေးသံရှင်သားသားကြီးရဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲ

မြစ်ကြီးနားမြို့က တေးသံရှင်သားသားကြီးရဲ့ "အချစ်လွဲ"အမည်ရှိ တေးအယ်လ်ဘမ်နဲ့ ပတ်သက်လို့ စာနယ်ဇင်းမိတ်ဆက်ပွဲကို (၂၉-၁၁-၂၀၁၂) ကြာသပတေးနေ့က စီးတီးစတားဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှာ တေးသံရှင်သားသား၊ တီးဝိုင်းမှ ဒရမ်တီးခတ်သူ ကိုဒယ်နီတို့မှ တေးအယ်လ်ဘမ်နဲ့ပတ်သက်လို့ ရှင်းလင်းပြောကြားပါတယ်။ သားသားကြီးက သူဟာ ခြောက်နှစ်သားကတည်းက သီချင်းတွေရေး၊ ဆိုတာ ဝါသနာပါခဲ့ပြီး ယခုမှ တေးအယ်လ်ဘမ်ထွက်ရှိလာတာဖြစ်ကြောင်း၊ စင်အတွေ့အကြုံမရှိပါကြောင်းကို ပြောကြားပါတယ်။ တစ်ခွေလုံးကို သူကိုယ်တိုင်ပဲ ရေးစပ်ပြီး Studio D မှာ အသံသွင်းထားတဲ့အကြောင်း ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

---

## ဖြူနှင်းပွင့်သွေးရဲ့ တေးအယ်လ်ဘမ်မိတ်ဆက်ပွဲ

တေးသံရှင် ဖြူနှင်းပွင့်သွေးရဲ့ "စစ်မှစစ်သေးရဲ့လား" တေးအယ်လ်ဘမ်၊ ဗီစီဒီ၊ ကာရာအိုကေဟာ CMP တေးထုတ်လုပ်ရေးက ဖြန့်ချိတော့မှာ ဖြစ်ပါတယ်။ သည့်အတွက် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ၂၉-၁၁-၂၀၁၂ (ကြာသပတေးနေ့)က ရန်ကုန်မြို့ရှိ စီးတီးစတားဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

အခမ်းအနားမှာ တေးသံရှင် ဖြူနှင်းပွင့်သွေး၊ ကိုဇော်ထူးအောင်၊ တေးရေးကိုသောမတ်စ်တို့က တေးသီချင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ တေးသံရှင် ဖြူနှင်းပွင့်သွေးက ယခုတေးအယ်လ်ဘမ်မှာ အချစ်သီချင်းများ ပါဝင်ကြောင်း၊ တေးရေးဆရာများအဖြစ် သောမတ်စ်၊ Hay Moi၊ ချစ်ကိုကို၊ Saw Rock၊ Dလေးနဲ့ ဖြူနှင်းပွင့်သွေးကိုယ်တိုင် ရေးစပ်ထားတဲ့ သီချင်းတွေပါဝင်ပြီး ဂျီလတ်က ကူညီသီဆိုပေးခဲ့တယ်လို့ သိရှိရပါတယ်။

---

## ထွန်းအိန္ဒြာဗိုရဲ့ အနုပညာဒါန

သရုပ်ဆောင်၊ တေးသံရှင် အကယ်ဒမီ ထွန်းအိန္ဒြာဗိုရဲ့ Charity Show ပွဲကြီးကို တန်ဆောင်မုန်းလပြည့်နေ့ည (၂၈-၁၁-၂၀၁၂)နေ့ ညနေ ၆း၀၀ နာရီကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံမှာ ကျင်းပခဲ့ပါတယ်။

ပွဲအဖွင့်မှာ ဇာတ်လမ်းလေးတစ်ခုကို ပြသခဲ့ပြီး ထွန်းအိန္ဒြာဗိုရဲ့ နာမည်ကြီးသီချင်းတစ်ပုဒ်ဖြစ်တဲ့ ဟောလိဝုဒ်နဲ့ စဖွင့်ခဲ့ပါတယ်။ ထာဝရရင်ခွင်၊ အချစ်မှာ အပြစ်မရှိဘူး၊ တိတ်တိတ်ကလေးကြွေကွဲ စတဲ့ သီချင်းတွေနဲ့ သီဆိုမှုအပြီးမှာတော့ ဇာဂနာ၊ အရိုင်း၊ ငှက်ပျောကြော်၊ ဝက်မတို့က အလှူရှင်စာရင်းကို ကြေညာတဲ့အခါ Alpine သောက်ရေသန့်က ကျပ်သိန်း (၂၀၀)၊ SKY NET ရုပ်သံလိုင်းက ကျပ်သိန်း( ၂၀၀)၊ ရွှေဝတီဘဏ်က ကျပ်သိန်း(၅၀)၊ တော်ဝင်စင်တာက ကျပ်သိန်း(၃၀)နဲ့ အခြားအလှူရှင်တွေရဲ့ လှူဒါန်းငွေတွေကို ကြေညာပေးခဲ့ပါတယ်။ အလှူရှင်တွေရဲ့ အလှူငွေတွေဟာ နောက်ဆုံးပိတ်စာရင်းအရ ကျပ်သိန်းပေါင်း (၉၀၀)ကျော် ရရှိခဲ့ပါတယ်။ အဲသည်ငွေတွေကို လူမှုရေးလုပ်ငန်း (၇)နေရာကို ခွဲဝေလှူဒါန်းပေးခဲ့တဲ့ အကြောင်း သတင်းရရှိပါတယ်။

အမ်ဧ



www.burmeseclassic.com

www.burmeseclassic.com




## ထူးလှပါပေသည်

လမ်းခရီးတစ်နေရာ၌ မိတ်ဆွေနှစ်ဦး ဆုံမိကြ၏။

"ဗျို့ ... ဦးရွှေတင်၊ ဟိုတစ်လောက ခင်ဗျားထည့်လိုက်တဲ့ သတင်းစာကြော်ငြာ ဖတ်လိုက်ရတယ်။ ဘာတဲ့ ... 'ခြံစောင့်တစ်ယောက်နဲ့ အိမ်စောင့်တစ်ယောက် အမြန်ဆုံးအလိုရှိသည်'ဆိုလား။ အဲဒါ ထူးခြားမှုကောရှိရဲ့လား"

"ထူးခြားပါသော်ကောဗျာ။ သတင်းစာကြော်ငြာပါတဲ့နေ့မှာပဲ အိမ်ဖောက်ထွင်းခံလိုက်ရတယ်လေ"

"ဟိုက် ... ရှား"

• • •

## ကိုသာဆိုး

ကာလအတန်ကြာ မတွေ့ရသည်မှာ ကြာပြီဖြစ်သော မိတ်ဆွေနှစ်ယောက် မမျှော်လင့်ဘဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဆုံမိကြသည်။ သူတို့နှစ်ဦးစလုံးမှာ နိစ္စဓူဝ ရထားစီးကာ အလုပ်ခွင်ရှိရာ သွားလာနေကြရသူများ ဖြစ်၏။

"ဘယ်လိုလဲ ... မိတ်ဆွေ၊ မတွေ့တာကြာပြီ။ အခြေအနေကောင်းရဲ့လား"

"ကံမကောင်းပါဘူးဗျာ။ ကံများ ဘယ်လောက်တောင်ဆိုးသလဲဆိုရင် သည်ကနေ့ လက်မှတ်မဝယ်ဘဲ ရထားစီးမိလို့ လက်မှတ်စစ်နဲ့တိုးပြီး ဒဏ်ငွေအရိုက်ခံလိုက်ရတယ်။ ခင်ဗျားကော"

"ကျွန်တော်က ခင်ဗျားထက် ကံဆိုးပါသော်ကော"

"ဟောဗျာ ... ကျွန်တော့်ထက်တောင် ကံဆိုးတယ်ဟုတ်စ။ ပြောစမ်းပါဦးဗျာ ... ဘယ်လိုများ ကံဆိုးသလဲဆိုတာ"

"ဘာဖြစ်လို့ဆို ... လက်မှတ်ဝယ်စီးကာမှ လက်မှတ်စစ်က တက်မလာဘူးဗျာ။ ဆိုးလိုက်တဲ့ကံ"

"သြော် ... ဖြစ်ရလေ"

□ □ □

## စဉ်းစားသာကြည့်ပါရော့

တရားရုံးသို့ အမှုတစ်မှု တက်လာ၏။

ထိုအမှုကား ယာဉ်တိုက်မှုဖြစ်၏။ လမ်းလျှောက်ထွက်လာသူတစ်ဦးအား ယာဉ်မောင်းက သူ၏ကားဖြင့် ပွတ်တိုက်သွားခြင်းဖြစ်ရာ ရုံးတော်၌ တရားသူကြီး၏ ရှေ့မှောက်တွင် နှစ်ဖက်ရှေ့နေအကျိုးဆောင်များက လျှောက်လဲချက်ပေးကြလေ၏။

ဦးစွာ တရားခံယာဉ်မောင်း၏ ရှေ့နေက လျှောက်လဲချက်ပေးလေ၏။

"တရားသူကြီးမင်းခင်ဗျား ... အခုဖြစ်သွားခဲ့တဲ့ ယာဉ်တိုက်မှုမှာ တရားလိုဖြစ်တဲ့သူရဲ့ နမော်နမဲ့လမ်းလျှောက်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သာ ဖြစ်ပွားရခြင်း ဖြစ်နိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့အမှုသည်ဟာ ယာဉ်မောင်းသက်အားဖြင့် အနှစ် (၂၀)ကျော်ခဲ့ပါပြီ။ ယာဉ်မောင်းအတွေ့အကြုံဟာ ကာလ(၂၀) တောင် ကျော်ခဲ့ပြီမို့ သည်ယာဉ်တိုက်မှုမှာ ကျွန်တော့်အမှုသည်ရဲ့ ပေါ့ဆမှုကြောင့်ဆိုတာ လုံးဝမဟုတ်နိုင်ဘူးဆိုတာ တင်ပြလိုပါ တယ် ခင်ဗျား။

ထိုသို့ တရားခံအကျိုးဆောင်ရှေ့နေက ရုံးတော်သို့ တင်ပြလျှောက်လဲပြီးသည့်နောက် တရားလိုအကျိုးဆောင်ရှေ့နေက

''တရားသူကြီးမင်း ... သည်လိုမျိုး နှစ်ကာလအရေအတွက်နဲ့ချိပြီး အတွေ့အကြုံတွေ ပြောကြစတမ်းသာဆိုရင် ကျွန်တော့်ရဲ့အမှုသည်ဟာ အခုဆိုရင် အသက် ၆၀ ရှိပါပြီ။ လမ်းလျှောက်သက်အနေနဲ့ဆိုရင် နှစ်ပေါင်း (၅၈)နှစ်တောင် ရှိခဲ့ပြီမို့ အခုလိုမျိုး ယာဉ်တိုက်မှုမှာ ဘယ်သူရဲ့ပေါ့ဆမှု ဖြစ်နိုင်တယ်ဆိုတာ စဉ်းစားပေးဖို့ရာ တင်ပြပါတယ်ခင်ဗျား''

ဟူ၍ ချေပလိုက်လေသတတ်။

❑ ❑ ❑

## ဘာခက်တာမှတ်လို့

ကိုသီဟသည် စာဖတ်ဝါသနာထုံသူဖြစ်၏။

သည့်အတွက် စာအုပ်များစွာကို ဝယ်ယူဖတ်ရှုကာ စုဆောင်းထားသဖြင့် ကိုသီဟ၏ အိမ်ဂေဟာသည် စာကြည့်တိုက်ကလေးတစ်တိုက်နှင့်မခြား။ သည့်အတွက်လည်း သူ့ကိုယ်သူ ဂုဏ်ယူလျက်ရှိပြီး စာမဖတ်သူပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်လိုစိတ်ဖြင့် သူ့ထံသို့ စာအုပ်စာတမ်းများ လာရောက်ငှားရမ်းပါက ကြည်ဖြူစွာ ငှားရမ်းလေ့ရှိစမြဲ။

သို့ရာတွင် ငှားဖတ်သူတော်တော်များများသည် ငှားရမ်းသွားပြီးသည့်နောက် ပြန်လည်အပ်နှံခြင်းမပြုဘဲ အပျောက်ရိုက်သွားလေ့ရှိကြသည်။ ထိုအခါ အကြံဉာဏ်တစ်ခုရလာပြီး သူ၏ စာအုပ်တိုင်း၌ 'ကိုသီဟ ပိုင်ဆိုင်သည်'ဟူသော စာတန်းအား ရာဘာတံဆိပ်လုပ်ကာ မင်ဖြင့် ထင်ရှားစွာ ရိုက်နှိပ်ထားလိုက်သည်။ သဘောကတော့ ဤစာအုပ်သည် ငှားသွားသူပိုင်သော စာအုပ်မဟုတ်။ ကာယကံရှင် ကိုသီဟသာ ပိုင်ဆိုင်သည့် သဘော။

သို့ပါသော်လည်း 'ကိုသီဟပိုင်ဆိုင်သည်' ဆိုသော စာတန်းပါ စာအုပ်များအား ငှားရမ်းသွားသူ တော်တော်များများပင် ပြန်လည်အပ်နှံခြင်းမပြုကြဘဲ အပျောက်ရိုက်သွားမြဲသာတည်း။ သည့်အတွက် ရက်အတော်ကြာအောင် ခေါင်းခြောက်ခံကာ စဉ်းစားရင်းမှ အကြံတစ်ခုရလာကာ ထိုအကြံအတိုင်း အကောင်အထည်ဖော်ဆောင်လိုက်၏။

သူအကောင်အထည်ဖော်လိုက်သည်ကား 'ကိုသီဟ ပိုင်ဆိုင်သည်'ဆိုသော စာတန်းကို ဖျက်လျက် စာတန်းအသစ်တစ်ခု ဖန်တီးလိုက်ခြင်းပင်။ ထိုသို့ အကောင်အထည်ဖော်လိုက်မှပင် စာအုပ်အပျောက်ရိုက်ခံရသည့် ဒဏ်မှ ကင်းလွတ်သွားလေ၏။ ရိုက်နှိပ်ထားသော စာတန်းကား ...

''ဤစာအုပ်သည် ပိုင်ရှင်ကိုသီဟထံမှ ခိုးယူထားခြင်းဖြစ်သည်''

ဟူသော စာတန်းကလေးပါတည်း။

❑ ❑ ❑







www.burmeseclassic.com

www.burmeseclassic.com



## ကြောက်တာကို လျှောက်ရရင်

တစ်ခါတုန်းက တောရွာတစ်ရွာရှိ ဘုန်းကြီးကျောင်းတွင် ဖြစ်၏။

တစ်နေ့သ၌ ကျောင်းသားတစ်ယောက်သည် အပြစ်တစ်ခု ကျူးလွန်မိသည့်အတွက် ဘုန်းတော်ကြီးက –

"ဟဲ့ကောင် ... သာဆန်း၊ ဒီကိုလာစမ်း။ မင်းလုပ်ထားတဲ့အပြစ် မင်းသိတယ်မဟုတ်လား"

ဟု မေးလေ၏။

"သိ ... သိပါတယ်ဘုရား"

"ဘာလဲ ... မင်းက ငါ့ကို မကြောက်လို့ လုပ်တာဟုတ်လား"

"မ ... မဟုတ်ရပေါင် ဘုရား"

"မင်းက ငါ့ကိုမကြောက်ဘူးပေါ့။ ဟေ့ကောင် ... သာအေး၊ မင်း ငါ့ကိုကြောက်သလား၊ မကြောက်ဘူးလား ပြောစမ်း"

"မကြောက်ပါဘူးဘုရား"

"ဟာ ... ဒီကောင်ကွာ"

ပြောပြောဆိုဆိုနှင့် အပါးရှိ တိုင်လုံး၌ ချိတ်ဆွဲထားသော ထားဝယ်ကြိမ်ကို လှမ်းလိုက်ရင်း ...

"မင်းက ငါ့ကိုမကြောက်ဘူးဆိုတော့ ဘယ်သူ့ကို ကြောက်လဲ ... ပြော"

"တပည့်တော် ဒေါ်သာတကြီးနဲ့ရိုက်နက်မယ့် လူမိုက်ကိုသာ ကြောက်တပါဘုရား"

"ဟေ ..."

ဘုန်းတော်ကြီးလည်း မိမိ လူမိုက်ဖြစ်တော့မည့်အရေးကို တွေးတောကာ ကြိမ်လုံးကို လှမ်းနေသည့်လက်အား ရုပ်လိုက်လေတော့သတည်း။

## ကိုယ့်စိတ်ကူးနဲ့ကိုယ်

အထက်တန်းကျကျ စားသောက်ဆိုင်၏ သီးသန့်အခန်း၌ မိတ်ဆွေသုံးယောက်တို့သည် ဝိုင်းဖွဲ့စားသောက်ရင်း ရောက်တတ်ရာရာ စကားစမြည် ပြောဆိုနေကြရာ အကြောင်းအရာတစ်ခုဆီသို့ ရောက်သွားလေ၏။ ထိုအကြောင်းအရာကား 'အကယ်၍ ဆရာဝန်က ၎င်းတို့အား နောက်ထပ် ၆ လလောက်သာ အသက်ရှင်တော့မည်ဆိုပါက မည်သို့ပြုလုပ်ကြမည်နည်း" ဆိုခြင်းပင်။ ဤတွင် ပထမလူက –

"ကျုပ်တော့ ကျုပ်ပိုင်ဆိုင်သမျှ မြေတွေ၊ တိုက်တွေ၊ ကားတွေကို ရောင်းပစ်မယ်။ ရလာတဲ့ငွေတွေနဲ့ ခြောက်လလောက်အတွင်း ကောင်းပေ့ဆိုတဲ့ ဟိုတယ်မှာတည်းမယ်။ ချောပေ့လှပေ့ဆိုတဲ့ မိန်းမချောလေးတွေကို ဈေးကြီးပေးခေါ်ပြီး အပြတ်ကို ကဲပစ်လိုက်မယ်ဗျာ"

ဟု ခပ်ပြောလေ၏။ ဤတွင် ဒုတိယလူက –

"ကျုပ်ကတော့ဗျာ ... နေရမယ့်ခြောက်လအတွင်းမှာ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ တန်ခိုးကြီးဘုရားတွေကို ဖူးမယ်။ ပြီးရင် ပိုင်ဆိုင်သမျှတွေကို အများအတွက် လှူဒါန်းပစ်ခဲ့မယ်ဗျာ"

ဟူ၍ ပြောလေ၏။ ထိုအခါ နောက်ဆုံးတစ်ယောက်က

"ဆရာဝန်က ကျုပ်ကို နောက်ခြောက်လပဲ အသက်ရှင်ခွင့်ရှိတော့မယ်လို့ ပြောလာခဲ့ရင် ကျုပ် ခင်ဗျားတို့လို မလုပ်ဘူး။ ကျုပ်လုပ်မှာ ဘာလဲသိရဲ့လား။ နောက်ဆရာဝန်တစ်ယောက်ကို ပြောင်းပြီး ဆေးကုသမှု ခံယူမှာပေါ့"

ဟု ဆိုလိုက်လေသတည်း။

□ □ □



www.burmeseclassic.com

www.burmeseclassic.com





## နောက်ထပ်တစ်ခေါက် လာဦး ... မှာ

'ဘာဘူကြီး စိန်တိုက်'အတွင်းသို့ စုံတွဲတစ်တွဲ ရောက်လာခဲ့သည်။

ထိုစုံတွဲသည် စိန်တိုက်အတွင်းရှိ ရှိုးကေ့စ်များ၌ ခင်းကျင်းပြသထားသည့် အဖိုးတန် စိန်လည်တုံ၊ စိန်လည်ဆွဲ၊ စိန်ဆံထိုး၊ စိန်လက်ကောက်၊ စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်ဘယက်၊ စိန်သရဖူ အစရှိသည်တို့ကို လိုချင်တပ်မက်သော မျက်လုံးအစုံတို့ဖြင့် အငမ်းမရ ကြည့်ရှုနေကြလေ၏။ ထိုမြင်ကွင်းကို စိန်တိုက်ပိုင်ရှင် ဘာဘူကြီးသည် အကဲခတ်နေ၏။

စုံတွဲမှ အမျိုးသားသည် အဖော်အမျိုးသမီးအား တီးတိုးပြောဆိုကာ ရင်းတွင်ပါလာသော သားရေအိတ်အား နှိုက်၍ တစ်စုံတစ်ခုကို ရှာဖွေလေသည်။ အတန်ကြာ ရှာဖွေပြီးနောက် စိတ်ပျက်သွားသောအသွင်ဖြင့် အဖော်အမျိုးသမီးအား ဖြည်းညင်းစွာ ခေါင်းကို ခါယမ်းပြလေ၏။ ဤတွင် အမျိုးသမီးသည် ဆိုင်ရှင်ဘာဘူကြီးအား အားတုံ့အားနာဟန်ဖြင့် ပြုံးပြလေသည်။ ဘာဘူကြီးလည်း -

"ကိစ္စမရှိပါဘူးဗျာ။ ခုတစ်ခေါက်အဆင်မပြေတော့လည်း နောက်တစ်ခေါက် အဆင်ပြေတော့ လာခဲ့ပေါ့ ဟုတ်ပလား"

ဟု နှစ်သိမ့်စကား ပြောလိုက်၏။ ဤတွင် အမျိုးသမီးလည်း -

"စိတ်ချပါ ... နောက်တစ်ခေါက် လာဖြစ်အောင်လာခဲ့ပါဦးမယ်။ ခုတစ်ခေါက် အဆင်မပြေတာက ကျွန်မအမျိုးသားရဲ့ ပစ္စတိုသေနတ် အိမ်မှာမေ့ကျန်ခဲ့လို့ပါ"

ဟု ဆိုလေရာ ဘာဘူကြီး မျက်လုံးပြူးသွားရလေသတည်း။

□ □ □

## သည်လိုဆိုတော့လည်း

ယာဉ်တိုက်မှုတစ်ခုအတွက် မျက်မြင်သက်သေတစ်ဦးဖြစ်သော ဦးဘတူအား ရုံးတော်သို့ ဆင့်ခေါ်ခဲ့သည်။ ဦးဘတူအား တရားလိုအကျိုးဆောင်ရှေ့နေက မေးခွန်းတစ်ခုကို စတင်မေးလေ၏။

"ဦးဘတူရဲ့အသက်ဟာ ဘယ်လောက်ရှိပါပြီလဲ"

"ခုနစ်ဆယ့်ငါးနှစ် ရှိပါပြီ။ ဇာတာအရတော့ အသက်တစ်ရာ့နှစ်ဆယ်အထိ နေရလိမ့်ဦးမယ်"

အကျိုးဆောင်ရှေ့နေလည်း စိတ်ညစ်သွားလေ၏။ ထို့ကြောင့် အဆိုပါမေးခွန်းကိုပင် ထပ်မံ၍ မေးပြန်၏။ ဦးဘတူကလည်း ကနဦးဖြေခဲ့သည့်အတိုင်းပင် ဖြေဆိုပြန်၏။ ထိုအခါ တရားသူကြီးလည်း မနေသာတော့။

"ဦးဘတူ ... သက်သေအနေနဲ့ မေးသလောက်ကိုပဲ ဖြေပါ။ မလိုအပ်တာတွေ မဖြေပါနဲ့"

ဟူ၍ သတိပေးလေ၏။ ဦးဘတူကား ကျေနပ်ဟန်မပြ

ထိုအချက်ကို ရိပ်စားမိသော အကျိုးဆောင်ရှေ့နေကလည်း တခဲနာပွတ်ပြီညာ် ကြွယ်ဝစွာဖြင့် -

"ဇာတာအရ အသက်တစ်ရာ့နှစ်ဆယ်ထိအောင် နေရဦးမယ့် ဦးဘတူခင်ဗျား ... အခု ဦးဘတူရဲ့အသက်ဟာ ဘယ်လောက်ရှိပါပြီလဲ"

ဟု မေးလိုက်ရာ သက်သေဦးဘတူလည်း -

"ခုနစ်ဆယ့်ငါး"

ဟူ၍ တိုတိုတုတ်တုတ်ဖြင့် ဖြေဆိုလိုက်လေသတည်း။


မြို့မေတ္တာခံယူ...

ကိုရွှေကာ...



www.burmeseclassic.com

www.burmeseclassic.com



# ခွဲတမ်း

ဘုန်း၆၀

ကျွန်တော်နေလာရတဲ့ ရပ်ကွက်ကလေးက လူချမ်းသာနည်းပါတယ်။ စားနိုင်သောက်နိုင် လူလတ်တန်းစားအဆင့်တွေ များတယ်ပြောကြပါစို့ရဲ့။ အဲဒီရပ်ကွက်ထဲမှာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း လာပြီးတည်ထောင်ပါတယ်။ ပရိယတ္တိစာပေပြန့်ပွားရေးအတွက် 'စာသင်တိုက်' တည်ထောင်ကြမယ်ဆိုတော့ စာချဆရာတော်နဲ့ စာသင်သားကိုယ်တော်လေးတွေ ရောက်လာကြတာပါပဲ။

ကိုရင်လေးတွေလည်း ပါတာပေါ့ဗျာ။ စာတတ်ပေတတ် ဆရာတော်ကြီးတွေအားလုံး ကိုရင်လေးတွေဘဝက စခဲ့ကြရတာမဟုတ်လား။ ဒီတော့ စာသင်သားကိုရင်လေးတွေ များလေကောင်းလေပေါ့။ တစ်ခုပဲရှိလေရဲ့။ မိုးရာသီကာလ ကိုရင်လေးတွေ ဆွမ်းခံကြရတော့ အောက်ပြည်အောက်ရွာ ရန်ကုန်မြို့ဆိုတာ မိုးများတဲ့ဒေသပဲလေ။ တစ်ပတ် သုံးလေးရက်တော့ ကိုရင်လေးတွေ ဆွမ်းခံကြရင်း မိုးမိကြတာပါပဲ။ မိုးမိရုံလောက်တော့ ဘာအကြောင်းလဲ။ ခေါင်းပေါ်ကန်ပါတာမှ မဟုတ်တာ။ ဒီတော့ ပြဿနာမရှိလှပါဘူး။ မိုးမိရာက အစပြုပြီး နာဖျားလာတာမျိုးရှိလာလေတော့ ပြဿနာနည်းနည်း ရှိလာတယ် ဆိုရမှာပါပဲ။ တစ်ပါးနှစ်ပါးမဟုတ်ဘဲ လေးငါးဆယ်ပါး နာဖျားလာကြပြီဆိုတော့ ဆေးရုံဆေးခန်းကိစ္စက ပါလာပြန်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံက အလှမ်းဝေးတော့ ဆေးခန်းပဲ သွားကြဖို့ စီစဉ်ရတယ်။ အဲဒီမှာ တိုက်အုပ်ဆရာတော်တို့၊ ပဓာန နာယက ဆရာတော်တို့၊ ခန်းနေဦးပဥ္စင်းတို့၊ စာချ ဆရာတော်တို့တစ်တွေက ဆွမ်းကျွေး ကွမ်းကျွေးပင့်လို့ လိုက်ရာက ရလာတဲ့ နဝကမ္မဝတ္ထုငွေလေးလည်း ကုန်ပါရော လား။ ဒီတော့ ဒကာတွေအနေနဲ့ ကျောင်း အကျိုးတော်ဆောင်အဖွဲ့တွေ ဖွဲ့ကြမယ် ပေါ့။

ကျွန်တော်ပြောခဲ့ပါပကောလား။ ကျွန်တော်တို့ရပ်ကွက်ကလေးက လူချမ်းသာ နည်းပါတယ်ဆိုမှပဲ။ ဒါပေမဲ့ ကိုယ့် အမျိုးဘာသာ သာသနာကိစ္စဖြစ်လေ တော့ သာသနာတော်ရဲ့ အသက်၊ ပရိယတ္တိစာပေမျိုးဆက် ကိုရင်လေးတွေ အပါး ၁၀၀/၁၅၀ လောက်ရှိတဲ့ စာသင် တိုက်ကြီးမှာ အကျိုးတော်ဆောင်အဖွဲ့ ဖြစ်ကြရတာပါပဲ။

သမဝါယမလူကြီးက အငြိမ်းစား ယူလာခဲ့တဲ့ ဦးမြအေးက စာရေးသားတာ လည်း လက်ရေးလှတယ်၊ စာရင်းလည်း နိုင်နင်းတယ်၊ ဥက္ကဋ္ဌလုပ်ပေါ့။ တရားသူ ကြီးလုပ်ခဲ့တဲ့ ပါတီစိတ်မှူးဟောင်း ဦးကျော်ဒွန်းက ဒုဥက္ကဋ္ဌ၊ နာရီပြင်ဆရာ ဦးရဲဝင်းက အတွင်းရေးမှူး၊ အထည်ချုပ် စက်ရုံမန်နေဂျာ ဦးသန်းအေးက တွဲဖက် အတွင်းရေးမှူး။ အရာခံဗိုလ်အငြိမ်းစား ဦးမောင်ကြိုင်က ဘဏ္ဍာတော်ထိန်း။ သံ မဏိစက်ရုံက ဖိုမင်အငြိမ်းစား ဦးမိုး၊ ဦးကျော်လင်း၊ အဘ ဦးစိန်တင်နဲ့ ကျွန် တော်တို့ အပါအဝင် အကျိုးတော်ဆောင် အဖွဲ့ဝင် (၉)ဦးရှိတယ်ဆိုပါတော့။ အသက် တွေကလည်း ခြောက်ဆယ်ကျော်၊ ခုနစ် ဆယ်အရွယ်တွေက များများ။ လမ်းထဲက အိမ်တွေမှာ သဒ္ဓါကြေးလေးကောက်၊ ဆွမ်းစရိတ်လေးလှူ။ ပိုတာလေး ဆေး စရိတ်သုံးကြပေါ့။ ဆွမ်း၊ ဆေး၊ ကျောင်း၊ သင်္ကန်း အလှူနဲ့ ကာလဒါနအလှူဖြစ်တဲ့ ဝါဆို၊ ကထိန်ပွဲမျိုးတွေမှာ အလှူခံကြရုံ ပဲ လုပ်နိုင်တာရှိတယ်။

ပြောခဲ့ဖူးပါတယ်။ မိုးရွာထဲ ကိုရင် လေးတွေ ဆွမ်းခံရတော့ ရန်ကုန်မိုးရာသီ မှာ ဖျားကြ၊ နာကြ၊ ဆေးခန်းသွားရတဲ့ စရိတ်ကို ဘယ်ကသုံးကြရမလဲ။ ကျွန် တော်တို့ အကျိုးတော်ဆောင်လူကြီးမင်း တွေ ကိုင်ပင်ကြတာပေါ့။ အဲဒီမှာ တစ် ယောက်က အကြံပြုတယ်၊ ထီ(၁၀)စောင် တွဲ ထိုးကြမယ်။ တစ်ယောက်တစ်ထောင် စုလိုက်ရင် ၉၀၀၀/ ရမှာပါပဲ။ တစ်ရာ လောက်စီ ထပ်ဆောင်းလိုက်ရင် ကျပ် တစ်သောင်းတန် ရသလောက် ထီထိုးကြ မယ်ပေါ့။ ဦးမောင်ကြိုင်က ငွေစုဖို့ တာဝန် ယူမယ်။ ကျွန်တော်က မြို့ထဲလျှောက် သွားနေကျဆိုတော့ ထီထိုးပေးရမယ်ပေါ့။ တာဝန်ခွဲကြတယ်။ အဲဒီက ထီဆုငွေရ လာရင် ကျောင်းမှာ ရောက်လာပညာ သင်ကြတဲ့ ကိုရင်လေးတွေ ဘယ်နှပါး နာဖျားမကျန်း ဖြစ်ကြမလဲ၊ ကုပါလေ့ဆို တဲ့ အတွေးတွေနဲ့ တွက်ရေးက စက် သူဌေးတွေ ဖြစ်နေတယ်။

တစ်ပတ်လောက်အကြာမှာတော့ ဦးမောင်ကြိုင်က ကျွန်တော့်ဆီကို ငွေလာ အပ်ပါတယ်။ အပိုဆောင်းတစ်ရာမလို တော့ဘဲ အကျိုးတော်ဆောင်ဆယ်ဦး ဖြစ်သွားတဲ့အတွက် တစ်ယောက်တစ် ထောင်ပဲ စုဆောင်းခဲ့တဲ့အကြောင်း စာရင်းနဲ့ အပ်ပါတယ်။

| | |
|---|---|
| ဦးမြအေး | ၁၀၀၀/ |
| ဦးကျော်ထွန်း | ၁၀၀၀/ |
| ဦးမိုး | ၁၀၀၀/ |
| ဦးကျော်လင်း | ၁၀၀၀/ |
| ဦးစိန်တင် | ၁၀၀၀/ |
| ဦးသန်းအေး | ၁၀၀၀/ |
| ဦးရဲဝင်း | ၁၀၀၀/ |
| ဦးမောင်ကြိုင် | ၁၀၀၀/ |
| ဦးအောင်သက်ဖြိုး | ၁၀၀၀/ |
| ကျန်တာ ဦးဘုန်းဝေ | ၁၀၀၀/ |

ထည့်လိုက်ဖို့ပဲ ဖြစ်ပါတယ်။ သူပေးသွား တဲ့ စာရင်းနဲ့ ငွေ ၉၀၀၀/–ကို ကျွန်တော် ယူထားလိုက်ပြီး နာမည်စာရင်းတွေ ဖတ် ကြည့်ပါတယ်။ ဦးအောင်သက်ဖြိုးဆိုတဲ့ အမည်နဲ့ ''ချမ်းမှာကော်'' စိမ်းနေတော့ အဖွဲ့ သားတွေ လျှောက်မေးကြည့်မိပါတယ်။ အားလုံးက မရေမရာ ဖြေကြပါတယ်။ အကျိုးတော်ဆောင်အဖွဲ့ဝင် ဦးအောင် သက်ဖြိုး တစ်ခါမှ မဆုံဖူးလေတော့ အိမ် က ဘွားတော်ကိုပဲ မေးကြည့်မိပါတယ်။ သူက ဦးမောင်ကြိုင်တို့ မိသားစုတွေနဲ့ လည်း ရင်းနှီးတယ်ဆိုတော့ သိနိုင်ပါ တယ်။ ထင်တဲ့အတိုင်းပဲ။ သူက –

''ဦးအောင်သက်ဖြိုးလား။ အဲဒါ ပြီးခဲ့တဲ့ တနင်္ဂနွေက တစ်လပြည့်မွေးနေ့ ကင်ပွန်းတပ်မှာ ဦးမောင်ကြိုင်ပေးခဲ့တဲ့ သူ့မြေးနာမည်လေ''တဲ့။

အဘိုးဦးမောင်ကြိုင် ငွေစုတော့မှပဲ တစ်လသားလေး မောင်အောင်သက်ဖြိုး လည်း အကျိုးဆောင်ဖြစ်ရတော့တာပါပဲ။


ဘုန်းဝေ





www.burmeseclassic.com

www.burmeseclassic.com



# လေးစားလောက်ပါပေရဲ့ ...

## ထိပ်တင်ထွေး ( ယာဉ် / စက် )

အလုပ်ဌာနသို့ ရောက်လာသည်နှင့် မိမိဆွဲခြင်းလေးကို စားပွဲပေါ်တင်ကာ စားပွဲနှင့် ကုလားထိုင်များကို ဖုန်များ၊ အမှိုက်များ သန့်ရှင်းလိုက်ပြီး စာရွက်စာတမ်းများကို နေသားတကျ ထပ်လိုက်သည်။ ထို့နောက် နေရာတွင်ပင် ထိုင်၍ ဂုဏ်တော်ပရိတ်များ ရွတ်ဆိုပူဇော်ပါသည်။

ဌာနအတွင်းသို့ လှုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများလည်း တဖွဲဖွဲရောက်လာကြပြီး အဆောက်အဦအတွင်း၌ စကားပြောသံများ၊ လှုပ်ရှားသံများ ဆူညံစည်ကားလာတော့သည်။ မိမိလုပ်ငန်းမှာ ရုံးအလုပ်ဆိုသော်လည်း အလုပ်ရုံနှင့် တွဲဖက်ထားသော လုပ်ငန်းဌာနတစ်ခုဖြစ်၍ ထုသံရိုက်သံ၊ ဝရိန်ဆော်သံ၊ ဂဟေဆက်သံ၊ အင်ဂျင်စက်နှိုးသံများနှင့် ခွေ့စဉ်အတိုင်အဖောက်ညီစွာ ဌာနတစ်ခု၏ လုပ်ငန်းအတွင်း ယှဉ်ပါးနေပါတော့သည်။ လုပ်ငန်းဌာနအတွင်းသို့ အရပ်လေးမျက်နှာ အနီးအဝေးမှ ဝန်ထမ်းများ အလုပ်ချိန်မီ ရောက်ရှိရန် ဝီရိယဖွဲ့ဖြင့် လှုပ်ရှားရုန်းကန်လာကြရသဖြင့် လာရာလမ်းခရီးအတွေ့အကြုံများ၊ ဘတ်စ်ကား၊ စက်လှေ၊ သင်္ဘော အခက်အခဲများကို အချင်းချင်း ရယ်ကာပြုံးကာ၊ မဲ့ကာရွဲ့ကာ၊ အချို့လည်း ဝမ်းနည်းသံလေးဖြင့် မျက်ရည်ဝဲကာ ရင်ဖွင့်ပြောဆိုသံများကို ကြားနေရပါသည်။ မယဉ်ပြုံးက ထိုင်ပြီးအမောဖြေရင်း ...

''သူငယ်ချင်းရေ ... မနက်က အိပ်ရာထ နည်းနည်းနောက်ကျသွားလို့ ကိုဝင်းထမင်းချိုင့်ရော၊ ကိုယ့်ထမင်းချိုင့်ပါ ငါးခြောက်ဖုတ်နဲ့ ထမင်းပျော့ပျော့ပဲ ပါလာတော့တယ်ကွာ။ သူ့ကို အိမ်က အရင်ထွက်ခိုင်းပြီးမှ ပြတင်းပေါက်တွေ၊ တံခါးတွေ၊ မီးတွေ စုံအောင်ပိတ်ခဲ့မိရဲ့လားလို့ ကိုယ်က စစ်ကြည့်ရသေးတယ်။ ရုံးနောက်မကျအောင် မနည်းပြေးခဲ့ရတာ''

ကမ္ဘာအေးမှာနေတဲ့ မခင်လေးကလည်း ...

www.burmeseclassic.com

www.burmeseclassic.com

"အေးကွ၊ ကိုယ်တို့လင်မယားနှစ်ယောက်က မင်းထက်ဆိုးတယ်။ ထမင်းချည်းပဲ ပါလာတော့တယ်ကွာ။ လမ်းထိပ်မှာ အသုပ်စုံပဲ ဝယ်စားရမယ်။ ကိုမောင်မောင်ကိုလည်း သူကြိုက်တာဝယ်စားလို့ မှာလိုက်ရတယ် သူငယ်ချင်းရယ်"

တစ်ယောက်အဖြစ်ကလေးတွေကို တစ်ယောက်ကြားပြီး အားလုံးရယ်နေကြရပါသည်။ ဇနီးမောင်နှံနှစ်ယောက်လုံး အလုပ်လုပ်ကြရသူများသည် ပို၍ကသီလင်တနိုင်ကာ ဒုက္ခရောက်ကြရပါသည်။ သည့်လို မလုပ်မကိုင်လို့လည်း မဖြစ်။ တစ်ယောက်တည်းလုပ်စာကို မိသားစုတွေ ထိုင်စားနိုင်လောက်အောင် ဝင်ငွေနှင့် စွမ်းအား မရှိကြပါ။ ဇနီးမောင်နှံနှစ်ဦးလုံး အလုပ်လုပ်ကိုင်နိုင်မှ တော်ရုံကျသည်။ ဒါတောင်မှ လူမှုရေးဖြစ်တဲ့ သာရေးနာရေး၊ ကျန်းမာရေးကိစ္စများနှင့် ဆက်တိုက်ကြုံရသောအခါ ရှိတာလေးတွေ ပေါင်နှံရောင်းချရသည်။ မရှိသေးလျှင် ဆိုင်မှာကြွေးယူကြရသည်၊ လကုန်ခါနီးရက်များမှာ ချောင်လည်သူ သူငယ်ချင်းများမှ ချေးငှားကြရစမြဲ။ ဌာနတွင်းပြည့်စုံလောက်ငသူ၊ ကျောထောက်နောက်ခံရှိသူ သူငယ်ချင်းများက တစ်ပတ်ဆယ်ရက်လောက်တော့ ချေးထားနိုင်ကြသည်။ နှစ်ပေါင်းများစွာ အတူတကွ အလုပ်လုပ်လာကြသဖြင့် တစ်ယောက်၏ မိသားစုအကြောင်း၊ အခြေအနေကို တစ်ယောက်က သိနေကြသဖြင့် ကူညီငဲ့ညှာသူတွေရှိ၍ ကော်ပါသေးသည်။

".ပျော်လည်းပျော်တယ်ကွယ် ... စိတ်လည်းညစ်တယ်ကွယ် ..." ဆိုတဲ့ သီချင်းလိုပါပဲ၊ ကျွန်မတို့ဌာနတွင် အငယ်တန်း၊ အကြီးတန်း၊ ရုံးအုပ်နှင့် အရာရှိဝန်ထမ်း အမျိုးသမီးလေးငါးယောက်စုပြီး


တစ်ယောက်တည်း
လုပ်စာကို
မိသားစုတွေထိုင်စား
နိုင်လောက်အောင်
ဝင်ငွေနှင့် စွမ်းအား
မရှိကြပါ။
ဇနီးမောင်နှံနှစ်ဦးလုံး
အလုပ်လုပ်ကိုင်နိုင်မှ
တော်ရုံကျသည်။
ဒါတောင်မှ
လူမှုရေးဖြစ်တဲ့
သာရေးနာရေး၊
ကျန်းမာရေးကိစ္စများနှင့်
ဆက်တိုက်ကြုံရ
သောအခါ
ရှိတာလေးတွေ
ပေါင်နှံရောင်းချရသည်။
မရှိသေးလျှင်
ဆိုင်မှာ
ကြွေးယူကြရသည်။


ရင်းနှီးရာ၊ ခင်မင်ရာ ဝိုင်းဖွဲ့၍ ထမင်းစားကြပါသည်။ တစ်ယောက်ပါသောဟင်းကို တစ်ယောက်ဝေငှစားကြပြီး ဟင်းသုံးလေးမျိုးစီတော့ နေ့စဉ်စားကြရပါသည်။

ထမင်းဝိုင်းသိမ်းနေစဉ် အလုပ်ရုံမှ လက်မှုကျွမ်းကျင် အဆင့်(၃) မောင်ကာစိန်တစ်ယောက် ထမင်းစားပွဲနားမှာ လာရပ်ပါသည်။ အစ်မကြီးဒေါ်လှမြင့်က -

"ကဲ .. ကိုယ်တော် ဘာကိစ္စလဲ"

"အစ်မကြီး ... ကျွန်တော့်ကို ငွေတစ်ထောင်လောက် ချေးပါဦး။ ကျွန်တော့်သားလေး ကျောင်းကိစ္စရှိလို့ပါ။ မိန်းမ ဟိုရှေ့မှာ စောင့်နေပါတယ်"

"မောင်ရင် ၁၉ ရက်နေ့ကလည်း ငွေငါးရာ ယူထားသေးတယ်လေ။ မဆပ်ရသေးဘူးလေ"

"ဟုတ်ပါတယ် အစ်မကြီး။ လခထုတ်ရင် ကျွန်တော် အားလုံးဆပ်ပါ့မယ်"

"နင်တို့မိသားစု ချောင်လည်ချင်ရင် နင့်မိန်းမကို ကွမ်းယာ၊ ဆေးလိပ်၊ သကြားလုံးတို့ ဒီရှေ့မှာ ရောင်းခိုင်းပါလား"

"သူ့ ဈေးရောင်းမှာမဟုတ်ဘူး အစ်မကြီး။ ကျွန်တော် သူ့ကိုယူတုန်းက အလုပ်လုပ်မခိုင်းပါဘူးလို့ ကတိပေးပြီး ယူထားရတာပါ"

မောင်ကာစိန်စကား ကြားရတဲ့ ကျွန်မတို့ဘေ့ စားပြီးသားထမင်းများလုံးဝအစာကြေသွားပြီး အသက်ရှူဖို့ မေ့နေကြဟန်တူပါတယ် ...။

လေးစားပါတယ် မောင်ကာစိန်ရယ် ...။

**ထိဝိုးတင်ထွေး(ယာဉ်/စက်)**



www.burmeseclassic.com

www.burmeseclassic.com



# ပစ္စက္ခဝေဒနာ

ထူးမမ(ပေါင်)

ကျွန်တော့်မှာ သီးပင်စားပင် လုံလုံလောက်လောက် စိုက်ပျိုးနိုင်တဲ့ ခြံတစ်ခြံရယ်၊ အိမ်တစ်လုံးရယ် ရှိပါတယ်။ အိမ်သူနဲ့ ကျွန်တော်က ခြံထဲက ထွက်သမျှ ရာသီစာ အသီးအနှံတွေကို ဈေးမှာရောင်းတဲ့သူတွေဆီ ဖောက်သည်ပေးတယ်။ အရင်ကတော့ ကျွန်တော်က ဌာနတစ်ခုက ဝန်ထမ်း။ ခုတော့ ပင်စင်နာတစ်ဦးပေါ့ဗျာ။

ကျွန်တော့်မှ သမီးတစ်ယောက် ရှိပါတယ်။ ဆိုရရင် လက်ရှိအိမ်သူက ကျွန်တော့်ရဲ့ ဒုတိယဇနီး။ သမီးရဲ့ အမေရင်းကတော့ ဆုံးသွားတာကြာပေါ့။ သမီးက ကျွန်တော်အိမ်ရာထူလိုက်တဲ့အပေါ်မှာ ဘာတစ်ခွန်းမှ မပြောခဲ့ပါဘူး။ အိမ်သူနဲ့လည်း မိသားစုလို နွေးနွေးထွေးထွေးရှိတယ်။ ရှိဆို သမီးက ကျွန်တော်နဲ့ အစကတည်းက အတူတူနေတာမှ မဟုတ်ဘဲ။ ကျွန်တော့်ဆီလာရင် ဧည့်သည်လို ခဏတစ်ဖြုတ်ပဲ လာတတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com

သမီးက သူ့အမေ ဆုံးပြီးကတည်းက သူ့အဒေါ်နဲ့ သွားနေလိုက်တာကိုး။

အချိန်တွေက ဘာကြာတာမှတ်လို့။ သမီးတောင် အဝေးမှာ အိမ်ထောင်ကျပြီး သားနှစ်ယောက် ရနေပြီ။ ကျွန်တော်လည်း ၇၀ နားနီးလို့ ဆံပင်တစ်ခေါင်းလုံးဖြူနေတဲ့ အဘိုးကြီး ဖြစ်နေခဲ့ပြီ။ ဝန်ထမ်းဘဝနဲ့ စုထားသမျှတွေလည်း ၁၀ နှစ်လောက် ထိုင်စားနေရတော့ တဖြည်းဖြည်းပါးလာပြီ။ ကျွန်တော့်မှာ ပိုင်ဆိုင်တာဆိုလို့ လက်ညှိုးထိုးပြရရင် သည်အိမ်နဲ့ သည်ခြံပဲ ရှိတော့တယ်။ ဒါတွေဟာလည်း ကျွန်တော်နဲ့အိမ်သူ မရှိကြတော့ရင် သမီးတို့မိသားစုအတွက်ပါ။ အိမ်သူကလည်း သားသမီးမရှိတဲ့ အပျိုကြီးဘဝကနေ ကျွန်တော်နဲ့ တစ်အိုးတစ်အိမ်ထူလိုက်တာဆိုတော့ သမီးကို ကြည်ဖြူပြီးသားပါ။

သမီးတို့မိသားစု ကျွန်တော့်ဆီ (၁) နှစ် တစ်ခေါက်လောက်တော့ မှန်မှန်လာကန်တော့ကြတယ်။ အမြဲတမ်းလည်း ဘယ်လာနိုင်မလဲ။ ကလေးတွေက ကျောင်းတစ်ဖက်နဲ့ဆိုတော့။ ပြီးတော့ သမီးတို့လင်မယားနှစ်ယောက်စလုံးက အစိုးရဝန်ထမ်းတွေမဟုတ်လား။ ကျွန်တော်ကတော့ မြေးလေးတွေကို သတိရလွန်းတဲ့အခါကျရင် သမီးတို့မိသားစုရှိရာကို လိုက်သွားပြီး လေးငါးရက်၊ တစ်ပတ်လောက် နေလိုက်တာပဲ။ ကြာကြာလည်းနေလို့မဖြစ်ဘူး။ ကျွန်တော့်အတွက်နဲ့ သမီးတို့ ကရိကထများမှာလည်း စိုးရသေးတယ်လေ။ ကျွန်တော်ပြန်ခါနီးရင် သမီးက မုန့်ဖိုးဆိုပြီး အိတ်ထဲ ၂၀၀၀၀ ဖြစ်ဖြစ်၊ ၃၀၀၀၀ ဖြစ်ဖြစ် ထည့်ပေးတတ်တယ်။ သမီးရဲ့ စေတနာဆိုတော့ ကျွန်တော်လည်း ပီတိဖြစ်ရပါတယ်။

သည်နှစ်နွေရာသီမှာ သမီးတို့မိသားစု ကျွန်တော့်ဆီ ရောက်မလာခဲ့ဘူး။ ဘာများဖြစ်လို့ပါလိမ့်ဆိုပြီး ကျွန်တော်တွေးပူမိတယ်။ မြေးလေးနှစ်ယောက်ကိုလည်း ကျွန်တော်လွမ်းနေမိတယ်။ ဒီကောင်တွေက စကားသိပ်တတ်တာ။ ကျွန်တော်နဲ့လည်း ခဏတစ်ဖြုတ်ပဲ တွေ့ရတယ်ဆိုပေမဲ့ ကျွန်တော့်ကိုတွေ့ရင် အဘိုး၊ အဘိုးဆိုပြီး ပေါင်ပေါ်က မဆင်းတော့ဘူး။ သူတို့ဆီ ကျွန်တော်သွားရင်လည်း အဘိုးမပျင်းအောင်ဆိုပြီး သူတို့နှစ်ယောက်ပဲ ဗိုင်းခံညှော်ခံကြတာ။ အကြီးကောင်ကဆိုရင် သူဝါသနာပါတဲ့ ဟစ်ဟော့သီချင်းတွေ ဆိုပြတယ်။ အငယ်ကောင်ကတော့ သူကြိုက်တဲ့ ပါဝါရိန်းဂျားကားတွေ ဖွင့်ပြတယ်။ သူတို့နဲ့နေရင် ကျွန်တော့်မှာ ရယ်ရလွန်းလို့ ပါးစပ်တောင် မပိတ်နိုင်ဘူး။

တစ်ခါတလေကျရင် မြေးနှစ်ကောင်နဲ့ တစ်သက်လုံး အတူတူနေချင်စိတ်တောင်ပေါက်တယ်။ ဒါပေမဲ့ ဒီကိစ္စဟာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိနေလို့ ကျွန်တော့်ဆန္ဒကို နှုတ်ကမထုတ်ဖော်ဖြစ်ခဲ့ဘူး။ သေချာတာတစ်ခုကတော့ မြေးနှစ်ကောင်နဲ့နေရင် ကျွန်တော်ဒီထက် အသက်ရှည်ဦးမလားဘဲ။ မြေးတွေအကြောင်းတွေးမိပြီး မြေးတွေကို သတိရမိတာနဲ့ ကျွန်တော် လမ်းထိပ်က ဖုန်းဆိုင်ကို ထွက်ခဲ့တယ်။ ဟိုရောက်တော့ အကြောင်းရှိရင် ဆက်လို့ရအောင်ဆိုပြီး သမီးပေးထားတဲ့ သမီးရဲ့ ရုံးခန်းဖုန်းနံပါတ်ကို ခေါ်လိုက်တော့ သမီးလာကိုင်တာနဲ့ ကြုံတယ်။

"အငယ်ကောင် နေမကောင်းလို့ ဆေးခန်းပြနေရတယ် အဖေ။ သမီးတို့လည်း ဒီတစ်လော သိပ်အခြေအနေမပြေဘူး"

ဆိုတဲ့ သမီးရဲ့ နွမ်းလျလျစကား
ကို ကြားတော့ ကျွန်တော်ရင်ထဲနင့်သွား
တယ်။ မြေးလေးအတွက် ပူပန်သွားမိ
တယ်။ တော်တော်ကြီး စိုးရိမ်ရတဲ့အခြေ
အနေလား…။ သမီးတို့ရော ကလေး
အတွက် စိတ်ပူလွန်းပြီး ခြေမကိုင်မိ၊ လက်
မကိုင်မိ ဖြစ်နေပြီလား။

"အဲဒါဆို အဖေလာခဲ့မယ်လေ
သမီးနော်။ အခုရော ကလေးဘယ်လိုနေ
သေးလဲ"

"ရတယ်…ရတယ်။ အဖေမလာ
နဲ့တော့။ သက်သာနေပါပြီ"

လို့ သမီးပြောတော့မှ ကျွန်တော်
စိတ်အေးသွားပြီး သက်ပြင်းတစ်ခု မှုတ်
ထုတ်လိုက်မိတယ်။


(၂)ရက်အကြာမှာပဲ သမီးဆီက
ငွေ(၅၀၀၀၀) ပို့လာတယ်။ ရုတ်တရက်
ကျွန်တော်နားမလည်နိုင် ဖြစ်သွားမိတယ်
အခြေအနေမပြေဘူးလည်း ဆိုသေး၊ ဘာဖြ
လို့များ…။ သည်တင်ပဲ ကျွန်တော်တ
စုံတစ်ခုကို တွေးမိသွားတယ်။ ကျွန်တော်
နှုတ်က "ခြေဘ်"လို့ တစ်ခွန်းတည်း ထွ
လာနိုင်ပါတော့တယ်။

ထူးမမ(ပေါင်



www.burmeseclassic.com

www.burmeseclassic.com



# ဖိုးခါးရေ

## မန်းစံရွှေ

"ကိုမင်းသူ ဌေးဌေးနဲ့ရတာ သိပ်ကံကောင်းတာ။ ကိုမင်းသူက ခပ်အေးအေး။ ဌေးဌေးက ခပ်ထက်ထက်နဲ့ဆိုတော့ မျှသွားတာပေါ့။ စီးပွားလည်းဖြစ်၊ တကယ်ပြောတာပါ"

ကိုသန်းလွင်၏ ပြောစကားကို ကိုမင်းသူ နားထောင်နေရသော်လည်း ရင်ထဲမှာ ဘယ်လိုမှမနေ။ ဘာခံစားမှုမှလည်း မဖြစ်။ ကိုယ့်အကြောင်း ကိုယ်အသိဆုံး ဖြစ်ပါ၏။ ပတ်ဝန်းကျင်ဆိုတာကလည်း အထင်နဲ့ ပြောတတ်ကြတာ မဟုတ်လား။ ကိုမင်းသူနှင့် ကိုသန်းလွင်က ကျောင်းနေဘက် သူငယ်ချင်းတွေ ဖြစ်၏။ ဝလုံးတန်းကလည်း အတူတူ၊ တက္ကသိုလ်တက်တော့လည်း အတူတူ။ သို့သော် အလုပ်ဝင်တာကျတော့ မတူတော့။ ကိုသန်းလွင်က ပထမဦးဆုံး ကျောင်းဆရာ ဝင်လုပ်သည်။ သူ့ဇနီးသည်ကလည်း ကျောင်းဆရာမပင် ဖြစ်၏။ စားဝတ်နေရေးအတွက် ဘဝကို ရေဆန်လှော်လိုက်ကြရတာ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အေးချမ်းသောဘဝကို တည်ဆောက်နိုင်ခဲ့ပါ၏။ စားအတူ၊ သွားအတူ၊ ဘုရားသွားကျောင်းတက် ဝတ်မပျက်။ သားသမီးတွေ အားလုံးကလည်း အလုပ်အကိုင်နဲ့ ဖြစ်နေကြပြီမို့ ဇနီးမောင်နှံနှစ်ဦး အေးချမ်းစွာ နေနိုင်ခဲ့ပါ၏။ သို့သော်လည်း ...၊ စီးပွားရေးကျတော့ ကိုမင်းသူကို ဘယ်လိုမှမမီ။

, သို့သော် ... ကိုမင်းသူလည်း ကိုသန်းလွင်လိုပင် ခပ်အေးအေး သမား။ စကားလည်းနည်းသည့်အပြင် အပိုစကားတွေ မပြောတတ်။ ဘဝကို အေးချမ်းစွာ တည်ဆောက်ပြီး ရောင့်ရဲတတ်သူဖြစ်သော်လည်း ဇနီးသည် ဌေးဌေးနှင့်ကတော့ ဆီနှင့် ရေ။ စကားပြောလည်း အဆင်မချောသည့်အတွက် ကိုမင်းသူ ကြာလေ စကားနည်းလေ ဖြစ်ရ၏။

လုပ်ချင်တာတွေ အားလုံးသည်လည်း ဌေးဌေး သဘောအတိုင်းသာမို့ ကိုမင်းသူ မကျေနပ်လည်း မရ။ တကယ်လည်း ကျေနပ်စရာမကောင်းတဲ့ အနေအထားပင်။ ကိုမင်းသူကလည်း ကျောင်းဆရာပင် လုပ်သော်လည်း အသက်မပြည့်ခင် အငြိမ်းစားယူ၏။ အငြိမ်းစားယူရခြင်းကလည်း ဌေးဌေး၏လုပ်ရပ်ကို သဘောမကျသောကြောင့်၊ သဘောချင်းမတိုက်ဆိုင်သောကြောင့် ဖြစ်သည်။

''ဌေး ... ဒီပုံအတိုင်းဆိုရင်တော့ ကိုယ်ပင်စင်ယူရတော့မယ်။ ကိုယ့်အလုပ်က ... ကျောင်းဆရာ။ ကလေးတွေကို ပညာသင်ပေး၊ ပုံစံသွင်းပေးရတော့ လူကောင်းသူကောင်းဖြစ်အောင် လုပ်ပေးနေတာ။ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် သွန်သင်ပေးနေတာ။ ပြီးတော့ ကြည့်ဦး။ တို့နေတဲ့အိမ်ကလည်း ဘုရားပရိဝုဏ်နဲ့ ကပ်နေတာ။ ကုသိုလ်ယူတတ်မယ်ဆို ဘာမှအပန်းမကြီးဘူး။ သီးခြားသွားနေစရာမလိုဘူး။ အိမ်နဲ့ကလည်း နီးနီးလေး။ ခုတော့ ဌေးဌေးလုပ်ပုံကို ကြည့်''

''ကိုမင်းသူကလည်း ဘာတွေလာပြောနေတာလဲ၊ ဌေးက စီးပွားရေးလုပ်နေတာ''

''ဌေး စီးပွားရေးလုပ်တာကို ပြောတာမဟုတ်ဘူး။ စီးပွားရေးကတော့ လုပ်ရမှာပေါ့။ ခုဟာက အရက်ဆိုင်မို့လို့ ပြောနေတာ။ ကျောင်းဆရာအိမ်က အရက်ရောင်းတယ်ဆိုတာ ကောင်းမလား။ ပြီးတော့ အိမ်ကလည်း စေတီတော်ကြီးနဲ့ နီးနေတာ''

''အို ... ဒါတွေ တွေးမနေနိုင်ဘူး။ ခု ဒါလေးရောင်းနေတာ ဘယ်လောက်ဟန်ကျနေလဲ။ အမြတ်ဘယ်လောက်ကျန်လဲ တွက်ကြည့်ဦး။ အိမ်အတွက်လည်း ဘာမှမပူရဘူး။ ရှင့်လုပ်စာ မျှော်နေလို့ကတော့ ...''

''တော်ပါ ဌေးရယ်။ ကိုယ်ကလည်း ကျောင်းဆရာဖြစ်နေလို့ပြောတာ။ နောက်ဘဝဆိုတာလည်း ထည့်တွက်ဦး။ ကုသိုလ်၊ အကုသိုလ်ကိုလည်း တွေးဦး''

သည်အခြေအနေများကြောင့် ကိုမင်းသူ လုပ်ငန်းမှ အနားယူလိုက်၏။ အချိန်ရတိုင်း ဘုရားရင်ပြင်တော်ပေါ်သာ ရောက်ဖြစ်တော့၏။ ဇနီးသည်နှင့် နောက်ထပ် ဘာမျှမပြောဖြစ်သော်လည်း စားသောက်ရေးကိစ္စကတော့ ကိုမင်းသူအပေါ် တာဝန်ကျေအောင် လုပ်ကိုင်ပေးရှာ၏။ ကိုမင်းသူကတော့ ထမင်းစားချိန်၊ အိပ်ချိန်လောက်သာ အိမ်တွင်နေဖြစ်တော့၏။

တကယ်တော့ ဌေးတစ်ယောက် အလုပ်ဖြစ်နေတာ အမှန်။ သမီးကြီးနှင့် သားငယ်နှစ်ယောက်ကလည်း အားလပ်ချိန်တွင် မိခင်ကို ကူညီပေးနေကြပါ၏။ သို့သော် အရက်ဆိုင်ဖြစ်သည့်အတွက် ကလေးတွေနှင့် မသင့်တော်တာတွေကို မတွေး။

အရက်တွေ ပေါလာသလို သောက်သုံးတွေလည်း များလာပါ၏။ ပညာပေးတားဆီးသည့်ကြားထဲ အများကြီးဖြစ်လာနေပြီ။ ကံငါးပါးကို ပေါ့ပေါ့ဆဆ လုပ်နေကြပြီ။

အို ... ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ ကောင်းပါတယ်လေဟု ခံယူပြီး မသိသလိုပင် နေလိုက်၏။ ခက်တာ ပဲ၊ ဒါနဲ့ပဲ စီးပွားဖြစ်နေကြတာများ လား။ လွယ်လွယ်ရတော့ တခြား အလုပ်လည်း မလုပ်ချင်ကြတော့တာ များလား။

ယနေ့ညနေ ကိုမင်းသူ ဘုရား ကပြန်လာတော့ အံ့ဩထိတ်လန့်ဖွယ် ရာ မြင်ကွင်းတစ်ခု တွေ့လိုက်ရပါ၏။ မိမိနေအိမ်နှင့် မနီးမဝေးတွင် ယမကာ ဆိုင် အသစ်တစ်ဆိုင် တိုးလာနေပါ ရောလား။

ဩော် ... သူလည်း သောက် သုံးသူနဲ့ လူစည်ကားနေပါပေါ့။

မန်းစံရွှေ



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဆောင်းပါး


## လွန်ခဲ့သောနှစ်ပေါင်း(၆၀)ခန့်က

# အင်းစိန်ငွေတိုက်အားဓားပြတိုက်မှုကြီး

စာနယ်ဇင်းတိုင်း ခေတ်သပိုင်းဟု ဆိုကြသည်။ ထိုဆိုစကားနှင့်အညီ လွန်လေပြီးသော နှစ်ပေါင်းများစွာက ထုတ်ဝေခဲ့သော စာနယ်ဇင်းများသည် ထိုခေတ် ထိုကာလ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည်တို့ကို ဖော်ကျူးပြနေကြသည်။

ဤတွင် ၁၉၅၃-ခုနှစ်၊ မေလ ၃ ရက်(တနင်္ဂနွေနေ့)ထုတ် မြန်မာ့အလင်းသတင်းစာ မျက်နှာဖုံးပါ အင်းစိန်ငွေတိုက်မှ ငွေ ၃ သိန်း ဓားပြတိုက်မှုသည် အလွန်ပင် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့ရသည်။ ထိုငွေတန်ဖိုးသည် ထိုခေတ် ထိုကာလကဆိုလျှင် လွန်စွာမှ တန်ဖိုးကြီးမားလှပါသည်။ ထိုသတင်းသည် လူအများ စိတ်ဝင်တစား ရှိခဲ့ကြသည်နှင့်အမျှ သတင်းရေးသား ဖော်ပြထားသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ သည့်အတွက် တစ်ခေတ်တစ်ခါက ဖြစ်ပေါ်ခဲ့သော မှုခင်းတစ်ရပ်အား ပြစ်မှုစာဖတ်ပရိသတ်အတွက် ပြန်လည်ထုတ်ဖော် တင်ပြလိုက်ရပါကြောင်း)

(အယ်ဒီတာ)




မေလ ၂ ရက်နေ့ နံနက် ၇ နာရီခွဲမှာ အင်းစိန်မြို့ ငွေတိုက်ကြီးကို ခရိုင်ဝန် စစ်ဆေးကြည့်ရှုပြီးနောက် ငွေတိုက်ဝန်ထောက်(ပင်စင်ရ)ဦးသိန်းဖေက လေကလေး တချွန်ချွန်နှင့် သော့တွဲကို လက်နှင့်ဝှေ့လျက် ရုံးခန်းသို့ ငွေများယူလာစဉ် လူတစ်ယောက် ဦးသိန်းဖေကို ဘေးကဝင်ကပ်ပြီး လက်ကိုဆွဲကာ ဗုံးကိုပြလျက် ရုံးကြီးဆင်ဝင်အောက်၌ ရပ်ထားသော ကားပေါ်သို့ ခေါ်ယူသွားသည် ဆိုကြောင်း။

### ဒီမှာကြည့်

လက်နက်နှင့် သူငယ်က စာရေးခန်းဝ၌ ဝင်လာရာ စာရေး ကိုအောင်သိန်းက ကိစ္စကို မေးသည်တွင် ဘာကိစ္စမှ မရှိ၊ မဆိုင်ဘူးဟု ဆိုလိုက်သဖြင့် ကိုအောင်သိန်းက ဘာမဆိုင်ရမှာလဲဟု ပြောပြောဆိုဆို ကုလားထိုင်မှ ထလိုက်ကြောင်း။ ထိုအခါ ဖဝက သူငယ်သည် စာအုပ်ကလေးနှင့် ဝှက်လာသော ပစ္စတိုလ်သေနတ်ကိုထုတ်လျက် ဒီမှာကြည့်ဟု ပြလိုက်ရာ ကိုအောင်သိန်းမှာ ထိုင်ချလိုက်ရလေတော့သည် ဆိုကြောင်း။

### ငွေကို ဒမြတိုက်ပြီ

ငွေတိုက်ဝန်ထောက် ဦးသိန်းဖေကို လက်နက်ပြပြီး ရုံးအရှေ့ဘက်မှ ရုံးနှင့် ရဲဌာနကြားရှိလမ်းသို့ ခေါ်ယူသွား၍ ဆင်ဝင်အောက်တွင် အသင့်ထားသော ဆလွန်းကားကလေးသို့ အတင်းဝင်စေသည် ဆိုကြောင်း။ ငွေတိုက်ဝန်ထောက် ဦးသိန်းဖေမှာ ဦးဘိုးစတို့ကို ပြန်ပေးလုပ်သလို မိမိအားလည်း ပြန်ပေးလုပ်သည်ထင်လျက်ရှိစဉ် မရှေးမနှောင်း ငွေသေတ္တာကို လူငယ်တယောက်ထမ်းယူလာပြီး ကားထဲသို့ သွင်းလိုက်တော့မှ မိမိတို့၏ငွေကို ဒမြတိုက်မှန်း သိတော့သည် ဆိုကြောင်း။

### ရန်ကုန်ဘက်မောင်းခြင်း

ဤကဲ့သို့ ၅ မိနစ်အတွင်း ငွေတိုက်ဝန်ထောက်နှင့် ငွေသေတ္တာတလုံး ကားထဲသို့ရောက်လျှင် ကားကလေးသည် အရှေ့ဘလေဖာနှင့် လူငယ်တယောက မျက်နှာကို သေသေချာချာကြည့်ထား။ ဂါမဏီတပ်ကပဲဟု ပြောသေးသည်ဆိုကြောင်း။ ဦးသိန်းဖေကလည်း မသတ်ပါနှင့် ငွေကိုရလျှင် အသက်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ပေးပါ။ ချခဲ့ကြပါ စသည်ဖြင့် တတွတ်တွတ်ပြောလျက် ပါသွားရာ သမိုင်းစောဘင့်ဆင်တိုက်ရှေ့မရောက်မီမှာ ဦးသိန်းဖေကို တွန်းပစ်ခဲ့သည်ဆိုကြောင်း။ ဦးသိန်းဖေသည် မိနစ်အနည်းငယ်ကြာတော့ ရန်ကုန်ဘက်မှလာသော စစ်ကားကို အရပ်ခိုင်း အကျိုးအကြောင်း ပြောပြသောကြောင့် စစ်ကားက အင်းစိန်ရုံးသို့ လိုက်ပို့ကြကြောင်း။

လူဆိုးများ၏ ကားကလေးသည် ရန်ကုန်ဘက်သို့ မောင်းနှင်သွားရာ ဦးသိန်းဖေက ကားအရောင်မှာ နက်ပြာရောင်။ နံပါတ်မှာ ခ-၅၇၂၁။ သို့မဟုတ် ခ-၅၇၉၁ လိုလို စိတ်နှင့် မှတ်မိလိုက်သည်ဟု ဆိုကြောင်း။ ၎င်းနံပါတ်မှာလည်း သံပြားပေါ်မှာ ရေးထားခြင်း မဟုတ်ဘဲ ကားနောက်က ဘော်ဒီပေါ်မှာ မကြာမီက ရေးထားသည်ဟု ထင်ရကြောင်း။

## ကားထဲမှ လူရွယ် ၄ ယောက်

အဆိုပါ ကားထဲတွင် မောင်းသူနှင့်ပါ လူရွယ်ရွယ်ထဲက သူငယ် ၄ ယောက်လောက် ရှိကြောင်း။ လူဆိုးတို့နောက်ပါသွားသော ထင်ရှူးသေတ္တာထဲ၌ ငွေစက္ကူတန်ဘိုး ၃၀၇၀၀၀ိ ရှိသည်ဟု သိရကြောင်း။

## လက်ပစ်ဗုံးနှင့်ပြသည်

ငွေတိုက်ဝန်ထောက် ဦးသိန်းဖေအား ကျွန်ုပ်တို့၏ အထူးသတင်းထောက်က မေးမြန်းစုံစမ်းသောအခါ ဦးသိန်းဖေက မေလ ၂ ရက် စနေနေ့နံနက် ၇ နာရီအချိန်မှာ ခရိုင်ဝန်သည် လဆန်းတိုင်း ငွေတိုက်လက်ကျန်ငွေများကို စစ်ဆေးလေ့ရှိကြောင်း။ ထိုသို့ စစ်ဆေးပြီးနောက် ၈ နာရီကျော်လောက်တွင် စနေနေ့တွင် ထုတ်ပေးရန်ရှိသော လစာငွေများကို အားလုံး စုစုပေါင်း ၃၅၄၉၀၀ိ ငွေတိုက်ကြီးထဲမှ သေတ္တာ ၂ လုံးနှင့် ထည့်ပြီး ငွေတိုက်ကြီး အပြင်ဘက်သို့ ထုတ်ထားကြောင်း။ ၎င်း ၂ လုံးအနက် တလုံးကို ငွေတိုက်ရုံးခန်းသို့ တံမြက်လှဲကုလားက ထမ်း၍ယူသွားကြောင်း။ ၎င်းသေတ္တာနောက်မှ စာရင်းကိုင်စာရေးကြီး ဦးအောင်တင် လိုက်လာကြောင်း။ ၎င်းနောက် ငွေရေသူ မောင်သွင်က အကြွေ ၂ အိတ် ကိုင်ပြီး လိုက်လာကြောင်း။ မိမိက ခပ်လှမ်းလှမ်းမှ လိုက်သွားကြောင်း။ ခရိုင်ဝန် ဦးကြည်မှာ ငွေတိုက်ကြီးကိုပိတ်ပြီး ပြန်သွားကြောင်း။ ငွေတိုက်ရုံးခန်း အဝင်ဝသို့ ရောက်ခါနီးမှာ မိမိ၏ ဘယ်ဘက်လက်ကို လူတယောက်က ဘမ်းဆွဲထားပြီး(မအော်နဲ့)ဟု ပြောပြောဆိုဆိုနှင့် လက်ပစ်ဗုံးကိုပြ၍ ရုံးအရှေ့ဘက်မှ ရုံးမြောက်ဘက်လမ်းပေါ်သို့ ဆွဲခေါ်သွားပြီး ရုံးဆင်ဝင်အောက်၌ အသင့်စောင့်နေသော ဆလွန်းကားကလေးပေါ်သို့ အတင်းဆွဲတင်ပါသည်ဟု ပြောပြကြောင်း။

## လူအချို့ မြင်သော်လည်း

လူဆိုးတယောက်က ဦးသိန်းဖေကို လက်ဆွဲခေါ်သွားစဉ် လဘက်ရည်ဆိုင်ဘက်မှ လူအချို့မြင်ကြရသည်ဆိုကြောင်း။ သို့သော်လည်း မိတ်ဆွေဖြစ်သည်ထင်၍ အမှုမဲ့နေကြသည်ဆိုကြောင်း။ ရဲဌာနအနီးမှဖြတ်၍ ကားရှိရာသို့ သွားကြစဉ်ကလည်း ခြိမ်းချောက်ထား၍ မအော်ဝံ့ဘဲ လိုက်ပါသွားရခြင်းဖြစ်သည်ဆိုကြောင်း။

ရုံးခန်းထဲမှ စာရေးကိုအောင်သိန်းက ငွေသေတ္တာယူသွားသည်ကို ၎င်းမြင်လည်း မိမိအား ပစ္စတိုလ်နှင့် ချိန်ထားသောကြောင့် ဦးသိန်းဖေ သွားသည်ကို ၎င်းမြင်လျက်နှင့် မဟာဝံ့ဘဲရှိသည်ဆိုကြောင်း။ ပစ္စတိုလ်နှင့်လူက ကားကလေးအလာတွင် ပြူတင်းပေါက်မှကျော်ပြီး ပြေးသွားသောအခါကျမှ ဘော်ဟစ်ကာ ငွေတိုက်ကလေးထဲတွင် ပုန်းနေကြသော စာရေးများအား သွားပြီးခေါ်လျက် ချက်ခြင်း ခရိုင်ဝန်ရဲဌာနတို့သို့ တိုင်ကြားရတော့သည်ဆိုကြောင်း။

## လက်ထဲမှ သော့တွဲ

ထိုနေ့က အချင်းဖြစ်ပွားပြီးနောက် လုယူသွားသော ထင်ရှူးသေတ္တာအတွင်း ငွေမည်မျှပါသွားကြောင်း ခရိုင်ဝန်နှင့် မြို့မ ရာဇဝတ်ဝန်တို့ရှေ့မှာ စစ်ဆေးကြည့်ရှုကြသောအခါ ငွေတိုက်ကြီးမှထုတ်သော ငွေပေါင်း ၄၅၄၉၀၀ိ အနက်မှ ၁၄၇၉၀၀ိ သာ ကျန်ရစ်သဖြင့် စုစုပေါင်း ၃၀၇၀၀၀ိ ပါသွားသည်ဆိုကြောင်း။

၎င်းငွေများ၏ အမျိုးအစားမှာ ရာတန် ၈၀၀၀၀ိ။ တဆယ်တန် ၁၄၀၀၀၀ိ။ ၅ တန် ၇၅၀၀၀ိ။ ၁ တန် ၁၂၀၀၀ိ ဖြစ်သည်ဟု သိရကြောင်း။ ထိုငွေစက္ကူများမှာ အဟောင်းများဖြစ်သည်ဆိုကြောင်း။ ငွေတိုက်ဝန်ထောက် ဦးသိန်းဖေသည် မိမိအား လူဆိုးတယောက်က ခေါ်ယူသွားစဉ် ရှုံ့ဝင်းထဲမှာ ပင်လယ်ထဲက သော့တွဲကို ပစ်ချခဲ့သေးကြောင်း။ ထို့နောက် ပြန်ရကြောင်း။ ဝန်ထောက် ဦးသိန်းဖေသည် အင်းစိန်ငွေတိုက်သို့ ၁၉၅၂ ခု ဒီဇင်ဘာလ ၁၃ ရက်နေ့ကမှ စတင်ဝင်ရောက် လုပ်ကိုင်ကြောင်း။ ယခင်ကမူ အငြိမ်းစားယူထားကြောင်း။ အစိုးရက ပြန်ခန့်ထားခြင်း ဖြစ်သည်ဟု သိရကြောင်း။

(၁၉၅၃-ခုနှစ်၊ မေလ ၃ ရက်နေ့ထုတ်
မြန်မာ့အလင်းသတင်းစာ)
*(မူရင်းသတ်ပုံအတိုင်း ပြန်လည်ဖော်ပြထားသည်)*



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဆောင်းပါး

# အင်းစိန်ငွေတိုက် စားပြမှုနှင့် ပတ်သက်သည့် နောက်ဆက်တွဲ ဖော်ပြချက်များ

## ငွေတိုက်ဒမြ ကြံရာပါ သူကြီးအသင်း ဥက္ကဋ္ဌ မြူလူကြီးနှင့် သမဝါယမ ဥက္ကဋ္ဌအပြင် ရုံးစာရေးတဦးကို ဘမ်းထားပြီ


ငွေတိုက်ဒမြ ကြံရာပါ
သူကြီး အသင်း ဥက္ကဋ္ဌ မြူလူကြီးနှင့် သမဝါယမ
ဥက္ကဋ္ဌအပြင် ရုံးစာရေး တဦးကို ဘမ်းထားပြီ
ကျန်ဒမြများ

### ကျန်ဒမြများ

မေလ ၂ ရက်နေ့ နံနက်က အင်းစိန်ငွေတိုက်မှ ငွေ ၃ သိန်း ၇ ထောင်ကို လူဆိုး ၄ ဦး လုယူသွားကြောင်း သတင်းကို သတင်းစာများတွင် အကျယ်တဝင့် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ကြောင်း။ ထိုလုယက်မှုနှင့် ပတ်သက်၍ အင်းစိန်ရဲအဖွဲ့နှင့် စုံထောက်အဖွဲ့တို့ ပူးပေါင်းပြီး သတင်းစုံစမ်းထောက်လှမ်းခဲ့ရာမှ မေလ ၁၀ ရက်နေ့က သဲလွန်စသတင်းအရ၊ အင်းစိန်လမ်းသစ်တွင်နေ မော်တော်ကားဒရိုင်ဘာ မောင်တင်ဆိုသူကို ရန်ကုန်မန္တလေးသွား စာပို့မီးရထားပေါ်တွင် တွေ့ရှိဘမ်းဆီးခဲ့ကြောင်း။ အဆိုပါ ကားဒရိုင်ဘာမောင်တင်မှာ အင်းစိန်ငွေတိုက်မှ အစိုးရငွေများ တိုက်ခိုက်လုယူရာတွင် ပါဝင်ခဲ့သော လူဆိုး ၄ ဦးအနက်မှ လူဆိုးတစ်ဦး ဖြစ်သည်ဆိုကြောင်း။ ၎င်းဒရိုင်ဘာ မောင်တင်ထံမှ အင်းစိန်ငွေတိုက်မှ တိုက်ရာပါ ငွေ ၃၀၇၀၀၀ိ အနက်မှ ငွေ ၅၃ဝိ ထုတ်ပေး ရရှိသည်ဆိုကြောင်း။ ၎င်းလူဆိုး ကားဒရိုင်ဘာ မောင်တင်၏ ထုတ်ဖော်ပြောဆိုချက်အရ စုံထောက်ရဲအဖွဲ့ဝင် အရာရှိများသည် မေလ ၁၀ ရက်နေ့ညအချိန် အင်းစိန်လမ်းသစ်သူကြီး ဦးစိုးနှင့် ၎င်းလမ်းသစ်တွင်နေ ဘလှ။ ဒလဇေရာဝတီသင်းဘောကျင်းမှ ဘွိုင်လာဌာန စက်ပြင်ဆရာ ထွန်းမြိုင်တို့သို့ ဘမ်းဆီးလိုက်ကြောင်း။

ထို့နောက် ဆက်လက်၍ လူဆိုးများတိုက်ရာတွင် စီးနင်းအသုံးပြုခဲ့သည့် ဖို့ဒ်ဗီအိတ်ဆလွန်ကားကို ငှားရမ်းခဲ့သည်ဆိုသော ကားပိုင်ရှင်ဖြစ်သူ ရန်ကုန်မြို့ သော်မဆင်လမ်း အမှတ် ၂၄၈ ရှိ ဘဌေးမော်တော်ကား အလုပ်ရုံပိုင်ရှင် ကိုဘဌေး ဆိုသူကိုပါ ဘမ်းဆီးခဲ့ကြောင်း။ လူဆိုးမောင်တင်၏ အစစ်ခံချက်အရ ရဲအဖွဲ့က ဘမ်းဆီးခဲ့သော အင်းစိန်လမ်းသစ် ဦးစိုး၊ ဘလှ၊ ထွန်းမြိုင်နှင့် ကိုဘဌေးတို့မှာ ဒမြတိုက်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြသူများ မဟုတ်သော်လည်း ဦးစိုးနှင့် ဘလှတို့က လူဆိုးများကို မေလ ၂ ရက်နေ့ နံနက် အင်းစိန်ငွေတိုက်မှ အစိုးရငွေများ ထုတ်မည့်အချိန် အခါပေးနှင့် လက်နက်များဖြင့် ကူညီခဲ့သော ကြံရာပါတို့ ဖြစ်သည်ဆိုကြောင်း။

ဦးစိုး ဆိုသူမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ သူကြီးအသင်းဥက္ကဋ္ဌ အင်းစိန် မြူနီစီပယ်လူကြီးနှင့် အင်းစိန်လမ်းသစ် တွန်ကိုးသမဝါယမ ဥက္ကဋ္ဌဖြစ်၍ ဘလှဆိုသူမှာ အင်းစိန်ရိက္ခာ ထောက်ပံ့ရေးရုံး စာရေးဖြစ်သည်ဟု သိရကြောင်း။ ဒလ ဧရာဝတီ သင်းဘောကျင်းဘွိုင်လာဌာန စက်ပြင်ဆရာ ကိုထွန်းမြိုင်မှာ လူဆိုးများ၏ မော်တော်ကားကို ကြည့်ကြပ်ပြင်ဆင်ပေးခဲ့သူ ဖြစ်သည်ဆိုကြောင်း သော်မဆင်လမ်း မော်တော်အလုပ်ရုံပိုင်ရှင် ကိုဘဌေးမှာ ၎င်း၏ မော်တော်ကားကို လူဆိုးများအား ငှားရမ်းခဲ့သည်ဆိုကြောင်း။ လူဆိုးများတိုက်ရာတွင် အသုံးပြုခဲ့သည့် ကိုယ်ပိုင်ဆလွန်းမော်တော်ကားမှာ ဖို့ဒ်ဗီအိတ်ဖြစ်ပြီး မူလနံပါတ် ၁၅၇၅ မှ ၅၂၁၆ သို့ လိမ်လည်ပြောင်းလွဲတပ်ဆင် အသုံးပြုခဲ့ပါသည်ဟု တိုက်ရာပါ လူဆိုးမောင်တင်က ထုတ်ဖော်ပြောပြသည် ဆိုကြောင်း။ အင်းစိန်လမ်းသစ် ဦးစိုးထံမှ တိုက်ရာပါ ငွေ ၁၀၀၀ိ ဘမ်းဆီးရမိသေးသည် ဆိုကြောင်း။ ထိုအမှုကို မူလက ရာဇသတ်ပုဒ်မ ၃၉၂အရ လုယက်မှုနှင့် အင်းစိန်ရဲအဖွဲ့က အမှုဖွင့်လှစ်ခဲ့ပြီးနောက် ယခု ရာဇသတ်ပုဒ်မ ၃၉၅ သို့ ဒမြမှုဖြင့် ပြောင်းလွဲအမှုဖွင့်လှစ်ပြီးလျှင် မောင်တင်နှင့်အတူ တိုက်ရာပါ ကျန်လူဆိုး ၃ ဦးကို ဘမ်းဆီးရမိရန် စုံထောက်အဖွဲ့မှ ကြိုးပမ်းလျက်ရှိကြောင်း။

(၁၉၅၃-ခုနှစ်၊ မေလ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ)

*(မူရင်းသတ်ပုံအတိုင်း ပြန်လည်ဖော်ပြထားသည်)*



www.burmeseclassic.com

www.burmeseclassic.com

# အင်းစိန် ငွေတိုက် ဒမြမှု ရုံးတင်ပြီ

**မျက်နှာဖုံး ဆောင်းပါး**

မြန်မာ့အလင်း

THE NEW LIGHT OF BURMA

SUNDAY • 24th MAY 1953

## အင်းစိန်-ငွေတိုက်ဒမြမှုရုံးတင်ပြီ

### ရုံးသို့လူအများ ကြိတ်ကြိတ်တိုး၍ လာရောက်ကြည့်ရှုကြခြင်း

### ပထမတရားခံ ဦးစိုးတ ရုံးမင်းရှေ့ သို့ မထွက်လိုဟု ငြင်းဆန် နေ လိုက်ပုံ

**နားထောင်နေစဉ်နှလုံးရောဂါနှင့်သေဆုံးသူ**

အင်းစိန်ခရိုင် သတင်းထောက်ထံမှ အင်းစိန်ခရိုင် ငွေတိုက်ဒမြမှုကို အင်းစိန်စုံထောက်ဘက်ဆိုင်ရာမှ မေလ ၂၃ ရက်နေ့က အင်းစိန် ၂ ရာဘက်ရာဇဝတ်တရားသူကြီး ဦးဘသိုက်ထံ အောက်ပါအတိုင်း ပုဒ်မ ၃၉၅ ၄၁၁-၅၁၄-၁၂၀(ခ)အရ အမှုတင်ပို့ကြောင်း။

၁-၅-၅၃ နေ့တွင် တံတားကလေးရွာ(အရေးပိုင်ရုံးစာရေး) မောင်စိုးနေအိမ်တွင် (သူကြီး)ဦးစိုး။ ဘလှ။ ကျော်စိန်။ မောင်စိုးနှင့် မောင်သွင်တို့ ငွေတိုက်ရုံးကို ဒမြတိုက်ရန် တိုင်ပင်သဘောတူညီခဲ့ကြရာမှ ၂-၅-၅၃ နေ့ နံနက် ၇ နာရီ ၃၀ မိနစ်အချိန်၌ အင်းစိန်မြို့ ငွေတိုက်ရုံးကို (သူကြီး)ဦးစိုး၏ စီမံချက်အတိုင်း မောင်သန်း။ တင်အေးနှင့် အခြားလူ ၂ ဦးတို့သည် ပစ္စတို သေနတ် ၁။ လက်ပစ်ဗုံး ၂ စွဲကိုင်လျက် တိုက်ခိုက်၍ အစိုးရ ဘဏ္ဍာတော်ငွေ ၃၀၇၀၀ဝိ ကို လုယူသွားကြပြီးနောက် လူဆိုးများသည် ငွေတိုက်ဝန်ထောက် ဦးသိန်းဖေအား ဓားစာခံအဖြစ် ဘမ်းပြီးလျှင် မောင်တင် မောင်းသော မော်တော်ကားဖြင့် ထွက်ပြေးကြလျက် မလှ၊ အုန်းသောင်နှင့် စိန်ဖေ ခေါ် ဖေသိန်းတို့သည် တိုက်ခိုက်ရာတွင် ရရှိသော ငွေများကို လက်ခံခြင်းနှင့် သိုဝှက်ခြင်းများကို ပြုကြကြောင်းနှင့် စွဲချက်တွင် ဖော်ပြထားကြောင်း။ ၎င်းပြင် ဆက်လက်၍ မောင်တင်နှင့် မောင်သန်းတို့၏ ဖြောင့်ဆိုချက်နှင့် အခြားသက်သေများ၏ ထွက်ဆိုချက်အရ တရားခံများသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါသည်ဟု သက်သေ ၁၀ ဦးနှင့် သက်သေခံငွေများ အခြားပစ္စည်းများစာရင်းနှင့်တကွ တင်ပို့၍ ဆက်လက်ဖော်ပြထားကြောင်း။

အဆိုပါအမှုတွင် ပထမတရားခံတဦးအဖြစ် တရားစွဲဆိုခြင်းခံရသော လမ်းသစ်သူကြီးနှင့် မြူနီစီပယ်လူကြီးဦးစိုးသည် အခြားတရားခံများနည်းတူ ရုံးမင်းရှေ့သို့ ထွက်မလာဘဲ အချုပ်ထောင်တွင်း၌ပင် အစစ်ခံမည်ဟုဆိုကာ အချုပ်ထောင်တွင်းမှ ငြင်းဆန်နေသည်ဟု ကြားသိရကြောင်း။ သို့ဖြစ်၍ အဆိုပါ အင်းစိန်ငွေတိုက်မှ ဘဏ္ဍာတော်ငွေများ လုယက်မှုတွင် ပါဝင်သော ပထမတရားခံအား ဆိုင်ရာမှ အနေရးယူလျက် ၎င်းအား ပေးထားသော တရားကုန်းကိုပယ်ဖျက်ပြီး သာမန်အကျဉ်းသားများကဲ့သို့ထားရန် ဆိုင်ရာမှ အမိန့်တရပ် ထုတ်လိုက်ပြီဟု သိရှိရကြောင်း။

ယင်းသို့ အမှုတင်ရာတွင် လူထုပရိသတ်မှာ ရုံးခန်း၌ ကြိတ်ကြိတ်တိုး နားယောင်ကြည့်ရှုကြကြောင်း။

(၁၉၅၃-ခုနှစ်၊ မေလ ၂၄ ရက်နေ့ထုတ်
မြန်မာ့အလင်းသတင်းစာ)
(မူရင်းသတ်ပုံအတိုင်း ပြန်လည်ဖော်ပြထားသည်)

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

# ဖြစ်ရပ်မှန်မှုခင်းများ

လှမိုး(ပညာရေး)

ရာဇဝတ်မှုခင်းတစ်မှု ဖြစ်ပွားလာသည်နှင့် ဥပဒေဘက်တော်သားများ ဖြစ်သော ရဲနှင့် စုံထောက်တို့သည် ဖြစ်ပွားသည့် ရာဇဝတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် စုံစမ်းထောက်လှမ်းခဲ့ကြပြီး ဖြစ်မှုကျူးလွန်သူတရားခံအား ခြေရာခံ၍ ဖမ်းဆီးရမိသည်နှင့် အမှုကို ခိုင်မာစွာ တည်ဆောက်၍ တရားရုံးတော်သို့ တရားစွဲဆိုခဲ့ကြသည်။ ရာဇဝတ်မှု ကျူးလွန်သူများကလည်း ယင်းအမှုကို ကျူးလွန်ခြင်းမပြုမီကပင် ဘက်စုံထောင့်စုံ စဉ်းစား၍ လျှို့ဝှက်စွာ စီစဉ်ပြီး ယင်းရာဇဝတ်မှုကို ကျူးလွန်ခဲ့ကြ၏။ ကျူးလွန်ရာတွင်လည်း ရဲနှင့် ဥပဒေဘက်တော်သားများ၏ မျက်ကွယ်တွင် ကျူးလွန်ခဲ့ကြသဖြင့် တရားခံအစစ်အမှန်ကို ဖမ်းဆီးရမိနိုင်ရေးမှာ အထူးအရေးကြီး၏။

အဘယ်ကြောင့်ဆိုသော် ဖြစ်မှုကျူးလွန်သူ တစ်ရာအား ဥပဒေအတိုင်း အပြစ်ပေးအရေးယူခဲ့ခြင်းမှာ မှန်ကန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း အပြစ်ကင်းသူ တစ်ဦးအား မှားယွင်းဖမ်းဆီး၍ ပြစ်ဒဏ်ချမှတ်ခြင်း ခံရလျှင် သန့်ရှင်းဖြူစင်သော တရားဥပဒေကို အစွန်းအထင်း တင်သည်ဟု ဆိုရမည် ဖြစ်၏။ သို့ဖြစ်၍ ဤကဲ့သို့ အမှားအယွင်းမရှိစေရန် ဖြစ်မှုကျူးလွန်သူနှင့် တရားလိုဖြစ်သူတို့၏ လူမှုရေးဆက်ဆံမှု "Victimology" ကို အလေးအနက်ထား၍ ဥပဒေဘက်တော်သားများက စနစ်တကျ စုံစမ်းလေ့လာမှု ပြုရမည်ဟု မှုခင်းသုတေသီများ၊ ဥပဒေပညာရှင်များက တညီတညွတ်တည်း ဆိုကြသည်။ သာဓကအားဖြင့် မိသားစုအတွင်း ဖြစ်ပွားသည့် လူသတ်မှု၊ ချစ်သူများ၊ ဇနီး၊ ခင်ပွန်းများအတွင်း ဖြစ်ပွားသည့် လူသတ်မှုများ၊ လုပ်ငန်းအတွင်း တာဝန်ရှိသူ၊ ရှယ်ယာရှင်များအတွင်း လူသတ်မှုများတွင် ထိုတရားလို၊ တရားခံ ဆက်ဆံမှု Victimology သည် အဓိက အရေးကြီး၏။ ရဲနှင့်စုံထောက်များအဖို့ ပတ်ဝန်းကျင်လေ့လာရာတွင် တရားခံ



www.burmeseclassic.com

www.burmeseclassic.com

တရားခံတို့၏ လူမှုရေးဆက်ဆံမှုကို အဓိကထား၍ စုံစမ်းလေ့လာကြရမည် ဖြစ်သည်။

ရာဇဝတ်မှုဖြစ်ပွားမှုများတွင် အထက်ဖော်ပြပါ တရားလို၊ တရားခံတို့၏ လူမှုရေးဆက်ဆံမှုကြောင့် ဖြစ်ပွားမှုရာခိုင်နှုန်းမှာ အထူးမြင့်မားသည်ဟု မှုခင်းသုတေသီများက ဆိုသည်။ ယခု ရေးသားဖော်ပြမည့် ဂန္ထဝင်မှုခင်းမှာ ရာဇဝတ်မှုမှ ကျူးလွန်သူနှင့် အသတ်ခံရသော သားအမိနှစ်ယောက်တို့၏ လူမှုရေးဆက်ဆံရေးကြောင့် မလိုလားအပ်သော မှုခင်းဖြစ်ပွားမှု ဖြစ်ပါသည်။ ထိုမှုခင်းကြီးကို သက်ဆိုင်ရာ ရဲနှင့် စုံထောက်တို့က "Victimology" ကို စနစ်တကျ စူးစမ်းလေ့လာခဲ့ရာမှ လူသတ်တရားခံအစစ်ကို ဖမ်းဆီးနိုင်ခဲ့ပြီး၊ ရာဇဝတ်တရားရုံးသို့ တင်ပို့နိုင်ခဲ့၏။

ခရစ်နှစ် ၁၈၉၀ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှထုတ်ဝေသော ဒေးလီးတယ်လီဂရပ်(ဖ်) သတင်းစာ မှုခင်းကော်လံတွင် အောက်ဖော်ပြပါ သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသော စိတ်ချောက်ချားတုန်လှုပ်ဖွယ်ရာ သတင်းတစ်ပုဒ်အား သတင်းစာဖတ်ပရိသတ်များက ဖတ်ရှုခဲ့ရ၏။

**"နှစ်လောင်းပြိုင် လူသတ်မှု"**

**"လန်ဒန်"**

**ဟင်(မ်)စတက်**

၁၈၉၀ ခု၊ အောက်တိုဘာလ ၂၆ ရက်

လန်ဒန်မြို့ ဆင်ခြေဖုံးရှိ ဟင်(မ်)စတက်မြို့နယ်၊ ကရော(စ်)ဖီ(လ်)လမ်းဆုံအနီး မော်တော်ကားလမ်းအနီးတွင် ဦးခေါင်းအား သံချောင်း၊ သို့မဟုတ် လေးလံသောအရာဖြင့် ရိုက်နှက်ခြင်းခံရသဖြင့် သေဆုံးနေသော အသက် ၄၀ အရွယ်ရှိ အမည်မသိ အမျိုးသမီးတစ်ဦး၏အလောင်းကို ဟင်(မ်)စတက်ရဲဌာနမှ လှည့်ကင်းတာဝန်ကျ ရဲသားတစ်ဦးက တွေ့ရှိရသဖြင့် သက်ဆိုင်ရာရဲဌာနမှ တာဝန်ရှိသူဒေသခံရဲအရာရှိများ၊ စကော့တလန်ယာဒ် စုံထောက်ဌာနမှ အင်စပက်တော်ကြီး 'နက်' ခေါင်းဆောင်သော စုံထောက်အဖွဲ့ဝင်များနှင့် မှုခင်းဆေးပညာဆရာဝန်ကြီးများနှင့် အဖွဲ့တို့က စုံစမ်းစစ်ဆေးမှုများ ပြုနေစဉ် ယင်းအမျိုးသမီးအလောင်းနှင့် ကိုက် ၅၀ ခန့်ကွာဝေးသော ချုံပင်များအောက်တွင် လက်တွန်းလှည်းငယ်အတွင်း သေဆုံးနေသော တစ်ဆယ့်ရှစ်လခန့်ရှိ ကလေးငယ်ကလေးတစ်ယောက်၏ အလောင်းကိုပါ တွေ့ရှိရသဖြင့် လူသတ်သမား၊ သို့မဟုတ် လူသတ်သမားများသည် ယခင်လှည့်ကင်းဆောင်ရွက်နေသော ရဲအမှုထမ်းတစ်ဦး တွေ့ရသည့် အမျိုးသမီးနှင့် ကလေးငယ်အား တစ်ပြိုင်တည်းသတ်ဖြတ်၍ အလောင်းများကို စွန့်ပစ်ထားခဲ့ခြင်း ဖြစ်သည်ဟု စကော့တလန်ယာဒ် စုံထောက်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကျွန်တော်များ၏သတင်းစာမှ မှုခင်းသတင်းထောက်အား ပြောပြခဲ့သည်ဟု သိရ၏။ ယခုသတင်းရေးနေသည့် အချိန်ထိ သေဆုံးသူ အမျိုးသမီးနှင့် ကလေး၏အမည်ကို သိရှိခြင်း မရှိသေးဟု သတင်းရရှိ၏။ မှုခင်းဆေးပညာ ပါရဂူ၏



အစီရင်ခံစာအရဆိုလျှင် လူသတ်သမားသည် သေဆုံးသူ အမျိုးသမီး၏ လည်ပင်းအား ဓား၊ သို့မဟုတ် အသွားထက်သော လက်နက်ဖြင့် လှီးဖြတ်ပြီးမှ ဦးခေါင်းအား လေးလံသောအရာဖြင့် ရိုက်နှက်သတ်ဖြတ်ခြင်းဖြစ်သည့်ပြင် ကလေးငယ်ကိုမူ အသက်ရှူ မရအောင် တစ်စုံတစ်ရာဖြင့် ဖိ၍ သတ်ဖြတ်ခဲ့သည်ဟု သိရှိရကြောင်း၊ ရဲနှင့် စကော့တလန်ယာဒ် စုံထောက်အဖွဲ့မှ စုံထောက်များကမူ အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု သတင်းရရှိသည်။

**နောက်ဆက်တွဲသတင်း**

ဤသတင်းရေးနေသော အချိန်တွင် ရရှိသည့် သတင်းအရ သေဆုံးသူမှာ မစ္စစ်ဖိုဘီဟော့(ဂ်)ဆိုသူနှင့် သူ၏ တစ်ဆယ့်ရှစ်လအရွယ် သမီးငယ်ကလေး ဖြစ်သည်ဟု သိရ၏။ ဤလူသတ်မှုနှင့် ပတ်သက်သော သတင်းများကို ဆက်

www.burmeseclassic.com

www.burmeseclassic.com

လက်ရေးသား ဖော်ပြနိုင်ရန် ကျွန်တော်များ သတင်းစာမှ မှုခင်းသတင်းအယ်ဒီတာနှင့် သတင်းထောက်များကိုယ်တိုင် အခင်းဖြစ်ပွားသည့် ဟင်(မ်)စတက်မြို့နယ်သို့ ကွင်းဆင်းစုံစမ်းမှုများ ပြုလုပ်နေသည်ဟု သိရ၏။

ထိုသတင်းကိုပင် စောင်ရေအများဆုံး ထုတ်ဝေရသော လန်ဒန်ရုပ်စုံသတင်းစာနှင့် ညနေထုတ်သတင်းစာများက လူအများ စိတ်ဝင်စားမည့် သတင်းခေါင်းစဉ်များဖြင့် ရေးသားဖော်ပြခဲ့သဖြင့် ထိုနှစ်လောင်းမြိုင်သတ်မှု သတင်းမှာ လူအများ ထူးထူးခြားခြား စိတ်ဝင်စားသည့်သတင်းဖြစ်၏။ သေဆုံးသူ မစ္စစ်ဖိုဘီဟော့(ဂ်) နှင့် ကလေးငယ်တွင် အဖိုးတန်လက်ဝတ်ရတနာများ ဝတ်ဆင်ထားခြင်းမရှိသဖြင့် လူသတ်သမားသည် အဘယ်ကြောင့် ယင်းသားအမိအား သတ်ဖြတ်ခဲ့သည်ကို သိရှိခြင်းမရှိဟူ၍လည်း လန်ဒန်မြို့မှ ထုတ်ဝေသော သတင်းစာများက ရေးသားဖော်ပြခဲ့ကြသည်။

အဘယ်ကြောင့် ဤလူသတ်မှုကြီးကို လူသတ်သမားသည် ကျူးလွန်သနည်း။ ရာဇဝတ်မှုကျူးလွန်ရာတွင် ဥပမာအားဖြင့် ရည်ရွယ်ချက်သည် ငွေလိုချင်သောကြောင့်၊ သို့မဟုတ် စိန်ရွှေရတနာ၊ သို့မဟုတ် အဝတ်အထည်၊ သို့မဟုတ် မူးယစ်ဆေးဝါးအလိုရှိသဖြင့်သည့် ရည်ရွယ်ချက်ကြောင့် အမှုကို ကျူးလွန်ကြသည်။ မည်သည့်ပစ္စည်းဖြစ်စေ ရာဇဝတ်မှုကျူးလွန်သူ၏ အသုံးပြုမှုသည် တန်ဖိုးဖြစ်၏။ သို့သော် မှုခင်းကျူးလွန်ရခြင်း၏ ရည်ရွယ်ချက်သည် တစ်ခါတစ်ရံ ပြောင်းလဲသွားသည်ကို တွေ့ရ၏။ သာဓကအားဖြင့် ငွေလိုသောကြောင့် ကျူးလွန်ခဲ့သော ပြန်ပေးဆွဲမှုသည် ပြန်ပေးဆွဲခံရသူ အမျိုးသမီးအား မတော်မတရားပြုမှုဖြစ်ပွားသဖြင့် မူလရည်ရွယ်ချက်မှ တိုးပွားလာသည်။

လက်စားချေလို၍ ကလဲ့စားချေလိုမှုကြောင့်လည်း ရာဇဝတ်မှုခင်းကြီးများကို ကျူးလွန်လေ့ရှိကြသည်။ ဤနှစ်လောင်းမြိုင် အသတ်ခံရမှုအတွက် လူသတ်သမား၏ ရည်ရွယ်ချက်ကို ဖော်ထုတ်နိုင်မည်ဆိုပါက လူသတ်တရားခံအား ခြေရာခံလိုက်နိုင်မည်ဟု စကော့တလန်ယာဒ်စုံထောက်အဖွဲ့က ယူဆထားသဖြင့် သေဆုံးသူ မစ္စက်ဖိုဘီဟော့(ဂ်)နှင့် မိသားစုနှင့် ပတ်သက်သည့် ကွင်းဆက်များကို စနစ်တကျ လေ့လာစုံစမ်းခဲ့သည်။ မစ္စက်ဖိုဘီဟော့(ဂ်)တို့ မိသားစုနေအိမ်သို့ ဝင်ထွက်သွားလာသည့် အမျိုးသား၊ အမျိုးသမီးများ၊ အသတ်ခံရသူ၏ ခင်ပွန်းဖြစ်သူ မစ္စတာဖရင်း(ခ) ဟော့(ဂ်)နှင့် ပတ်သက်သည့် နောက်ကြောင်းရာဇဝင်၊ သေဆုံးသူနှင့် ခင်ပွန်းဖြစ်သူတို့၏ အိမ်ထောင်ရေးအခြေအနေ စသော "Victimology" ကို အသေးစိတ်လေ့လာမှု ပြုခဲ့ကြသည်။

ပတ်ဝန်းကျင်လေ့လာမှုအရ မစ္စတာဖရင်ဟော့(ဂ်)မှာ သေဆုံးသူ သူ့ဇနီး မစ္စစ်ဖိုဘီဟော့(ဂ်)ထက် သုံးလေးနှစ်ငယ်သည်ဟု သိရ၏။ သူတို့၏အိမ်ထောင်ရေးမှာ ကလေးငယ်တစ်ယောက် ရသည့်တိုင်အောင် အဆင်မပြေဟု သတင်းအစအန ရထား၏။ သို့ဖြစ်၍ ရဲနှင့် စုံထောက်တို့သည် မစ္စတာဖရင်ဟော့(ဂ်)အား စောင့်ကြည့်ခဲ့ကြသည်။ ပတ်ဝန်းကျင်ပါးစပ်ပြောသတင်းများ၊ ဂေဇက်များအရ မစ္စတာဖရင်ဟော့(ဂ်)သည် တိတ်တိတ်ပုန်းချစ်သူအများ ရှိခဲ့သည်ဟူသော သတင်းများကို အခြေခံ၍ မစ္စတာဖရင်ဟော့(ဂ်)နှင့် ဆက်ဆံနေသော အမျိုးသမီးများကို စုံစမ်းထောက်လှမ်းပြန်သည်။ မစ္စတာဖရင်ဟော့(ဂ်)၏ အိမ်နီးနားချင်းများ၏ ထွက်ဆိုချက်အရ အသက် ၂၄ နှစ်အရွယ် မေရီအလီယာပီယာစီ ဆိုသူ အမျိုးသမီးငယ်တစ်ယောက်မှာ မစ္စတာဖရင်ဟော့(ဂ်)၏ မိသားစုနေအိမ်တွင် မကြာခဏ ဝင်ထွက်သွားလာနေပြီး အခြားအမျိုးသားများနှင့်လည်း ယခင်က ရှုပ်ရှုပ်ထွေးထွေး ဇာတ်လမ်းများ ရှိခဲ့သည်ဟု သိရ၏။


ဤတွင် မေရီနှင့် မစ္စတာဖရင်ဟော့(ဂ်)တို့သည် တိတ်တိတ်ပုန်း ချစ်သူများ ဖြစ်လာသည်ဟု ပတ်ဝန်းကျင်က ယူဆထား၏။ သေဆုံးသူ မစ္စစ်ဖိုဘီဟော့(ဂ်)နှင့် မေရီတို့သည် ရင်းရင်းနှီးနှီး ဆက်ဆံနေကြသည်ဟု သတင်းများ ရလာသည်။ ပတ်ဝန်းကျင်လေ့လာချက်အရ အခင်းဖြစ်ပွားသည့်နေ့ ညနေပိုင်းတွင်မှ သေဆုံးသူ မစ္စစ်ဖိုဘီဟော့(ဂ်) သည် ကလေးငယ်ကလေးကို လက်တွန်းလှည်းဖြင့်တွန်း၍ မေရီငှားရမ်းနေထိုင်သည့် နေအိမ်အတွင်း ဝင်သွားသည်ကို မြင်ရပါသည်ဟု မျက်မြင်သက်သေတစ်ဦးက သတင်းပေးခဲ့သည်။

အခြားသက်သေတစ်ဦးကလည်း ထိုညနေက မေရီအိမ်တွင်းမှ အမျိုးသမီးတစ်ဦး စူးစူးဝါးဝါးအော်ဟစ်သံ၊ အိမ်ထောင်ပစ္စည်းများ လဲကျသည့်အသံနှင့် မေရီရုတ်တရက် ထွက်လာပြီး ပြတင်းပေါက်များ၊ တံခါးများကို ပိတ်သည်ကို မြင်ရသည်ဟု တိတိကျကျ သတင်းပေးခဲ့သဖြင့် မေရီမှ ရဲနှင့် စုံထောက်တို့၏ ပစ်မှတ်ဖြစ်လာသည်။

ဤသို့အတွင်း စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံရဲတို့သည် မေရီ၏ အိမ်အတွင်း ဝင်ရောက်ရှာဖွေခဲ့ကြသည်။ သွေးစွန်းနေသော အဝတ်အစားများ၊ သွေးများစွန်းပေနေသော မီးဆွသည့် သံချောင်းကောက်ကြီးတို့ကို တွေ့ရသည်။ ရဲနှင့် စုံထောက်တို့သည် မေရီအား စုံစမ်းမေးမြန်းကြ၏။ ပထမတွင် မေရီကမူ အခင်းဖြစ်ပွားသည့်

www.burmeseclassic.com

www.burmeseclassic.com




ဟု ယူဆရသော ညဧ့ မစ္စစ်ဖိုဘီ ဟော့(ဂ်)သည် လက်တွန်းဂှ__ ကွင် သူ့ ကလေးငယ်ကို ထည့်ပြီး ဒူအိမ်ခန်းသို့ ရောက်လာခဲ့ပါကြောင်း၊ သို့သော် နာရီ ဝက်ခန့် နားနားနေနေ စကားပြောပြီး ပြန် ထွက်သွားကြောင်း၊ နှစ်ရက်ခန့်ကြာမှ မစ္စစ်ဖိုဘီဟော့(ဂ်)နှင့် ကလေးငယ်၏ အလောင်းများကိုတွေ့ရသည်ဟု သတင်း စာများတွင် ဖော်ပြသည်ကို ဖတ်ရှုရ၍ သိရှိကြောင်း ထွက်ဆိုခဲ့၏။

သို့သော် ရဲနှင့်စုံထောက်တို့က အထောက်အထားသာဓကများနှင့် ခိုင်မာ စွာ စုံစမ်းစစ်ဆေးသည့်အခါတွင်မူ မေရီ သည် မစ္စစ်ဖိုဘီဟော့(ဂ်)နှင့် ကလေးငယ် အား သတ်မိသည့်အကြောင်းကို ဖြောင့် ချက်ပေး၏။ မေရီ၏ ထွက်ဆိုချက်အရ ဖော်ပြရလျှင် သေဆုံးသူသည် လက် တွန်းလှည်းကိုတွန်း၍ အခင်းဖြစ်ပွားသည့် ညနေခင်းက ရောက်ရှိလာကြောင်း၊ ရောက်လျှင်ရောက်ချင်း သူ့ခင်ပွန်းဖြစ်သူ နှင့် မေရီတို့၏ဆက်ဆံရေးကို အကြောင်း ပြု၍ စကားများခဲ့ကြောင်း၊ သေဆုံးသူ မစ္စစ်ဖိုဘီဟော့(ဂ်)က စတင်၍ တွန်းထိုးခဲ့ သဖြင့် မေရီက ထမင်းစားပွဲပေါ်တွင် အသင့်ရှိနေသော သားလှီးဓားဖြင့် မစ္စစ် ဖိုဘီဟော့(ဂ်)၏ လည်ပင်းကို ထိုးခဲ့ ကြောင်း၊ ထို့နောက် မီးလင်းဖိုအနီးရှိ မီးဆွသော သံကောက်ဖြင့် မစ္စစ်ဖိုဘီ ဟော့(ဂ်)၏ ဦးခေါင်းကို ရိုက်ခဲ့ကြောင်း ထွက်ဆိုခဲ့ပြီး ကလေးငယ်ကိုမူ လက် တွန်းလှည်းအတွင်းအသင့်တွေ့ရသော ခေါင်းအုံးဖြင့် ဖိ၍သတ်ခဲ့သည်ဟု ထွက် ဆိုသွားခဲ့၏။ ရဲနှင့် စုံထောက်တို့သည် မေရီ၏ အမှုကို ခိုင်မာစွာတည်ဆောက်ခဲ့ ပြီး ရာဇဝတ်တရားရုံးတော်၌ တရားစွဲဆို ခဲ့၏။ သက်သေအထောက်အထားခိုင်မာ သဖြင့် ရာဇဝတ်တရားရုံးတော်က မေရီ အား သေဒဏ်ချမှတ်ခဲ့သည်။

ခရစ်နှစ် ၁၈၉၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် မေရီအလီယာပီယာ အား လန်ဒန်မြို့၊ နယူးဂိတ်အကျဉ်း ထောင်ကြီးတွင် ကြိုးဒဏ်စီရင်ခဲ့သည်။ မေရီ၏ပုံတူ ဖယောင်းရုပ်တု၊ မေရီလု သတ်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သော သားလှီးဓားနှင့် မီးဆွသည့် သံချိတ်ကြီး အား လန်ဒန်မြို့၊ စကော့တလန်ယာ စုံထောက်ဌာန 'မဟူရာပြတိုက်'တွင် ပြသထားသည်ဟု သိရှိရပါကြောင်း။

**လှမိုး(ပညာရေး)**

**ကျမ်းကိုး**

**Crimes of Passion**

**By H. Engel**

www.burmeseclassic.com

www.burmeseclassic.com


## လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

**လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။**

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် ဓားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၃၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၈၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - ၀၁/ ၀၉၃၄၈/ထလ

®

**Vital**

ဗိုက်တယ် သောက်ရေသန့်

**Purified drinking water**


20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃ ၂၅၃၂


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများအာလိုရှိသည်

## အပိုင်း (၇၂)

## တာဝန်မှူးနှင့် ကြိုးသမား

■ ဗဟိုဓော

တူးတူးတို့ရေ ...

တပ်ဖွဲ့ဝင်အရာရှိတစ်ယောက်နဲ့ 'တာဝန်မှူး' တာဝန်ဆိုတာ ဒေါ်လာပြားရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ ရှောင်လွှဲလို့မရအောင် အစဥ်အမြဲ ပူးကပ်ပါနေတဲ့ မွေးရာပါ တာဝန်တစ်ခုလို့တောင် ဆိုနိုင်ပါတယ်။ ဒါကြောင့်လည်း ထောင်မှူးဖြစ်တယ်ဆိုတာနဲ့ ဒီဗွားဘက်တော် တာဝန်မှူးဆိုတာကြီးကလည်း ထီမထင်တဲ့မျက်နှာနဲ့ တဟဲဟဲအသံပေးပြီး ရင်ပေါင်တန်း လိုက်ပါလာခဲ့တာ မဟုတ်လားဗျာ။

တကယ်တော့လည်း တာဝန်မှူးတစ်ယောက်ရဲ့တာဝန်ဆိုတာ ပေါ့သေးသေးမဟုတ်ဘူးဗျ။ သူ့မှာ တာဝန်ခံအရာရှိ (ထောင်ပိုင်ကြီး) တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ပါဝါအပြည့်အဝ ရှိတာကလား။ ဒါကလည်း ညအချိန်ကျမှ သက်ဝင်လှုပ်ရှားလာတာပါ။ နေ့ဘက်မှာတော့ ထောင်ပိုင်၊ ထောင်မှူးကြီးတွေက အချိန်ပြည့် ရုံးထိုင်နေတာဆိုတော့ ဘာအကြောင်းကိစ္စပဲပေါ်ပေါ် သူတို့ပဲ တာဝန်ယူဖြေရှင်းသွားတာလေ။ အဲ ... ညနထောင်ပိတ်သံချောင်းခေါက်ပြီးတဲ့အချိန်ကစပြီး တစ်ထောင်လုံးရဲ့ တာဝန်ဟာ တာဝန်မှူးရဲ့ခေါင်းပေါ်မှာ ပုံကျလာတော့တာပါပဲ။

ထောင်ဆိုတာကလည်း ဒုစရိုက်သားအများစုနဲ့ တည်ဆောက်ထားတာဆိုတော့ အဲဒီ မတစ်ထောင်သားတွေရဲ့ စိတ်တွေက အမျိုးမျိုး ဖောက်ပြန်သောင်းကျန်းနေတတ်တာ မဟုတ်လားဗျာ။ အထူးသဖြင့် ညဘက် သန်းခေါင်သန်းလွဲနဲ့ မိုးလင်းပိုင်းတွေမှာမှ ထဖြစ်တတ်တာများသဗျ။

အဖြစ်များတာက အကျဥ်းသားချင်း ရိုက်နှက်မှုပါပဲ။ အပြင်လောကကတင်ရှိခဲ့တဲ့ ရန်ငြိုးရန်စကြောင့်ဖြစ်ဖြစ်၊ ထောင်ထဲရောက်မှ စကားများရန်ဖြစ်ရာက လက်တုံ့ပြန်တာမျိုးဖြစ်ဖြစ် ဒီလိုရိုက်မှုတွေ ဖြစ်တတ်ကြတာဗျ။ ဒီနေရာမှာ တာဝန်မှူးအနေနဲ့ လက်ဦးမှုအမြန်ဆုံး ရယူဖို့ အရမ်းကို အရေးကြီးလာတယ်။ နည်းနည်းလေး နောက်ကျသွားတာနဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာဟာ ပြာသာဒ်မီးလောင်တဲ့အထိ ကြီးထွားသွားနိုင်တယ်နော်။

ခက်တာတစ်ခုက အကျဉ်းသား အိပ်ဆောင်ဖွဲ့စည်းတည်ဆောက်ထားပုံပါပဲ။ အင်းစိန်ဗဟိုထောင်မှာဆိုရင် နှစ်ထပ်အုတ်အိပ်ဆောင်တွေဖြစ်ပြီး အပေါ်ထပ်မှ ၄ ခန်း၊ အောက်ထပ်က ၄ ခန်းနဲ့ ဖွဲ့စည်းထားပါတယ်။ ညနေ လူစုံလို့ ထောင်ပိတ်ပြီးပြီဆိုရင် အကျဉ်းတွေဟာ သက်ဆိုင်ရာ ဝန်ထမ်းနေရာချပေးထားတဲ့ အိပ်ခန်းတွေထဲမှာ တစ်ညတာအိပ်စက်ရပါတယ်။

ပေ ၁၂၀ × ပေ ၃၀ လောက် ကျယ်ဝန်းတဲ့ အိပ်ခန်းထဲမှာ အကျဉ်းသားတစ်ရာလောက်က နံရံနှစ်ဖက်ကို ခေါင်းရင်းထားပြီး စီတန်းအိပ်ကြရတယ်။ သူတို့ရဲ့ ခြေရင်းမှာ လူသွားလမ်း ငါးပေလောက်ရှိပါတယ်။ ဒါကတော့ ညကင်းတာဝန်ကျတဲ့ အကျဉ်းသားဘာယာတွေ စောင့်ကြည့်လျှောက်လှမ်းနိုင်အောင်ပါ။ အဲဒီညဘက် သော့ခတ်ထားတဲ့ အိပ်ခန်းထဲမှာ လုံခြုံရေးအတွက် အဓိကတာဝန်ရှိသူကတော့ အခန်းလူကြီးပါပဲ။

အိပ်ခန်းထဲမှာ ပြဿနာတစ်ခုခုပေါ်ရင် သူဖြေရှင်းလို့ရရင်ရ၊ မရရင် အပြင်ဘာယာတန်းမှာရှိတဲ့ ညတာဝန်ကျဝန်ထမ်းကို လှမ်းအကြောင်းကြား။ တာဝန်ကျဝန်ထမ်းက သူဖြေရှင်းပေးနိုင်မယ့်ပုံမပေါ်ရင် အိပ်ဆောင်ညတာဝန်ခံ ဝန်ထမ်းဆီ သတင်းပို့၊ အဲဒီဝန်ထမ်းက မိန်းဂျေးလ်မှာရှိတဲ့ ညလူကြီးတာဝန်ကျ ဝန်ထမ်းဆီ ဆက်သတင်းပို့၊ ညလူကြီးက ထောင်ဘူးဝရုံးခန်းမှာရှိတဲ့ တာဝန်ကြပ်ဆီ ဖုန်းဆက်အကြောင်းကြား။ တာဝန်ကြပ်က တာဝန်မှူးဆီ ပြေးသတင်းပို့။

တာဝန်မှူးက ချက်ချင်းတစ်ထောင်လုံးကို ဖွင့်နိုင်တဲ့ သော့တွဲကြီးဆွဲပြီး အချင်းဖြစ်တဲ့နေရာကို အမြန်ဆုံးအပြေးအလွှားသွားပြီး အိပ်ခန်းရဲ့သော့ကိုဖွင့်ပြီး အရိုက်ခံရတဲ့အကျဉ်းသားရဲ့ ဒဏ်ရာအခြေအနေကို ကုသပေးစေတယ်။ ဒဏ်ရာများရင်တော့ အကျဉ်းသားကို ချက်ချင်း ထောင်ဆေးရုံအရောက်ပို့ပြီး ညတာဝန်ကျဆရာဝန်ကို အကြောင်းကြားရတယ်။

ထောင်ဆရာဝန်က အကျဉ်းသားလူနာကို စစ်ဆေးကြည့်ပြီး စိုးရိမ်စရာမရှိဘူးလို့ မှတ်ချက်ပြုရင်တော့ တာဝန်မှူးရဲ့ အလုပ်နိဂုံးတံပြီပေါ့ဗျာ။ အချင်းဖြစ်ပုံအသေးစိတ်ကို တာဝန်မှူးအစီရင်ခံစာမှာ ရေးသားပြီး မနက်ကျမှ ထောင်ပိုင်ကြီးဆီ တင်ပြလိုက်ရုံပဲပေါ့။

အဲ . . ထောင်ဆရာဝန်က အကျဉ်းသားလူနာရဲ့ ဒဏ်ရာပြင်းထန်လို့ အပြင်ဆေးရုံထုတ်မှ ဖြစ်မယ်လို့ ဆိုလာရင်ကော့ ဘုံဆိုင်းမနေတော့ဘဲ ထောင်မှူးကြီးအိမ်ဆီ ကိုယ်တိုင်သွားပြီး အကျိုးအကြောင်းသတင်းသာပို့ပေတော့။

ထောင်မှူးကြီးက လူနာကိုလိုက်ကြည့်ပြီး အပြင်ဆေးရုံပို့ဖို့ အမိန့်ပေးရင်တော့ ညတာဝန်ကျဆေးမှူး၊ ယာဉ်မောင်း၊ တာဝန်ကြပ်၊ တာဝန်ကျတပ်သားတွေနဲ့အတူ လူနာကို ဆေးရုံအမြန်ဆုံးပို့နိုင်ဖို့ စီစဉ်ပေးရတယ်။ အရေးကြီးတာဝန်တစ်ခုက မြို့နယ်ရဲတပ်ဖွဲ့က လမ်းခရီးအတွက် လုံခြုံရေးတောင်းထားဖို့ပဲ။ အားလုံးပြည့်စုံရင်တော့ လူနာကို ဆေးရုံအမြန်ပို့ပေတော့။

နောက်တစ်ခု ဖြစ်လေ့ဖြစ်ထရှိတာက မွေးလူနာကိစ္စပါပဲ။ တချို့ အကျဉ်းသူတွေ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ထောင်ကျလာတာဗျ။ ထောင်ဆရာဝန်က တစ်ပတ်တစ်ခါ အမျိုးသမီးထောင်ကျဆောင်ထဲ ဝင်ပြီး စစ်ဆေးပေးပါရဲ့။ အတွေ့အကြုံရှိတဲ့ လုပ်သက်ရင့်ဝန်ထမ်းအမျိုးသမီးကြီးတွေကလည်း သေချာဂရုတစိုက်ကြည့်ရှုပေးပါရဲ့။ အပြင်က အိုကျီလောက်တော့ ကျွမ်းကျွမ်းကျင်ကျင်မဟုတ်ဘူးပေါ့လေ။

တာဝန်မှူးကျပြီဆိုရင် အဲဒီ မဗိုက်တွေကတစ်မျောက်ဗျ။ အံ့သြစရာကောင်းတာက သူတို့ ဗိုက်နာလိုက်မှဖြင့် မနက် ၄ နာရီကျော် အရုဏ်တက်နား ကပ်နေတဲ့ အချိန် ... ... ဆေးမှူးခေါ်၊ ဆရာဝန်ခေါ်နဲ့ စမ်းသပ်လိုက်ကြတာ မနက်ရောင်နီပေါ်ပါလေရော။ အပြင်ဆေးရုံပို့မှဖြစ်မယ်ဆိုလို့ ထောင်မှူးကြီးသတင်းပို့ ကားစီစဉ်နဲ့ မဗိုက်ကို ဆေးရုံပို့လိုက်ပြီးတာနဲ့ မိုးစင်စင်လင်းပါတော့တယ်။

ဒီလိုနဲ့ တာဝန်မှူးခမျာ ညဦးပိုင်း အိပ်ဆောင်နဲ့ အုတ်ရိုးပတ်စစ်ဆေး၊ သန်းခေါင်ကျော်တော့ ရိုက်နှက်မှုကိစ္စဖြေရှင်း၊ မနက်အရုဏ်တက်တော့ မွေးလူနာကို အချိန်မီ ဆေးရုံပို့ရနဲ့ တစ်ညလုံးနေလို့ တစ်ရေးမှ မမှေးလိုက်ရတာမျိုးတောင် ရှိသမျှ။ အဲဒါကြောင့် တချို့ထောင်မှူးတွေက တာဝန်မှူးကျမှာ ကြောက်တတ်တာမျိုးရှိသလို၊ တချို့ကျတော့လည်း တာဝန်မှူးကျတာကို ဘာမှမဖြစ်သလို ထမင်းစားရေသောက် အေးအေးဆေးဆေးပါပဲ။ ဒါကလည်း ပထမတာဝန်မှူးအတွေ့အကြုံနဲ့ သက်ဆိုင်သလို သူ့ကံကြမ္မာနဲ့လည်း ဆက်နွယ်နေတာမျိုးဗျ။

ကိုယ်တို့ ထောင်မှူး(၆၆)ယောက် သင်တန်းဆင်းတော့ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ (၁၈)ယောက် တာဝန်စကျခဲ့တာနော်။ တူးတူးတွေချည်းပဲဆိုပါတော့။ ထောင်မှူးပေါက်စတွေဆိုတော့ အလုပ်ဝင်ဝင်ချင်းတော့ တာဝန်မှူးမချသေးဘူးဗျ။ ထောင်အတွေ့အကြုံရအောင် တစ်လကိုးသီတင်းတော့ လွှတ်ထားသေးတာပေါ့။ နောက်မှ ကိုယ်ပိုင်နံပါတ်စဉ်အတိုင်း စမ်းသပ်တာဝန်မှူးချခဲ့တာလေ။ အရင်က စီနီယာထောင်မှူးလေးငါးယောက် တစ်လှည့်စီဝင်နေရတဲ့ တာဝန်မှူးတာဝန်တာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့ တူးတူးထောင်မှူး (၁၈)ယောက် ဝင်လာတဲ့အချိန်ကစပြီး တစ်လကို တစ်ခါ နှစ်ခါလောက်ပဲ ကျတော့တာနော်။

ကိုယ်တို့အဖွဲ့တွေ တာဝန်မှူးစကျ တုန်းက ထုံးစံအတိုင်း အလွဲလွဲအချော် ချော် ဖြစ်ခဲ့ကြသေးတာပေါ့။ နောက်တော့ လည်း မှဆိုးစိုင်သင်သလို ထောင်မှူးကို အကျဉ်းသားသင်တာနဲ့ပဲ တော်တော် လေး အတွေ့အကြုံရင့်ကျက်လာကြတာ ပေါ့ဗျာ။ ကိုယ့်အဖို့မှာတော့ အကျဉ်းသား တင်မကဘူး၊ ပင်စင်နားနီးနေတဲ့ ထောင် သမ္ဘာရင့်အခြားအဆင့် ဝန်ထမ်းကြီးတွေ ရဲ့ အနီးကပ်သင်တန်းတွေလည်း ပါတာ ပေါ့ဗျာ။ ဘာပဲပြောပြော သူတို့တွေ ပို့ချ တဲ့ လက်ချာတွေကြောင့်ပဲ ထောင် အတွေ့အကြုံကို အချိန်တိုအတွင်း ရင့် ကျက်လာစေတာတော့ အမှန်ပါပဲ။ ဒါ ကြောင့်လည်း အဲဒီ လက်ဦးဆရာတွေရဲ့ ကျေးဇူးတွေကို ယနေ့ထက်တိုင်အောင် မမေ့ရက်နိုင် ဖြစ်နေရတာပါပဲဗျာ။

ကိုယ်တို့ တူးတူးထောင်မှူးတွေက တော့ တာဝန်မှူးကျတဲ့နေ့ဆိုရင် သူ့ရဲ့ မူလအလုပ်ခွင်မှာ သိပ်မနေတတ်ကြဘူး။ တစ်နေကုန်အောင် ရောင်းလှည့်နေကြ တာကလား။ နံနက်ပိုင်းဆို ထောင်ပြင်မှာ ရှိတဲ့ တောင်ယာဘုတ်တွေ၊ ရေထမ်း ဘုတ်တွေ စသဖြင့် အပြင်ဘုတ်မှန်သမျှ တစ်ဘုတ်မှမကျန်အောင် လှည့်လည်စစ် ဆေးကြတာဗျ။ အပြင်ဘုတ်ပြီးရင် အပြင် အုတ်ရိုးပတ်ပြီး ဘူးမျှော်စင်တွေပေါ်က တာဝန်ကျဝန်ထမ်းတွေ စုံမစုံ၊ နိုးကြားမှု ရှိမရှိ စစ်ဆေးတတ်သေးတယ်။ အဲဒါတွေ ပြီးမှ ထောင်ထဲပြန်ဝင်ပြီး၊ အတွင်းတောင် ယာဘုတ်တွေ၊ ရေထမ်းဘုတ်တွေ စသ ဖြင့် အပြင်ဘုတ်မှန်သမျှ တစ်ဘုတ်မှ မကျန်အောင် လှည့်လည်စစ်ဆေးကြတာ ဗျ။ အပြင်ဘုတ်ပြီးရင် အပြင်အုတ်ရိုးပတ် ပြီး ဘူးမျှော်စင်တွေပေါ်က တာဝန်ကျ ဝန်ထမ်းတွေ စုံမစုံ၊ နိုးကြားမှုရှိမရှိ စစ် ဆေးတတ်သေးတယ်။ အဲဒါတွေပြီးမှ ထောင်ထဲပြန်ဝင်ပြီး အတွင်းတောင်ယာ ဘုတ်တွေ၊ အလုပ်ဘက်အိပ်ဆောင်တွေ၊ တိုက်နဲ့ထောင်ဆေးရုံတွေ စုံအောင်လှည့် စစ်ရသေးတယ်လေ။ အဲ . . . မနက် ၁၀ နာရီခွဲရင် ဖိုစိုင်းကြီးထဲဝင်ပြီး ထမင်းနပ် မနပ်၊ ပဲဟင်းတွေ နူးမနူး၊ ငါးပိဖုတ်မှာ ဆီပါမပါ၊ ဖိုလုပ်သားတွေ သန့်ရှင်းမှု ရှိ မရှိ စတာတွေကို စစ်ဆေးပြီး မှတ်သား ထားရတယ်။ ဒါတွေအားလုံး တာဝန်မှူး အစီရင်ခံစာထဲ ထည့်ရေးတင်ပြရမှာ ကိုးဗျ။

နေ့လယ် ၁၂ နာရီ ထမင်းစားပြန် ပြီး နေ့ခင်း ၂ နာရီ ပြန်ဝင်ပြီး ကိုယ့်မူလ အလုပ်တွေကို အကြွေးမကျန်ရစ်အောင် ရှင်းရတယ်။ အလုပ်လုပ်ရင်း နားက လည်းစွင့်ထားရသေးတယ်၊ အပြင်ဘုတ်၊ အတွင်းဘုတ် ဘယ်ဘုတ်တွေက အကျဉ်း သား ပြေးတာလွှားတာရှိလဲပေါ့။ ကိုယ် စစ်ဆေးခဲ့ပြီးသားဘုတ်က ပြေးရင် သိပ် အကြောင်းမဟုတ်သေးဘူး။ ကိုယ်မစစ် ဆေးခဲ့မိတဲ့ဘုတ်က ပြေးရင်တော့ ပြဿ နာဟာ ကိုယ့်ဘက်လှည့်လာပါလိမ့်မယ်။

ညနေ ထောင်ပိတ်ပြီးတယ်ဆိုရင် ပဲ တစ်ထောင်လုံးရဲ့ တာဝန်ဟာ တာဝန် မှူးခေါင်းပေါ် ကျရောက်လာပါလေရဲ့။ ညပိုင်းမှာလည်း ထုံးစံအတိုင်း အတွင်း ထောင်ပတ်လမ်းအတိုင်း အုတ်ရိုးပတ်ရင်း ဘူးမျှော်စင်တွေပေါ်က ညကင်းသမား တွေ နိုးကြားမှုရှိမရှိ စစ်ဆေးရပြန်ပါ တယ်။ ပြီးတော့မှ အိပ်ဆောင်တွေ၊ တိုက် ခန်းနဲ့ ထောင်ဆေးရုံတွေဘက် လှည့်စစ် ရတယ်။ အားလုံးနှံ့အောင် စစ်ဆေးထားမှ လည်း ကိုယ့်ဘက်က တာဝန်ကျေပွန်မှာ ပေါ့ဗျာ။

အဲလို ညဦးပိုင်းရောင်းလှည့်ပြီး ရင်တော့ ကံကောင်းရင် တစ်ညလုံး ဘာ ပြဿနာမှ မပေါ်ဘဲ တာဝန်မှူးအိပ်ရေး ဝဝအိပ်ရပြီပေါ့။ အဲ . . . ကံခေလို့ကတော့ စောစောက တင်ပြခဲ့သလို အကျဉ်းသား ချင်း ရိုက်တာတို့၊ အရေးပေါ်မွေးလူနာ အပြင်ဆေးရုံထုတ်ရတာနဲ့ ကြုံရပြီး တစ် ရေးမှမရဘဲ မိုးစင်စင်လင်းသွားတတ်တာ မဟုတ်လား။

ဒါတွေကတော့ တာဝန်မှူးတစ် ယောက် တာဝန်ကျတဲ့ ၂၄ နာရီအတွင်း ကြုံတွေ့ရလေ့ရှိတဲ့ အကြောင်းကိစ္စတချို့ ပါပဲ။

ကိုယ်တို့ အင်းစိန်ဗဟိုအကျဉ်း ထောင်ကြီးမှာ ဘယ်သူ့လက်ထက်က စတင်ခဲ့မှန်းမသိတဲ့ အစွဲအလမ်းတစ်ခု ရှိခဲ့တယ်ဗျ။ အဲဒါကတော့ လတစ်လရဲ့ ၄ ဂဏန်းကျတဲ့ရက်တွေ တာဝန်မှူးကျခဲ့ ရင် တခြားသာမန်ရက်တွေနဲ့မတူအောင် ထူးထူးခြားခြား ပြဿနာတွေနဲ့ နပန်းလုံး ရတတ်သတဲ့ဗျ။

၄ ဂဏန်းကျတဲ့ရက်ဆိုတာက ၄၊ ၁၃၊ ၂၂၊ ၃၁ စတဲ့ ရက်တွေဆိုလိုတာပါ။ ဒါဘာဖြစ်လို့လဲဆိုတော့ အင်းစိန်ဆိုတာ ကိုက ၄ ဂဏန်းကျနေလို့ပဲတဲ့။ ကြည့် လေ။ အင်း=၁၊ စိန်=၃ ဖြစ်ပြီး အဲဒီ ၁ နဲ့ ၃ ကို ပေါင်းရင် ၄ ဂဏန်းရနေတယ် မဟုတ်လားဗျာ။

တချို့ ရှေးမီနောက်မီ လုပ်သက် ရင့် ဝန်ထမ်းကြီးတွေ ပြောတာကျတော့ ၄ ဂဏန်းရဲ့ နှစ်ဆဖြစ်တဲ့ ၈ ဂဏန်းကျတဲ့ ရက်မှာ တာဝန်မှူးကျရင်ဖြင့် အလွန် ဘင်မတန်မှ ထူးခြားတဲ့ ဖြစ်ရပ်မျိုးတွေနဲ့ ကြုံတွေ့ရတတ်သတဲ့ဗျ။

ဒီအယူအဆတွေဟာ တခြားထောင် မှူးတွေအတွက် ဘယ်လောက်မှန်ကန် တယ် မသိပေမဲ့ ကိုယ့်အတွက်မှာတော့ မယုံကြည်နိုင်လောက်အောင် သွေးထွက် အောင်ကို ကွက်တိ၊ ဒက်ထိ မှန်နေခဲ့တာ ကလားဗျာ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က ၂၆-၆-၇၆ ပဲဗျ။ ၂၆ ရက်ဆိုတော့ ပေါင်းလိုက်ရင် ၈ ဂဏန်း ကျနေတယ်မဟုတ်လား။

တူးတူးတို့ မှတ်မိကြမလားတော့ မသိဘူး။ အထူးသဖြင့် အဲဒီအချိန်က အင်းစိန်ဗဟိုထောင်မှာ တာဝန်ကျခဲ့တဲ့ တူးတူးထောင်မှူးတွေဆို ကောင်းကောင်း မှတ်မိကြမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့က ဆလိုင်းတင်မောင်ဦးခေါ် ပြည်ပြေးကျောင်းသား တင်မောင်ဦးကို ကြိုးစင်တင် ကွပ်မျက်ခဲ့တဲ့နေ့မို့လို့ပဲ။

ကျောင်းသားတင်မောင်ဦးနဲ့ ပတ်သက်ပြီး တခြားအကြောင်းအရာတွေကို မသိပေမဲ့လည်း ကိုယ်သေချာမှတ်မိတာ တစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ကျောင်းသားတင်မောင်ဦးက မဟာဗန္ဓုလပန်းခြံရှေ့မှာ အဲဒီအချိန်က နိုင်ငံတော်သမ္မတဦးနေဝင်းနာမည်ရေးထားတဲ့ လူသေခေါင်းကို မီးရှို့ခဲ့တဲ့သတင်းပါပဲ။ အဲဒါအပြင် တင်မောင်ဦး ဘယ်လိုနိုင်ငံရေးတွေလုပ်ခဲ့ပြီး၊ ဘယ်တုန်းက အဖမ်းခံရလို့၊ သေဒဏ်ကျရတယ်ဆိုတာတွေကိုတော့ ကိုယ်ဘာမှ သိမထားခဲ့ဘူးဗျ။

အမှန်တော့ ကိုယ်တာဝန်မှူးကျတာက ၂၅-၆-၇၆ ရက်နေ့။ ၂၅ ရက်နေ့ မနက်ကျစပြီး ထောင်တွင်းထောင်ပြင်က အလုပ်ဘုတ်တွေနဲ့ အိပ်ဆောင်၊ တိုက်၊ ဆေးရုံနဲ့ စားဖို စတာတွေကို လှည့်လည်စစ်ဆေးခဲ့ပြီး နေ့လယ် ၁၂ နာရီ ထမင်းစားပြန်ခဲ့တယ်။

အဲဒီတုန်းက ကိုယ်တို့လူပျိုထောင်မှူးတွေဟာ အမှတ်(၈) ဘူးမျှော်စင်အနီးမှာရှိတဲ့ 'ဘူးသစ်'မှာ နေထိုင်ကြရတယ်။ ဘူးသစ်က သုံးထပ်အဆောက်အဦဖြစ်ပြီး အပေါ်ဆုံးထပ်မှာ ကင်းအဖွဲ့၊ အလယ်ထပ်မှာ ကိုယ်တို့လူပျိုထောင်မှူးတွေကို နေရာချထားပေးတယ်။ အောက်ဆုံးထပ်မှာတော့ ကျပ်လုံးလောက် သံတိုင်တွေ လုံလုံခြုံခြုံ ကာရံထားတဲ့ ဆယ်ပေပတ်လည် တိုက်ခန်းတစ်ခန်း ရှိသေးတယ်။ ဒါကိုတော့ လိုအပ်တဲ့အခါ အသုံးပြုဖို့ အရန်ထားတယ်ထင်ပါရဲ့။

ကိုယ်တူးသစ်လှေကားကနေ အပေါ်ထပ်တက်ဖို့ ခြေအလှမ်းလိုက်မှာ အောက်ဆုံးထပ်တိုက်ခန်းအပြင်ဘက်မှာ လူရိပ်လိုမြင်မိလို့ ငုံ့ကြည့်လိုက်တော့ တပ်ကြပ်ကြီး စိန်မှတ်ကို ခုံတစ်လုံးနဲ့ ထိုင်နေတာတွေ့လိုက်ရတယ်။ တိုက်ခန်းထဲမှာလည်း လူရိပ်လိုလို မြင်ရတာကြောင့် ကိုယ် အောက်ပြန်ဆင်းပြီး တပ်ကြပ်ကြီးစိန်မှတ်ကို လှမ်းခေါ်လိုက်မိတယ်။

"ခင်ဗျား ဒီမှာဘာလုပ်နေတာလဲ"

ကိုယ်က အနားရောက်လာတဲ့ တပ်ကြပ်ကြီးကို မေးလိုက်တယ်။

"ဟို ... အမှုစစ်မယ့် အကျဉ်းသားကို စောင့်နေတာပါ"

သူက ပုံမှန်လေသံနဲ့ ဖြေတယ်။

"ဟုတ်လား၊ အဲဒါဘယ်သူလဲ"

ကိုယ်က တိုက်ခန်းဘက်လှမ်းကြည့်ရင်း မေးတယ်။ တပ်ကြပ်ကြီးက ပထမတော့ တစ်ခုခုပြောမလို ပါးစပ်ဟပြီးမှ ကိုယ့်လက်ဝဲဘက်လက်မောင်းမှာ ပတ်ထားတဲ့ တာဝန်မှူးလက်ပတ်ကို သတိပြုမိသွားဟန်နဲ့ ...

"ဟို ... ကျောင်းသားတင်မောင်ဦးတဲ့ဆရာ"

သူ့အဖြေက ကိုယ့်ကို သေဒဏ်ချမှတ်ခံထားရတဲ့ ကျောင်းသားတင်မောင်ဦးကို အမှတ်ရသွားစေတယ်။

"ဒါဆို သူ့ကို ကြိုးပေးတော့မှာလားဗျ"

တပ်ကြပ်ကြီး ခေါင်းတစ်ချက်ကုတ်လိုက်ပြီးမှ -

"အဲ ... အဲဒါတော့ ကျွန်တော်လည်းမသိဘူးဆရာ။ ထောင်ပိုင်လေးက တာဝန်ပေးတာနဲ့ လာစောင့်နေရတာပါ"

ကိုယ်က ဆတ်ခနဲ ခေါင်းညိတ်လိုက်မိတယ်။ အခြေအနေကို နားလည်လိုက်တယ်။ တပ်ကြပ်ကြီးတစ်ယောက်အနေနဲ့ ဒါ့ထက်ပို၍ ပြောပိုင်ခွင့်ရှိလိမ့်မှာ မဟုတ်ဘူးလေ။

ကိုယ်အမြန်ဆုံး ရေချိုး ထမင်းစားပြီး ထောင်ထဲပြန်ဝင်လာခဲ့တယ်။ အလုပ်ဘက်ကို တန်းသွား၊ ရက်ကန်းလုပ်ငန်းဌာနမန်နေဂျာရုံးခန်းထဲကို တိုက်ရိုက်ဝင်သွားလိုက်တယ်။

"ဟင် ... ဟို"

မန်နေဂျာ ဦးကံကောင်းက နေရာက ရုတ်တရက် ထရပ်ပြီး တစ်စုံတစ်ခု ပြောမလိုလုပ်ပြီးမှ ကိုယ့်လက်မောင်းပေါ်က တာဝန်မှူးလက်ပတ်ကို မြင်သွားလို့ ကြောင်အမ်းအမ်းဖြစ်သွားတာ တွေ့လိုက်ရတယ်။ ကိုယ်က ရုံးခန်းအလယ် မျက်နှာကြက်ပေါ်က တွဲလောင်းကျနေတဲ့ မနီလာကြိုးရှည်နှစ်ချောင်းနဲ့ အဲဒီကြိုးတွေကို တင်းဆန့်သွားအောင် အောက်ခြေမှာ ဆန်အိတ်နှစ်အိတ်စီနဲ့ ချည်နှောင်ဆွဲချထားတာကို လှမ်းကြည့်နေလိုက်တယ်။ ပြီးမှ မန်နေဂျာကြီးကို ပြုံးပြနှုတ်ဆက်ပြီး ကိုယ်တာဝန်ကျရာ ထောင်ဆေးရုံဆီကို ပြန်လျှောက်လာခဲ့တယ်။

စောစောက ဘူးသစ်အောက်ထပ်မှာရောက်နေတဲ့ ကျောင်းသားတင်မောင်ဦးနဲ့ အလုပ်ဘက်မှာ မနီလာကြိုးနှစ်ချောင်းကို ဆန်အိတ်အလေးချိန်နဲ့ ဆွဲဆန့်ထားတာတွေကို ဆက်စပ်တွေးလိုက်တော့ မနက်ဖြန်မနက်မှာ တင်မောင်ဦးကို ကြိုးပေးတော့မယ်လို့ အဖြေထွက်လာပါတော့တယ်။

စိတ်ထဲမှာတော့ ထောင်မှူးကြီးနဲ့ ထောင်ပိုင်လေးတို့အပေါ် မကျေမနပ်ဖြစ်မိတယ်။ ကြည့်လေ။ တာဝန်မှူးတစ်ယောက်လုံး ဖြစ်နေတဲ့ ကိုယ့်ကို ဒီလောက်အရေးကြီးတဲ့ကိစ္စကို အသိမပေး

www.burmeseclassic.com

www.burmeseclassic.com

သေ့ ချို့ဝှက်ထားရကောင်းလားလို့ပေါ့လေ။

ကိုယ်ထောင်ဆောင်ရဲ့ ရုံးခန်းထဲ ထိုင်ပြီး တစ်ညနေလုံး အလုပ်လုပ်နေလိုက်တယ်။ မျက်စိနဲ့နားကိုတော့ ဖွင့်ထား၊ စွင့်ထားလျက်သားနဲ့ပေါ့လေ။ မနက်ဖြန်ကိစ္စနဲ့ပတ်သက်ပြီး ဘာသတင်းထူးများရောက်လာမလဲပေါ့။ ဒါပေမဲ့ ညနေထောင်ပိတ်ပြီးတဲ့အထိ ဘာအကြောင်းမှ ထူးမလာသေးဘူး။

ကိုယ်ညစာစားဖို့ ဘူးသစ်ခဏပြန်တဲ့အချိန်မှာလည်း တင်မောင်ဦး အောက်ဆုံးတိုက်ခန်းကထဲ ရှိနေတုန်းပဲ၊ တပ်ကြပ်ကြီးစိန်မှတ်ကလည်း စောင့်မြဲစောင့်နေတယ်။

ကိုယ် ည ၇ နာရီ တံခါးကြီးထဲ ထိုင်မိတဲ့အထိ အခြေအနေက ဘာထူးခြားမှုမှ မတွေ့ရသေးဘူး။ ဘူးဝရုံးခန်းထဲမှာတော့ ထောင်ပိုင်လေးဆရာဦးကြည်နဲ့ ထောင်မှူးဆရာဦးယဉ်မောင်တို့နှစ်ဦးရှိနေတာ လှမ်းမြင်နေရတယ်။ ထောင်ပိုင်ကြီး ဦးဘီမဂ္ဂနန်းက သရက်အကျဉ်းထောင်မှာ ဆုပူမှုဖြစ်လို့ သင်တန်းကျောင်းက တပ်ကြပ်တင်မြဦးစီးတဲ့ တပ်ခွဲဝင်တွေ သွားရောက်ထိန်းသိမ်းနေရလို့ ထောင်မှာရှိမနေခဲ့ဘူး။

ည ၈ နာရီခွဲလောက်မှာတော့ အဲဒီအချိန်က အကျဉ်းထောင်လုံခြုံရေးတာဝန်ယူထားတဲ့ ထောက်လှမ်းရေးတပ်ခွဲက ဗိုလ်ကြီးဇော်မင်း၊ တပ်ကြပ်ကြီး အောင်သန်းတို့အဖွဲ့ ထောင်ထဲကထွက်လာပြီး ထောင်ပိုင်လေးရုံးခန်းထဲ ဝင်သွားကြတာ တွေ့ရတယ်။ ခဏကြာတော့ သူတို့ ရုံးခန်းက ပြန်ထွက်လာပြီး သူတို့နဲ့အတူ ထောင်ပိုင်လေးဦးကြည်ပါလာတာ တွေ့ရတယ်။

ဆရာဦးကြည်က ကိုယ့်ကိုလှမ်းကြည့်ပြီး -

"တာဝန်မှူး၊ လိုက်သွား"တဲ့။

ကိုယ်က ဆရာဦးကြည်ပြောလို့သာ ထလိုက်သွားရတယ်၊ ဘယ်သွားလို့ ဘယ်လိုက်ရမှန်း သိတာမဟုတ်သေးဘူး။ ဗိုလ်ကြီးဇော်မင်းတို့အဖွဲ့ ထောင်တံခါးက ထွက်ပြီး ဘယ်ဘက်လမ်းအတိုင်း ဦးဆောင်လျှောက်သွားကြတယ်။ ကိုယ်က အသာကပ်လိုက်သွားရင်း တွေးကြည့်မိတယ်၊ သူတို့လျှောက်နေတာက ကိုယ်တို့လူပျိုဆောင်ဘူးတစ်ဖက်ကိုပဲဗျ၊ အင်း .. ဒါဆို ကျွန်တော့ ကျွန်ပဲ။

ကိုယ့်အတွေးမဆုံးခင်မှာပဲ ဘူးသစ်အဆောက်အဦရှေ့ ရောက်လာပြီး သူတို့ အောက်ဆုံးထပ်က တိုက်ခန်းဘက်ဝင်သွားကြတယ်။ တပ်ကြပ်ကြီးစိန်မှတ်က နေရာက ဆတ်ခနဲထရပ်ပြီး ဗိုလ်ကြီးဇော်မင်းကို အလေးပြုလိုက်တာ တွေ့ရတယ်။

"တင်မောင်ဦး"

ဗိုလ်ကြီးဇော်မင်းက တိုက်ခန်းအဝင် သံတံခါးပေါက်နားကပ်ပြီး အထဲကို လှမ်းခေါ်လိုက်တယ်၊ ကိုယ်သူတို့နောက်ကနေ တိုက်ခန်းထဲကကြည့်လိုက်တယ်။ ပုံစံဝတ်စုံ ဝတ်ထားတဲ့ အသားဖြူဖြူ လူငယ်တစ်ယောက် နံရံမှာ ကပ်ထိုင်နေတာ တွေ့ရတယ်။

သူ့နာမည်ခေါ်လိုက်သံကြောင့် သူအပေါက်ဝသံတံခါးဘက် လှမ်းကြည့်တယ်။ ပြီးမှ အသာအယာ မတ်တတ်ထရပ်လိုက်ပြီး ကိုယ်တို့ဘက် စူးစိုက်ကြည့်ရင်း လျှောက်လာတယ်၊ အဲဒီတော့မှ တင်မောင်ဦးကို မီးရောင်အောက်မှာ သေချာအကဲခတ်ခွင့်ရလိုက်တယ်။

သူက တကယ့် လူချောလူခန့်တစ်ယောက်ပေပဲ။ ပြောရရင် ဝင်းဦးနဲ့ လင်းထင် ပေါင်းစပ်ထားလေသလားလို့တောင် ထင်ရတယ်၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ကလည်း ပီဘိအားကစားသမားကြီးတစ်ယောက်လို ယောက်ျားပီသလှလေရဲ့။ သူ့အကြောင်းကောင်းကောင်း မသိသေးတဲ့ကိုယ်ဟာ သူ့အသားအရေနဲ့ ဥပဓိရုပ်ကိုကြည့်ပြီး ရှမ်းသွေးပါမယ့်လူလို့တောင် ထင်ခဲ့မိသေးသဗျ။

သူအပေါက်ဝ သံတံခါးနောက်မှာ ရပ်ပြီး ကိုယ်တို့အဖွဲ့ကို စူးစူးစမ်းစမ်းကြည့်လိုက်တော့ ဗိုလ်ကြီးဇော်မင်းက -

"ခင်ဗျား နိုင်ငံရေးနဲ့ပတ်သက်ပြီး ပြောစရာရှိတယ်ဆို၊ အဲဒါ ဘာလဲဗျ"

တင်မောင်ဦးရဲ့ မျက်လုံးတွေ လင်းခနဲလက်သွားပြီး မျက်နှာပေါ်မှာ မချိတရိလိုလို၊ မထေမဲ့မြင်လိုလိုအရေးအကြောင်းတွေ ဖြတ်သန်းသွားပြီးမှ -

"နိုင်ငံရေးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် နေဝင်းဆိုတဲ့ကောင်က ဘိန်းစားချင်းအတူတူ တစ်လုံးပိုရှူချင်နေတာဗျ၊ ဒီမှာ ... တင်မောင်ဦးက ဗုံးတစ်လုံးမဖောက်ဖူးဘူး၊ လူတစ်ယောက်မသတ်ဖူးဘူး ...သိလား။ ဒီမှာ ခင်ဗျားတို့ တင်မောင်ဦးကို ဘယ်တော့မှသတ်လို့မရဘူး။ တင်မောင်ဦးဟာ ဘယ်တော့မှ မသေဘူး၊ ဒါဆိုက်ကိုမဟုတ်ဘူးနော်"

လူကသာ ယောက်ျားပီသတာ မဟုတ်ဘူး၊ အသံသြဇာကလည်း အလွန်ခက်ထန်မာကျောလှသဗျ၊ သူက အဲဒီလိုပြောရင်းက ကိုယ်တို့ဆီကို လက်ညှိုးငေါက်ငေါက်ငေါ့ရမ်းထိုးလိုက်ပြီး -

"ဟောဒီမှာရပ်နေတဲ့ လူတွေအားလုံး ခင်ဗျားတို့တစ်တွေဟာလည်း တစ်နေ့တော့ သေကြရမယ့်သတ္တဝါတွေပဲ"

သူ့စကားအဆုံးမှာ ဗိုလ်ကြီးဇော်ဝင်းက -

"ဒါပဲလား"

တင်မောင်ဦးက -

"ဒါပဲ"

ခပ်ဆတ်ဆတ်ပြန်ဖြေတယ်။ ဗိုလ်ကြီးဇော်မင်းက ချာခနဲလှည့်ပြန်လာတယ်၊ ကိုယ်လည်းပြန်လိုက်လာရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ထောင်ဘူးဝရုံးခန်းရောက်တော့ သူတို့ ထောင်ပိုင်လေးဆီ ဝင်သတင်းပို့တာတွေ့ရတယ်။ ကိုယ်က တံခါးကြီးထဲကိုင်ပြီး စောစောက တင်မောင်ဦးပြောခဲ့တဲ့စကား အဓိပ္ပာယ်တွေကို တွေးနေမိတယ်။

ည ၁၀ နာရီကျော်ကျော်လောက် တပ်ကြပ်စောမြစိန် အနက်ရောင်စာအုပ်ထူထူကြီး ပိုက်ပြီး ထောင်ပိုင်လေးရုံးခန်းထဲ ဝင်သွားတာတွေ့ရတယ်။ ခဏအကြာမှာ ပြန်ထွက်လာပြီး ထောင်ပိုင်လေး ဆရာဦးကြည်ပါလာတာ မြင်ရတယ်။

ဆရာဦးကြည်က ပြောပြန်တယ်။

"တာဝန်မှူး လိုက်သွား"တဲ့။

ကိုယ်လည်း ဘာကိစ္စမှန်းမသိဘဲ ထုံးစံအတိုင်း နောက်မှလိုက်သွားရပြန်ပါတယ်။ ဦးစောမြစိန်ရဲ့ ဦးတည်ရာအရပ်မှာကလည်း စောစောက ၄ ဘူးသစ်ဘက်သို့ပင် ဖြစ်နေပြန်ပါတယ်။

"ဒါနဲ့ ... အခုဘယ်သွားမလို့လဲ ဦးစောမြစိန်"

ဒီတစ်ခါတော့ ကိုယ်က နှုတ်ဆိတ်မနေနိုင်တော့ဘဲ မေးလိုက်မိတယ်။

"တင်မောင်ဦးက ကျွန်တော်တို့လို ခရစ်ယာန်ဘာသာဝင်ပဲလေဆရာ။ အဲဒါ သူမသေခင် သရဏဂုံသွားတင်ပေးမလို့ပါ"

"ဟုတ်လား ..."

ကိုယ် ဒါပဲပြောလိုက်နိုင်ပါတယ်။ တင်မောင်ဦး ခရစ်ယာန်ဖြစ်နေတာကို ခုမှ သိရလို့ပါပဲ။ ပြီးတော့ ခရစ်ယာန်လို သရဏဂုံတင်တာကိုလည်း အခုမှ တစ်ခါကြုံဖူးလို့ ဖြစ်ပါတယ်။

"တင်မောင်ဦး ... ဘိုင်ဘာလ်ဖတ်မယ်"

ဦးစောမြစိန်က အဝင်ဝသံတံခါးရှေ့က ခုံတစ်လုံးပေါ် အနက်ရောင်စာအုပ်ထူကြီးကို တင်ရင်း လှမ်းပြောလိုက်တယ်။ တုံးလုံးလှဲနေတဲ့ တင်မောင်ဦးက ခေါင်းထောင်ကြည့်တယ်။ ပြီးမှ အသာအယာထလာပြီး ဦးစောမြစိန်ရဲ့ ရှေ့တည့်တည့်မှာ ဒူးတုပ်ထိုင်ပြီး လက်ချောင်းတွေကို ပတ္တာဆက်လို့ ကန်တော့ဟန် ပုံသဏ္ဌာန်နဲ့ ရင်ဘတ်ပေါ်ဖိကပ်ပြီး မျက်လုံးစုံမှိတ်ထားလိုက်တာ တွေ့ရတယ်။

ပြောရရင် ကိုယ်တော်တော့်ကို အံ့သြသွားမိတယ်။ စောစောလေးကပဲ လက်ညှိုးငေါက်ငေါက်ထိုးပြီး ကိုယ်တို့ကို ခြိမ်းခြောက်ခဲ့တဲ့ တင်မောင်ဦးတစ်ယောက် ချက်ချင်းလက်ငင်း ဘာလို့များ နူးညံ့သိမ်မွေ့သွားရပါသလဲ။ ကြည့်ရတာ မြင့်မြတ်သော ထာဝရဘုရားသခင်ရဲ့ မေတ္တာဓာတ်က လွှမ်းမိုးရစ်ပတ်သွားလို့ ဖြစ်ပေမယ်။

ဦးစောမြစိန်က စာအုပ်တစ်နေရာကို လှန်လိုက်ပြီး -

"ထာဝရဘုရားသခင်သည်, ငါ၏ သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ၊ စိမ်းလန်းသော ကျက်စားရာ အရပ်၌ ငါ့ကို အိပ်စေတော်မူ၏။ သာယာသော ငါ့ဝိညာဉ်ကို အားဖြည့်၍ နာမတော်အဖို့ အလို့ငှာ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။ အကယ်၍ သေမင်းအရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။ အကြောင်းမူ ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ ရှိတော်မူနေ၍ ဖြစ်နေ၏"

အဲဒီလို သဘောရတဲ့ သမ္မာကျမ်းစာထဲက သေခြင်းနဲ့ဆိုင်တဲ့အပိုဒ်တချို့ကို အချိန်အတော်လေးကြာအောင် ဖတ်ကြားနေတာ ကြားရပါတယ်။ အားလုံးအပြီးမှာ ဦးစောမြစိန်က -

"တင်မောင်ဦး .. အာမင်ဆို"

တင်မောင်ဦးက -

"အာမင် ..."

ဘူးသစ်က ဒုတိယအကြိမ် ပြန်လာပြီးတဲ့နောက်ပိုင်း လုပ်စရာ ထွေထွေထူးထူးမရှိတော့တာနဲ့ တာဝန်မှူးအတွက် အသင့်ခင်းထားတဲ့ အိပ်ရာထဲမှာ လှဲလိုက်မိတယ်။ ခုမှပဲ တစ်နေကုန်လှုပ်ရှားခဲ့သမျှ တစ်ကိုယ်လုံး အကြောအခြင်တွေ တောင့်တင်းနေတာကို သတိပြုမိပါတော့တယ်။

ဒါပေမဲ့ အိပ်ရာပေါ် လှူးလိမ့်ရင်း ညသန်းခေါင်ကျော်လာတဲ့အထိ အိပ် မပျော်နိုင်သေး။ မျက်လုံးတွေကျယ်ပြီး စိတ်ထဲမှာ ညဦးပိုင်းက ဦးစောမြစိန် သမ္မာကျမ်းစာရွတ်ဖတ်နေသံများကို ပဲ တင်ထပ်သလို ကြားယောင်နေမိတယ်။ ရင်ထဲမှာတော့ သေခြင်းတရားနဲ့ ပတ် သက်ပြီး သံဝေဂရမိသလိုလို တနုံ့နုံ့ခံစား ရမိတယ်။

တကယ်ဆို တရားဥပဒေဆိုတာ ကြီးကြောင့် လူတစ်ယောက်ကို ငါးသည် တွေ ငါးခုတ်သလို အရှင်လတ်လတ် သေဒဏ်ပေးကြပါတော့မယ်။ ဒီသေခြင်း ကို ထာဝရဘုရားသခင်လည်း မကယ် တင်နိုင်သလို၊ အဲဒီနေ့က တာဝန်မှူးဖြစ် နေတဲ့ ကိုယ်ကိုယ်တိုင်လည်း ဘယ်လို တားဆီးနိုင်တော့မယ် မဟုတ်။ ကိုယ် အနေနဲ့ သနားမိရုံ၊ ကောင်းရာမွန်ရာသို့ ရောက်ရှိစေကြောင်း ဆုတောင်းပေးရုံက လွဲပြီး ဘာဆိုဘာမှ မတတ်နိုင်။

ဒီလိုနဲ့ တင်မောင်ဦးကို ကြိုးစင် တင်ရမယ့်အချိန်ကလည်း တဖြည်းဖြည်း နီးကပ်လို့ လာပါတော့တယ်။

(ဆက်လက်ဖော်ပြပါမည်)

**ဗဟိုစော**



www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေပြေအေးစေမယ့်

# ဥပဒေအမေးအဖြေ

ဦးစောလှိုင်[B.A(Hist:) H.G.P., R.L]

## မြေးကို အဘွားက အုပ်ထိန်းခွင့်မရှိဘူးလား

ဆရာရှင့် ...

ကျွန်မ ဒီမေးခွန်းကို မမေးရင် မဖြစ်တော့လို့ ရင်နာနာနဲ့ပဲ မေးလိုက်ပါရစေတော့။ ကျွန်မအဖြစ်က ဒီလိုပါဆရာ။

ကျွန်မရဲ့ တစ်ဦးတည်းသောသမီးချောလေးကို မိဘတို့ တွေ့ရှိတဲ့အတိုင်း အိမ်ထောင်ချပေးခဲ့ပါတယ်။ တစ်နှစ်လောက်ကြာတော့ သားယောက်ျားလေးတစ်ယောက် ထွန်းကားလာခဲ့ပါတယ်။ ဒီမြေးဦးလေးကို အမိဝမ်းက ကျွတ်ပြီး အရွဲဆိုကတည်းက အနှီးထုပ်ပြီး ကျွန်မကပဲ ကျွေးမွေးပြုစုပျိုးထောင်ခဲ့ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သမီးနဲ့ သမက်က အစိုးရဝန်ထမ်းတွေ ဖြစ်လေတော့ မောင်တစ်ရွာ မယ်တစ်မြို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြရလို့ပါပဲ။ အခုဆို ကျွန်မမြေးလေးဟာ စကားပြောတတ်စထဲက စာသင်ပေးခဲ့တာကြောင့် မူကြိုကျောင်းမှာ ကကြီးခခွေး၊ အေဘီစီဒီ၊ တစ်နှစ်သုံးလေး၊ ဝမ်းတူးသရီးဖိုးနဲ့ ကလေးကဗျာတွေကို မထစ်မငေါ့ ကျောင်းကျောင်းပြေး ဆိုတတ်နေပါပြီ။

ဒါပေမဲ့ ကံခေချင်တော့ မြေးလေး လေးနှစ်သားအရွယ်မှာ တစ်နယ်တစ်ကျေးရောက်နေတဲ့ ဖခင်လုပ်သူက နောက်အိမ်ထောင်ပြုသွားပါတယ်ရှင်။ ကျွန်မသမီး အဲဒီသတင်းကြားတော့ နှလုံးထိခိုက်ပြီး အိပ်ရာထဲလဲလို့ နာတာရှည်ရောဂါသည်လို မလှုပ်နိုင်မရှားနိုင် ဖြစ်လာလို့ ဆေးရုံရက်ရှည် တင်ထားလိုက်ရပါတော့တယ်ဆရာ။

ကံကြမ္မာက ဒီလောက်နဲ့တင် မကျေနပ်နိုင်သေးဘူးရှင့်။ အဲလို ကျဉ်းထဲကျပ်ထဲအချိန်ကျမှ မြေးလေးရဲ့ဖခင် ပေါ်လာပြီး သူ့သား ငါးနှစ်ပြည့်တော့မှာမို့လို့ ကျောင်းထားပေးဖို့ဆိုပြီး လာတောင်းပါတော့တယ်ဆရာရယ်။ ဘယ့်နှယ်ရှင် ... ကျွန်မရဲ့ နှလုံးသည်းပွက် လှမည့်မြေးလေးကို သွေးမတော်၊ သားမစပ်တဲ့ မိထွေးရဲ့လက်ထဲ ထည့်လိုက်မိလို့ကတော့ ဒီလောကမှာ ကျွန်မလောက်မိုက်တဲ့အဘွားမျိုး ရှိနိုင်ပါတော့မလားရှင်။

ဒါ့ကြောင့် ကျွန်မက မြေးလေးကို မပေးနိုင်ဘူးလို့ ခပ်ပြတ်ပြတ်ငြင်းလိုက်တယ်။ သူ့ဖခင်က မကျေမနပ်နဲ့ ပြန်သွားတယ်။ ဟော ... မှတော့ ကျွန်မကို တရားရုံးကနေ သမ္မန်စာနဲ့ ဆင့်ခေါ်နေပြီဆရာ။ မြေးလေးရဲ့ဖခင်က သူ့သားကို အုပ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com

ခွင့်ရလိုမှု စွဲထားတယ်ဆိုပဲရှင့်။

ကျွန်မဥပဒေနားမလည်ပေမဲ့ သေမတတ်ကြောက်နေတဲ့ ကိစ္စတစ်ခုတော့ ရှိတယ်။ အဲဒါကတော့ အကယ်၍သာ တရားသူကြီးက မြေးလေးကို သူ့အဖေဆီ ပြန်အပ်ဖို့ ဆုံးဖြတ်ခဲ့ရင်တော့ ကျွန်မရင်ညွှန့်မှာ စွင့်စွင့်ကားကား ပွင့်နေတဲ့ပန်းကို မညှာမတာ နုတ်ယူခံရသလို ကျွန်မရင်ကွဲနာကျရပါတော့မယ်။ ဒီနှလုံးကွဲဒဏ်ရာကြောင့် ကျွန်မသက်တမ်းမစေ့ခင် ဘဝတစ်ပါး ကူးပြောင်းသွားရပါလိမ့်မယ်။

အဲဒါကြောင့်မို့လို့ ရင်နာနာနဲ့ မေးရရင် ကျွန်မမြေးလေးကို ပြန်မပေးရအောင် ဘယ်လိုလုပ်ရပါ့မလဲ။ ဆရာတို့ တရားဥပဒေမှာကော ဘယ်လိုပြဋ္ဌာန်းထားတာရှိလဲ။ ကျွန်မ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို အမြန်ဆုံး ဖြေကြားပေးဖို့ အနူးအညွတ် ပန်ကြားတောင်းပန်အပ်ပါတယ် ဆရာရှင့်။

အစဉ်လေးစားစွာဖြင့်

ဒေါ်မြစိန်

ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏမြို့။

ဒေါ်မြစိန်ခင်ဗျား ...

အဘိုးအဘွားဆိုတာ အသက်အရွယ်ရလာပြီမို့ ကလေးတွေကို မိဘတွေလို အော်ငေါက်မနေတော့ဘဲ အလိုလိုက်၊ အကြိုက်ဆောင်ခဲ့ကြလေတော့ မြေးတွေက အဘိုးအဘွားနဲ့နေရတာကို ပိုပျော်တတ်ကြပါတယ်။ အဲဒါကြောင့်လည်း မြေးတွေက သူတို့မိဘတွေထက် အဘိုးအဘွားတွေကို ပိုချစ်တတ်ကြသလို၊ အဘိုးအဘွားတွေရဲ့ အသည်းနှလုံးကို သည်းသည်းလှုပ်တတ်ကြပါတယ်။

အခု ဒေါ်မြစိန်ရဲ့ ပြဿနာကိုကြည့်ရင် နောက်အိမ်ထောင်ပြုသွားတဲ့ဖခင်ဟာ ဇနီးသည် နာတာရှည်ရောဂါ ခံစားနေတဲ့အချိန်ကျကာမှ သူ့သားကို ကျောင်းထားပေးဖို့ လာတောင်းဆိုတယ်။ အဲဒါကို ဒေါ်မြစိန်က ငြင်းလိုက်လို့ တရားရုံးကနေကလေးအုပ်ထိန်းခွင့် ရလိုမှုနဲ့ တရားစွဲလာတာ တွေ့ရပါတယ်။

ဒေါ်မြစိန်ကိစ္စနဲ့ ပတ်သက်ပြီး အလွန်နီးစပ်တဲ့ တရားစီရင်ထုံးနှစ်ခုကို တွေ့ထားပါတယ်။ ပထမတစ်ခုက (၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ ၂၁၄) ဖြစ်ပါတယ်။ အဲဒီစီရင်ထုံးမှာ ...

"ဖခင်ဖြစ်သူသည် နောက်အိမ်ထောင်နှင့်နေပြီး မိခင်မှာနိုင်ငံခြားတွင် နေထိုင်လျက်ရှိသည့်အမှုတွင် အရွယ်ရောက်သေးသူကို အုပ်ထိန်းရန်အတွက် မိခင်ဘက်မှ အဘွားသည် ဖခင်ထက်သင့်လျော်သည်" လို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

ဒုတိယတစ်ခုက (၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ ၁၇၃) ဖြစ်ပါတယ်။ အဲဒီစီရင်ထုံးမှာလည်း ...

"ကလေးများကို မိဘတစ်ဦးထက် ပိုမို၍ အုပ်ထိန်းခွင့်ရှိငြားသော်လည်း ကလေးများက မိဘများနှင့်အတူ မနေဘဲ အဘွားနှင့်ပျော်နေလျှင် တရားရုံးက မဖျက်ဆီးသင့်ပေ" လို့ စီရင်ဆုံးဖြတ်ထားခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့်မို့ ဒေါ်မြစိန်အနေနဲ့ တရားမမှုမှာကျွမ်းကျင်တဲ့ ရှေ့နေကောင်းကောင်းတစ်ယောက်နဲ့ ရင်ဆိုင်လိုက်မယ်ဆိုရင်တော့ ဒေါ်မြစိန်ရဲ့ ရင်ညွှန့်မှာ စွင့်စွင့်ကားကား ပွင့်နေတဲ့ပန်းကလေးကို ဘယ်သူမှ မညှာမတာ နုတ်ယူသွားနိုင်တော့မှာမဟုတ်ဘူးလို့ ဖြေကြားလိုက်ပါရစေ။

## အိမ်ငှား၏သဘောတစ်ခုတည်းဖြင့် ထပ်ဆင့်အိမ်ငှားတင်လို့ရသလား

ဆရာခင်ဗျား ...

မိဘတွေဆီက အမွေရထားခဲ့တဲ့ မြောက်ဥက္ကလာပ နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးကို အောက်ထပ်အိမ်ရှေ့မှာ ကု ဆိုင်လေး ဖွင့်ထားပါတယ်။ အပေါ်ထပ်ကိုတော့ အစိုးရဝန်ထ မိသားစုကို ငှားထားခဲ့တာ သုံးနှစ်လောက်ရှိနေပါပြီ။

ပြီးခဲ့တဲ့တစ်လလောက်က ဦးလှမြင့်က သူနယ်မြို့တစ် ဆီ ပြောင်းရွှေ့ရမယ်လို့ ပြောပါတယ်။ ကျွန်တော်လည်း သူ မိသားစုပြောင်းရင် အိမ်ကို ဒီအတိုင်းမထားနိုင်တာကြော လူသစ်အိမ်ငှားရှာဖွေရင်း ဦးလှမြင့်တို့ ပြောင်းရွှေ့မယ့်ရက်ကို စောင့်နေခဲ့ပါတယ်။

အဲလိုစောင့်နေရင်းနဲ့ တစ်နေ့မှာတော့ ဦးလှမြင့်တို့အိမ် ကို လူစိမ်းတစ်ယောက် ရောက်လာပြီး အဲဒီလူကို ညအိပ်ေ တာ တွေ့ရပါတယ်။ နောက်တစ်နေ့မနက်ကျ ဦးလှမြင့်က ပစ္စည်းတွေ ကားခေါ်တင်ပြီးတော့မှ သူဒီနေ့ပြောင်းတော့မယ် လို့ ကျွန်တော့်ကို လာနှုတ်ဆက်ပါတယ်။

ပြီးတော့ မနေ့က ညထဲက လာအိပ်နေတဲ့ လူစိမ်းနဲ့ မိတ်ဆက်ပေးတယ်။ အဲဒါ သူ့သူငယ်ချင်း ဦးတင်ဦးဖြစ်ပြီး သူတို့မိသားစု သူနေခဲ့တဲ့အပေါ်ထပ်အခန်းမှာ ဆက်နေကြလိမ့် မယ်လို့ ပြောပြတယ်။ ပြီးတာနဲ့ ကားမောင်းထွက်သွားပါတော့ တယ်။

အဲလို ဦးလှမြင့်သွားခါနီးမှ ဗြုန်းစားကြီး ကပ်ပြီးလ သွားတာကို ကျွန်တော် အတော်မကျေမချမ်းဖြစ်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

လို့လဲဆိုတော့ ကျွန်တော့်မှာ အိမ်ငှားတင်မယ့် လူသစ်မိသားစု တစ်စုကို ကြိုတင်ပြောဆိုပြီးသား ဖြစ်နေလို့ပါပဲဆရာ။ ပြီးတော့ ဦးတင်ဦးဆိုတဲ့လူကို ကျွန်တော်အိမ်ပိုင်ရှင်ဆီက ခွင့်ပြုချက်မရဘဲ တစ်ရက်ကြိုတင်ထားတာကိုလည်း ဘယ်လိုမှ လက်သင့်မခံနိုင်ပါဘူး။

ဒါထက်ဆိုးတာက နောက်နှစ်ရက်လောက်အကြာမှာ ဦးတင်ဦးက ကျွန်တော့်ဆီလာပြီး အိမ်လခပေးတာပါပဲ။ ကျွန်တော်က လက်မခံဘဲ သူ့ကိုလည်း ဆက်နေခွင့်မပြုလို့ အမြန်ဆုံးဆင်းပေးဖို့ ပြောလိုက်မိတယ်။

ဒါပေမဲ့ ဒီလူက ကျွန်တော့်စကားကို အလေးမမူတဲ့ အပြင် အိမ်လခကို ကျွန်တော့်ဆီ လိပ်မူပြီး စာတိုက်ကနေ မန်နီအော်ဒါနဲ့ တစ်ဆင့် ပို့လာပြန်ပါတယ်။ ကျွန်တော်က လုံးဝ လက်မခံလိုက်ပါ။ ဒါတောင် သူက ဆက်ပို့မြဲ ပို့နေပါသေးတယ်။

ဆရာခင်ဗျား။ ဒီလူနဲ့ ကျွန်တော် ကြာရင် တုတ်တစ်ပြက်၊ ဓားတစ်ပြက် ကြုံရမယ့်ကိန်း ဆိုက်နေပါပြီ။

ကျွန်တော်သိချင်တာက အိမ်ငှားဆိုတာ အိမ်ရှင်ရဲ့ ခွင့်ပြုချက်ရမှ အိမ်ငှားဖြစ်တာမဟုတ်လား။ အိမ်ရှင်သဘောမတူဘဲနဲ့လည်း အိမ်ငှားဖြစ်နိုင်ပါသလား။ ကျွန်တော့်အနေနဲ့ ဒီပြဿနာကို ဥပဒေအရ ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာ အမြန်ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

လေးစားစွာဖြင့်
ဦးအေးမောင်
(၁၀)ရပ်ကွက်၊ မြောက်ဥက္ကလာပ။

ဦးအေးမောင်ခင်ဗျား ...

ဦးအေးမောင်ရဲ့ မေးခွန်းကို မဖြေခင် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၂(ဆ)မှာ ဖွင့်ဆိုထားတဲ့ အိမ်ငှားဆိုတဲ့ အဓိပ္ပာယ်ကို အရင်ရှင်းပြချင်ပါတယ်။ အဲဒီဥပဒေမှာ အိမ်ငှားနဲ့ပတ်သက်လို့ အချက်လေးချက် ပြဋ္ဌာန်းထားပါတယ်။

၁။ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှ တစ်ဆင့်ဖြစ်စေ ငှားရမ်းခပေးရမည့်သူ။

၂။ တရားမကျင့်ထုံးဥပဒေ၌ တရားဝင်ဖော်ပြထားသော တရားဝင်ကိုယ်စားလှယ်။

၃။ အခါအား[illegible]ဤ အိမ်ငှားမှတစ်ဆင့် ဆိုင်ရာဆိုင်ခွင့် ရရှိသူ။


၄။ အငှားချထားမှု (သို့မဟုတ်) အငှားစာချုပ် ကုန်ဆုံးပြီးနောက် မိမိအား ငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရ ဖြစ်စေ၊ သဘောတူညီချက်မရဘဲဖြစ်စေ လက်ရှိနေထိုင်မြဲ နေထိုင်သူအသီးသီးသည်လည်း အိမ်ငှားဆိုသော စကားရပ်တွင် ပါဝင်သည်။

ဒီပြဋ္ဌာန်းချက်အရဲဆိုရင် ဦးအေးမောင်ဟာ အိမ်ရှင်ဖြစ်သလို၊ ဦးတင်ဦးဟာလည်း အိမ်ငှားဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဥပဒေပုဒ်မ ၁၂ အရ အိမ်ငှားက အိမ်လခမပေးတာတို့၊ အိမ်နီးချင်းတွေ စိတ်ငြိုငြင်အောင် ပြုလုပ်တာတို့၊ ဥပစာကို တရားမဝင်ကိစ္စမှာသုံးလို့ ညစ်ညမ်းစေတာတို့၊ အိမ်ရှင်ကိုယ်တိုင် ပြန်နေလိုတာတို့၊ အိမ်ဟောင်းနွမ်းလာလို့ အဆောက်အဦအသစ် ဆောက်လိုတာတို့ စတဲ့ကိစ္စတွေ ပေါ်လာမှသာ အိမ်ရှင်က အိမ်ငှားကို နှင်ထုတ်ပိုင်ခွင့် ရှိပါတယ်။

အခုလက်ရှိ ဦးတင်ဦးဟာ အရင်အိမ်ငှား ဦးလှမြင့်က တစ်ဆင့် ငှားရမ်းနေထိုင်ပြီး အိမ်လခလည်း တရားဝင်ပေးနေသူဖြစ်ပါတယ်။ ဒါကြောင့်မို့ ဦးအေးမောင်အနေနဲ့ တရားဝင်အိမ်ငှားဖြစ်နေတဲ့ ဦးတင်ဦးကို နှင်ထုတ်ဖို့ မလွယ်ပါကြောင်း ဖြေကြားလိုက်ပါရစေ။

အောင်မြင်ပါစေ

**ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]**





www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိ ဦးလှဆောင်၏ ညွှန်ကြားချက်အရ သူနောက်သို့ ခြေရာခံလိုက်မိရာမှ သူ့ကို ပထမဆုံး မြင်ဖူးခြင်းဖြစ်ပါသည်။ သို့သော် မြို့စွန်ရောက်သည်နှင့် သူ့ကို မျက်ခြည်ပြတ်သွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူ့နောက်ကို ဆက်လိုက်ရပါမည်။ သူသွားမည့်နေရာကို မင်းမင်းမြိုင်သိသည်။ အပြန်ခရီးအတွက်လည်း ပူစရာမလို။ ဆိပ်ကမ်းသာသို့ရောက်သည်နှင့် သူ၏ ဂျွန်ဆင်စက်တပ်ပဲ့ချိတ်လှေကို တွေ့ရန် သေချာသည်။

မင်းမင်းမြိုင် ဆိပ်ကမ်းသာရောက်တော့ နေမင်းသည် အနောက်ပိုးကုတ်စက်ဝိုင်းဆီသို့ ငုပ်လျှိုးစပြုပြီ။ ပုစွန်ဆီသွေးရောင်အောက် လက်ပံကျွန်းအလှကို လှမ်းမြင်နေရပါပြီ။

လက်ပံကျွန်း ...။ ကျွန်းပေါ်မှ ထီးထီးကြီးဖြစ်နေသော လက်ပံပင်ကြီးကို အစွဲပြုခေါ်ခြင်းဖြစ်၏။ ထိုလက်ပံကျွန်း အလှကြောင့်လည်း တစ်ချိန်က ဆိပ်ကမ်းသာသည် အပန်းဖြေသူများဖြင့် စည်ကားခဲ့၏။ သို့ပြားလည်း လွန်ခဲ့သည့် သုံးနှစ်လောက်မှအစပြု၍ ဆိပ်ကမ်းသာသို့ လူအလာကျဲသွားသည်။ အမည်မဖော်နိုင်သော လူ့အသက်ဆုံးရှုံးမှုများသည် ဆိပ်ကမ်းသာ ဝန်းကျင်တွင်လည်းကောင်း၊- လက်ပံကျွန်း ဝန်းကျင်တွင်လည်းကောင်း ဖြစ်ပွားခဲ့သည်မှာ မကြာခဏ။

ယခုမူ ဆိပ်ကမ်းသာသည်လည်းကောင်း၊ လက်ပံကျွန်းသည်လည်းကောင်း မကောင်းသော အနံ့အသက်များဖြင့် လိုင်နေချေပြီ၊ သို့အတွက် ဆိပ်ကမ်းသာသည် အန္တရာယ်ကမ်းခြေ၊ လက်ပံကျွန်းသည် မရဏကျွန်း ...။



www.burmeseclassic.com

www.burmeseclassic.com



# ကာတွန်း ကြည်ဝင်း

## အရိုးသမား၏အောင်ပွဲ

မည်သို့ဆိုစေ ဆိပ်ကမ်းသာသည် ယခုမှ ပိုလှလာသကဲ့သို့ လက်ပံကျွန်း အလှကလည်း ပို၍ စိုပြင်လာပါသည်။ မင်းမင်းမြိုင်သည် ပုန်းညက်ရိပ်တွင် ခိုရင်း သူရောက်လာဖြစ်သည့်အကြောင်းကိုပင် မေ့လျော့စ ပြုလာ၏။ အပြာရောင် ကောင်းကင်နှင့် အပြာရောင်ပင်လယ်ပြင်သည် သူ့အား ဖိတ်ခေါ်စပြုနေပြီ။ ကုန်လှလှ ဆည်းဆာအလှကို သူနှမြောတသနေ၏။

သို့ဖြစ်လျက် သူသည် အမှတ်မထင် ရေစပ်သို့ ဆင်းဖြစ်သွားသည်။ ပြီးတော့ စက်တပ်ပဲ့ချိတ်လှေကလေးပေါ် တက်၍ အဝတ်အချို့ကိုချွတ်ကာ ပင်လယ်ပြင်သို့ ဒိုင်ဗင်ထိုးထွက်သွားတော့၏။ ကြည်လဲ့သော ပင်လယ်ရေသည် သူ့အလှကို ဆီးယူပွေ့ဖက်ထားပါသည်။ သူသည် ရေသူမတစ်ကောင်နှယ် ပင်လယ်ရေပြင်တွင် လူးလွန့်နေ၏။ အခုအချိန်ထိတိုင် သူခြေရာခံလိုက်နေသူက ပေါ်မလာသေး။ သည့်တော့ သူက ပင်လယ်ပြင်တွင် စိတ်ရှိလက်ရှိ ကစားပစ်လိုက်သည်။

ရုတ်တရက် ... ကြမ်းတမ်းသော အတွေ့ အထိတစ်ခုကို သူမခံစားလိုက်ရသည်။ သူ့ကိုယ်လေးသည် ပင်လယ် အောက်သို့ ငုပ်လျှိုးကျသွား၏။ သူ ရေပေါ်ပြန်တက်ရန် ကြိုးစားစဉ် ဆုတ်ညည်း သင်္ဘောအနက်ရောင်တစ်ခုကို မထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com

မြင်လိုက်ရ၍ သူမ လန့်အော်လိုက်သည်။

နောက် . . . ရှိသမျှအားကို အသုံးပြု၍ ကမ်းခြေဘက်သို့ ပြန်ကူးခဲ့၏။ သို့သော် သူ့ခြေတစ်ဖက်သည် စောစောက အတွေ့အထိကြောင့် ထင်သလောက် လှုပ်ရှားမရတော့။ ကူးခတ်နိုင်အားသည် နည်းလာပြီ။ ပင်လယ်ရေပြင်ပေါ်တွင် လှုပ်ရှားမှုသည် ရှေ့ရှေ့သာရှိတော့၏။ မောကလည်း မောလာပြီ။ မျက်စိအမြင်သည်လည်း မရှင်းချင်တော့။ ထိုစဉ် သူမ ရှေ့သို့ တစ်စုံတစ်ခု ကျလာသည်ကို သတိပြုမိလိုက်၏။

မနီလာ လျှော်ကြိုးတစ်ချောင်း . . ။

သူမသည် ကျလာသောကြိုးစကို အားပြုဆုပ်ကိုင်လိုက်ပါသည်။ ထိုခဏ၌ပင် သူမအသိစိတ်သည် သူ့ခန္ဓာကိုယ်မှ ပြေးထွက်သွားတော့၏။ သူသတိမရတော့။

x—x—x—x—x

သူမ သတိရတော့ ဝန်းကျင်တွင် လက်ပံပွင့်နီနီများကို ပထမဆုံး မြင်ရသည်။ သူ့ကိုယ်တွင် မူလအဝတ်အစား ပြန်ရောက်နေပြီ။

"အို" ရုက်စိတ်ဖြင့် အသံထွက်သွားသည်အထိ စိတ်ကစဉ့်ကရဲ ဖြစ်သွားရပါ၏။

"မင်းကို ကျုပ် စိတ်နဲ့တောင်မပြစ်မှားပါဘူး။ ဒီလိုမှမလုပ်ပေးရင် မင်းရေထဲမှာ မသေဘဲ ကုန်းပေါ်ကျမှသေမှာ"

အသံကြားရာသို့ ကြည့်လိုက်တော့ မင်းမင်းမြိုင် အံ့အားသင့်သွားသည်။ သူ ခြေရာခံလိုက်နေသောသူက သူ့ရှေ့တွင် ရပ်လျက်။

ခက်တော့ ခက်ပြီ။ အစွယ်လိုသူသောနတ္ထိနှင့် အသက်သခင် ဆဒ္ဒန်ဆင် လက်ပံပင်ခြေမှာ ဆုံဖြစ်ကြပြီ။ တစ်ချခြားနားသည်မှာ မင်းမင်းမြိုင် သောနုတ္တိုက သူ့နှလုံးသားဆီသို့ မြားမသွင်းရသေး။

သည်မှာ ဦးလှဆောင် မကြာမကြာပြောတတ်သောစကားကို မင်းမင်းမြိုင် ကြားယောင်လာသည်။

"တစ်ခါတစ်ခါတော့ တို့အလုပ်က တော်တော်ကောက်ကျစ်တာပဲ မြိုင် . . . ။ ဒါပေမဲ့ မတတ်နိုင်ဘူး။ တာဝန်နဲ့ ပတ်သက်လာရင် နှလုံးသားရှိနေလို့ မဖြစ်ဘူး။ နည်းပရိယာယ်နဲ့ သေနင်္ဂျုပာ မမှန်လို့ကတော့ ရန်သူ့ခေါင်းမရဘဲ တို့ခေါင်းပေးလိုက်ရမှာ"

ဟုတ်တော့ ဟုတ်သည်။ မင်းမင်းမြိုင်တို့ နှလုံးသားက တိုင်းပြည်အတွက် လှူထားပြီးသား။ မတတ်နိုင်။ ရသည့်အခွင့်အရေးကိုတော့ အမိအရ ဆုပ်ကိုင်ရပါမည်။

"ကျွန်မ ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲဟင် . . . "

မင်းမင်းမြိုင်အမေးကြောင့် သူက တစ်ချက်ပြုံးသည်။

"မင်းတကယ်မသိတာလား။ တမင်မသိချင်ယောင်ဆောင်နေတာလား"

မင်းမင်းမြိုင်၏ နည်းပရိယာယ်ကို သူက ရိပ်မိဟန်ရှိသည်။ "သူလည်း ဘယ်ဆိုးလို့တုံး" ဟု မင်းမင်းမြိုင်တွေးလိုက်မိ၏။ မဆိုးဆို သူကလည်း သည်ကျွန်းတွင် ဧကရာဇ်။ သူ့အာဏာသည် သည်ကျွန်းမှာ တည်သူဖြစ်၏။ စင်စစ် သူနှင့်ပတ်သက်၍ ထောက်လှမ်းသင့်သည်မှာ ကြာပြီ။ သည်ဝန်းကျင်တွင် ဖြစ်ခဲ့သော လူ့အသက်ဆုံးရှုံးမှုများနှင့် ပတ်သက်၍ သူ့အပေါ်တွင် သံသယမကင်းခဲ့။

"ကဲ . . . အချိန်က သိပ်မရှိတော့ဘူး။ အမိကို ကျုပ် ဘယ်ပြန်ပို့ရမှာလဲ"

"ရှင် . . . ကျွန်မမှာ ပြန်စရာရော၊ သွားစရာရော နေရာမရှိပါဘူး"

"ကောင်းတယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်။ ဒါထက် မင်းဘယ်ကလာတာလဲ"

"ကျွန်မ အိမ်ကထွက်ပြေးလာတာပါ။ လက်ပံကျွန်းဘက်သွားရင် သေတတ်တယ်ဆိုလို့ သေချင်တာနဲ့ လာခဲ့တာရှင့် ဒါပေမဲ့ ကျွန်မကိုသတ်မယ့်သူမရှိဘူး မထူးပါဘူးဆိုပြီး ရေထဲဆင်းသေတာ ဟင်း . . . ဟင်း . . ရေကအနက်ကြီး ကျောကိုချမ်းသွားတာပဲ"

"သေချင်တဲ့လူက 'ရေနက်တာ ကြောက်နေရသေးလား။ ဟင်း . . . မင်းက တော့"

"ဟင်း . . ဟင်း . . . လူဆိုတာက အခက်သားကလားရှင်။ သေခွင့်မကြ သေးရင်သာ သေချင်ကြတာ။ တကယ် တမ်းလည်း သေခွင့်ကြုံရော ကိုယ့် အသက်ကို နှမြောသွားရော"

"ထားပါတော့လေ။ ဒါဆို မင်း ကျွန်းမှာ နေချင်တယ်ပေါ့"

"ကျွန်မ တခြားကို တကယ်သွား စရာမရှိပါဘူးရှင်"

"ဟုတ်မှာပါ။ သွားစရာရှိလည်း မင်းသွားမှာမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် လေ၊ ဒီကျွန်းပေါ်ရောက်လာတဲ့သူဆိုရင် ကျုပ်ကလည်း ပြန်မလွှတ်ချင်ပါဘူး။ ပြီး တော့ ကျုပ်ညီမအတွက်လည်း အဖော် တာပေါ့။ ပြီးတော့ မင်းကိုလည်း ကျုပ် စိတ်ဝင်စားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက မေသစ္စာနဲ့တူလို့"

"ရှင် . . . မေသစ္စာ ဟုတ်လား ဒီလိုဆို ရှင် . . . ရှင် ကိုစည်သူပိုင်များ လား"

"ဟုတ်တယ်။ ကျုပ်စည်သူပိုင်ပဲ"

အမှန် စည်သူပိုင်ကို သိပြီးဖြစ် သော်လည်း မေသစ္စာကို မင်းမင်းမြိုင် မသိပါ။ ဒါက လှည့်စားခြင်းသာ ဖြစ်ပါ ၏။ စည်သူပိုင်ကလည်း ပါးလိုက်သည် မှာ မင်းမင်းမြိုင်လှည့်စားလိုက်သည်ကို သိပြီးသားမို့ စိတ်ထဲ ကျိတ်ပြုံးဖြစ်သွားပါ ၏။

"မင်းက ကျုပ်အကြောင်း တော် တော်လေး လေ့လာထားတာကိုး။ ဘာပဲ ဖြစ်ဖြစ်လေ . . . မေသစ္စာကို သတိရနေ



www.burmeseclassic.com

www.burmeseclassic.com

သမျှတော့ မင်းကို ကျုပ်လက်ခံထားမိမှာပဲ။ အဲ ... ကျုပ်ရဲ့စည်းကမ်းကိုတော့ မင်းလိုက်နာရလိမ့်မယ်။ ကျုပ်တို့အလုပ်စခန်းဘက်ကို ဘယ်တော့မှ မလာရဘူး"

"ဒါပဲလား ..."

"တစ်ခုကျန်သေးတယ်။ ပင်လယ်ရေပြင်မှာ ရေချိုးခြင်း၊ ရေကူးခြင်း လုံးဝမလုပ်ရဘူး။ ကျန်တာတော့ မင့်သဘော။ ခုလောက်လို မင်းဒီကျွန်းပေါ်ရောက်နေတယ်ဆိုတာ သိလောက်ပြီ၊ ကျုပ်နောက်ကို သူတို့က မျက်ခြည်မပြတ် လိုက်နေကြတာ"

"ရှင် ... ရှင့်နောက်ကို ဘာ ... ဘာဖြစ်လို့လဲ။ ရှင်ဘာတွေလုပ်ထားလို့လဲဟင်"

"ထားပါလေ။ ဘာပဲဖြစ်ဖြစ် မင်းတစ်ခုခု အန္တရာယ်ဖြစ်မှာ ကျုပ်မလိုလားဘူး။ ဟား .. ဟား ... ဟား ... သူတို့ကတော့ ကျုပ်နောက်ကို လိုက်နေမှာပဲ။ လိုက်ကြပါစေ၊ လိုက်ကြပါစေ။ ကျုပ်ကတော့ ဂရုမစိုက်ဘူး .. ဟား ... ဟား .. ဟား ... ဟား"

စည်သူပိုင် ဟက်ဟက်ပက်ပက် ရယ်မောနေခိုက် မင်းမင်းမြိုင် အမှတ်တမဲ့ ထလိုက်မိသည်တွင် သူ့ခန္ဓာကိုယ်သည် စည်သူပိုင့်ရင်ခွင်ထဲသို့ ယိမ်းထိုးကျသွားသည်၊ စည်သူပိုင်က အလိုက်သင့် ဆီးယူပွေ့ဖက်ထားသည်။

"အား .. ကျွတ် .. ကျွတ်၊ ကျွန်မခြေတစ်ဖက် မထောက်နိုင်တော့ဘူး"

"ဖြစ်ရလေဗျာ။ အင်း ... အချိန်ကလည်း လင့်နေပြီ။ စခန်းကလည်း နည်းနည်းဝေးသေးတယ်။ ကဲပါလေ၊ ကျွန်တော်တွဲခေါ်ပို့မယ်၊ ဖြစ်တယ်မဟုတ်လား"

"ကျေးဇူးပါရှင်။ ရှင်လည်း ကျွန်မကို ကူညီတာတွေများနေပြီ။ အားနာ"

"ရပါတယ်။ ဒဏ်ရာက ရေထဲက ရခဲ့တာ။ ခင်ဗျားသိပ်ကံကောင်းသွားတယ်။ ကျွန်တော်နဲ့မတွေ့ရင် မလွယ်ကြောပဲ"

"ဟုတ်တယ်။ ကျွန်မ ယောက်ျားမေခလာနဲ့ တွေ့လို့သာပေါ့"

"ဗျာ ..."

"ဩော် ... ဇနက္ကမင်းသားကို ကယ်ခဲ့ဖူးတဲ့ မေခလာနတ်သမီးကို သတိရလို့ပါ"

"ဟင်းဟင်း ... ကျွန်တော်က မေခလာနတ်သမီးလို ကျောက်ဖျာပေါ်တင်ခဲ့ပြီး ပစ်သွားတာမှ မဟုတ်ဘဲ"

"ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မ ရှင်နဲ့တွေ့မိတာ မှားများနေသလားလို့"

"ဗျာ ... ဘာဖြစ်လို့လဲ။ ကျွန်တော့်ကို မယုံလို့လား"

"ဒီစကားက အဖြေရခက်ပါတယ်။ မယုံလို့ဆိုတာထက် ပိုယုံမိလေသလားမသိတော့ဘူး။ အမှန်အတိုင်းပြောရရင် ရှင့်ကို လူကြမ်းကြီးတစ်ယောက်လို့ ထင်ထားခဲ့တာ၊ ဒီလို အကြင်နာမျိုးတွေ့ရလိမ့်မယ်လို့ မြိုင်မမျှော်လင့်ခဲ့ဘူး"

"နာမည်က မြိုင်တဲ့လား"

"မင်းမင်းမြိုင်ပါ"

"ဩော် ... လက်စသတ်တော့ မြိုင်က ကျွန်တော့်ဆီ တမင်ရောက်လာတာကိုး"

"ဟုတ်ပါတယ် ...။ ဒီအဖြစ်မျိုးနဲ့ မကြုံလည်း တစ်နေ့ ကိုစည်သူပိုင်ဆီ တစ်နည်းနည်းနဲ့ မြိုင်ရောက်လာရမှာပါ"

"ကျွန်တော် သဘောပေါက်ပါတယ်။ ခက်တာက လူတွေပဲ မြိုင်။ ကျွန်တော်လည်း လူသားထဲက လူသားတစ်ယောက်ပါ။ ဒါပေမဲ့ အရာရာကို လေ့လာမှု အားနည်းခဲ့ပြီး ငါသိ၊ ငါတတ်၊ အတ္တမာနကြီးခဲ့လို့ ဒီဘဝရောက်ခဲ့ရတာပါ။ တကယ်တော့ အထီးကျန်ဘဝမှာ ကျွန်တော်ပျော်နေတာ မဟုတ်ပါဘူး"

ဟုတ်ပါသည်။ ပတ်ဝန်းကျင်ကို အဆက်ဖြတ်ခဲ့သူမှာ စည်သူပိုင်ပင် ဖြစ်၏။ ခုတော့ ပတ်ဝန်းကျင်က သူ့ကို အဆက်ဖြတ်ခဲ့ပြီ၊ အများက မယုံသင်္ကာဖြစ်ကြပြီ။

"တကယ်တွေးကြည့်တော့ လူ့ဘဝကြီးက ရယ်စရာပါ။ ဒီကျွန်းမှာ ထီးထီးကြီးရှိနေတဲ့ လက်ပံပင်ကြီးကို ကြည့်ပါလား။ သူ့အပွင့်ကျတော့ ဟင်းချက်စားကြတယ်။ လက်ပံမှို့ကျတော့ ခေါင်းအုံး၊ မွေ့ရာချုပ် လူ့အသုံးအဆောင်အဖြစ် သုံးကြတယ်။ ဟော ... လက်ပံသားကျတော့ ပျဉ်ပုပ်ဆိုပြီး ဘုန်းကြီးကျောင်းလှူတယ်။ ခေါင်းစပ်တဲ့အခါ သုံးကြတယ်။ အိမ်မှာထားရင် ကျက်သရေမရှိဘူးလို့ ယူဆကြတယ်"

"အင်း ... ဟုတ်တယ်နော်။ လူတွေရဲ့ ဆုံးဖြတ်ချက်၊ အတွေးအခေါ်က မှားနေသလိုပဲ"

"အဲဒါပဲ မြိုင်။ ထားပါတော့လေ။ ကျွန်တော် ပတ်ဝန်းကျင်နဲ့ စွန့်ခွာမိတဲ့အတွက် ဝမ်းမနည်းပါဘူး။ ကျွန်တော် ဝမ်းနည်းတာက ညီမလေး မိမိဖဲ၊ သူဟာ သိပ်လှတယ်။ လူ့လောကအတွေ့အကြုံ ဗဟုသုတ ရှာမှီးတဲ့အရွယ်။ ပိုဆိုးတာက သူဟာ စိတ်ကောင်းကောင်းမမှန်ဘူး"

"ရှင် ... သူစိတ်မမှန်ဘူး ဟုတ်လား"

မင်းမင်းမြိုင် စိတ်မကောင်းဖြစ်သွားရပါ၏။ အမှန် စည်သူပိုင်ညီမလေး မိမိဖဲမှာ စိတ္တဇဝေဒနာသည်လေးဟု ဆိုသော်လည်း အမြဲတမ်း ဖောက်နေသည်တော့ မဟုတ်ပါ။ တစ်ခါတစ်ရံ စကားပြောလျှင် လူကောင်းတွေပင် အရှုံးပေးရမလောက်ပါ။ ဒါပေမဲ့ သူ့ဘဝ၊ သူ့ပတ်ဝန်းကျင်က ကျဉ်းမြောင်းလွန်းလှပါ၏။ ဒီလက်ပံကျွန်းတွင် သူရယ်၊ သူ့အစ်ကိုရယ်၊ ထမင်းချက် ဘသာဦးရယ်သာ ရှိချေ၏။

"ခုကတည်းက မြိုင့်ကို တောင်းပန်ထားပါရစေ၊ သူဟာ မြိုင့်ကို သိပ်



www.burmeseclassic.com

www.burmeseclassic.com

လားမယ်မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ မြိုင်က မေသစွာနဲ့ သိပ်တူနေလို့ပဲ။ သူက မေသစွာကို အရမ်းမုန်းတာဗျ။ ပြောရရင်တော့ သူ့စိတ်ထဲမှာ ကျွန်တော်တို့မောင်နှမရဲ့ချစ်ခြင်းကို မေသစွာက ခွဲလိမ့်မယ်လို့ အစွဲအလမ်း ဖြစ်နေလို့ပဲ''

''ဪ ... ဖြစ်ရလေရှင်ရယ်''

သားကောင်နောက်လိုက်မိရာမှ ဒုက္ခလနှင့် ပါရိကာအပေါ် သံယောဇဉ်ပွားခဲ့ရတဲ့ ပိဋိယကွမ်းအဖြစ် ပမာလားမသိ။ တွေ့မြင်ကြားသိနိုက်ခဏမှာပင် သူတို့မောင်နှမအပေါ် မင်းမင်းမြိုင် တွယ်တာမိပြီ။ မီမီဖံသည် စည်သူပိုင်ထင်ထားသကဲ့သို့ မင်းမင်းမြိုင်အပေါ် မလိုလားခြင်း အလျှဉ်းမရှိခဲ့။ မင်းမင်းမြိုင်ကိုကြည့်၍ ပျော်နေပုံရသည်။

''ကိုကိုကပြောတယ်။ မီမီဖို့ စကားပြောတတ်တဲ့ အရုပ်တစ်ရုပ် ဝယ်လာတယ်တဲ့။ လက်စသတ်တော့ မမကိုး။ မမက သိပ်လှတာပဲနော်''

''မီမီလောက်တော့ မလှပါဘူးကွယ်''

''မီမီလှတော့လည်း ဘာလုပ်ရမှာလဲ။ မီမီ့မှာ ချစ်သူမှမရှိတာ။ မိန်းကလေးတွေရဲ့အလှဆိုတာ ကိုယ့်အတွက်မှ မဟုတ်တာ။ ချစ်သူအတွက်ပဲ။ မမမှာကော ချစ်သူရှိလား''

''အို ... ဒီကလေးမ။ ဟင်း ... ဟင်း .. မီမီက သာလိကာမလေးပဲ''

''ဟုတ်ပါတယ်။ မီမီဟာ လှောင်ချိုင့်ထဲက သာလိကာမလေးပါ မမရယ်''

ပြောရင်းဆိုရင်း မီမီဖံပါးပြင်တွင် မျက်ရည်များက လိမ့်ဆင်းလာသည်။ မင်းမင်းမြိုင် ရင်နာရပြန်ပါပြီ။ စိတ္တဇဝေဒနာသည်ဆိုသော်လည်း သူ့စကားများက စိတ္တဇမဆန်ပါ။ သူ့ရင်ကို ဖွင့်ပြနေသည်နှင့်သာ တူပါသည်။

''မမက မီမီတို့နဲ့ အတူနေမှာမဟုတ်လား။ ကိုကို့ကိုတော့ ခွဲထုတ်ပြီးခေါ်မသွားပါနဲ့ မမရယ်နော်။ ကိုကိုမရှိရင် မီမီသေမှာ''

''မခေါ်ပါဘူးကွယ်၊ မခေါ်ပါဘူး။ မမ မီမီတို့နဲ့ အတူတူနေမှာပါ''

''ဒီလိုဆိုတော့ မမက လိမ္မာသားပဲ။ လာ ... မမ၊ ထမင်းသွားစားရအောင်။ ဘသာဦးက လက်ပံပွင့်ခြောက်နဲ့ ဝက်သားချက်တာ သိပ်ကောင်းတာ မမရဲ့။ မီမီက လက်ပံပွင့်ကို သိပ်ချစ်တာ။ သူက စားလည်းစားရတယ်၊ ပန်လည်းပန်ရတယ်။ ဒီမှာကြည့်ပါလား''

မီမီဖံသည် သူ့ခေါင်းထက်မှာ ဝေနေအောင်ပန်ထားသည့် လက်ပံပွင့်များကို ပြ၍ပြောသည်။

''အို ... မီမီရယ်၊ လက်ပံပွင့်ကို ပန်ရတယ်လို့''

''တခြားပန်းမရှိတော့လည်း လက်ပံပွင့်ဟာ မီမီ့အတွက် ပန်းပဲပေါ့''

မင်းမင်းမြိုင်ရင်သည် မီမီဖံစကားကြောင့် နာနာကျင်ကျင် ခံစားရပြန်ပါပြီ။ စိတ္တဇမလေး၏ ဝေဒနာစကားလေးတွေကို ဆက်၍ မကြားရက်တော့ပါ။

x-----x-----x-----x-----x

သို့ဖြင့် မင်းမင်းမြိုင် စည်သူပိုင်တို့စခန်း ရောက်နေသည်မှာ တစ်ပတ်နီးနီး ရှိခဲ့ပြီ။ အခုချိန်ထိတော့ လူသတ်မှုနှင့်ပတ်သက်၍လည်းကောင်း၊ အခြား ရာဇဝတ်မှု ကျူးလွန်ခြင်းမျိုးနှင့် ဆက်နွယ်၍လည်းကောင်း တစ်စုံတစ်ရာ အထောက်အထား မတွေ့ရသေး။ စည်သူပိုင်၏ အလုပ်စခန်းဘက် မသွားရသည်မှအပ ကျွန်းပေါ်အနှံ့ မင်းမင်းမြိုင် ထောက်လှမ်းပြီးပြီ။

သည်အကြောင်းနှင့်ပတ်သက်၍ ဦးလှဆောင်နှင့် လျှို့ဝှက်တွေ့ဆုံကာ တင်ပြပြီးပြီ။ သို့သော် ဦးလှဆောင်မှာ သိပ်ဘဝင်မကျချင်။ စည်သူပိုင့်အပေါ် သံသယက နိုင်မာဆဲ။

''လူဆိုတာ ဟန်ဆောင်ကောင်းရတာပဲ မြိုင်။ အရိုးသားဆုံးနဲ့ အထင်ပေါ်ဆုံး မျက်နှာဖုံးဟာ သူတို့အတွက် အလိုအပ်ဆုံးပေါ့''

''မြိုင်တော့ ဒီလိုမထင်ရက်ချင်ဘူး ဆရာ။ ဒ ့ မောင်နှမဟာ ဘဝနာကြည်းချက်တစ်ခုခုကြောင့် ကိုယ်ယောင်ဖျောက်လာနေတာပဲလို့ ထင်တယ်။ မြိုင်သေသေချာချာ မပြောနိုင်သေးပေမဲ့ တကယ်တော့ သူတို့ဘဝက စိတ်ဝင်စားစရာပါ''

''ကဲ ... မိမြိုင်၊ ထင်မြင်ချက်တွေ ဘာတွေ လုပ်မနေနဲ့။ ကိုယ်တို့အလုပ်က လူတိုင်းကို သံသယမျက်လုံးနဲ့ ကြည့်နေရမှာ။ မြိုင်ဟာ မုဆိုးဆိုတာတော့ မမေ့နဲ့၊ ကျားရဲ့နဲ့ သားကောင် မခွဲခြားနိုင်ရင်တော့ မုဆိုးဟာ ကျားစာဖြစ်သွားမှာပဲ။ ကဲ ... ဆရာသွားမယ်''

ဟုတ်တော့ ဟုတ်သည်။ မင်းမင်းမြိုင်တို့အလုပ်က လေးမတင်မီ ကျားရဲ့နှင့် သားကောင် ခွဲခြားသိစွမ်းနိုင်ရမည်။ စည်သူပိုင်သည် ကျားရဲလော၊ သားကောင်လော။ သည်နှစ်ခုစလုံး မဟုတ်ပါစေနှင့်ဟု ဆုတောင်းနေမိပါ၏။

x-----x-----x-----x-----x

မင်းမင်းမြိုင်သည် မီမီဖံလေးကို ညီမရင်းသဖွယ် သံယောဇဉ်တွယ်မိပြီ။ ဖြစ်နိုင်လျှင် မီမီဖံလေး၏ ဝေဒနာကိုပါ ဆရာဝန်နှင့် ပြကြည့်ချင်ပါသည်။ မင်းမင်းမြိုင် ခန့်မှန်းမိသလောက် သူ့ဝေဒနာသည် HYSTERIA ဟု ထင်၏။ ထိုဝေဒနာမျိုးက အဖြစ်မြန်သလို၊ ကုသလျှင်လည်း အပျောက်မြန်တတ်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ စည်သူပိုင်နှင့် ဆွေးနွေးရန် မင်းမင်းမြိုင်ဆုံးဖြတ်လိုက်၏။

သည်ကနေ့ လက်ပံပွင့်ကောက်ရင်း မီမီဖံနှင့် မင်းမင်းမြိုင် တစ်လှည့်စီ ဓာတ်ပုံရိုက်နေကြသည်။ မီမီဖံသည်



www.burmeseclassic.com

www.burmeseclassic.com

အော်တိုမစ်တစ် ရိုင်ဖယ်ကင်မရာ တစ်လုံးဖြင့် တစ်နေကုန် လျှောက်သွား ရိုက်နေကျ။ ခုလည်းကြည့်၊ ခေါင်းတွင် လက်ပံပွင့်တွေ ဝေနေအောင်ပန်ကာ ဓာတ်ပုံအရိုက်ခံနေပါသည်။

ထိုစဉ် စည်သူပိုင်ရောက်လာပြီး မြို့မှကူးလာသည့် ဓာတ်ပုံများကို ထုတ်ပြသည်။ မီမီဖုံ ဓာတ်ပုံများကိုကြည့်ကာ ပျော်သွားပါသည်။ နောက် ဓာတ်ပုံများ ယူ၍ ဘသာဦးကို သွားပြမည်ဆိုကာ တဆုန်ပေါက်ထွက်သွားပါတော့၏။

"သူအရမ်းပျော်သွားပုံရတယ်"

"ဟုတ်တယ်။ သူပျော်ရင် ကျွန်တော်လည်း ပျော်ရတာပဲ"

"မြိုင်လည်း ပျော်ရပါတယ် ...။ ကိုစည်သူပိုင့်ကို မြိုင်တစ်ခုပြောချင်တယ်။ မီမီဟာ ရှေ့ကို လူအများကြီးလုပ်ရဦးမှာပါ။ သူ့ဘဝကို ဒီလိုနဲ့ အဆုံးသတ်မသွားသင့်ဘူး။ မြိုင်က ဆရာဝန်မဟုတ်တော့ အတပ်တော့ မပြောနိုင်ဘူး။ ဒါပေမဲ့ သူ့ရောဂါဟာ ဟစ်စတီးရီးယား HYSTERIA လို့ထင်တယ်။ ဆရာဝန်တစ်ယောက်နဲ့ ပြကြည့်ရင် ကောင်းမလားလို့"

"မြိုင်ပြောတာ မှန်ပါတယ်။ ခက်နေတာက ကျွန်တော် ဒီကျွန်းလေးကလွဲရင် ဘယ်ကိုမှ မသွားချင်ဘူး။ ဒီမြို့လေးမှာက ရှိရိုးဆရာဝန်တောင် တစ်ခါတစ်ရံမှ ရှိတတ်တာ။ အကောင်းဆုံးက ရန်ကုန်ကို ခေါ်သွားကုနိုင်မှ ဖြစ်မှာ။ ကျွန်တော် ရန်ကုန်မြေကို မနင်းချင်ဘူး"

မင်းမင်းမြိုင် ဝေခွဲမရစွာ စည်သူပိုင်ကို ကြည့်မိသည်။

"ကဲ ... မြိုင်၊ စိတ်မကောင်းစရာတွေ တွေးမနေနဲ့တော့၊ တစ်နေ့နေ့တော့ သူ့ဘဝ ပြောင်းလဲလာဦးမှာပါ။ ရော့ .. ဒီမှာ မြိုင့်အတွက် ဝယ်လာတာ"

"အို ... မနည်းပါလား။ မြိုင့်အတွက် ဒုက္ခရှာလို့"

"မြိုင် ကျွန်တော့်ဆီ ဘယ်နည်းနဲ့ပဲ ရောက်လာရောက်လာ ကျွန်တော် ဂရုမစိုက်ဘူး။ ကျွန်တော် ဒီကနေ့အထိ မေသစ္စာကို မေ့မရသေးဘူး။ မြိုင်က မေသစ္စာနဲ့ အရမ်းတူနေတယ်လေ။ ဒါကြောင့် မြိုင့်အတွက် ကျွန်တော် ဒုက္ခမပိုပါဘူး"

×-----×-----×-----×-----×

ကွေးကွေးလေးအိပ်နေသော မီမို့ ပါးပြင်လေးကို မွှေးမွှေးပေးပြီးသောအခါမှ မင်းမင်းမြိုင် အိပ်ရာသို့ ဝင်ဖြစ်ခဲ့ပါ၏။ သို့သော် သူအိပ်မပျော်တဲ ဖြစ်နေသည်မှာ အပြစ်မဲ့ စိတ္တဇဝေဒနာသည်မလေး မျက်နှာက တရစ်ဝဲဝဲပေါ်လာသည်။ အကယ်၍သာ စည်သူပိုင်သည် မင်းမင်းမြိုင်တို့ တွေးထင်ထားသကဲ့သို့ ရာဇဝတ်ကောင် တစ်ဦး ဖြစ်ခဲ့ပါမူ ... သူဆက်မတွေးရဲတော့၊ မတွေးဝံ့တော့။ သည်ကလေးမ၏ အနာဂတ်သည် မစဉ်းစားဝံ့စရာ။

သည်ကနေ့အထိတော့ စည်သူပိုင်နှင့်ပတ်သက်၍ ဘာမျှ ပီပီပြင်ပြင်မတွေ့ရ။ လူကောင်း။ လူဆိုးဆိုသော ပြဿနာက တော်တော်ခွဲခြားရခက်သည်။ တချို့တည်ကြည်ရိုးသားပုံရသလောက် ကောက်ကျစ်၏၊ ယုတ်မာ၏၊ ရက်စက်၏။

တချို့ကျတော့ ... ပြင်ပအသွင်သဏ္ဌာန် မချောမွေ့ပေမည့် မယုံနိုင်လောက်အောင် ရိုးသားကြ၏၊ သန့်စင်ကြ၏၊ ဖြောင့်မတ်တည်ကြည်ကြပါ၏။ အတွေ့အကြုံအရမူ မထင်မှတ်ပါဘဲနှင့်လည်း ဖြစ်တတ်၏။ ထင်ထားပါလျက်နှင့်လည်း လွဲနေတတ်၏။ အထူးသဖြင့် စည်သူပိုင်လို လူမျိုးအတွက် ပို၍ နားလည်ရခက်သည်သာ။

မည်သို့ဆိုစေ မီမီဖုံလေးနှင့် ပတ်သက်၍ မင်းမင်းမြိုင်သည် မိန်းမရိုင်း အဖြစ်မခံနိုင်ပါ။ သည်တော့လည်း ညအိပ်ရာဝင်တိုင်း စည်သူပိုင်တစ်ယောက် ရာဇဝတ်ကောင်မဖြစ်ပါစေနှင့်ဟု ဆုတောင်းရသည်က အမော။ သည်နေ့လည်း အိပ်မရ၍ ဘုရားခန်းရှေ့သို့ မင်းမင်းမြိုင် ရောက်ရပြန်ပြီ။

"အကယ်၍ ကိုစည်သူပိုင်သည် ရာဇဝတ်ကောင်ဖြစ်ခဲ့သည့်တိုင် တပည့်တော်မ၏ တာဝန်နှင့် လွဲပါစေဘုရား"

မင်းမင်းမြိုင် ဆုတောင်း၍မဆုံးမီ ချောက်ချားဖွယ် အသံဆိုး၊ အသံနက်ကြီး တစ်ခုက ညကို ဖောက်ထွင်းပေါ်လာသည်။

မင်းမင်းမြိုင်သည် အိပ်ခန်းတံခါးသို့ အမြန်ပြေး၍ ဟိုနေ့က ဦးလှဆောင်ပေးခဲ့သော ပစ္စတိုကိုဆွဲကာ ထွက်ခဲ့၏။ အပြင်တွင် လရောင်က သစ်ရွက်ကြိုကြားမှာ စိတ်ဖြာကျနေသည်။ စောစောကအသံကြောင့် ညသည် လှုပ်လှုပ်ရှားရှားဖြစ်သွားပါ၏။ အတန်ကြာ စောင့်လင့်နေသည့်တိုင် တစ်စုံတစ်ရာသောအသံ ထပ်မကြားရတော့။

သို့သော် ပတ်ဝန်းကျင် လှုပ်ရှားမှုအခြေအနေကို အကဲခတ်ရင်း မင်းမင်းမြိုင် ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိ၏။ နာရီဝက်ခန့်အချိန်သာ ကုန်သွားသည်။ တစ်စုံတစ်ရာ အရိပ်အယောင်မျှ မတွေ့ရ။ သို့နှင့် အခန်းဆီသို့ လှည့်ပြန်ခဲ့သည်။ ရုတ်တရက် သူ့ခြေလှမ်းအစုံက အလိုလို တုံ့ရပ်သွား၏။

စည်သူပိုင်သည် လက်နှစ်ဖက်ကို ခါးထောက်၍ သူ့ကို စူးစူးရဲရဲစိုက်ကြည့်လျက်။ ပြီးတော့ စကားတစ်လုံးမျှမပြောဘဲ လှည့်ထွက်သွားသည်။ ထိုစဉ် မင်းမင်းမြိုင် တစ်စုံတစ်ခုကို အမှတ်မထင် သတိထားလိုက်မိသည်။

"ဘုရား ... ဘုရား ... သူ့လက်မှာ သွေးတွေနဲ့ပါလား"

×-----×-----×-----×-----×

ပါးပြင်ပေါ်ကျလာသော နွေးနွေးထွေးထွေး အတွေ့အထိကြောင့် မင်းမင်း

www.burmeseclassic.com

www.burmeseclassic.com

မြိုင် မျက်လုံးဖွင့်ကြည့်ဖြစ်သည်။ မိမိဖံက သူ့အိပ်ရာဘေးမှာ ထိုင်လို့။

"ဟင် ... မိမိပါလား"

"မမ ညက အိပ်ရေးမပျက်ဘူးလား။ ဟီဟိ ..."

"ဘာဖြစ်လို့လဲ မိမိ"

"ကိုကို့ကို မမအခန်းဝမှာ မိမိ တွေ့တယ် ... ဟိ"

"ကြည့်ကလေးမ။ ဘာတွေပြော နေတာလဲ"

"တကယ်ပြောတာ။ မမ မိမို့ကို မွှေးမွှေးပေးသွားတာလည်းသိတယ်။ ပြီးတော့ ... ဟို ..."

"လာစမ်း မိမိ။ ဒီလိုဆို မိမိ ညက အသံတစ်သံ မကြားမိဘူးလား။ အော်သံကြီးလေ။ လူသံလိုလို၊ အဲဒါ ဘာဖြစ်တာလဲ မိမိသိလား"

'သိပ်သိတာပေါ့။ ဟို .. ဟို .. ဟိုဒင်း .. ကိုကို ... ကိုကိုတို့ ..."

"ဟော့ ... မိမိ၊ ဒီမှာ ဘာလာလုပ်နေတာလဲ။ သွားစမ်း။ ညည်းစပ်စပ်စုစု မလုပ်နဲ့နော် ... သွား"

ရုတ်တရက် ပေါ်လာသောအသံကြောင့် ခေါင်းကလေးရှုံ့ကာ မိမိဖံထွက်သွားပါ၏။ မိမိဖံထွက်သွားသည်နှင့် စည်သူပိုင်လည်း မင်းမင်းမြိုင်ကို ကျောခိုင်းထွက်ခွာသွားပါသည်။

မင်းမင်းမြိုင် နားမလည်နိုင်စွာပင် သက်ပြင်းချ ကျန်ရစ်ခဲ့ပါ၏။

x—x—x—x—x

သည်နေ့ မင်းမင်းမြိုင်တစ်ယောက်တည်း ပင်လယ်ဘက်သို့ ထွက်ခဲ့သည်။

ညက ကြုံခဲ့ရသော အထောက်အထားအရ စည်သူပိုင်အပေါ် သံသယကြီးထွားလာခဲ့ပြီ။ ဘည်အတိုင်းဆို မိမိလေးဘဝက မပျော်ရွှင်ရပါ။ လေးသောစိတ်အတွေးနှင့် ခန္ဓာကိုယ်ကို သယ်ပိုးရင်း ပင်လယ်ကမ်းခြေသို့ ရောက်လာပါသည်။

သည်တော့မှ တစ်စုံတစ်ခုကိုသတိပြုမိပြန်သည်။ မင်းမင်းမြိုင် သည်ကျွန်းမှာနေရန်အတွက် စည်သူပိုင်သည် စည်းကမ်းနှစ်ခု သတ်မှတ်ခဲ့၏။ သူ့အလုပ်စခန်းသို့ ဘယ်သောအခါမှ မလာရန်နှင့် ပင်လယ်ရေပြင်တွင် ရေမချိုးရန်ဖြစ်၏။ တစ်စုံတစ်ခုသော အကြောင်းမရှိပါဘဲ လျက်နှင့်တော့ တားမြစ်မည် မဟုတ်တန်ရာ။

စုံစမ်းလိုစိတ်က ကြီးထွားလာသည်နှင့်အမျှ မင်းမင်းမြိုင် ပင်လယ်ပြင်သို့ ဒိုင်ဗင်ထိုးချဖြစ်သွား၏။ ပြာလဲ့သော ပင်လယ်ရေတွင် မင်းမင်းမြိုင်ကိုယ်လေးမှာ အဖွေးသား။ ကိုက်နှစ်ရာခန့် အဆန်လူးလာတုံ့ပြန် ကူးခတ်နေသော်လည်း တစ်စုံတစ်ရာ ထူးခြားမှုကို မတွေ့ရပါ။ နောက်ဆုံးတော့ ကမ်းခြေသို့ ပြန်ကူးလာခဲ့သည်။

အမောပြေ သဲသောင်တွင် လှဲမည်ပြုခိုက် သူ့အနီးသို့ စည်သူပိုင်ရောက်လာသည်။ ပြီးတော့ ခက်ထန်မာကျောသော အကြည့်နှင့်အတူ လက်ဝါးတစ်ဖက် မင်းမင်းမြိုင်ပါးပြင်သို့ ကျလာ၏။

"ကဲဟာ ..."

"ဖြန်း"

"အား ..."

"မင်းကို ငါဘာပြောထားသလဲ"

"ရှင် ... စော်ကားလှချည်လား။ ရှင်ဟာ လူယုတ်မာ ... လူယုတ်မာ"

"ဟုတ်တယ်။ ကျုပ်က ယုတ်မာတယ်။ ဒါပေမဲ့ မင်းလိုတော့ မကောက်ကျစ်ဘူး။ မင်းဘယ်သူဘယ်ဝါဆိုတာ အစကတည်းက ကျုပ်သိတယ်။ ကျုပ်အကြောင်းတွေကျတော့ မင်းတို့ ဘာမှ မသိဘူး။ ကျုပ်ဟာ တရားဥပဒေကို မချိုးဖောက်ခဲ့ပါဘဲလျက် သံသယမကင်းတဲ့ အကြည့်တွေနဲ့ မင်းတို့ ကြည့်ခဲ့ကြတယ်"

"ကျွန်းပတ်လည်မှာ လူ့အသက်ဆုံးရှုံးမှုတွေ မကြာမကြာ ဖြစ်နေတယ်လေ။ အဲဒီအဖြစ်တွေက ..."

"အဲဒီအတွက် ကျုပ် သိပ်ဝမ်းနည်းတယ်။ ကျွန်းပတ်လည် ပင်လယ်ရေပြင်ကို ကြည့်လိုက်စမ်းပါ ဒေါ်မင်းမင်းမြိုင်။ 'ကိုက်နှစ်ရာအတွင်း မဝင်ရ၊ အန္တရာယ်ရှိသည်' ဆိုတဲ့ သတိပေးစာတမ်းနဲ့ ဘောလေးတွေ ...ဘာ မြင်တယ်မဟုတ်လား"

မင်းမင်းမြိုင် စည်သူပိုင်ညွှန်ပြရာသို့ ကြည့်ဖြစ်သည်။

"အသိဉာဏ်ကြွယ်ဝပါတယ်ဆိုတဲ့ လူတွေက မသွားရဆိုတဲ့နေရာကို သွားချင်တယ်။ မကြည့်ရဆိုတဲ့ နေရာကို ကြည့်ချင်ကြတယ်။ ထားပါတော့လေ။ အေး ... ဒီနေရာမှာ မြိုင်သာ တစ်ခုခုဖြစ်ရင် ကျုပ်နဲ့ ပတ်သက်ရတော့မယ်။ ဒါကို ကျုပ်ဟာ တစ်စုံတစ်ရာ မသိလိုက်ရဘဲ မြိုင့်ကို ဖျောက်ဖျက်မှုအတွက် ရုံးတင် တရားစွဲခံရတော့မယ်"

"အို ... ရှင်ဘာတွေပြောနေတာလဲ။ ရှင်သာ တစ်စုံတစ်ခု ကောက်ကျစ်စဉ်းလဲစွာ လုပ်မထားရင် ပင်လယ်ပြင်မှာ ရေချိုးတာဟာ ဘာဖြစ်သွားနိုင်မှာလဲ"

"ဟားဟားဟား ... မြိုင် .. မြိုင် .. မြိုင်၊ ကိုယ်တိုင်လည်း တစ်ခါက ကြုံဖူးခဲ့ပြီးပြီ။ ဒီမှာကြည့်"

စည်သူပိုင်သည် ပြောပြောဆိုဆိုပင် သူ့လက်မောင်းပေါ်သို့ ချွန်ထက်သောအရာတစ်ခု စိုက်ချလိုက်၏။

"အို ... ရှင် ... ရှင် .. ဒါဘာလုပ်တာလဲ"

လက်မောင်းမှ သွေးများစီးကျလာသည်ကို မြင်လိုက်ရ၍ မင်းမင်းမြိုင် ထိတ်လန့်စွာမေးလိုက်သည်။ သူက လက်ကိုင်ပဝါတစ်ခုဖြင့် သွေးများကို တို့ယူလိုက်ပြီး လက်ကိုင်ပဝါလေးကို စုလုံး၍ ပင်လယ်ပြင်သို့ လွှင့်ပစ်လိုက်ပါ၏။ မင်းမင်းမြိုင် ကြည့်နေစဉ် အခိုက်အတန့်မှာပင် ရေပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတစ်ခု ပေါ်လာပါသည်။

ပြီးတော့ မည်းမည်းသဏ္ဌာန် ...ဘွဲ့ဝါကြီးတစ်ကောင်သည် သွေးစနှင့် ...တ်ကိုင်ပဝါကို ထိုးဟပ်လိုက်၏။

"ဟယ် ..."

×-----×-----×-----×-----×

ဆည်းဆာ၏ နောက်ဆုံးလက် ...နံ့အလှက ပင်လယ်ပြင်သို့ ထိုးကျနေ ...သည်အချိန်တွင် မင်းမင်းမြိုင်တစ် ...ယောက်တည်း စည်သူပိုင်နှင့် မီမီဖုံတို့ ...မောင်နှမအကြောင်း တွေးမိပြီး သူ့ရှေ့ ...ဆက် ဘယ်လိုစခန်းသွားရမလဲ။ ခက် ...သည်က မင်းမင်းမြိုင်တို့ဘဝက ကိုယ့် ...ကိုယ်ကိုပိုင်သော ဘဝမဟုတ်။ နှလုံးသား ...ကို ဦးစားပေး၍မရ။

ရုတ်တရက် ခေါ်သံလိုလို ကြားရ ...သဖြင့် မင်းမင်းမြိုင် လှည့်ကြည့်မိသည်။

"ဟင် ... ကိုစည်သူပိုင်"

"မြိုင် မနေ့ကကိစ္စကြောင့် စိတ် ...ဆိုးနေလား။ ကျွန်တော် တောင်းပန်ပါ ...တယ်။ ညီမလေးကို ဆရာဝန်နဲ့ပြဖို့ ...ကျွန်တော်သဘောတူပါတယ်။ မြိုင်ကြိုက် ...သလို စီစဉ်ပါ။ ကျွန်တော်တို့မောင်နှမ ...နှစ်ယောက်ကိုတော့ ပစ်မသွားပါနဲ့နော်"

"မြိုင် ဘယ်လိုနှလုံးသားနဲ့ ပစ် ...သွားရက်မှာလဲ ရှင်ရယ်"

သို့ဖြင့် ထိုနေ့၌ မင်းမင်းမြိုင်ကို သူ့ ...အလုပ်စခန်းရှိရာသို့ ခေါ်သွားခဲ့ပါ၏။ ...ထမ သီးနှံမျိုးစုံ စိုက်ပျိုးထားသော စိုက် ...ခင်းကိုပြသည်။ နောက် မွေးမြူရေးခြံ ...ဘက် ခေါ်သွား၏။ ကြက်၊ ဘဲ၊ ဝက်နှင့် ...နွားများ မွေးမြူထားသည်ကို တွေ့ရသည်။

"တကယ်တမ်း ကျွန်တော်လုပ်နေ ...တဲ့အလုပ်က ဒါမဟုတ်ဘူး။ မြိုင်တွေ့ရင် ...ဒီမောင်နှမနှစ်ယောက် ရူးနေပြီလားလို့ ...တောင် ထင်ကောင်းထင်မယ်။

ကျွန်တော်ဟာ ကျောင်းသားဘဝ ...ကတည်းက ဒီလုပ်ငန်းကို လုပ်ဖို့စိတ်ကူး ...ထားတာ။ ကျွန်တော်တို့နိုင်ငံမှာတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဘယ်သူမှ မလုပ်သေးဘူး။ ပြည်သူ့ပုလဲနဲ့ ငါးလုပ်ငန်းဌာနကတော့ ၁၉၇၈ ခုနှစ်၊ ဧပြီလက သာကေတမှာ မွေးမြူရေးစခန်းတစ်ခုဖွင့်ပြီး မွေးမြူနေတယ်လို့ သိရတယ်"

ခဏအကြာမှာပင် ခြံဝန်းကျယ်ကြီးတစ်ခုကို ရောက်လာ၏။ တစ်ဆယ့်ငါးပေခန့်မြင့်သော အဆောက်အအုံထဲသို့ ဝင်လိုက်သည်နှင့် ဆယ်ပေပတ်လည်၊ လေးပေအမြင့်ရှိသော အုတ်ကန်ငယ်များကို တွေ့ရသည်။ ထိုကန်ထဲကို ကြည့်မိသည်နှင့် မင်းမင်းမြိုင်ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပါသည်။

"မြိုင်တော့ ဘာမှ နားမလည်တော့ဘူး။ ဘာရည်ရွယ်ချက်နဲ့ ဒီသတ္တဝါတွေ မွေးထားရတာလဲ"

"ကျွန်တော်မွေးတာ သိပ်တောင်နောက်ကျနေပြီ မြိုင်။ မိကျောင်းသားရေကိုလုပ်တဲ့ ဆလင်းဘက်တွေဟာ မြိုင်တို့ပခုံးထက်မှာ အတော်များများရောက်နေကြပြီ"

"အင်း ... ဟုတ်တယ်နော်။ စိတ်ဝင်စားစရာတော့ အကောင်းသား။ ဆက်ပါဦး"

"တစ်ပေအရွယ်လောက်ရှိတဲ့ .. မိကျောင်းတစ်ကောင်ရဲ့ ပေါက်ဈေးနှုန်းဟာ နိုင်ငံတကာဈေးကွက်မှာ ဒေါ်လာငါးဆယ်ကနေ ရှစ်ဆယ်၊ တစ်ရာအထိဖြစ်နေတယ် မြိုင်။ တစ်ပေအရွယ် မိကျောင်းဆိုတာကလည်း တစ်နှစ်သားအရွယ်ပဲ ရှိတာ။ ဒီတော့ ဒီလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ရင် နိုင်ငံအတွက် ဘယ်လောက်အကျိုးရှိမလဲ"

ဟုတ်ပါသည်။ သုံးနှစ်သားအထိ စောင့်ရှောင်းနိုင်လျှင် လူကြိုက်အများဆုံး၊ ဈေးအရဆုံးပါ။ သို့သော် မိမိသဘောအရ ပြည်ပကို ရောင်းချခွင့်မရှိ။ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းဌာနမှ မိကျောင်းများကို ရသလောက် ဝယ်ယူနေသည်ကို သိရှိထားဖို့လိုပါသည်။ မိကျောင်းမွေးတယ်ဆိုတာ ကြက်၊ ဘဲ၊ ဝက် မွေးတာလောက်တော့ မလွယ်ပါ။ သူတို့အတွက် လိုအပ်တဲ့ ရေအတိမ်အနက်သည် သူတို့ကျောမြုပ်ရုံဆို ရပါသည်။ ကန်အနေအထားမှာ ရေသုံးပုံတစ်ပုံရှိရသလို ကုန်းသုံးပုံနှစ်ပုံ လုပ်ထားဖို့ လိုအပ်ပါသည်။

မိကျောင်းတစ်ကောင်ရဲ့ ဥနှုန်းဟာ နှစ်ဆယ်မှ ခုနစ်ဆယ်အထိ ရှိသလို၊ ပေါက်ဖွားနှုန်းသည် နှစ်ဆယ်၊ နှစ်ဆယ့်ငါး၊ သုံးဆယ့်ငါးအထိ ရှိပါသည်။ မိကျောင်းပေါက်တွေဟာ မွေးပြီး တစ်ပတ်အထိ အလင်းရောင်မကြိုက်သလို၊ တစ်ပတ်ကျော်သွားလျှင်လည်း နေ၏အလင်းရောင် လိုအပ်ပါ၏။

မိကျောင်းတစ်ကောင်အတွက် အစာကတော့ ခြောက်လသားအရွယ်အထိ ပုစွန်ကို တစ်နေ့တစ်ကျပ်သားနှုန်း တစ်ရက်ခြားကျွေးဖို့ လိုအပ်သလို ခုနစ်လသားအရွယ်ရောက်သည့်အခါ အရိုးမပါတဲ့ အသားတစ် တစ်ကျပ်ခွဲသားနှုန်း တစ်ရက်ခြား ကျွေးရပါသည်။ နှစ်နှစ်သားမှ သုံးနှစ်သားအထိ အရိုးရော၊ အသားပါ ငါးကိုပင် ကျွေးကြပါသည်။

သုံးနှစ်သားအထက် အကောင်ကြီးတွေကျတော့ အသားတုံးကြီးတွေ ကျွေးပေးရ၏။ မိကျောင်းတွေရဲ့ ကြီးထွားနှုန်းသည် ပျမ်းမျှ တစ်နှစ်လျှင် တစ်ပေနှုန်း ကြီးထွားကြပါသည်။ ပညာရှင်တွေရဲ့ အဆိုအရမူ ကမ္ဘာမှာ မိကျောင်းအမျိုးပေါင်း နှစ်ဆယ့်တစ်မျိုးရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါ၏။

မိကျောင်းမွေးမြူရာတွင် အကြမ်းအားဖြင့် သိထားသင့်သည်မှာ သည်မျှလောက်သာ ဖြစ်ပါသည်။


(ဆက်ရန်)

■ ကာတွန်းကြည်ဝင်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# လှည့်၍သာ ပြန်လို့ရလျှင်

မြမြလှိုင်

မှန်ရှေ့တွင် ထိုင်ကာ ကိုယ်ပေါ်တွင် တင်ကျန်ရစ်နေသော ရေစက်ရေပေါက်တွေကို အမွေးပွမျက်နှာသုတ်ပုဝါဖြင့် မျက်နှာကို ဖွဖွလေးသုတ်၊ ပခုံးနှင့် လက်နှစ်ဖက်တို့ကို သေသေချာချာ ခြောက်အောင်သုတ်လိုက်သလို မှန်ထဲတွင် ရှိမျက်နှာကို မေနှင်းဆီသေသေချာချာ ကြည့်လိုက်သည်။ အသက်က လေးဆယ်ကျော်စပြုပြီ၊ မျက်လုံးအစုံ၏ အနားတစ်ဝိုက်တွင် မျက်ရစ်အရေးအကြောင်းတို့ကပေါ်နေပြီ၊ မိတ်ကပ်ကို ခပ်ထုထုလေးဖို့ကာ၊ အရေးအကြောင်းတို့ကို ဖုံးထားလိုက်ရသည်။ နှစ်ခါသုံးခါ ခေါက်အပေါ်ယံမှ တို့ပုတ်နှင့် ဖွဖွလေး ထိရိုက်မှပင် အရေးအကြောင်းတို့ ဖုံးသွားသလို မျက်ခုံးက နဂိုအနက်ရှိ၍ ဆိုးစရာမလို၊ နှုတ်ခမ်းနီဆိုးဆေးကို အနီရောင် ပြေပြေလေးဆိုးလိုက်သည်၊ ဆံပင်ကတော့ ပခုံးထိရှိသော အလိပ်ကြီးကောက်ထားသည်ကို ဖွဖွဆံတုံးလေးထုံးလိုက်သည်။ ရှေ့ဆံပင်ကဖောင်းဖောင်းအိအိလေးဖြစ်နေသည်၊ မျက်နှာ၏ အလှအပ၊ ဆံပင်ကအစ၊ ခြယ်သလို့ပြီးပြီ။

အဝတ်အစားကို ဗီရိုထဲမှ အဆင်သင့်ရွေးကာထုတ်ပြီးဖြစ်၍ အချိန်မကုန်တော့၊ ဗီရိုအံဆွဲကတ္တီပါဘူးလေးထဲမှ လက်ဝတ်လက်စားတွေကို ထုတ်လိုက်သည်၊ လက်လက်ထနေသော ရွှေထည်တွေ၊ ထိုအထဲမှ ရွှေရောင်ဝင်းလက်နေသည့် လက်ကောက်ကွင်းတွေကို ထုတ်ကာ တစ်ကွင်းဆီကို လက်ထဲ သေသေချာချာစွပ်ပြီး ဝတ်လိုက်သည်။ တစ်ကွင်းပြီး တစ်ကွင်းဝတ်သည် ခုနစ်ကွင်းပြည့်သွားပြီ၊ ဆွဲကြိုးမှာ နှစ်ကျပ်သားကျော်ကျော်ရှိသော ရွှေဆွဲကြိုးဆောက်ဖြတ်ထား၍ လက်လက်ထနေသည် နေကြာပန်းပွင့်သဖွယ် ပုံဖော်ထားသော လော့ကက်ပြားကလည်း ခံ့ခံ့ထည်ထည်ရှိလှသည်။ မေနှင်းဆီ၏ အလှသည် ပိုမိုတောက်ပလာသည်။ မျက်နှာကလှသည်၊ ခန္ဓာကိုယ်ကအချိုးအစားကသည်။ မျက်လုံးအစုံက ညှို့ငင်အားရှိသည်၊ အလှအပပြည့်စုံသော မေနှင်းဆီ။



www.burmeseclassic.com

www.burmeseclassic.com

ကလင်···ကလင်···ကလင်

"ဟဲလို အော် မမခင်လား··· ဒီနေ့ တစ်နေ့တည်းပါ။ ကိစ္စလေးက အရေးကြီးလို့··· စိတ်မပူပါနဲ့ အချိန်မီ ရောက်မှာပါ ကူညီတာကို အရမ်း ကျေးဇူးတင်ပါတယ်၊ ဒါပဲနော်၊ အော် မေနှင်းဆီက ကိတ် တည်ပါတယ် မမခင်ရဲ့···"

အပြင်ထွက်ခါနီး ဖုန်းလာ၍ ခပ်မြန်မြန်လေးပြောပြီး ဖုန်းချလိုက်ရသည်။ စားပွဲပေါ်မှ ကားသော့လေးကို ကောက်ယူလိုက်သည်။

ဧည့်ခန်းပတ်ဝန်းကျင်တွင်မျက်လုံး လှည့်ကစားလိုက်သည်၊ ပရိဘောဂ ထည်တွေက တန်ဖိုးကြီးသည်၊ လှပ ခံ့ညားသည်၊ မေနှင်းဆီ တစ်ချက် ပြုံးမိသွားသည်၊ သည်လိုအနေအထားလေး ရရှိဖို့ သူမနည်းကြိုးစားထားရသည်။ မေနှင်းဆီ ဘဝကို စဉ်းစားရင်းက မညိုတုပ်ကို သတိရလိုက်သည်။

မညိုတုပ်၊ အသားလတ်လတ်၊ မျက်နှာအသွင်အပြင်က ကြည့်ပျော်ရှုပျော်သာရှိသည်။ အမေမွေး ကတည်းက ဆင်းရဲခဲ့ရသည့် မညိုတုပ်၊ အဖေက ရွာတွင် လယ်စာရင်းငှား၊ အမေက ကောက်စိုက် အငှားလိုက်သည်၊ လယ်ထဲတွင် မမျှော်လင့်ဘဲ အဖေဆုံးသည် မညိုတုပ်နှင့် အမေနှစ်ယောက်တည်း ဘဝကို ရင်ဆိုင်ဖြေရှင်းဖို့ ကြိုးစားရသည်၊ လယ်ထဲသို့ မဆင်းချင်သော်လည်း မညိုတုပ်ဆင်းရသည်။

လက်လှုပ်မှ ပါးစပ်လှုပ်ရသည့် သားအမိ နှစ်ယောက်အဖို့ မိုးလင်းက မိုးချုပ်၊ ထမင်းစားချိန် နှစ်ချိန်နှင့် အိပ်ချိန် အတွင်းသာ နားခွင့်ရကြသည်။

"အမေ ကျုပ်တို့ မြို့တက်ရအောင်"

"မြို့တက်ပြီး ဘာ လုပ်ကိုင်စားသောက်မှာလဲ"

"လက်နှစ်ဖက်ရှိနေရင် ထမင်း မငတ်ပါဘူး အမေရယ်၊ ဒီမှာက ပင်ပန်းလွန်းပါတယ်"

"သမီး သဘောပဲလေ"

မညိုတုပ်၏ အမေက ရိုးသားလှသော သူဖြစ်သည်၊ ရသမျှ ဝင်သမျှ ငွေနှင့် တင်းတိမ်ရောင့်ရဲစွာ စားတတ်သည်၊ မညိုတုပ်ကတော့ လူငယ်ပီပီ ဘဝ၏ တိုးတက်ရာတိုးတက်ကြောင်းကို ရှာချင်သည်၊ ကြိုးစားချင်သည်။ ထို့ကြောင့်ပင် ပြောင်းလဲမှုကိုရှာခြင်းဖြစ်လေသည်။

"မြို့သွားဖို့ အဆက်အသွယ်က ဘယ်မှာရှိလို့လဲ သမီးရယ်···"

"ဒီလိုပဲ စုံစမ်းရမှာပေါ့ အမေရယ်၊ အဆက်အသွယ်ဆိုတာ ရှာမှရမှာပေါ့"

သားအမိနှစ်ယောက်၏ ဘဝ သည်လို အနေအထားနှင့် နေရသည်ကို မညိုတုပ်က မရောင့်ရဲနိုင်ပေ။ ကံဇာတ်ဆရာက မညိုတုပ် ဘက်က ဖေးကူမလာသည်။ မြို့ပေါ်တွင် အလုပ်လုပ်ဖို့ အခွင့်အရေးရလာသည်။

"ထမင်းဆိုင်မှာ လူလိုတယ်၊ သွက်သွက်လက်လက် ဖြတ်ဖြတ်လတ်လတ် ရှိတဲ့ သူကို လိုချင်တယ်လို့ ပြောတယ် ညီတုပ် နင်တို့ သားအမိ သွားလုပ် မလား···စားစရိတ်ငြိမ်းပဲ၊ နေစ အခန်းလေးလည်းရမယ်···"

အချို့ရွာ သကာ တွေ့ဆိုသ မညိုတုပ်တစ်ယောက် ဟန်ပင်မဆေ အမေ့ကို မရရအောင်ပြောတော့သည သားအမိနှစ်ယောက်နေဖို့ ရိပ်မြုံလေ ရသလောက်ဈေးနှင့်ရောင်းကာ အပြ ဖြတ်လိုက်သည်။ ရသမျှငွေကို ကျစ်လစ်လစ်အထုပ်စုကာ မြို့ပေ လိုက်ခဲ့ကြသည်။ ရွာနှင့် မြို့ကို အ အသန်းများပြီး လည်လည်ဝယ ရှိသော ဒေါ်မယ်မ၏ ဦးဆောင် လိုက်လာခဲ့ခြင်းဖြစ်သည်၊ ဒေါ်မယ် ရွာအနီးနားဝန်းကျင်မှ မိန်းကလေ အား မြို့ပေါ်တွင် အိမ်အကူ အ သမားအဖြစ် အလုပ်ရှာဖွေပေး သလို။

ယခုလည်း ထမင်းဆိုင်မှ နေသောကြောင့် မညိုတုပ်တို့သာ အား လာခေါ်ခြင်းဖြစ်သည်။ သာ နှစ်ယောက်စလုံး အလုပ်လုပ်နိုင် အစစအရာရာ စိတ်ချရသည်၊

"မမလေး···မမလေး"

ဧည့်ခန်းမှ အဖော်ခေါ်ထာ ဆယ့်လေးငါးခြောက်နှစ်ရွယ် က လေး၏ ခေါ်သံကြောင့် မေ သူတွေးလက်စတွေကို ဖျောက် သည်။

"ဘာကိစ္စလည်း



www.burmeseclassic.com

www.burmeseclassic.com

"ညော့သည်ရောက်နေတယ် ... မမလေး နဲ့ ချိန်းထားတာလို့ပြောတယ်"

"အော် အေး အေး...ညော့ခန်းထဲမှာ စောင့်ခိုင်းထားလိုက်၊ အချိုရည်၊ အအေးလေးဘာလေး ဖျော်ပြီးညော့ခံထားလိုက်ပါ..."

ကောင်မလေး ထွက်သွားသည်၊ မှန်ထဲရှိ မိမိရုပ်သွင်ကို မေနှင်းဆီ ပြန်ကြည့်မိသည်။

သာမန်အလုပ်ထက် ပိုလှအောင် ဖော်ပြနိုင်စွမ်းရှိသည့်မိမိ၏အရည်အချင်းကို ကျေနပ်သွားသည်။ မေနှင်းဆီက စိန်နားကပ်ကြီးကြီးသန့်သန့်ကို နားတွင် ပန်တာကလွဲပြီး ရွှေကို ပိုကြိုက်သည်၊ ရွှေဆွဲကြိုး အပြားကြီးကြီး တုတ်တုတ်ကို ရင်ညွှန့်အထိ ရှည်ကာ၊ ရွှေလော့ကတ်ပြား လုလုကိုသာ ဝတ်ဆင်သည်၊ ရွှေလက်ကောက်တွေမှာ လက်တစ်ဖက်စီတွင် ပုံစံတူ အစီအရီ ခုနစ်ကွင်းဆီရှိသည်။

"အော်...ဘယ်သူများလဲလို့ ဦးကိုကိုလတ်ပါလား... စောစောစီးစီး ဘာကိစ္စများလဲ..."

အသက်ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ရှိ လူတစ်ယောက်ထိုင်နေသည်။ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ ဥပဓိရုပ်ကကြည့်ပျော် ရှုပျော်သာရှိသည်။

"မေနှင်းဆီကို သတိရလို့ ခဏဝင်လာတာ မတွေ့ရတာလည်း ကြာပြီလေ..."

အရွယ်ရောက်စ ပျိုပြီဖြစ်သော
မညိုတုပ် အား မတိတထိ စသည်။
ခြေသွက်လက်သွက် ပြုတတ်သည်။
လူရှေ့ သူရှေ့ဆိုလျှင် မညိုတုပ် အားရှိသည်ဟူ၍ပင်
မသတ်မှတ်။ ကွယ်ရာတွင်မူ၊ မညိုတုပ်အား
စကားနှင့်လည်း တစ်မျိုး စတတ်လေသည်။

"နှင်းကို တွေ့ဖို့ချည်းသက်သက် ဝင်လာတာတော့ မဖြစ်နိုင်ဘူး ဦးကိုကိုလတ် အတွက်ပဲဖြစ်မယ်၊ နှင်း ဗေဒင်ဟောရင် လွဲခဲပါတယ်နော်..."

"အပြစ်တင်လဲ ခံရမှာပဲ၊ ကိုယ့်အတွက် နှင်းက သိပ်လိုအပ်ပါတယ်။ ကိုယ့်အပေါ်နားလည်မှုပေးပါ"

"ပစ္စည်းတစ်ခုခုကို ဝယ်ချင်တယ်ဆိုရင်...

ဟင်း...ဟင်း ဒီစကားကြီးပဲ ထပ်ပြောရတော့မ[illegible] တန်ရာတန်ဖိုး ပေးရမှာပေါ့..."

"မေနှင်းရယ်... ကိုယ်လေ သိပ် ခက်ခဲနေလို့ပါ၊ အဲဒါမှ မရရင် ကိုယ်.. ကို ...လေ နေလို့တောင် ရပါ့မလား မသိဘူး..."

"ကဲ ကဲ...လူနာညည်း မညည်းနေပါနဲ့...အေးကြည်ရေ၊ ဟောဒီက ညော့သည်သောက်ဖို့ မမလေး အခန်းထဲက စီးကရက်တစ်ဘူး ယူလာပေးပါ"

အေးကြည် ယူလာပေးသော စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ကာ ညော့သည်အား မီးညှိပေးပြီး တိုက်လိုက်သည်။

"အား...ကျေးဇူးတင်လိုက်တာ နှင်းဆီရယ်... ဆေးလိပ်သိပ်ပြီး သောက်ချင်နေတာ၊ ခုမှပဲ အာသာပြေတော့တယ်..."

"မောမောပန်းပန်းနဲ့ လာတဲ့ ညော့သည်အတွက် သနားလို့ တိုက်လိုက်တာပါနော်... တော်ကြာ မသောက်ရ မနေနိုင်ရင် မေ့ ရှေ့မှာ ဒူးထောက်လာမှာကို စိုးရိမ်လို့ပါ..."

မေးနှင်းဆီက ထိုသူစီးကရက်ဖွာနေသည်ကို သေသေချာချာကြည့်နေသည်။ မီးခိုးငွေ့များကိုပင် နှမြောတသစွာဖြင့် ပါးစပ်မှ ဖွင့်ဟ[illegible]က်ပစ်ဘဲ ရေငုံကာ မျိုချသလို မျိုမျိုချနေသည်။ ဦးကိုကိုလတ်၏အဖြစ်ကို ကြည့်ရင်းက မညိုတုပ်ကိုပြန်ပြီး သတိရမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ညည်း တို့အိမ်မှာ အလုပ်လုပ်မယ်ဆိုရင် စည်းကမ်းရှိရှိ နေတတ်ရမယ်၊ အလုပ်ကို ခိုင်းရင် ခိုင်းသလို သေသေချာချာလုပ်၊ ခေါ်ရင် ရှင်လို့ ထူး။ ဒီညေ့ခန်းက ကုလားထိုင်တွေပေါ် ညည်းလုံးဝ မထိုင်ရဘူးနော်၊ အလုပ်တွေအားလုံး လုပ်ပြီးပြီဆိုလည်း ဟောဒီ ညေ့ခန်းနဲ့ ထမင်းစားခန်းက ကြမ်းကို အဝတ်နဲ့လိုက်သုတ်နေရမယ်။ တီဗီတို့ ဘာတို့ကို ခေါ်မှ လာကြည့်၊ မခေါ်ဘဲနဲ့ မဆိုင်ရင် ဝင် မလာနဲ့ ကြားလား"

မညိုတုပ်၏ ဘဝကို ပြန်စဉ်းစားမိသည့်အခါတွင် မေနင်းဆီသနားမိသည်။ ခိုင်းသမျှလုပ်ပေးရသည်၊ အိပ်ချိန်သာ နားရသည်၊ ကျွေးသည့် ထမင်းနှင့်မဝ၊ ဝအောင်စားရသည်။

အရွယ်လေး ရောက်လာသော်လည်း မတော်မရော် ဆင်သမျှကို ရုပ်ဆိုးပန်းဆိုးဝတ်ရသည်။ ခေါင်းခေါက်ခံ၊ ပေါင်းတွင်းကြော ဆွဲလိမ်ခံရသော အကြိမ်ပေါင်းကလည်း မနည်း။ ခေါ်ခိုင်းလျှင် သူတို့ရှေ့ အရောက် ဒူးထောက်လို့ သွားကာပေးရသည်။

မညိုတုပ်၏ အမေမှာလည်း သူလုပ်နိုင်သမျှအလုပ်တွေကို အချိန်ရှိသမျှလုပ်ရသည်။ အားလျှင် ခြံထဲမှ သစ်ရွက် အမှိုက်တွေ ကောက်ရသည်။ လေးငါးနှစ်သာကြာလာသည်။မညိုတုပ်တို့ သားအမိ အနေအထားက မည်သို့မျှ မပြောင်းလဲ၊ မတိုးတက်။

"ကဲ ကလည်း ဆိုးလိုက်တာ" ဘဝကို စိန်ခေါ်ပြီး ရှက်လှွင့်လာသော မညိုတုပ်၊ လောကဓံက ပြုသမျှကို အံခဲကာ ရင်ဆိုင်နေရပြီ။

"ဒီပေါ်မှတင်ထားတဲ့ ငါးရာတန် သုံးရွက်၊ မနက်က ငါဘုရားမရှိခိုးခင် တွေ့သေးတယ်…ဟော အခု မတွေ့တော့ဘူး…ညည်းတို့ မယူလို့ ဘယ်သူယူမှာလဲ…"

"ကျွန်မတို့ သားအမိက သူတစ်ပါးရဲ့ ပစ္စည်းဆိုရင် အပ်တိုတစ်ချောင်း တောင်မယူပါဘူးရှင်…"

"အေးလေ… အပ်တိုတစ်ချောင်း ဘယ်ယူမှာလဲ၊ ငါးရာတန်ဆိုရင်တော့ စိတ်ကူးပြီပေါ့ ရတယ်လေ၊ ဟဲ့ ညိုတုပ် ဒီညနေ ထမင်းမစားနဲ့။ ဟောဒီအခန်း ရှေ့မှာ ဒူးထောက်နေ…ကြားလား"

မညိုတုပ်ကို ကြည့်ပြီး အမေ မျက်ရည်ကျရသည်။ ဘာကိုမျှ ဂရုမစိုက်ဘဲ နှတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့အံကြိတ်ပြီး ညိုတုတ် ဒူးထောက်နေလိုက်သည်။

သူတို့ မိသားစုထဲတွင် သားတစ်ယောက်က ဗိုဆိုသည်။ အရွယ်ရောက်စပြုပြီဖြစ်သော မညိုတုပ်အား မတိတတိ စသည်။ ခြေသွက်လက်သွက် ပြုတတ်သည်။ လူရှေ့ သူရှေ့ဆိုလျှင် မညိုတုပ်အားရှိသည်ဟူ၍ပင် မသတ်မှတ်။ ကွယ်ရာတွင်မူ၊ မညိုတုပ်အား စကားနှင့်လည်း တစ်မျိုး စတတ်လေသည်။

ယခုငွေငါးရာကိစ္စနှင့် မညိုတုပ်တို့ သားအမိ အစစ်ခေး၊ အမေးအမြန်းခံရသည်။ ပတ်ဝန်းကျင်၏ မသင်္ကာအကြည့်ကို ခံရသည်။ ရှက်စိတ်၊ ကြောက်စိတ်၊ နာကြည်းစိတ်တို့မှာ မညိုတုပ်၏ ရင်ထဲ ကိန်းအောင်းလာသည်။

"ညည်းတို့ သားအမိ ဒီမှာဆက်မနေတော့ရင်ကောင်းမယ်"

"အမေကြီးတို့ သားအမိမှာ ဘာအပြစ်ရှိလို့လဲကွယ်"

"ကိုယ့် အပြစ်ကိုယ် သိမှာပေါ့၊ ဒီလို စာရိတ္တ ချွတ်ယွင်းတဲ့သူကို ဆက်လည်း မထားချင်ဘူး။ အလုပ်ရှုပ်လွန်းလို့ အမှုမလုပ်တာကိုဘဲ ကျေးဇူးတင်ပါ…"

ပစ်ပစ်ခါခါပြောသည်၊ နစ်နစ်နာနာစကားဆိုသည်။ လေး ငါးနှစ်အတွင်း ခိုင်းသမျှကို လုပ်သည် ပေးသမျှကိုသာယူသည်။ ကျွေးသမျှနှင့် ဝအောင်စားသည်၊ ထားသလိုနေပါသည်။ သူတို့သားအမိဘဝသည် ထိုမျှလောက်အောက်ကျိုကာနေပါလျက်နှင့် ယခုတော့ တိရစ္ဆာန်သဖွယ် မောင်းထုတ်ခြင်းကိုခံရပြီ"

"အမေရယ် ပြောင်းကြပါစို့…"

"ဘယ်မှာ သွားနေမလဲ…"

မိခင်ဖြစ်သူပြောသည့် စကားက မှန်သည် နေစရာကို စဉ်းစားကြည့်သည်။

ဘယ်နေရာမှ နားခိုစရာမတွေ့၊ နေစရာက အရေးကြီးသည်၊ စားစရာကို လုပ်ကိုင် ရှာဖွေစားလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကြောင့် သားအမိ နှစ်ယောက်အတွက်နေစရာကို အရင်ဆုံးကျူးကျော်ရပ်ကွက်လေးတစ်ခုတွင် အဖီအစွယ်လေးတစ်နေရာ ငှားကာနေကြသည်။ နေစရာရတော့ စားစရာ ရှာရတော့မည်။ ပထမဆုံးအရင်းမစိုက်ရသော ဘန်စွန်းရွက်ကို ကန်တွေမှာ လိုက်ခူးကာ ရောင်းသည်။ သားအမိနှစ်ယောက်အတွက်ဝမ်းစာဖြည့်ဖို့တော့ အထောက်အပံ့ရသည်။

"အဲဒါနဲ့ ဘယ်လိုဖြစ်လာတာတုန်း···"

အနားရှိ ဘဝတူတစ်ယောက်က မေးလိုက်စဉ် အလုပ်တဖြတ်နားချိန်ဖြစ်လျှင် အမေးအပန်း ဖြေနေကြသည်။

"အဲဒီလိုရောင်းရင်းနဲ့က လက်ပွားလာအောင်ဆိုတာနဲ့ ဆုံတာပေါ့။ သူကနင်အဲဒီလို လုပ်ကိုင်စားသောက်နေရတာ ပင်ပန်းတယ်ဆိုပြီး။ သူနဲ့အတူအလုပ်လုပ်ဖို့ ပြောတယ်၊ ပထမဆုံးဈေးထဲမှာ နေ့ပြန်တိုး၊ ခေါက်ပြန်တိုးဆိုတာတွေကို လိုက်တောင်းပေးရတယ်။

ကျွန်မအတွက် ကော်မရှင်ရတာပေါ့။ တစ်နေ့ကို လေးငါးခြောက်ရာရတော့ အဆင်ပြေတာပေါ့။ အမေဆုံးတော့ သူနဲ့ ကျွန်မ ယူလိုက်ကြတယ်။

သူက မုဆိုးဖို၊ ပထမအိမ်ထောင်နဲ့ သားသမီး မရသလို ကျွန်မနဲ့လည်း သားသမီးမရဘူး။

သူက ကျွန်မထက် ဆယ့်ငါးနှစ်လောက်ကြီးတယ်။ အတွေ့အကြုံကလည်း ပိုကျွမ်းတယ်။ ပိုက်ဆံရဖို့အတွက်အလုပ်မျိုးစုံလုပ်တယ်၊ နဲ့သမားလိုပေါ့၊ ဝိန်လိုက် ဖောင်းလိုက်ပါပဲ၊ သူသေတော့ ကျွန်မ လက်ထဲမှာ အရင်းအနှီးက များများ ရှိနေပြီ"

"မေနှင်းဆီ ဆိုတာက"

"မေနှင်းဆီက လှသစ်၊ ဘဝသစ်လေ၊ တိုက်ခန်းကောင်းကောင်း ငှားတယ်၊ လက်ဝတ်လက်စား ရွှေထည်ကိုများများ ဝတ်ပြ၊ ကားကောင်းကောင်းငှားစီးပြီး၊ စီးပွားရေးလောကထဲကို မလည် မဝယ်နဲ့ဝင်လာနဲ့ မုဆိုးမအရိုးခံမလေးပေါ့၊ အဲဒီမှာ ငွေထောတဲ့သူဆိုရင်ငွေရင်းလေးနည်းနည်းနဲ့ လုပ်ငန်းလုပ်ရတာ အဆင်မပြေလို့ ငွေတိုးချေးငှားဖို့ ပညာတွေ ထုတ်သုံးရတယ်လေ···"

"ဦးကိုကိုလတ် ဆိုတာက ဘယ်သူလဲ···"

"သူက မညိုတုပ် ပထမဆုံးနေခဲ့တဲ့ အိမ်က သူဌေးသားပေါ့၊ အမှားလုပ်မိရင် မညိုတုပ်ခမျာ ဒူးထောက်ပြီး ထမင်းအငတ်ခံရရှာတယ်၊ သူ့ကိုလည်း မေနှင်းဆီက ဟန်ဆောင်မျက်နှာဖုံးနဲ့ ဝင်ပြီး ဘဝဆုံး၊ လူညွန့်တုံးစေတဲ့ ဝေဒနာရဲ့ သားကောင်အဖြစ် ဖန်တီးပေးလိုက်တယ်လေ···"

"အဲဒီတော့···"

"အဲဒီတော့ သူလိုချင်တဲ့ ပစ္စည်းသုံးရဖို့အတွက် မေနှင်းဆီထံလာပြီး ခခယယနဲ့ ဒူးထောက်ရပြီလေ၊ မိဘလက်ထက်က ချမ်းသာခဲ့တဲ့ ငွေကြေးအင်အားက သူ့လက်ထက်မှာ မွဲပြောင်သလင်းခါနေပြီ၊ မျက်စိမမြင်မစမ်းနဲ့ အံသက်ကြီးမှ ဇက္ကရောက်တဲ့ အဖွားကြီးလည်း မေနှင်းဆီက မညိုတုပ်တုန်းကခံစားရသလို တစိမ့်စိမ့်ခံစားစေတယ်···"

"နောက်တော့ မေနှင်းဆီ ဘာဖြစ်လို့ အဖမ်းခံရတာလဲ···"

"ဟင်း··· အဖျှော်မသတ်တဲ့ လောဘဇောပေါ့ရွှေတုတွေ ဟန်ဆောင်ဝတ် လူအထင်ကြီးအောင်လုပ်၊ ပိုက်ဆံတွေ လျှောက်လိမ် ဒီကြားထဲမှာ ကိုကိုလတ်က မသေခင်၊ သူလိုတဲ့ မူးယစ်ဆေးဝါးကို မေနှင်းဆီက ပေးပါတယ်လို့ ထွက်သွားတာကို ကြွက်မြီးတန်း လျှောက်စစ်လိုက်တော့လည်း ပေါ်သွားတော့ အခု ဒီအချုပ်ထဲကို ရောက်နေပြီ၊ အင်း··· လေ၊ ကိုယ်ပြုတဲ့ဒဏ်ပေးဆပ်ခံရမှာပေါ့။အကောင်းဆုံးကတော့ ရိုးသားဖြူစင်တဲ့ မညိုတုပ်ရဲ့ ဘဝလေးကိုပဲ ပြန်လိုချင်ပါတယ်။

မြမြလှိုင်




www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ဝံ-ကော
## မင်းမိန့်ကော.. (၂)

လွန်ခဲ့သည့် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်၊ ၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့လယ် ၂ နာရီခန့်လောက်တွင် အင်းစိန်ဆေးရုံမှ မိုန်းတန်းလန်းဖြင့် ဒဏ်ရာရ လူနာတစ်ဦး သာကေတရွာမှ ရောက်လာကြောင်း တယ်လီဖုန်းဝင်လာသည်။ ထိုစဉ်က ကျွန်တော်မှာ အင်းစိန်ရဲစခန်းတွင် နယ်ထိန်းခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒုလုံခြုံရေးမှူးဖြစ်ပါသည်။ ရဲစခန်းမှူးက ဆေးစာသွားပေး၍ အမှုဖွင့်ရန်လိုအပ်ပါက တစ်ပါတည်း တိုင်ချက်ရေးဖွင့်နိုင်ရန် ဂါတ်စာရေးကြီးကို တိုင်ချက်စာအုပ်ပါယူသွားခိုင်းသဖြင့် ကျွန်တော်လည်း အမှုဖွင့်လျှင် တရားခံကို ဖမ်းပေးနိုင်အောင် လိုက်သွားခဲ့ပါသည်။ ဆေးရုံရောက်သည့်အခါ တာဝန်ကျဆရာဝန်က-

"ရဲ ဆရာတွေ၊ လူနာကို ခွဲစိတ်ရမှာမို့ မြန်မြန် မေးမြန်းပေးကြပါနော်။ သွေးလွန်ရင် သေသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"လူနာက ဘယ်မှာလဲ ဆရာ၊ သတိရနေသေးလား"

"ခွဲစိတ်ခန်းအဝမှာစောင့်နိုင်းထားတယ်။ အပေါ်ကို တက်သွားကြပါ"

ဟုပြော၍ လှေကားမှ တစ်ဆင့် ဆေးရုံအပေါ်ထပ်သို့ အမြန်တက်သွားကြသည်။ ခွဲခန်းဝရှိ လူနာမှာ လူနာစင်ပေါ်တွင် မှောက်လျက်ဖြင့် ယာဘက်လက်ပြင်အောက်တွင် မှိန်းစိုက်ဝင်နေလျက်တွေ့ရသည်။ လူနာ၏အနီးတွင် အမျိုးသမီးတစ်ဦးနှင့်အမျိုးသားသုံးဦးတို့ကို စိုးရိမ်မျက်နှာများဖြင့် တွေ့ရသည်။ လူနာ ယောကျ်ားမှာ အသက် ၄၀ ခန့်ရှိပြီး ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိသည့် ကိုယ်ဟန်ဖြင့် သတိရနေလျက် တွေ့လိုက်ရသည်။

"နာမည်ဘယ်လိုခေါ်လဲ"

"မောင်တုတ်ချောပါ"

"အဖေနာမည်"

"ဦးလူဒင်"

"အသက်"

"၄၁ နှစ်"

"အလုပ်အကိုင်"

"တောင်သူ"

"နေရပ်လိပ်စာ"

"သာစုကန်ရွာ၊ ဘုရားကုန်း"

"လူမျိုး/ဘာသာ"

"မြန်မာ/ဗုဒ္ဓဘာသာ"

"မှိန်းနဲ့ ဘယ်သူထိုးလိုက်တာလဲ"

"ပုဏ္ဏက ပစ်လိုက်တာပါ"

"အဲဒီလူက ဘယ်မှာနေလဲ"

"လူမဟုတ်ဘူး၊ သရဲ၊ ပုဏ္ဏက သရဲပါ"

"ဟေ"

ဟု ကျွန်တော်အံ့အားသင့်လျက် လူနာမျက်နှာနှင့် နံဘေးမှ လူများကို ကြည့်နေမိလိုက်သည်။

"ခင်ဗျားတို့ဟာ အဆန်းပါလားဗျ။ ဘယ့်နှယ် ပုဏ္ဏကသရဲက မှိန်းနဲ့ပစ်လို့ဆိုတော့"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မက ကိုတုတ်ချောရဲ့ ဇနီးပါ။ ဒီကလူတွေလည်း အားလုံးသိကြပါတယ်။ ကျွန်မတို့အိမ်ကို ပုဏ္ဏက တိုက်ခံထားရလို့ပါ"

"အေးဗျာ . . တစ်ခါမှတော့ မကြုံဖူးဘူး။ လူနာကိစ္စပြီးရင် ရဲစခန်းကို လာပြီး စခန်းမှူးနဲ့တွေ့ပါဦး"

ဟု မှာ၍ တာဝန်ကျ ဆရာဝန်ထံ ဆေးစာရေးသားပေးခဲ့ပြီးရဲစခန်းသို့ ပြန်လာခဲ့ကြသည်။ ရဲစခန်းမှူးထံ ဝင်ရောက်သတင်းပို့သောအခါ-

"အဟုတ်လားဗျ၊ ဒါဆို အမှုမဖွင့်နဲ့ဦးဗျာ။ ဆေးစာပို့ထားကြောင်းကိုပဲ နေ့စဉ်ပြထားလိုက်ပါ။ခွဲစိတ်လို့မအောင်မြင်ဘဲသေသွားရင်တော့ သေမှုသေခင်းဖွင့်ရမှာပဲ။ ကောင်းသွားရင်တော့ပြီးတာပဲ။ ဝိညာဉ်ကို တရားစွဲလို့မှမရဘဲဟာကို"

"ဟုတ်ကဲ့ပါ စခန်းမှူး၊ လူနာရဲ့ဇနီးနဲ့ အဖော်တွေကို ရဲခစခန်းလိုက်လာဖို့ ခေါ်ထားခဲ့ပါတယ်"

"လာရင် ခင်ဗျားပဲအစစ်ခံထွက်ဆိုချက်ပြည့်စုံအောင် ရေးယူထားလိုက်ဗျာ"

ဟု ညွှန်ကြား၍ တိုင်းအစည်းအဝေးသို့ ထွက်သွားတော့သည်။

ကျွန်တော်လည်း ပုဏ္ဏကတိုက်သည်ဟုသာကြားဖူးခဲ့ပြီး တစ်ခါမျှ ကြုံတွေ့ဖူးခြင်း မရှိသဖြင့် စိတ်ဝင်စားကာ လူနာရှင်များကို မျှော်နေမိသည်။ ညနေ ၄ နာရီခန့်တွင် အင်းစိန်ဆေးရုံမှ ဖုန်းဆက်ခေါ်ပြန်သည်။ တာဝန်ကျ ဆရာဝန်က

"ရဲဆရာကြီး၊ လူနာကတော့ ခွဲစိတ်တာပြီးသွားပြီ။ အခြေအနေကောင်းပါတယ်။ အဆုတ်ကို နည်းနည်းထိသွားတယ်။ မေ့ဆေးပြေရင် သတိပြန်ရလာမှာပဲ။ အခု ပောာဒ်မှိန်းကို ခေါ်ပေးတာပါ"

ဟု ရှင်းပြ၍ မောင်တုတ်ချော နောက်ကြောတွင် ပူးဝင်နေခဲ့သည့် ဝါးရိုးတစ်လုံးကျော်ခန့် အရှည်တပ်ဆင်ထားသည့် ဒစ်တစ်ဖက်ပါ မှိန်းကိုပေးအပ်လေသည်။ မှိန်းစူးမှာ တစ်ထွာကျော်ခန့်ရှိသဖြင့် ပတ်တီးလိပ်တောင်းယူပြီး မှိန်းစူးကို ရစ်ပတ်လိုက်သည်။ ရှာဖွေပုံစံဖြင့် လက်ခံသိမ်းယူလိုက်ပြီး -

"ဆရာ . . လူနာရှင်တွေကော ပြန်သွားကြပြီလား ဆရာ"

"မပြန်ကြသေးဘူးဗျ၊ အပေါ်ခွဲစိတ်လူနာခန်းမှာရှိတယ်။ လူနာသတိမရသေးလို့ မပြန်ကြသေးတာတဲ့"

ကျွန်တော် တက်သွားကြည့်လိုက်ရာ လူနာခုတင်ဘေးတွင် မိန်းမတစ်ဦးနှင့် ယောကျ်ားနှစ်ဦးတို့ ကိုသာ

"ကျွန်မတို့အိမ်ကို ပုဏ္ဏက တိုက်ခံထားရလို့ပါ"

www.burmeseclassic.com

ခွဲရတော့သည်။ လူနာမှာ ခေါင်းဘတ်တွင် ပတ်တီးများ စည်းထားလျက် စောင်းလျက် အနေအထားဖြင့် သွေးသွင်း ခံနေလေသည်။

"ဆရာ၊ ကျွန်မတို့ မနက်မြန်တျမှ ရဲစခန်းကို လာလို့ နေဘူးလား။ ဒီမှာ ကျွန်မ ယောကျ်ား သတိမရဖြစ်နေ သေးလို့"

"ဟာ . . ရပါတယ်ဗျာ။ လူနာက မေ့ဆေးအရှိန်ကြောင့် သတိလစ်နေတာပါ။ မေ့ဆေး အရှိန်ကုန်သွားရင် သတိပြန်ရ လာမယ်လို့ တာဝန်ကျဆရာ ဝန်က ပြောတယ်ဗျ။ မစိုးရိမ် ပါဘူးတဲ့"

"ဟုတ်လားဆရာ၊ ကျွန်မ တို့က နားမလည်တော့ ဒီ သွေး သည်းကြီးတန်းလန်းနဲ့ ခွဲခန်း ထဲက ယူထုတ်လာတာမြင်ပြီး အအားစိတ်ပူနေတာ ဆရာ။ ရွာကို ပြန်ပြီးလူကြီးတွေကို ဆောင်ခေါ်ခိုင်းလိုက်ပြီ"

"အော် . . မှိန်းကအဆက် ကို ထိသွားလို့ ခွဲစိတ်ရာမှာ သွေးထွက်များကာနဲ့ ပြန်ပြီး သွေးအစားသွင်းပေးထားတာ ပါ။ နောက်တစ်နာရီ နှစ်နာရီ လောက်ဆို ပြန်သတိရလာမှာ ပါဗျာ"

"ဝမ်းသာလိုက်တာဆရာ ရယ်။ ကျွန်မတို့က ကြောက်လို့ ဆရာဝန်ကြီးတွေကို မမေးရဲ ဘူးလေ။ ဆရာမတွေကလည်း ဘာမှမပြောကြတော့ စိုးရိမ်ရ တယ်လို့ ထင်နေတာဆရာ။ အခုမှပဲ ရင်အေးသွားတော့ တယ်"

"ကဲ-ခင်ဗျားတို့ ရဲစခန်း မလာရအောင် ဒီမှာပဲ ကျွန် တော် အစစ်ခံချက်ယူသွား လိုက်တော့မယ်ဗျာ။ ဘယ်လို ကနေ စဖြစ်တာလဲလို့ အပြည့် အစုံသာ ပြောပြကြပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန် မက ကိုတုတ်ချောရဲ့ဇနီးပါ။ ကျွန်မနာမည်က မသူဇာလို့ ခေါ်ပါတယ်။ ကျွန်မက လှော် ကားရွာကပါ။ ဒါက ကျွန်မခဲ အို၊ ကိုတုတ်ချောရဲ့ အစ်ကို ကိုတုတ်ပေါပါ။ သာခုကန်ရွာ သားပါ။ ဒါက ကျွန်မရဲ့ မောင် မောင်သက်တင်ပါ။ လှော်ကား ရွာမှာ အဖေတို့နဲ့အတူနေပါ ကယ်။ ကျွန်မတို့မှာ သားသမီး သုံးယောက်ရှိပါတယ်။ အကြီး က ၁၀ နှစ်၊ မောင်လူအေးလို့ ခေါ်ပါကယ်။ ၅ တန်းရောက် ပါပြီ၊ [illegible] နှစ်၊ မောင် လူမွှေးပါ။ ၃ တန်းမှာ မှာပ။ အငယ်ဆုံးက ၅ နှစ်၊ မစပယ် ပါ။ ဒီနှစ်မှ ကျောင်းစထားပါ တယ်။ ကလေးတွေကို အခု အဖေတို့ဆီပို့ထားရပါတယ်"

ဟုအစပျိုးလျက်ပြောပြ သည်များမှာ -

သာခုကန်ရွာမှာ လှော် ကားကံပေါင်ရိုးပေါ်တွင် တည် ရှိသည့် ရှေးဟောင်းစေတီ တော်၏အမည်ကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ သာခု ကန်ဘုရားတွင် ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ သရီရဓာတ်တော်၊ ဓာတ်တော်များ ဌာပနာထား ပြီး အရိမေတ္တေယျဘုရားပွင့် တော်မူလျှင် လှူရန်ရတနာ ပစ္စည်းများရှိလျက် ကံတော် ရှင်မသိုက်နန်းရှိသည်။ သာခု ကန်ရွာသားများသည် ဤစေ တီတော်ကို စောင့်ရှောက်ကြရ သည့် ကံတော်ရှင်မ၏ သိုက် ဆက်အနွယ်များဖြစ်ကြသည် ဟု ပြောဆိုယုံကြည်ကြလေ သည်။ လှော်ကားကန်ကြီးမှာ လည်း ကျယ်ဝန်းလှလျက် ရန် ကုန်မြို့တော်ကြီးအား သောက် သုံးရေ ပေးဝေနေရာ သဘာဝ ရေကန်ကြီးဖြစ်သည့်အလျောက် သစ်ပင်ကြီး သစ်ပင်ငယ်များ၊ ဘေးမဲ့တိရစ္ဆာန်များဖြင့် နိုင်ငံ တော်မှ ထိန်းသိမ်းစောင့် ရှောက်နေသည့် သဘာဝ သစ် တောများဖြင့် အေးငြိမ်းသာ ယာလျက်ရှိပေသည်။ သာခု ကန်စေတီတော်တစ်ဝိုက်မှာ လည်း တောပန်း၊ တောပင်၊ သစ်ရိပ်၊ ဝါးရိပ်များဖြင့် တောင် ကမူအမြင့်ပေါ်တွင် ဘုရား၊ တန်ဆောင်း၊ ခေါင်းလောင်း အစုံအညီဖြင့် လှော်ကားကန် အပေါ်စီး၍ မြင်နိုင်သည့် ရှု ခင်းသာကြောင့် မြို့နေလူအ များ၊ ပျော်ပွဲစား၊ ဘုရားဖူးလာ ကြလေ့ရှိသည့်နေရာဖြစ်ပေ သည်။ ဘုရားကုန်းပေါ်တက် သည့် စောင်းတန်းအောက်ဖက် တွင် ဘုန်းတော်ကြီးကျောင်းရှိ သော်လည်း ဦးနန္ဒိယကိုယ် တော်တစ်ပါးသာလျှင် စွဲမြဲစွာ သီတင်းသုံးနေသည်မှာ ၁၀ နှစ် ရှိပြီဖြစ်သည်။ ရွာနှင့်အတန် ငယ်အလှမ်းဝေးခြင်း၊ တောရိပ် တောင်ရိပ်ထူခြင်း၊ အစောင့် အရှောက်ကြီးခြင်း၊ ဆွမ်းကွမ်း ရှားပါးခြင်းများကြောင့် ရဟန်း တော်များ မပျော်ပိုက်နိုင်ကြ သည့် နေရာဖြစ်လေသည်။

"အရှင်ဘုရား၊ တပည့် တော် အသက်တရှိ . . အရှင် ဘုရားကိုးကွယ်ပါမယ်ဘုရား။ ဒီကျောင်းနဲ့ ဘုရားကို စွန့်ခွာ မသွားပါနဲ့ ဘုရား"

"ဒကာဘုတ်ချော ကျေး ဇူးကြောင့်ပဲ ဦးပဉ္စင်းလည်း ဒီ မှာ မြဲနေနိုင်တာလေ။ ဘုရား ရိပ်၊ တရားရိပ်၊ တောတောင် အရိပ်တွေနဲ့ အေးငြိမ်းအေး



www.burmeseclassic.com

www.burmeseclassic.com

မို့ ခန္ဓာဝန်သိမ်းနိုင်တဲ့ထိအောင် အားထုတ်သွားမှာမို့ စိတ်မပူပါနဲ့ ဒကာတုတ်ချော့ရယ်။ ဘယ်မှသွားဖို့ စိတ်ဆန္ဒမရှိပါဘူးဗျာ"

မိဘများ ကွယ်လွန်သွားကြပြီးနောက် မောင်တုတ်ပေါ နှင့် မောင်တုတ်ချော့တို့ ညီအစ်ကိုနှစ်ဦး၊ မိဘများလက်ငုတ် လယ် ၁၀ ဧကကို တစ်ဝက်စီ အမွေခွဲယူလိုက်ကြသည်။ ရထားလမ်းဘက်မှ လယ် ၅ ဧကကို အကြီးဖြစ်သူက ယူ၍ အငယ်ဖြစ်သူ မောင်တုတ်ချော့က ကားလမ်းဘက်မှ လယ် ၅ ဧကကို ရသည်။ အိမ်ထောင်သည်များဖြစ်ကြ၍ အစ်ကိုကြီးအား ဦးစားပေးပြီး မောင်တုတ်ချော့က ၎င်းရသည့် လယ်အစပ်တွင် အိမ်ခွဲဆောက်လျက် ရွာမှထွက်လာခဲ့သည်။ သာခုကန်စေတီတော်နှင့် နီးကပ်သဖြင့် ကျောင်းမှ ဦးပဥ္စင်းဦးနန္ဒကို ဆရာရင်း ဒကာရင်းအဖြစ်ခံယူကာ ဆွမ်းကွမ်းမှအစ၊ ဘုရားနှင့်ကျောင်း၏ ဝေယျာဝစ္စမှန်သမျှကို ဒိုင်ခံဆောင်ရွက်ပေးလာခဲ့ခြင်းဖြစ်သည်။ ရဟန်းအနေမငြိသည့် ကျောင်းဖြစ်၍ စိုးရိမ်စိတ်ဖြင့် လျှောက်ထားရခြင်းသာ ဖြစ်သော်လည်း တရားအလုပ်တွင် နစ်မြုပ်နေသည့် ရဟန်းတော်ဖြစ်သဖြင့် ရာသက်ပန်ကိုး ကွယ်သွားရန် ရည်သန်ထားလေသည်။

"ကိုချော့၊ ညနေတုန်းက ရွာထဲသွားပြီး ကလေးတွေကို ကျောင်းသွားကြိုတော့ အစ်ကိုကြီး ကိုပေါနဲ့တွေ့တယ်။ ညကျရင် သူကြီးအိမ်မှာအစည်းအဝေးရှိတယ်။ ကိုချော့ကို ဆက်ဆက်လာပါလို့ မှာလိုက်တယ်"

ဟု လယ်ထဲမှ ပြန်တက်လာသည့် ကိုတုတ်ချော့အား ဇနီးဖြစ်သူက သားသမီးများအား ညစာထမင်းကျွေးနေရင်းမှ လှမ်းပြောလိုက်သည်။

"ဒါဆိုရင် ငါရေချိုး၊ ထမင်းစားပြီး စောစောပဲသွားလိုက်မယ်လေ။ မင်းတို့ သားအမိတွေ အိမ်တံခါး၊ ခြံတံခါး သေသေချာချာပိတ်ပြီး ဘတ္တရီမီးထွန်းထားပေါ့"

"အမလေးတော် ဒီခေတ်ကြီးမှာ၊ စိုးရိမ်စရာမရှိ စိုးရိမ်နေပြန်ပြီ။ ကိုချော့သာ မြန်မြန်ပြန်လာ၊ စကားရှည်မနေနဲ့။ သူကြီးအိမ်မှာ အစည်းအဝေးလုပ်မှာဆိုတော့ စပါးရောင်းဖို့များလားမသိဘူး။ တာဝန်ကြေစပါးပဲ ရောင်းမှာနော်။ အပိုတွေ ကတိခံမလာနဲ့။ ဒီနှစ်စပါးသိမ်းပြီးရင်း ဦးပဥ္စင်း ကျောင်းလေးပြင်ပေးရအောင်။ အပြင်ကိုပဲ ရောင်းရမှာတော့"

"အေးပါဟာ၊ ငါလည်း သိပါတယ်။ မခေါ်စဖူး သူကြီးအိမ်အစည်းဌာဝေးကို ခေါ်တယ်ဆိုတော့ အရေးကြီးလို့ပဲဖြစ်မှာပါ။ ဒီနှစ်အထွက်တိုးတွေချည်း စိုက်ထားတာဆိုတော့ အောက်ထစ် ၄/၅ ရာတော့ ရမှာပါ။ စိတ်ပူမနေပါနဲ့"

ကိုတုတ်ချော့က ဇနီးကို မှာကြားပြီး အမြန်ရေချိုးထမင်းစား၍ ဓာတ်မီးတစ်လက်နှင့် မှိန်းချောင်းကို ယူလိုက်ပြီး အိမ်ပေါ်မှ ဆင်းလာလိုက်သည်။

ဇနီးဖြစ်သူ မသူဇာက ခြံတံခါးပေါက်ပိတ်ရန်လိုက်လာရင်း -

"ကိုချော့က ဒီမှိန်းကို ဘာဖြစ်လို့ ယူသွားမှာတုန်း။ စက်ဘီးတစ်ဖက်၊ မှိန်းတစ်ဖက်နဲ့။ လက်မနိုင်ဖြစ်ပြီးလဲနေဦးမယ်"

"နိုင်ပါတယ်ကွာ။ လမ်းမှာ မြွေပါး ကင်းပါးတွေ့ရင် ရအောင်လို့ပါဟ"

ဟု ပြောပြီး ဓာတ်မီးအား ခါးကြားထိုးကာ မှိန်းကို စက်ဘီးဘားတန်းတွင် တွဲချည်လိုက်သည်။

"ငါနောက်ကျနေရင်လည်း မင်းတို့သားအမိအိပ်နှင့်ကြပေါ့။ စောင့်မနေနဲ့။ အိမ်တံခါးသာ သေသေချာချာ ပိတ်ထားလိုက်။ ငါလာတော့ နှိုး

လိုက်မယ်"

"သွားသာသွားပါတော် စောင့်နေပါ့မယ်။ စိန်ပုတ်လည်း ရှိနေတာပဲ။ သူခိုးဝှက်လည်း ရှိတာမဟုတ်ဘဲနဲ့ သူကြီးရဲ့ အစည်းအဝေး ကြောင်းကို သိချင်နေတာ။ ရင် မြန်မြန်သာပြန်လာခဲ့"

"အေး . . အေး . .

ဖြင့် ငါသွားပြီ"

ဟု ပြော၍ စက်ဘီးနှ ကာ ထွက်လာခဲ့သည်။

သာခုကန်ရွာမှာ ဒည ကုန်း-လှော်ကားသွား က လမ်းကို ခွထားသဖြင့် ရန် မှော်ဘီ သွားရထားလမ်း လယ်ကွင်းများ ခြားနေသည ဘူတာစုတွင် ရထားဝန်ထ များနှင့် လယ်ယာပိုင်ဆိုင်မှ သည့် လက်လုပ်လက်စာ နည်းစုသာ နေထိုင်ကြသ သာခုကန်စေတီနှင့် ရွာ လည်း ကားလမ်းနှင့် ကားကန်အကြားတွင် ရှိ လည်း မိုက်ဝက်ခန့်ဝေး သည်။ လှော်ကားဥယျာဉ် မဲ့တောမှ အစိုးရဝန်ထမ်း ၏ အိမ်ရာများမှာ ရဲ အနားတွင်သာ ရှိ၍ဖြင့် ရွာ



www.burmeseclassic.com

www.burmeseclassic.com

အသီးတခြားစီဖြစ်နေသည်။ ကိုတုတ်ချောမှာ စက်ဘီးရှိနေ၍ လယ်ထဲသွားသည်မှလွဲပြီး အခြားနေရာများသို့သွားလျှင် စက်ဘီးဖြင့်သာ သွားလေ့ရှိသည်။ ကျေးရွာ ရယကဥက္ကဋ္ဌ ဦးလှကြီးအား ရွာသားအားလုံးက အပင် သူကြီးဟုခေါ်ကြသည်။ ကိုတုတ်ချောရောက်သွားသည့်အခါ ဦးလှကြီးက . .

"လာဟေ့ မောင်တုတ်ချော၊ မင်းစောစောမှ ရောက်ပလားလို့၊ တို့မျှော်နေတာ"

"လယ်ထဲက စောစောတက်လာတာနဲ့ သူကြီးအိမ် အစည်းအဝေးခေါ်ထားတယ်လို့ မသူဇာပြောတော့၊ ဘာအကြောင်းကိစ္စထူးများလဲလို့ စိတ်ပူပြီး စောစောထွက်လာလိုက်တာပါသူကြီး။ အိမ်မှာ သူဇာတို့သားအမိကိုလည်း စိတ်မချလို့ စောစောပြန်ရအောင်လို့ပါ"

"အေးပါကွာ၊ ကိစ္စက အရေးမကြီးပါဘူး။ ဒါကြောင့် မင်းအစ်ကိုကို မှာခိုင်းလိုက်တာပေါ့။ လာ . . လာ . . ရေနွေးကြမ်းနဲ့လက်ဖက်သုပ်စားရင်းပြောကြတာပေါ့။ လူကြီးတွေလည်း စုံနေပါပြီ"

စက်ဘီးအား ဒေါက်ထောက်လိုက်ပြီး အိမ်ပေါ်တက်သွားရာ ရွာထဲမှ အသက်အရွယ်ကြီးသူလူကြီး ငါးဦးနှင့် အစ်ကိုဖြစ်သူ ကိုတုတ်ပေါ်တို့ကို တွေ့လိုက်ရသည်။ ကိုတုတ်ပေါ်က -

"မင်းလာတာအတော်ပဲကွ။ ညနေက ခယ်မလေးကို မှာလိုက်တာ။ မင်းမလာရင်လည်း လူကြီးတွေပြောတဲ့ စကားကို မနက်ကျမှ ငါလာပြောမလို့ပဲကွ"

"အစ်ကို့ညီမကလည်း သိချင်နေတာလေ။ ကျွန်တော်လည်း မခေါ်စဖူး အစည်းအဝေးလာပါလို့ ခေါ်တာဆိုတော့ဘာကိစ္စများလဲလို့ စိတ်ပူနေတာ။ အခုဟာက . . ."

"ကဲ . . ထိုင်၊ မောင်တုတ်ချော၊ ဒီလိုကွ။ ငါ ဒီကနေ မြို့နယ်မဝတရုံးအစည်းအဝေးသွားတော့ ဥက္ကဋ္ဌဗိုလ်ကြီး သန်းကြွယ်က ငါတို့ သာစုကန်ဘုရားဟာ သမိုင်းဝင် ရှေးဟောင်းစေတီတစ်ဆူဖြစ်လို့ နိုင်ငံတော်က ဘက်စုံစီမံကိန်းချထားဖို့ရှိတယ်တဲ့။ အဲဒါ တို့ဘုရားကို မသမာသူတွေ လာပြီး ရှေးဟောင်းပစ္စည်းတွေ၊ ဆင်းတုတော်တွေ ခိုးယူတာမျိုး မခံရအောင်ဂေါပကဖွဲ့ပြီးဘုရားကြီးကို စောင့်ရှောက်ရမယ်လို့ ညွှန်ကြားလိုက်တယ်ကွ"

"ဟာ . . ဒါဆိုကောင်းတာပေါ့ သူကြီးရာ။ ကျွန်တော်တို့ရွာလည်း ပိုပြီးစည်ကားလာတော့မှာပေါ့"

"အေးပေါ့ကွာ၊ စေတီတော်ကြီးကို နိုင်ငံတော်က တာဝန်ယူပြီး ဘက်စုံပြုပြင်တည်ဆောက်မှုတွေ မပြုလုပ်ခင်၊ တို့ရွာက ဘုရားဆိုတော့ တို့က အခုကတည်းက ဘုရားဂေါပကဖွဲ့ပြီး စောင့်ရှောက်ရမယ်လေကွာ။ အဲဒါ မင်းက ဘုရားနားမှာ အခြေချနေတာဆိုတော့ မင်းကို ဂေါပကအဖွဲ့ထဲပါစေချင်တာလေကွာ"

"ဟာ . . သူကြီးကလဲ၊ ကျွန်တော်က လူငယ်ပဲဟာ။ ဘုရားလူကြီးလုပ်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွ။ အခုတို့လူကြီး ၆ ယောက်စလုံးလည်း တိုင်ပင်ပြီးပြီ။ မင်းက ဘုရားပေါ်လည်းအရောက်များတယ်။ ဦးပဥ္စင်း ဦးနန္ဒိယကိုလည်း ကိုးကွယ်နေတယ်ဆိုတော့ အနီးကပ်ကြည့်ရှုစောင့်ရှောက်နိုင်တယ်လေကွာ။ အသက်ကြီးတာ ငယ်တာပဓာန မဟုတ်ဘူးကွ။ ဘုရားကြီးကို ကြည့်ရှုစောင့်ရှောက်ပေးဖို့က အရေးကြီးတာလေကွာ"

"အေးကွ၊ မောင်တုတ်ချောရေ၊ တို့လူကြီးတွေက သွားရ လာရလေးလံနေကြပြီကွာ။ နောက်ပြီးဘုရားနဲ့ရွာနဲ့လည်း နည်းနည်းလှမ်းတော့ နေ့တိုင်းလိုလိုဘုရားပေါ်မရောက်နိုင်ကြဘူးပေါ့ကွာ။ အစောင့်တွေဘာတွေ ချထားဖို့ကလည်း တို့မှာ လူအခက်အခဲ၊ ငွေ အခက်အခဲရှိတယ်လေကွာ။ လယ်သိမ်းပြီးချိန်လည်း မဟုတ်တော့ သူသူငါငါ မအားမလပ်ကြဘူးပေါ့ကွာ၊ ဒါကြောင့်တို့လူကြီးတွေအားလုံး တိုင်ပင်ပြီး လူငယ် လူရွယ်လည်းဖြစ်၊ ကျောင်းနဲ့ဘုရားကိုလည်း အလေးထား၊ အိမ်လည်းနီးတဲ့ မင်းကိုတို့လူကြီးတွေကိုယ်စားတို့ရွာ၊ တို့ဘုရားကို အနီးကပ်ကြည့်ရှုစောင့်ရှောက်ပေးဖို့ ရွေးကြတာပဲကွ။ ဘုရားဂေါပက ဖွဲ့ရမယ်ဆိုတော့ မောင်တုတ်ချောကို အဖွဲ့ထဲထည့်လိုက် ရင် တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်သွားတာပေါ့ကွာ"

ဟု ဘကြီးခင်မှ ထပ်မံရှင်းပြပြန်သည်။

"ဒီလိုဆိုရင် ဘကြီးခင်တို့ သူကြီးတို့ ပြောတဲ့အတိုင်း ကျွန်တော်လိုက်နာပါ့မယ်ဗျာ။ ကျွန်တော်က ဂေါပကလူကြီးဆိုတော့ အသက်အရွယ်ကြီးပြီး ဘုရား၊ တရားအကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

နားလည်မှု၊ တရားစာတွေ ရွတ်တတ်ဖတ်တတ်မှု၊တရားစကားတွေပြောတတ် ဆိုတတ်မှု လုပ်လို့ရမှာလို့ထင်လို့ပါ။ ဘုရားကြီးကို ကြည့်ရှုစောင့်ရှောက်ဖို့ကတော့ ရပါတယ်။ အခုလည်း ကျွန်တော်အားတာနဲ့ ဦးပဥ္စင်းကျောင်းရော၊ ဘုရားပေါ်ကိုရော သွားပြီး ဝေယျာဝစ္စတွေ လုပ်ပေးနေတာပါ"

"အေး . . မင်းလက်ခံပြီဆိုရင်တော့ တို့စိတ်ချရပြီကောကွ။ မင်းတစ်ယောက်တည်းနဲ့ မဆောင်ရွက်နိုင်တဲ့ ဝေယျာဝစ္စရှိရင်လည်း တို့ကို ကြုံပြောပေါ့ကွာ။ ရွာသူ ရွာသားတွေကို ဆော်ဩပြီး ဝိုင်းလုပ်ကြမှာပေါ့။ ဘုရားကိစ္စ၊ ကျောင်းကိစ္စ မင်းသဘောကျသာ စီမံပေတော့ကွာ။ တို့လည်း အဲဒီရွေ့ကို ဥပုသ်နေ့တိုင်း ဘုရားပေါ်ရောက်အောင် လာကြပါမယ်ကွာ"

ဟု သူကြီးက အဆုံးသတ်ပြော၍စည်းဝေးမှုပြီးဆုံးလေသည်။ ကိုတုတ်ချောလည်း အစ်ကိုနှင့်လူကြီးများကို နှုတ်ဆက်၍ မှောင်စပြုပြီဖြစ်သဖြင့် နေအိမ်သို့ ပြန်လာခဲ့တော့သည်။ ဇနီးဖြစ်သူအား -

"မသူဇာရေ စပါးဝယ်တဲ့ကိစ္စမဟုတ်ဘူးဟေ့။ဘုရားကြီးကို စောင့်ရှောက်ဖို့ ဂေါပကအဖွဲ့ထဲမှာ ငါ့ကိုပါဖို့ ခေါ်ပြောတာဟေ့"

ဟု ပြောပြလိုက်သည်။ မသူဇာကလည်း -

"ကောင်းတာပေါ့ ကိုချောရယ်၊ ကျွန်မတို့က ဘုရားကြီးအရိပ်မှာခိုနေကြတာဆိုတော့ ဘုရားကြီးကို ပိုပြီး ကုသိုလ်ပြုနိုင်တာပေါ့"

ဟု သဘောထားညီစွာဖြင့် ဝမ်းသာကာနေကြတော့သည်။ ဦးပဥ္စင်းဦးနန္ဒကလည်း ဝမ်းမြောက်ကြောင်းဖြင့် အရိပ်ကြီးငါးပါးတွင်ဘုရားအရိပ်၊ တရားအရိပ်သည်သာ အေးမြချမ်းသာဆုံးဖြစ်ကြောင်း . . ဝေယျာဝစ္စ ဒါနကုသိုလ်၏ အကြောင်း အထောက်အပံ့သည်နိဗ္ဗာန်မဂ်ဖိုလ်တိုင်အောင် အကျိုးဖြစ်စေကြောင်း၊ ထိုးဟောင်း သာဓကများပြောပြလေသဖြင့် ဇနီးမောင်နှံ နှစ်ဦးမှာ ကြည်နူးမှုဖြင့် ယခင်ကထက်ပို၍ဘုရားပေါ်အရောက်များလာတော့သည်။

ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူကျောင်းသားများ ဟီးနိုးကားနှစ်စီးဖြင့် လော်ကားဥယျာဉ်အား လေ့လာရေးလာကြပြီး သာခုကန်ဘုရားပေါ်တွင် အပန်းဖြေပျော်ပွဲစားကာ ပြန်သွားကြပြီးနောက် ကိုတုတ်ချော ဘုရားပေါ်ရောက်သည်တွင် ရင်ပြင်တော်နှင့် အာရုံခံတန်ဆောင်းအတွင်း အမှိုက်များ ပြန့်ကျဲကျန်ရစ်နေသည်ကို တွေ့ရသည်။ စောင်းတန်းတစ်လျှောက် နှင့် စေတီတော်ဝန်းကျင်တွင်လည်း စားကြွင်းစားကျန်များ၊ ပလတ်စတစ်အိတ်များကို မြင်မကောင်းအောင် တွေ့ရသဖြင့် ဇနီးဖြစ်သူအား ပြန်ခေါ်ကာ သန့်ရှင်းရေး ပြုလုပ်ပေးကြသည်။

ဘုရားပန်းအိုးများကိုလည်း ရေများလဲလှယ်၍ ပန်းအသစ်များ ကပ်ကာ အမောဖြေနေကြစဉ် ယောဂီဝတ်ဖြင့် လွယ်အိတ်၊ တောင်ဝှေးကိုယ်စီဖြင့် အသက် ၅၀ ခန့်အရွယ် လူကြီးတစ်ဦးနှင့် အသက် ၃၀ အရွယ်ခန့် လူရွယ်တစ်ဦးတို့ ဘုရားတန်ဆောင်းအတွင်း ရောက်လာကြသည်။ ဘုရားအား ရှိခိုးဦးချလိုက်ကြပြီး ကိုတုတ်ချောတို့ လင်မယားကို ကြည့်နေသဖြင့် ကိုတုတ်ချောက . .

"ဦးကြီးတို့ ဘုရားဖူးလာကြတာလား။ ကျွန်တော်တို့ လင်မယားက ဒီဘုရားမှာ သန့်ရှင်းရေးလာလုပ်နေကြတာပါ"

"အော် . . ကောင်းတာပ၊ ကုသိုလ်ရတာပနော်။ ဦးတို့ ဆရာတပည့်က နယ်လှည့် အဓိဋ္ဌာန်ဝင်နေကြတာပါ။ ဒီဘုရားမှာ အဓိဋ္ဌာန်ဝင်ကြမလို့

"ဟုတ်ကဲ့ခင်ဗျာ။ ကျွ[illegible]သာက မောင်တုတ်ချောပါ[illegible] ကျွန်တော့် ဇနီးက မသူဇာပါ[illegible] ကျွန်တော်တို့အိမ်က ကုန်း[illegible]တော်အောက်လယ်စပ်မှာပါ[illegible] ဒီဘုရားက ရှေးဟောင်းတန်ခိုးကြီးဘုရားမို့ ဦးတို့လိုပဲ တရားအားထုတ်သူတွေ ရောက်လာတတ်ကြပါတယ်။ ဦးတို့ ဘယ်[illegible]နှစ်ရက်အားထုတ်ကြမှာလဲ[illegible] နေရေးစားရေးလိုတာရှိရင်လည်း ကျွန်တော်တို့ ကုသိုလ်ယူပါရစေခင်ဗျာ"

"ရပါတယ်ကွယ်၊ ဦးတို့မှာ အပြည့်အစုံပါလာပါတယ်[illegible] ဒီဘုရားမှာတော့ အဓိဋ္ဌာန်[illegible]မြောက်သည်အထိ အားထုတ်[illegible]မှာမို့ ရက်ပိုင်းကို အတိအကျ ကန့်သတ်မထားပါဘူးကွယ်[illegible] ကိစ္စမြန်မြန်အောင်မြင်ရင် တစ်ရက်နှစ်ရက်ပေါ့။ မအောင်[illegible]မြင်သေးရင်တော့ ရက်ပိုကြ[illegible]မှာပေါ့ကွယ်"

"ဒါဆို ဦးတို့ ဘုရားလာသူတွေနဲ့ အနှောင့်အယှက်[illegible] မဖြစ်ရအောင် ဟိုကုန်းတော်[illegible]ပေါ်ကဇရပ်ဟောင်းနေလို့ရပါတ[illegible]လာ . . မသူဇာ။ နေ့ရွေ့[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ခင်း သွားရှင်းပေးကြရအောင်"

ဟု ဆိုကာ လင်မယားနှစ်ယောက် ဇရပ်ပေါ်သွားရောက်၍ တံမြက်စည်းလှည်း၊ သောက်ရေအိုးဖြည့်၊ ဖျာများခင်းကျင်းလျက် ဧည့်ဝတ်ပြုပေးကြလေသည်။

"သာဓုပါကွယ် . . သာဓုပါ။ ဒါနဲ့ ဒီဘုရားကုန်းတော်ပေါ်မှာ ညအိပ်နေတဲ့သူတွေများရှိသေးလားကွဲ့"

"မရှိပါဘူးခင်ဗျာ။ ညဘက်ဆို ဘယ်သူမှလည်းလာကြလေ့မရှိပါဘူး။ ကုန်းတော်အောက်က ကျောင်းမှာလည်း ဦးပဥ္စင်းကြီးတစ်ပါးပဲရှိပါတယ်"

"အေးကွယ်၊ အနှောင့်အယှက်ဖြစ်မှာစိုးလို့မေးတာပါ။ ဒါနဲ့ ဒီဘုရားဂေါပကအဖွဲ့က ကောကွဲ့၊ တို့များ ခေတ္တခဏ အားထုတ်ခွင့်ပြုဖို့ ပန်ကြားချင်လို့ပါ"

"ရပါတယ် ဦးကြီးခင်ဗျာ၊ တရားအားထုတ်မှာပဲ။ ခွင့်ပြုပြီးသားလို့ မှတ်ပါခင်ဗျာ"

လင်မယားနှစ်ဦး ဘုရားပေါ်မှ ပြန်ဆင်းလာကြပြီး ဘုန်းကြီးကျောင်းသို့ ဝင်၍ ဦးပဥ္စင်းကြီးအား ဝတ်ဖြည့်ပြီး ဆိုင်လိုက်ကြသည်။ ဘုရားပေါ်တွင် အဓိဋ္ဌာန်လာဝင်သူ ယောဂီကြီးနှစ်ဦးအား ဇရပ်ပေါ်တွင်နေရာချပေးခဲ့ကြောင်း လျှောက်ထားလိုက်သည်။

"အော် . . ယောဂီနှစ်ဦးက အဓိဋ္ဌာန်လာဝင်တာတဲ့လား"

"မှန်ပါဘုရား၊ တပည့်တော်တို့ နှစ်ဦး မနေ့က တက္ကသိုလ်ကျောင်းသားတွေ ပျော်ပွဲစားပြီး ကျန်ခဲ့တဲ့ အမှိုက်သရိုက်တွေ တက်ရှင်းရင်းတွေ့လာတာပါဘုရား။ တရားအားထုတ်ဖို့ ရောက်လာကြတာလို့ ပြောပါတယ်ဘုရား။ တန်ခိုးကြီးဘုရားတွေကို နယ်လှည့်ပြီး အားထုတ်နေကြတာပါဘုရား"

"အေးကွယ်၊ ဘုရားလာပြီး ပျော်ပွဲစား၊ အမှိုက်တွေထားခဲ့ကြတဲ့ အ-ဂါရဝတရားက အကျိုးပေးမကောင်းကြတာသိကြရင် ရှောင်ကြဉ်လာကြမှာပေါ့နော်။ ဘုရားကို တရားကွယ်၊ တရားကို စကားကွယ်ဖြစ်ရင်တော့ မကောင်းဘူးပေါ့နော်"

"တင်ပါ့ဘုရား၊ အရှင်ဘုရားကို အသိလာပေးတာပါဘုရား။ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဘုရား"

ဟု လျှောက်ထားပြီး ပြန်လာခဲ့ကြသည်။

"မသူဇာရေ ဦးပဥ္စင်းက တို့ကို ဆုံးမလိုက်တာနေမှာနော်။တို့ပိုပြီး ရိုရိုသေသေ လေးလေးစားစားလုပ်ကြရမယ်"

"ကိုချောရယ်၊ တို့က ငယ်သေးတော့ ဘုရား တရားအလုပ်ကို အားမထုတ်နိုင်သေးတာပါနော်။ ကြီးလာရင် အားထုတ်နိုင်လာမှာပေါ့လို့"

လင်မယားနှစ်ဦးသား ဘာသာပြန်မှားနေကြသည်ကို မသိသည့်အလျောက် ညဘက်ရောက်၍ ဘုရားကုန်းတော်ပေါ်မှ မီးအရောင်များ မြင်ရသောအခါ၊ ယောဂီကြီးနှစ်ဦး ဘုရားအား မီးပူဇော်၍ တရားအားထုတ်နေကြလေပြီဟု မှတ်ယူလိုက်ကြသည်။ နံနက်မိုးသောက်အလင်းရောက်သည်နှင့် စေတနာသဒ္ဓါတရားတိုးပွားလာကြလေပြီ။ နေ့ဆွမ်းသွားအပို့တွင် ယောဂီနှစ်ဦးအတွက် ရေနွေးကြမ်းဓာတ်ဘူးနှင့် ထန်းလျက်ပုလင်းကိုပါ ယူသွားကာ ကုန်းတော်ပေါ်တက်၍ ယောဂီကြီးအား လှူထားခဲ့သည်။ ဒုတိယည ၁၀ နာရီလောက်ကစ၍ ဘုရားကုန်းတော်ဘက်မှ ခွေးအူသံများ၊ တောဆူသံများ၊ ကျီးပြိုသံများ ကြားနေရလေရာ ယောဂီနှစ်ဦး၏ တရားအလုပ်ကိုအနှောင့်အယှက်ဖြစ်နေကြတော့မည်ဟု တွေးပူနေမိကြသည်။ နေ့ဆွမ်းသွားပို့သည့်အခါ ဦးပဥ္စင်းကြီးက ကိုတုတ်ချောယူလာသည့် ရေနွေးဓာတ်ဘူးနှင့်ထန်းလျက်ပုလင်းကို ကြည့်၍ -

"ဒကာကြီးရေ ဦးဇင်းတို့ ကိုမာန်လည်ဆရာတော်ဘုရားကြီးက "သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းဖြင့်အုပ်"လို့ ဆုံးမထားခဲ့တယ်။ အရှိကို သတိနဲ့ကပ်ပြီးကြည့်မှ အသိမှန်မယ်နော်။ ဦးဇင်းတို့ ဘုရားအလောင်းတော် မဟောသဓသတို့သားဟာ နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်၊ ဖနောင့်တိုတို၊ မရိပ်မခို၊ မာန်ဟန်ပိုစွာနဲ့ ကလေးကို အဓမ္မဆွဲယူသူကို ကြည့်ပြီး သတိတရားနဲ့ ဘီလူးမဖြစ်ကြောင်း တားနိုင်ခဲ့လို့ သားငယ်ကို အသက်မသေဘဲ ချမ်းသာရခဲ့ကြောင်း၊ ထုံးဟောင်းသာဓကရှိခဲ့တယ်။ အရာရာကို သတိနဲ့ အသိမလွတ်စေနဲ့နော်"

"တင်ပါ့ဘုရား"

ကျောင်းပေါ်တက်၍ ကုန်းတော်ပေါ်တက်ရောက်လာရာလမ်းတွင် ကိုတုတ်ချော စဉ်းစားမိလာသည်။

"ဦးဇင်းက ငါ့ကိုဆုံးမတာ ဒီယောဂီနှစ်ဦးနဲ့ ဝတ်သက်နေတယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ စီရင်ထားတဲ့တိုက်ပိတုန်းပဲကွဲ့။ မင်းအိမ်မှာ မင်းကိုယ်မှာဆောင်ထားပေါ့ကွယ်။ အတိုက်အခိုက်ဟူသမျှကို သူက ရှင်းထုတ်ပေးလိမ့်မယ်။ ပညာတိုက်နဲ့တိုက်လာရင် အသက်ဝင်ပြီး တုန့်ပြန်ပေးလိမ့်မယ်။ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးမှန်သမျှကိုလည်းနှင်ထုတ်ပေးနိုင်တယ်ကွဲ့"

အာ ရုံ ခံ တန် ဆောင်းအတွင်းဦးစွာဝင်လိုက်မိသည်နှင့် ရုပ်ပွားတော်ရှေ့တွင် ကန်တော့ပွဲနှင့် ဂုံစက္ကူဖြူပတ်ပြီး မီးပူဖော်ထားသည့် ဖယောင်းတိုင်ကြီးကို တွေ့လိုက်ရသည်။ အနားသွား၍ ဘုရားအား ရှိခိုးလိုက်ပြီး ကန်တော့ပွဲကို သေသေချာချာပြန်ကြည့်လိုက်ရာ နွားနီအရုပ်နှစ်ကောင်နှင့် ဂုံစက္ကူအဖြူအလိပ်များ၊ အပ်ချည်အဖြူအခွေများ၊ အင်းကွက်များ ရေးဆွဲထားသည့် လေးထောင့် ကြေးပြားများနှင့် ဆန်စေ့ထုပ်တစ်ထုပ်ကို တွေ့ရသည်။

"ဘုရားပွဲကတော့ .. အဆန်းပဲ။ ငှက်ပျောနှစ်ဖီး၊ အုန်းစိမ်းတစ်လုံးနဲ့"

ဟု တစ်ကိုယ်တည်းပြောပြီး ဇရပ်သို့ထွက်လာခဲ့သည်။

"လာဟေ့ မောင်တုတ်ချော၊ မင်းကို မျှော်နေတာ"

"ဟုတ်ကဲ့၊ ဦးကြီးတို့အတွက် လက်ဖက်ရည်ကြမ်းနဲ့ ထန်းလျက်ယူလာပေးတာပါ"

"အေးကွယ်၊ မင်းတို့ ဇနီးမောင်နှံရဲ့ စေတနာကို သာဓုခေါ်ပါတယ်ကွာ"

"ဦးကြီးတို့ ထမင်းကောစားပြီးကြပြီလားခင်ဗျာ"

"အေးကွယ် ပြီးပြီဆိုပါတော့။ တို့ကာ ဗာဟီရနည်း အောင်ထမင်းချက်မစားကြဘူးကွဲ့။ ရိက္ခာအခြောက်တွေကိုပဲ ရရာသစ်သီးသစ်နှံတွေ၊ သစ်ရွက်တွေနဲ့ စားကြတာ"

"အော် .. တရားအလုပ်တွေချည်းလိုက်လုပ်နေလို့ ဒီလိုစားနိုင်တာပေါ့နော်"

ကျွန်တော်တို့ကတော့ ထမင်းမစားဘဲ မနေနိုင်ဘူး ဦးကြီးရ"

"လေ့ကျင့်ရင် ရပါတယ်ကွယ်။ တောတွေ တောင်တွေထဲ သွားလာရတဲ့အခါ သစ်သီး သစ်ဖု သစ်ဥတွေပဲ စားရတာကွဲ့"

"ဟုတ်ကဲ့ ခင်ဗျ၊ ဒါနဲ့ ဦးကြီးတို့ တရားအလုပ်လုပ်ရတာရော အဆင်ပြေရဲ့လား။ အနှောင့်အယှက်တွေ ဘာတွေရော တွေ့ရသေးလား"

"အဆင်ပြေပါတယ်ကွဲ့၊ ဘာအနှောင့်အယှက်မှ မရှိပါဘူး။ ဘာဖြစ်လို့လဲကွဲ့"

"ညက ကျီးပြိုသံတွေ၊ ခွေးအူသံတွေ၊ တောဆူသံတွေ ကြားနေရလို့ပါခင်ဗျ"

"အော် .. မောင်တုတ်ချောက သတိရှိသကိုးကွဲ့။ ကောင်းတယ် .. ကောင်းတယ်၊ မင်းရဲ့ စေတနာကို ကျေးဇူးတုန့်ပြန်ခွင့်ပြုပါကွယ်။ ရော့ .. ရော့"

ဟု လှမ်းပေးသဖြင့် လက်နှစ်ဖက်ခံ၍ ရိုရိုသေသေ ယူလိုက်မိသည်။ လက်ဝါးပြင်ပေါ်တွင် တွေ့မြင်ရသည်မှာ သစ်သားပိတုန်းရုပ်ကလေးဖြစ်နေသည်။ နားမလည်သဖြင့် ယောဂီကြီးမျက်နှာအား ကြည့်လိုက်ရာ ပြုံးနေလျက် -

"အဲဒါ စီရင်ထားတဲ့ တိုက်ပိတုန်းပဲကွဲ့။ မင်းအိမ်မှာ မင်းကိုယ်မှာဆောင်ထားပေါ့ကွယ်။ အတိုက်အခိုက်ဟူသမျှကို သူက ရှင်းထုတ်ပေးလိမ့်မယ်။ ပညာတိုက်နဲ့တိုက်လာရင် အသက်ဝင်ပြီး တုန့်ပြန်ပေးလိမ့်မယ်။ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးမှန်သမျှကိုလည်း နှင်ထုတ်ပေးနိုင်တယ်ကွဲ့"

"ဝမ်းသာလိုက်တာ ဦးကြီးရာ၊ ကျွန်တော်တို့က ရွာပြင်ထွက်နေတာဆိုတော့ အားကိုးရပြီပေါ့။ တစ်ခါတစ်လေ ညရေးညတာ သွားလာရတဲ့အခါအိမ်မှာကလေးသုံးယောက်နဲ့ မိန်းမကို စိတ်ပူနေခဲ့ရတာခင်ဗျ။ ဒီလိုအဆောင်ကောင်းပေးတာ ကျေးဇူးတင်လိုက်တာ ဦးကြီးရာ"

"အေးကွယ်၊ မောင်တုတ်ချောကို ဒီထက်ပိုပြီးပေးချင်တာပါ၊ နှုတ်မလုံရင်အခက်တွေ့မှာမို့စဉ်းစားနေတာကွယ်"

"စိတ်ချပါ ဦးကြီးရယ်၊ ကျွန်တော်က ပူးဆိုရင် ဖရုံသီးတဲ့လူစားမဟုတ်ပါဘူး။ ကျွန်တော့်အဘိုးလေး အိပ်ရာထဲ သေပါတာ ဘယ်သူ့မှ မပြောနဲ့လို့ဆိုတာနဲ့ အဖေနဲ့ အမေတို့ကိုတောင် သေသွားတဲ့အထိ မပြောလိုက်ပါဘူးခင်ဗျ"

"ဟား .. ဟား ..



www.burmeseclassic.com

www.burmeseclassic.com

...ဟား .. ဟား .. ဘယ်သူမှ ...ပြောနဲ့ဆိုထားရဲ့နဲ့ အခု ငါ့ကို ...ပြီးနေပြီကောကွဲ့"

"ဒါက အဘိုးလေးရော၊ ...ဖေတို့ အမေတို့ရော သေ ...ကြပြီမို့ ပြောတာပါ"

"အေးပါကွယ်၊ မင်းရဲ့ ...တနာနဲ့ ရိုးသားမှုကို ချီး ...ကျက်တဲ့အနေနဲ့ မင်းကို ချမ်း ...အောင် တစ်သက်စာပေးခဲ့ ...မယ်။ ညသန်းခေါင်ကျော် ...ထည့်စရာအိတ်ယူပြီး ဒီကို ...တစ်ယောက်တည်း လာခဲ့ ...ကွဲ့။ မင်းရဲ့ ဇနီးကိုတောင် ...သိမပေးခဲ့နဲ့ပေါ့"

"ဦးကြီးလာဆို လာပါ့ ...မယ်။ ဒါပေမယ့် ညဘက်ကြီး ...ချ လာခိုင်းတာဘာဖြစ်လို့ ...ခင်ဗျာ။ နောက်ပြီး ထည့် ...ရာအိတ်ကရော ဘာထည့်ဖို့ ...ခင်ဗျ"

"ကဲ .. မောင်တုတ် ...ချော၊ မင်းက တကယ်ရိုးအ ...ကိုး။ ဒီမှာ ကြည့်၊ ဒါက ...မင်း၊ ဝါးပျံ၊ ဆေးကြိမ်လုံး၊ ...ပတ်ကြော့ကွင်း၊ မော်ဘီ ...မြို့တောင်က သိုက်ကမြေ၊ ...လာဒုံ ငွေယားတောင်က ...မန်းကွင်း၊ အင်းတွေ၊ အင်း ...ယောင်းတိုင်ထွန်းထားတာ။ ...ည လမွန်းတည့်ချိန်မှာ ကန် ...တော်ရှင်မသိုက်ကို ဖွင့်မှာကွဲ့။ ညတုန်းက မော်ဘီဘိုးဘိုးကြီး ဆီ ခွင့်တောင်းပြီးပြီ။ ကန်တော် ရှင်မနဲ့ သိုက်စောင့်တွေကို လည်း ချုပ်ထားပြီးပြီ။ ဒီသိုက် ပွင့်သွားရင် သိုက်ထဲက ရတ နာတွေ၊ မင်းကို ထိုက်သင့်သ လောက် ချီးမြှင့်ခဲ့မယ်။ အဲဒါ ကြောင့် ညသန်းခေါင်ကျော်ကို လာခိုင်းတာကွဲ့"

"ဟင် .. ဦးကြီးတို့က သိုက်ဆရာတွေလား။ ဒါနဲ့ အဓိဋ္ဌာန်တရားအားထုတ်ကြ မှာဆို။ ကျွန်တော်ကတော့ နား မလည်တော့ဘူးဗျာ"

"ဟုတ်တယ်လေကွယ်။ တို့ အဓိဋ္ဌာန်လုပ်တာ အောင် တော့မှာလေကွယ်။ ဟဲ .. ဟဲ တို့လည်း မြေဖြူတောင်သိုက် မြေနဲ့ သိုက်ဝကိုရှာပြီး ငွေယား နဲ့ မှားရဦးမယ်။ မင်းလည်း နှုတ်လုံလုံနဲ့ ပြန်ပေတော့။ ည ကျရင်သာ ဆက်ဆက်လာဖြစ် အောင်လာပေါ့ကွယ်"

ကိုတုတ်ချောမှာ သိုက် ဆရာကိုတရားရှာသူဟူ၍ ယုံ မှတ်မှားခဲ့ပြီး နေခွင့်ပြုခဲ့သည့် အပြင် ကျွေးချင် မွေးချင်စိတ် တွေဖြစ်ပေါ်နေခဲ့သည်များနှင့် ဦးပဥ္ဇင်းကြီး၏ ဆုံးမစကားများ ကို ဆင်ခြင်ရင်း ကုန်းတော် ပေါ်မှ ပြန်ဆင်းလာခဲ့သည်။ ကျောင်းသို့ ဝင်၍ ဦးပဥ္ဇင်းကြီး အား သိုက်ဆရာများ ဖြစ် ကြောင်း လျှောက်ထားသော အခါ -

"ဦးဇင်းတို့ ရဟန်းသိက္ခာ နဲ့ မအပ်မရာကိစ္စတွေမို့ ဘာ လုပ်ပါလို့ မပြောချင်ဘူးလေ။ သို့ပေမယ့် ဘုရားပစ္စည်း၊ အဆိပ်သီးတွေကွဲ့။ အဝီစိ ချီး ကပ်အောင်ခံရလိမ့်မယ်။ သိုက် ဝိုရင် ဘုရားလည်း ပြိုတော့ မယ်။ ဒကာတို့ ဂေါပကတွေဖွဲ့ ကြမှ ဘုရားကြီးပြိုကျရတဲ့ အဖြစ်ရောက်နေပြီပကော။ အော် .. လောဘ၊ လောဘ။ လောကကြီးကို ဖျက်ဆီးနေ ပါပေါ့လား"

ဟု ညည်းတွားပြောဆို လိုက်သည်။

ကိုတုတ်ချော အိမ်သို့ အမြန်ပြန်လာလိုက်ပြီး စက် ဘီးစီး၍ သူကြီးထံပြေးတော့ သည်။ အကျိုးအကြောင်းပြော ပြလိုက်ရာ ထခုန်မတတ် အံ့ အားသင့်လျက် ချက်ချင်းဝင် မောင်းထုလူစု၍ ဂေါပကအဖွဲ့ ဝင်လူကြီးများပါ သာခုကန် ဘုရားကုန်းတော်ပေါ်သို့ တက် ဝိုင်းလိုက်ကြသည်။ သိုက်ဆရာ နှစ်ဦးအား အသာတကြည် မထွက်သွားလျှင် ဖမ်းဆီး၍ ရဲ စခန်းပို့အပ်တိုင်ကြားမည်ဟု ပြောလိုက်သည်နှင့် -

"အော် .. တုတ်ချောကို အကုန်ပြောလိုက်တာ မှားပြီ ကော။ နတ်ဖျက်လို့ မပျက်၊ လူ ဖျက်လို့ ပျက်ရတဲ့ ကိန်းပေပဲ။ တုတ်ချောရဲ့စနက်၊ တုတ်ချော ရဲ့ စနက်"

ဟု နှုတ်မှညည်းတွားရင်း မျက်ထောင့်နီကြီးဖြင့် ကိုတုတ် ချောကိုသာစိုက်ကြည့်နေသည့် သိုက်ဆရာကြီးသည် တပည့် ဖြစ်သူအား ..

"ဒီည လမွန်းတည့်ချိန်မှာ
ကန်တော်ရှင်မသိုက်ကို ဖွင့်မှာကွဲ့။
ညတုန်းက မော်ဘီဘိုးဘိုးကြီးဆီ ခွင့်တောင်းပြီးပြီ။
ကန်တော်ရှင်မနဲ့ သိုက်စောင့်တွေကိုလည်း
ချုပ်ထားပြီးပြီ။ ဒီသိုက်ပွင့်သွားရင် သိုက်ထဲက
ရတနာတွေ၊ မင်းကို ထိုက်သင့်သလောက်
ချီးမြှင့်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ပွဲပျက်သွားပြီအစီအရင်တွေ သိမ်းခဲ့တော့ကွာ"

ဟု ခိုင်းလိုက်သည်။ ၎င်းတို့၏ လွယ်အိတ်ကြီးများကို လွယ်လျက်တောင်ဝှေးထောက်ကာ ဘုရားကုန်းတော်ပေါ်မှ ဆင်းသွားကြတော့သည်။ သူကြီး နှင့် ဂေါပကလူကြီးများက ရွာသားများအား ဘုရားကုန်းတော်ပေါ်တစ်ဝိုက်လိုက်ကြည့်စေလိုက်မှ စေတီတော်ပတ်လည်တွင် ပန္နက်ငုတ်များ၊ အပ်ချည်ကြိုးများသွယ်တန်းပတ်ဝိုင်းလျက် အရှေ့မြောက်ထောင့် အုတ်ဖိနပ်အခြေတွင် မြေသားအဖြူများစုပုံလျက်တွေ့ကြရသည်။

"ကဲ . . ဒီကန်တော့ပွဲရော၊ တွေ့တဲ့ဟာတွေရော အားလုံး ဖြုတ်ယူလာကြဟေ့။ အဲဒီမြေဖြူတွေကိုလည်း ကုန်အောင် ကျုံးယူလာခဲ့။ ဇရပ်ပေါ်လည်း သေသေချာချာ ရှာကြဦး။သိုက်ဆရာတွေရဲ့ပစ္စည်းမှန်သမျှ အကုန်စုပုံပြီး မီးရှို့ပစ်လိုက်ကြဟေ့"

ဟု သူကြီးမှ ဆော်ဩညွှန်ကြားလိုက်သည်။ ရွာသားငါးဦးအား ဘုရားကုန်းတော်ပေါ်တွင် အစောင့်ချထားခဲ့ကြသည်။

"မောင်တုတ်ချောရေ၊ နောင်ကို ဘုရားပေါ်မှာ ညအိပ်တဲ့သူရှိရင် သူကြီးဆီမှာ ခွင့်တောင်းခိုင်းပြီးမှ လက်ခံပေတော့နော်"

"ဟုတ်ကဲ့ပါ ဘကြီးခင်၊ ကျွန်တော် နားလည်သွားပါပြီ"

မောင်တုတ်ချောအိမ်ပြန်ရောက်သည့်အခါ ဇနီးဖြစ်သူက -

"ကိုချော၊ ဘုရားပေါ်မှာ ဘာဖြစ်လို့တုန်းတော့။ ဟိုယောဂီကြီးနှစ်ဦး ခြံရှေ့မှာ အိမ်ထဲ ရပ်ကြည့်နေတာတွေ့လို့၊ ကျုပ်ထွက်ခေါ်တာ၊ ဘာမှ ပြန်မပြောဘဲ ရွာထဲလှည့်ထွက်သွားကြတယ်"

"ဟူး"ဟု လေမှုတ်ထုတ်လိုက်ပြီး -

"ကံကောင်းလို့ မသူဇာရေ၊ ငါတို့ ဘုရားကြီးပြိုတော့မလို့။ အဲဒီလူတွေက သိုက်ဆရာတွေကွ။ သိုက်လာတူးကြတာ။ ငါအချိန်မီသိလို့ သူကြီးကိုသွားပြောပြီး နှင်ထုတ်လိုက်ရတာဟေ့"

"အော် . . ဒါကြောင့်စကားပြန်မပြောဘဲ ထွက်သွားကြတာကိုး။ တော်သေးတာပေါ့နော်"

မောင်တုတ်ချောမှာ စိတ်မောလူမောဖြစ်သွားပြီး အိမ်ကပြင်တွင်လှဲချအိပ်လိုက်ရာ အကျီအိတ်ထဲမှ ပိတုန်းရုပ်ကလေးထွက်ကျလာသည်။ သိုက်ဆရာ၏ အညွှန်းကြောင့် လွှင့်ပစ်ရမှာ နှမြောနေသဖြင့် အိမ်ကပြင်တိုင်၏ထိပ်တန်းကြားတွင် ထ၍တင်ထားလိုက်လေသည်။ ဦးပဥ္စင်းကြီးပြောပြဆုံးမစကားများကို ပြန်လည်စဉ်းစားရင်း သိုက်ဆရာနှစ်ဦး၏ အမည်ကိုပင် မမေးမိလိုက်သည်ကို နောင်တရနေမိတော့သည်။

တစ်ပတ်ကျော်ခန့်ကြာပြီးသည့်နောက် ညနေရောက်သည်နှင့် မောင်တုတ်ချောအိမ်တွင် တဝီဝီ အသံများဖြင့် အိပ်မရသည်အထိ ပိတုန်းပျံသံများဖြစ်ပေါ်လာတော့သည်။ အိမ်ခေါင်မိုးနှင့် နံရံများသို့ ခဲထိမှန်သံများကဲ့သို့ တဒုတ်ဒုတ်၊ တဒေါက်ဒေါက်နှင့်လည်းကြားလာရသည်။ ဓာတ်မီးဖြင့်လိုက်လံထိုးကြည့်သော်လည်း ဘာမျှမတွေ့ရသဖြင့် သုံးလေးရက်ခန့်ကြာသော် အိပ်ပျက်ဖန်များလာပြီး ဒေါသစိတ်၊ ကြောက်ရွံ့စိတ်များဖြစ်လာတော့သည်။ လင်မယားနှစ်ဦး ဦးပဥ္စင်းဦးနန္ဒထံသွား၍ ပြောပြလျှောက်ထားရာ ဦးပဥ္စင်းဦးနန္ဒမှ အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးလေသည်။ ထိုသို့ ပရိတ်ရွတ်ပြီးသည့်ညတွင် ပိတုန်းပျံသံများ၊ ခဲကျသံများမကြားရတော့သဖြင့် စိတ်အေးချမ်းသာစွာ အိပ်ပျော်နေကြစဉ် ည ၁၀ နာရီကျော်ခန့်မီးဖိုခန်းမှ အိုးခွက်ပန်းကန်များကျသံကိုကြားရပြီး နိုးလာကြသည်။

"ကိုချော . . ကိုချော၊ ကြောင်တိုးတာလားမသိဘူး။ ထကြည့်ပါဦး"

"မသူဇာ၊ မသူဇာ လာပါဦး။ မင်း ဒီမှာ အိုးခွက်ပန်းကန်တွေ သေသေချာချာမတင်တော့ လိမ့်ကျကုန်တာပေါ့။ လာလုပ်လှည့်ဦး"

ဟု မကြေနပ်သံဖြင့် ဇနီးအပေါ် အပြစ်တင်ရင်း ဆောင့်ကြီး အောင့်ကြီးဖြင့် ကောက်ယူသိမ်းဆည်းလိုက်သည်။ မသူဇာလည်း အိပ်ရာမှထလာလျက် ဝိုင်းသိမ်းနေရင်း . .

"ညနေက သေသေချာချာ ဆေးကြောပြီး ပန်းကန်စင်ပေါ် မှောက်တင်ထားခဲ့တာပါ ကိုချောရယ်။ ကြောင်တိုးတာနေမှာပေါ့"

ဟု ပြောပြီး နှစ်ဦးသားပြန်အိပ်ကြတော့သည်။ ည ၁၂ နာရီခန့်တွင် -

"ဝုန်း . . ဂလုံး . . ဂလွမ်း"

ဟု ကျယ်လောင်သည့်



www.burmeseclassic.com

www.burmeseclassic.com

အသံများကြားလိုက်ရပြီး လန့်နိုးလာကြပြန်သည်။ အသံများ ကျယ်လောင်စွာ မြည်ဟီးထွက်ပေါ်လာသဖြင့်ကလေးများပါ နိုးကုန်ကြသည်။ မောင်တုတ်ချောက ဘတ္တရီမီးကို ထွန်းလိုက်ပြီး ကြည့်လိုက်ရာ ပန်းကန်စင်ကြီးပါလဲကျလျက် အိုးခွက်ပန်းကန်များမှာ မီးဖိုခန်းတွင်မျှမက အိမ်တွင်းသို့ပါ ပြန့်ကျဲရောက်ရှိနေတော့သည်ကို တွေ့လိုက်ရသည်။ မသူဇာမှာ အသံများတုန်ရီနေလျက်ဖြင့် -

"ကိုချော . . ဘယ်လို ဖြစ်တာလဲ။ ကြောင်တိုးတာတော့မဟုတ်ဘူး"

"ငါလည်း ဘယ်သိမလဲ ကွ။ တစ်ယောက်ယောက်လာ လုပ်တာဖြစ်မှာ။ မင်း ကလေးတွေနားမှာပဲနေ။ငါခြံထဲဆင်း ကြည့်လိုက်မယ်"

ဟု ပြောကာ လက်နှိပ်ဓာတ်မီး၊ မှိန်းတို့ကိုယူ၍ အိမ်တံခါးကြီးဖွင့်ပြီး နေအိမ်ပတ်ပတ်လည်နှင့် ခြံဝင်းအတွင်း လှည့်ပတ်ကြည့်ရှုရာ ဘာမျှ မတွေ့ရပေ။ အိမ်ပေါ်ပြန်တက်လာပြီးနောက် ဇနီးဖြစ်သူအား-

"မင်းတို့ သားအမိတွေ ပြန်အိပ်ကြတော့။ ငါမီးပိတ်ပြီး ချောင်းဖမ်းလိုက်မယ်။ တော်တော်မိုက်ရိုင်းတဲ့ကောင်တွေပဲ။ မိရင်တော့လားကွာ . . ဟင်း . ."

ဟု ကြိမ်းမောင်းလိုက်သည်။ အိမ်ကပြင်တွင် တိုင်ကို မှီလျက် အမှောင်ထဲကို ထိုင်ကာ စောင့်ကြည့်နေရာ မိုးစင်စင်လင်းသည်အထိ ဘာမျှထပ်ဖြစ်လာခြင်းမရှိပေ။

ဦးပဥ္စင်း ဦးနန္ဒမှာ နေ့ဆွမ်းလာပို့သ-ည်တွင် မောင်တုန်ချောအား -

"ဒကာကြီး၊ အညီရှိရာ ယင်အုံတယ်တဲ့။ ဒကာကြီးတို့ အိမ်မှာ အညီအဟောက်တွေ ရှိနေပြီထင်တယ်။ အဲဒါ ဦးဇင်းလဲ လောကီကိစ္စတွေကို နားမလည်ဘူး။ တတ်ကျွမ်းနားလည်သူရှာပြီး ပြုပြင်ပေါ့။ ဦးဇင်း မေတ္တာပို့နေပါမယ်"

ဟု ညက အဖြစ်အပျက်ကို မောင်တုတ်ချောလျှောက်ထားအပြီးတွင် လမ်းညွှန်လိုက်သည်။ ရွာထဲမှ ဂိုဏ်းဆရာတစ်ဦးအားသွားခေါ်လာပြီး အဖြစ်အပျက်များကို ပြောပြ၍ အနှောင့်အယှက်များကို ရှင်းလင်းဖယ်ရှားပေးပါရန် အပ်နှံလိုက်သည်။ ဂိုဏ်းဆရာက ၎င်းတို့၏ အထက်လမ်းဂိုဏ်း ပြုဖွယ်အစီအမံများကို ပြုလုပ်လျက် ဘုရားစင်တွင် ဆီမီးများ ထွန်းညှိကာ၊ ဂါထာမန္တန်များ ရွတ်ဖတ်၊ မန်းမှုတ်ခြင်း၊ အမွှေးနံ့သာရည်များအိမ်နှင့် ခြံဝင်း အတွင်းလိုက်လံဖျန်းပက်ခြင်း၊ အမိန့်ပြန်ခြင်းများကို ပြုလုပ်ပေးခဲ့ပြီး သန့်စင်သွားပါပြီဟု ပြောကာ ပြန်သွားခဲ့သည်။ ၎င်းညတွင် နေဝင်မှောင်နိုပ်ကျလာသည့်အချိန်မှစ၍ နေအိမ်အတွင်း သဲများ၊ မြေဖြူမှုန့်များ တဖြဲဖြဲဖြင့် ကျရောက်ခြင်း၊ အိမ်အမိုးနှင့် နံရံများသို့ ခဲများ၊ မြေစိုင်ခဲများ တဒေါက်ဒေါက်ဖြင့် ပစ်ခတ်ထိမှန်နေခြင်းများကြောင့်ကလေးများပါ တစ်မိသားစုလုံး ကြောက်လန့်လျက် မအိပ်ရဲကြတော့ပေ။ မောင်တုတ်ချောလည်း . . ကြောက်ရွံ့စိတ်ဖြစ်လာကာ အိမ်နှင့်ခြံအား ပိတ်၍ မိသားစုများပါခေါ်ပြီး ရွာထဲရှိ အစ်ကို့အိမ်သို့ ပြောင်းအိပ်လိုက်ကြရတော့သည်။ နံနက်မိုးလင်းသည့်အခါ ဇနီးနှင့်သားသမီးများက အိမ်မပြန်ရဲကြတော့သဖြင့် လှေကားရွာရှိယောက္ခမအိမ်သို့ ပို့လိုက်ရလေသည်။ ယောက္ခမက လှော်ကားမှ အထက်လမ်းဂိုဏ်းဆရာကြီး တစ်ဦးကိုထပ်မံ လမ်းညွှန်ပြန်သဖြင့် ယောက်ဖ မောင်သက်တင်နှင့်အတူ ပင့်လာခဲ့ပြန်သည်။

"သာသနာ့ပွဲ၊ ဆရာ့ပွဲနဲ့ သိုက်ပွဲတွေလိုတယ်။ သက်ဆိုင်ရာ အထက်ဆရာကြီးများကို ပင့်ဖိတ်ပြီး အနှောင့်အယှက်တွေကို သိုက်အဆက်အနွယ်များအကူအညီနဲ့ ဖယ်ရှားရမယ်။ ဒီနယ်မြေက ကန်တော်ရှင်မနယ်မြေဆိုတော့ သိုက်ချုပ်ဘိုးဘိုးကြီးကိုပါ တိုင်တည်ရမှာကွဲ့"

"ဟုတ်ကဲ့ပါဆရာ၊ ကင်းကင်းရှင်းရှင်းဖြစ်အောင်သာ လုပ်ပေးပါဆရာရယ်။ လိုတာသာ ပြောပါ ခင်ဗျ"

"အထွေအထူးတော့ ဘာမှ မလိုပါဘူး။ ကန်တော့ပွဲတွေသာ ပြည့်စုံအောင် ဝယ်ပေးပါကွယ်။ မဟီဒ္ဓိပုဂ္ဂိုလ်များ ကြွလာရင် ဝေမာနိကာ၊ ဖုတ်၊ ပြိတ္တာတွေအလိုလို ထွက်ပြေးကြရမှာပါကွဲ့"

ဟု အထက်လမ်းဂိုဏ်းဆရာကြီး၏ညွှန်ကြားချက်အတိုင်းကန်တော့ပွဲများနှင့် တံခွန်ကုက္ကား၊ မုလေးပွားရောင်စုံဖယောင်းတိုင်၊ အမွှေးတိုင်နံ့သာဖြူရေမွှေး၊ အောင်သပြေ၊ ကွမ်း၊ ဆေး၊ လက်ဖက်စသည်ဖြင့် တစ်နေကုန်အောင် ရှာဖွေ ဝယ်ယူပြင်ဆင်ပေးလိုက်သည်။ အစ်ကိုဖြစ်သူ မောင်တုတ်ပေါက်လည်း အဖော်ရ



www.burmeseclassic.com

www.burmeseclassic.com

အောင် လာရောက်နေပေးသ ဖြင့် သမီးယောက်ဖနှစ်ဦး စက်ဘီးတစ်စီးဖြင့် ဆရာကြီးညွှန်ကြားသမျှတို့ကို ပြေးလွှားရှာဖွေပေးရင်း ညနေနေဝင်ချိန် ရောက်လာတော့သည်။

ဂိုဏ်းဆရာကြီးကိုယ်တိုင် ဘုရားကျောင်းဆောင်တွင် ကန်တော့ပွဲများ တင်ရန်နေရာများရှင်းလင်းလျှတ်၊ မောင်တုတ်ပေါက ပြင်ဆင်ပြီး ကန်တော့ပွဲများမှ ပွဲတစ်ပွဲကို သယ်ယူအလာ၊ မြေကြီးခဲကြီးတစ်လုံး အိမ်ထဲသို့ ကျရောက်ပြီး "ဝုန်း"ကနဲ မြည်ဟည်းသွားသည်။

"အောင်မယ်လေးဗျ"

"ဝုန်း . . ဂလုံး . . ဒုန်း"

အသံများတဆက်တည်း ပေါ်ထွက်လာသည်။ မောင်တုတ်ပေါက လက်ထဲမှ ကန်တော့ပွဲအား လန့်ဖျတ်ပြီး လွှတ်ချလိုက်သည့်အတွက် အုန်းသီး၊ ငှက်ပျောသီး၊ ဖလုံတို့ ကြမ်းပြင်ပေါ်ကျပြီး လိမ့်စင်ထွက်သွားကြသည့်အသံများပင် ဖြစ်သည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု မောင်တုတ်ချောက မေးပြော၊ ပြေးတက်အလာ ဂိုဏ်းဆရာကြီးကလည်း . . ဘုရားကျောင်းဆောင်မှ နေအိမ်အတွင်း လှည့်အကြည့် မီးဖိုခန်းမှ ဇွန်းများ၊ ဖလုံများ ထပ်မံ၍ ဝဲပျံကျလာလေတော့သည်။ ဆရာကြီးမှ -

"မကြောက်ကြနဲ့ . . ၊ မကြောက်ကြနဲ့။ ဒါ ငါတို့ကို စမ်းတာ။ ဘာမှမဖြစ်ဘူး"

ဟုပြောပြီးဘုရားကျောင်းဆောင်တွင် ရောင်စုံဖယောင်းတိုင်များကို အမြန်ထွန်းလိုက်သည်။ မောင်တုတ်ချောက ပြန့်ကျဲနေသော အုန်းသီး၊ ငှက်ပျောသီးများကိုလိုက်လံကောက်ယူနေစဉ် . .

"ဝေါ"

"ဟီး . . ဟီး . . ဟီး"

အသံများထွက်ပေါ်လာကာ လေပြင်းတစ်ချက်ဝင်တိုက်လိုက်ပြီး ဘုရားကျောင်းဆောင်မှ ဖယောင်းတိုင်မီးများ ငြိမ်းသွားကြသည်။ အိမ်ကလည်း သိမ့်သိမ့်တုန်ခါသွားသည်။ အိမ်ရှေ့တွင် ကန်တော့ပွဲများနှင့်အတူရှိနေသူ ယောက်ဖတော် မောင်သက်တင်၏ ကျောသို့ ငရုတ်ကျည်ပွေ့တစ်ချောင်း လာရောက်ထိမှန်လိုက်ပြန်သဖြင့် . .

"အို"ဟု အသံထွက်ပြီး ကျောကော့သွားတော့သည်။

"ဒီလောက်ရှိလှတာကွာ"

ဟု ပြောလျက် မောင်သက်တင်က ငရုတ်ကျည်ပွေ့ကို ကောက်ယူပြီး မီးဖိုချောင်အတွင်းသို့ ပစ်သွင်းလိုက်သဖြင့် အိုးခွက်များကို ထိမှန်ကာ အသံစုံထွက်ပေါ်လာပြန်တော့သည်။

"ဆရာကြီးဖြစ်ပါ့မလား"

ဟု မောင်တုတ်ပေါက မေးလိုက်သည်။

"ဖြစ်ပါတယ်။ သာသနာပွဲသာ ရအောင်ပြင်ပြီး မြန်မြန်ယူလာပေး"

"ကျွန်တော် ဘတ္တရီမီး ထွန်းလိုက်ရမလား ဆရာကြီး"

ဟု မောင်လှချောက မေးလိုက်သည်။

"အေး . . ထွန်းလိုက်ကွာ၊ အဲဒီကမြေကြီးခဲတွေ ကောက်ပေးဟေ့"

မောင်သက်တင်က သာသနာပွဲကို ကိုင်၍ယူအလာ၊ မောင်တုတ်ပေါက မြေကြီးခဲအကြေများကို လက်နှင့်ရသမျှ စုကောက်ပြီး ဆရာကြီးလက်ထဲ အပေး၊ မောင်လှချောက ဘတ္တရီမီးချိတ်အပြီးတွင် . .

"ဝုန်း . . ဒိုင် . . ဒိုင် . . ဒိုင် . . ဂလွမ်"

အသံများဖြင့် မီးဖိုခန်းမှ ငရုတ်ဆုံနှင့် အိုးခွက်များ ပျံဝဲထွက်လာကြတော့သည်။ မြေစိုင်၊ မြေခဲများလည်း အဆ[illegible] မပြတ် ကျလာတော့သည် ဆရာကြီးရော မောင်လှချေ[illegible] တို့သုံးဦးစလုံး နေအိမ်ပေါ်[illegible] ပြေးဆင်းကြရလေတော့သည်

"မင်းတို့ အိမ်ကို ပုဏ္ဏ[illegible] တိုက်ထားတာပဲကွ"

ဟု ပြောကာ အထ[illegible] လမ်းဂိုဏ်းဆရာကြီးလည်း [illegible] မလင်းမီ တုတ်ပေါ်နေအိမ်[illegible] လှော်ကားသို့ ပြန်သွားတော[illegible] သည်။ မောင်တုတ်ချောနှ[illegible] နှမောင်သက်တင်တို့လည် မောင်တုတ်ပေါ်အိမ်တွင်အ[illegible] နေလိုက်ကြရတော့သည်။

ထိုသို့ဖြစ်စဉ်သတင်း[illegible] လွင့်သွားသည့်အခါ ရွာသ[illegible] များက ခဲများ၊ တုတ်များ၊ [illegible] ခွများဖြင့် မောင်တုတ်ချော[illegible] အိမ်ကို ပစ်ပေါက်စမ်းသ[illegible] ကြည့်ကြသည်။ ပစ်လိုက်သ[illegible] ခဲ၊ တုတ်၊ လောက်စာများ[illegible] ခဏချင်းပင် ပစ်လိုက်သူ[illegible] တုန့်ပြန်ရောက်ရှိ၊ ထိမှန်[illegible] သဖြင့် တဖြည်းဖြည်း ပုဏ္ဏ[illegible] သတင်းနယ်ကျော်ပြန့်လွင့်သ[illegible] ပြန်တော့သည်။ရပ်ဝေးမှ ဂိုဏ်[illegible] ဆရာအသီးသီးလည်း ရော[illegible] လာကြလျက် ပုဏ္ဏကနှင့် [illegible] ပြိုင်ကြရာ အရှုံးဖြင့်သာ ဆ[illegible] ခွာသွားကြရလေသည်။ ဆ[illegible] တစ်ယောက်ယောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်ပြီးတိုင်း ပို၍ ကြမ်းတမ်းမှုဖြစ်လာကာ နေ့ရော ညပါ ကြမ်းတမ်းလာတော့သည်။ မောင်တုတ်ချောလည်း မိသားစုကို လှော်ကားတွင်ပင် နေစေလျက် အစ်ကိုအိမ်တွင် သာတည်းခိုပြီးလယ်ပြီးအောင် သိမ်းရလေသည်။

"တုတ်ချောရေ၊ မင်းတို့ မိသားစု အကြာကြီး တကွဲတပြားစီမနေနဲ့လေကွာ။ တစ်ခုခု စီစဉ်လေကွာ"

"စဉ်းစားနေတာပဲ . . . အစ်ကိုရ၊ လှော်ကားပြောင်းရမလား၊ ရွာထဲပဲ ပြန်နေရမလား သို့၊ အိမ်ဖျက်ပြီး ပြောင်းဆောက်ဖို့ ခက်နေလို့"

"အိမ်ဖျက်မယ် ဆိုလဲ ဆရာတွေ၊ ဘာတွေမေးပြီးမှ လုပ်ကွ။ တော်ကြာ မင်းတို့ကို ထိခိုက်နေဦးမယ်"

"ဟုတ်တယ်နော်၊ အစ်ကို ကျွန်တော်နဲ့ အဖော်လိုက်ခဲ့ပါဦး။ အိမ်ကိုသွားကြည့်ကြရအောင်"

"မောင်သက်တင်ကိုပါ ခေါ်ခဲ့ကွာ။ အဖော်ရအောင်ပေါ့"

ဟု ဆိုကာ နေ့လယ်ဖက် တစ်ရက် သုံးဦးသား အိမ်နားရောက်သွားကြသည်။ နေအိမ်မှာ အမိုးများပေါက်ပြဲလျက် ဖရိုဖရဲဖြစ်နေသည်ကို မြင်ရသဖြင့် မောင်တုတ်ချောမှာ "တောက်"တခေါက်ခေါက်ဖြင့် ခြံတွင်းဝင်လိုက်သည်။ သုံးဦးသား ခေတ္တရပ်ကြည့်နေကြစဉ် အသံဗလံဘာမျှမကြားရသဖြင့် မောင်တုတ်ချောကနေအိမ်ရှေ့ကပြင်နားထိ လျှောက်သွားလိုက်ပြီး ၎င်းချထားခဲ့သည့် မှိန်းကို တွေ့၍ ကောက်ယူလိုက်စဉ်နေအိမ်တွင်းမှ "ဝုန်းဒိုင်း"အသံများထွက်လာပြီး ခဲများ၊ အိုးခွက်ပန်းကန်များ ပျံဝဲထွက်လာတော့သည်။ မောင်တုတ်ချောက ပြန်ပြေးထွက်လာကာ -

"အဲဒီလောက်ဖြစ်လှတာ မီးတိုက်ပစ်တာပဲ အေးပါတယ်ကွာ"

ပြောပြီး လက်ထဲမှ မှိန်းအား အိမ်ထဲသို့ တအားကုန် လွှဲပစ်သွင်းလိုက်သည်။ နောက် ခြံပြင်သို့ သုံးယောက်သား လှည့်ထွက်လာကြသည်။ ခြံဝနားလောက်အရောက်တွင် "ဗိုး"ကနဲ အသံကြားလိုက်ရပြီး "အား"ဟု အော်ကာ မောင်တုတ်ချောမှာ ခြံပြင်သို့မှောက်လျက် လဲကျသွားတော့သည်။ နောက်ကျောတွင်လည်း မှိန်းတန်းလန်းစိုက်ဝင်နေတော့သည်။

"ဟာ . . သက်တင်ရေ၊ မြန်မြန်၊ မြန်မြန်"

ဟု ပြောလည်းပြော၊ တုတ်ပေါ်က ညီဖြစ်သူအား ပခုံးနှစ်ဖက်မှ မောင်သက်တင်က ခြေထောက်ဖက်မှ မချီ၍ ရွာဘက် သို့ ပြေးလာကြရသည်။ မှိန်းအားဆွဲနှုတ်ရာ "ဒစ်"ခံနေသဖြင့် မရဘဲ မောင်လူချောမှာ နာကျင်လွန်းသောကြောင့် အော်ဟစ်မေ့မြောသွားသဖြင့် ဆေးရုံသို့ အမြန်တင်ပို့လာကြရခြင်းဖြစ်ပေတော့သည်။

"ခင်ဗျားတို့ ပြောလို့သာ ကြားရတယ်။ ကျွန်တော်တော့ ယုံရခက်ပဲဗျ"

ဟု အစစ်ခံများ ရေးမှတ်ယူပြီး ကျွန်တော်က ပြောလိုက်မိသည်။

"ဆရာ မယုံရင်သွားစမ်းကြည့်ပေါ့။ ကျွန်မတို့တော့ အနားမကပ်ရဲတော့ဘူး"

"အင်းဗျာ . . ကျွန်တော် စခန်းမှူးဆီ တင်ပြလိုက်ဦးမယ်။ ကိုတုတ်ချောနေကောင်းသွားရင်လည်း လာပြောဦးနော်"

"ဟုတ်ကဲ့ပါ ဆရာ"

ဤသို့ဖြင့် စခန်းမှူးထံ အစစ်ခံချက်များနှင့်တကွ ပြန်လည် တင်ပြခဲ့သည်။

"ကျုပ်တို့ ရဲတပ်ဖွဲ့ဆိုတာ

လက်ထဲမှမှိန်းအား အိမ်ထဲသို့ တအားကုန် လွှဲပစ်သွင်းလိုက်သည်။ နောက် ခြံပြင်သို့ သုံးယောက်သား လှည့်ထွက်လာကြသည်။ ခြံဝနားလောက်အရောက်တွင် "ဗိုး"ကနဲ အသံကြားလိုက်ရပြီး "အား"ဟု အော်ကာ မောင်တုတ်ချောမှာ ခြံပြင်သို့မှောက်လျက် လဲကျသွားတော့သည်။ နောက်ကျောတွင်လည်း မှိန်းတန်းလန်း စိုက်ဝင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့ဘဝလုံခြုံရေးအတွက် တာဝန်ယူနေရတာ။ ဥပဒေရဲ့ အရိပ်ကလည်း လူ့ဘဝမမွေး လာခင်၊ ကိုယ်ဝန်ဆောင်နေ စဉ်ကာလက စလို့ သေဆုံးပြီး သည်အထိ မိုးကာပေးထားတာ လေ။ ဝိညာဉ်နှိပ်စက်လို့ မိသားစုဘဝပျက်ရတယ်ဆိုတာ မဖြစ်သင့်ဘူးဗျာ။ ဒါကြောင့် ခင်ဗျားက နယ်ထိန်းတာဝန်ခံဖြစ်လို့ ဒီကိစ္စကို စုံစမ်းမှုဖွင့်ပြီး သတင်းတင်ပို့မှုလုပ်ပါ။ ကျုပ် နယ်စီးရဲဝန်ထောက်ဆီ အစီရင်ခံ ထားပါမယ်"

ဟု တာဝန်ပေးအပ်တော့သည်။

သာမုကန်ရွာသို့ သွား၍ ရဝတဥက္ကဋ္ဌဦးလှကြီး၊ ကိုတုတ်ပေါ်တို့နှင့်တွေ့ဆုံမေးမြန်းရာ ကိုလှချောအိမ်မှာ "ပုဏ္ဏက" တိုက်ထားခြင်းခံရသဖြင့် လူနေ၍မရတော့ကြောင်းနှင့် ဆရာမှန်သမျှ ပြန်ချခံနေရသဖြင့် ယခုအခါ မည်သည့်ဆရာမျှ ခေါ်မရတော့ကြောင်း ပြောကြလေသည်။ ကိုတုတ်ပေါ်အား အဖော်ခေါ်၍ ၎င်းအိမ်နေရာသို့ သွားရောက်လေ့လာရာ ကိုလှချောအိမ်မှာ သုံးပင်တိုင်အိမ်ဖြစ်ပြီး ဖိနပ်ချွတ်အဖီတစ်ဆင့်နိမ့်နှင့်မီးဖိုဆောင်ဘေးတွဲ၊ ခြေတံရှည်အိမ်ဖြစ်လေသည်။ ဓနိမိုး၊ ပျဉ်ကာ၊ ဝါးကပ်ခြံစည်းရိုးဖြင့် ပေ ၆၀ ပတ်လည်ခန့် ကျယ်ပေသည်။ သာမုကန်ဘုရားလမ်း၏အဆုံး လယ်ကွင်းအစပ်တွင်ရှိပြီး ရွာနှင့် အတော်အလှမ်းကွာဝေးပေသည်။ ခြံစည်းရိုးနှင့် နေအိမ်မှာ ခဲတစ်ပစ်စာအတွင်းလောက်ပင်ရှိသဖြင့် ကိုလူပေါ်အား . .

"ခင်ဗျားတို့ ရွာသားတွေကော အခုလာပြီး ပစ်ခတ်စမ်းသပ်တာ မလုပ်ကြတော့ဘူးလားဗျ"

"အာ . . မလုပ်ရဲကြတော့ဘူးဆရာလေးရဲ့။ ထိပ်ပေါက်ခေါင်းကွဲတွေအတော်ဖြစ်ကုန်ကြတာ။ ဆရာတွေလဲ တစ်ယောက်ပြီးတစ်ယောက် ပြေးနေကြရတာကိုး"

"အခုတော့လည်း ဘာသံမှ မကြားရပါလားဗျ"

"ဆရာလေး၊ ဟိုသစ်ပင်အကွယ်က သွားကြည့်နေလေ၊ ကျွန်တော် လုပ်ပြမယ်"

ဟု ပြောပြီး မြေကြီးခဲ ရွယ်ရွယ် သုံးလုံးကို ကောက်ယူလိုက်သည်။ ၎င်းနောက် ခြံစပ်မှ နောက်သို့ဆုတ်၍ လက်ထဲမှ ခဲသုံးလုံးကို ဆက်ကာဆက်ကာ နေအိမ်ဆီသို့ ပစ်သွင်းလိုက်သည်။ နောက် အမြန်ပြေးလာပြီး ကျွန်တော့်ဘေး သစ်ပင်အကွယ်တွင် ကိုယ်ကိုကွယ်ထားလိုက်သည်။ ကိုတုတ်ပေါ် သစ်ပင်အကွယ် နောက်အရောက်တွင်ပင် နေအိမ်ဖက်မှ ခဲလုံးသုံးလုံး အရှိန်ဖြင့် ပြန်ထွက်လာပြီး သစ်ပင်ကို ထိမှန်လေတော့သည်။ တစ်ဆက်တည်းလိုလိုပင် နေအိမ်တွင်းမှ ဝုန်းဒိုင်းအသံများ ထွက်ပေါ်လာပြီး လူတစ်ယောက် ခုန်ပေါက်ပြေးလွှားနေသကဲ့သို့ ကြားနေရတော့သည်။

"နေ့ခင်းဘက်ကြီးမို့ အကောင်ကို မမြင်ရတာလား မသိဘူး။ ညဘက်ဆိုရင် အကောင်ကို မြင်ရမယ်နဲ့တူတယ်"

"ဘာကောင်မှမမြင်ရဘူး ဆရာလေးရဲ့။ အသံပဲကြားရတာ။ အိမ်ထဲမှာ ရှိသမျှ ပစ္စည်းတွေ တစ်ခုပြီးတစ်ခု လေထဲ ပျံဝဲပြီး လွင့်စဉ်ကုန်တာပဲ"

"အဲဒီအသံတွေက တစ်ချိန်လုံးဖြစ်နေတာလားဗျ"

"သူ့ကိုသွားမစတော့ရင် အတော်ကြာတော့ ပျောက်သွားပါတယ်"

"ခြံအပြင်ကိုကော ထွက်မလိုက်ဘူးလားဟင်"

"အဲဒီလိုတော့ မလိုက်ဘူး ဆရာလေးရဲ့။ အိမ်ထဲမှာပဲ သောင်းကျန်းနေတာ"

"ဒါဆိုလို့ရှိရင် ဒီပုဏ္ဏက ကအိမ်ကို အပိုင်စီးထားတာ ပေါ့ ဟုတ်လား"

"ဟုတ်တယ် ဆရာလေး ရေ့ ဟုတ်တယ်"

"ကဲ . . လာဗျာ၊ အပြင် ထွက်မလိုက်ဘူးဆိုတော့ ဘုန်း ကြီးကျောင်းဘက်သွားကြတာ ပေါ့"

ဟု ပြောကာ ဦးနန္ဒ ဝင်ရောက်လိုက်သည်။

"ဆရာတော်ဘုရား၊ ကို တုတ်ချော အိမ်က ပုဏ္ဏကကို နှင်ပေးလို့မရဘူးလားဘုရား"

ဟု ဝတ်ဖြည့်ပြီး လျှောက် ထားလိုက်သည်။

"ဦးဇင်းက ဆရာတော် မဖြစ်သေးပါဘူး ဒကာကြီး အခုမှ အားထုတ်ဆဲပါ။ ဒကာ တုတ်ချောတို့က လူမိုက်နဲ့သွား ပေါင်းတာကိုး။ အပေါင်းမှား သွားတော့ ဒုက္ခများလာတာ ပေါ့လေ။ ဦးဇင်းလည်း လော ကီကိစ္စတွေ မတတ်ကျွမ်းတော့ မေတ္တာပဲပို့ပေးနေရတာပါပဲ"

"အရှင်ဘုရားတို့ ပရိတ် ရွတ်၊ ကမ္မဝါဖတ်ရင် မရဘူး လားဘုရား"

"ဦးဇင်း အန္တရာယ်ကင်း ပရိတ်တော်တွေရွတ်ဖတ်ပူဇော် ပေးခဲ့ပြီးပါပြီ။ အညီရှိရင် ယင် အုံတာသဘာဝပဲလေ။ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘဏ္ဍာအမိုက်ကြောင့်ပုဏ္ဏက အတိုက်ခံရတာမို့ သူ့ဘဝ သူ့ တ်ဝင့်ရှိသမျှ ခံရတော့မှာလေ။ မှန်ကန်တဲ့သစ္စာစကားနဲ့ မင်း အာဏာအသုံးချတတ်ရင်တော့ ရောင်းပါရဲ့ဒကာ"

"အခုခေတ်မှာ ရှင်ဘုရင် မှ မရှိတော့ဘဲ။ ပြည့်ရှင်မင်း တရာဇ်ခေတ်က ပျောက် ကွယ်ခဲ့တာကြာလှပြီဘုရား"

"အုပ်ချုပ်သူအစိုးရသည် ဝင်လျှင် မင်းကေရာဇ်ပေါ့ ဒကာ"

"တင်ပါ့ဘုရား၊ တပည့် တော်ရဲ့ အထက်အရာရှိတွေ တို့ ပြန်တင်ပြလိုက်ပါဦးမယ် ဘုရား၊ ပြန်ခွင့်ပြုပါဘုရား"

ဟု ဝပ်ချပြန်လာခဲ့သည်။ ရဲစခန်းပြန်ရောက်သည့်အခါ စခန်းမှူးအားတွေ့ကြုံခဲ့သမျှကို တင်ပြအစီရင်ခံလိုက်သည်။

"အဲဒီ ဦးပဥ္စင်းအမိန့်ရှိ လိုက်တာ အဓိပ္ပာယ်ရှိတယ်ဗျ။ လာဗျာ . . အဲဒီလို တရား စကားတွေမှာ ပိုကျွမ်းကျင်တဲ့ အဘဦးအောင်စိန်ဆီသွားမေး ကြည့်ရအောင်"

ထိုစဉ်က ရန်ကုန်တိုင်းရုံး တပ်ထောက်ဌာနစိတ်မှ တကက ဦးအောင်စိန်နှင့် တက ဦးအောင်ငြိမ်းတို့မှာ အင်းစိန်ရဲစခန်းဝင်းအတွင်းရှိ ရဲရိပ်သာတွင် ခေတ္တ လာ ရောက် နေထိုင်ကြသည်။ အသက်အရွယ်ကြီးသူများဖြစ် ကြလျက် သာသနာပြုလုပ်ငန်း များတွင် ဆရာတစ်ဆူအဖြစ် အဘဦးအောင်စိန်မှာ ပေါက် မြောက်နေသူဖြစ်သည်။ ပုတီး စိပ်၊ တရားထိုင်၊ မေတ္တာပို့၊ ဝေဒနာသည်များကိုလည်း ကုသကယ်ဆယ်နေသူဖြစ်သည်။ တပ်ဖွဲ့ဝင်မိသားစုများသာမက တရားနာပရိသတ်မပြတ် အောင်ရှိနေသဖြင့် ရုံးပိတ်ရက် နှင့် အခါကြီးရက်ကြီးနေ့ကြီး များတွင် နေ့ရောညပါ တရား ပွဲဖြင့် စည်ကားနေလေ့ရှိပေ သည်။

ကံအားလျော်စွာ ရုံးဖွင့် ရက်ဖြစ်၍ အဘဦးအောင်စိန် နားတွင် တပည့်အချို့မှ လွဲ၍ ပရိသတ်ရှိမနေပေ။ အဘ အိမ်ပေါ်ရှိ ခမ်းနားစွာပြုပြင် ဆင်ယင်ထားသည့် ဘုရား ကျောင်းဆောင်ရှေ့တွင် ကျုံ့ ကျုံ့ထိုင်လိုက်ကြပြီး ဘုရား ကျောင်းဆောင်အား ဦးချ ကန် တော့လိုက်ကြသည်။

"စခန်းမှူးတို့က ဘာကိစ္စ များတုန်းဗျ"

"အဘကို မရှင်းတာ လေးတွေ မေးရအောင် လာ တာပါအဘ"

"ကဲ - ဦးစံ၊ ခင်ဗျားပဲ အဘကို ဖြစ်စဉ်တွေ ပြောပြပြီး မေးဗျာ"

"ဒီလို အဘရေ၊ သာဓု ကန်ရွာမှာ ပုဏ္ဏကအတိုက်ခံရ တဲ့ အိမ်တစ်အိမ်ရှိနေတယ်"

ဟု အစချီလျက် ကိုတုတ် ချော၏ ဖာတ်လမ်းကိုပြောပြ လိုက်သည်။ ကျွန်တော်ကိုယ် တိုင်သွားရောက်လေ့လာစဉ် က တွေ့ကြုံခဲ့ရသည်များနှင့် ဦးပဥ္စင်းဦးနန္ဒ၏စကားများကို အပြည့်အစုံပြောပြလိုက်သည်။

"အဲဒါ ကိုတုတ်ချောတို့ ကိုးကွယ်နေတဲ့ ဦးပဥ္စင်းကြီးက မှန်ကန်တဲ့သစ္စာစကားနဲ့ မင်း အာဏာကို အသုံးချတတ်ရင် တော့ ဒီပုဏ္ဏကကို နှင်လို့ရနိုင် မယ်လို့လို ပြောတဲ့စကားကို နားမရှင်းဘူးဖြစ်နေတာအဘ ရေ။ ကိုတုတ်ချောလည်း အခု ထိ ဆေးရုံကမဆင်းရရှာသေး ဘူး။ သားသမီးတွေနဲ့ တကွဲ တပြားစီဖြစ်ပြီး ဒုက္ခရောက်နေ ရတယ်။နောက်ပြီး အဲဒီပုဏ္ဏက တိုက်တယ်ဆိုတာရောတကယ် ပဲလား အဘရယ်"

"အော် . . အဲဒီရဟန်း တော်က ဝိနည်းနဲ့ ငြိစွန်းမှာစိုး လို့ သူတော်ကောင်းစကားပြော လိုက်တာကိုး။ အုပ်ချုပ်သူ အစိုးရက "မင်း"ဆိုတာ အမှန် ပဲဗျ။ ရှင်ဘုရင်ခေတ်တတော့ ရှင်ဘုရင်ပေါ့။ အခုခေတ်ကျ တော့ အစိုးရအဖွဲ့ပေါ့ဗျာ။ အဲဒီ အစိုးရဆိုတဲ့စကားကိုပြစ်မှုဆိုင် ရာ ဥပဒေအခန်း (၂)၊ ပုဒ်မ (၁၇)မှာ ဒီလိုပြဋ္ဌာန်းထားတယ် ဗျာ။ (အစိုးရဆိုသည်မှာ ပြည် ထောင်စု မြန်မာနိုင်ငံတော်တစ် ဝှမ်းလုံးတွင် မည်သည့်အရပ်၌ မဆို၊ ဥပဒေအရအုပ်ချုပ်မှုအာ ဏာရရှိသူတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေဆိုလိုသည်)တဲ့။ အဲဒီပြဋ္ဌာန်းချက်အရ ခင်ဗျား တို့ စခန်းမှူးတို့၊ နယ်ထိန်းအုပ် တို့ဆိုတာ အစိုးရပဲပေါ့ဗျာ။ ဒီ ရဲစခန်းအပိုင်နယ်မြေအတွင်း အုပ်ချုပ်ဖို့ အာဏာအပ်နှင်းခံ ထားရသူတွေလေ။ တည့်တည့် ပြောရရင် အဲဒီဦးပဥ္စင်းက "ခင်ဗျား"ကို ရည်ညွှန်းတာပဲဗျ။ မှန်ကန်တဲ့"သစ္စာ"စကားဆိုတာ နယ်မြေငြိမ်ဝပ်ပိပြားမှုရှိစေရေး အတွက် တာဝန်အရပြောဆို ဆောင်ရွက်ရမယ့် "အမိန့်အာ ဏာ"ပြန်တမ်းပေါ့ဗျာ။

"ပုဏ္ဏက"ဆိုတာကတော့ ပြိတ္တာအကြီးစား၊ တစ်နည်း ဘီလူးပေါ့ဗျာ။ ဝိဒူရဇာတ် တော်မှာအလောင်းတော်ပညာ ရှိဝိဒူရ အမတ်ကြီးကို တောင် စဉ် ၇ တန်နဲ့တိုက်အောင်မြင်း အမြီးကိုဆွဲကိုင်ခေါ်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com

> "ပုဏ္ဏက" ဆိုတာကတော့ ပြဿဒါးကြီးစား၊ တစ်နည်းအိလူးပေါ့ဗျာ။ ဝိဒုရစာတော်မှာ ဘလောင်းတော်ပညာ ရှိဝိဒုရအမတ်ကြီးကို တောင်ခြေ ရ တန်နံ့တိုက်ဇော်ကောင် မြင်းဘမြီးကိုဆွဲကိုင်ပေါ်သွားတဲ့ ပုဏ္ဏကနတ်ဘီလူးမျိုးပေါ့။ တန်ခိုးကြီးတဲ့ ပြဿဒါးကြီးတွေဆိုတော့ ပရိတ်တော်ကိုမဖြုံဘူးပေါ့။

ပုဏ္ဏကနတ်ဘီလူးမျိုးပေါ့။ တန်ခိုးကြီးတဲ့ ပြဿဒါးကြီးတွေဆိုတော့ ပရိတ်တော်ကိုမဖြုံဘူးပေါ့။ ပုဏ္ဏကအင်းကိုသချိုင်းလက်ပြန်မြေရယ်၊ သိုက်မြေရယ်၊ အိုးထိန်းလက်ခတ်မြေရယ်တွေနဲ့ ရေလုံအိုးကွဲမှာ အစီအရင်လုပ်ပြီး မန္တာန်တွေနဲ့ စီရင်ပြီး မလိုသူအိမ်မှာနှောင့်ယှက်ဖို့ အခံဓာတ်နဲ့ ပေါင်းစပ်တိုက်ခိုက်ခိုင်းတာလေ. .။ အောက်လမ်းဆရာတွေအလုပ်များကြတယ်ဗျ။ တော်ရုံသီလသမာဓိလောက်နဲ့ သွားနှင်လို့မရနိုင်ဘူးဗျ။ အရိယာဝိဇ္ဇာပညာရှင်တွေမှပဲ နိုင်နိုင်တယ်။ အဲဒါ အိမ်ရှင်ကိုတုတ်ချောက အောက် လမ်းသိုက်ဆရာက ပေးလိုက်တဲ့ တိုက်ပိတုန်းရုပ်ကို အိမ်ထဲမှာထားလိုက်တာကြောင့် အစေးကနေ အင်းပျံလွှတ်ပြီး တိုက်ပိတုန်းရုပ်အခံနဲ့ ပေါင်းစပ်မိသွားလို့ ပုဏ္ဏကစွဲဝင်နိုင်သွားတာ။ အညီရှိရာယင်အုံတာလို့ ဦးပဥ္စင်းကပြောတာ အဲဒါပဲဗျ။ ကဲ-ဒီလောက်ဆို ခင်ဗျားတို့ သိချင်တာတွေရှင်းသွားရောပေါ့"

"ဟုတ်ကဲ့ အဘ၊ ရှင်းပါပြီ။ ကျွန်တော်တို့ သွားပြီး အမိန့်ပြန်လို့ မနိုင်ဘဲ ပြေးကြရတဲ့ဘဝရောက်မှာ ကြောက်တယ်။ ရှက်လည်း ရှက်စရာကြီး အဘရ"

"မပြေးရပါဘူးဗျာ. .။ ဘယ်ပြိတ္တာမှ သေနတ်ကိုမကြောက်တာမရှိဘူးဗျ။ အဲ-ဒါပေမယ့် အိမ်ရှင်ဆီကနေတော့ ခွင့်ပြုချက်ရဖို့လိုတယ်နော်"

"ဟုတ်ကဲ့အဘ၊ ကိုတုတ်ချော ဆေးရုံပေါ်မှာ ရှိနေပါတယ်။ သူ့ဆီသွားပြီး သဘောတူညီချက် ယူလိုက်ပါမယ်"

နောက်တစ်နေ့တွင်ဆေးရုံ၌ ကိုတုတ်ချောတို့ မိသားစုနှင့်အတူ ဆွေမျိုးမိတ်ဘများ၊ ရပ်ကွက်လူကြီးများကိုပါ အခန့်သင့်တွေ့၍ သဘောတူညီချက်တောင်းရာ ကိုတုတ်ချောက -

"သဘောတူရုံတင်မကပါဘူး ဆရာရယ်။ တစ်ခါတည်း မီးသာတင်ရှို့ပစ်လိုက်တော့။ ကြိုက်သလိုသာလုပ်ပါ"

ဟု ခွင့်ပြုလိုက်ပါသည်။ စခန်းမှူးထံ ပြန်လည်တင်ပြ အမိန့်ခံပြီး နယ်ထိန်းအဖွဲ့အား ခေါ်၍ ကိုတုတ်ချောအိမ်ကို ဝိုင်းလိုက်ကြသည်။ခြံဝမှနေ၍-

"ဒီအိမ်မှာ အိမ်ရှင်ခွင့်ပြုချက်မပြုဘဲ အဓမ္မတက်နေတဲ့ ပုဏ္ဏက၊ ငါ ဒီအင်းစိန်တစ်မြို့နယ်လုံးကို အုပ်ချုပ်နေတဲ့ လူဆိုးထိန်းခေါင်းဆောင်ဒုလုံချုပ်ရေးမှူး မောင်စံ အမိန့်ပေးနေတယ်။ မင်း ခုချက်ချင်းဖယ်ပါ။ တစ်ကနေ သုံးအထိ အချိန်ပေးမယ်။ တစ် . . နှစ် . . သုံး . . ပစ်"

ဟူ၍ အော်ပြောလိုက်ပြီး သေနတ်များဖြင့် အိမ်ထဲသို့ ပစ်သွင်းလိုက်ကြသည်။ သေနတ်သံများ ဟိန်း၍ထွက်ပေါ်သွားပြီးအပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေတော့သည်။ ရွာသားများလည်း ပြေးလွှားရောက်

လာကြကာ အံ့အားသင့်နေ[...]
သည်။ တစ်ဖွဲ့လုံး အသင့်[...]
နေအထားဖြင့် သေနတ်များ[...]
ချိန်လျက်အိမ်နားသို့ တစ်လှ[...]
ချင်းတိုးကပ်သွားကြသည်[...]
မျက်စိ၊ နားစွင့်လျက် အိမ်ထဲ[...]
တုံ့ပြန်ချက်ကို စောင့်နေ[...]
အိမ်မြောင်စုတ်ထိုးသံမှလွဲ[...]
ဘာသံမျှ ထွက်ပေါ်လာခြင်း
မရှိပေ။ နေအိမ်လှေကားပြ[...]
ပေါ်သို့ လှမ်းတက်လိုက်[...]
အိမ်အတွင်း လျှောက်ကြ[...]
လိုက်ရာ အိမ်ကပြင်ကြမ်းပေ[...]
တွင် ပိတုန်းရုပ်တစ်ခုနှင့် [...]
ခြမ်းပဲ့အကွဲ မြေဖြူမှုန့်များကြ[...]
တွင် တွေ့လိုက်ရသည်က ၎[...]
ပစ္စည်းများကို စက္ကူဖြင့်ထုပ်[...]
ယူလိုက်ပြီး အိမ်ရှေ့မြေပြ[...]
ပေါ်တွင် မီးပုံရှို့ပစ်လိုက်တေ[...]
သည်။ ၎င်းအိမ်၌ပင် တစ်[...]
စခန်းချအိပ်စက်ပြီး ပြန်လာ[...]
တော့ရာ ကိုတုတ်ချောတို့[...]
ဝမ်းသာကျေးဇူးတင်လျ[...]
ပုဏ္ဏကအား မင်းမိန့်မင်းအ[...]
ဏာဖြင့် နှိမ်နင်းဖယ်ရှင်းနိုင်[...]
သည်ကို စခန်းမှူးအား[...]
လည်သတင်း ပို့တင်ပြနိုင်ခဲ့[...]
တော့သည်။

စံ-ကေတု

www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေရေးရာ

# သုတအာမြွာမြွာ

"ဦးစလင်း ... လွှတ်တော်လုပ်ပါလား"

"ဟာ ... မောင်မိုးကလည်း၊ လွှတ်တော်လုပ်ပါလားတဲ့၊ တကယ်ဆို မင်းသားကြီးလုပ်ပါလားဆို တော်သေးရဲ့"

"မဟုတ်ဘူး ဦးစလင်းရဲ့။ တချို့က ဦးစလင်းရဲ့ ဥပဒေဆောင်းပါးတွေ ဖတ်ရတာ ရယ်ရတယ်တဲ့"

"ဘာလဲ ... ရယ်စရာ ပေါ့ပျက်ပျက်ဖြစ်နေတယ်တဲ့လား"

"အဲလိုပြောတာ မဟုတ်ပါဘူး။ ဥပမာဆိုပါတော့ ဦးတင်လှကို ကျောက်တံခါးက ဟိန္ဒူကုလား မေးတာမျိုးပေါ့။ ဗမာတွေဟာ အရောင်အသွေး၊ အရသာတို့နဲ့ ပတ်သက်ပြီး ပြောတဲ့အခါ ဖြူတူတူ၊ ဝါတာတာ၊ နီတီတီ၊ ပြာတာတာ၊ စိမ်းတိမ်းတိမ်း ဆိုပြီး ပြောတယ်။ နောက်ပြီး ချိုတိုတို၊ စပ်တပ်တပ်၊ ချဥ်တဥ်တဥ်၊ ခါးတားတား၊ ဖန်တန်တန်၊ ငန်တန်တန်လို့ သုံးကြတယ်။ နောက်တွဲစကားကို 'တ'(တဝမ်းပူ)တစ်မျိုးတည်းပဲ ရှေ့အလုံးနဲ့ ကာရန်တူ လိုက်တယ် ဆိုတာမျိုး။ ကြုံကြုံဖန်ဖန်ဖတ်ရတော့ ရယ်ရတာပေါ့"

စလင်း-ဦးအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

"ပြော် ... ဒါလား"

"မူးယစ်ဆေးဝါးမှုမှာ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရတဲ့ နန်းကြာမုံ အထူးအယူခံ မဝင်ပါဘဲလျက် ပူးတွဲတရားခံ အထူးအယူခံဝင်တဲ့အမှုမှာ ထည့်သွင်းသုံးသပ်ပြီး အပြီးအပြတ်လွှတ်တာမှာ 'အမလေး .. နန်းကြာမုံရယ်၊ နင့်အစား ငါကျော့ချမ်းလိုက်တာ။ တော်ပါသေးရဲ့၊ အထူးအယူခံရုံးတော်က ထည့်သွင်းသုံးသပ်သွားပေလို့' ဆိုတဲ့ အသုံးမျိုးကလည်း ဘာပဲပြောပြော ဟာသမဟုတ်ပေမဲ့ ရယ်ရသေးတယ်"

"အဲဒီလောက် မြွက်နေမှတော့ လက်ဖက်ရည်နဲ့ မရတော့ဘူး။ နေ့လယ်စာ ကျွေးမယ် မောင်မိုးရေ ..."

မောင်မိုးသည် လူငယ်စာရေးဆရာလေးဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေချင်သည်။ အိမ်နီးချင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာသည်ကို အားကျစေချင်သည်။ ကောင်းတာအတုယူပြီး တီထွင်ဆန်းစစ်စေချင်သည်။ အိမ်နီးချင်းနိုင်ငံကြီးမှ ဈေးပေါပေါနှင့် ဒလဟောသွင်းနေသော လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုးသည် ပျက်လျှင် ပြင်ခက ပစ္စည်းဖိုးနီးပါးလောက် ကုန်ကျခြင်း၊ ပြင်ပြီး အသုံးတာရှည်မခံခြင်းကြောင့် တစ်ခါသုံးပစ္စည်းများအဖြစ် စွန့်ပစ်နေရသည်ကို ဘဝင်မကျဖြစ်နေသည်။ ပြည်တွင်းက ထုတ်နိုင်လျှင် ပြည်သူတွေ ကုန်ကျငွေသည် ဟိုနိုင်ငံကြီးသို့ ရောက်သွားတော့မည်မဟုတ်ရုံမက ပြည်တွင်းမှာပါ အလုပ်အကိုင်တွေ တိုးပွားရရှိနိုင်မည်။ တစ်ချက်ခုတ် အချက်ပေါင်းများစွာ ပြတ်သွားမည်။ လက်ဖက်ရည်ဆိုင်၊ ကာရာအိုကေ၊ ကေတီဗွီတွေ၊ အင်တာနက်တွေမှာ လူငယ်လေးတွေ အချိန်ဖြုန်းနေသည်ကို နည်းလမ်းရှာပြီး တိုးတက်ရာ၊ တိုးတက်ကြောင်း ဖြစ်အောင်လုပ်စေချင်သည်။

မောင်မိုး နှုတ်ဆက်ထွက်သွားသည်။ တွေးစရာလေးတော့ ချန်သွားသည်။ ဥပဒေဘာသာရပ်က ဘာသာရပ်အပေါ် စိတ်ဝင်စားပြီး လေ့လာရင် ပျင်းစရာမဟုတ်သော်လည်း သာမန် ဥပဒေဘာသာရပ် ဖတ်သူအဖို့ ငြီးငွေ့စရာ ဖြစ်နိုင်ပါသည်။ ငြီးငွေ့စရာမဖြစ်ဘဲ ဖတ်သူစိတ်ဝင်စားပြီး ဥပဒေအသိလေး ရရှိသွားစေလို၍ ရယ်စရာ၊ ရင်မောဖွယ်ရာ၊ မချင့်မရဲဖြစ်စရာလေးပေါ်အောင် ရေးဖွဲ့တင်ပြခြင်းမျိုး ဖြစ်ပါသည်။ ရံဖန်ရံခါတွင်တော့ စာဖတ်သူအမြင်လေး ဖော်ထုတ်နိုင်ရန် တရားရုံးသုံးသပ်ချက်၊ စာရေးသူအမြင်တို့ ပေါင်းစပ်တင်ပြသည်လည်း ရှိပါသည်။

ပြစ်မှု၊ တရားမမှုဟု ရှိရာတွင် တရားမမှုများက ဥပဒေပိုင်း၌ ပို၍ နက်နဲကျယ်ပြန့်ပါသည်။ တရားမမှုများထဲတွင် အိမ်ရှင်–အိမ်ငှားဥပဒေသည် ပြဿနာအတော်အသင့် ရှုပ်သည်ဟု ဆိုရပါမည်။ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေမှ အိမ်ရှင်–အိမ်ငှားနှင့် သက်ဆိုင်သော ပုဒ်မများကို တွဲဖက်လေ့လာရပါသည်။ ရုံးခွန်တော် ထမ်းဆောင်ရသည်က အစ၊ အခြားတရားမမှုခင်းများနှင့် မတူပါ။

၁၉၆၀ ပြည့်နှစ်က လက်ရှိ အိမ်ရှင်အိမ်ငှားဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ယနေ့ကာလအထိဆိုလျှင် နှစ်ငါးဆယ်ကျော်ခဲ့ပြီ။ အိမ်ရှင်သည် မိမိနေထိုင်ရန်အတွက် အငှားချထားသည့်ပစ္စည်းကို သဘောရိုးဖြင့် ပြန်လည်ရယူလိုမှု၌ ၁၉၄၅ ခုနှစ်၊ မေလ(၁)ရက်နေ့မတိုင်မီက ပိုင်ရှင်ဖြစ်သူ၊ သို့မဟုတ် ပိုင်ရှင်ထံမှ အမွေဆက်ခံသူဖြစ်ရမည်ဟု ပုဒ်မ–၁၂(၁)(စ)တွင် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ ၁၉၄၅ ခု၊ မေလ(၁)ရက်နေ့မတိုင်မီ ပိုင်ရှင်ဖြစ်သူ၊ ထို့နောက်ပိုင်းဆိုလျှင် ပိုင်ရှင်ဖြစ်သူထံမှ အဆင့်ဆင့် အမွေဆက်ခံပိုင်ဆိုင်သူ ဖြစ်ရမည်။ ဤနည်းအားဖြင့် ပိုင်ရှင်က တစ် နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူ သည် အမွေဆက်ခံရရှိခြင်းမဟုတ်၍ နှင် လိုမှုစွဲဆိုနိုင်မည် မဟုတ်ပေ။

ဥပဒေပါအတိုင်း ရေးသားတင်ပြ လျှင် အလွယ်တကူ နားလည်နိုင်မည် မဟုတ်၍ အမေး–အဖြေပုံစံလေး ပြောင်း တင်ပြလျှင် ကောင်းလိမ့်မည် ထင်သည်။ မေးသူက သာမန်အရပ်သားပေါ့။

**မေး** – အိမ်ငှားကို ဥပဒေနှစ်မျိုး နဲ့ကိုက်အောင် နို့တစ်စာပို့ရတယ်ဆိုတာ ရှင်းပြပေးပါ။

**ဦးစလင်းမြေ** – ပစ္စည်းလွှဲပြောင်း ရေး အက်ဥပဒေ (Transfer of prop- erty Act) အရ တစ်စောင်၊ အိမ်ရှင်အိမ် ငှားဥပဒေအရ တစ်စောင် ပေးရပါတယ်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေအရ ပေးတဲ့အခါ ငှားရမ်းသည့်နေ့ စေ့ကုန် သည့်ရက် မတိုင်မီ (၁၅)ရက် ကြိုတင်ပေး ပို့ရပါမယ်။ ငှားရမ်းခြင်းရပ်စဲသည့်နေ့ သည် (၁၅)ရက်ပြည့်သည့်ရက်နှင့် ကိုက် ညီရပါမည်။ လျော့၍မရပါ။ ပိုတာ ပြဿ နာမရှိပါ။ အိမ်ရှင်အိမ်ငှားဥပဒေအရပေး တဲ့ နို့တစ်စာကတော့ (၂၁)ရက် ကြိုတင် ပေးရပါမယ်။ (၂၁)ရက်မပြည့်မီ တရား လို့မရဘူး။

**မေး** – ငှားရမ်းခမပေးတဲ့အတွက် နို့တစ်စာပို့တာလည်း အတူတူပဲလား

**ဖြေ** – သတိထားရမှာလေး ပြော လိုက်မယ်။ ဥပမာ–အင်္ဂလိပ်လ(၁)ရက် လကုန်ရက်ကို တစ်လသတ်မှတ်ပြီး ငှား ရမ်းတယ်ဆိုပါတော့။ ၂၀၁၂ ခုနှစ်၊ စ တင်ဘာလအတွက် လခကို လမကုန် တောင်းဆိုလိုက်ရင် အဲဒီနို့တစ်စာ တ မဝင်ဘူး။ အဲဒီ တရားမဝင်တဲ့ နို့



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဘုရားစွဲရင် သွားပြီ၊ ကျောက်ခဲရေထဲ ကျပဲ။

မေး – နှစ်အလိုက် ငှားရင်ရော နှီတစ်စာ ဘယ်လောက်ကြိုပို့ရလဲ။

ဖြေ – ဘာကတိ ပဋိညာဉ်မှ မရှိ ခင်း (၆)လ။

မေး – လအလိုက် ငှားရာမှာ နှီ တစ်စာ တစ်စောင်တည်း ပေါင်းပို့လို့ရ သလား။

ဖြေ – ရပါတယ်။ နှစ်မျိုးလုံးနဲ့ အကျုံးဝင်ရင်ပေါ့။ (၂၁)ရက်ကြိုပို့ရမယ်။ ငှားရမ်းတဲ့လ စေ့ကုန်တဲ့ရက်နဲ့လည်း ကိုက်ရမှာပေါ့။

မေး – ငှားရမ်းခမပေးဘဲနေတဲ့ အိမ်ငှားဆိုက (၄)နှစ်စာ ပျက်ကွက်တာ ဆောင်းလို့ရပါသလား။

ဖြေ – (၃၆)လထက်ပိုတောင်းခွင့် ရှိပါဘူး။ ဒါကြောင့် တစ်နှစ်စာတော့ အနစ်နာခံရမှာပဲ။

မေး – အခုလို စိတ်ရှည်ရှည်နဲ့ သိလိုသမျှ ဖြေကြားပေးတဲ့အတွက် ဦးလင်းကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါတယ်။

ဖြေ – ဟုတ်ကဲ့၊ အခုလို စာဖတ်သူတွေ သိရှိနိုင်အောင် ဖြေကြားခွင့်ရတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

ဟိုး .. ဟိုး ... ရှုပ်ကုန်ပြီ၊ စတော့ (stop)။ ပြောလို့တော့ပြီးပြီ။ ပိုရှင်းသွားအောင် စီရင်ထုံးလေးနဲ့ ဘောင်ခတ်ကြည့်ကြစို့။

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ–၇ ပါ ဦးကြိုင်အမှုက စကြစို့။

၂၇–၂–၁၉၇၈ နေ့စွဲဖြင့် နှီတစ်စာ ပို့သည်။ ထိုနှီတစ်စာတွင် ဖေဖော်ဝါရီလ အတွက် လခတောင်းဆိုထားသည်။ နှီတစ်စာပေးစဉ်က ထိုလအတွက် အိမ်လခပေးရန် မစေ့ရောကသေးသဖြင့် ထည့်သွင်းတောင်းဆိုသော နှီတစ်စာသည် ပုဒ်မ–၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်။ ဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခ မဟုတ်။

ရက်သတ္တသုံးပတ် ကုန်ဆုံးသောနေ့သည် ငှားရမ်းခြင်းကို အဆုံးသတ်သည့်ရက်နှင့် ကိုက်ညီရမည်။ နှီတစ်စာ ရသည့်နေ့သည် ငှားရမ်းခြင်းရပ်စဲသည့်နေ့နှင့် အနည်းဆုံး သုံးပတ်ခြားရမည်ဟု ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ မရှိပေ။

လာဘ်ပေးလာဘ်ယူ ပြုလုပ်သည်ဟူသော စွပ်စွဲချက်များဖြင့် ထုံမွှမ်းထားသည့် တရားစီရင်ရေးလောက သန့်ရှင်းအောင် ကြိုးစားဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည်မှာ ဝမ်းသာစရာကောင်းပါသည်။ တရားရုံးအငိုင်းက ကြိုးစားနေသလို ရှေ့နေရှေ့ရပ်များ၊ အမှုသည်များအပိုင်းကလည်း ဝိုင်းဝန်းကူညီသင့်ပါသည်။ ပုထုဇဉ်များသာ ဖြစ်သည့်အတွက် အမှုသည်အများစုသည် မှားသည်၊ မှန်သည်ထက် အမှုအနိုင်ရရေးသာ အားစိုက်တတ်ကြပါသည်။ အချို့အစွဲသန်သော ရှေ့နေရှေ့ရပ်များသည်လည်း အမှုသည်များနည်းတူ မှားသည်၊ မှန်သည်ထက် အနိုင်ရယူလိုစိတ် ပြင်းပြတတ်ကြသည်ကို တွေ့ရပါသည်။ အမှုအနိုင်ရရှိရေးအတွက် နည်းလမ်းမျိုးစုံ ကျင့်သုံးမည်။ 'ဝိတ်'ဟုခေါ်သည့် အထက်ဆိုင်ရာပိုင်ရာတွေကနေ ချဉ်းကပ်ပြီးလည်း လုပ်မည်၊ လာဘ်ပေး၍လည်း လုပ်မည်၊ ဤနည်းဖြင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းအောင် အဆိပ်ပင်ရေလောင်း လုပ်ကြမည်။ သို့သော်လည်း အများစုက ဖြောင့်မတ်ကြလျှင် အနည်းစုသည် အင်အားချည့်နဲ့ကာ ဆင်ဖြူမျက်နှာ ဆင်မည်၊ မကြည့်ဝံ့ ဖြစ်သွားပေလိမ့်မည်။

စာရေးသူတို့ ချိန်ဘာဘာဝက တရားရေးမဏ္ဍိုင်သည် အတော်လေးစားစရာကောင်းပါသည်။ တရားသူကြီးများသည် အများစု ဥပဒေပညာရှင်များ မဟုတ်ကြပါ။ သို့သော် ဥပဒေနှင့်ညီအောင် ကြိုးစားလုပ်ဆောင်ကြသည်ကို တွေ့ရပါသည်။ တရားသူကြီးများအား ဥပဒေအကြံပေးရန် တရားရေးဝန်ထမ်းများ ခန့်ထားပါသည်။ အကြံပေးနဲ့ပေါင်းပြီး လုပ်ကြကိုင်ကြတာ မရှိမဟုတ် ရှိပါသည်။ အကြံပေးသည့်အတိုင်း တရားသူကြီးများက လိုက်နာသည် မဟုတ်ပါ။ လိုက်နာသင့်မှ လိုက်နာပါသည်။

အမှုတစ်မှုအကြောင်း ဆွေးနွေးတင်ပြပါမည်။

သစ်သားနှစ်ခန်းတွဲ နှစ်ထပ်အိမ်လေး လွန်ခဲ့သော နှစ်(၃၀)လောက်က ဝယ်နေသည်။ ဝယ်ပြီး တစ်ခြမ်းအိမ်ငှား တင်ထားသည်။ နှစ်တွေကြာလာတော့ မူလအိမ်ရှင်–အိမ်ငှားတွေ ဆက်ခံသည့် သားသမီးများလက်ထက် ရောက်လာသည်။ ပေ(၂၀×၂၅)ပေအကျယ် မြေပေါ်မှာ ဆောက်ထားသည်။ ရေချိုးခန်းမရှိ၊ အိမ်သာမရှိ လက်ရှိအိမ်ရှင်၏ သမီးလေးတွေ၊ အပျိုလေးတွေ တခြားသွား ရေချိုး။ အိမ်သာအသုံးပြုဆိုတော့ အဆင်မပြေဘူး။ အိမ်က ဝါးထရံကာဆိုတော့ ပေါက်ပြဲနေပြီ။ အခင်းတွေကလည်း ပေါက်တချို့၊ ပြဲတချို့။

အိမ်ရှင်ညီအစ်ကိုနှစ်ယောက်က အိမ်ထောင်သည်တွေ ဖြစ်သည်။ အငယ်က နေစရာမရှိ။ အလုပ်မရှိ။ ပုံမှန်ဝင်ငွေ မရှိ။

အိမ်ပြင်ဆောက်ဖို့၊ အိမ်ပြန်နေဖို့ အမှန်တကယ်လိုအပ်နေသည်။ အထက်ပါ အကြောင်းပြချက်များဖြင့် အိမ်ငှားနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဖို့ တရားရွဲသည်။ ပုဒ်မ–၁၂(၁)(ဃ)(င)(စ)တို့အရ တရားစွဲသည်။ ၁၂(၁)(စ)မှာ ပိုင်ရှင်သည် ၁၉၄၅ ခု၊ မေလ (၁)ရက်နေ့ မတိုင်မီ ပိုင်ရှင်ဖြစ်ရမည်။ နောက်ပိုင်းဆိုလျှင် အဆင့်ဆင့် အမွေဆက်ခံပိုင်ဆိုင်ရမည်ဟု ပြဋ္ဌာန်းချက်ရှိနေပြန်သည်။

အဲဒီမှာ ပြဿနာဖြစ်တော့တာပဲ။ A little knowledge is dangerous. စွဲဆိုတဲ့ ပုဒ်မက (၃)ခု။ ၁၉၄၅ ခုနှစ်နောက် နှစ်အများကြီးကြာမှ တစ်နည်းအားဖြင့် ပြောရလျှင် ၁၉၇၀ ပြည့်လွန်မှ ဝယ်ယူပိုင်ဆိုင်ခဲ့သည့်အတွက် ၁၂(၁)(စ)အရ နှင်လို့မှ မစွဲနိုင်ဟု သုံးသပ်လျက် အမှုကို ပလပ်လိုက်သည်။ ကျန်တဲ့ပုဒ်မ(၂)ခုအတွက် သက်သာခွင့်က ဘာမှမစစ်ဆေးရသေး။ ဆုံးဖြတ်ဖို့ အခက်အခဲတွေ့နေရင် ကိုယ့်ဆရာသမားဖြစ်စေ၊ ခင်မင်ရင်းနှီးရာ မိတ်ဆွေထံဖြစ်စေ အကြံဉာဏ်တောင်းသင့်သည်။ ဆုံးဖြတ်ချက်တစ်ခုဟာ ဥပဒေနဲ့မညီသည့်တိုင် အထက်အဆင့်မြင့်ရုံးက ပယ်ဖျက်ခြင်းမပြုလျှင် အတည်ဖြစ်နေသည်။ အထက်ရုံးတက်တယ်ဆိုရင် အချိန်ကုန်မယ်၊ စရိတ်ကုန်မယ်။

<u>ဒေါ်တင်တင်တိုးနှင့် ဒေါ်အမာ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ–၁၂၈</u>

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိုက်ခန်းကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် အိမ်ငှားထံမှ ပြန်လည်ရယူလို၍ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ–၁၂(၁)(စ)အရ စွဲဆိုသည်။

ဆုံးဖြတ်ချက် ။ အချင်းဖြစ်ဥပစာသည် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ရှိပြီး ဒေါ်တင်တင်တိုးသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၃)အထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမတစ်ဦးဖြစ်သည်။ ခင်ပွန်းဦးလှမောင်သည် မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၄)၏ လက်ထောက်မန်နေဂျာဖြစ်သည်။ သမီးတစ်ဦးမှာ ဒလမြို့နယ် အလယ်တန်းကျောင်းတွင် အလယ်တန်းပြဆရာမတစ်ဦး ဖြစ်သည်။ ကျန်သားသမီးများမှာ ကျောင်းသူ၊ ကျောင်းသားများ ဖြစ်သည်။ တရားလို မိသားစု၏ အလုပ်အကိုင်အရ တရားလိုတို့အတွက် လက်ရှိအချင်းဖြစ်နေအိမ်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ နေအိမ်ထက် ပိုမိုအဆင်ပြေမည် ဖြစ်သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ ဝေးလံသည့်နေရာ ဖြစ်သဖြင့် တရားလိုမိသားစုအတွက် ယခုအချင်းဖြစ်အခန်းလောက် အလုပ်လုပ်ရန်နှင့် စာပေလေ့လာရန် မသင့်တော်ပေ။ ထို့ကြောင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နေအိမ်ဆောက်လုပ်ထားပြီး ဖြစ်သည်ဆိုရုံမျှဖြင့် ယခုအချင်းဖြစ်အခန်းကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့်၊ လိုအပ်ခြင်းမရှိဟု ဆိုနိုင်မည်မဟုတ်ပေ။ တရားလိုနှင့် သားသမီးများ အလုပ်လုပ်ရန်နှင့် စာပေလေ့လာရန်အတွက် အချင်းဖြစ်အခန်းကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် လိုအပ်ကြောင်း ထင်ရှားသည်။

''ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် သက်သက်အတွက် စွဲဆိုသော ပုဒ်မ–၁၂(၁)(စ)အမှုတွင် ၁၉၄၅ ခုနှစ်၊ မေလ(၁)ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင် ဖြစ်လာသူမှတစ်ပါး အိမ်ငှားအား နှင်လို့မှ မစွဲနိုင်''ဟုဆိုလျှင် ယေဘုယျအားဖြင့် နှစ်ပေါင်း(၅၀)နီးပါးလောက် မပြောင်းမရွှေ့နေလာသူဖြစ်ရပေလိမ့်မည်။ သဘာဝယုတ္တိအားဖြင့် ဖြစ်နိုင်ခြေမရှိပေ။ လက်ပိုက်ကြည့်နေရတော့မည်လော။

ဥပဒေပြဋ္ဌာန်းခဲ့သော ပညာရှင်များသည် အတွေးတိမ်လိမ့်မည်မဟုတ်ပါ။ ပုဒ်မပါ နောက်ဆက်တွဲကိုကြည့်လျှင် သိနိုင်ပါသည်။

ထို့ပြင် အငှားချထားမှု သဘောတူစာချုပ်အရဖြစ်စေ၊ နှစ်ဦးသဘောတူညီချက်ဖြင့် တရားရုံးတော်က ချမှတ်သော ဒီကရီပါ စည်းကမ်းချက်များအရဖြစ်စေ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွက် ပြုလုပ်သော အငှားချထားမှုများမှာ အဆိုပါ အငှားချထားသည့် ကာလအပိုင်းအခြား မကုန်ဆုံးမီ၊ သို့တည်းမဟုတ် အဆိုပါ ဒီကရီအရ ခွင့်ပြုထားသည့် ကာလအပိုင်းအခြား မကုန်ဆုံးမီ ဤအပိုဒ်နှင့် မသက်ဆိုင်စေရ။

ဥပဒေက ရှင်းပါသည်။ အိမ်ရှင် အိမ်ငှား သဘောတူစာချုပ်အရ သတ်မှတ်ကာလ မကုန်ဆုံးမီ အိမ်ငှားအား နှင်ခွင့်မရှိခြင်းသာ ဖြစ်ပါသည်။

---

**စလင်းဦးအောင်သိန်း**





www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးရွာ စာပေ

# ရောင်ပြန် မဂ္ဂဇင်း

# ပြစ်မှု မဂ္ဂဇင်း

ကြော်ငြာဖြန့်ချိရေး နှင့် အယ်ဒီတာရုံးအဖွဲ့

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



<u>အမှား နှင့် အမှန်...(၁)</u>

၁၉၄၉-၅၀ ခုနှစ်ခန့်၊ မိုးချောင်၏ ဘေးဝယ်၊ ကျေးရွာလေးတွေ စီစီတန်း လျက်အေးချမ်းစွာ လယ်ယာလုပ်ကိုင် စားသောက်နေကြပါသော်လည်း ခေတ် ပျက်ကြီး၏ စစ်မီးအရှိန်ကား ကြွင်းကျန် နေဆဲ၊ စစ်မဟုတ်သော်လည်း သူခိုး၊ ဓားပြတွေ သောင်းကျန်းနေသောကာလ ဆိုပါကလည်း မှားမည်မထင်၊ တစ်ရွာ နှင့် တစ်ရွာ သူ့ရွာသူ့ရွာသားတွေကို ကိုယ့်ရွာက မယုံသလို ကိုယ့်ရွာသူ ရွာသားတွေကိုလည်း သူတို့တွေက မယုံ ကြည်ကြရသည့်ကာလ။

ဘာ့ကြောင့်ရယ်မသိ သွေးကွဲ သလိုလို၊ သူတစ်လူ ငါတစ်မင်း အချင်း ချင်း မယုံကြည်ကြ၊ လစ်သူက အလစ် ဝင်တိုက်ခိုက်၊ နှိုးယူနေကြသော အချိန် သမယဝယ်။

ထို မိုးချောင်းသည် ဒီရေကြောင့် တက်ရေ ကျရေရှိပါသည်။ ထိုတက်ရေ ကျရေထဲဝယ် ရင်ဘတ်တွင် လုံတို တစ်ချောင်းစိုက်လျက် လုံတွင်သစ်သား ပြားဖြင့် သေးသေးချာချာသွပ်ကြိုးဖြင့် ချည်နှောင်ထားလေသော ဆိုင်းဘုတ် တစ်ခုပါနေသည့်ဦးခေါင်းမပါယောက်ျား အလောင်းတစ်လောင်း။

ထိုအလောင်းဘေးဝယ် ခြောက်ပေ ခန့် ဝါးတိုးပါးတွေ ကတ်တွဲကာ ရေထဲ မြုပ်မသွားအောင် တွဲလျက် ရေတက် ရေကျ ရေစုန်ရေဆန် မျောပါစေရန် ရည်ရွယ်၍ ဆိုင်းဘုတ်တွင် သဘော် ဆေးအဖြူဖြင့် ရေးထားသော ...

"ဗိုလ်လုပ်ချင်ရင် ငါ့ကိုကြည့်"

ဆိုသည့် အလောင်းတစ်လောင်း ထိုအလောင်းကောင်အား ဘယ်သူ ဘယ်ဝါတော့ မသိကြ၊ ကမ်းကပ်လာ သောအခါ ရွာသူရွာသားတွေမှ ဝါးရည် ရှည်ဖြင့် ရေလယ်သို့ တွန်းထိုးမျှောလိုက် သောကြောင့် မျှောပါနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤအနိဋ္ဌာရုံကြီးသည်ကား မဆန်း လှသေးပါ။

ထို့ထက် ဆန်းသော ဆိုးသော ဖြစ်ရပ်တွေကား တစ်သီကြီးပင်။

"ဟော့···မောင်စော"

"ဩော် မမကျော့ ဘယ်တုန်းက ရောက်လဲ"

"မနက်ကပဲ မောင်စော၊ ငါမင်းနဲ့ တွေ့ချင်လို့လာခဲ့တာ··· အတော်ပဲ မောင်စော"

"ဘာကိစ္စများလည်း မမကျော့ရဲ့ လာလေ ကျွန်တော့်အိမ်လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူး မောင်စော"

"ဗျာ··· မမကျော့"

"မင်းတို့ရဲ့ လုပ်ရပ်တွေက မတရား လား၊ တရားလားဆိုတာ မင်းစဉ်းစား မိလား"

"ဟာ···မမကျော့ကတော့ဗျာ၊ ကျွန်တော် မတရားတာ မလုပ်ပါဘူး၊ မဟုတ်တာ မမှန်တာဘယ်တော့မှ မလုပ်ဘူး။ အဲ့ဒါကြောင့်လည်း ကျွန်တော် ဟာ လေးဆယ့်ငါးရွာ အုပ်ချုပ်သူဖြစ် နေတာပေါ့ မမကျော့ရဲ့"

"တော်တော်ရယ်ဖို့ ကောင်းတယ် မောင်စော အေး ငါ့ရဲ့အစ်ကိုနှစ်ယောက် က ရေမြေတွေဆိုပြီး မင်းလုပ်ချင်ရာ လုပ်လို့ရပေမည့်၊ ငါက ရေမြွေမဟုတ် ဘူး မောင်စော၊ မြွေဟောက်ဆိုတာ မင်းသိသားနဲ့"

"မမကျော့ကလည်းဗျာ၊ မမကျော့ နဲ့ ကျွန်တော် ဆိုတာ ဆွေမျိုးတွေလေ၊ အင်းသုံးဝမ်းကွဲဆိုပေမည့် အရင်းတွေ လိုနေကြတာပဲဟာဗျာ"

"အေး ···မင်းက အရင်းအဖျား ခွဲခြားပါတယ်။ လူကြီးလုပ်တယ် ဆိုတာ ငါတွေးခေါ်မိသလောက်၊ စာပေတွေဖတ် ကြားသိရှိရသလောက်တော့ သမာ သမတ်မျှတရတယ်လေ၊ ကြည့်စမ်း ဒီလမ်း၊ ဒါသက်သေမဟုတ်လား"

"ဒါက ဒီလိုရှိတယ်"

"မင်း ဘာမှ ကာကွယ်မနေနဲ့ ဆင်ခြေပေးမနေပါနဲ့"

"ဩော် မမကျော့ရယ် ကျွန်တော် တစ်ယောက်တည်းဆုံးဖြတ်တာ မဟုတ် ပါဘူး၊ ရွာလူကြီး သုံးယောက်စလုံး သဘောတူဆုံးဖြတ်ကြတာပါ"

"ဟုတ်လား"

"ဟုတ်တာပေါ့"

"ဒါဆို အဲ့ဒီလူကြီး သုံးယောက် ဆိုတာ အသက်ကြီးလို့ လူကြီးတွေဖြစ် နေတာပဲနော်၊ သမာသမတ်မရှိကြဘူး။ အင်း ···ဒါနဲ့များ လေးဆယ့်ငါးရွာ အုပ်ချုပ်တဲ့ လူကြီးတွေတဲ့လား အံ့ပါရဲ့ မောင်စောရယ်"

"တော်ပါတော့မမကျော့၊ မမကျော့ စကားတွေက ကျွန်တော့်ကို ပုတ်ခတ် သလို၊ ကျန်လူကြီးတွေကိုပ ပုတ်ခတ် တာတော့ တရားလွန်နေပြီထင်တယ်"

မိုးချောင်းရိုး တစ်လျှောက်ရှိ ကျေး ရွာလေးဆယ့်ငါးရွာ အုပ်ချုပ်ရသော ဦးမောင်စောသည် ရက်လည်းရက် အမျက်လည်း ထွက်လာလေပြီ။

သို့သော် စောစောက သူပြောခဲ့ သလို မောင်နှမ သုံးဝမ်းကွဲဆိုသော် လည်း မောင်နှမ အရင်းတွေလိုနေခဲ့

"ငါ့ရဲ့ အဘိုး၊ အဘွား၊ အဖေ၊ အမေတို့ရဲ့
မြေကို မတရား ရက်ရက်စက်စက်
နိုင်လိုမင်းတက်လုပ်သူ မှန်သမျှ
အသေဆိုးနဲ့ သေကြပါစေ၊
ကျွန်ုပ်၏ မှန်သောသစ္စာ ကျိန်စာသည်
ကျွန်ုပ် မှားပါက ကျွန်ုပ် အသေဆိုးနဲ့ သေရပါလို၏။
ကျွန်ုပ်မှန်ခဲ့သည်ရှိသော် ပြုလုပ်သူတွေ
အသေဆိုးနဲ့သာသေကြ ပါစေသော်"



www.burmeseclassic.com

www.burmeseclassic.com

ည့်အပြင် သူငယ်ငယ်က မမကျော့၏ တ်ပေါ်ဝယ် အမြဲနေခဲ့ရသည့်အတွက် ည်း ငယ်နိုင်ဟုဆိုရပါမှ မမှားပါ။ မမကျော့ဆိုသူမှာလည်း ငယ်ငယ် တည်းက မဟုတ်မခံ ဆတ်ဆတ်ကြဲ ခဲ့မတဲ့၊ တချို့က မြွေဟောက်မဟု ခေါ်ကြပေ၏။ သူမှားပါက ခြေသလုံး တ်တောင်းပန်ရန် ဝန်မလေးသလို၊ သူ န်ပါကလည်း ဘယ်သူ့ မျက်နှာမှ ထောက်၊ ကြောက်စိတ် ဆိုတာ မမကျော့ လုံးဝမသိရှိ စကားနည်း၏။ တ်မြန်၏။ ပြောပြီးဆိုပါကလည်း အနိုင် ရမကျေနပ်၊ အမှန်တရား ဖက်ကရပ် နေသူမို့ သူဘယ်တော့မှ မမှားဟု ဆိုလေသည်။

အမှားနှင့် အမှန်ကို မမကျော့ ဆိုသည့် ဒေါ်ကျော့သိပြီးသား . . .

❖❖❖

န့်စာတိုက်လေပြီ...(၂)

ယခုကိစ္စကား ပြုပြင်၍မရတော့ သောအမှားကို ဦးမောင်စောဆိုသည့် အသက်လေးဆယ်ခန့် လေးဆယ့်ငါးရွာ အုပ်ချုပ်သူနှင့်အတူ ရွာလူကြီးဦးဘစိန် အသက်ခြောက်ဆယ်ကျော်၊ဦးချစ်မောင် အသက် ခြောက်ဆယ့်ခြောက်နှစ်တို့ ထိုကိစ္စကို ဆွေးနွေးကြ၏။

ပထမဆုံးဆွေးနွေးတော့သုံးယောက် ထဲတိုးတိုးတိတ်တိတ် နှုတ်ပိတ်နေသော ရွာလူကြီးဦးဘစိန်နှင့် ဦးချစ်မောင်တို့ အား ဦးမောင်စောမှ ၁၁လိုချင်ရာဆွဲယူ ညှိနှိုင်း၏။ ဦးမောင်စောသည်လည်း တော်တော်အရာရောက်သလို ဇကာလေး ကာလည်းရှိ၏။ လက်ရဲဇာတ်ရဲ ဆိုရ သည့် စာရင်းဝင်၊ မြို့ပေါ်ရောက်တော့ လည်း မြို့ပိုင်တွေ၊ ပုလိပ်တွေနှင့် အလွန်သင့်၏။

သို့အတွက်အဖွဲ့ဝင် ရွာလူကြီးနှစ် ယောက်မှာ အစစအရာရာ မောင်စော သဘော၊အဖြူကိုအမည်းဟု မောင်စော ပြောပါက အားလုံး အဖြူမှန်းသိလျက် မည်းနက်သွားကြသော ပါရမီဖြည့်ဖက် တွေ ဖြစ်နေ၏။

အကြောင်းမှာ ရွာအတွက် မူလ တန်းကျောင်းတစ်ကျောင်းဆောက်ခွင့် ပြုရန် ဦးမောင်စောနှင့် ရွာလူကြီးတွေ နေရာရွေး၏။ ထိုနေရာသည်ကား ရွာ အပြင်၊ ဂျပန်ဆန်းဆိုသည့် ရွာနောက် မြေကွက်လပ်ကို ရွေးကြ၏။ ထိုသို့ ရွေးပြီးနောက် ပညာရေးဌာန၏ အစီ အစဉ်၊ ဦးမောင်စော၏ တက်ကြွမှုတွေ ကြောင့် ကျောင်းဆောက်ပြီးသောအခါ ရွာထဲမှ ကျောင်းသို့သွားရမည့် လမ်းက လိုလေပြီ၊ သို့အတွက် ကျောင်း၏ အလယ်မျက်နှာစာမှနေ၍ ရွာကြီး အလယ်သို့ လမ်းဖောက်ရန် အကျယ် အဝန်းဆယ်ပေတိတိကို ကြိုးဆွဲဖောက် ရန် စီစဉ်ရာဝယ်၊ ဦးမောင်စော၏ မိခင် ဒေါ်လှခင်၏ ခြံဝင်း လုံးဝတည့်တည့် ဆယ်ပေပေးရမည်ဖြစ်ရာ၊ ဂျပန်တန်း ထိပ်မှတစ်ဆင့် လမ်းကြောင်းပြောင်းပြီး ဒေါ်ကျော့တို့ ခြံနှင့် ဒေါ်လှခင်ခြံအဆုံး ဒေါ်ကျော့တို့ခြံထဲမှ ဆယ်ပေတိုင်းသဖြင့် ဒေါ်ကျော့၏ အစ်ကိုဦးသာထွန်းနှင့် ဦးမြထွန်း တို့မှ ဦးမောင်စောအား ကျောင်းနှင့်လမ်းမတည့်ကြောင်းပြောရာ တစ်ရွာလုံး ပွစိပွစိဖြစ်၍ အစည်း အဝေးခေါ်ပြီးဆုံးဖြတ်သောအခါ ရွာလူ ကြီး ဦးမောင်စောနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဦးဘစိန်နှင့် ဦးချစ် မောင် တို့က ပါကြိုးဆွဲတိုင်းတာပြီးသည့် အတိုင်းသာ ဖောက်ရန်ဆုံးဖြတ်သဖြင့် ဦးမောင်စော သည် လုပ်အားပေးရွာသူ ရွာသားတွေ မခေါ်ဘဲသူ၏ လယ်လုပ် စာရင်းငှား ဆယ်ဦးဖြင့် အကျယ်ဆယ် ပေ၊ အရှည် ပေနှစ်ရာကျော်ကျော်အား ဖျက်၏။စည်းရိုးဝါးတွေခုတ်ပြီး ဒေါ်ကျော့ တို့၏ ခြံကို ကာရန် ဝါးကွက်ကာဒ်တွေ ရက်လုပ် ကာကွယ်ပြီး လမ်းကိုလည်း နစ်ဖက်တွင် ရေမြောင်းနှစ်ပေစီ၊ အလယ်လမ်း ခြောက်ပေတိတိ ဖြစ် အောင်တူးဆွသည်။ ရေမြောင်းထဲမှ မြေတွေဖို့ကြရာ တစ်ရက်တည်းလမ်း ဖြစ်သွား၏။ ထိုလမ်းမှ စာသင်ကျောင်း အားကြည့်ပါကလုံးဝမမြင်ရ မြင်ရသည် မှာကား ကျောင်းခြံစည်းရိုး အစင်သာ ဖြစ်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ အစ်ကို နှစ်ယောက်မှ ညီမ ဒေါ်ကျော့ အား ရန်ကုန်သို့လိုက်ပါပြောပြရာမှ စကား အခြေအတင်ပြောရသည်အထိ ဖြစ်လာ သော်လည်း ပြုပြင်ပြောင်းလွဲ၍ ကား မရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . မမကျော့ရေ. မောင်နမချင်းမို့ ကျွန်တော်စိတ်ဆိုမိပေမည့် ဘာမှ မပြောလိုတော့ပါဘူး။ အားလုံးလည်း ပြီးသွားပြီလေ"

"အေး··· မပြီးသေးတာ တစ်ခုရှိသေးတယ် မောင်စော"

"ဘာများလည်း။ ဘာလုပ်ချင်သေးလည်း မမကျော့၊ ဘာပဲလုပ်လုပ် ကျွန်တော်ကျေနပ်တယ်လေ"

"အေး···ငါက ဥပဒေဘက်တော်သား ဆိုတာ နင်အသိ၊ ထားတော့ နိုင်ထက်စီးနင်းလုပ်သူမှန်သမျှ ငါကတော့ မိဘဘိုးဘွားပိုင်ခဲ့တဲ့ ဟောဒီမြေအတွက် မကျေနပ်လို့ ကျိန်စာတော့ တိုက်ရမှာပဲ မောင်စော"

"တိုက်လေတိုက်တိုက်၊ ကျွန်တော်က အများကောင်းမှုပြုလုပ်သူမို့ ဘာကျိန်စာမှ မထိခိုက်နိုင်ပါဘူး၊ မမကျော့ ဘေးကင်းလို့ ရန်ကွာမှာပါ"

"အေး . . .မှတ်ထား။ သူများမြေဆိုတာ တစ်လက်မ မပြောနဲ့ အဲဒီလို ဆံခြည်မျှင်တစ်မျှင်တောင် မယူကောင်းဘူးတဲ့ မောင်စော၊ အဲဒီလို ကျူးကျော်မှုမှုတွေကြောင့် ရန်ပွဲတွေ၊ စစ်ပွဲတွေဖြစ်ကြရတာဆိုတာ၊ ဒို . . .နင်သိမှာ မဟုတ်ပါဘူး။ ကိုယ့်မိဘ ကိုယ့်မြေတော့ မထိပါစေနဲ့ဆိုတဲ့ အထိမခံနိုင်တဲ့ ကျေးရွာပေါင်းလေးဆယ့်ငါးရွာ အုပ်ချုပ်တဲ့ လူကြီးတွေအတွက် ငါ့ရဲ့ ဟုတ်မှန်တဲ့ သစ္စာစကားနဲ့ ကျိန်စာတိုက်မယ်။ မင်းစောင့်သာကြည့်နေပေတော့။

"မမကျော့ရေ···ကျွန်တော် ပြောပြီးပြီပဲ၊ ကြိုက်သလိုသာလုပ်ပါ၊ အသေဆိုးနဲ့သေပါစေလို့ပဲ ဆုတောင်း တောင်းပြီး ကျိန်စာတိုက်တိုက် ကျေနပ်ပါတယ် ကဲသွားပြီ"

"အေး . . .သွားတော့ ငါလည်း ကျိန်စာတိုက်ပြီးတာနဲ့ ပြန်မယ်။ မင်းကိုမင်းတို့လို လူကြီး သုံးယောက်စလုံး အတွက် ငါအော်ပြီး ကျိန်စာတိုက်ခဲ့မယ်"

ဒေါ်ကျော့သည် ဒေါသ အခိုးတွေ လျှံလျှံတောက်ကာ သူ၏ အစ်ကိုကြီး ဦးသာထွန်းအိမ်ပေါ်သို့တက်၏။ တစ်ဖန် မီးဖိုချောင်မှ ပြာတစ်ဆုပ်၊ ဆုပ်ယူကာ ရာဝင်အိုးကြီးထဲမှ ရေတစ်မှုတ်ခပ်ကာ ကျောင်းလမ်းထိပ်သို့ သွားပြီးနောက်-

"ငါ့ရဲ့ အဘိုး၊ အဘွား၊ အဖေ၊ အမေတို့ရဲ့ မြေကို မတရား ရက်ရက်စက်စက် နိုင်လိုမင်းတက်လုပ်သူ မှန်သမျှ အသေဆိုးနဲ့ သေကြပါစေ၊ ကျွန်ုပ်၏ မှန်သောသစ္စာကျိန်စာသည် ကျွန်ုပ်များပါက ကျွန်ုပ် အသေဆိုးနဲ့ သေရပါလို၏။ ကျွန်ုပ်မှန်ခဲ့သည်ရှိသော် ပြုလုပ်သူတွေ အသေဆိုးနဲ့သာသေကြပါစေသောဝ်" ဟု ကျိန်စာတိုက်ခဲ့ပါတယ်။

ပြောပြောဆိုဆို လက်ထဲမှ ပြာတစ်ဆုပ်ကို မြေပေါ်ဖြန့်ခင်း၏။ တစ်ဖန် ပါလာသော ရေတစ်ခွက်ဖြင့် ထိုပြာတွေပေါ်လောင်းချလိုက်ပြီး လက်တွင်ကပ်နေသော ပြာများကိုပါ ဆေးကျောခဲ့ပြီးနောက် အစ်ကိုနှစ်ယောက်အား နှုတ်ဆက်ကာ ရန်ကုန်သို့ ပြန်ခဲ့လေတော့သည်။

◈◈◈

**ရှူးရှူးသော ကျိန်စာလော...(၃)**

ဒေါ်ကျော့တစ်ယောက် မိမိ၏ ရုံးတာဝန်ဖြင့် လုံးပန်းရင်း ရွာနှင့်အဆက်ပြတ်နေသည်မှာ နှစ်လခန့်ကြာခဲ့ပြီ ရွာအကြောင်းလည်း နည်းနည်းမျှမတွေးချင်တော့ပါ။ တော်တော့ကို စိတ်နာနေလေပြီ။ သို့သော် တစ်နေ့ ရုံးဆင်းပြီး အိမ်ပေါ်တက်လိုက်တော့ . . .

"ဟယ် . . .ကိုကိုလေးပါလား ဘယ်တုန်းက ရောက်လည်း အလည်ပဲလား ကိုကိုကြီးကော နေကောင်းရဲ့လား ကလေးတွေနဲ့ ယောက်မတို့ကော နေကောင်းကြလား ကိုလေးရဲ့"

"ကျော့ကျော့ အမေတွေ ဘယ်က စပြောရမှန်းမသိပါဘူး။ ရောက်တာက တော့ မနက်ကပဲ၊ အားလုံးနေကောင်းကြပါတယ် ညီမလေးရဲ့"

"အလည်သက်သက်လား"

"အလည်သဘောနဲ့ ကိစ္စလေးလည်းရှိလို့"

"ဘာကိစ္စလည်း ညီမလေးက ဘာကူညီရမလဲပြော"

"ငွေတစ်ထောင်လောက် လိုချင်တယ်၊ နွားတစ်ယှဉ်းထပ်ဝယ်မယ်၊ စပါးစပါးလည်းမိုးတွင်းအတွက် လိုနေလို့"

"ရပါတယ် ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ညဖက်တွင် ဦးမောင်စော ဝင်ပူး၍ ပြောပြသည်မှာ စကား မပီတပီ မျက်စိတွေက မမြင်တော့ဟုဆို၍ ကျောက်သင်ပုန်းဖြင့် စာရေးပြ၏။

"လှုင်းယောက် မျက်နှာဖုံးတွေနှင့် သူလျှိုဖြတ်၏။ မျက်စိတွေဖောက်၊ နားထင်ကို လုံနှံ့ထိုးသတ်၏"

ဟုသာ ဆိုပြီး မျက်ရည်တွေကျ၏ ဘယ်သူ ဘယ်ဝအလည်းဟု မေးပါသော်လည်း ခေါင်းသာ တွင်တွင်ခါနေသည်။

"အင်း···ညီမလေးရေ ရွာမှာတော့ တစ်ရွာလုံး အံ့ညြနေကြတယ်"

"ဘာလဲ ကိုကိုလေး"

"ဦးဘစိန်နဲ့ ဦးချစ်မောင်တို့ နှစ်ယောက်တစ်ပတ်ပဲခြားတယ် နှစ်ယောက်ဆုံးဆုံးသွားကြပြီလေ"

"ဟင် ···ဘာဖြစ်တာလည်း"

"ဒီလို ညီမလေးရဲ့ လူကြီးသုံးယောက် ရွာမြောက်က ကန်သစ်ရေခန်းသွားကြည့်ကြတယ်လေ၊ မိုးကလည်းချုပ်တော့မယ့် နေဝင်ဆည်းဆာပေါ့ကွာ၊ ကန်ပေါင်ပေါ်ရပ်နေတုန်း ···

"အုန်း···အုန်း···အုန်း"

"ဟာ···အို···ဘာ···ဘာလဲ"

ထန်းသီးသုံးလုံး သူတို့သုံးယောက်ဆီသို့ ကျွံကျခဲ့သည်တွင် အလွန်ကြောက်တတ်သော ဦးဘစိန်ထွက်ပြေးသလို၊ ဦးချစ်မောင်လည်း ခုန်ရှောင်ရာမြက်ဖုတ်ပေါ်အကျ··

"အား···"

"ဦးလေး···ဦးလေး··· ဘာဖြစ်တာလဲ"

"ဟာ ဟာ ချစ်မောင်၊ ချစ်မောင်ခြေထောက်မှာ မြွေဟောက်မြွေဟောက်တန်းလန်းကြီး"

"အို···ဒုက္ခပါပဲဗျာ"

ဦးမောင်စောသည် ဦးချစ်မောင်၏ ခြေဖမိုးတွင်ကိုက်ခဲထားသောမြွေဟောက်ကြီးအား ဂဏန်းကျစ်တခဲ့ဖြင့် ကောက်ထုပြီးနောက် မြွေကြီးသေသည်နှင့် ဦးချစ်မောင် ကိုထမ်းလိုက်စဉ် ဦးဘစိန်တစ်ယောက် "သရဲ··သရဲ··သရဲ···" ငါ့နောက်မှာ သရဲ သရဲ သရဲ လိုက်နေပြီ"

"ဦးဘစိန် ဦးဘစိန် မအော်နဲ့ မအော်နဲ့ မပြေးနဲ့"

"ဦးဘစိန် အော်ဟစ်ကာ သူ၏ ခြံဖက်သို့ တတိတ်တလန့် ထွက်ပြေး၏။ လမ်းတွင် ချောလဲသော်လည်း ထပြေးရင်း နောက်သို့ လှည့်ကြည့်ကာဆက်ပြေးသွားသလို ဦးမောင်စောသည် ဦးချစ်မောင် ထမ်းရင်း ဦးချစ်မောင် ခြံထဲအဝင် ဦးချစ်မောင်မှ···

"ငါ··· ·ငါ မျက်စိတွေပြာ ပြာနေပြီ၊ သရဲက ဘစိန်နောက်လိုက်သွားပြီ ငါ ငါ မလိုက်ဘူး၊ ဘစိန်ခေါ်သွား၊ ခေါ်သွား"

ဦးချစ်မောင် အိမ်ပေါ်အရောက် မြွေဆိပ်တွေပြန့်ကာ လုံးဝသတိမရတော့၊ နောက်ဆုံးကွယ်လွန်သွားရှာပါပြီ၊ ဦးချစ်မောင်ဆုံး၍ ရက်လည်သည့် ညတွင် ဦးဘစိန် ဆုံးပြန်၏။

ဦးဘစိန်မှာ "သရဲ သရဲ သရဲ လိုက်နေပြီ"

ဆိုသည့် စကားတွေမှာ တစ်ရက်မှ မနားအော်ဟစ်နေပါသည်။ ဆေးဆရာတွေပင့်ကာ ကုသပါသော်လည်း မရ၊ နောက်ဆုံး သည်းခြေထိသည်ဟု ဆုံးဖြတ်ရာမှ တစ်ပတ်ပြည့်သည့် ညနေနေဝင်ရီတရောမှာပင် ကွယ်လွန်သွားလေသည်။

"အင်း ကျော့ကျော့ရေ တစ်ရွာလုံး ကတော့ ကျိန်စာသင့်ပြီလို့ ပြောကြ



www.burmeseclassic.com

www.burmeseclassic.com

လေရဲ့ ဒါပေမည့် မောင်စောကတော့ "ကျိန်စာသင့်ရင် သူ့ကို သင့်မှာဗျ၊ ခင်ဗျားတို့ ရွာသားတွေ ကျိန်စာဆိုတာ များ ယုံကြသလား"တဲ့

"အေးလေ မယုံလည်းနေပေါ့ သူ့ ထိမှ သူယုံမှာပဲ၊ ဘယ်နယ်ကိုကိုလေး ရယ် မတရားအမှုတွေက တစ်နေ့သူ့ကို ဒုက္ခလှလှကြီးပေးမှာပါ။ ညီမလေးရဲ့ ကျိန်စာအပြင် တခြားမျက်ရည်ကျခဲ့တဲ့ ကိစ္စတွေလည်း အများကြီး မဟုတ်လား၊ အင်း မောင်စော မောင်စော နင် ဒုက္ခလှလှကြီး တွေ့ရဦးမှာပဲ"

❖❖❖

<u>နောက်ဆုံးကျိန်စာ ထိသောခါ (၄)</u>

"ဦးမောင်စော ဦးမောင်စော"

"ဟေ ဘယ်သူတွေလဲ"

ညဉ့်တစ်ညဉ့်၏ သန်းခေါင်ကျော် အချိန် ဦးမောင်စော၏ အိမ်ပေါ်ရောက်နေသော လူတစ်စု၏ ခေါ်သံကြောင့် ဦးမောင်စော အိမ်ထဲမှ မေးရင်းသူ၏ ခြောက်လုံးပြူးလေး ကောက်ကိုင်လိုက်၏။

"ကျွန်တော်မောင်...ပါ၊ ပန်းပင်ရွာကလေးရွာမှာ လူသတ်မှု...ပြီး လူသတ်ကောင်ပါ ဖမ်းပြီးလာ...ဗျာ"

"ဟေ လူသတ်မှု လူသတ်ကောင်"

"အိမ်ရှေ့မှာ ကြိုးနဲ့ တုပ်ခေါ်လာတယ်"

"အေး အေး"

ဦးမောင်စော အငိုက်မိသွားပြီ တံခါးဖွင့်ပြီး အထွက် သူ့ရင်ဝ ဓားနှင့်တော့ တစ်ယောက်ကလက်ထဲမှ ခြောက်လုံးပြူးလု၊ နောက်တစ်ယောက်သည် ဦးမောင်စောအား ချုပ်ကိုင်၍ ကြိုးဖြင့် တုပ်နှောင်ခေါ်ယူ၍ ရွာ၏ အနောက် လယ်ကွင်းအစပ်တွင် အသတ်ခံလိုက်ရလေပြီ။

နံနက်မိုးသောက် အလင်းရောက်၍ ဇနီးဖြစ်သူ ဒေါ်ရင်မေမှ ညဉ့်က အဖြစ်တွေ ပြောပြကာ၊ ခြေရာခံလိုက်ကြလေသောအခါ ဦးမောင်စော၏ မရှုမလှ သေဆုံးနေသော အလောင်းကို တွေ့ရလေပြီ၊ မျက်စိနှစ်ဖက် ဓားမြှောင်နှင့် ထိုးထား၏ နားထင်ကိုလည်း လှံနှင့် ထိုးပြီးနောက် ဦးမောင်စော၏ လျှာကို ပါ ဖြတ်ထားရာ လျှာတစ်ပိုင်းပြတ်နှင့် သေနေလေပြီ။

ညဖက်တွင် ဦးမောင်စော ဝင်ပူး၍ ပြောပြသည်မှာ စကား မပီတပီ မျက်စိတွေက မမြင်တော့ဟုဆို၍ ကျောက်သင်ပုန်းဖြင့် စာရေးပြ၏။

"လူငါးယောက် မျက်နှာဖုံးတွေနှင့် ဘုလှာဖြတ်၏။ မျက်စိတွေဖောက်၊ နားထင်ကို လှံနဲ့ထိုးသတ်၏"

ဟုသာ ဆိုပြီး မျက်ရည်တွေကျ၏ ဘယ်သူ ဘယ်ဝါအလည်းဟု မေးပါသော်လည်း ခေါင်းသာ တွင်တွင်ခါနေသည်။

မိမိတို့ရွာကလားဟု မေးပါသော်လည်း ဒီရွာသားတွေမဟုတ်ကြောင်း ဝင်ရောက်ပူးကပ်နေသည့် ဝိညာဉ်မှ ပြောလာလေသည်။ ခေတ်ပျက်ကြီး၏ ဥပဒေမဲ့နေသော ကာလဝယ် မိုးချောင်းထဲ မျောပါနေလေသော အလောင်းကောင်၏ ရင်ဝမှာ စိုက်ထားသော ဆိုင်းဘုတ်ကလေးကို တစ်ရွာလုံး သတိရနေကြ၏။

"မိုလ်လုပ်ချင် ဒါကိုကြည့်"

ဆိုသော "သူခိုးမိုလ်၊ ဓားပြမိုလ် တွေ၏ နောက်ဆုံးသွားရာ လမ်းကား အလွန်ကြမ်းတမ်းပေစွ"


ဟု တွေးနေကြသလို တစ်ရွာလုံး စိတ်ထဲဝယ် ဒေါ်ကျော့၏ ကျိန်စာသည် အမှန်တရားကို သစ္စာဆို၍လားမသိ စူးရှလှပါတကားဟု ပြောဆိုသံ၊ သံဝေ တရားရကြသည့် ကြောက်လန့်ဖွယ် ကောင်းသော မတရားမှု မပြုရဲကြ အောင် လက်တွေ့ သင်ခန်းစာ တကား။ ။

[ဤအဖြစ်အပျက် အားလုံးသည် အမှန်ဖြစ်ခဲ့ရသော အတိတ်ဖြစ်ရ အား ချောင်းအမည်၊ ရွာအမည် လူအမည်များအားလွှဲပြောင်း၍ ကျိန်စ ၏ စူးရှမှုပေလော၊ မတရားမှုတို့သည် ဆိတ်ကွယ်ရာ မရှိဟူသော သံဝေ တရားကို ဖော်ညွှန်းရေးသားရခြင်းဖြ ပါသည်။]

<u>ဂုဏ်သိမ်(ကချင်ပြေ</u>

www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်နှင့် လားရာဆီ

ဘစောတူ

အခုတလော စာရေးသူရဲ့ မရီးတစ်ယောက် တစ်မူထူးခြားတဲ့လုပ်ရပ်တွေကို သတိပြုမိတယ်။ အာရုံတွေ မများကြပါနဲ့ ဆိုတဲ့ အနန္တတန်ခိုးရှင် အမွေးတိုင်တွေ ဘုရားခန်းမှာ မြှိုင်နေအောင် ထွန်းညှိနေတယ်။ တစ်အိမ်လုံး ပိန်းပိတ်မှောင်မတတ်ပါပဲ။

မနက်မိုးလင်းတာနဲ့ သူ့ရဲ့ညီမ (စာရေးသူ့ဇနီး)ကိုရော သမီးဖြစ်သူကိုပါ "ဘာအိပ်မက်တွေ မက်သလဲ"လို့ မေးလေ့ရှိတယ်၊ စာရေးသူကိုလည်း အလွတ်မပေးပါဘူး။

အိပ်မက်ဆိုတာက နတ်ပေးလို့မက်တဲ့ အိပ်မက်၊ သွေးလေချောက်ချားလို့ မက်တဲ့ အိပ်မက်၊ နိုးတစ်ဝက် အိပ်မက်ရယ်လို့ ကြားဖူးတယ်။ ဆောင်းတွင်း အိပ်မက် ဂယောက်ဂယက်လို့လည်း ရှိလေရဲ့။

အိပ်မက်အဆင်အသွင် အမျိုးမျိုး ရှိပေမယ်လို့ အိပ်မက်ဆိုတာက အလင်းရောင်လာရင် ပျက်ပြယ်စမြဲ မဟုတ်ပါကလား။

ဒါပေမယ်လို့ အခုတလော အိပ်မက်မက်သူများသည် အလင်းရောင်လာပေမဲ့ ပျောက်ကွယ်လို့မသွား။

တစ်နေ့ စာရေးသူက စာမူပေးရန် အရေးကြီးတာမို့ မနက်စောစောထ၍ ရေးတယ်။ သမီးဖြစ်သူကလည်း ခပ်စောစောထပြီး စာကျက်တယ်ပေါ့။ မရီးဖြစ်သူနဲ့ ဇနီးတို့ကလည်း ထမင်းဟင်း ချက်နေတယ်။

မရီးဖြစ်သူက ထမင်းဟင်းချက်နေရင်းနဲ့ ထုံးစံအတိုင်း "ညက ဘာအိပ်မက်တွေ မက်သလဲ"လို့ လှတိုင်းနေ့ မေးပြန်လေရော။

သမီးဖြစ်သူက စာကျက်နေရင်းကပဲ ...

"ညက အိပ်မက်ကို ပြောရမလား ကြီးကြီး"

"အေး ... ပြော"

"အိပ်မက်ထဲမှာ ကြီးကြီးသေတယ်လို့ မက်တယ်"လို့ ပြောတယ်။ တကယ်မက်တာလား။ စိတ်အချဉ်ပေါက် နောက်သလိုပြောတာလားတော့ မသိ။ မရီးဖြစ်သူကတော့ ပိုက်ဆံအိတ် ချိုင်းကြားညှပ်ပြီး အပြင်ကို ခပ်သုတ်သုတ်ထွက်သွားပါတယ်။ မရီးရဲ့ ပြောစကား စာရေးသူ ကြားဖြစ်အောင် ကြားလိုက်မိလေရဲ့။

"သေတယ်ဆိုတာ သူညု"ပါတဲ့။

မရီးဖြစ်သူ ဘယ်ကိုသွားမလဲဆိုတာ သိလိုက်တယ်လေ ...။

ဘစောတူ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဗျို့ ... ကိုစံရေး ... ကိုစံရေး၊ ခင်ဗျားတို့ယာထဲမှာ ကျွဲတွေရောက်နေတယ်ဗျို့"

အော်ဟစ် လာရောက်သတိပေးလိုက်သူမှာ မောင်ထွန်းဆိုသူ အသက် ၂၀ ခန့် လူပျိုကလေးဖြစ်သည်။

မောင်ထွန်း၏အသံကြောင့် ကိုစံရေးမှာ အိမ်တွင်းမှ ကိုင်းဓားရှည်ကြီးဆွဲ ထွက်လာသည်။

"ဟေ ... ဘယ်ကကျွဲလုပ်လဲကွ။ ဒီဘက်ကျွဲတွေ ဖိုးသာပြန့် စားကွင်းထဲမှာ ဒီအချိန် ရှိရမှာပေါ့။ ဘယ်ကကျွဲတွေများလဲ ..."

"ကျုပ်လည်း မသိဘူးဗျ။ ကျုပ်သွားမောင်းသေးတယ်။ အကောင်ကြီးတစ်ကောင်က အတင်းထွက်လိုက်လို့ မနည်းပြေးခဲ့ရတယ်ဗျ။ ကြီးလိုက်တဲ့ အကောင်ကြီးတွေဗျာ"

"ဘယ်နကောင်လောက် ရှိမလဲကွ"

"ငါးကောင်ထက် မနည်းဘူးဗျ။ ခင်ဗျားပြောင်းပင်ကလေးတွေတော့ တဂျွမ်းဂျွမ်း နင်းစားနေသဗျာ"

ကိုစံရေးမှာ နောက်ဆုံးစကားသံအဆုံးတွင် မည်သို့မျှ မျက်စိတွင်မမြင်နိုင်တော့ဘဲ သူ၏ ကိုင်းခုတ်ဓားရှည်ကြီးကို ဆွဲ၍ ယာကွင်းဆီသို့ အပြေးထွက်သွားလေ၏။

ရွာတွင်းတွင်လည်း စံရေး၏ပြောင်းခင်းထဲသို့ ကျွဲကြီးများ မွှေနှောက်ဖျက်ဆီးနေကြောင်းမှာ သတင်းပြန့်နှံ့သွားလေတော့သည်။

နေရာဒေသမှာ ဟသ်ာတမြို့ခရိုင် ထူးကြီးမြို့ကလေး၏ အနောက်ဘက် ရခိုင်ရိုးမတောင်ကြောပေါ်တွင် တည်ရှိသည့် 'ကျောက်ရေအိုး'ဆိုသည့် ရွာကလေးဖြစ်၏။

ကျောက်ရေအိုးဟု ခေါ်သည်မှာလည်း ထိုရွာကလေး၏ အရှေ့ဘက်တောင်မှာ ကျောက်တစ်လုံးတောင်ဖြစ်၍ တောင်၏ပုံမှာ ရေအိုးကြီးတစ်လုံးကဲ့သို့





www.burmeseclassic.com

www.burmeseclassic.com

တူလှသဖြင့် ကျောက်ရေအိုးဟု ခေါ်တွင်ခြင်းပင် ဖြစ်သည်။

ကိုစံရေးသည် သူ၏ယာထဲသို့ ကျွဲအုပ် ဝင်ရောက်ကာ စားသောက်နေသည်ဟူသော သတင်းကြောင့် ခေါင်းတစ်ခုလုံး ဝိုးလောင်သကဲ့သို့ ကိုင်းခုတ်ဓားရှည်ကြီးကိုဆွဲ၍ ပြေးလွှားသွားခဲ့၏။

သို့သော် ...အချိန်ကြာသော်လည်း၊ ပြန်ရောက်မလာချေ။ ယင်းကြောင့်လည်း၊ ကိုစံရေး၏မိန်းမ ဒေါ်ပိန်သည် ရွာထဲမှလူများကို အကူအညီတောင်းရလေသည်။

အချိန်ကား နံနက်ဆွမ်းခံပြန်ချိန်ဖြစ်သည်။ မောင်ထွန်းလာသတင်းပေးသည့်အချိန်က နံနက် ၁၀ နာရီခန့်သာဖြစ်၏။ ယခု ၁၁ နာရီနီးပါးရှိပြီ။ ရွာဦးကျောင်းမှ ဆွမ်းခံကျောင်းသားများပင် ပြန်ကြပြီ။

ပြောင်း၊ နှမ်း၊ ကလော၊ အခြားသီးပင်များ စိုက်ထားသည့် ယာတောမှာရွာနှင့်တစ်ခေါ်သာသာ တောင်ရိုးအခေါ်ခွေးတစ်ဟောင်ခန့်သာလျှင် ကွာမည်။ ခွေးတစ်ဟောင်သည် တစ်မိုင်နီးပါးမျှ၊ တစ်မိုင်ကျော်လေးမျှ ကွာဝေးတတ်သည်။

မပိန်သေးက ရွာသူကြီးများ၊ အိမ်နီးချင်းများကို အော်ဟစ်၍ ပြောရ၏။

"ဘကြီးမြိုင်တို့၊ ကိုဘိုးချစ်တို့ရေ စံရေးတစ်ယောက် ယာထဲကို လိုက်သွားတာ မပြန်သေးဘူးတော့။ လိုက်ပေးကြပါဦး ..."

မပိန်တွင် အခါလည်သားလေးရှိနေသဖြင့် ခါးထစ်ခွင်၍ ပြောရသည်။ အပေါ်အင်္ကျီပင် မရှိချေ။ ထဘီကို ရင်လျားစည်း ဝတ်ထားရ၏။

မပိန်၏ ပြောဆိုချက်ကြောင့် အသက် ၅၀ ခန့်ရှိသော ဦးမြိုင်၊ အသက် ၄၀ ကျော်ခန့်ရှိသော ဦးဘိုးချစ်နှင့် မပိန်၏မောင် ကိုလူဝအပြင် ခပ်စောစောက လာရောက်သတင်းပေးသော မောင်ထွန်းတို့ပါ ဓားရှည်များ၊ မိုန်းများ၊ လှံများကို ကိုင်ဆောင်လျက် လိုက်သွားကြ၏။ ကျောက်ရေအိုးရွာမှ နေပြီးလျှင် သပြေစမ်းခေါ်ချောင်းကလေးသို့ ဖြတ်၍လာခဲ့ကြသည်။ သပြေစမ်းမှာ မိုးဦးကျအချိန်တွင် ရေစီးသန်လှသော ချောင်းကလေးဖြစ်လင့်ကစား လူများမှာ ရေကျချိန်မဟုတ်၍ ကူး၍သွားနိုင်ကြသည်။

တစ်ဖန် တစ်ဖက်ကမ်းသို့ ကူးသွားနိုင်သည့် ကျောက်တန်းကြီးသည် သဘာဝအလျောက် တည်ရှိနေသည်။ သူတို့သည် တစ်ဖက်ကမ်းသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက်ညီး ကိုစံရေးလုပ်သော ယာတောနှင့် နီးလာ၏။

တောသဘာဝအလျောက် 'ဥူ-ဥူ' ဟူ၍ ခေါ်ကြည့်သော်လည်း မည်သို့မျှ ပြန်ကြားချက်မရချေ။ သို့နှင့် ယာတောသို့ နီးသွားသည်နှင့် တစ်ပြိုင်တည်းမှာပင် လိုက်သွားသူများမှာ ပြေးလွှားမိကြလေ၏။

'မှန်ပေသည်။ ကိုစံရေးတစ်ယောက်မှာ လည်ပင်းကြီးတစ်ဝက်ခန့် ပြတ်၍သေနေ၏။ သွေးများသည် မြင်မကောင်းအောင် ထွက်ကျနေသည်။ ဝမ်းဗိုက်သားများပွင့်၍ အူနှင့်အသားအချို့ကိုလည်း စားသောက်သွားသည်။ မျက်နှာတစ်ခြမ်းသည် အသားများပဲ့ကျလျက် ရှိနေတော့၏။ လူတစ်ရပ်နီးပါးမြင့်သော ပြောင်းပင်များလည်း ကျိုးပြတ်လျက်ရှိကြသည်။

ဤတွင် ...အသက်လည်းကြီး၍ အတွေ့အကြုံများသော ဦးမြိုင်နှင့် ဦးဘိုးချစ်တို့မှာ ခြေရာများကိုကြည့်၍ ကျွဲကြီး၏လက်ချက်ကြောင့် မသေဘဲ ဟင်းကောင်၏လက်ချက်ကြောင့် သေဆုံးသွားရကြောင်းပင် ဖြစ်မည်ဟု တွေးတောယူဆမိကြလေ၏။

"ပြောင်းပင်တွေ စားသွားတာ ကျွဲတော့မဟုတ်ဘူးကွ။ ပြောင်ကြီးတွေ ဖြစ်မှာပဲ။ ပြောင်ကြီးတွေ စားနေတုန်း ဟင်းကောင်နဲ့ တိုက်ခိုက်သလား၊ ဟင်းကောင်ကပဲ ချောင်းနေသလားမသိဘူး။ ကိုစံရေ အလာမှာ ဟင်းကောင်က ဆီးပြီး ကိုက် သတ်လိုက်တာပဲ ဖြစ်မယ်"

"ဟာ ...ဒီလိုဆိုရင် ထူးကြီးက ရောက်နေတဲ့ စစ်တပ်ကို သွားတိုင်ကြ မယ် ဘကြီးမြိုင်။ ငါးဘတ်အင်းရွာမှာ မနေ့က စခန်းချနေတယ်ဗျ"

"အေး ...ကောင်းတယ်ဟေ့ မြန်မြန်တိုင်မှပဲ။ ကြာရင် ဟင်းကောင် ရော၊ ပြောင်အုပ်ပါမွှေလို့ ယာလည်း ပျက်၊ လူတွေလည်းသေလို့ ညက်ည ကျေကုန်တော့မှာပဲကွဲ"

ထို့နောက်တွင်ကား ကိုစံရေး အလောင်းကို ရွာအရှေ့ သင်္ချိုင်းတွင်မြှု ရန်အတွက် လုံချည်အဟောင်းတစ်ထည် တွင် အလောင်းထည့်၊ ဝါးတစ်လုံးခု ကာ ထမ်းယူလာကြလေတော့၏။

တောင်ရိုးရွာ၏ထုံးစံမှာ အလော ကို ရွာသို့ပြန်၍ ယူရရိုးမရှိပါချေ။

× × ×

(၂)

ကျောက်ရေအိုးရွာ၏ အထက် ဖော်ပြသည့်အတိုင်း လာရောက်တိုင်ထ ချက်ကြောင့် ကျွန်တော်တို့စခန်းချ သော ငါးဘတ်အင်းရွာမှ အမြန်ဆုံးလို ခဲ့ရသည်။

အချိန်အခါကား ၁၉၄၃ ခုနှစ် ကျွန်တော်ပါဝင်သော ဗမာ့တပ်မ စစ်သားစုဆောင်းရေးတပ်ဖွဲ့ ထူးကြီး ရောက်ရှိနေခဲ့သည်။ ထို့နောက် တောင်ရိုးကျေးရွာများသို့ လှည့်ကာ သားစုဆောင်းလျက်ရှိသည်။ ထိုအ ကျွန်တော်သည် အရာခံဗိုလ်တစ်ဦး ဖြစ်၍ ကျွန်တော်နှင့်အတူ တပ်ကြ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦး၊ ရဲဘော် ၈ ဦးသာ ပါရှိလာကြသည်။

ဂျပန်ခေတ်ဖြစ်သောကြောင့် တောင်ရိုးကျေးရွာသားများတွင် အဝတ်ဆင်းရဲ၊ အစားဆင်းရဲလျက် ဆေးဝါးလည်း ဖူလုံခြင်းမရှိသောကြောင့် ပွေး၊ ဝဲ၊ ဖက်ခွက်နာစသော ဝေဒနာများ စွဲနေကြသည်။

ကျွန်တော်တို့ ရောက်ရှိသွားချိန်တွင် နေအတော်နည်းနေပါချေပြီ။ ရွာသားများသည် ပြောင်အုပ်ကြီး ကိုစံရေး၏ ယာခင်းကို ဖျက်ဆီးပြီးနောက်တွင် အခြားယာနှစ်ခင်းကိုလည်း ဝင်ရောက်မွှေသွားကြောင်းကို တိုင်ကြားကြ၏။

ကိုစံရေး၏အလောင်းကိုမူ သချိုင်းတွင် မြှုပ်လိုက်ကြောင်း ပြောဆို၏။ ကိုစံရေးသေဆုံးခြင်းမှာ ပြောင်ကြီးများနှင့် လုံးဝမဆိုင်ပါချေ။ ဟင်းကောင်ခေါ် ကျားနှင့် ဆိုင်ခြင်းသာ ဖြစ်၏။

မည်သို့ဖြစ်စေ ပြောင်အုပ်သည် တောင်ရိုးတွင်လှည့်၍ ယာခင်းများကို ဖျက်ဆီးသလို လူသားစားကျားကလည်း ယာသမားများကို ဒုက္ခပေးမည်မှာ သေချာလှပါ၏။

သို့ကြောင့်လည်း ကျွန်တော်သည် ရဲဘော် ၈ ယောက်အနက် လက်ဖြောင့်တပ်သား ရဲဘော် ၃ ဦးနှင့် ရွာမှ မုဆိုးကိုတိုင်းဆိုသူအား ခေါ်လျက် ထိုညတွင် ယာတဲသို့သွား၍စောင့်ရန် ထွက်ခဲ့ရ၏။

မိုးချုပ်လာသည်နှင့် တစ်ပြိုင်နက် တောကြက်များ၊ တောငှက်များ၏ အော်သံ၊ ဆူသံများကို ကြားရသလို ဒရယ်၊ ဂျီများ၏ ဆတ်သံများ ကြားရသည်။

ကိုစံရေး၏ ယာတွင် ကိုစံရေးအား ဆွဲသွားသော ဟင်းကောင်၏ ခြေရာမှာ အကယ်တမ်း ကြီးလှသောအကောင် မဟုတ်ဘဲ လက်ဖက်ရည်ပန်းကန်လုံးအဝ၏ အကျယ်လောက်သာ ရှိမည်ဖြစ်ကြောင်းကို တွေ့ရ၏။ တစ်ကောင်တည်း၏ ခြေရာမဟုတ်ဘဲ သုံးကောင်လောက်ကိုပါ တွေ့ရသဖြင့် အတော်ကြီး စဉ်းစားရကြပ်နေမိ၏။ သို့ကြောင့် ခြေရာကိုခံ၍ ယာပတ်လည် လိုက်၍ကြည့်မိ၏။

ထိုည ဟင်းကောင်ကို စောင့်ရာတွင် ယာတဲကလေးအတွင်းမှ စောင့်ရမည်ဖြစ်၍ မိုးလုံးဝမချုပ်ခင် ဟင်းကောင်လာမည့် လမ်းခရီးကို သေချာအောင် လိုက်၍ကြည့်ရခြင်း ဖြစ်၏။

ရဲဘော်သုံးယောက်အနက် ရဲဘော်နှစ်ယောက်နှင့် ဒူးလေးကိုင် မုဆိုးကိုတိုင်းတို့ ပါလာ၏။ ကိုတိုင်းမှာ ထူးကြီးမြို့သွားနေသဖြင့် ကိုစံရေးသေသည်ကို ရွာပြန်ရောက်မှ သိရသည်ဟု ပြောပြလေသည်။

ဟင်းကောင်၏ ခြေရာကို ကြည့်ရင်း ကျွန်တော်မှာ မသင်္ကာလှချေ။ ဟင်းကောင်ခေါ် ကျားခြေရာမဟုတ်ကြောင်းကို ခြေချောင်းကလေး ၅ ချောင်းအရာက ထင်ရှားစွာဖြင့် မြေပျော့ပျော့တွင် ပေါ်လာသည်။

ယင်းကြောင့်လည်း ယာတဲအတွင်းနှင့် ကျင်းတူး၍ အပြင်တွင်စောင့်ကာ လူသတ်အမဲကောင်ကို ဖမ်းဆီးရန်ပင် ဖြစ်၏။

ရဲဘော်နှစ်ဦးနှင့် မုဆိုးကိုတိုင်း၊ ကျွန်တော်သည် ထိုကိုယ်ပျောက်လူသတ်အမဲကောင်ကို ရှာဖွေနေစဉ်မှာပင် ''ဝေါင်ဝေါင်ဝေါင်'' ဟူသော အော်သံကြီးများဖြင့် ချုံကြီးများဆီမှ ပြေးထွက်လာသည့် အဖြူတွင် အဝါကွက် အမဲကောင်ကြီးများကို တွေ့ရ၏။ သူတို့သည် ကျားလည်း မဟုတ်၊ ကျားသစ်လည်းမဟုတ်ကြောင်း မြင်မြင်ချင်းပင် သိလိုက်ရ၏။

ကျွန်တော်တို့သည် စက္ကန့်ပိုင်းအတွင်းမှာပင် ပြေးခုန်ဝင်လာသော ရှေ့ဆုံးမှ အမဲကောင်ကို ဂျပန်ရိုင်ဖယ်ဖြင့် ပစ်ချလိုက်ရ၏။ ရဲဘော်နှစ်ဦးက အခြားနှစ်ကောင်ကို ပစ်ချလိုက်ကြ၏။

သို့တစေ နောက်ထပ် ပေါက်နွယ်ချုံကြီးထဲမှ ပြေးထွက်လာသည့် လူသတ်အမဲကောင်ကြီးနှစ်ကောင်ကိုမူ နောက်ထပ် ကျည်ဆန်သွင်းချိန်မရလိုက်။ ခါးတွင်အသင့်ပါလာခဲ့သော ကျွန်တော်၏ ဓားရှည်ကြီးကို ချွတ်ကာ တအားကုန် ပိုင်းချလိုက်သည်။

ကျန်သောတစ်ကောင်ကိုမူ ရဲဘော်တစ်ဦးက လှံစွပ်ဖြင့် ထိုးသတ်လိုက်ရ၏။

အကယ်၍ ကျွန်တော်တို့မလျင်ပါမူ အားလုံးပင် လည်မျိုကို ခုန်ဟပ်ကာ အမဲကောင်ကြီးများ သွေးသောက်ခြင်းကို ခံရပါလေမည်။

''ဗိုလ်လေးရာ ... ဒီလောက်ကြီးတဲ့ ကြောင်ကြီးမျိုး မတွေ့ဖူးပါဘူး။ ကိုစံရေးသေတာလည်း ဒီကြောင်ကြီးတွေ လက်ချက်ပဲဗျ''

''ဟာ ... ဒီအကောင်တွေမှ ပိုကြောက်စရာ ကောင်းတာပေါ့ဗျာ။ ကျားသစ်တွေထက်လျင်တဲ့ ကြောင်မြင်းဆိုတဲ့ အမျိုးဗျ။ ဒီအကောင်တွေက လူကို အန္တရာယ်အပေးဆုံးပဲ။ ကြောင်ဖားတို့၊ ကြောင်နံ့သာဆိုတာက ဒီလောက်ကြောက်စရာမကောင်းဘူး။ ကြောင်မြင်းကိုပဲ ကြောက်ရတာပဲ။ ကဲ .. ကဲ ... ခင်ဗျားတို့ရွာအတွက် တစ်ရန်တော့အေးပါပြီဗျာ''

ဤသို့ပင် ကျွန်တော်တို့သည် လူသွေးကိုမှ ရွေး၍သောက်သော တောင်ရိုးအမဲကြီးများတွင်မှ ကြောင်မြင်းကြီးများကို သတ်ကာ ရွာတွင်းသို့ ပြန်ခဲ့ကြသည်။

ထိုညတွင် 'ကြောင်မြင်းသား'ကို ချက်၍စားရာတွင် တစ်ရွာလုံး မွှေးပျံ့လျက် ရှိနေတော့သည်။

မြဝတီ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နဂါးမင်းသမီး နှင့် ကြင်ယာတော် ရန်ဘက်ချစ်သူ

ဂန္ဓာရီမောင်မောင်

## အခန်း [၄]

### နတ်စိမ်းဗျတ်ဝိတံခါးစောင့်

ဥပါလိပုတ္တရာ နိုင်ငံလေးသည် အရည်းကြီးတို့ရန်မှ ကင်းဝေးသွားခဲ့သော်လည်း ကိုးကွယ်မှု အစစ်အမှန်အတွက် ခင်း။ တမန်ခင်းများဖြင့် ပေါက္ကံပြည်ရှင် ထီးလိုင်ရှင် ကျန်စစ်သားမင်းကြီး ဗုဒ္ဓဘာသာကျမ်းဂန်များနှင့် ရဟန်းတော်ရှင်သူမြတ်တို့ပါ လက်ဆောင်ပဏ္ဏာများ ဆက်သပေးပို့ပြီး နိုင်ငံသို့ ပင့်ဆောင်ပြုရန် လျှောက်တင်စေလွှတ်ခဲ့ကြ၏။

ပေါက္ကံပြည်၏ သူရဲကောင်းစစ်သူကြီးလေးဦး ကျန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့အား သုဝဏ္ဏဘူမိသထုံပြည်ရှင် မနုဟာမင်းကြီးထံ ပိဋကတ်တော်သုံးပုံအား ပင့်ဆောင်ရန် အခွန်ပဏ္ဏာတော်များ ဆက်သပြီး ပင့်ဆောင်ခဲ့ရာ အနော်ရထာမင်းကြီးက စေလွှတ်သော်လည်း မနုဟာမင်းကြီးက မောက်မာစွာ ပြောဆိုပြီး မပေးဘဲ ငြင်းဆန်စကား ဆိုစေသည်။

ထိုသည်ကို အနော်ရထာမင်းကြီး အမျက်တော်ရှကာ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ သူရဲကောင်းစစ်သူကြီး လေးယောက်တို့အား စစ်သည်ဗိုလ်ထုနှင့်တကွ စစ်ချီစေခဲ့၏။ ထိုအထဲတွင် သူရဲကောင်းညီနောင်ဖြစ်သော ဗျတ်ဝိနှင့် ဗျတ္တညီနောင်နှစ်ဦးအား သထုံပြည်ထဲ စနည်းနာထောက်လှမ်းစေရန် စေလွှတ်ခဲ့၏။

ဗျတ်ဝိ၊ ဗျတ္တညီနောင်တို့သည် မဇ္ဈိမဒေသမှ သစ်သားစည်တဲ့ ပျောပါလာသူများဖြစ်ပြီး ရသေ့ကြီးက ကယ်ဆယ်ခဲ့၍ လူ့ဘဝအား ဆက်လက်ရှင်သန်ရသော ကုလားဟိန္ဒူလူမျိုးညီနောင်တည်း။ တစ်နေ့တွင် ရသေ့ကြီးက ဇော်ဂျီဖိုလ်ဝင်သား ရရှိပြီး မီးဖိုကြက်ကာ ကျက်စေခြင်းငှာ ဗျတ်ဝိ၊ ဗျတ္တညီနောင်တို့အား စောင့်ကြည့်စေခဲ့၏။

ရသေ့ကြီးကား ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်ကျင့်စဉ်အတွက် ဇော်ဂျီဖိုလ်ဝင်သား စားလျှင် ပြီးပြည့်စုံတော့မည်မို့ တောထဲဝင်ကာ လိုအပ်သောဆေးဝါးများ အစီအရင်အတွက် အရှာထွက်သွားခဲ့၏။ ထိုခဏတာအချိန်တွင်း ဇော်ဂျီဖိုလ်ဝင်သားမှာ မီးဖိုကြက်ကင်ခြင်းကြောင့် မွှေးပျံ့သော ရနံ့များ ထွက်ရှိလာသဖြင့် ဗျတ်ဝိ၊ ဗျတ္တညီနောင်တို့မှာ မစားရမနေနိုင်တော့သဖြင့် ချိုးဖဲ့ကာ စားသောက်မိကြ၏။ ကျန်သည်ကို ဆရာရသေ့အတွက် ချန်ထားခဲ့၏။ ဇော်ဂျီဖိုလ်ဝင်သားစားပြီးနောက် သူတို့မှာ အားအင်ပြည့်ဖြိုးလာသည်။ ဆင်ပြောင်ကြီးအားမာန် ရရှိပြီး ကျောင်းကြီးကိုပင် ပြောင်းပြန်ဇောက်ထိုးပြုထားလေရာ ဆရာရသေ့ အရောက်ပြန်၍သာ တော်တော့၏။ ဆရာရသေ့မှာ ကျန်သောကြွင်းသော ဇော်ဂျီဖိုလ်ဝင်သား စားကာ သိဒ္ဓိပြီးမြောက်ခဲ့သဖြင့် သားတပည့်ညီနောင်တို့အား စစ်သူကြီး ကျန်စစ်သားထံ အပ်နှံကာ ပျောက်ကွယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗျတ်ဝိကား သတုံလုံမပျို မယ်အိုဇာနှင့် ချစ်ကြိုက်မိလေရာ သူ၏ လျှို့ဝှက်ချက်ကို ဇနီးသယ် မယ်အိုဇာအား ဖွင့်ဟပြောဆိုမိ၏။ မယ်အိုဇာ၏ ဖခင်ကြီးသည် ရွာသူကြီးဖြစ်ပြီး မနုဟာမင်းကြီး၏ ဆွေရိပ်မျိုးရိပ်မကင်း တော်စပ်သူဖြစ်၏။ မယ်အိုဇာသည် သူမ၏တိုင်းပြည်အား လာရောက်ကျူးကျော်တိုက်ခိုက်မည့် ရန်သူကိုမှ ချစ်လင်ယောကျ်ားအဖြစ် ပေါင်းသင်းမိသူတည်း။

နိုင်ငံ့အရေးမို့ မိမိသာ ချစ်တတ်သော နှလုံးသားများ ကွဲကြေခံကာ ဖခင်ကြီးအား အဖြစ်မှန် တီးတိုးတိုင်ကြားခဲ့ပြီး စစ်သည်ဗိုလ်ပါတို့ ဖမ်းဆီးခြင်း ဗျတ်ဝိခံရပေတော့၏။ ဗျတ္တကား မြို့ပြင် တောအုပ်မှာသာ စောင့်ဆိုင်းခဲ့သူမို့ ဗျတ်ဝိအဖမ်းခံရသည်ကို ကြားသိသည်နှင့် အသင့်စောင့်ဆိုင်းနေသော ပေါက္ကံတပ်မဟာသို့ အကြောင်းကြားလေသည်။

ဗျတ်ဝိကား လူစွမ်းကောင်းဖြစ်ပြီး ဇော်ဂျီဗိုလ်ဝင်သား စားခဲ့ရသဖြင့် တုတ်ပြီး၊ လှံပြီး ထိုးသတ်လို့မှ မသေသူတည်း။ ချစ်ဇနီးမယ်အိုဇာက နှိပ်စက်ညှဉ်းပန်းခြင်းကို မကြည့်ရက်တော့သဖြင့် ...

"အို ... ချစ်သော အစ်ကို ဗျတ်ဝိရယ်။ စိတ်လျှော့ပါတော့လား။ နှမအိုဇာ မကြည့်ရက်တော့ပါဘူး မောင်ကြီးရဲ့"

"ကိုင်း ... ဒါဆိုလည်း ရှိစေရှင်မ။ ငါနောက်ဆုံးကြားသိချင်တဲ့ စကားအမှန်အတိုင်းဆိုပါ နှမ ..."

"ဘယ်ဟာတုံး မောင်ကြီးရယ်"

"နှမအိုဇာ မောင်ကြီးကို တကယ်ချစ်ခင်စုံမက်ပါရဲ့လား"

"သိပ်ချစ်ပါရဲ့ မောင်ကြီးရယ်"

"ဒါဆို မောင်ကြီးနဲ့ နှမတို့တိုင်းပြည် ဘယ်ဟာပိုချစ်ပါသလဲ"

"တိုင်းပြည်ကို သစ္စာစောင့်သိတာပါ မောင်ကြီး။ ချစ်တာက ... မယ်အိုဇာ သိပ်ချစ်လို့ ပေါင်းဖက်တာက မောင်ကြီးပါရှင် ..."

"ကောင်းလှပြီပ။ ငါသည်လည်း ငါ့တိုင်းနိုင်ငံအပေါ် သစ္စာစောင့်သိသူဖြစ်၏။ ကဲ ... နှမ၊ ကွမ်းကစ်ယာ၊ ရေတစ်မှုတ်သာ တိုက်ကျွေးလော့"

မယ်အိုဇာ၏ ကွမ်းတစ်ယာ၊ ရေတစ်မှုတ်ဖြင့် ဗျတ်ဝိသည် အစိမ်းသေရကာ နတ်စိမ်းဘဝသို့ ရောက်ရလေ၏။ မနုဟာမင်းကြီးသည် အတတ်ပညာကျွမ်းကျင်သူမို့ ဗျတ်ဝိ၏ သွေးစိမ်းများအား မြို့ရိုးတစ်လျှောက် ပက်ဖျန်းကာ မြို့တံတိုင်းစောင့်အဖြစ် အမိန့်ချမှတ်ခဲ့၏။ ပေါက္ကံ(ပုဂံ)တပ်များ သထုံမြို့ကို ဝိုင်းရံမိသော်မှ မြို့ရိုးတံတိုင်းကို ကျော်ပြီး မဝင်ရောက်နိုင်ဘဲ ရှိကုန်၏။

သုဝဏ္ဏဘုမ္မိ သထုံပြည် မြို့ရိုးတံတိုင်းအား နတ်ဘီလူးအစောင့်အကြပ်များက တင်းပုတ်ကြီးတွေနှင့် ထုနှက်တွန်းလှန်နေသောကြောင့် မဝင်နိုင်ဘဲရှိ၏။ ထိုအထဲတွင် ဗျတ်ဝိ နတ်ဘီလူးတံတိုင်းစောင့်လည်း ပါဝင်နေ၏။ ရှေးအခါက ဂါထာမန္တန်၊ အင်းအိုင်လက်ဖွဲ့အစီအရင်များ တတ်ကျွမ်းစီရင်လေ့ရှိကြ၏။ (ယနေ့ခေတ်တွင်လည်း ရှိနေပါသေး၏။ မြန်မာလက်ဝှေ့ထိုးသတ်ပွဲတွင် တစ်ပွဲထိုး ကွမ်းမန်း၊ ရေမန်း၊ ဆီမန်း အစီအရင်ဖြင့် ပြိုင်ဘက်ကို ထိုးသတ်လေ့ရှိ၏။ လက်သီးချက်ထိမှန်သော်မှ ကွဲပြဲသွားသော်လည်း ကွမ်းမန်း၊ ရေမန်း၊ ဆီမန်းကြောင့် လက်နှင့်သပ်ချလိုက်ပါက မျက်နှာတွင် ကွဲပြဲသောဒဏ်ရာ မထင်တော့။ ပျောက်သွားတော့၏။ သို့သော် ထိုးသတ်ပွဲအပြီးတွင် ထိုဒဏ်ရာဒဏ်ချက်များ ပြန်ပေါ်ကာ ကုသရလေတော့သည်။)

ဗျတ္တကား ဗျတ်ဝိ၏ တစ်ဦးတည်းသော ဆွေမျိုးရင်းချာ ဖြစ်၏။ ဗျတ္တအား ဗျတ်ဝိက အိပ်မက်ပေးကာ မြို့တံတိုင်း၏ လျှို့ဝှက်ချက်ကို ပြောပြခဲ့၏။ သူ၏သွေးဖြင့် တံတိုင်းစည်းတားခဲ့ရာတွင် ကြက်မတစ်ဝပ်စာခန့်နေရာ ကျန်ရစ်ပေသည်။ ထိုနေရာမှ ဝင်ရောက်ပါက အစီအရင်ဖြင့် တားဆီးကြလေသော နတ်ဘီလူးတို့ မတိုက်ခိုက်နိုင်၊ မတားဆီးနိုင်တော့ချေ။ ဗျတ်ဝိက သထုံပြည် သိမ်းပိုက်နိုင်သည့်အခါ သူ့အား နတ်ကွန်းဖြင့် လူတို့ပူဇော်ပသခြင်းခံယူစေရန် နေရာဌာန ပေးပါရန် ကတိတောင်းခံခဲ့ပေသည်။

(ယနေ့တိုင် သထုံမြို့ ဘားအံသို့ထွက်ခွာရာ ကားလမ်းနံဘေးတွင် ဗျတ်ဝိ နတ်နန်း ရှိနေပါသေး၏။) မနုဟာမင်းကြီးလည်း သူ၏အစီအရင်ကို ယုံစားကာ ပေါက္ကံပြည်က ရန်သူများ မြို့ရိုးတံတိုင်းကျော်ကာ မဝင်ရောက်နိုင်ပြီမို့ စိတ်ချလက်ချ သေရက်သောက်ကျူး ပျော်ပါးကာ နေလေ၏။

ညဉ့်သန်းခေါင်အချိန်တွင် ဗျတ်ဝိနတ်ဘီလူးပြသခဲ့သော ကြက်မတစ်ဝပ်စာလစ်လပ်နေသည့် နေရာကနေ ပေါက္ကံစစ်သည် လက်ရွေးစင်သူရဲကောင်းတို့ မြို့တွင်းသို့ တိတ်တဆိတ်ဝင်ရောက်လာကြကာ မြို့တံခါးကြီးကို ဖွင့်ပေးသဖြင့် အလုံးအရင်းဖြင့် မြို့တွင်းဝင်ရောက်ကာ ကြက်ကလေး၊ ငှက်ကလေးများ ဖမ်းသလို မြို့အား သိမ်းပိုက်မိတော့၏။

မနုဟာမင်းကြီးက ရန်သူ့ထံ ဒူးမထောက်၊ လက်မမြှောက် အရှုံးမပေးလိုသူမို့ သူ၏ နောက်လိုက်ဗိုလ်ထုနှင့် ပြန်လည်ခုခံ၏။ အင်အားမမျှ၍ မိမိကိုယ်ကိုအဆုံးစီရင်သွားလေတော့သည်။ (ယနေ့တိုင် မနုဟာမင်းကြီးသည် နတ်ဘီလူးဘဝရောက်ကာ နေမိန္ဒရတောင်ကုန်းပေါ်တွင် နတ်ကွန်းနတ်နန်းဆောင်ဖြင့် တွေ့မြင်ရပါသေး၏။)

(နေမိန္ဒရကုန်းတော်ပေါ်တွင် စေတီတည်ရန် ဆောင်ရွက်ကြရာတွင် မနုဟာမင်းနတ်ဘီလူးကြီး နှောင့်ယှက်လေသောကြောင့် ဆောင်ရွက်ကြသော ရဟန်းသံဃာတို့ ခန္ဓာဝန်ချရစမြဲသာတည်း။ သူ



www.burmeseclassic.com

www.burmeseclassic.com

၏အပိုင်စားပေးရာ နေရာမှ စေတီတော်တည်ရန် ခွင့်မပြုနိုင်ခြင်းပါပေ။ ထိုသည်ကို ရဟန္တာမထေရ်မြတ်နှစ်ပါးဟု သမုတ်ခံရတော်မူသော အရှင်ဦးကဝိ(စွန်းလွန်းဆရာတော်)နှင့် ညောင်လွန့်တောရဆရာတော်ကြီးနှစ်ပါး ကြွရောက်တော်မူပြီး ဆွယ်ရှားခဲ့ရပြီး မနုဟာနတ်ဘီလူးအတွက် ဆောင်ခြေတွင် နတ်နန်းဖြင့် နေရာပြောင်းပေးခဲ့တော်မူပါသည်။ ထူးဆန်းအံ့ဖွယ်အဖြစ်က ဆရာတော်ကြီးနှစ်ပါး ခန္ဓာစံချသည့်အခါ ရုပ်ကလာပ်တော်များသည် မပုပ်မသိုးဘဲ ကျောက်ဖြစ်ကာ ဆံတော်၊ လက်သည်း၊ ခြေသည်းများ ရှည်ထွက်ပေါက်စမြဲ ဖြစ်သည်ကို တွေ့မြင်ကြရပါသည်။)

သထုံမြို့ကျ၍ အနော်ရထာမင်းကြီး၏ အမိန့်အတိုင်း ပိဋကတ်သုံးပုံတော်အား ပေါက္ကံပြည်(ပုဂံ)သို့ ပင့်ဆောင်ပူဇော်ကာ ဗုဒ္ဓသာသနာတော် ပြန့်ပွားထွန်းပစေခဲ့ပါသည်။ ဥပါလိပုတ္တရာပြည်သို့ ဗုဒ္ဓသာသနာထွန်းကားစေရန် ပိဋကတ်သုံးပုံတော်အား ကူးယူပြီး ရဟန်းသံဃာတော်များကိုပါ ပင့်ဆောင်ခွင့်အား ကျန်စစ်သားမင်းကြီး ထီးလှိုင်ရှင်က ပေးသနားချီးမြှင့်တော်မူခဲ့ပေသည်။

## မင်းသားလေးနှင့် ကျင့်စဉ်

စကြဝတေးမင်းဖြစ်ဖို့ရာ လွယ်ကူသည်တော့ မဟုတ်ပါချေ။ ဦးစွာ ကိုယ်ကျင့်တရား လုံခြုံစေအောင် ပြုကျင့်စောင့်ထိန်းရပေသည်။ ကိုယ်ကျင့်တရား(သီလ)ပြည့်စုံသည့်သူသည် အပါယ်တံခါးပိတ်၏။ ယနေ့ခေတ်တွင် မိရိုးဖလာအရ ဗုဒ္ဓဘာသာအဖြစ်ကို အမိဝမ်းထဲကနေ လူ့ဘောကရောက်ရှိလာသည်နှင့် အလိုလိုပိုင်ဆိုင်ရရှိကြပေသည်။

ရှေးခေတ်အခါက ဗုဒ္ဓဘာသာဝင်ဦးတစ်ယောက်ဖြစ်ဖို့ရန်ပင် လွယ်ကူလှသည့် မဟုတ်ချေ။ မိမိကိုယ်တိုင်က လက်ခံကျင့်သုံးမှသာလျှင် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ရောက်ရှိခြင်းဖြစ်၏။ ဗုဒ္ဓဘာသာဝင်အဖြစ် ယုံကြည်သက်ဝင် လက်ခံသူသည် အသက်ပင်သေချင်သေပါစေ၊ သတ်လိုက သတ်ပါစေ မိမိယုံကြည်ကိုးကွယ်သော သရဏဂုံသုံးပါး (ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ) မပျက်မယွင်း သေတစ်ပန်သက်တစ်လုံး ကိုးကွယ်သွားကြပေသည်။

ယနေ့ခေတ်အခါတွင် ဥပုသ်နေ့များမှာမှ ဘုရားကျောင်းကန်များသို့ သွားကြပြီး ဥပုသ်သီလ ဆောက်တည်ကြကုန်၏။ ဘုန်းကြီးရဟန်းသံဃာတို့ သီလပေးမှ ကိုယ်ကျင့်တရား စောင့်ထိန်းနိုင်သည် မဟုတ်ပါချေ။ ယခုတော့ ဘုန်းကြီးဝါဝါမြင်တိုင်း မုန့်တောင်းသည့် ကလေးများလို စားရပြီးရောဟု ယူဆထားသူများ၏။ ထိုအခါ ဘုန်းကြီးမြင်တိုင်း သီလတောင်းခံကြကုန်၏။ သီလတောင်းခံပြီး ကျိုးပေါက်သည်က အဖြစ်တစ်ပြစ်ရပြီး၊ ဘုန်းကြီးအား မကျိုးမပေါက်အောင် သီလကို စောင့်ထိန်းပါမည်ဆိုသော ကတိပျက်ခြင်းက တစ်ပြစ်ဖြစ်ကာ ကုသိုလ်ယူရင်း အကုသိုလ်ဖြစ်သွားရတော့၏။ အမှန်က မိမိတို့ကိုယ်တိုင် စောင့်ထိန်းကြည့်တာက အကောင်းဆုံးပါပေ။

မင်းသားငယ်သည် လူငယ်ဖြစ်၍ စိတ်သန့်ရှင်းသည်မို့ သင်အံသပျှအတတ်ပညာကျင့်စဉ်များပါ ပိုမိုခရီးရောက်ခဲ့လေတော့၏။ ဗုဒ္ဓဘုရားရှင်က 'စိတ်သာမူလ' မို့ မိမိ၏ သဒ္ဓါ(ယုံကြည်မှု)ထက်သန်စွာ၊ တစ်နည်းအားဖြင့် စိတ်ပါဝင်စားစွာ အားထုတ်ကျင့်ကြံမှုကြောင့် စိတ်တန်ခိုးများ ထက်မြက်လာခဲ့ခြင်းပါဂပေ။

သီလဆိုသော ကိုယ်ကျင့်တရား လုံခြုံအောင် စောင့်ထိန်းနိုင်သူသည် မကောင်းမှုဒုစရိုက်ကို ရွံရှာမုန်းတီးသောကြောင့် ကောင်းသောစိတ်ဖြင့်နေသဖြင့် အပါယ်တံခါးပိတ်စေပါသည်။ ကောင်းရာသုဂတိဘုံသို့သာ လားရောက်နိုင်၏။ ထပ်မံ၍ ကျင့်ကြံအားထုတ်ပါက ထို့ထက်သာလွန်သော အခြေအနေ ဘုံဘဝကို ပိုင်ဆိုင်ရမည်မှာ မလွဲတည်း။

စကြဝတေးမင်း ဖြစ်ဖို့ရန် လွယ်ကူသည် မဟုတ်ပါချေ။ စောင့်ထိန်းရမည့် သီလ၊ ကိုယ်ကျင့်တရား ဒါနခန်းများစွာ ဖြည့်ကျက်ရပေသည်၊ မင်းသားငယ်ဖြစ်၍ ပြီးပြည့်စုံအောင် မပြုလုပ်နိုင်သေးဘဲ ဘုရင်အဖြစ်သို့ ရောက်ရှိသောအခါမှ ဆောင်ရွက်ပြုလုပ်ရမည့် ဝတ္တရားများ ဖြစ်၏။ ထိုသို့ ဖြည့်ကျင့်ပြီးပါက စကြဝတေးမင်းလောင်းထံသို့ စကြာစက်ရတနာ ဆိုက်ရောက်လာမည်ဖြစ်၏။

စကြဝတေးမင်းအဖြစ်သို့ ရောက်ချိန်တန်ပါက ရတနာခုနစ်ပါးတို့ပေါ်ပေါက်လာရပေသည်။ ထိုသည်များမှာ (၁)စက်ကြရတနာ၊ (၂) ဆင်ရတနာ၊ (၃) မြင်းရတနာ၊ (၄) မျက်မြတ်ရတနာ၊ (၅) မိဖုရားရတနာ၊ (၆) သူဌေးရတနာ၊ (၇) သားကြီးရတနာတို့ ဖြစ်၏။ (သားကြီးရတနာကား စစ်သူကြီးဖြစ်သော အားကိုးထိုက်သော လက်ရုံးသစ္စာရှိသူကို ဆိုလို၏။) မင်းသားငယ်မှာ အရွယ်မရောက်သေးသဖြင့် သီလအကျင့်အားထုတ်မှုကိုသာ ပြုကျင့်နေရပေသည်။

ဝတ်ဖြူစင်ကြယ်၊ မုတ်ဆိတ်ဖြူ အဘိုးအိုက ကြပ်မတ်၍ ကျင့်စဉ်တရားကို သင်ကြားပြသပေး၏။

## သဗ္ဗသိဒ္ဓိဂါထာတော်

ပိဋကတ္တယ သုမ္ဗဏ္ဏံ၊ သဗ္ဗသိဒ္ဓိ သုခါဝတံ၊ ဇိတ္ဝဂ္ဂေမေ နိသိဒိသွာ၊ မံတရေတု သူရဿတိ။

(တစ်နေ့သုံးခေါက် ရွတ်ဆိုပါက ပြောသမျှ အောင်မြင်မည်။)



www.burmeseclassic.com

www.burmeseclassic.com

## အောင်ကြောင်းဝေဖြာ မြတ်ဂါထာ

န–ကာရော ကကုသန္ဓော မဟာပညော၊ အာနုဘာဝေန မေတ္တစ္ဆ သဗ္ဗလောကာသို့။

မော–ကာရော ကောဏာဂမနော မဟာပညော၊ အာနုဘာဝေန မေတ္တစ္ဆ သဗ္ဗလောကာသို့။

ဗု–ကာရော ကဿပေါ မဟာပညော၊ အာနုဘာဝေန မေတ္တစ္ဆ သဗ္ဗလောကာသို့။

ဒ္ဓါ–ကာရော ဂေါတမော သကျပုတ္တော မဟာပညော၊ အာနုဘာဝေန မေတ္တစ္ဆ သဗ္ဗလောကာသို့။

(နေ့စဉ် ၉ ခေါက်ရွတ်ဖတ်ပါက အရာရာအောင်မြင်နိုင်၏။)

ကျင့်ကြံအားထုတ်မှု များလာလေလေ စိတ်တည်ငြိမ်ကာ လူ့ခန္ဓာကိုယ်တွင်း ကိန်းအောင်းနေသော စိတ်စွမ်းအားသိဒ္ဓိတန်ခိုးများ ပိုမိုအစွမ်းထက်မြက်လာတော့၏။ မင်းသားလေး ကျင့်ကြံအားထုတ်နေစဉ် အရှည်းကြီးစက္ကဒေဝတို့မှာလည်း ဒွတ္တဘောင်မင်းကြီးနှင့် ပူးပေါင်းမိကာ ဗိသနိုးမြို့အား သိမ်းပိုက်ရယူရန် ကြံစည်းနေကြ၏။

### ဗိသနိုးနှင့် အရှည်းကြီး

ပျူနိုင်ငံတော် ဗိသနိုးမြို့ထဲသို့ ဝင်ရောက်ရန် သိပ်မလွယ်ကူချေ။ မြို့တံခါးနှစ်ထပ် ကာရံထား၏။ အမှန်က ရေနုတ်မြောင်းကြားခံထားရှိပြီး ရေလွှဲတံခါးအဖွင့်အပိတ်များ ထားရှိခြင်းကြောင့်တည်း။ မြို့တံခါးအား မ,တင်ထားသဖြင့် မြို့စောင့်တံခါးမှူးတို့ အခွင့်မပြုပါက ဝင်ရောက်ဖို့ မဖြစ်နိုင်တော့ချေ။

အရှည်းကြီး စက္ကဒေဝတို့ကား အကြံအစည်ကြီးစွာဖြင့် ကာလိမ်စေ့ ငြမ်းစင်ကာ ကုန်သည်လိုတစ်မျိုး ဈေးသည်လိုတစ်ဖုံ ပုံစံအမျိုးမျိုးတို့ဖြင့် ဝင်ရောက်ကြကုန်၏။ အရှည်းကြီးစက္ကဒေဝကတော့ မြို့ထဲသို့ အရင်မဝင်ဘဲ အကျင့်သီလသမာဓိပြည့်စုံဟန်ဖြင့် မြို့အဝင်အနီး သစ်ပင်ကြီးတစ်ပင်အောက်တွင် ရုက္ခစိုတင် ကျင့်ကြံအားထုတ်နေတော့၏။

ကြည်ညိုဖွယ်ရှိပြီး တည်ငြိမ်သော ဥပဓိရုပ်ရည်ဖြင့် သီတင်းသုံးနေခဲ့ရာ သူ၏ တပည့်အယောင်ဆောင်များက သတင်းဖြန့်၊ မဟုတ်မဟတ် ဇာတ်လမ်းဆင်ကြကုန်၏။ စက္ကဒေဝ၏တပည့်တို့က တခြားသူတို့၏ ပစ္စည်းများ ခိုးဝှက်ကာ ထိုသည်ကို ပစ္စည်းပျောက်များ ပြန်ရရှိစေရန် မြို့ပြင်ဝင်ပေါက်နားတွင် သီတင်းသုံးလျက် ကျင့်ကြံအားထုတ်စုတင်ဆောက်တည်နေသည့် ရသေ့ရဟန်းကြီးထံ မေးမြန်းပါက သေချာပေါက်ပြန်ရနိုင်သည်ဟု ဆိုကြ၏။

စက္ကဒေဝ၏ တပည့်များက ကြိုတင်၍ သူတို့ဆရာသခင်ထံ စာပို့နိုဖြင့် သူတို့ဝှက်ထားသည့်နေရာနှင့် လာရောက်မေးမြန်းမည့်ပိုင်ရှင်ဥစ္စာရှင်၏ ပုံပန်းသဏ္ဌာန်ပါသိရှိစေရန် ကြိုတင်အကြောင်းကြားခဲ့ကြ၏။ လာရောက်မေးသည့်ရှိသော် ဘယ်နေရာဒေသမှာ သွားရှာပါဟု ညွှန်ပြလိုက်တော့၏။ ပစ္စည်းရှင်တို့က ပြောသည့်အတိုင်း သွားရှာဖွေရာတွင်တော့ ပြောသည့်အတိုင်း မှန်နေသဖြင့် အရှည်းကြီးစက္ကဒေဝ၏ သတင်းကား မြို့တစ်မြို့လုံး သိရှိသွားပြီး ပန်ထွာမင်းသမီးနားသို့ပင် ပေါက်သွားလေတော့၏။ အရှည်းကြီးစက္ကဒေဝ၏ အကြံအစည် ထမြောက်အောင်မြင်သည်ဟု ဆိုရမည်ပေ။ အကယ်က သည်ယုန်မြင်၍ သည်ချုံထွင်ရခြင်း၊ မဟုတ်ပါလား။

ပန်ထွာမင်းသမီးကား အလှအပဂုဏ်ကြောင့် မောက်မာမာန်မာန ထောင်လွှားတံခွန်ထူသူတည်း။ သူ၏ ကြင်ဖက်ဖော်သည် သူမနှင့် ထိုက်တန်သူမရှိသေးဟု ယူဆထား၏။ လာရောက်ခစားကုန်သော မင်းညီမင်းသားများအား မတု မတန်ဆက်ဆံခဲ့သူတည်း။ ထို့ကြောင့်ပင် အသက်အရွယ် ရင့်လာပါက အလှပျက်အိုစာသွားမည်ကို စိုးရွံ့ထိတ်လန့်နေတော့၏။

ထိုမြို့ပြင်မှာ ရုက္ခစိုတင်ဆောင် ရသေ့ရဟန်းကြီးအား ပင့်ဆောင်ကာ သူမ၏ အလှအပ မပျက်မစီး ထာဝရ တည်တံ့စေမည့် နည်းလမ်းကောင်း ရှိ ကောင်းရှိနေမည်ဟု သတင်းစကားကြား ရသဖြင့် အမြန်နန်းတွင်းသို့ ပင့်ဆောင် စေတော့၏။ ရေထဲကငါးသည် ငါးစာကို သာမြင်၏။ အတွင်းမှ ချိတ်အားမမြင် သကဲ့သို့ အဖြစ်တည်း။

စက္ကဒေဝကား သူဗိသနိုးနန်းတွင်း သို့ ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သ ခေတ္တရာပြည်ရှင် ဒွတ္တဘောင်မင်းကြီးထံ စာခိုပို့ကာ သတင်းစကားပါးလိုက် တော့၏။ သူတို့၏ အကြံအစည်အတိုင်း မကြာခင်အချိန်ကာလအတွင်း ဖြစ်လာ တော့မည်ပေ။ စက္ကဒေဝက မင်းသမီး၏ အကြိုက်အလိုက်ဆောင်ကာ သဘာဝ သစ်မြစ်ဆေးပင်၊ သစ်သီးဝလံများဖြင့် ရေချိုးစေ၏။

အစွမ်းကား ထက်လှ၏။ သစ်သီး ဝလံ အရည်ရွှမ်းသည်များ စားသုံးခြင်းဖြင့် အသားအရေ စိုပြည်ဝင်းပစေ၏။ အ ပြား တွန့်လိမ်ခြင်း၊ မဲ့ခြောက်၊ တင်းတိ ဝက်ခြံ အဖုအပိမ့်များပါ ပျောက်ကင်း နိုင်ပေ၏။ မင်းသမီးလည်း အရှည်းကြီး အစီအရင်ကြောင့် ပိုမိုလှပချောမော ခြင်းကြောင့် နှစ်ထောင်းအားရဖြစ်ကာ နန်းဦးဆရာရသေ့အဖြစ် ခန့်အပ်ကိုးကွယ် မှု ပြုခဲ့လေ၏။ နန်းတွင်းမည်သည့်နေရာ ဒေသမဆို သွားရောက်နိုင်ပြီး ဆရာရသေ့ ပြောစကား၊ အလိုရှိရာအမှုကိစ္စအ အား ဆောင်ရွက်ပေးကြရမည်ဟု အမိ တော်ချမှတ်ပေးခဲ့တော့၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## ဗိသနိုးကို သိမ်းပိုက်ကြခြင်း

အရည်းကြီးစက္ကဒေဝကား ဗိသနိုးနိုင်ငံအား ထင်သလို ပြုခွင့်ရခဲ့ပြီမို့ ထင်တိုင်းကြဲတော့သည်။ ပန်ထွာဘုရင်မအား မသိသာအောင် သူတို့၏ အောက်လမ်းအစီအရင်ဖြင့် ထိန်းချုပ်နိုင်ခဲ့ကြ၏။ အချက်ပေး မင်္ဂလာစည်တော်ကြီးကား အဓိကသော့ချက် ဖြစ်နေ၏။ စက္ကောမ အတတ်ပညာ ယန္တရားများဖြင့် တည်ဆောက်ထားသော ရေလှောင်ကန်ကြီးများ၏ ရေတံခါးများ ဖွင့်စေ၏။

အရည်းကြီးစက္ကဒေဝက မင်္ဂလာစည်တော်ကြီး၏ ကျစ်ထားသော သားရေမြဲသည် ပေါင်းနွမ်းနေပြီမို့ အသစ်လဲလှယ်ရန် စေခိုင်းတော့၏။ ထိုသည်ကို ညီသူမျှ မလဲလှယ်ရဲကြသဖြင့် ဘုရင်မ ခွင့်ပြုပါမှ လုပ်ဆောင်မည်ဟု ပြန်လျှောက်ကြရာ ဘုရင်မကိုယ်တိုင် မိန့်ကြားသဖြင့် အားလုံး အံ့ဩထိတ်လန့်ကုန်တော့၏။

မင်္ဂလာစည်တော်ကြီးမှာ အချက်ပေးခြင်းဖြစ်ပြီး ရေတံခါးများကို ဖွင့်စေခြင်းဖြစ်၏။ ရန်သူတို့၏ တိုက်ခိုက်ရန်ပြုလာရောက်ကုန်သော စစ်တပ်တို့အား ရေလွှမ်းမိုးစေကာ ပျက်စီးကွယ်ပျောက်စေသည်။ မင်္ဂလာစည်တော်တီးခြင်းကို သူတို့ ထိခိုက်ရန်ပြုလာသောအခါမှ အချက်ပေးတီးရ၏။ ကျန်သည့်အချိန်တွင် မည်သူမျှ မတီးရသလို ဘုရင်မကိုယ်တိုင် မတီးခတ်၏။

အရည်းကြီးစက္ကဒေဝ၏ အကြံပြုချက်အား ဘုရင်မက လိုက်လျောပြီး စည်တော်၏ မူလလက်ဟောင်း သားရေချပ်ကို အသစ်လဲလှယ်တပ်ဆင်သော်လည်း စမ်းသပ်တီးခတ်ခြင်း မရှိသဖြင့် အမှုမဲ့အမှတ်မဲ့ နေ့ရက်ကာလသဖြင့် မေ့ပျောက်လျက် ရှိလာ၏။ အရည်းကြီးစက္ကဒေဝနှင့် ဒွတ္တဘောင်မင်းကြီးတို့မှာ အဆက်အသွယ်ရှိခဲ့၏။ မင်္ဂလာစည်တော် သားရေချပ်အား အသစ်လဲလှယ်မှု ပြီးစီးသည်နှင့် ဗိသနိုးနိုင်ငံအား သိမ်းပိုက်ရန် အစီအစဉ်ပြုတော့၏။

ဗိသနိုးမြို့တံခါးကို ဖွင့်ရန်နှင့် မြို့တွင်းသို့ဝင်ရန် စက်ယန္တရားတံတားကြီးအား ခင်းချရန်အတွက်လည်း ရသေ့ကြီး၏ လူယုံအား တံခါးမှူးအဖြစ် ခန့်ထားပြီးဖြစ်၏။ သရေခေတ္တရာတပ်မဟာကြီးအား ကုန်သည်များအသွင်၊ ဈေးသည်များအသွင်ဖြင့် မြို့တွင်းသို့ ရှေ့ပြေး လက်ရွေးစင်စစ်သည်တော်များ ဝင်ရောက်စေခဲ့၏။

သူတို့အစီအစဉ်များအတိုင်း ချောမောလွယ်ကူစေခြင်းမှာ ဘုရင်မအား ထိန်းချုပ်နိုင်လိုက်ခြင်းကြောင့်ပေ။ ကျန်သရေခေတ္တရာတပ်မဟာမှ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်စစ်သည်တော်များအား ဗိသနိုးနိုင်ငံတော်အား ဝိုင်းရံထားစေပြီး လက်နက်ချအညံ့ခံရန် စာသဝဏ်ပါးလိုက်၏။

ဗိသနိုးမင်းသမီး ပန်ထွာဘုရင်မက ထိုစာသဝဏ်လွှာရရှိသောအခါ ဒေါသူပုန်ထကာ ဒွတ္တဘောင်မင်းကြီး သူမ၏ ခြေဖဝါးအောက်သို့ ရောက်ရမည်သင်ကာ မထေမဲ့မြင်ပြုကာ စာသဝဏ်ပြန်ကြားလေ၏။ "အသင် ဒွတ္တဘောင်မင်းကြီးသိစေချင်သည်က ရှေးအတိတ်ဘဝဇာတ်လမ်းကြောင့် သိနားညှာတာစွာ ပြန်ကြားလိုသည်မှာ သင့်စစ်တပ် မပျက်သုဉ်းစေချင်ပါက ချက်ချင်းတပ်ဆုတ်ခွာသွားပေတော့၊ အသင်တို့အား နှစ်ရက်အချိန်ပေးမည်။ မဆုတ်ခွာပါက အသင်တို့ အပြစ်ဒဏ် အသင်တို့ ခံစားပျက်သုဉ်းမှာ မလွဲတည်း"

ဒွတ္တဘောင်မင်းကြီးက ပန်ထွာဘုရင်မအကြောင်းပြန်ကြားချက်ကို ကြားလေသော် သရော်ပြုံးလေး ပြုံးလိုက်မိတော့၏။ "အောက်ကလည်း နေသေး၊ မာန်မချသေးရှာသကိုး။ သနားလိုက်ပါဘိကွယ်"

"ကဲ ... မောင်မင်းတို့၊ ငါတို့ ဗိသနိုးနိုင်ငံအား ညဉ့်သန်းခေါင်းယံအချိန်တွင် ဝင်ရောက်သိမ်းပိုက်မည်။ တပ်အားလုံးအသင့်ပြင်ထားကြစမ်း"

"အမိန့်တော်မြတ်အတိုင်းပါ"

ဗိသနိုးဘုရင်မ ပန်ထွာမင်းသမီးက နန်းမြင့်မျှော်စင်ထက်ကနေ သူ့နိုင်ငံအား ထိပါးသိမ်းပိုက်ရန် တပ်စွဲထားသော သရေခေတ္တရာပြည်၏ စစ်တပ်ကြီးအား ငေးမောကြည့်နေမိ၏။ တကယ်တော့ သူမနှင့် ဒွတ္တဘောင်မင်းကြီးတို့ကား အချစ်ကြီး ချစ်မြတ်နိုးခဲ့ကြသူများ ဖြစ်၏။ မာန်မာနတရားကြောင့်သာ ရန်သူကြီးသဖွယ် မုန်းတီးမှုတွေအား အပေါ်ယံသကာရည်လောင်းထားသလိုရှိရ၏။

ရင်ထဲမှာတော့ ချစ်မြတ်နိုးသည့်စိတ်များ သိုဝှက်ကာ ထားမိပါသည်။ ဝမ်းနည်းနာကြည်း ကြေကွဲမှုတွေက လှိုက်ဖိုရှိုက်ကာ ခံစားရတော့သည်။ မိမိ၏ မင်္ဂလာစည်တော်ကြီး တစ်ချက်တီးခတ်လိုက်ရုံနှင့် သရေခေတ္တရာစစ်တပ်ကြီး ရေလွှမ်းမိုးကာ တစ်မုဟုတ်ချင်း ပျက်သုဉ်းသွားတော့မည်။ ခြော် ... အချစ်ဆိုသည်က ပူလောင်မှုများပါတကား။

သူမ နန်းမြင့်မျှော်စင်ထက်ကနေ ဆင်းလာခဲ့၏။ မိမိ၏တပ်သားများ၊ စစ်သည်များက ရန်သူကို ကာကွယ်ရန် အဆင်သင့်စောင့်ဆိုင်းနေကြပြီ ဖြစ်၏။ တိုင်းသူပြည်သားများက ဘာမှုမသိသလို တိတ်ဆိတ်ငြိမ်သက်စွာ ညဉ့်၏စောင်ကို ခြုံခြုံကာ အိပ်မောကျနေကြပြီတည်း။

သူမလည်း စက်တော်ခေါ်လည်း မပျော်ဘဲရှိ၏။ အတွေးအမြင်တွေက ဖြတ်တောက်၍မရဘဲ ရှိတော့၏။ ဒွတ္တဘောင်မင်းကြီး၏ တည်ကြည်ခံ့ညားသော ရုပ်သွင်ပုံရိပ်က ထင်ဟပ်စိုးမိုးထားသည်ပေ။ သက်ပြင်းမောချမိပါသည်။ မည်သို့ဆိုစေ ကျူးကျော်ရန်ပြုလာသူများကို ချေမှုန်းရမည်ပေ။



www.burmeseclassic.com

www.burmeseclassic.com

သူမလိုပင် အိပ်စက်မပျော်သူတစ်ဦးလည်း ရှိပါ၏။ ဒွတ္တဘောင်မင်းကြီးတည်း။ ပန်ထွာမင်းသမီးမှာ သူ့နိုင်ငံထိပါးသိမ်းပိုက်လို့ ပိုမိုအမုန်းတံခွန်လွှင့်ထူလေမည်လား မဆိုနိုင်ချေ။ မိမိ၏ မာန်မာနတရားကြောင့် လက်ဆက်ရန် ကမ်းလှမ်းခြင်းမပြု။ သူတကာတွေ ပန်ထွာမင်းသမီးလေးအား သိမ်းပိုက်ရန် စစ်ခင်းနေသော်လည်း မတုန်မလှုပ် မိမိနှင့်မသက်ဆိုင်သလို နေခဲ့သည်ပင်။

အခုတော့မရတော့ပြီ။ ရင်မှာခံစားနေရသော ချစ်ဝေဒနာများက တားဆီးမရတော့ပါချေ။ ဘဝဘဝပေါင်းများစွာ မြတ်နိုးတွယ်တာရပါသော ချစ်သူကြင်ဖော်ပေမို့ အစွဲအလမ်းကြီးမားပေစွ။ အခုတော့ မတတ်နိုင်ပြီ။ တပ်ဆုတ်ခွာပြီး အချစ်စိတ်ကို မျိုသိပ်ခံစားပြန်လှည့်ဖို့တော့ မဖြစ်ချေ။ ပန်ထွာမင်းသမီးလေးကို မိဖုရားတင်မြှောက်ပြီး သူမ၏ အချစ်ကို ပိုင်ဆိုင်ရယူဖို့ ကြိုးစားရမည်သာ အဖြေရှိတော့၏။

သရေခေတ္တရာစစ်တပ်ကြီးအား ပုန်းခိုစခန်းချထားရာမြို့အနီးရှိ တောအုပ်အတွင်းမှ ထွက်လာစေတော့သည်။ မိမိ၏ တပ်အင်အားအလုံးအရင်းဖြင့် လာရောက်ခဲ့ခြင်းပါပေ။ ဆင်တပ်ကြီး၊ မြင်းတပ်၊ ခြေလျင်စစ်သည်တော်များ၊ လှည်းတပ်များဖြင့် ဗိဿနိုးမြို့ရှေ့ရှိ မြေပြင်ကျယ်တွင် ပြည့်နှက်သွားတော့၏။ ဪ ... ချစ်လွန်းသူ ပန်ထွာမင်းသမီးလေး တုန်လှုပ်နေပြီလား မသိနိုင်။

မိမိတို့ဝင်ရောက်ရန်အတွက် အချိန်းအချက် အချိန်အခါကိုတော့ စောင့်ရဦးမည်ပေ။ အတွင်းစည်းထဲ ရောက်လျက်ရှိသော ရှေ့တော်ပြေးစစ်သည်တို့ မြို့ရိုးတံခါး ကျုံးကျော်ချမှ ဝင်ရောက်နိုင်မည်ဖြစ်၏။ ကျုံးရေပြင်ထဲတွင် ဆူးငြောင့်များ ထောင်ထားသည့်အပြင် အစားကြူးသော ရေသတ္တဝါမိကျောင်းကောင်များ ရှိနေသေး၏။

ပန်ထွာမင်းသမီးလည်း နန်းမြင့်မျှော်စင်ထက်သို့ ပြန်တက်ခဲ့ရပြန်သည်။ ရန်သူတို့၏ တပ်မဟာစစ်တပ်ကြီးက ချီတက်လာနေပြီမို့ မင်္ဂလာစည်တော်ကြီး တီးခတ်ရန် အချိန်အခါစောင့်ဆိုင်းနေမိသည်။ သူမ၏ ရွှေရင်အစုံကား စိတ်လှုပ်ရှားမှုကြောင့် တုန်လှုပ်နေသည်။ ထိုစဉ် သူမထံသို့ ကိုယ်ရံတော်တပ်မှူး စစ်သူကြီးက သတင်းလာပို့၏။

"ဘုရင်မ ... ရန်သူများ သပ်လျှိုကာ မြို့တွင်းသို့ ဝင်ရောက်တိုက်ခိုက်နေပါပြီ။ ရသေ့ကြီး စက္ကုဒေဝ ဦးဆောင်တာပါ ဘုရင်မ"

"တောက် ... သင်းကိုယုံကြည်မိလို့ အခက်တွေ့ရပြီကော"

ထိုစဉ် မြို့ရိုးစောင့်တပ်မှ တပ်မှူးက သတင်းလာပို့ပြန်၏။

"ကဲ ... လျှောက်တင်စမ်း"

"မှန်လှပါ မြို့ရိုးတံခါးကို အတွင်းဝင်ရောက်ပုန်းအောင်းနေသော ရန်သူများက စီးနင်းမိပြီး မြို့တံခါးပွင့်သွားပါပြီ။ အချိန်အခါကျရောက်ပြီမို့ စည်တော်တီးခတ်တော်မူပါဘုရင်မ"

"အေး ... ကောင်းတာပ ဒွတ္တဘောင်ရယ်။ နင်တို့ ငါ့အကြောင်း သိစေမယ်ကွဲ့"

ဗိဿနိုးဘုရင်မလည်း မင်္ဂလာစည်တော် တီးခတ်သောအခါ ...

"ဘတ်"

"ဘတ်"

"ဟင် ... စည်တော်က အသံမမြည်တော့ပါကလား။ ရသေ့ယုတ်ရဲ့ လက်ချက်ပါလား။ ကဲ ... စစ်သည်များ၊ မိမိနိုင်ငံအတွက် အသက်ပေးခုခံကြလော့"

"မှန်လှပါဘုရင်မ"

ပန်ထွာမင်းသမီးလည်း ဓားရှည်ကိုင်စွဲ၊ ဒိုင်းကာတစ်ဖက်ဖြင့် ကိုယ်ချပ်တန်ဆာ ဝတ်ဆင်ကာ စစ်ဦးကို ဦးဆောင်ကာ ထွက်တော့၏။ သို့သော် ရန်သူများ၏ ကြိုတင်ကြံစည်မှုကို အဝိုက်မိသွားခြင်းကြောင့် မိမိအားထားရသော ရေတံခါး ... မဖွင့်နိုင်ခဲ့ပါချေ။ ရန်သူ့ အင်အားကား များလှပါဘိ။

မြို့တွင်းတိုက်ပွဲပေမို့ တိုင်းသူပြည်သားများ ထိခိုက်မည်ကို စိုးရိမ်မိ၏။ မတတ်နိုင်ပြီ။ တိုက်ခိုက်သံများ၊ အော်ဟစ်သံများ၊ ကြွေးဝါးသံများက လွှမ်းမိုးနေတော့၏။ ဒွတ္တဘောင်မင်းကြီးလည်း တိုင်းသူပြည်သားများကို မထိခိုက်အောင် တိုက်ခိုက်ရန် အမိန့်ထုတ်ပြီး ဖြစ်၏။ တတ်နိုင်ပါက ပန်ထွာမင်းသမီးလေး အမျက်မသိုစေရန် သူမ၏ စစ်သည်များအား လက်ရသာ ဖမ်းစေခဲ့၏။ သွေးထွက်သံယိုအမှု နည်းပါးစေမှ ပန်ထွာမင်းသမီးလေး သူ့အပေါ် အမုန်းတရား လျော့မ... စေမည် မဟုတ်ပါလော။

ဒွတ္တဘောင်မင်းကြီးနှင့် သူ... လက်ရုံးစစ်သည်တော်များ နန်းတော်... တွင်းသို့ ဝင်ရောက်မိပြီဖြစ်၏။ ပန်ထွာ... မင်းသမီးလေးကို ရှာဖွေတွေ့မိပါပြီ။ သူ... ကိုယ်တိုင် ဓားလွတ်ကိုင်ကာ တစ်ဖက်... ဒိုင်းကာဖြင့် ဦးဆောင်တိုက်နေ၏။ သူ... အား မည်သည့်ပွန်းပဲ့ဒဏ်ရာမျှ မထိခိုက်... စေရဟု မိမိက အမိန့်ထုတ်ထားခြင်း... ကြောင့် မိမိစစ်သည်များက ပန်ထွာမင်း... သမီးနှင့် တိုက်ခိုက်ရာတွင် အားလျော့... လျက်ရှိနေ၏။

"ဟော့ ... ပန်ထွာဘုရင်မ၊ ငါဒွတ္တ... ဘောင်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပါစို့။ သ... အနိုင်ရပါက ကျွန်ုပ်တို့ တပ်ဆုတ်ထွက်... မည်။ သင်ရှုံးလျှင်တော့ ကျွန်ုပ်၏ မိဖု... အဖြစ် လက်ခံပါလော့"

"သယ် ... ရာရာစစ ဒွတ္တဘော... ရဲ့။ သင်အကောက်ကြံလို့ ငါ့မြို့တွင်... ဝင်နိုင်တာပ ... ဟင်း"

"ဒါကတော့ စစ်ပရိယာယ်..."



www.burmeseclassic.com

www.burmeseclassic.com

ပန်ထွာဘုရင်မရဲ့ တိုင်းသူပြည်သား စစ်သည်များကိုပါ အထိအခိုက်သေကျေမှု နည်းပါးစေရန် အကျွန်ုပ် အမိန့်ချမှတ်ပြီး သားပါပဲ။ အကျွန်ုပ်က ဘုရင်မရဲ့ အမုန်းတရားကို မခံယူလိုပါ။ ချစ်ခင်လက်တွဲ သွားဖို့သာ ဆန္ဒရှိသူပါ''

''မလိုဘူး။ ရှင့်ကို ကျွန်မ သည်တစ်သက် မကျေဘူး။ မုန်းတယ်သိလား''

''ပြော်ကွယ် ... ဘုရင်မရဲ့အမုန်းကလည်း သည်ဘဝအထိတောင် မကျေသေးပါလားကွဲ့။ ရှိစေတော့။ မောင်တော်ကတော့ သစ္စာမပျက် ချစ်လျက်အမြဲရှိသူပါ''

''တော် ... တိတ်စမ်း။ ဓားထုတ်ပြီး ရင်ဆိုင်စမ်းဟဲ့''

''ကောင်းပြီ။ ကဲ ... အကျွန်ုပ်အား အနိုင်ရအောင် တိုက်လော့''

ပန်ယွာဘုရင်မကား အမုန်းနာကြည်းစိတ်ကြောင့် ကြမ်းတမ်းစွာ တိုက်ခိုက်မှုပြု၏။ ဒွတ္တဘောင်မင်းကတော့ အရှောင်အတိမ်းဖြင့် မထိခိုက်အောင် ခုခံသူမို့ တိုက်ပွဲက ရှည်ကြာလှတော့၏။

''ပန်ထွာဘုရင်မ ... အသင်က အခုလိုဆိုတော့လည်း ကျားမလေးလိုရဲရင့်လှပါလားကွဲ့။ အင် ... အသင့်ရဲ့ အလှတရားက အခုလိုဆိုလည်း လှပနေဆဲပါပဲ။ ဒါကြောင့် ခုနစ်ပြည်ထောင်မင်းသားတွေ စစ်ခင်းကြရတာကိုး''

''ဒွတ္တဘောင် ... အပိုစကား သင်မဆိုလေနှင့်''

''မဆိုဝံ့ပါ ဘုရင်မကြီးရယ် ... ဟဲဟဲ''

ဒွတ္တဘောင်မင်းနှင့် ပန်ထွာဘုရင်မတို့၏ တိုက်ပွဲကို ကျန်စစ်သည်တို့က ဝန်းရံကြည့်ရှုလျက်ရှိ၏။ ပန်ထွာဘုရင်မ၏ စစ်သည်များတော့မဟုတ်။ သရေခေတ္တရာစစ်သည်များသာတည်း။ ဗိဿနိုးစစ်သည်များကား အနှောင်အတည်းဖြင့် ခမ်းဆီးခံနေရပြီဖြစ်၏။

ထိုစဉ် စစ်တပ်မှူးစစ်သူကြီးက ဘုရင်ဒွတ္တဘောင်ထံ လာရောက်လျှောက်ထား သတင်းပို့ကုန်၏။

''အရှင်မင်းမြတ် ... ဗိဿနိုးတစ်နိုင်ငံလုံး သိမ်းပိုက်ပြီးကြောင်းပါ''

''ကဲ ... ပန်ထွာဘုရင်မ၊ အသင်ကြားတယ်မဟုတ်လား။ အညံ့ခံပါလော့''

''မခံဘူးဟဲ့ ဒွတ္တဘောင်ရဲ့''

''အင်း ... ဒါဆိုလည်း သင်က အကျွန်ုပ်လက်ချက်နဲ့ သေရရင်လည်း ဂုဏ်ယူစရာပါပဲလေ။ ဟားဟား ...''

''ရှင်နော် ... ကဲဟယ်''

''အဟတ် ... ဒေါသကြီးလှချည်လားကွဲ့။ အင်း ... အခုလိုလည်း လှပချောမောနိုင်လှပါပေတယ်''

ပန်ထွာမင်းသမီး ခွန်းတုံ့မပြန်တော့ဘဲ ဆောင်ဓားဖြင့် ခပ်ကြမ်းကြမ်း ဒွတ္တဘောင်မင်းအား တိုက်ခိုက်လျက်ရှိတော့၏။ သို့သော် မိန်းမသားလည်းဖြစ်ပြန်၊ တိုက်ပွဲရှည်ကြာခြင်းကြောင့် ဆောင်ဓားကို မြှောက်ရန်ပင် မနည်းအားတင်းနေရရှာ၏။ ဒွတ္တဘောင်မင်းကြီးက ဆင်ကျီစားသလိုပင် အပြုံးမပျက် မမောမပန်းဘဲရှိသေး၏။ ပန်ထွာမင်းသမီး၏ ဆောင်ဓားအား သူ၏ ဆောင်ဓားဖြင့် ရိုက်ချလိုက်ကာ လက်မှလွတ်ထွက်စေပြီး မင်းသမီးလေးအား ပွေ့ဖက်ကာ ချုပ်နှောင်လိုက်တော့၏။ အားမတန်တော့ မာန်လျှော့ရတော့သည်။ ဗိဿနိုးမြို့ကို သိမ်းပိုက်ပြီးပြီမို့ သရေခေတ္တရာနိုင်ငံသို့ စစ်ပြန်ဆုတ်ခွာခဲ့ပြီဖြစ်၏။ ရသေ့ကြီးအား ဗိဿနိုးနိုင်ငံအား အုပ်ချုပ်ရန် လွှဲပေးခဲ့၏။

အရည်းကြီးစက္ကဒေဝကား ဘုရင်အဖြစ်သို့ ရောက်ရှိလာခဲ့ပြီမို့ ဝဏ္ဏတွင်မှခေါင်မင်းသားလေးကို အခဲမကျေ ရန်ကြေးဆပ်ဖို့သာ ကျန်ရှိတော့၏။

''ဟားဟားဟား ... မင်းသားငယ်ရေ၊ ငါမင်းကို ကျွန်ပြုဖို့ အင်အားရှိလာပြီဟေ့။ တွေ့ကြသေးတာပေ့ .. ဟားဟား''

အရည်းကြီး၏ ကြွေးဟောင်းကြီးအား မင်းသားဝဏ္ဏတွင်မှခေါင် မကြားသိနိုင်ပေ။ မုတ်ဆိတ်ဖြူ အဘိုးအို၏ ပဲ့ကိုင်သွန်သင်မှုဖြင့်သာ သီလလုံခြုံအောင် စောင့်ထိန်းပြီး ကျင့်ကြံအားထုတ်လျက်ရှိနေ၏။ မင်းသားလေးသည်လည်း အသက် ၁၇ နှစ်တိုင် ရှိလာခဲ့ပြီမို့ ခမည်းတော်ဘုရင်ကြီး ဥပါလိက ထီးနန်းအရိုက်အရာ လွှဲပေးပြီး ရဟန်းဘောင်သို့ အပြီးတိုင် ဝင်ရောက်သွားချေပြီ။

သူသည် စကြဝတေးမင်းလောင်းလျာမို့ ထီးနန်းအရိုက်အရာ ခံယူပြီးသည်နှင့် ဖြည့်ကျင့်ရမည့် ဝတ္တရားများကို ပြုလုပ်ဆောင်ရွက်ရတော့၏။ သို့သော် မိဖုရားကောင်းနှင့် လက်ဆက်ရမည်မို့ ရှာဖွေရန်ပြုရပေမည်။ စကြဝတေးမင်း အင်္ဂါနှင့် ပြည့်စုံသည့်အခါမှသာ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ စသည်တို့ ပေါ်ထွက်ရောက်ရှိလာမည် ဖြစ်တော့၏။

မုတ်ဆိတ်ဖြူအဘိုးအိုက လူငယ်တို့သဘာဝ အချစ်တရားဖြင့် ကြင်ရာရှာဖွေခြင်းအမှုကို မဆောင်ရွက်ပေးနိုင်ပေ။ မင်းသားလေးကိုယ်တော်တိုင် ရှာဖွေရမည့်ကိစ္စပါပေ။ မိန်းမကောင်း၏ အင်္ဂါမြတ်များ လိုပေသည်။ ဘုရားရှင်လက်ထက်တော်တုန်းက ဇောတိကသူဌေးကြီးပင် မြောက်ကျွန်းသူနှင့် ပေါင်းဖက်ရလေ၏။ မင်းသားလေး၏ ဘုန်းကံကြောင့် ကြင်ရာတော်ပေါ်ထွက်လာမည်မှာ မလွဲကေန်တည်း။

(ဆက်ရန်)

ဂန္ဓာရီမောင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# မော်တော်ယာဉ်ရပ်နားရာနေရာတွင် လူသေလောက်သော ကိုယ်ထိလက်ရောက်ကျူးလွန်မှုကြောင့် ထိုသူ့အပေါ် ထောင်ဒဏ် ၃ နှစ်ခွဲနှင့် ကြိမ်ဒဏ်ချမှတ်

ပြစ်မှုကျူးလွန်ခဲ့သူအား ခရိုင်တရားသူကြီးက ထောင်ဒဏ်(၃)နှစ်ခွဲနှင့် ကြိမ်ဒဏ် (၆)ချက် ချမှတ်လိုက်ပြီး ဤအမှုသည် အသေးအဖွဲ့ကိစ္စတစ်ရပ်အပေါ် အသိတရားမဲ့ကာ ရက်စက်ကြမ်းကြုတ်စွာ ပြုလုပ်မှုကြောင့် လူငယ်တစ်ဦး အသက်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။

တရားသူကြီးက 'ပုတ်ချောင်ဟင်'သည် အမျိုးသားအချိန်ပြည့်ဝန်ဆောင်မှုဝန်ထမ်း 'ချင်ဖီယွန်'အား သေလောက်အောင် ထိုးကြိတ်ခဲ့သည်သာ မဟုတ်ဘဲ အသေးအဖွဲ့ကိစ္စရပ်အပေါ်တွင် လက်တုံ့ပြန် တိုက်ခိုက်ခြင်းဖြစ်သည်ကို သူ၏အမှုအရာများက ပေါ်နေကြောင်း မှတ်ချက်ချလိုက်သည်။

အသက်(၂၈)နှစ်အရွယ် အချိန်ပိုကုန်သည်သည် ယခင် ဥပဒေနှင့် ပွတ်ကာသီကာ ငြိစွန်းခဲ့ခြင်းကို သင်ခန်းစာရရှိခဲ့ခြင်းမရှိဟု ခရိုင်တရားသူကြီး 'အယ်ဒီသမ်'က ပြောကြားလိုက်သည်။ 'ပုတ်'အား ရုပ်ရှင်ဥပဒေကို ကျူးလွန်ခဲ့ခြင်း၊ ဥပဒေနှင့် မညီသော အုပ်စုတစ်စုတွင် ပါဝင်ခဲ့ခြင်းတို့ကြောင့် ၂၀၀၁ ခုနှစ်က ပြုပြင်ပြောင်းလဲရေးသင်တန်းသို့ စေလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။

'ပုတ်'က သူသည် အမျိုးသားဝန်ဆောင်မှုဝန်ထမ်းအား လွန်ခဲ့သောနှစ် ဒီဇင်ဘာလ(၃)ရက်နေ့က မော်တော်ယာဉ်ရပ်နားရာ စင်ထရယ်စကွဲယား၌ အကြီးအကျယ်နာကျင်စေမှုကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံပြီ။ မစ္စတာ'ချင်'၏ ဆွေမျိုးတော်စပ်သူ အသက်(၂၄)နှစ်အရွယ် မစ္စတာမက်သူလီအားလည်း လက်သီးဖြင့် ထိုးခြင်း၊ ကန်ကျောက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းဝန်ခံသွားခဲ့သည်။ အသက်(၂၁)နှစ်အရွယ် အမျိုးသားအချိန်ပြည့်ဝန်ဆောင်မှုလုပ်သားအား 'ပုတ်'၏ အပေါင်းပါတစ်ဦးက အသက်(၂၁)နှစ်အရွယ် 'ချင်'၏မျက်နှာကို လက်သီးဖြင့် ထိုးခဲ့သေးသည်။ ထိုသူ့ထွက်ပြေးလွတ်မြောက်လျက်ရှိသည်။ 'ချင်'သည် လဲပြိုကျသွားကာ နောက်နေ့တွင် ဦးခေါင်းဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

'ပုတ်'၏ နောက်အပေါင်းအပါနှစ်ဦးတို့မှာ 'ဒက်(စ)မွန်နီယိုဟန်ဝင်' (၂၄ နှစ်)နှင့် 'လီဘွန်လီယွန်' (၂၃ နှစ်)တို့ဖြစ်ကြပြီး။ ဤအမှုမှ စတုတ္ထလူ 'မာကပ်(စ)လီ' (၂၃ နှစ်)မှာ လွတ်မြောက်နေဆဲ ဖြစ်သည်။ အုပ်စု(၂)စုတို့သည် သူတို့ခိုက်ရန်ဖြစ်ပွားစဉ်က သူတို့၏ မော်တော်ကားများကို ကားရပ်နားရာနေရာတွင် ထားခဲ့ပြီး 'ကလပ်နာနာ'၌ တုတ်ဖြင့်ရိုက်နှက်ခဲ့ကြခြင်း ဖြစ်သည်ဟု တရားရုံးမှ ကြားနာခဲ့သည်။

မစ္စတာချင်နှင့် သူ့အုပ်စုက ကုန်းဆင်းတစ်ခုအတိုင်း လမ်းလျှောက်လာကြစဉ် လမ်းကြောင်းပိတ်ဆို့သွားခဲ့သဖြင့် 'လီဘွန်လီယွန်'က ကားလမ်းပိတ်နေ… လမ်းပေးရန် သူ့ကားမှ ဟွန်းသံပေး… သည်။ 'ပုတ်'က 'လီ'အား ကားရပ်ပေး… ရန် အော်ပြောလိုက်ပြီး သူတို့(၄)စ… မော်တော်ကားအပြင်သို့ထွက်လိုက်က… မစ္စတာချင်၊ မစ္စတာလီနှင့် အမျိုးသာ… အချိန်ပြည့်ဝန်ဆောင်မှုဝန်ထမ်း 'ဒါ… မက်သီးယပ်(စ)'တို့နှင့် ထိပ်တိုက်တွေ… လိုက်ပြီး လက်သီးဖြင့်ထိုး၊ ခြေထော… ဖြင့်ကန်ကျောက်ခြင်းတို့ကို ပြုလုပ်ခဲ့… သည်။

တိုက်ခိုက် ခိုက်ရန်ပွားမှု နော… ပိုင်း ရပ်တန့်သွားပြီး အချင်းချင်းလက်… နှုတ်ဆက်လိုက်ကြသည်။ သို့သော် ယ… လူတစ်ဦး ထွက်ပေါ်လာပြီး ထိုသူ… မစ္စတာချင်၏ မျက်နှာကို လက်သီး… အရှိန်ပြင်းစွာ ထိုးနှက်လိုက်ရာ ဒုတိ… အကြိမ် ရန်ပွဲဖြစ်ပွားခဲ့ရသည်။

မစ္စတာချင်သည် မော်တော်ကာ… ရပ်နားရာနေရာ နောက်ဘက် မော်တော်… ကားတာယာအရန်အတားအနီးတွင် … လဲသွားခဲ့သည်။ ဒုတိယအကြိမ် ဖြစ်ပွ… သော ရန်ပွဲတွင် 'နီယို'နှင့် 'လီ'တို့ ပါ… ပတ်သက်မှုမရှိတော့ကြောင်း တရားရုံး… ကြားနာခဲ့သည်။

လေးဝတီကျော်

*Ref: Man gets 3½ years jail, caning … fatal assault in carpark*
*The Straits Times, Saturday, … 22, 2012*



www.burmeseclassic.com

www.burmeseclassic.com

# နောက်တိုးတရားခံဖြစ်ခဲ့သော ခြေလှမ်းများ

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

''ပုဒ်မ ၁၉၀ ပါ နည်းသုံးနည်း နက် တစ်နည်းနည်းဖြင့် ပြစ်မှုတစ်ခုကို တရားသူကြီးက အရေးယူပြီးသည့်နောက် ထိုရာဇဝတ်တရားသူကြီးသည် ထိုအမှုကို ဝ လက်ဝယ်ရရှိသဖြင့် ပြစ်မှုကျူးလွန် ၍ ပါဝင်သူဟူသမျှကို အရေးယူပိုင် သည့် ပြစ်မှုအတွက် တရားဥပဒေနှင့် ညီဖြစ်အောင် ပြုလုပ်ရန် မိမိ၏ စီရင် ခွင့်အာဏာမှာ မည်သို့မျှ ချုပ်ခြယ်ခြင်း မရှိချေ။ အရေးယူပိုင်သည့် ပြစ်မှုတစ်ခု ၌ ရဲက တင်ပို့သူတစ်ဦးကို စစ်ဆေး နေရာ၌ ရာဇဝတ်တရားသူကြီးက အခြားသူတစ်ဦးကစ်ယောက်ကို တွဲဖက် တရားခံအဖြစ် ထည့်သွင်းလျှင် ထိုတရားသူကြီးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀(ဂ)အရ အာဏာကို သုံးစွဲသည် မဟုတ်။ ပုဒ်မ ၃၅၁ အရ အခွင့်အာဏာကို သုံးစွဲခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် ထိုတရားသူကြီးသည် ပုဒ်မ ၁၉၀ အရ အမှုကို လွှဲပြောင်းပေးရန် တာဝန် မရှိချေ။ (မောင်သက်နှင့် မောင်ချစ်ကြွယ် ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၆ဂ၆)''

(၁၉၇၀ ခုနှစ်ထုတ် တရားရုံးများလက်စွဲ အပိုဒ်-၄၁၄ ဒုတိယပိုဒ်)

ကျွန်တော်တို့ ရှေ့နေရှေ့ရပ်၊ ဥပဒေအရာရှိ၊ တရားသူကြီး စသော ဥပဒေနယ်ပယ်မှ ပုဂ္ဂိုလ်များ မဖတ်မဖြစ် ဖတ်ရှုရသော စာအုပ်များတွင် တရားရုံးများလက်စွဲလည်း တစ်အုပ်အပါအဝင်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံတော် တရားရုံးချုပ်မှ တတိယအကြိမ် တည်းဖြတ်ထုတ်ဝေခဲ့ခြင်းရှိခဲ့ရာ စာမျက်နှာပေါင်း တစ်ထောင်နီးပါး ပါဝင်သည်။ ရေးသားဖော်ပြထားသည့် စာသားအရေးအသားများသည်လည်း အထက်တွင် ဖော်ပြထားသည်သို့ရှိသည်။ အချစ်ဝတ္ထု တစ်အုပ်နှယ် ထွေးထွေးပွေ့ပွေ့ ထားလို့ ဖွယ်မရှိ။ သို့သော် ဥပဒေပညာရှင်တို့



www.burmeseclassic.com

www.burmeseclassic.com

အဖို့ကား မရှိမဖြစ် အချစ်၊ အနီးဆုံး မိတ်ဆွေ။

တရားရုံးသို့ ရောက်ရှိလာသော ပြစ်မှုဆိုင်ရာ မှုခင်းများတွင် ရဲစခန်းမှ တရားစွဲတင်ပို့လာသည့် မှုခင်းနှင့် တရားရုံးသို့ ဦးတိုက်လျှောက်ထားသော မှုခင်းဟူ၍ အကြမ်းချင်းနှစ်မျိုးရှိသည်။ ဦးတိုက်လျှောက်ထားမှုဆိုသည်ကား တရားလိုက ပြစ်မှုကျူးလွန်သူဟု အမည်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာ ဖော်ပြပြီး၊ တိုက်ရိုက် လျှောက်ထားစွဲဆိုမှု ဖြစ်ပေသည်။ သို့ဖြစ်၍ စွပ်စွဲခံရသူအရေးအတွက် ပြည့်စုံစွာ ပါရှိလေ့ရှိသည်။

ရဲစခန်းမှ တရားစွဲဆိုတင်ပို့သော မှုခင်းများတွင် ပြစ်မှုအခင်းဖြစ်ရာ၌ ပါဝင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တရားရုံးသို့ တရားစွဲတင်ပို့သောအခါ ကျန်ရှိနေတတ်ပေသည်။ တစ်ခါတစ်ရံ၌ တရားလိုက ပထမသတင်းပေးတိုင်တန်းချက်ပြုစဉ်ကပင် အမည်နာမဖော်ပြတိုင်ကြားထားသည့်ပင် ထိုတရားခံ ပါဝင်လာခြင်းမရှိဘဲ ဖြစ်တတ်သည်။

တရားရုံးတွင် တရားလို၊ တရားလိုပြသက်သေများ စစ်ဆေးသည့်အခါ ရုံးရှေ့သို့ စွပ်စွဲခံရသူအဖြစ် ရောက်လာပါဝင်လာခြင်း မရှိသူသည်လည်း အချင်းဖြစ်မှုခင်းတွင် ပါဝင်နေကြောင်း ပေါ်ပေါက်လာလေသည်။ ထိုသောအခါ ရှေ့နေချုပ်ရုံး ကိုယ်စားအမှုလိုက်ပါဆောင်ရွက်သူ ဥပဒေအရာရှိကသော်လည်းကောင်း၊ တရားလိုရှေ့နေကသော်လည်းကောင်း နောက်တိုးတရားခံအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ လျှောက်ထား၏။ တရားလိုရှေ့နေမှ လျှောက်ထားလိုသည့်အခါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၄၉၃ အရ ဥပဒေအရာရှိ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည်ဖြစ်၍ ဥပဒေအရာရှိ၏ သဘောတူညီချက်အဖြစ်ဖြင့် လျှောက်ထားရပေသည်။

မှုခင်းစစ်ဆေးသော တရားရုံးအနေဖြင့် အမှုတွဲပေါ်ပေါက်ချက်အရ နောက်တိုးတရားခံ လျှောက်ထားခြင်းကို ခွင့်ပြုသည်လည်းရှိသည်။ ပယ်သည်လည်းရှိသည်။ ဥပဒေအရာရှိ၊ ရှေ့နေရှေ့ရပ်၊ တရားရုံးတရားသူကြီးတို့သည် စုပေါင်း၍ အမှန်တရား ရှာဖွေဖော်ထုတ်ကြသူများဖြစ်ပေသည်။ သို့သော် အတွေးအမြင် အမျိုးမျိုးကွဲပြားကြ၏။ ငြင်းခုံကြ၏။ ဤတွင် အမှုစ်ရုံးမှသည် နိုင်ငံတော်၏ အမြင့်ဆုံးရုံးတော်အထိ ရောက်ရှိလာခဲ့ကြပေသည်။ နိုင်ငံတော်တရားရုံးချုပ်မှ နောက်တိုးတရားခံပြဿနာနှင့် ပတ်သက်၍ ဆုံးဖြတ်ခဲ့သော စီရင်ချက်အချို့သည် ထုံးပြုရာတွင် ပါဝင်ခဲ့ပေသည်။ ထုံးပြုခဲ့သမျှ ဤစာစုဖြင့် ကျွန်တော်တင်ပြနိုင်ခြင်းမရှိသည်ကို စာရှုသူတို့အား ကြိုတင်၍ တောင်းပန်ရပေမည်။ စာမျက်နှာခွင့်ပြုသမျှကိုသာ ကြိုးစားတင်ပြရပေမည်။

နောက်တိုးတရားခံ လျှောက်ထားခြင်းကို အမှုစစ်တရားရုံး၌ စစ်ဆေးစီရင်မှု စတင်ပြီးနောက်ပိုင်းတွင် ပေါ်ပေါက်ခြင်းဖြစ်ပေသည်။ နောက်တိုးတရားခံအဖြစ် လျှောက်ထားခံရသူသည် တရားရုံးရှေ့ သက်သေခံချက်များအရ ပြစ်မှုကျူးလွန်ကြောင်း လက္ခဏာပေါ်ပေါက်ရန် လိုပေသည်။ စွဲဆိုထားသည့် ပြစ်မှုသည်လည်း ထိုအမှုကြားနာစစ်ဆေးနေသည့် တရားရုံးက အရေးယူပိုင်သည့် ပြစ်မှုဖြစ်ရန် လိုအပ်ပေသည်။ နောက်တိုးတရားခံပြဿနာသည် ယခင်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ အရလား၊ ပုဒ်မ ၃၅၀ အရလား အငြင်းပွားခဲ့ကြသည်။ ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်တရားရုံးချုပ်က အပြီးအပြတ်ဆုံးဖြတ်ပေးခဲ့ပေသည်။ အဆုံးအဖြတ်ပေးခဲ့သော မှုခင်းသည် စိတ်ဝင်စားဖွယ်ကောင်းလှ၏။

တောင်ငူမြို့နယ်တရားရုံးမှ သဒ္ဒေ
တည်ခဲ့သော အမှုဖြစ်သည်။ ဖြူလေး(ခ)
စိုင်းဟာသာ၊ မိပုံ့(ခ)ငြိမ်းငြိမ်းအိ၊ ကျော်
ကျော်နိုင်နှင့် ဒေါ်သန်းသန်းတို့အပေါ် ပြစ်
မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ တရားစွဲ
တင်ပို့သည်။ တရားရုံးက တရားလိုပြ
သက်သေ ၉ ဦး စစ်ပြီးနောက်တွင် တရား
လို သန်းမိုးအောင်က ဒေါ်မိမိခိုင်နှင့် ဘိုတို
တို့ကို နောက်တိုးတရားခံများအဖြစ်
ထည့်သွင်းပေးရန် လျှောက်သည်။ မြို့
နယ်တရားရုံးက ပယ်သည်။

သန်းမိုးအောင်က တောင်ငူခရိုင်
တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းသော်
လည်း ပလပ်ခံရသည်။ မြို့နယ်တရား
က အမှုကို ဆက်လက်စစ်ဆေးပြီး
လေးအပေါ် ပုဒ်မ-၃၂၄၊ မိပုံ့အပေါ် ပု
-၃၂၃၊ ကျော်ကျော်နိုင်နှင့် ဒေါ်သန်း
တို့အပေါ် ပုဒ်မ-၃၂၄/၁၁၄ အရ စွဲချ
တင်သည်။

တရားခံများအပေါ် ထိုသို့ စွဲချ
တင်ခြင်းကိုလည်း သန်းမိုးအောင်
မကျေနပ်၊ တောင်ငူခရိုင်တရားရုံးသို့
ဆင်မှုတင်သွင်းသည်။ ထိုပြင်ဆ
အတွက် တောင်ငူခရိုင်တရားရုံးက
နယ်တရားရုံးအမှုတွဲတောင်းခေါ်သော
မြို့နယ်ရုံး၏ အမှုတွဲသည် နောက်
တရားခံထည့်သွင်းသင့်မသင့် ကြား
အတွက် တရားရုံးချုပ်သို့ ရောက်
သည်။ ဤသို့ဖြင့် စွဲချက်အမိန့်အ
တင်သွင်းခဲ့သည့် ပြင်ဆင်မှုကို ခေ
ထားရလေသည်။

တရားရုံးချုပ်က ဒေါ်မိမိ
ဘိုဘိုတို့အား နောက်တိုးတရား
အဖြစ် ဖြည့်စွက်ထည့်သွင်းစေ
အမိန့်ချမှတ်သည်။ သာမန်အ
တရားရုံးသို့ ခေါ်ယူထားသော မြို့
၏ အမှုတွဲသည် မြို့နယ်တရားရုံး
လည်ရောက်ရှိပါက နောက်တိုး



www.burmeseclassic.com

www.burmeseclassic.com

များ ရုံးရှေ့အရောက် ခေါ်ယူလျက် တရားလို သန်းမိုးအောင်မှ စတင်၍ ပြန်လည်ပြီး အစမှ စတင်စစ်ဆေးရန် ဖြစ်ပေသည်။ သို့သော် ယခုအမှုကား ထိုသို့မဟုတ်။ ခရိုင်တရားရုံးသို့ စွဲချက်အမိန့်အပေါ် မကျေနပ်၍ တင်သွင်းထားသော ခေတ္တပိတ်သိမ်းထားရသည့် ပြင်ဆင်မှု ရှိနေသေးသည်။ တောင်ငူခရိုင်ဥပဒေအရာရှိက တရားရုံးချုပ်မှ အမှုတွဲပြန်လည်ရောက်ရှိသည့်အခါ ခေတ္တပိတ်သိမ်းထားသည့် ပြင်ဆင်မှုကို ပြန်လည်ဖွင့်လှစ်ပေးရန် လျှောက်ထားသည်။

ပဲခူးတိုင်းတရားရုံး(တောင်ငူခရိုင်)ကလည်း ခေတ္တပိတ်သိမ်းထားသည့် ပြင်ဆင်မှုကို ပြန်ဖွင့်ပေးပြီး ကြားနာသည်။ တရားရုံးချုပ်က နောက်တိုးတရားခံ ဖြည့်စွက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားကြောင်း အမိန့်ချမှတ်ထားသည်ဖြစ်၍ စွဲချက်နှင့်ပတ်သက်ပြီး ပြင်ဆင်မှုကို ဆက်လက်သုံးသပ်ရန်မလိုတော့ကြောင်း အမိန့်ချမှတ်သည်။

ထိုသို့ အမိန့်ချမှတ်ခြင်းကို ပဲခူးတိုင်း တရားရုံး(တောင်ငူခရိုင်)က ရှေ့နေချုပ်ရုံးမှတစ်ဆင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု တင်သွင်းသည်။ ဖြူသေးတို့ (၄)ဦး တရားရုံးချုပ်၌ ဆက်လက်အမှုဆိုင်ရပြန်သည်။ ထိုအချိန်အထိ ဒေါ်မိမိခိုင်နှင့် ဘိုဘိုတို့သည် အမှုသည်များအဖြစ် တရားရုံးသို့ မရောက်ကြသေး။ ရှေ့နေချုပ်ရုံးက တရားရုံးချုပ်တွင် ဖြူသေးအပေါ် ပြစ်မှုပုဒ်မ-၃၂၆၊ မိပုံ၊ ဒေါ်သန်းသန်း၊ ကျော်ကျော်နိုင်တို့အပေါ် ပုဒ်မ-၃၂၆/၁၁၄ တို့အရ စွဲချက်တင်စစ်ဆေးစေသည့်အမိန့် ချမှတ်ပေးရန် လျှောက်လဲသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၃၅၁(၂)တွင် အခန်း ၁၈ အရ စုံစမ်းစစ်ဆေးဆဲအခါတွင်ဖြစ်စေ၊ စစ်ဆေးစီရင်မှု စတင်ပြီးနောက်တွင်ဖြစ်စေ ချုပ်ထားခြင်းကို ပြုလုပ်သောအခါ ထိုသူနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စ ဆောင်ရွက်ချက်များကို အသစ်ပြန်လည်ဆောင်ရွက်၍ သက်သေများကို ပြန်လည်ကြားနာရမည်ဟု ပြဋ္ဌာန်းထားသည်။

တရားရုံးချုပ်က နောက်တိုးတရားခံ ဖြည့်စွက်မှုကြောင့် အမှုကို အစမှ ပြန်လည်စစ်ရပေမည်။ မြို့နယ်တရားရုံးက ချမှတ်ထားသော စွဲချက်အမိန့်သည်လည်း အလိုအလျောက် ပျက်ပြယ်ခဲ့ပြီဖြစ်သည်ဟု ညွှန်ပြသည်။ အသစ်တစ်ဖန်ပြန်လည်စစ်ဆေးပေါ်ပေါက်ချက်တို့အရ မြို့နယ်တရားရုံးက စွဲချက်အမိန့် ချမှတ်ရပေဦးမည်။ ပဲခူးတိုင်းတရားရုံး(တောင်ငူခရိုင်)က ချမှတ်ခဲ့သည့် အမိန့်သည် မှားယွင်းမှုမရှိဟု တွေ့မြင်ခဲ့သည်။

ကျွန်တော် အထက်အစဦးပိုင်းတွင် တင်ပြခဲ့သကဲ့သို့ပင် မဟုတ်ပါလော။ တရားလိုပြသက်သေ (၉)ဦး စစ်ပြီးနောက် နောက်တိုးတရားခံ လျှောက်ထားရာ မြို့နယ်နှင့် ခရိုင်တရားရုံးတို့က လက်မခံခဲ့။ တရားရုံးချုပ်ရောက်သည့်အခါမှ အဖြေထွက်ခဲ့သည်။ သို့တိုင် စွဲချက်အမိန့်အပေါ် ခရိုင်ဥပဒေရုံးက ပြန်လည်ဖော်ထုတ်သဖြင့် တရားရုံးချုပ်သို့ တစ်ကျော့ပြန်ရောက်သွားပြန်သည်။

စာရှုသူတို့အား အနည်းငယ် အလုပ်ပေးချင်ပါသည်။ ဤအမှုကို တောင်ငူမြို့နယ်တရားရုံး၏ အမှုအမှတ်-၈၄၆/၁၉၉၂ ဖြင့် မှတ်ပုံတင်စာအုပ်၌ ရေးသွင်းထားပါသည်။ စွဲချက်အမိန့် အပေါ် တရားရုံးချုပ်မှ အပြီးသတ် အမိန့်ချမှတ်ခဲ့သော နေ့ရက်သည် (၂၆-၉-၁၉၉၅)ရက်နေ့ ဖြစ်ပါသည်။ တရားလိုနှင့် သက်သေများကို (၂၆-၉-၁၉၉၅)ရက်နေ့ နောက်ပိုင်းမှ တောင်ငူမြို့နယ်တရားရုံးက ပြန်လည်စတင်စစ်ဆေးနိုင်မည် ဖြစ်ပါသည်။ တရားစွဲအဖွဲ့အစည်းတွင် တာဝန်ရှိသလား၊ မြို့နယ်နှင့် ခရိုင်တရားရုံးတို့တွင် တာဝန်ရှိသလား။ မည်သူ့တွင် တာဝန်ရှိပါသနည်း။ တွေးခြင်းသည် ဦးနှောက်ကို လန်းဆန်းစေပါသည်၊ တွေးကြည့်သင့်ပါသည်။ ဆက်ရန်ဇာတ်လမ်း တစ်ပုဒ် ရှိသေး၏။

ထိုမှုခင်းသည်လည်း ၁၉၉၅ ခုနှစ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်တရားရုံးချုပ်က ၁၉၉၆ ခုနှစ်တွင် စီရင်ထုံးပြုခဲ့ခြင်း ဖြစ်ပေသည်၊ အတွေးအခေါ် အယူအဆတစ်ရပ်အပေါ်တွင် ပြဋ္ဌာန်းဥပဒေတို့အား ထောက်ကူပံ့ပိုးသည့် စီရင်ထုံးများ ပေါ်ပေါက်လာရခြင်းဟု ယူဆမိသည်။

ယခု ကျွန်တော်တင်ပြမည့် မှုခင်းသည် တံတားဦးမြို့နယ်တရားရုံးတွင် ဖြစ်ပေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၀၉ အရ ရဝတစာရေး မောင်မြင့်ဆွေအပေါ် စွဲဆိုသည်။ ဤအမှုသည်လည်း ထူးခြားချက်များ ပါဝင်လျက်ရှိပေသည်။ မှုဖြစ်ကြောင်းခြင်းရာအနေဖြင့် မဝတမှ စီမံကိန်းဝင် ဝါစိုက်ပျိုးသည့် တောင်သူများအား ထုတ်ပေးသော ရေနံဆီ၊ ဖယောင်းတိုင်၊ ဝါစေ့နှင့် ဓာတ်မြေသြဇာများ အလွဲသုံးစားပြုသည်ဆိုကာ ရဲစခန်းက တရားစွဲတင်ပို့မှု ဖြစ်ပေသည်။

မြို့နယ်တရားရုံးတွင် တရားလိုပြသက်သေ(၁)၏ ထွက်ချက်အရ ရဝတဥက္ကဋ္ဌ ဦးညွန့်အောင်ကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းပေးရန် မြို့နယ်ဥပဒေအရာရှိက လျှောက်ထား၏၊ တရားရုံးက ငြင်းပယ်၏။

မြို့နယ်တရားရုံးက နောက်တိုးတရားခံ ထည့်သွင်းပေးရန် ငြင်းပယ်သည့်အမိန့်ကို တရားခံဖြစ်နေသူ ရဝတစာရေး မောင်မြင့်ဆွေက မကျေနပ်၍



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်းတရားရုံး(ကျောက်ဆည်ခရိုင်)သို့ ပြင်ဆင်မှု တင်သွင်းသည်။ မအောင်မြင်၊ တရားရုံးချုပ်သို့ ဆက်လျှောက်၏။

တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့က တရားစွဲအဖွဲ့အစည်းက အမှုတည်ဆောက်စဉ်ကပင် ပြည့်ပြည့်စုံစုံ ဆောင်ရွက်သင့်လျက် မဆောင်ရွက်ခဲ့သော ကိစ္စအား တရားရုံးက တရားစွဲအဖွဲ့အစည်းကိုယ်စား ဝင်ရောက်ဆောင်ရွက်ရန် မသင့်ဟုဆိုကာ နောက်တိုးတရားခံလျှောက်ထားခြင်းကို ငြင်းပယ်ခဲ့ကြခြင်းဖြစ်သည်၊ ထိုသဘောတရားကို တရားရုံးချုပ်က လက်မခံနိုင်ခဲ့။

ဤအမှုတွင် ကျွန်တော်တို့ ဥပဒေပညာမျက်စိအမြင်အရ မြို့နယ်တရားရုံး၏ အမိန့်ကို နိုင်ငံတော်ကိုယ်စား ရှေ့နေချုပ်ရုံးက တင်သွင်းခဲ့ခြင်းမဟုတ်သည်ကို တွေ့ရသည်၊ ရုံးရှေ့တရားခံအဖြစ် ရောက်ရှိနေသူက လျှောက်ထားခြင်း ဖြစ်ပေသည်။ ကျွန်တော်စဉ်းစားတွေးမိသည်မှာ မြို့နယ်ဥပဒေအရာရှိသည် တရားလိုပြသက်သေ၏ ထွက်ချက်အရ မြို့နယ်တရားရုံးသို့ လျှောက်ထားခဲ့သော်လည်း မအောင်မြင်သည်ကို ခရိုင်၊ တိုင်းတရားရုံးချုပ်တို့သို့ ဘာကြောင့်ဆက်လက်လျှောက်ထားခြင်းမပြုပါသလဲ။ တရားခံကိုယ်တိုင်က အဆင့်ဆင့်ပြင်ဆင်မှုများ တင်သွင်းသဖြင့် လက်ရှောင်ခြင်းပေလော။ စသဖြင့်တွေးမိတွေးရာ အပွေးပြောခဲ့မိသည်။

တရားရုံးချုပ်သည် မှုခင်းအမှုတွဲပေါ်ပေါက်ချက်များနှင့် နောက်တိုးတရားခံလျှောက်ထားချက်များအပေါ်၊ ဆုံးဖြတ်ချက်များအပေါ် စိစစ်သုံးသပ်၏။ တရားရုံးများသည် စစ်ဆေးစီရင်ပိုင်ခွင့် ကျင့်သုံးရာတွင် တရားခံတစ်ဦးချင်းအပေါ် အခြေမခံဘဲ ပြစ်မှုတစ်မှုချင်းအပေါ် ကျင့်သုံးခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၁၉၀(၁) အပိုဒ်ခွဲ(က)မှ (ဂ)အထိပါ နည်းလမ်းတစ်ရပ်ရပ်အရ အမှုမစစ်ဆေးမီ ကနဦးအဆင့်တွင်ပင် ထိုပြစ်မှုနှင့် ပတ်သက်ရာရာ တရားခံများ ထပ်မံပေါ်ပေါက်တွေ့ရှိခဲ့ပါက အမှုတွင် နောက်တိုးတရားခံများအဖြစ် ထည့်သွင်းအရေးယူ စစ်ဆေးစီရင်ခွင့်ရှိကြောင်း ညွှန်ပြသည်။

ရုံးရှေ့ သက်သေထွက်ချက်များအရလည်း နောက်တိုးတရားခံများ ထပ်မံထည့်သွင်းစစ်ဆေးရန် အကြောင်းရှိလာသည့်အခါတွင်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၃၅၁ ပြဋ္ဌာန်းချက်ပါ စီရင်ပိုင်ခွင့်ကို ကျင့်သုံးအရေးယူဆောင်ရွက်ခွင့်ရှိကြောင်းလည်း လမ်းညွှန်ခဲ့ပေသည်။

နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးသို့ ရှေ့နေချုပ်ရုံးကိုယ်စား ဥပဒေအရာရှိက သက်သေဦးကျော်မြင့်၊ ဦးလှမြင့်အောင်၊ ဦးခင်မောင်မြင့်တို့၏ ထွက်ဆိုချက်များနှင့် သက်သေခံ(က)နှင့် (ဃ)တို့အရ ရဝတဉက္ကဋ္ဌ ဦးညွန့်အောင်သည် ဝါမျိုးဗေ့၊ ခာတ်မြေသြဇာ၊ ရေနံဆီရောင်းချရငွေများကို မောင်မြင့်ဆွေနှင့်အတူ လက်ခံရယူခဲ့ကြောင်း ပေါ်ပြီး၊ ပူးတွဲတရားခံအဖြစ် ထည့်သွင်းရန် တင်ပြလျှောက်လဲခဲ့သည်။

ဝါမျိုးစေ့၊ ဓာတ်မြေသြဇာ၊ ရေနံဆီတို့ကို ရဝတဉက္ကဋ္ဌနှင့် စာရေးတို့အနက်မည်သူစားသုံးကြသည်ကို တုံတားဦးမြို့နယ်တရားရုံးတွင် အမှုအား ဆက်လက်စစ်ဆေးမှသာ အပြေလျှော်ရှိပေလိမ့်မည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၃၅၁ အရ မူလမှုတွင် ပူးတွဲတရားခံအဖြစ် ထည့်သွင်း၍ အမှုကို အစမှ ပြန်လည်စစ်ဆေးရန် နိုင်ငံတော်တရားရုံးချုပ်က အမိန့်ချမှတ်ညွှန်ကြားခဲ့ပေသည်။

နောက်တိုးတရားခံအဖြစ် ထည့်သွင်းခြင်းသည် အပြစ်ပေးခြင်းမဟုတ်ပေ။ စွဲဆိုသည့်မှုခင်းနှင့် ဆက်နွယ်ပတ်သက်နေသည့်အတွက် အမှုတစ်မှုတည်းတွင် ဖြေရှင်းစေခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် တရားလိုနှင့် တရားလိုပြသက်သေများ မိမိ၏ရှေ့မှောက် တရားရုံးတော်ရှေ့တွင် ထွက်ဆိုချက်ပေးကြပေမည်။ ထိုအခါ မိမိနှင့်သက်ဆိုင်သမျှ ပြန်လှန်မေးခွန်းများ မေးမြန်းခြင်းဖြင့် ခုခံနိုင်ခွင့်ရပေသည်။ အမှုစစ်ရုံးအနေဖြင့် စွဲချက်တင်ဖြေရှင်းစေလောက်သည့် အခြေအနေမပေါ်ပေါက်ပါက တရားရှင်လွှတ်သည့်အမိန့် ချမှတ်ပေမည်။

ကျွန်တော်သည် လက်လှမ်းမီသမျှ ဥပဒေအကိုးအကား စီရင်ထုံးများဖြင့် နောက်တိုးတရားခံပြဿနာနှင့် ပတ်သက်၍ တင်ပြခဲ့ပါ၏။ တရားဥပဒေနှင့်အညီ နေထိုင်သူတို့အတွက် တရားဥပဒေအကွယ်အကာ ရခွင့်ရှိ၏။ တရားဥပဒေအကျိုးဖောက်သူတို့သည်လည်း တရားဥပဒေ၏ အဆုံးအမကို လက်ခံရမည်ဖြစ်၏။ သို့မှသာ မျှတပေမည်။ နောက်တိုးတရားခံဘဝ ကင်းလွတ်ရေးကား မိမိတို့၏ ခြေလှမ်းများအပေါ်၌သာ တည်လျက်ရှိနေကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

ကိုးကား

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- တရားရုံးများလက်စွဲ
- ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ဖြူလေး(ခ)ဟသာပါ(၄) (၁၉၉၅–မတစ–၇၉)
- မောင်မြင့်ဆွေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ–၂ (၁၉၉၆–မတစ–၁၈၉)

www.burmeseclassic.com

www.burmeseclassic.com

တရားခွင်မရောက်သော မှုခင်းများ

# လူ့နတ်ချမ်းသာ သာစုခေါ်ပါသည်ခင်ဗျား

အောင်မြတ်ဦး

(၁)

ဘဝဆိုသည်မှာ ရွှေလျှားခြင်းဟု ပြောလျှင် ရသည်။ ငြိမ်သက်နေခြင်းဟု ဆိုနိုင်။ ငြိမ်သက်ခြင်းလည်းမဟုတ်။ နေ့ကနှင့် ဒီနေ့ မတူ။ ကျွန်တော့်ဘဝကို ကျွန်တော် ပြန်ငဲ့ကြည့်မိသည်။ အရင်က ကျွန်တော် ဒီလိုမဟုတ်။ နိုင်ငံ့ဝန်ထမ်း။ တပ်မတော်သား။ သေနတ်ကို ရင်ဝယ် ပိုက်ကာ တောအထပ်ထပ်၊ တောင် အသွယ်သွယ်ကို ဖြတ်ခဲ့ရသည်။

ဘဝမျိုးစုံကို ရင်ဆိုင်ရသည်။

အတွေ့အကြုံမျိုးစုံကို ကြုံတွေ့ရ သည်။

အကောင်းရှိသလို အဆိုးရှိသည်။ အလင်းရှိသလို အမှောင်ရှိသည်။ တချို့ကို သတိမရတော့၊ တချို့ကို မှတ်မှတ်ရရ ရှိနေသည်။ ကျွန်တော့်ဘဝတွင် အားရ ရောမျှားရှိသလို၊ ရင်မောစရာ၊ အားမရ ခေါင်းများစွာလည်းရှိသည်။ ပြီးတော့ ကျွန်တော် မြန်မာပြည်မြောက်ဖျားသို့ ရောက်ခဲ့သည်။ မြစ်ကြီးနား၊ ချီဖွေ၊ လော ခေါင်ဘက်သို့ ရောက်သည်။

မိုးညှင်း၊ မိုးကောင်း၊ ရထားလမ်း ရိုးသို့ ရောက်သည်။ ကဒူး၊ ကနန်းခေါ် ရှေးမြန်မာကြီးများနှင့် တွေ့သည်။ စစ်မှန် ဆန်းကြယ်သော မြန်မာကလေးများကို တွေ့ရသည်။

* * *

(၂)

ဦးဇင်းသည် အသက်(၆၀)ရှိပြီ။ ဦးဇင်းသည် တောင့်တင်းခိုင်ခန့်သည့် အသွင်ရှိသည်။ မေးရိုးကားပြီး မျက်လုံး တောက်သည်၊ သန်မာသည်။ အင်္ကျီချွတ် ပြီး ခါးတောင်းကျိုက်လိုက်လျှင် ထိုးကွင်း မင်ကြောင်နှင့် အလွန်ကြည့်ကောင်း သည်။ ဦးဇင်းသည် ကဒူးကနန်းလူမျိုး ဖြစ်သည်။ တပ်မတော်ကို စိတ်ပါလက်ပါ ကူညီသူဖြစ်သည်။ ကျွန်တော်နှင့် လွန်စွာ ရင်းနှီးသည်။

တစ်နေ့ နန်စီးအောင်ချောင်းနံဘေး ရှိ ရွာကလေးတစ်ရွာသို့ အရောက် ဦးဇင်း က "ဆရာမြင့်နောင် နတ်ကိုယုံလား"ဟု ကျွန်တော့်ကိုမေးသည်။

"ဘာဖြစ်လို့လဲ ဦးဇင်း"

"ဘာမှ မဖြစ်ပါဘူး။ ဆရာ့ကို ကျွန်တော် လူတစ်ယောက်နဲ့ တွေ့ပေးချင် လို့ပါ"

"တွေ့ပေးလို့ ဘာထူးမှာမို့လို့လဲ"

"ဆရာ တပ်ကထွက်ရင် စာရေး မယ်ဆိုတော့ ဗဟုသုတလေးရအောင်လို့ ပါ။ နတ်အကြောင်း သိကောင်းစရာလေ"

"လုပ်လိုက်လေ ဦးဇင်း

ကျွန်တော်တို့ ပြုံးလိုက်သည်။ ယို့ နောက် ကျွန်တော်နှင့် ဦးဇင်းတို့ ထုံးစံ အတိုင်း ရွာအနောက်ဘက်သို့ ချီတက်ခဲ့ သည်။ အရက်တစ်ခွက်တစ်ဖလား မော့ ကြသည်။ ကျွန်တော်က အရက်သောက် ရင်း -

"နေပါဦး ဦးဇင်းရဲ့။ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား နတ်အကြောင်းတွေ ပြော ရတာလဲ"

ဟု မေးလိုက်ရာ ဦးဖင်းက အရက်ကို မော့သောက်လိုက်ပြီး -

"ထူးဆန်းတဲ့ နတ်ဆရာတစ်ဦးနဲ့ ဆရာ့ကို တွေ့ပေးချင်လို့ပါ"

ဟု ပြောသည်။ ကျွန်တော်က -

"ဒီဆရာက လူနတ်ချမ်းသာ နတ်ဆရာလား"

ဟု မေးရာ ဦးခေါင်းခါသည်။

"သူက ထူးခြားတဲ့ နတ်ဆရာတစ်ဦးပဲ ဆရာမြင့်နောင်ရဲ့။ သူ့ကို လူအများကတော့ ခေါင်းဆွဲလို့ ပြောကြတယ်"

"သူက ဘယ်လိုထူးခြားလို့လဲ"

"ထူးတာတော့ အများကြီးပဲဆရာ"

ကျွန်တော်က လက်ကျန်အရက်ကို မော့သောက်လိုက်ပြီး -

"ဘာတွေထူးတာလဲဗျ"

ဟု မေးလိုက်သည်။

"ထူးတာတော့ အရမ်းပဲဆရာ မြင့်နောင်ရဲ့။ ကျွန်တော် မပြောတတ်ဘူး။ နတ်ဝင်နေတုန်း သူ့ကို ဓားနဲ့ခုတ်တာ ဘာမှမဖြစ်ဘူး"

"ဟုတ်လား။ ဒါဆို အံ့သြစရာပေါ့"

"ဟုတ်တယ်။ အံ့သြစရာပေါ့"

"ဟုတ်တယ်၊ အံ့သြစရာပဲ။ ဒါကြောင့် ဆရာ့ကို တွေ့ပေးချင်တာ"

"ကောင်းပြီလေ။ တွေ့တာပေါ့။ စမ်းကြည့်တာပေါ့"

တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်လိုက်သည်။ ပြီးတော့ အရက်လက်ကျန်ကို အတွဲညီညီ ဖြိုကြသည်။

* * *

(၃)

နတ်နှင့်ပတ်သက်၍ အဖန်ဖန် အကြိမ်ကြိမ် ကြားဖူးသည်။ နတ်ကိုမူ ကျွန်တော်မတွေ့ဖူး။ ကျွန်တော့်အဘွားက နတ်နှင့်ပတ်သက်၍ ပြောဖူးတာ ရှိပါသည်။

"ဟဲ့ ... နတ်ဆိုတာ မရှိဘူးလို့ ပြောလို့မရဘူး။ တို့ရဲ့ သုံးလူ့ထွတ်ထား မြတ်စွာဘုရားကိုယ်တိုင်က ဟာလိနတ်စာ ကျွေးရတယ်လို့ မိန့်ကြားဖူးတယ်။ ပြီးတော့ ပုဂံမှာ နတ်လှောင်ကျောင်းဆိုတာ ရှိနေတာ၊ 'နတ်လိုမှ ဂြိုဟ်မ' ဆိုတဲ့စကား ရှိနေတာကိုက နတ်ရှိနေတယ်ဆိုတာ ထင်ရှားတယ်။ တကယ်တော့ နတ်ဆိုတာက သူ့ဘာသာသူနေတာ။ လူကိုလည်း ကူညီတာ။ ခက်တာက လူတွေ"

ဒါက အဘွားပြောသည့် စကားများ။ အဘွားသည် ဘုရားကို ကိုးကွယ်သလို၊ နတ်လည်း ကိုးကွယ်သည်။ သို့သော် အဘွားသည် နတ်ဝင်သည်ခေါ် နတ်ကတော်များကိုမူ ယုံကြည်ကိုးစားခြင်းမပြု။ ကိုယ်တိုင် နတ်ကို ကိုးကွယ်ဖော်သည်၊ နတ်ကို နှိမ်ချပစ်ပယ်ခြင်းမပြု။

ကျွန်တော်သည် အဘွားလက်ပေါ်တွင် ကြီးခဲ့သူဖြစ်သောကြောင့် အဘွားစိတ်ရှိသည်။ နတ်ကို မယုံကြည်ခြင်းမရှိသော်လည်း ဦးဖင်းပြောသည့် နတ်ဝင်သည်ကိုမူ စမ်းသပ်လိုစိတ်ရှိသည်။

ထို့ကြောင့် ကျွန်တော်သည် အရက်ထွေထွေနှင့် ဦးဖင်းခေါ်ရာနောက်သို့ လိုက်ခဲ့သည်။

"ရှေ့ကအိမ်ပဲ"

ရွာအနောက်ဘက်သို့ ရောက်လျှင် အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြသည်။ ကျွန်တော်က ပြုံးပြီး ဦးဖင်းနှင့်အတူ အိမ်ထဲဝင်ခဲ့သည်။ အိမ်က ခပ်ကုပ်ကုပ်။ အိမ်ထဲတွင်လည်း ပစ္စည်းပစ္စယ မည်မည်ရရ မရှိ။ အိမ်က ခပ်ရှည်ရှည်။ အိမ်အလယ်တွင် မီးဖိုတစ်ဖို ဖိုထားသည်။

မီးပုံဘေးတွင် အသက်(၆၀)လောက် ရှိမည်ဟု ခန့်မှန်းရသည့် လူကြီးတစ်ဦးနှင့် လူသုံးလေးဦး ထိုင်နေသည်။ ကျွန်လူများ ထိုလူကြီးနံဘေးတွင် ခပ်ယို့ယို့ ထိုင်နေသည်။

ကျွန်တော်တို့ ထိုင်လိုက်သည်။

ထိုစဉ် မီးပုံဘေးမှ လူကြီးက မျက်ထောင့်နီကြီးနှင့် ကျွန်တော့်ကို စေ့ခနဲ ကြည့်လိုက်ပြီး -

"ညီဘွား ... ညီဘွားက ကျုပ်နဲ့ အလောင်းအစားလုပ်ဖို့ ရောက်လာတာ မဟုတ်လား"

ဟု မေးလိုက်သံကြောင့် ကျွန်တော်အံ့သြသွားရသည်။ ကျွန်တော်တို့၏ ဆန္ဒကို ကြိုသိနေခြင်းသည် ထူးဆန်းမှုတစ်မျိုးဟု ကျွန်တော်နားလည်လိုက်၏။ ကျွန်တော်ပြုံးလိုက်သည်။

"ကိုကြီးကလည်း ... ညီဘွားနဲ့ အလောင်းအစားလုပ်ဖို့ အဆင်သင့်ပဲလား"

"အဆင်သင့်ပဲ ညီဘွား။ ညီဘွား စမ်းသပ်ဖို့ ကိုကြီးအဆင်သင့်ရှိနေတယ်လေ"

"ကောင်းတာပေါ့ ကိုကြီး"

ကျွန်တော်က ပြုံးလိုက်သည်။ ထိုစဉ် နတ်ဝင်သည် ပုဂ္ဂိုလ်ကြီးက သူ့ဘေးနားတွင် ချထားသည့်ဓားကို ယူလိုက်သည်။ ငှက်ကြီးတောင်ဓားမဟုတ်၊ ကချင်ဓား။ သူက ဓားကိုဆွဲယူလိုက်ပြီး အနီးတွင်ရှိနေသည့် ဝါးစိမ်းတစ်ခုကို ဆွဲယူလိုက်ပြီး ခုတ်လိုက်ရာ တိခနဲပြတ်သွားသည်။ ကျွန်တော်ငေးကြည့်နေဆဲ ...

"ရော့ ... ညီဘွား။ ဟောဒီဓားနဲ့ ကိုကြီးကိုခုတ်"

ဟုပြောလျက် လက်တစ်ဖက်က ဓားကို ကမ်းပေးပြီး၊ လက်တစ်ဖက်က ဆန့်တန်းပေးလိုက်သည်။ ကျွန်တော် တည်ငြိမ်စွာပြုံးလိုက်ပြီးနောက် ဓားကိုဆွဲယူလိုက်သလို သူ့ဓားနှင့် သူဆန့်တန်းပေးသည့် လက်တစ်ဖက်ကို ခုတ်ချလိုက်သည်။

"ခုတ်"

ဓားခုန်တက်သွားသည်။ ကျ...



www.burmeseclassic.com

www.burmeseclassic.com

တော့်ရင်ထဲတွင်လည်း လွှန့်စွာအံ့သြသွားပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ခုတ်ချက် မှန်သော်လည်း သူ့လက်ကို ကျွန်တော်ခုတ်လိုက်သော ခုတ်ချက်သည် သားရေတုံးတစ်တုံးကို ခုတ်လိုက်ရသလို လက်ပြတ်သွားမည်၊ သွေးတွေပန်းထွက်လာမည် ထင်သော်လည်း ကျွန်တော်ထင်သလို တစ်ခုမှ မဖြစ်။

"ဟား ... ဟား ... ဟား"

သူရယ်လိုက်သည်။ ပြီးတော့ သူက ပြောသည်။

"ဘယ့်နှယ့် ညီဘွား။ မင်းရှုံးပြီမဟုတ်လား"

ကျွန်တော် ငွေ့ခနဲ ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်ရှုံးပါတယ်"

ဟု ပြောလိုက်သည်။ ပြီးမှ ...

"ကျွန်တော်ရှုံးတဲ့အတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မလိုပါဘူးကွာ။ လောကမှာ အစစ်တွေရှိသလို၊ အတုတွေ ရှိနေတယ်ဆိုတာ မှတ်ထားပါ။ အမြဲတမ်း အတုမဖြစ်နေသလို၊ အမြဲတမ်းလည်း အစစ်ဖြစ်မနေဘူး ညီဘွား"

ကျွန်တော် ဘာမှ မပြော။ ကျွန်တော့်ဘေးတွင် ရှိနေသော လက်မောင်းလုံးခန့် သစ်သားတစ်တုံးကို အားပါးတရ ခုတ်လိုက်ရာ တိခနဲ ပြတ်သွားလေသည်။

* * *

(၄)

ကျွန်တော်တပ်မှထွက်ပြီး ဘဝမျိုးစုံ ကျင်လည်ခဲ့သည်။ မုန့်တိုက်လုပ်သား၊ လမ်းဘေးစာအုပ်သည်၊ စာအုပ်တိုက်လုပ်သား၊ စာပြင်ဆရာ၊ မဂ္ဂဇင်းအယ်ဒီတာ၊ သတင်းထောက်စာရေးဆရာ၊ သုခ၊ ဒုက္ခပေါင်းများစွာကို ကျွန်တော် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

၁၉၇၀ ခုနှစ်တွင် ကျွန်တော်အိမ်ထောင်ကျသည်။ ဇနီးသည်က ပါတီဌာနဝန်ထမ်းဖြစ်သည်။ တစ်ခုရှိသည်က ဇနီးသည်သည် အနုပညာသည်။ သီချင်းဆိုသည်။ ပြီးတော့ မိရိုးဖလာ ဗုဒ္ဓဘာသာတစ်ဦးဖြစ်သလို နတ်ကိုးကွယ်သည်။ ကျွန်တော်ကမူမဆန့်ကျင်သလို၊ မလိုက်လျော။

"နတ်ဆိုတာ ဗုဒ္ဓကိုယ်တိုင်က ရှိတယ်လို့ ဟောခဲ့တာမို့ မောင် မဆန့်ကျင်ဘူး။ ဒါပေမဲ့ နတ်ကတော်ကိုတော့ မယုံကြည်ဘူး အေး"

ဟု သဘောထား ဖွင့်ဟပြောခဲ့သည်။

"မောင်ရယ်၊ အေးလည်း ခေတ်ပညာတတ်တစ်ယောက်ပါ"

သို့သော် မိန်းမဆိုသည်မှာ မိန်းမပဲဖြစ်သည်။ မိန်းမသည် အသည်းနုသူဖြစ်သလို၊ အတွေးအခေါ်တိမ်တတ်သည်။ စီးပွားရေး၊ ကြီးပွားရေး အခြေအနေ ကတိမ်းကပါး ဖြစ်လာပြီဆိုလျှင် အတွေးအခေါ် ယိုယွင်းတတ်သည်။ ပြောရလျှင် ယခုနှစ်အတွင်း ကျွန်တော်၏ စီးပွားရေး အခြေအနေ ယိုယွင်းလာခဲ့သည်။ ပြင်ပအလုပ်များကို လုံးဝလက်လွှတ်ပြီး စာရေးခြင်းတစ်ခုတည်းတွင် လျှောက်လှမ်းသော ကျွန်တော့်ဘဝသည် နိုင်မာမှု မဲ့လာ၏။ ဝင်ငွေမမှန်တော့။

သည်ကြားထဲ ... ကျွန်တော် အသောက်များလာသည်။ အရက်ဆိုသည်ကလည်း များလာလျှင် စဉ်းစားဉာဏ် နည်းလာသည်။ အရက်နှင့် မပြေလည်မှု ရောလာသောအခါ ဒေါသပါလာသည်၊ ထိုအခါ ကျွန်တော့်ကို ချဉ်သူ၊ ကြဉ်သူ များလာသည်။

သည်အခါ အယ်ဒီတာနှင့် ကျွန်တော့်အကြား ထုတ်ဝေသူနှင့် ကျွန်တော့်အကြားတွင် နားလည်မှု လွဲလာပြီး စီးပွားရေး ဆုတ်ကပ်ကို ကျွန်တော်ခံစားရပြီ။

ဒါ ဘာကြောင့်ဖြစ်သည်ကို ကျွန်တော် သိလိုသည်။

သို့သော် ... ဇနီးကမူ။

* * *

(၅)

"မင်းစဉ်းစား မြင့်နောင်။ အရာရာကို တစ်ဖက်တည်း မမြင်နဲ့၊ မကြည့်နဲ့။ သူ့မှာလည်း သူ့အကြောင်းနဲ့ကွ"

မိုးတင်ဆွေက ပြောသည်။ မှန်သည်၊ ပြောမယ်ဆိုလည်း ပြောစရာ။ ဒီကနေ့ပဲ ကျွန်တော် ထုတ်ဝေသူတစ်ဦးနှင့် ပြဿနာဖြစ်သည်။ ပြဿနာကလည်း အခြားမဟုတ်။ ကျွန်တော့်စာအုပ်ထုတ်ဝေသည့် ထုတ်ဝေသူက လဆန်းက စာမူခတစ်ဝက်ပေးသည်။ ကျန်ငွေအားလုံး စာမူအပ်သည့် လကုန်ရက်တွင် အပြီးချေမည်ဟု ပြောပြီးသား။ ဖြစ်ချင်တော့ သားက နေမကောင်းဖြစ်သည်။ ဆရာဝန်ပြရသည်။ ထို့ကြောင့် မနက်က ထုတ်ဝေသူဆီ ငွေသွားတောင်းသည်။

"ကိုမြင့်နောင်၊ ကျွန်တော်လည်း ငွေက မလွယ်ဘူး"

"ဒါတော့ ဒါပေါ့ဗျာ။ ခု သားက နေမကောင်းနေဘူးလေ။ ပြီးတော့ လကုန်ရင် ခင်ဗျားငွေ ပေးမှာပဲ။ ခု လကုန်ဖို့ကလည်း ငါးရက်လောက် လိုတော့တာ။ ကပ်မနေပါနဲ့ဗျာ"

"ဟာ ... ခက်တော့တာပဲ။ ကျွန်တော်ကပ်နေတာမဟုတ်ဘူး။ တကယ်မရှိတာပါ"

"ဒါဆို ကျုပ်ကလေး အသေခံရမှာလား"

"ဟာ ... ဒီလိုမပြောနဲ့လေဗျာ။ ကျွန်တော်မရှိလို့ ပြောနေတာ"

"ဒါဆို ရှာပေါ့ဗျာ။ ကျုပ်ငွေလိုနေပြီ"

"ကျွန်တော်လည်း မပြောတတ်တော့ဘူး ကိုမြင့်နောင်"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ထုတ်ဝေသူတွေက ဒီအတိုင်းပဲ။ စာရေးဆရာနဲ့ လုပ်စားနေပေမဲ့ စာရေးဆရာကို စေတနာမထားဘူး။ တော်ပြီဗျာ။ ခင်ဗျားနဲ့ ဒီတစ်အုပ်ပဲ။ နောက်မလုပ်တော့ဘူး"

"ဒါကတော့ ခင်ဗျားသဘောပဲ ကိုမြင့်နောင်"

ကျွန်တော်မကျေနပ်။ နောက် သူနဲ့ မလုပ်တော့ဟု ကျွန်တော်ဆုံးဖြတ်လိုက်သည်။ ထိုအကြောင်းကို ကျွန်တော်မှူးမှူးနှင့် ဦးတင်ဆွေကို ရင်ဖွင့်ပြသည်။ ဦးတင်ဆွေက ပြုံးသည်။

"တကယ်တော့ ငွေရှိသူကြေမှာလည်း ငွေလိုအပ်မှုဆိုတာ ရှိတာပဲ ကိုမြင့်နောင်။ ငါ သိသလောက်တော့ မောင်စိုးမြင့်ဟာ ဒီလောက်မရိုင်းဘူး"

ကျွန်တော်ဘာမှ မပြောတော့။ စိတ်ညစ်ညစ်နှင့် အရက်သပ်သောက်ပြီး အိမ်ပြန်ခဲ့သည်။ ကျွန်တော်အိမ်ရောက်တော့ အတော်အာရုံနောက်သွားသည်။ ကျွန်တော်အိမ်သို့အရောက် အိမ်တွင်းမှ အသံတစ်ခုက ကျွန်တော့်ကို ဆီးကြိုနေပြီလေ။

"ဒီက နှမတော်ကြီးရဲ့ ခင်ပွန်းဟာ ဝို့များကို မေ့လျော့နေတယ်။ တို့များကို စော်ကားမော်ကား ပြုနေတာ။ ဒါကြောင့် ခုလို အရာရာအဆင်မပြေအောင် ငါတို့ လုပ်ထားတာကွ"

အသံက သုံးပိုင်းနှစ်ပိုင်းအသံဟု သိလိုက်ရသည်။ မိန်းမလျာတစ်ဦးရောက်နေပြီဟု သိလိုက်ရသည်။ ဟုတ်သည်။ ကိုယ်လှုပ်လက်လှုပ်နှင့် ကျွန်တော်ကြည့်လိုက်တော့ ဇနီးသည်က လက်အုပ်ချီပြီး

"ကိုယ်တော်ကြီးရယ်၊ နှမတော်ရဲ့ ခင်ပွန်း အမိုက်အမဲကို ခွင့်လွှတ်ပါ။ ကိုယ်တော်ကြီးတို့ အလိုမကျတာ၊ နှမတော်ရဲ့ ခင်ပွန်းသည်မှာ ရှိနေရင် နှမတော် ကိုယ်တော်ကြီးကျေနပ်အောင် လုပ်ပေးပါ့မယ်"

ဟု ပြောနေသည်။ ကျွန်တော်မခံနိုင်တော့။ ကျွန်တော် လျင်မြန်စွာ အိမ်ပေါ်သို့ လှမ်းအော်လိုက်သည်။

"ဘာတွေ တောင်းပန်နေတာလဲ အေး။ ဒါတွေက ဘာတွေလဲ"

ကျွန်တော်သိလျက်နှင့် မေးလိုက်သည်။

"ဟဲ့ ... ညီဘွားရဲ့။ မင်း တို့ကို မသိဘူးလားကွ။ ကျော်လေးကျော်မှာ တစ်ကျော်လို့ခေါ်တဲ့ ပခန်းကိုကြီးကျော်လေကွာ"

"ဩော် ... ပခန်းကိုကြီးကျော်ကဲ့လား"

ကျွန်တော်က ပြောရင်း အေးအနား ဝင်ထိုင်လိုက်သည်။ အေးက ပျာပျာသလဲ

"မောင် ဒီလိုမပြောရဘူးလေ"

ဟု ကျွန်တော့်ကိုပြောရင်း

"ကိုယ်တော်ကြီးရယ်၊ နှမတော် ခင်ပွန်း အမိုက်အမဲကို ဗွေမယူပါနဲ့"

ဟု တောင်းပန်၏။ ကျွန်တော်က ပြုံးပြီး ...

"ကိုကြီးကျော်ဆိုရင်တော့ ညီဘွား အလောင်းအစား လုပ်ရဦးမှာပေါ့"

"ဘယ်လို အလောင်းအစားဆို ဘာပြော ညီဘွား"

ကျွန်တော်က ဘာမှမပြော၊ ရုတ်တရက် ထလိုက်သည်။ အနည်းငယ် အသောက်များသဖြင့် ကျွန်တော်ယိုင်သွားသည်။ သို့သော် ကျွန်တော် ထိန်းလိုက်ပြီး ကိုယ်ကိုမတ်ကာ နံရံမှဓားကို ဆတ်ခနဲဆွဲယူလိုက်ပြီး ဓားအိမ်မှ ဓားကို ဆွဲထုတ်လိုက်သည်။

ထိုစဉ် နတ်ကတော် နှစ်ပိုင်းတစ်ပိုင်းထံမှ ဝါးခနဲ သမ်းဝေသံ ကြားလိုက်ရသည်။ ကျွန်တော် ဓားကို ကျစ်ကျစ်ပါအောင်ကိုင်ပြီး ကြည့်လိုက်ရာ နတ်ကတော် နှစ်ပိုင်းတစ်ပိုင်းသည် ထိတ်ထိတ်ပျာပျာနှင့် ...

"ဘာ ... ဘာဖြစ်တာလဲ ... သူ ... သူ"

"တော် ... မပြောနဲ့ လူလိမ်တွေ[...] သူ့ဘာသာသူနေတဲ့ ရိုးရာနတ်တွေကို[...] အကြောင်းပြပြီး ယုံကြည်မှုကြီးသူတွေကို[...] လိမ်စားနေတဲ့ အလကားလူတွေ။ အ[...] အိမ်ပေါ်က ဆင်းသွား။ ကြာရင် အချ[...] ထဲရောက်သွားလိမ့်မယ်။ အလကားဟာ[...] တွေ၊ လူလိမ်တွေ"

နတ်ကတော် နှစ်ပိုင်းတစ်ပိုင်[...] ကသောကမျော ပြေးဆင်းသွားသ[...] အေးက ကျွန်တော့်ကို ကြည့်လိုက်သ[...]

"မောင်ရယ် ... စိတ်ထိန်းပါ"

ဟု ပြော၏။

"အေး ... စိတ်ထိန်းနေလို့[...] နို့မို့ရင် ဒီ ယောက်ျားမဟုတ်၊ မိန်[...] မဟုတ် သေပြီ၊ မင်းတို့ကလည်းလေ[...] ကိုယ်စီးပွားရေး အဆင်မပြေတာကို ကို[...] ဘာသာ မဆန်းစစ်ဘူး။ နတ်ကို အ[...] ပြစ်တင်နေတဲ့ လူတွေကို အားကိုးတ[...] ဒီကောင်တွေက လူလိမ်တွေ။ မျက်[...] ဆိုက်လေ ဆရာကြိုက်လေ အစားထဲ[...] ဟာတွေ။ ဘာနတ်ကမှ ပြောတာမဟု[...] ဘူး။ သူ့ဘာသာပြောတာ။ သူတို့ပြော[...] တချို့နတ်တွေဆို ကျတ်တန်းတောင် [...] ကုန်ရော့မယ်။ ဘယ်သူ့မပြု မိမိမှုတဲ့[...] မင်းမှတ်ထား။ တို့စီးပွားရေး အဆင်[...] တာ တို့ညံ့လို့၊ အားအားယားယား အ[...] နတ်ကမှ မဖမ်းစားဘူး။ ဒီလိုဟာ[...] ကြောင့် နတ်တွေလည်း နာမည်ပျက်[...] ပြီ၊ လူသာဆို အသရေဖျက်မှုနဲ့ တ[...] မှာ မုချပဲ၊ ဟင်း ... မပြောချင်ဘူး[...]"

အေးက သက်ပြင်းရှိုက်သည်[...]

ကျွန်တော်က ဓားကို ဓားအိမ်[...] ပြန်ထည့်လိုက်ပြီး စီးကရက်တစ်လိ[...] မီးညှိလိုက်သည်။

"လူနတ်ချမ်းသာ သာရ[...] သည်ခင်ဗျား"

အောင်မြ[...]



www.burmeseclassic.com

www.burmeseclassic.com



# စေတနာပါသော ဆောင်ပုဒ်နှင့်လူ

■ ကိုမောင်သန်းဝင်း

မိတ်ဆွေကြီး ကိုဝင်းမြင့်သည် ရုပ်စက ဂျင်ခြေလည်သူတစ်ယောက်ဟု ဆိုနိုင်သည်။ နယ်ပေါင်းလည်းစုံ၊ လူပေါင်းလည်း ဆုံသည်။ စာတိုငည်ပြုဟု ခေါ်ရလောက်အောင်လည်း ဗဟုသုတစုံသည်။ သူမလုပ်မကိုင်ဖူးသော အလုပ်ဟူ၍ မရှိသလောက်ပင် ဖြစ်သည် သို့သော် သူလုပ်ခဲ့သည်ဆိုသော အလုပ်များကား ဘုရားမကြိုက်၊ နတ်မကြိုက်သော အလုပ်များပင်တည်း။

သူသည် အရက်ကို အလွန်ကြိုက်သူဖြစ်သည်။ "ကျုပ်က အရက်ကိုကြိုက်တာမဟုတ်ဘူး၊ ချစ်တာ"ဟု ဆိုလေ့ရှိသည်။

တစ်နေ့သောအခါ အနီးမိတ်ဆွေကြီး ကိုဝင်းမြင့်သည် ကျွန်တော်သဲရောင်းလူကောင်းဖြစ်ချင်တယ်ဟု ဆိုလာသည်။ အရင်းအနှီးနည်းနည်းနဲ့ ကောင်းရောင်းကောင်းဝယ် အလုပ်တစ်ခု လုပ်မည်ဟု ဆိုကာ စာရေးသူထံ ငွေကျပ်ငါးထောင် ချေးသည်။ ချေးငွေငါးထောင်ကို နှစ်ပတ်အတွင်း(သူ့ကတိအတိုင်း) ပြန်ဆပ်သည်။

သူဘာတွေလုပ်နေသလဲ၊ ကောင်းရောင်းကောင်းဝယ်လုပ်နေသည်ဟုတော့ သိပ်မထင်။ အမှန်အတိုင်းဝန်ခံရလျှင် စာရေးသူသည် သူ့အပေါ် ယုံယုံရဲရဲ အဖြစ်သေး။

သို့သော် ယုံချင်စရာ မြင်ကွင်းတစ်ခုကို ကြုံတွေ့လိုက်ရပါ၏။ မိတ်ဆွေကြီး ကိုဝင်းမြင့်သည် ပန်းဆိုးတန်း ပလက်ဖောင်းပေါ်၌ စက္ကူဖြူချပ်လေးများပေါ်တွင် အနီ၊ အဝါ၊ အပြာ ရောင်စုံပါသော 'ဆောင်ပုဒ်'လေးများကို ရေးဆွဲနေသည့် မြင်ကွင်း။ လူအချို့ ဝိုင်းအုံကြည့်နေကြသည်။ အရောင်းလည်းသွက်မည် ထင်သည်။

လူတွေအကြားမှ မှတ်မှတ်ရရ တွေ့မြင်လိုက်ရသော သူရေးထားသည့် ဆောင်ပုဒ်တစ်ခု။ "သင်အရက်သောက်ခြင်းဖြင့် သင့်မိသားစု ထမင်းမဝနိုင်"

ကောင်းလေစွ။ သူသည် အရက်၏ ဆိုးပြစ်ကို သိသွားဟန်တူသည်။ တစ်ပါးသူအတွက်လည်း အရက်၏ မကောင်းကျိုးကို မသက်ရောက်စေလိုသည့် သဘောပါ စာတန်းလေးတွေဖြင့် ရိုးသားစွာ စီးပွားရှာနေပါကလား။ ဒုတိယမ္ပိ ကောင်းလေစွဟု စိတ်အတွင်းမှ ချီးမွမ်းထောပနာပြုမိသည်။

သူ့အလုပ်အား အနှောင့်အယှက်မဖြစ်စေလိုသဖြင့် သူ့ကိုပင် နှုတ်မဆက်တော့ဘဲ ဆူးလေဘက်သို့ ခြေဦးတည့်လျှောက်လာမိသည်။

အမှတ်မထင် သူငယ်ချင်းကျော်စိန်နှင့် တွေ့လိုက်ရသည်။ စာရေးသူမှ မိတ်ဆွေကြီး ကိုဝင်းမြင့်နှင့်ပတ်သက်၍ ဘဝင်ကျဖွယ်ရာမြင်ကွင်းကို ပြောပြရာ သူငသည် ဝါးနေသော ကွမ်းများပင် သီးမလိုဖြစ်သွားသည်။ ပြီးမှ ရယ်ကျဲကျဲဖြင့်ပြောသည်။

သူ့ပြောစကားသည်ကား မိတ်ဆွေကြီးကိုဝင်းမြင့်သည် "သင်အရက်သောက်ခြင်းဖြင့် သင့်မိသားစု ထမင်းမဝနိုင်"ဆိုသော ဆောင်ပုဒ်လေးတွေရောင်းပြီး အရင်းကိုချန်လို့ အမြတ်ကို အရက်သောက်နေပါသတဲ့ဟူ၍ . . . ။

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အခန်းဆက်ဝတ္ထုရှည်

# တန်းဖြူဂျင်

(ယခင်လမှ အဆက်)

နောက်တစ်နေ့ ညနေတွင် ပေါက်ဆိန်နှင့် တင်ငွေတို့လမ်းထိပ်တွင် တွေ့ကြလေ၏။

"ဟေ့ကောင်၊ မနေ့က မင်းလုပ်ပုံက ကံကောင်းလို့ ခေါင်းနဲ့ကိုယ်အိုးစားမကွဲတယ်။ ဟိုအဖွားကြီးက စိတ် ရှည်လို့ပေါ့၊ နင့်မို့ဆို ကျော်မောင်ပြောပုံနဲ့ ငါတို့ပါအတီးခံရတော့မလို့ ဆရာ"

တင်ငွေက တဟဲဟဲ ပြုံးလျက် -

"ဒီကောင်၊ ပိုက်ဆံ ဒီလောက်လိုချင်နေပေါ့ ငါတွန်းပို့လောက လုပ်လိုက်ရတာပေါ့ကွာ။ တကယ့်ကို ဟား မှ ဟားရ။ မင်းတို့တတွေ အဲဒီအိမ်ပေါက်ဝမှာ စကားပြောနေကြတာကို ငါနဲ့ ဇော်ကြီး ကြည့်ပြီး ဟားလိုက်ရတာကွာ။ ဟီး . . ဟီး . . ။ ထားပါတော့ကွာ။ ခု ကျော်မောင်ဆီသွား မယ်"

ပဥ္စလက်



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ပြန်ပြီလား၊ တစ်ခါပဲ ရမယ်တင်ငွေ၊ နှစ်ခါမရဘူး"

"ဟုတ်ပါတယ်ကွာ၊ ငါကလည်း တစ်ခါပဲ လုပ်မှာပါ။ ခုဒီကောင့်ဆီ သွားမယ်ဆိုတာက ချော့တဲ့အနေနဲ့ လက်ဖက်ရည်တိုက်မလို့ကွ။ လာ .. သွားမယ်"

တင်ငွေက ပေါက်ဆိန်လက်ကို ဆွဲလျက် ကျော်မောင်အခန်းသို့ လက်ခုပ်တီး၍ ခေါ်လေ၏။ လက်ခုပ်လေးငါးချက်တီးလိုက်သောအခါ ကျော်မောင်သည် ပြတင်းပေါက်မှ ထွက်ကြည့်ရာ တင်ငွေက လက်ဖက်ရည်သောက်မည့်ဟန်ပြရင်း ခေါ်၏။

"မလိုက်ဘူး ဟေ့ကောင်၊ ငါ့ဦးလေး ရောက်နေတယ်။ သူ့ကို မြို့ထဲလိုက်ပို့ရအုံးမယ်"

ကျော်မောင်က ပြော၏။

"ဒါဆို တို့လဲ လိုက်ခဲ့မယ်ကွာ။ မင်း ဦးလေးအဖော်ရအောင်ပေါ့"

တင်ငွေက လှမ်းပြော၏။

"ဒါဆို စောင့်၊ မကြာခင်တို့ ဆင်းလာခဲ့မယ်"

တင်ငွေနှင့် ပေါက်ဆိန်သည် ကျော်မောင်နှင့် သူ၏ဦးလေးကိုစောင့်ရင်း တိုက်အောက်တွင် စောင့်နေကြလေ၏။ မကြာမီ ကျော်မောင်နှင့် သူ့ဦးလေးရောက်လာသဖြင့် လေးဦးသား လမ်းထိပ်သို့ ထွက်ခဲ့ကြ၏။

"ဘယ်အရင်သွားမလဲ ကျော်မောင်"

"ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရားနဲ့ ရွှေတိဂုံဘုရားပေါ့ကွာ"

"ဟုတ်ပြီ၊ ဒါဆိုရင် တို့နေရာနဲ့ အနီးဆုံး ဆူးလေဘုရားကိုအရင်ပို့တာပေါ့"

"ကောင်းတယ်"

ကျော်မောင့်ဦးလေးက ပြုံးပြရင် ပြောလိုက်၏။ ကျော်မောင်၏ဦးလေးသည် အသက်(၅၀)ကျော်ခန့်ရှိ၏။ အသားညိုညိုထောင်ထောင်မောင်းမောင်း၊ ခေါင်းတွင်မျက်နှာသုတ်ပုဝါပေါင်းထား၏။ စိုက်ပျိုးရေးလုပ်သည်ဟု သိရလေ၏။ ဦးလေးကြီးသည် ရိုးရိုး ကြီးဖြစ်၏။ စကားပြောလျှင် "ကဏ္ဍ"ဆိုသော စကားကို မကြာခဏ ထည့်ပြောတတ်၏။ ထိုစကားကြောင့် ပေါက်ဆိန်ကို သုံးဦးစလုံး ဝါးလုံးကွဲရယ်ချင်သော်လည်း ထိန်းထားရ၏။

ရွှေတိဂုံစေတီတော်ကြီးသို့ ရောက်ရှိပြီး တစ်ပတ်ပတ်ကာ ဖူးမြော်၍အနောက်မြောက်ထောင့်ရှိ ဒေါ်စောမြတန်ဆောင်းတွင် ခေတ္တအနားယူကြရင်း ဦးလေးကြီးက သူလာရင်းအကြောင်းပြောပြပြီး ရန်ကုန်ပန်ကာများအကြောင်းပါပြောပြလေ၏။

"ငါလာရင်းကဏ္ဍကတော့ ငါ့ဇနီးရဲ့ နာရီအဲဟောင်း။ အဲဒီနာရီအဟောင်းဆိုတဲ့ ကဏ္ဍမှာ ဟိုအရင်တုန်းက အိုမီဂါနာရီအဟောင်းလေးပေါ့။ အဲဒီနာရီလေးကို ရောင်းဖို့ကဏ္ဍမှာ ဆူးလေဘုရားတစ်ဝိုက်က နာရီဆိုင်တွေနား လျှောက်ကြည့်တာပေါ့။ အဲဒီလို လျှောက်ကြည့်တဲ့ ကဏ္ဍမှာ ..."

ဦးလေးကြီး၏ စကားအစတွင်ပင် ကဏ္ဍသုံးကြိမ်ခန့်ပါဝင်နေသဖြင့် ပေါက်ဆိန်တို့သုံးဦးတစ်ဦးမျက်နှာတစ်ဦး ကြည့်ကာ ပြုံးမိကြ၏။ ဦးကြီးက စကားဆက်လေ၏။

"အဲဒီလို .. ဆိုင်ရှေ့ကို ရောက်တဲ့ကဏ္ဍမှာ .. ရောင်းမယ့်နာရီလေးကို နှမြောတာနဲ့ ထုတ်ကြည့်နေတုန်း ဖြုန်းဆို လူတစ်ယောက်က နောက်ကနေ ရောက်လာပြီး နောင်ကြီး နာရီရောင်းမလား၊ ကျွန်တော် ဝယ်မယ်လေ။ ခဏလောက် ကြည့်ပါရစေလို့ ပြောပြီးကြည့်တယ်။ ကြည့်ပြီးတဲ့ ကဏ္ဍမှာ"

"ခွ"

သုံးဦးသား ကဏ္ဍကြောင့် 'ခွ'ကုန်ကြ၏။

"အဲဒီလူက ဘယ်လောက်လဲ အဘလို့မေးတော့ ငါ့ကဏ္ဍက နှမြောပေမယ့် ရောင်းရတော့မှာကိုး။ ဒါကြောင့် ငါက နှစ်ရာလို့ ပြောတော့ အဲဒီလူက ခဏစဉ်းစားပြီး လျှော့ပါအုံးတဲ့။ ငါကလဲ ဝယ်သူနဲ့တွေ့ပြီး သိပ်ရောင်းချင်တဲ့ ကဏ္ဍဆိုတာတော့ .. ဒီနာရီရောင်းတဲ့ ကဏ္ဍကို တစ်ခါတည်းပြတ်သွားအောင် တစ်ရာ့ငါးဆယ်ရရင် ရောင်းမယ်လို့ အပြတ်ပြောလိုက်တယ်။

ပြောရအုံးမယ်၊ သူနဲ့ငါနဲ့ စကားပြောနေတာက ၃၃ လမ်းထိပ်မှာ။ သူက ဈေးကိုကြိုက်သွားတော့ ငွေချေမယ့်ကဏ္ဍရောက်လာတာပေါ့။ ဒါနဲ့ အဲဒီလူက အဘခဏစောင့်။ ကျွန်တော့်အိမ်က ဟောဟိုအပေါ်ထပ်မှာဆိုပြီး ၃၃ လမ်းခေါက်ဆွဲသုတ်ဆိုင်လေး ဘေးက လှေကားကို လက်ညှိုးထိုးပြတယ်။ ခဏလေးစောင့်နော်ဆိုပြီး ငါ့နာရီလေးကို ကိုင်ပြီး တက်သွားတဲ့ကဏ္ဍဆိုပါတော့ကွာ။

ငါ့စိတ်ထင်ကတော့ ဒီနာရီရောင်းတဲ့ ကဏ္ဍမှာ နာရီဆိုင်တောင်မပြရဘဲ ကြိုက်တဲ့လူနဲ့တန်းတွေ့ပြီး ကိုယ်ကြိုက်ရမယ့် ကဏ္ဍဆိုတော့ တက ကို ဝမ်းသာစရာကဏ္ဍကြီး နေတာပေါ့ကွာ။ ဒါနဲ့ ငါ ရောင်းတဲ့ကဏ္ဍပြီးရင် ပိုက် ရမယ့် ကဏ္ဍ၊ ပိုက်ဆံရ ကဏ္ဍပြီးရင် ဈေးဝယ် ကဏ္ဍ ..."

"ဟူး .. ကဏ္ဍတွေ လိုက်တာ .."

ပေါက်ဆိန်ငေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုက်နက် တွေ့လိုက်ကြရင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရပြန်ပါသည်။ ဦးကြီးက ဆက်ပြန်ပါသည်။

"အဲသလို ကဏ္ဍစုံစဉ်းစားနေလိုက်တာ . . ဟိုနာရီယူသွားတဲ့လူဟာ တစ်နာရီနဲ့လည်း ပေါ်မလာ၊ နှစ်နာရီနဲ့လည်း ပေါ်မလာတော့ ငါ့ခမျာ စိတ်ပူရတဲ့ ကဏ္ဍရောက်လာပါလေရောကွာ . ."

"ဘုရား . . ဘုရား . . တုန်ပါဦးမလား ဒီကဏ္ဍ. . ခွိ . . ခွိ"

ပေါက်ဆိန်တို့နှစ်ဦးသား မတိုင်ပင်ဘဲ တွေးမိရင်း ခွိကြလေ၏။

ဘကြီးက ဆက်ပြန်၏။

"အဲဒီလိုနဲ့ နာရီကဏ္ဍကို ဆက်ပြောရရင် သုံးနာရီလောက်ကြာတောင် ဆင်းမလာတော့ အဘလဲ သူပြောတဲ့ လှေကားပေါ်ကို တက်လိုက်ရတဲ့ ကဏ္ဍဖြစ်တာပေါ့။ တက်လိုက်ပြီးတွေ့တဲ့အခန်းကိုမေးကြည့်တော့ အဘပြောတဲ့လူပုံစံကို မသိဘူး၊ မရှိဘူးလို့ သိရတော့တာပေါ့။ ဒါနဲ့အဘလည်း အတော့်ကို စိတ်ဆင်းရဲရတဲ့ ကဏ္ဍကိုရောက်တော့တာပေါ့။ ဒါနဲ့ အဘက လှေကားကို သေသေချာချာကြည့်လိုက်တော့ အဲဒီလှေကားဟာ ဆူးလေဘုရားလမ်းဘက်ကိုပါ ဆင်းလို့ရတဲ့ လှေကားဖြစ်နေတာကိုး . . .

ဒီတော့မှအဘတစ်ပတ်ရိုက်ခံရတဲ့ ကဏ္ဍကို သဘောပေါက်မလို့ရှိတုန်း လူတစ်ယောက်က အခန်းထဲက ထွက်လာပြီး ဒီလှေကားက (၃၃) လမ်းကနေ ဆူးလေဘုရားလမ်းကို ရောက်တယ်ခင်ဗျ။ အဘလိုလူမျိုး တစ်ထောင်မက ဒီလိုပဲခံစားကြရတယ်ခင်ဗျလို့လည်း ပြောလိုက်ရာ ငါအလိမ်ခံရတဲ့ ကဏ္ဍဆိုတာ ကောင်းကောင်းကြီးသေချာသွားပြီပေါ့ကွာ။ ဒီ နာရီကဏ္ဍမှာ ငါဆိုတဲ့ကောင်ဟာ ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်ခဲ့လို့ ဒီလို အဘတ်ခံရတဲ့ ကဏ္ဍရောက်ခဲ့တာပေါ့ကွာ"

"ဒါနဲ့ ဦးကြီးရဲ့ အဘတ်ခံရတဲ့ကဏ္ဍ ပြီးရောလား ခင်ဗျ"

ပေါက်ဆိန်၏ ပါးစပ်မှ လွှတ်ကနဲ ထွက်သွားလေ၏။ ဦးကြီးက ဆက်ပြော၏။

"ဘယ်ပြီးအုံးမှာလဲ ငါ့တူတို့ရယ်၊ နောက် ကဏ္ဍတစ်ခု ကျန်သေးတယ်ကွ၊ အဲဒီ . . နောက် ကဏ္ဍက အဲသလို နာရီအဘတ်ခံရလို့ စိတ်ဓာတ်ကျနေတဲ့ကဏ္ဍနေရောက်နေတုန်း ဖြုန်းဆို . . မိုးက ရွာချလိုက်ပါလေရော၊ အဲဒီလို မိုးရွာချလိုက်တော့ ဟော . . ထီးဝယ်ရမယ့် ကဏ္ဍကို ဖျတ်ကနဲ သတိရတော့တာကိုး။ ဒါနဲ့ မိုးစဲတော့ လေဟာပြင်ဈေးဘက်ကို လျှောက်ခဲ့တာပေါ့။ လေဟာပြင်ဈေးထိပ်လဲ ရောက်ရော ထီးကဏ္ဍစတော့တာပါပဲ။ ဘယ်လိုထီးကဏ္ဍလဲဆိုတော့ . . အဟင်း .'. လူတစ်ယောက်က ဟောဒီမှာ ခို ထီးနှစ်ဆယ်တည်း၊ နှစ်ဆယ်တည်းဆိုပြီး ဖွင့်လိုက်၊ ပိတ်လိုက်လုပ်ပြတယ်လေ . .

ဒီတော့ အဘလည်း ဒီထီးကို စိတ်ဝင်စားသွားတာနဲ့ ယူပြီး ကိုင်ကြည့်၊ ဖွင့်ကြည့်တာပေါ့။ ကြည့်တဲ့ကဏ္ဍမှာ ထီးက ဈေးလည်းတော်တယ်၊ လတ်တယ်။ ဈေးမှာဝယ်တဲ့ ကဏ္ဍဆိုရင်တစ်ချောင်း ငါးဆယ်၊ ခြောက်ဆယ်ကြီးများ တောင်ကိုး . . တစ်ချို့ဆို ထောင်ကျော်တောင် တောင်းတာကိုး။ ဒါနဲ့ အဘက ဈေးဆစ်မယ်လုပ်တုန်း လူတစ်ယောက်က ဝင်လာပြီး ထီးကို ကြည့်ပြန်ရော၊ သူလည်း ထီးကို ကြိုက်သွားတာနဲ့ ဈေးမဆစ်တော့ဘဲ အိတ်ထဲက ပိုက်ဆံကို နှိုက်နေတဲ့ ကဏ္ဍကိုး။ ဒီတော့ အဘလည်း ဒီတစ်ချီတော့ ဘယ်အညံ့ခံလိမ့်မတုန်း။ နောက်လူပိုက်ဆံနှိုက်နေတုန်း အဘက လက်ထဲမှာရှိနေတဲ့ ငွေနှစ်ဆယ်ကို ဖျတ်ကနဲ ထီးရောင်းတဲ့လူကိုပေးလိုက်တာပေါ့။ ကံကောင်းချင်တဲ့ ကဏ္ဍက အဘလည်းပိုက်ဆံပေးပြီးရော၊ ရောင်းတဲ့လူက ပိုက်ဆံကို ဆက်ကနဲယူ လိုက်ပြီး "ဟိုမှာ စည်ပင်လာနေပြီ"ဆိုပြီး ထီကို အဘလက်ထဲထည့်ပြီး သုတ်ခြေတင်တဲ့ကဏ္ဍကို ရောက်ပါလေရောကွာ . .

ကံကောင်းလို့ပေါ့၊ ဒီ ထီးကဏ္ဍမှာ တော်တော့ကို အဘ ကံကောင်းသွားတယ်။ နာရီကဏ္ဍမှာ ခံလိုက်ရသလောက် ထီးကဏ္ဍမှာတော့ ကိုယ်ဟန်ကျတဲ့ ကဏ္ဍပဲကိုးကွဲ့။ ဟီ-ဟီ။ တကယ်လို့များ နောက်ရောက်လာတဲ့ လူက ပိုက်ဆံပေးတာ ဦးသွားရင် အဘခံရမယ့် ကဏ္ဍကွဲ့ ဟဲ . . ဟဲ "

နောက်ဆုံး ပြောရရင် အဲဒီ ကဏ္ဍမှာ အဘက ပိုင်သွားတယ်ဆိုပါတော့"

ပေါက်ဆိန်က ဖြတ်မေးလိုက်၏။ အဘက ပြော၏။

"ဘယ်ပိုင်မလဲ ငါ့တူရယ်၊ ဒီထီးကဏ္ဍမှာလည်း အဘပဲခံလိုက်ရပြန်တာပါပဲ။ ဘာကြောင့်လဲ ဆိုတော့ ထီးရောင်းတဲ့ ငနဲက ထီးအကောင်းကိုပြပြီး ရောင်းလည်းရောင်းရော စည်ပင်လာပြီလို့ ပြောပြီး ထီးအဟောင်းကို အဘလက်ထဲ ထိုးထည့်ပြီးလစ်သွားတဲ့ ကဏ္ဍကိုးကွဲ့။ ဟီ . . ဟိ"

"ထီးဟောင်းမှန်း အဘက ဘယ်လိုကဏ္ဍကြောင့်သိတာလဲ ခင်ဗျ . . ဟိ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . အဘက ထီးဝယ်ပြီး ဖွင့်လဲဆောင်းလိုက်ရော . . ဟောဗျာ . . ထီးတစ်ခုလုံး ချုပ်ရာတွေ ဖွာလံကြနေတဲ့ ကဏ္ဍကိုးကွဲ"

"အဲဒါပဲ အဘရေ . . အဘက ကဏ္ဍတွေ သိပ်များတာကိုးအဘရဲ့။ နောက်နောင် အဘ သတိထားဖို့က ၃၃ လမ်း(အထက်)လှေကားဟာ ဆူးလေဘုရားလမ်းကိုဖောက်ထွက်လို့ရတယ်ဆိုတဲ့ကဏ္ဍ၊ လမ်းဘေးမှာ ရောင်းတဲ့ထီးဟာ မျက်လှည့်ပြတဲ့ ထီးဆိုတဲ့ ကဏ္ဍတွေကို အဘ အသေအချာမှတ်သားပြီး တစ်ခြားလမ်းဘေးက ကလိန်ကကျစ် ကဏ္ဍစုံတွေကိုလည်း ကျွန်တော်တို့က လက်တွေ့ပြပါ့မယ်အဘရယ်"

"ကျေးဇူးပါပဲကွာ . . ရန်ကုန်လာတိုင်း တပ်ကုန်းက ဦးကဏ္ဍအိမ်အပြန် မလှခဲ့ပေမယ့် မင်းတို့နဲ့ တွေ့မှ တပ်ကုန်းက ဦးကဏ္ဍအိမ်ပြန်လှရတော့မှာပေါ့ကွာ . . သာဓု . . သာဓု . . သာဓု . . ကောင်းလေ စွ၊ ကောင်းလေစွ . . .။

✷

မမြလွင်၊ ဝင်းဝင်းမော်၊ ပေါက်ဆိန်နှင့် ကပ္ပလီစိုးမြင့်တို့သည် ရန်ကုန်ထောက်ကြံ့ ဘတ်စ်ကားပေါ်တွင် ရောက်နေကြ၏။ ဘတ်စ်ကားကို ဆူးလေဂိတ်မှစစီးကြသဖြင့် လေးဦးစလုံး နေရာရကြလေ၏။ အချိန်ကား နံနက် ကိုးနာရီခန့် ဖြစ်၏။

"အစ်မကြီး အခေါ်က လည်းဗျာ၊ နတ်ကတော်ပင့်နိုင်းတာ ထောက်ကြံ့အထိတောင် သွားပင့်ခိုင်းရသလားဗျာ၊ မြို့ထဲမှာလဲ ပေါလွန်းလို့"

မမြလွင်၏ အခေါ်က သူ၏ နှစ်စဉ် ဝါဝင် ဝါထွက် နတ်တင်နေကျဖြစ်သဖြင့် ယခုနှစ်အတွက် နတ်တင်ရန် နတ်ကတော်ပင့်ခိုင်းလိုက်ခြင်း ဖြစ်၏။

"ဒါတော့ ဒါပေါ့ ပေါက်ဆိန်ရယ်၊ ဒီနတ်ကတော်က တို့အိမ်မှာ ပင့်နေကျဆိုတော့ အဆင်ပြေတယ်ဟ။ တခြားလူဆိုရင် အဆင်ပြေမှာ မဟုတ်ဘူးလေ။ အခေါ်ကလည်း သူမှသူ"

BURMESE CLASSIC .com

နတ်ကတော်ပင့်သည်ကို ထောက်ကြံ့အထိသွားပင့်ရ၍ မကြည်မလင်ဖြစ်နေသော ပေါက်ဆိန်ကို မမြလွင်က ရှင်းပြနေခြင်း ဖြစ်၏။

"ဒါကြောင့် နင်မပျင်းရအောင် ကပ္ပလီစိုးမြင့်ရော၊ ဝင်းဝင်းမော်ရော ခေါ်ခဲ့တာပေါ့ဟ"

"ထားပါတော့၊ ထားပါတော့"

သူတို့တတွေ စကားပြောနေစဉ် ဘတ်စ်ကားသည် တဖြည်းဖြည်းလူကြပ်လာလေ၏။ သို့သော် ဘယ်လောက်ပင် ကြပ်ကြပ် ဘတ်စ်ကားစပယ်ယာဟို၏ ထုံးစံအတိုင်း -

"ရှေ့တိုးထား၊ တိုးထား၊ အချောင်ကြီးရှိသေးတယ်။ ခင်ဗျားတို့ မတိုးရင် ကျုပ်တိုးပြမယ်၊ ဆင်ကြီးနှစ်ကောင် ဖင်ကြီးထောင်ပြီးကလို့တောင်ရတယ် . . တိုး . . တိုး"

စပယ်ယာ၏ အပြောကို သဘောကျသွားသော ကပ္ပလီစိုးမြင့်က ပြုံးရင်း -

"ဟော့ကောင် ပေါက်ဆိန် ဒီစပယ်ယာက ဘယ်ဆိုးလို့လဲကွ။ တခြားစပယ်ယာတွေလို ရွှေမန်းတင်မောင်ကလို့ရတယ်၊ ပန်တျာကြည်လင်နှစ်ပါးသွားလို့ရတယ်လို့ မပြောပါလား"

ကပ္ပလီစိုးမြင့် အပြောကြောင့် သူတို့လေးဦး စပယ်ယာကို စိတ်ဝင်စားမိကြလေ၏။ ဘတ်စ်ကားသည် တစ်ဘက်စောင်းမတတ်ဖြစ်နေသော်လည်း အရှိန်ကမလျော့၊ ခရီးသည်များကတော့ ဘုရားတ နေကြရ၏။ ကားသည် ဘုန်းကြီးလမ်းသို့ ရောက်ခါနီး စပယ်ယာက -

"ပဥ္စင်းတက်ချင်တဲ့လူတွေ ဆင်းနိုင်ပြီနော်"

ပေါက်ဆိန်နှင့် ကပ္ပလီစိုးမြင့် ပြိုင်တူပြုံးလိုက်ကြ၏။ ပဲခူးကလပ်မှတ်တိုင်သို့ ရောက်ခဲ့၏။ စပယ်ယာက အော်ပြန်၏။

"ကလပ်မှာ ဒန့်ချင်တဲ့လူတွေ သုတ်သုတ်ကလေး ဆင်းကြဗျို့၊ ပဲခူးကလပ်၊ ပဲခူးကလပ်"

စပယ်ယာ၏ စကားလုံးများ ဟာသပါသဖြင့် ဟာသသမားပေါက်ဆိန်နှင့် ကပ္ပလီစိုးမြင့်တို့ စိတ်ဝင်စားလာ၏။ ဘတ်စ်ကားသည် ဘယ်ညာယိမ်းကာ မာလာဆောင့်မှတ်တိုင်တွင် ရပ်လိုက်လေ၏။

"မာလာနဲ့ချိန်းထားတဲ့လူများ ဆင်းနိုင်ပါပြီခင်ဗျား ချိန်းမထားတဲ့သူများကတော့ ငရှဉ့်တိုးလေး တိုးပေးပါဦး ခင်ဗျာ"

အပြောကျသော စပယ်ယာ၏ စကားကို မမြလွင်နှင့် ဝင်းဝင်းမော်တို့ပင် ပြုံးမိကြလေ၏။ ဘတ်စကားသည် ရှစ်မိုင်မှတ်တိုင်နီးလာ၏။

"ရှစ်မိုင်မှာ ပုလင်းကိုင်မယ့်သူများ ဆင်းဖို့ပြင်ဆင်ထားကြပါခင်ဗျား"

စားသောက်ဆိုင်ကြီး[illegible] သော ရှစ်မိုင်မှတ်တိုင်[illegible] စပယ်ယာက အရွှန်းဖော[illegible] လိုက်ပြန်၏။ သို့ဖြင့် အေ[illegible] ခြံ မှတ်တိုင် ရောက်သော[illegible]

"ကဲ-ကဲ . . ရုပ်ရှင်[illegible] သား မင်းသမီးလျှောက်လို[illegible] များ ဆင်းနိုင်ပါပြီခင်ဗျား"

ပေါက်ဆိန်တို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြုံးရပြန်၏။ တော်တော်လာသည့် စပါယ်ယာ။ ဟော .. လေဆိပ်နီးတဲ့ ဆယ်မိုင်ကုန်းမှတ်တိုင်လည်း ရောက်ရော -

"ဖောရင်းသွားလိုသူများ၊ လေယာဉ်မစီးဘူးသူများ ဆင်းနိုင်ပါပြီခင်ဗျား"

ကားပေါ်ပါလာသူ ခရီးသည်အချို့အမောပြေပြုံးလိုက်ကြလေ၏။ စော်ဘွားကြီးကုန်းမှတ်တိုင်သို့ ရောက်ပြန်သော် ကိုရွှေစပါယ်ယာက -

"ဆွေကြီးမျိုးကြီး စော်ဘွားမျိုးရိုးများ ဆင်းနိုင်ပါပြီခင်ဗျား .. တခြားမျိုးရိုးများ ဆင်းချင် ဆင်းနိုင်ပါတယ်ခင်ဗျား"

ခရီးဝေး ဘတ်စ်ကားခရီးသည်များ စပါယ်ယာကြောင့် အမောမဖောက်ကြတော့ဘဲ မနောခွေ့နေကြလေ၏။ ထန်းပင်ကုန်းသို့ရောက်သောအခါ -

"မြန်မာပြည်မှာ ထန်းရည်စစ်စစ်သောက်ချင်သူများ ၌နေရာတွင် ဆင်းနိုင်ပါတယ်ခင်ဗျား။ ဆန်ဆေးရည်ပါရင်တော့ သည်းခံကြပါခင်ဗျား"

ခရီးသည်တချို့ ပြုံးလိုက်ကြပြန်၏။ တတ်လည်းကတ်နိုင်သည့် ကိုရွှေစပါယ်ယာ။

"ကြေးနန်းရိုက်လိုသူများ အရေးတကြီးဖုန်းဆက်လိုသူများအတွက် ဝါယာလက်မှတ်တိုင် ရောက်ပါပြီခင်ဗျား"

ပေါက်ဆိန်တို့ အုပ်စု ဝါးလုံးကွဲ ရယ်လိုက်ကြပြန်၏။

"စာတိုက်ဘို၊ ပဲလှော်ဘို၊ မီးသတ်ဘိုနဲ့ ဘိုမျိုးဘိုနွယ်များ အသင့်ပြင်ထားကြပါခင်ဗျား။ ဘိုခြံမှတ်တိုင်ရောက်ပါတော့မယ်"

ဘတ်စ်ကားစီးခရီးသည်များကား စကားကြွယ်သော စပါယ်ယာကြောင့် ကားကြပ်သည်ကိုပင် သတိမထားမိဘဲ စပါယ်ယာ၏ အပြောတွင်သာ ငေးမောနေမိကြလေ၏။

"ကားတမျှော်တခေါ်ကြီး စီးရလို့ ပျင်းနေကြမယ်ဆိုရင် အမြန်ထပြီး ပျဉ်းမပင်မှတ်တိုင်မှာဆင်းလိုက်ကြပါခင်ဗျား"

နွယ်ခွေမှတ်တိုင်နီးလာသောအခါ စပါယ်ယာက -

"အပာမ်း .. တစ်လမ်းလုံး နွယ်ပင်တွေလို ခွေခေါက်အိပ်နေကြသူများ နွယ်ခွေမှတ်တိုင်မှာ ဆင်းပြီး ဆက်အိပ်ကြပါခင်ဗျား"

ပေါက်ဆိန်တို့နှင့် ခရီးသည်တစ်စုသည် ထောက်ကြန့်သို့ ရောက်တော့မည်ဖြစ်သဖြင့် ဆင်းရန်ပြင်ဆင်နေကြ၏။ မကြာမီ ဘတ်စ်ကားသည် ထောက်ကြန့်မှတ်တိုင်တွင် ရပ်လိုက်လေ၏။ ကိုရွှေစပါယ်ယာက -

"အနာကြီးရောဂါ ကုသလိုသူများ ဆင်းနိုင်ပါပြီခင်ဗျား"

ဟု အော်လိုက်ရာ ပေါက်ဆိန်တို့ အုပ်စုအောင့် သက်သက်နှင့် ခံလိုက်ရလေ၏။ ထိုအချိန်က ထောက်ကြန့်တွင် အနာကြီးရောဂါကုသည့် ဆေးရုံရှိချိန် ဖြစ်သည်။

"တစ်လမ်းလုံး ပွားလာရတာ နောက်ဆုံးတစ်ချီတော့ ခံလိုက်ရတယ်ဟေ့"

ကပ္ပလီစိုးမြင့်က ပြောရာ ပေါက်ဆိန်က -

"ပြောချင်ရာပြောကွာ၊ ဘာပဲပြောပြော ဒီစပါယ်ယာကြောင့် တို့ကားစီးလာရတာ အပျင်းတော့ပြေတာအမှန်ပဲဟေ့"

မမြလွင်တို့ နတ်တင်သောနေ့ ပေါက်ဆိန်ကို မမြလွင်က တောက်တိုမယ်ရကူညီရန် ခေါ်ထား၏။ ပေါက်ဆိန်ကလည်း စောစောလာကာ မမြလွင်နှင့် သူ၏အဒေါ်တို့အား ကူညီပေး၏။ ဈေးသို့ပြေးရ၏။ တရုတ်တန်းသို့လည်း အရက်ပြေးဝယ်ရ၏။ စားပွဲနှင့်၊ ပန်းကန်များ ဆေးကြောပေးရ၏။ နတ်တင်ရန် မုန့်ဖြူ၊ မုန့်နီ၊ ငါးလေးကြော်၊ ပုစွန်ကြော်၊ ကြက်ကြော်၊ ဒန်ပေါက်၊ လက်ဖက်၊ အရက်၊ စီးကရက် အမယ်စုံလှ၏။ ဆေးပြင်းလိပ်ပင် ပါသေး၏။

ပေါက်ဆိန်ကား နတ်တင်မည့်စားပွဲများကို အလွန်သဘောကျနေ၏။ နတ်တင်ပြီးက ကောင်းကောင်းဝါးပစ်လိုက်မည်ဟု မမြလွင်ကို ကြိမ်းဝါးထား၏။ နတ်ကတော်ကား ကိုးနာရီတွင် ရောက်လာ၏။ သူ ရောက်လာသောအခါ စားပွဲများကို သူ့စိတ်တိုင်းကျပြင်ဆင်ပြီး ဆယ်နာရီလောက်တွင် ပွဲစလေ၏။ မမြလွင်နှင့်သူ၏ အဒေါ်တို့ နတ်ကတော်ရှေ့တွင် ကျုံ့ကျုံ့လေး ထိုင်နေကြ၏။

မမြလွင်အဒေါ်နှင့် မမြလွင်တို့က နတ်ကတော်အား ရှိရိုသေသေ ဆက်ဆံကြ၏။ ပေါက်ဆိန်ကတော့ သူ့ပုံစံအတိုင်း ပုံမှန်ပင်လုပ်နေကိုင်နေ၏။ နတ်ကတော် ပူးကပ်ပုံတွေကို စိတ်ဝင်စားစွာ ကြည့်နေလေ၏။ နတ်ကတော်သည် သူ့အစီအစဉ်အတိုင်း တစ်နတ်ပြီးတစ်နတ် ပြောင်း၍ ပေဒင်ဟော၏။ မမြလွင်၏ အဒေါ်ကား နတ်ကတော်ပြောသမျှအင်းလိုက်လျက်ရှိ၏။ မမြလွင်နှင့် ပေါက်ဆိန်တို့က ဘေးမှ ကြည့်ရင်း လိုအပ်သည်များ လုပ်ပေးရ၏။ နတ်ကတော် ဆေးလိပ်သောက်လျှင် မီးညှိပေးရ၏။အရက်ခွက်ပေးရ၏။

နတ်ကတော်ကြီးသည် ဟန်နှင့်ပန်နှင့် သောက်လိုက် စားလိုက်၊ ဟောလိုက်၊ အတော်ကလေးမူးလာပုံရ၏။ မူးလာ



www.burmeseclassic.com

www.burmeseclassic.com

သလောက် အာရှင်လာ၏။ မူး သာမူးသည်။ အပြောအဟော ကတော့ မမှား၊ အစား အသောက်ကျတော့လည်း မမှားပေ။ ကြည့်။ ကိုကြီးကျော်ဝင်ရင်း ကြက်ကောင်လုံးကြော်ကို အပြတ်ဝါး၏။ ပုစွန်ထုပ်ကြီးကိုလည်း ဆွဲ၏။ ဒူးယားကိုလည်း ခဲ၏။ ထူးခြားချင်ရင် ဒူးယားဆက်ဟု ဆိုသဖြင့် မမြလွင်က တစ်လိပ်ပြီးတစ်လိပ် ဆက်ရ၏။

ထူးတော့ ထူးခြား၏။ မမြလွင်၏ အဒေါ်နှင့် မမြလွင်အား ကြက်ပေါင်နှင့် ပုစွန်ထုပ်များပေး၏။ ဒါကို ပေါက်ဆိန်က သွားရည်ကျ၏။ ဒါကို သိလျက်နှင့် နတ်ကတော်က ပေါက်ဆိန်ကို ကြက်ခြေထောက်ရိုးပေး၏။ ပေါက်ဆိန် တင်းသွားသည်။ နောက်တစ်ခါ ပေးတော့လည်း ကြက်တောင်ပံ။ ပေါက်ဆိန်ဝိုတင်းလာသဖြင့် လွတ်ကနဲ ပြောလိုက်မိ၏။

"နောင်တော်ကြီးကလဲ၊ အဒေါ်နဲ့ သူ့တူမကျတော့ ကြက်ပေါင်တွေ၊ ပုစွန်ထုပ်ကြီးတွေ ပေးပြီး ကျွန်တော့်ကျတော့ ကြက်ခြေထောက်ရိုးနဲ့ တောင်ပံ၊ ဘယ်တရားမလဲ"

နတ်ကတော်ကြီးသည် ပေါက်ဆိန်၏ စကားကြောင့် မျက်စိကျယ်သွား၏။ ပြီးတော့ ပြော၏။

"သူတို့လို စားချင်ရင် မင်းလည်း ငါ့ကို ရေစင်ဖိုး ဆက်"

"ဟာဗျာ . . . နောင်တော်ကြီးကလဲ၊ သိတောင်မသိသေးဘူး။ ရေစင်ဖိုးက အရင်ပဲ။ တော်တော်ရိတ်တဲ့ နောင်တော်ကြီးပဲ"

"ဟေ၊ မင်းက ငါ့ကို ရိတ်တယ်လို့ ပြောတယ်"

ဤတွင် မမြလွင်အဒေါ်မှ ကြားဝင်၍

"သည်းခံပါနောင်တော်ကြီးရယ်၊ ဒီကလေးက ငယ်သေးတော့ ဘာမှမသိလို့ပါ"

မမြလွင်ကလည်း ပေါက်ဆိန်ကို မျက်စောင်းထိုး၍ -

"ဟုတ်တယ်၊ ကိုယ်တော်ကြီးရယ်၊ အမိုက်အမဲလေးမို့ ခွင့်လွှတ်ပါရှင်"

"အိမ်း . ရှိစေတော့၊ ရှိစေတော့ . . အေ့"

နတ်ကတော်ကြီးအတော်ပင်မူးနေလေပြီ။ လျှာလေး အာလေးဖြစ်လာပြီး အရက်ခွက်လွှတ်ကျလေ၏။

"ခွပ်"

ခွက်လွှတ်ကျပြီး ဖန်ခွက်ကွဲသွားလေသည်။ နတ်ကတော်ကြီးလည်း တဖြည်းဖြည်း ဇက်ကျိုးသွားပြီး နေရာတွင်ပင် လှဲအိပ်လိုက်လေသည်။

"ဟာ . . ဘယ်လိုဖြစ်တာလဲ၊ ဟော်ရင်းပြောရင်း မှောက်သွားပါရောလား . . အစ်မကြီး။ ခါတိုင်းကော ဒီလိုပဲလား"

ပေါက်ဆိန်က မမြလွင်ကို မေးလိုက်သည်။

"မဟုတ်ဘူး၊ ခါတိုင်း နှစ်တွေအေးအေးဆေးဆေးပဲ"

"ဟုတ်ပါ့မလား . . ကိုယ်တော်ကြီး ဘယ်လိုများဖြစ်သွားပါလိမ့်။ အေးပေါ့လေ၊ သိပ်ပင်ပန်းလို့များလား"

မမြလွင်၏ အဒေါ်က နတ်ကတော်ကြီးကို ကြည့်ကာ ဖေးဖေးမမ ပြောနေ၏။

"ကျွန်တော့်အထင်တော့ ပင်ပန်းတာမဟုတ်ဘူးအဒေါ်။ ကျွန်တော် ဝယ်လာတဲ့ အရက်ကြောင့် ထင်တယ်။ အရက်က အစစ်ဗျ။ တရုတ်တန်းကတောင် သွားဝယ်လာတာ။ ကိုကြီးကျော်တောင် မှောက်သွားတယ်ဆိုတော့ တော်တော်ပြင်းတဲ့ အရက်ဗျနော . . "

"ဒါဆို နေဦး၊ အမူးပြေအောင် ဇကရာဇ်မြစ်ကလေး ဘာလေး သွားရှာလိုက်ဦးမယ်"

မမြလွင်၏အဒေါ်သည် ပြောပြီးသည်နှင့် အခန်းထဲသို့ ဝင်သွားစဉ် ပေါက်ဆိန်က ပန်းကန်ထဲမှ ကြက်ကြော်ရင်ပုံသားနှင့် ပုစွန်ထုပ်ကြီးတစ်ထုပ်ကို ယူ၍ စားပစ်လိုက်၏။

"ကောင်းလိုက်တာ"

ပေါက်ဆိန်က ပလုပ်ပလောင်း စားရင်း ပြော၏။

"နောင်တော်ကြီးကလဲ၊ အဒေါ်နဲ့ သူ့တူမကျတော့ ကြက်ပေါင်တွေ၊ ပုစွန်ထုပ်ကြီးတွေ ပေးပြီး ကျွန်တော့်ကျတော့ ကြက်ခြေထောက်ရိုးနဲ့ တောင်ပံ၊ ဘယ်တရားမလဲ"



www.burmeseclassic.com

www.burmeseclassic.com

နတ်ကတော်ကြီး ညစ်သွား၏။ ယခင်သောက်ခဲ့သမျှ အရက်တွေ ဘာမှ မဖြစ်။ ဒီအရက်ကျမှ၊ နောက်ကောက်ကျသွား၏။ သို့သော် ... သူ့သိက္ခာမကျစေရန် မမြလွင်၏ အဒေါ်ကို အာလူးဖိန့်၏။

မမြလွင်က -

"ဟဲ့ကောင်၊ ချန်အုံးနော်၊ တော်ကြာ နတ်ကတော်ကြီး နိုးလာရင် ထပ်စားအုံးမှာ"

"တော်၊ တော် ခင်ဗျား၊ နတ်ကတော် လုံးဝ လုံးဝထ မှာ မဟုတ်ဘူးဗျို့၊ အနည်းဆုံး (၂)နာရီပဲ"

ပေါက်ဆိန်က ပြောရင်း ငါးကြော်ပန်းကန်ထဲမှ ငါးရံ့ ကြော်လေးများကို ဝါးလိုက်သည်။ လက်ထဲတွင်လည်း ကြက်ရင်ပုံ။

"ဟဲ့၊ မမြလွင်၊ ကိုယ်တော်ကြီးကို ဒီအတိုင်းမထားနဲ့လေ။ ပန်ကာလေး ဘာလေး ဖွင့်ပေးမှပေါ့"

"ဟာ. . မဖွင့်နဲ့အဒေါ်၊ အရက်မူးပြီး အိပ်နေတာ ပန်ကာဖွင့်ပေးလိုက်ရင် ရှော့ခ် ဖြစ်သွားမယ်"

"ဘာလဲ ရှော့ဖြစ်မယ်ဆိုတာ"

"အရက်ဆိုတာ အပူ၊ ပန်ကာက အအေး။ အပူနဲ့ အအေးတွေ့ပြီး သေသွားနိုင်တယ်လို့ ပြောတာခင်ဗျ"

"ဘုရား၊ ဒါဆိုမဖွင့်နဲ့၊ မဖွင့်နဲ့။ ဘယ်နှယ့်လုပ်ကြမလဲ မမြလွင်ရေ"

"ဘာမှလုပ်စရာမလိုဘူး အဒေါ်ရဲ့၊ တော်ကြာနိုးလာပါလိမ့်မယ်။ ခါတိုင်းသောက်တဲ့ အရက်တွေက ရေရောထားတဲ့အရက်တွေဆိုတော့ ဘယ် မူးမလဲ။ ခု ကျွန်တော်ဝယ်လာတဲ့အရက်က အရက်စစ်စစ် ခင်ဗျ"

မမြလွင်၏ အဒေါ်သည် သူ၏ ကိုယ်တော်ကြီးအတွက် စိတ်ပူနေ၏။ ပေါက်ဆိန်က ကြားမှ ဝင်ထိန်းနေရ၏။ မမြလွင်ကတော့ ဘာမှ မဝေဖန်တွတ်။ ထိုင်၍သာကြည့်နေပေလေ၏။ တစ်နာရီကျော်ကျော် ခန့်ကြာသောအခါ နတ်ကတော်ကြီးသည် သတိရလာပြီး

"ဟဲ့၊ ငါဘာဖြစ်သွားပါလိမ့်"

"နတ်ပြည်ရောက်သွားတာလေ"

ပေါက်ဆိန်ကပြောလိုက်၏။ နတ်ကတော်ကြီးသည် ပေါက်ဆိန်ကို ကြည့်ကာ သူ့အလိမ်တွေ ပေါ်မည်ကိုစိုးရိမ်နေပုံရ၏။

"ခုနက ပောာနေတာ ဘယ်ရောက်သွားပြီလဲ"

မမြလွင်၏အဒေါ်နှင့် မမြလွင်တို့ စဉ်းစားနေစဉ် ပေါက်ဆိန်က -

"ဟို . . မသဲလေးလဲ ပြီးပြီ။ အမေသမှာန်ဆိုလား၊ ရေယာဉ်ဆိုလား အဲဒါလဲ ပြီးပြီ။ နောက် အမေသရမ်းလဲပြီးပြီ"

"အမေဂျန်းပါကွ"

"နောက်၊ နတ်ကုလားမလဲ ပြီးပြီ။ နောက်တရုတ်ကိုကြီးကျော်၊ ကျွဲရိုင်းမယ်တော်၊ အားလုံးပြီးပြီးခင်ဗျ။ ပြန်ရှုံပဲ"

နတ်ကတော်ကြီး ညစ်သွား၏။ ယခင်သောက်ခဲ့သမျှ အရက်တွေ ဘာမှ မဖြစ်။ ဒီအရက်ကျမှ၊ နောက်ကောက်ကျသွား၏။ သို့သော် . . . သူ့သိက္ခာမကျစေရန် မမြလွင်၏အဒေါ်ကို အာလူးဖိန့်၏။

"ပွဲဆက်များသွားလို့ပါ အဒေါ်ရယ်၊ ဘာမှ ကိစ္စမရှိပါဘူး။ နောက်နေ့မှ ဆက်ကြတာပေါ့။ ဒီကြားထဲ အနှောင့်အယှက်လဲ ရှိပုံရတယ်"

ပေါက်ဆိန်ကို မျက်စောင်းထိုး၍ ပြော၏။ ပေါက်ဆိန်ကလည်း အားကျမခံ။

"အနှောင့်အယှက်မဟုတ်ဘူးခင်ဗျ။ အရက် . . အရက်။ အရက်ကြောင့် ခုလိုမှောက်ထွက်သွားတာခင်ဗျ . . ဟီး-ဟီ"

ပေါက်ဆိန်၏ စကားဆုံးသည်နှင့် နတ်ကတော်ကြီးသည် မမြလွင့်နှင့်သူ၏ အဒေါ်ကို နှုတ်ဆက်ကာ သုတ်ခြေတင်သွားလေ၏။

***ဆက်လက်ဖော်ပြပါမည်။***

**ပဥ္စလက်**



www.burmeseclassic.com

www.burmeseclassic.com

# လျော့ရဲသော ဆေးညွှန်းပေးခြင်းအတွက် ဆရာဝန်နှစ်ဦးအား ရာထူးမှ ခေတ္တရပ်ဆိုင်း

ဘိန်းဖြူစွဲနေခြင်းကို ဖြတ်ရန် ဆေးဝါးကို အသုံးပြုရာတွင် ဘိန်းဖြူစွဲသွားစေခြင်းကို ဖြစ်စေသည့် လျော့ရဲသော ဆေးညွှန်းကို ပေးခဲ့ခြင်းအတွက် ဆရာဝန်နှစ်ဦးအား တာဝန်မှ ရပ်သိမ်းလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၀၇ ခုနှစ်၊ ဖွန်လတွင် တိုင်တန်းချက်အရ စင်ကာပူဆေးဝါးကောင်စီမှ စုံစမ်းစစ်ဆေးခဲ့ရာ ဒေါက်တာ'ကောင်ကုတ်လောင်' (၄၁ နှစ်)နှင့် ဒေါက်တာ 'အီရစ်ချောင်ယူ' (၃၈ နှစ်)တို့အား လွန်ခဲ့သည့်လက အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးသည် 'စင်ကာပူ ဂါဒင်ဝေး'ရှိ 'ကိန်း'ဆေးခန်း 'King Clinic'၌ အလုပ်လုပ်ကိုင်နေသူများ ဖြစ်ကြသည်။

ဒေါက်တာကောင်သည် စွဲချက် ၁၉ ချက်အတင်ခံရပြီး စီရင်ချက် (၁၆)ချက် ချမှတ်ခံရကာ ဆေးဝါးကောင်စီမှ ပြင်းထန်စွာ ဝေဖန်ခံခဲ့ရသည်။ ရာထူးမှ (၄)လ ရပ်ဆိုင်းခံရကာ ဒဏ်ငွေ ဒေါ်လာ (၇,၀၀၀) ချမှတ်ခံရပြီး နစ်နာမှု စရိတ်အားလုံးကို ပေးဆပ်ရန် အမိန့်ချမှတ်ခံရသည်။ ဒေါက်တာချောင်သည် စွဲချက်(၁၇)ချက် အတင်ခံရပြီး စီရင်ချက် (၁၆)ချက်ချမှတ်ခံရကာ ပြင်းထန်စွာ ဝေဖန်ခံခဲ့ရသည်။ သူ့အားလည်း ရာထူးမှ (၄)လ ရပ်ဆိုင်းထားလိုက်ပြီး ဒဏ်ငွေ ဒေါ်လာ (၅,၀၀၀) ချမှတ်လိုက်ကာ နစ်နာမှုစရိတ်အားလုံးကို ပေးအပ်ရန် အမိန့်ချမှတ်ခံရသည်။

၂၀၀၈ ခုနှစ်မှစပြီး ဤဆရာဝန်နှစ်ဦးအပါအဝင် ဆရာဝန် ၁၅ ဦးတို့အား လုပ်ငန်းတာဝန်ပေးခဲ့ရာမှာ ဆေးဝါးကိစ္စကို လူနာများအတွက် သေချာစွာ ဂရုစိုက်ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပေ။ ဒေါက်တာကောင်နှင့် ဒေါက်တာချောင်တို့အား စီရင်ချက်ချမှတ်ခြင်းမပြုမီ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလနှင့် ယခုနှစ် ဩဂုတ်လအကြား ပါမောက္ခ 'အွန်ယွန်ယူ' ဥက္ကဋ္ဌအဖြစ် ပါဝင်သော စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဤအမှုကို ကြားနာခဲ့သည်။

ဆရာဝန်နှစ်ဦးသည် ဆီးကို ပုံမှန်စစ်ဆေးရန် ပျက်ကွက်ခြင်း၊ ကုသမှုစတင်ချိန်မှစပြီး ၆ လအတွင်း သူတို့၏လူနာများအား မူးယစ်အလွဲသုံးမှု လက္ခဏာကို စစ်ဆေးရန် ပျက်ကွက်ခြင်းနှင့် လူနာများ၏ အခြေအနေကို 'လူထုမူးယစ်ဆေးဝါး... စီမံခန့်ခွဲရေးအစီအစဉ်'သို့ ထုတ်ဖော်ပြောကြားရန် ပျက်ကွက်ခြ... များ ဖြစ်နေခဲ့သည်။ သူတို့နှစ်ဦးသည် သူတို့၏ လူနာမျ... အခြေအနေကို ကျေနပ်လောက်အောင် မှတ်တမ်းအသေးစိ... ပြုစုရန် ပျက်ကွက်ခဲ့ကြသည်။

ယင်းဆရာဝန်နှစ်ဦးတို့သည် လူနာများအား အတူတ... စီမံခန့်ခွဲသူများ ဖြစ်ကြသော်လည်း သူတို့ရေးသားသည့် မှ... ချက်များတွင် 'ဝမ်းနည်းပါတယ်'ဟူသော ရေးသားခဲ့ကြော... ကော်မတီမှ ပြောကြားလိုက်သည်။ တိုင်တန်းခံရသူနှစ်ဦးသ... သူတို့၏လုပ်ရပ်အပေါ်မှာ နောင်တတရားရပုံမပေါ်ဘူးဟု ကေ... မတီမှ ပြောကြားလိုက်သည်။ ယင်းလုပ်ရပ်များကြောင့် ၎င်... အပေါ် ပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ တူညီသော... စွဲချက်များအပေါ် ဆရာဝန်နှစ်ဦးစလုံး ပြစ်မှုကျူးလွန်ကြော... ထင်ရှားစီရင်သောအခါ ဒေါက်တာကောင်အား ဒဏ်ငွေဒေါ်... ၂,၀၀၀ ပို၍ချမှတ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသ... ယခင်က ယခုပြစ်မှုနှင့် မသက်ဆိုင်ဘဲ ပြစ်ဒဏ်စီရင်ခြင်း... ရဖူးသည်။ သို့သော် ယင်းသည် သူ၏ ပြည့်စုံလုံလောက်သော... မှတ်တမ်းထားရန် ပျက်ကွက်မှုနှင့် တစ်စိတ်တစ်ဒေသ ဆက်... နေခဲ့ခြင်းကြောင့် ဖြစ်သည်။

ဒေါက်တာကောင်သည် မကြာမီက ပြစ်ဒဏ်စီရင်... ခံရဖူး၍ ယခုကိစ္စအပေါ် ပိုမို သတိဝီရိယရှိသင့်သည်ဟု ကေ... မတီမှ ယူဆကြောင်း ပြောကြားလိုက်သည်။ ထိုစဉ်က သူ... အလုပ်အကိုင်နှင့်ပတ်သက်၍ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြေ... စွဲချက်နှစ်ခုတင်ပြီး ပြစ်မှုထင်ရှားသဖြင့် ငွေဒဏ်ဒေါ်... (၁၀,၀၀၀)ကို ၂၀၀၅ ခုနှစ်တွင် ချမှတ်ခဲ့သည်။

ပထမစွဲချက်တွင် လူနာတစ်ဦးအား ပြင်းထန်သော... အတက်ရောင်ခြင်းကို ညံ့ဖျင်းစွာ စီမံခန့်ခွဲခဲ့ခြင်းနှင့် ဒုတိ... ချက်တွင် ဆေးဝါးမှတ်တမ်းကို စနစ်တကျ ထိန်းသိမ်းရန် ပျက်... ကွက်ခဲ့ခြင်းတို့ဖြစ်ကြောင်း ဖော်ပြလိုက်သည်။

လေးဝတီ...

*Ref: 2 docs suspended for lax Subutex prescription*
*The Straits Times, Saturday, Sept 22, 2012*



www.burmeseclassic.com

www.burmeseclassic.com



# အဝေးရောက်သားရဲ့ကဗျာ

မောင်ဖဉ်လှ

ကျွန်တော်က စာရေးဆရာတစ်ယောက် မဟုတ်ပါဘူး။ စာဖတ်သူတစ်ဦးသာ ဖြစ်ပါတယ်။ စာစုံဖတ်သည့်တိုင် ရသစာပေကို အထူးနှစ်ခြိုက်စွဲလမ်းသူလို့ ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါကလည်း ကျောင်းပညာရပ်နဲ့ နည်းနည်းတော့ ဆိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ကိုယ်သင်ကြားရတဲ့ ဘာသာရပ်က အသက်မွေးဝမ်းကျောင်းပညာ ဖြစ်ခဲ့လေတော့ အနုရသစာပေတွေကို ငတ်မွတ်တောင့်တခဲ့တာ ဖြစ်မှာပါ။ ဒါနဲ့ ရသစာပေတွေသာ အဖတ်များခဲ့ရာ အဲဒီဘက်ကို စိတ်ညွတ်အားသန်သွားတာ ဖြစ်ပါလိမ့်မယ်။

ဒါ့အပြင် အလုပ်ထဲက လုပ်ဖော်ကိုင်ဖက်တွေထဲမှာ ကိုအောင်ကျော်ဆိုတဲ့သူက အောင်(စက်မှု–၁)ကလောင်အမည်နဲ့ စာရေးနေသူတစ်ယောက်ပါ။ သူ့ကြောင့် သူရဲ့ရေးဖော်တွေနဲ့ မိတ်ဆွေတွေ ဖြစ်ခဲ့ရပါတယ်။ ဒီမှာတင် ငုပ်လျှိုးနေတဲ့ ပိုးတွေ ထကြွသောင်းကျန်းလာပုံက ကိုယ်တိုင်စာရေးချင်စိတ် ပေါက်လာတော့တာပါပဲ။ စာစရေးမယ်ကြံတော့လည်း ဘယ်အကြောင်းအရာကို ဘယ်လိုရေးရမယ်ဆိုတာ ဝေခွဲမရနိုင်အောင် လက်ရှုံ့နေမိပါတယ်။ ဒါပေမဲ့ စီနီယာရေးဖော်တွေရဲ့ အကြံပြုချက်အရ ဖတ်သင့်မှတ်သင့်တဲ့ ကဗျာ၊ အက်ဆေး၊ ဝတ္ထုတို/ရှည် စာအုပ်တွေကို ငှားရမ်းလေ့လာမိတဲ့အခါ ကဗျာကစ လေ့ကျင့်ရေးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီမှာတင် လေးလုံးစပ်၊ ဒွေးချိုး၊ လေးချိုး၊ တြိချိုးနဲ့ အခြားကဗျာစပ်ထုံးတွေနဲ့ပါ ကဗျာလေးတွေ စမ်းရေးကြည့်မိပါတယ်။ ရေးပြီးသားကဗျာတွေကို မိတ်ဆွေစာရေးဆရာတွေဆီ ပြကြည့်တဲ့အခါ မဂ္ဂဇင်းတိုက်တွေပို့ကြည့်ဖို့ အကြံပြုလာကြပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်သေးတာကြောင့် ဘယ်မဂ္ဂဇင်းတိုက်ကိုမှ မပို့ဖြစ်ခဲ့ပါဘူး။

ဒီကြားထဲ အဖေ့ရဲ့ ငါးနှစ်မြောက် ကွယ်လွန်ခြင်း အလှူဒါနပွဲကို သွားရောက်ခဲ့ရပြန်တာကြောင့် မိတ်ဆွေ စာရေးသူတွေနဲ့ ခေတ္တခွဲခွာခဲ့ရပါတယ်။ ရွာကိုရောက်တော့ ရွာဦးကျောင်းမှာလုပ်မယ့် အလှူပွဲမှာ ပါလာတဲ့ စာပေဟောပြောပွဲအခွေတွေဖွင့်ပြရင်း ကျောင်းထိုင်ဆရာတော်နဲ့ စာပေရေးရာအကြောင်းလေးတွေ ဆွေးနွေးဖြစ်ပါတယ်။

"ဒကာကြီးက စာရေးဆရာ လုပ်နေပြီလား။ ကျုပ်လည်း ဘာသာရေး စာပေတွေ ရေးနေတယ်ဗျ"

"မဟုတ်ပါဘူး ဘုရား။ တပည့်တော်က ဝန်ထမ်းဘဝနဲ့ အခုမှ ကဗျာလေးတွေ စမ်းရေးကြည့်နေတုန်းပါ"

"ဘယ်လိုကဗျာတွေ ရေးတာလဲ။ ကျုပ်ကိုလည်း ပြကြည့်ပါဦး"

အိတ်ထောင်ထဲမှာ အသင့်ယူလာတဲ့ ကဗျာတွေထဲကနေ 'အဝေးရောက်သား'ဆိုတဲ့ ကဗျာလေးကို အသံထွက် ရွတ်ပြနိုင်းလို့ အခုလို ရွတ်ပြနေခိုက်မှာ

- မြတ်မိခင် အိုလုမို့
  ပြုစုဖို့ မသေချာ
  လက်တွေ့မပါ။
- မဖြေသာ ...
  ပူရှာဖွယ်ရင်လေး။
- မွေးမေမေ အနေဝေးတယ်
  ပြေး ... တွေ့ချင်သေး။ ။

နောက်ဘက်ကနေ ရှိုက်သံတစ်ချက် ထွက်ပေါ်လာပါတယ်။ အသံကြားရာဆီ လှည့်ကြည့်လိုက်တော့ မျက်ရည်စီးကြောင်းတွေနဲ့ အမေ့ကို တွေ့လိုက်ရပါတယ်။ မျှော်လင့်မထားတဲ့ အဖြစ်အပျက်ပါ။

"ဒကာမကြီးကိုယ်တိုင် ခံစားရတဲ့ကဗျာကို ဘယ်အယ်ဒီတာချုပ်ကပယ်ပယ် အဝေးရောက်သားတွေရဲ့ အမေတိုင်းက သူတို့ရင်ထဲမှာ ထာဝရသိမ်းထားကြပါလိမ့်မယ်။ ဒကာကြီး စာရေးသူဖြစ်ပါပြီ။ ဒီကဗျာလေးကို ကျောင်းမှာကပ်ဖို့ ကွန်ပျူတာစီပြီး ဘုန်းကြီးကိုတစ်ရွက်ပေးပါ။ မဂ္ဂဇင်းတိုက်တစ်တိုက်ကိုလည်း ပို့ဖြစ်အောင် ပို့လိုက်ပါ"

ကဗျာရွတ်ဆိုပွဲလေးဟာ ရုတ်တရက် အသံတိတ်စကားဝိုင်းအဖြစ် ပြောင်းလဲရောက်ရှိသွားသလို ကျွန်တော့်ရင်ထဲမှာလည်း ဆို့နင့်ကြေကွဲ ငိုနေလျက်ပါ အမေရယ် ...။

မောင်ဖဉ်လှ

(မောင်သင်၏ ကဗျာဖြစ်ရပ်မှန်အား ဆင့်ပွားခံစား ရေးဖွဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# ကျော်မြသင်း

အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com



## (တစ်)

ကိုလွင်ဦးကို ပဲခူးတိုင်း ခရိုင်ရုံးစိုက်ရာ မြို့ကြီးတစ်မြို့တွင် မွေးဖွား သန္ဓေ ခင်ခဲ့သည်။

အမည်အဆုံးတွင် 'ဦး' ပါသော်လည်း သူက သားဦးမဟုတ်၊ အထွေးဆုံးသား။

မွေးချင်းသုံးယောက်အနက် သူက အငယ်ဆုံး။

မွေးချင်း သုံးယောက်တည်းမှာ သူက အထူးချွန်ဆုံး။

ပညာရည်ထူးချွန်သလို ရုပ်ရည်သွင်ပြင် လက္ခဏာလည်း ထူးတင်သည်။

အကြီးဆုံးအစ်ကိုရော၊ အလတ်အစ်မပါ မထူးချွန်ခဲ့။

သူတစ်ယောက်သာ တက္ကသိုလ်ရောက်ပြီး' ဘွဲ့ရသည်အထိ ထူးချွန်ခဲ့သည်။

ပညာရေး ထူးချွန်သလို အလုပ်အကိုင် နေရာကောင်းလည်း ရခဲ့သည်။

မိဘဖြစ်သူများ၏ ဂုဏ်ထင်ပြောစရာ သား။

သူက ဗုဒ္ဓဟူးသား။

လွင်ဦး၏ဖခင် ဦးသိန်းမောင်က ကျောင်းဆရာ၊ မိခင် ဒေါ်စိန်ရင်က မီးဖိုချောင်ဈေးကို အိမ်ရှေ့တွင် တည်ထားသည်။

သင့်တင့်လျောက်ပတ်သော အိုးပိုင်အိမ်ပိုင်နှင့် စာရေးနေရေးအတွက် မကြောင့်ကြရဘဲ စားနိုင် ဝတ်နိုင် နေနိုင်သည်။

ဦးသိန်းမောင်က အားလပ်သည့် အချိန်များတွင် အစ်ကိုဝမ်းကွဲတစ်ယောက်၏ ပွဲရုံ၌ အနေများပြီး စက်ဘီးတစ်စီးနှင့် ပွဲစားအလုပ်ကိုလည်း လုပ်သည်။

ကျောင်းဆရာပွဲစား။

ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သည်။ ရိုးသားသည်။ အသောက်အစား မရှိ။ ရှုပ်ရှုပ်ပွေပွေ မနေတတ်။ အလဟဿ ထိုင်ပြီးနေသည့် အချိန်မရှိ



www.burmeseclassic.com

www.burmeseclassic.com

လောင်အောင် စက်ဘီးတစ်စီးနှင့် ပွဲစား အလုပ်ကိုလည်း လုပ်သည်။

ပြောစရာ ကောင်းသတင်းတွေ ထဲက အဆိုးဟု ပြောရမည့် လောင်း ကစားမှု တွစ်ခုနှင့် မကင်းသည့် အကြောင်း။

မြင်းပွဲလောင်းကစားနှင့် ဆက် နွယ်ပတ်သက်ခြင်း။

ရေစ်ကုတ်ခေါ် မြင်းပွဲ။

အပတ်စဉ် စနေနေ့တိုင်း မြင်းပွဲ ရှိသည်။

နောင်သော် တနင်္ဂနွေနေ့သို့ ပြောင်းလဲကျင်းပသည်။

နယ်ချဲ့သမားတို့က စိတ်အပန်း ဖြေရာ အပျော်ဟု အမည်တပ်၍ မြန်မာ လူမျိုးများအား လောင်းကစား အမွေ ဆိုးကြီးတစ်ခု ပေးခဲ့သည်။

အင်္ဂလိပ်အသံကို မြန်မာလို တိုက် ရိုက်အခေါ်အဝေါ် ပြုခဲ့သည်မှာ ရေ့စ် ကုတ်ဟူ၍ ဖြစ်၏။

အရာရှိကြီးတွေ၊ ဂုဏ်သရေရှိ စီး ပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ ကုန်သည် ပွဲစားကြီးတွေ၊ သွားစမြဲ၊ ရောက်စမြဲ ရှိသည့် နေရာမို့ လောင်းကစားမှုနှင့် ဆက်နွယ်ပေမယ့် ဂုဏ်သိက္ခာ မထိ ခိုက်။

ဂုဏ်သရေရှိ အထက်တန်းလွှာ ပုဂ္ဂိုလ်ကြီးများနှင့် စတင်ခဲ့သည့် မြင်းပွဲ မှာ နောင်သော် လူတန်းစားအလွှာ ပေါင်းစုံတို့ ရောက်ရှိ ကျက်စားရာ လောင်းကစားပွဲကြီး အဖြစ်သို့ ပြောင်း လဲခဲ့သည်။

ကုန်သည်ပွဲစား၊ ဆိုင်ကြီး၊ ဆိုင် ငယ်ပိုင်ရှင်များ၊ အစိုးရဝန်ထမ်းကြီးများ သာမက အထင်းရောင်း မုန့်ဟင်းခါး သည်၊ အဖျော်သည်၊ မုန့်လက်ဆောင်း သည်များလည်း ရောက်ကြသည်။

မြင်းပွဲရောက်သူများတွင် ခေါင်း ရွက်ဗျပ်ထိုးသည်ကလေးများပင် ပါဝင် ကြသည်အထိ ကျယ်ဝန်းလာသည်။

ရန်ကုန်တွင် လုပ်သည့် မြင်းပွဲကို ရန်ကုန်တွင် နေထိုင်သူများသာမက ထက်အောက်မြန်မာနိုင်ငံ မြို့နယ်စုမှ ဝါသနာအိုးများလည်း ရထားတစ်တန်၊ သင်္ဘောတစ်တန်၊ ကားတစ်တန်ဖြင့် ရောက်ခဲ့ကြသည်။

မြင်းကွင်းကြီးမှာလည်း ကျယ် ပြော ကြီးမားလာသည်။ အဆောက် အအုံများလည်း တစ်လုံးပြီး တစ်လုံး ထိုးထားသည်။ မြင်းပွဲပြီးသည့်အခါ ဘဏ်သို့ပို့သည့် ငွေသေတ္တာကြီးများ လည်း တစ်လုံး၊ နှစ်လုံးကနေ လေးငါး ဆယ်လုံး ဖြစ်လာသည်။

မြင်းပွဲကို ဦးစီးလုပ်သည့် တပ် ကလပ်က ဖောင်းပြီးရင်း ဖောင်း။

မြင်းလောင်းသမားတွေက ပိန်ပြီး ရင်း ပိန်။

မြင်းအကန်ခံရသည့်ကြောင့် ထိ ပြီးရင်းထိ၊ နားပြီးရင်းနာ ဖြစ်နေကြစေ ကာမူ မြင်းပွဲသွားသူတွေကတော့ လျော့ မသွား။ တိုးပြီးရင်းတိုး ဖြစ်နေသည်။

တာမွေရပ်ကွက်မှာ မြင်းဖောင်း တွေ တိုးလာသလို ပြိုင်မြင်းတွေလည်း တိုးလာသည်။

မြင်းတွေတိုးလာသည့်အလျောက် ထရိန်နာခေါ် မြင်းလေ့ကျင့်ပေးသူ ဆိုက်

မြင်းသမားများ
အိပ်မက် မက်လေ့
ရှိကြသည့်နေ့မှာ
သောကြာနေ့။
မျှော်လင့်ချက်တွေ
ရင်မှာ
အပြည့်အသိပ်နှင့်
လန်းလန်းဆန်းဆန်း
ရှိကြသည်မှာ
စနေနေ့ မနက်။

ကုလားခေါ် မြင်းထိန်းသူ၊ ဂျော်ကီခေါ် မြင်းစီးသူတွေကလည်း တာမွေရပ်ကွက် ထဲကို ရောက်လာမစဲ တသဲသဲ ရှိနေ ကြသည်။

တပ်ကလပ်က မြင်းပွဲဝင်ကြေး အသာလွှတ်ရသလို ထိုးငွေပေါ် မြန် လျော့သည့် လျော်ကြေးငွေထဲက လေး ဆယ်ရာခိုင်နှုန်း ဖြတ်တောက်ငွေရ သည်။

ရှေးအခေါ် တာမွေမြင်းပြိုင်ကွင်း ယခုအခေါ် ကျိက္ကဆံကွင်း။

အတိုခေါ်ကြသည်မှာ မြင်းကွင်း။

မြင်းသမားများ အိပ်မက် မက် လေ့ ရှိကြသည့် နေ့မှာ သောကြာနေ့။

မျှော်လင့်ချက်တွေ ရင်မှာ အပြည့် အသိပ်နှင့် လန်းလန်းဆန်းဆန်း ရှိကြ သည်မှာ စနေနေ့ မနက်။

စိတ်မောလူမော ဖြစ်ပြီး ဒယိမ်း ဒယိုင်နှင့် အိမ်ပြန်ရောက်လာသည်မှာ စနေနေ့ည။



www.burmeseclassic.com

www.burmeseclassic.com

အသွားတုန်းက အိတ်ဖောင်းဖောင်း။ အပြန်ကျတော့ အိတ်ဟောင်းလောင်း။

သို့တစေ သူတို့က စိတ်မကုန်၊ စိတ်မပျက်ကြပါ။

တော်ပါပြီ၊ မသွားတော့ပါဘူးလို့ ပြောသူလည်း တစ်ယောက်တလေသော်မှ မရှိကြပါ။

တနင်္ဂနွေနေ့နား၊ တနင်္လာနေ့ ရုံးရောက်သည်နှင့် စမြုံ့ပြန်၍ နောက်ကြောင်းလှန်ကြသည်မှာ စနေနေ့ မြင်းပွဲအကြောင်း။

အင်္ဂါနေ့မှာ နောက်တစ်ပတ်အတွင်း မြင်းတစ်စာအုပ်ထွက်သည်။

မြင်းတစ် စာအုပ်ဖိုး ထွက်သွားပြန်သည်။

မသေချာ၊ မရေရာသော အမြတ်အတွက် အရင်းစိုက်လိုက်ရခြင်း ဖြစ်၏။

ထိုခေတ်က မြင်းတစ်စာအုပ်အမျိုးမျိုး ထွက်ကြသည့်အနက် အောင်အေယျမြင်းတစ်စာအုပ်မှာ လူကြိုက်များသည်။ အရောင်းသွက်သည်။

မြင်းတစ်စာအုပ်။

ယခုအပတ် ပြိုင်ပွဲဝင်၍ ပြေးကြမည့် ပွဲစဉ်လိုက် မြင်းများအမည်၊ ပိုင်ရှင်အမည်၊ စီးမည့်ဂျော်ကီအမည်၊ ခဲအရင်း စသည်များ ပါရှိသည်။

ခဲစာရင်း။

ပြိုင်မြင်းဆိုကာက အနည်းဆုံးကြောက်ပေကျော် ဒေါက်မြင့်သည်။

ဒေါက်ဆိုတာက မြင်း၏ အရပ်အမောင်း။

သို့တစေ ထိုပြိုင်မြင်းကြီးများကို စီးမည့် ဂျော်ကီခေါ် မြင်းစီးသမား၏ ကိုယ်အလေးချိန်များ၍ မရ။

ကိုယ်အလေးချိန် ပေါင်၊ (၁၃၀)၊ (၁၄၀)၊ (၁၅၀) ရှိသည့် ဖက်တီးပေါက်စများကို ဂျော်ကီအဖြစ် လက်သင့်မခံ။

(၉၅)ပေါင်မှ ပေါင် (၁၁၀) အတွင်း ရှိသူကိုသာ လက်ခံသည်။

ဂျော်ကီများမှာ ကိုယ်အလေးချိန် မတက်အောင် ထိန်းရသလို ကိုယ်အလေးချိန် ကျအောင်လည်း အမြဲတမ်း လုပ်နေကြရသည်။

ဂျော်ကီတို့၏ ဉာဏ်လည်း တစ်ဒုက္ခမှ ကိုယ်အလေးချိန် မတက်လာအောင် ထိန်းသိမ်းရခြင်းပင် ဖြစ်သည်။

သူတို့မှာ နောက်တစ်မျိုး၊ ဉာဏ်လည်း တစ်ဒုက္ခရှိပြန်သေး၏။

ခဲဆွဲရခြင်း။

သတ်မှတ် ကိုယ်အလေးချိန် မပြည့်လျှင် ခဲဆွဲရ၏။

ဆိုပါစို့။

ဂျော်ကီ၏ ကိုယ်အလေးချိန်ရှိသည်မှာ ကိုးဆယ့်ခုနစ်ပေါင်။

သူ့အတွက် ရှိရမည်ဟု သတ်မှတ်သည့် ကိုယ်အလေးချိန်မှာ ပေါင်တစ်ရာ့တစ်ဆယ်။

လိုနေသည့် တစ်ဆယ့်သုံးပေါင်အတွက် တစ်ဆယ့်သုံးပေါင် အလေးချိန်ရှိသော ခဲတုံးကို ဂျော်ကီကိုယ်ပေါ်မှာ ဆွဲပေးရသည်။

သူတို့က ကိုယ်အလေးချိန် ပိုလို့ မရသည့်အလျောက် ကိုယ်အလေးချိန် လျော့အောင် အစားအသောက်ကို လျှော့စား၍ လည်းကောင်း၊ ညလုံးပေါက် မအိပ်ဘဲ ဖိုကာဆွဲ၍ လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် လုပ်နေကြသူများဖြစ်ရာ ကိုယ်အလေးချိန် တိကျအောင် ပုံပိုး ခဲမဆွဲရသူဟူ၍လည်း မရှိပေ။

အနည်းနှင့်အများ ခဲဆွဲကြရသည်သာ။

တွက်ချက်သူ မြင်းဝါသနာအိုးများက မြင်း၏ ပြေးအားနှုန်း မြင်းသမားအပေါ် မြင်းရေချိန်ကို ယခင်ပြေးခဲ့သည့် ရေချိန် (ဝါ) စံချိန်ဟောင်းများကို ပြန်တွက်ရသလို လက်ရှိ အခြေအနေကိုလည်း တွက်ရသည်။

တိရစ္ဆာန်မြင်းကို တွက်ရုံနှင့် မပြီးသေး။

လူကိုလည်း တွက်ရပြန်သည်။

မြင်းကို လေ့ကျင့်ပေးသည့် ထရိန်နာနှင့် စီးမည့်ဂျော်ကီ။

နာမည်ကြီး ထိပ်တန်းစာရင်းဝင် ထရိန်နာလား။

ပထမတန်းစာရင်းပေါက် ထရိန်နာလား။

အလယ်အလတ်တန်းစား ထရိန်နာလား။

သာမန်အဆင့် ထရိန်နာလား။

မြင်းကောင်းပေမယ့် ထရိန်နာမကောင်းရင် မြင်းပါ ညံ့သွားသည်။

ထရိန်နာဆိုတာက အားကစားလောကစကားနှင့် ပြောရလျှင် နည်းပြဆရာ။

အပြေးသမားကောင်းတစ်ယောက်ဖြစ်ဖို့နှင့် ဘောလုံးအသင်းကောင်း တစ်သင်းဖြစ်ဖို့ တော်ကောင်း နည်းပြဆရာ



www.burmeseclassic.com

www.burmeseclassic.com

လိုသည်။

ပြေးအားရှိသည့်မြင်း၊ ကြက်ရေးငှက်ရေးမှာ ပြေးအား ပိုကောင်းဖို့ ထရိန်နာလိုသည်။

ထို့အတူ ဇက်ကိုင်၊ ဇက်လွတ်၊ ဇက်တွန်း ကောင်းသည့် ဂျော်ကီလည်း လိုပြန်သည်။

မြင်းက ကောင်းပြီး ဂျော်ကီညံ့နေလျှင် မြင်းကောင်းခွာလိပ်ဖြစ်တတ်သည်။

မြင်းဝါသနာအိုးတွေက မြင်းရေချိန်၊ စီးမည့်ဂျော်ကီ၊ မြင်းကို လေ့ကျင့်ရေးသည့် ထရိန်နာ၊ သုံးဦးသုံးဖလှယ်ကို တွက်ရချက်ရသလို တာမွေမြင်းဖောင်းမှ ထွက်လာသည့် သတင်းမျိုးစုံကိုလည်း စပ်စုရပြန်သည်။

သက်တောင့်သက်သာ မဟုတ်ပေမယ့် သူတို့ ကိုယ့်ဖီလင်နှင့်ကိုယ် ငြိမ့်နေကြသည်ပါ။

ငွေရဖို့ တွက်ရ၊ ချက်ရသည်ဟု ဆိုသော်လည်း တကယ်က ငွေပေးဖို့ တွက်နေချက်နေရခြင်း ဖြစ်၏။

သူကို ဘယ်လိုပဲတွက်တွက် မြင်းတကယ်စီးမလား၊ မစီးဘူးလားဆိုသည်မှာမူ မြင်း၊ ဂျော်ကီနှင့် ထရိန်နာတို့အပေါ်တွင် မတည်၊ မြင်းပိုင်ရှင်ပေါ်မှာသာ တည်သည်။

စီးရမည် သို့မဟုတ် ဆွဲထားရမည်ကို အမိန့်ပေးနိုင်သူမှာ မြင်းပိုင်ရှင်။

အဂ်၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သုံးရက်လုံးလုံး နေ့မအား ညမအား တွက်၊ သတင်းပလင်းမျိုးစုံ ရဖို့ စနည်းနာထွက်။

သောကြာနေ့ကျတော့ ငွေရှာ။

ချေးတန်သာ ချေး၊ ပေါင်တန်သာ ပေါင်၊ ဆွဲတန်သာ ဆွဲ။

သောကြာနေ့ကျတော့ အိပ်မက်တောင်းရပြန်သည်။

မြန်မာနတ်၊ တရုတ်နတ်၊ ကုလားနတ်၊ ကိုယ်ယုံကြည်ရာ နတ်တွေဆီမှာ အိပ်မက် အတောင်းအရမ်း လုပ်ရပြန်သည်။

ညောင်ပင်စောင့် ရုက္ခစိုးလည်း မလွှတ်။

စနေနေ့ နေ့တစ်ဝက်ရုံးတက်။

ရုံးဆင်းသည်နှင့် မြင်းပွဲကို အပြေးအလွှားသွား။

နောက်ပိုင်း မြင်းပွဲကို တနင်္ဂနွေနေ့ ပြောင်းတော့ ပျာယာခတ် လုပ်ရှားရသည်မှာ လွတ်ကင်းသွားသည်။

ရုံးကနေ တစ်နာရီလောက် စောပြီးလစ်မှ ပထမပွဲမီသည်။

ရုံးက လစ်ဖို့ ကိစ္စကတော့ အကြောင်းမဟုတ်။ အဲဒီနေ့မှာ အရာရှိကြီးလည်း လစ်သည်၊ ရုံးအုပ်ကြီးလည်း လစ်သည်မို့ ပြဿနာမပေါ်။

မြင်းပွဲထဲ ဝင်ကတည်းက သတ်မှတ်ထားသည့် အတန်းအသီးသီး၏ ဝင်ကြေးကို ပေးရသည်။

အိတ်ပါ ငွေထဲက ပထမဆုံး အလျော့တွက် အရှုံး။

မြင်းဝါသနာအိုး အများစုမှာ ဖေးဖရိုက်မြင်းကို မလောင်းရဲကြ။

ဖေးဖရိတ်မြင်း ထိုးရသည်မှာ တွက်ချေမကိုက်။

ဖေးဖရိတ်ဆိုတာက ဝင်း၊ ပလေး ချိတ်ရန် ရာခိုင်နှုန်းများသည့်မြင်း။

အလျော်နည်းသည်။

ပြန်လျော်ငွေမှာ ငါးကျပ် လက်မှတ်တစ်စောင်ကို ခြောက်ကျပ်၊ ခုနစ်ကျပ်။ အများဆုံးမှ ရှစ်ကျပ်။

ဖေ ိ်မြင်းကို ဝင်းပလေး တစ်ဆယ်ဖိုးလောက် ကာရံကာထားပြီး ကော်ကောင်ကို ပုံအောရသည်။

ကော်ဆော် (ဝါ) ဘူကောင်က အလျော်များသည်။

ရာဂဏန်းအထိ အလျော်ရှိသည်။

နှစ်ကောင်တွဲပွဲ နောင် သုံးကောင်တွဲပွဲ။

ဒဘယ်လ်ထွက် ဒရစ်ဘယ်လ်ထွက်က ဘူကောင်နှင့် တွဲစပ်မှ အလျော်များသည်။

ကွင်းထိပ်တွဲ ပွဲတိုက်တာမျိုးတော့ အတော်ကို ရှားရသည်။

တစ်ကွင်းလုံး တစ်ဦးစ၊ နှစ်ဦးစ တိုက်သည့် တွဲပွဲကျတော့ ခြောက်ထောင်မျိုး၊ ခုနစ်ထောင်မျိုး အလျော်ရှိသည်။

ဟိုခေတ်က ခြောက်ထောင်၊ ခုနစ်ထောင်ဆိုတာက သွပ်မိုး ပျဉ်ကာ ဖျဉ်ထောင်အိမ်တစ်အိမ် ဝယ်လို့ရသည်။

ခုခေတ်တွင်မူ မြင်းပွဲအစား ချိုင်းစာအုပ်တွေကို အခြေခံပြီး စာအုပ်ကုန်ဘောလ်ပင်ကုန်အောင် တွက်ချက်ပြီး ဦးနှောက်စားသမားတွေ ပေါ်လာသည်။

မြင်းလောင်းပြီး အိတ်ဖောင်းသူထက် ဦးနှောက်စားပြီး အိတ်ပြားသူက လက်ညှိုးထိုးမလွဲယ်။

သို့ဖြစ်စေ တွက်ကြဆဲ၊ ထိုးကြဆဲသာပါ။



www.burmeseclassic.com

www.burmeseclassic.com

မြင်းပွဲကို ရန်ကုန်မြို့မှာ ကျင်းပပေမယ့် ရန်ကုန်မြို့တွင် နေထိုင်သူများသာ လောင်းကစားကြသည် မဟုတ်ပါ။ ထက်အောက် မြန်မာတစ်နိုင်ငံလုံး မြို့စုံနယ်စုံမှ လောင်းကစားကြသည်။

ငွေကြေး တတ်နိုင်သူများက ရထား၊ ကား၊ သင်္ဘောများဖြင့် မြင်းပွဲနေ့တွင် မြင်းကွင်းထဲကို အရောက်လာ၍ ကိုယ်တိုင်ကိုယ်ကျ လောင်းကစားကြသည်။

ရန်ကုန်သို့ စရိတ်စက အကုန်ကျခံပြီး မလာနိုင်သူများက မိမိတို့မြို့နယ်ရှိ ဘွတ်ကီဒိုင်များမှာ ထိုးကြရသည်။

နယ်ဘွတ်ကီဒိုင်များမှာ တရားဝင်မဟုတ်စေကာမူ တရားဝင်သို့နယ် ပြောင်ပြောင်တင်းတင်းပင် လုပ်ကိုင်ကြသည်။

အရေးယူတာတို့ ဖမ်းဆီးတာတို့ မရှိ။

ပြဿနာပေါ်မှသာ အရေးယူသည်။

ရန်ကုန်မြင်းပွဲကြီးကို နယ်ချဲ့အင်္ဂလိပ်အစိုးရက တရားဝင် ဖွင့်လှစ်ပေးထားသည်။

လူတွေ လောင်းကစားဘက် စိတ်ဝင်စားပြီး လောင်းကစားဘက်မှာ အာရုံရောက်နေလေ သူတို့က အကြိုက်ဖြစ်လေလေ။

လောင်းကစားဆိုတာက လှုပ်လေ ပေါ်လေမျိုး မဟုတ်၊ လှုပ်လေမြုပ်လေမို့ လူတွေကို မကောင်းသော လမ်းကြောင်းဘက် ပို့ပေးရန် ရည်ရွယ်ချက်ဖြင့် လောင်းကစားနယ်ပယ် ချဲ့ထွင်ပေးခြင်း ဖြစ်၏။

နောက်တော့ ရန်ကုန်မှာသာမက မန္တလေးမှာပါ မြင်းပွဲလုပ်ခဲ့သည်။

အုပ်စိုးသူအင်္ဂလိပ်တို့က မြင်းပွဲသာမက ဟိုတယ်များတွင် တရားဝင် လောင်းကစားဝိုင်းကြီးများကိုပါ ခွင့်ပေးခဲ့သည်။

ချဲထီလို မက်လုံးအပေးကောင်းသည့် သုံးဆယ့်ခြောက်ကောင် လောင်းကစားကိုလည်း မသိကျိုးကျွံပြု၍ မျက်နှာလွှဲနေခဲ့သည်။

ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေ၊ ဆေးလိပ်သမတွေ၊ ပန်းထမ်းသမားတွေကအစ လူလတ်တန်းစား အသိုင်းအဝိုင်းတွေပါ ထိကုန်ကြသည်။

သုံးဆယ့်ခြောက်ကောင်ထီက နေ့စဉ်ဖွင့်တာ။

တစ်ကျပ်ထိုးလျှင် လျော်ငွေက သုံးဆယ့်ခြောက်ကျပ်။

သည်တော့လည်း ပါကုန်ကြတော့တာပေါ့။

နောက်ဆုံးတွင် သုံးဆယ့်ခြောက်ကောင်ကြောင့် ဆင်းရဲသားတွေ မြုပ်သထက်မြုပ်၊ နစ်သထက် နစ်ပြီး ကြေးကထူ၊ သူခိုးကပူ အခြေအနေသို့ ရောက်ခဲ့ကြသည်။

သုံးဆယ့်ခြောက်ကောင် ထီကြောင့် လူဆင်းရဲတွင်းနက်ပြီး အကျင့်စာရိတ္တ ပျက်ပြားလာသောကြောင့် သတင်းစာတွေက ဝိုင်းတွယ်ကြသည်။

ရန်ကုန်ပုလိပ်အဖွဲ့ကြီးကို ပြစ်တင်ဝေဖန်သည့် တစ်တစ်ခွခွ အရေးအသားများကြောင့် တာဝန်ရှိသူများမှာ မနေသာတော့ဘဲ ပြတ်ပြတ်သားသား အရေးယူဖို့ ရန်ကုန်ပုလိပ်မင်းကြီးကို မီးစိမ်းပြလိုက်ရသည်။

သုံးဆယ့်ခြောက်ကောင် အဓိကဒိုင်ကြီးများကို ပြည်နှင်ဒဏ်ပေး၍ လက်ခွဲဒိုင်များကို ဖမ်းဆီး အရေးယူခဲ့ရသည်။

မြင်းပွဲကတော့ မြင်းပွဲဝင်ငွေကို လူမှုရေးကိစ္စများအတွက် အသုံးပြုမည်ဟူသော အကြောင်းပြချက်ဖြင့် တရားဝင် လုပ်ခွင့် ပေးထားသောကြောင့် သတင်းစာများကလည်း လက်ပိုက်ကြည့်နေရသည်။

မြို့တိုင်းမှာ ဘွတ်ကီဒိုင်များ ရှိသည်။

ရန်ကုန်တက်၍ မြင်းပွဲ မကစားနိုင်သူများက ကိုယ့်နယ်ခံ ဘွတ်ကီဒိုင်များဆီမှာ ကိုယ်ကြိုက်သည့် မြင်းနံပါတ်ကို ပြော၍ ဝင်းပလေး ထိုးရသည်။

နှစ်ကောင်တွဲပွဲ သုံးကောင်တွဲပွဲ ထိုးရသည်။

ဘွတ်ကီဒိုင်များက ထိုးငွေနှင့် မြင်းနံပါတ် ပွဲစဉ် စသည်များ ရေးထားသည့် ဖြတ်ပိုင်းကလေးများ ပြန်ပေးသည်။

ငါးကျပ်ဖိုးထိုးလျှင် ခြောက်ကျပ်ပေးရသည်။ တစ်ဆယ်ဖိုးထိုးလျှင် တစ်ဆယ့်နှစ်ကျပ်ပေးရသည်။

ငွေတစ်ဆယ်ကို နှစ်ကျပ် အပိုဆောင်းပေးရသည်မှာ ရန်ကုန်မြင်းပွဲသို့ ကိုယ်တိုင်ကိုယ်ကျ သွားထိုးပေးရသည့် သူကို အကျိုးဆောင်ကြေး။



www.burmeseclassic.com

www.burmeseclassic.com

ဘွတ်ကီနိုင်က သောကြာနေ့ ညရထားနှင့် ရန်ကုန်ကူးလိုက်၊ စနေနေ့ ညရထားနှင့် မြို့ကိုပြန်၊ တနင်္ဂနွေနေ့ မနက် မြင်းပွဲတိုက်သူကို မြင်းပွဲလျော်ငွေ အတိုင်း ငွေရှင်းပေးသည်။

အလျော်ရသူတွေက အလျော်ရသည့် ငွေအနည်းအများအလိုက် မေတ္တာကြေး (ဝါ) လက်ဖက်ရည်ဖိုး ပေးကြသည်။

တချို့နိုင်တွေက ပေါက်သည့် အပေါ်မှာ နိုင်ကြေးယူကြသည်။

သည်အလုပ်က လူတိုင်းလုပ်လို့ ရသည့် အလုပ်မဟုတ်။

မြင်းပွဲနှင့် ဝင်ဆန့်သူ လည်လည် ဝယ်ဝယ်ရှိသူ၊ ပေါက်ပေါက်ရောက် ရောက်ရှိသူ၊ ရိုးသား တည်ကြည်ပြီး အများ၏ ယုံကြည် ကိုးစားမှုကို ခံရသူ၊ ကလိမ်ကကျစ် မလုပ်တတ်သူ စသည့် အများအသိအမှတ်ပြု ခံရသူများသာ လုပ်လို့ ရသည်။

လွင်ဦး၏အဖေ ဦးသိန်းမောင်မှာ သူကိုယ်တိုင်လည်း မြင်းဝါသနာအိုး၊ ရန်ကုန်မြင်းပွဲသို့လည်း အရောက် အပေါက်များသူ ဖြစ်၏။

ပထမတော့ ခင်မင်ရင်းနှီးသူ မိတ်ဆွေများ၏ လက်ဆင့်ကမ်းငွေကို ယူပြီး အခကြေးငွေ မယူဘဲ ခရီးကြုံ ထိုးပေးသည်။

ဦးသိန်းမောင်၏ ရိုးသားတည်ကြည်မှုကို သိသူတွေက ဘွတ်ကီနိုင် လုပ်ဖို့ ဝိုင်းဝန်း တိုက်တွန်းအားပေးရာမှ မရည်ရွယ်ဘဲ ဘွတ်ကီနိုင် ဖြစ်လာသည်။

သူတို့မြို့မှာ ဘွတ်ကီနိုင် နှစ်ဦး ရှိသော်လည်း မြင်းဝါသနာအိုးများ၏ ယုံကြည်မှုကို ပိုခံရသည့် သူ့ဆီမှသာ ထိုးသူများလာသည်။

သူက ကိုယ်တိုင် အတွက်အချက် လည်း ကောင်းသောကြောင့် ဝါသနာအိုးများမှာ သူ့ဆီသို့သာ အဝင်အထွက် များကြသည်။

သူကလည်း အကြံအဖန် မလုပ်။ အမှန်အကန်ပဲ လုပ်သည်။

သည်လိုမှ မရွယ်ဘဲ စော်ကဲမင်း ဖြစ်ဆိုသလို ဘွတ်ကီနိုင်ကြေးရသည့် ငွေမှာ သူ့အတွက် ငါးကြင်းဆီနှင့် ငါးကြင်းကြော် ဆိုသလို ကစားနိုင်သည့် အခြေအနေသို့ ရောက်လာသည်။

ဘွတ်ကီနိုင် ဖြစ်လာပြီးနောက် ရန်ကုန်ကို ဆင်းရသည်။ စရိတ်စက သာမက သူကစားသည့် လောင်းကြေးငွေပါ ကာမိသလို ရှိခဲ့သည်။

ကျောင်းဆရာလခ၊ ပွဲစားဝင်ငွေ၊ ဘွတ်ကီနိုင်ဝင်ငွေ၊ အိမ်ဆိုင်ဝင်ငွေဖြင့် သူတို့မိသားစုမှာ စီးပွားရေး ပြေလည်သည်။ ချောင်ချောင်ချိချိ နေနိုင်သည်။

လွင်ဦး ခုနစ်တန်းအောင်သည့်နှစ်တွင် သူ ကျောင်းတက်ရန်အတွက် စက်ဘီးတစ်စီးပင် ဝယ်ပေးနိုင်ခဲ့သည်။

လွင်ဦးမှာ ပညာရေးဘက်တွင် ထူးချွန်သည့်အလျောက် မိဘဖြစ်သူများ က အတော်ကြီး မျှော်လင့်ချက် ထားခဲ့ကြသည်။

ဦးသိန်းမောင်မှာ သားအပေါ် ထားသည့် မျှော်လင့်ချက် အကောင် အထည်ဖော်ရန် ဘွတ်ကီနိုင်ဝင်ငွေကို သပိတ်ဝင် အိတ်ဝင်ဖြစ်အောင် မြင်း လောင်းကစားခြင်းကို လျှော့လိုက်သည်။

သူတို့မြို့မှာ ဘွတ်ကီနိုင် နှစ်ဦး ရှိသော်လည်း သူ့ဆီမှာသာ အထိုးများ သောကြောင့် ကျန်တစ်ဦးမှာ ဘွတ်ကီ နိုင်အလုပ်ကို စွန့်လွှတ်သွားသည်။

သူတစ်ဦးတည်းမို့ ဝင်ငွေပိုကောင်း လာသည်။

သူကလည်း အကြံအဖန် မလုပ်။ အမှန်အကန်ကိုသာ လုပ်သည်။

ဒါပေမယ့် တစ်ပတ်မှာ . . .

သူတို့မြို့နယ် တရားသူကြီးရုံးမှ ဘီးလစ်စာရေးကြီးဖြစ်သူက သုံးထောင် တွဲပွဲ ထိုးခိုင်းလိုက်သည်။

ဘီးလစ်စာရေးကြီး ထိုးခိုင်းသည့် မြင်းများမှာ သုံးကောင်စလုံး ကော် ကောင်မြင်းအခေါ် ဘူကောင်မြင်းမျာ ဖြစ်နေသည်။

ထရစ်ဆယ်လ်တုတ်ခေါ် သုံး ထောင်တွဲပွဲတွင် ပထမပွဲ၊ ဒုတိယပွဲ တတိယပွဲ သုံးပွဲစလုံး ဘူကောင်ချေ ချည်း ဝင်ရိုးထုံးစံ မရှိ။

သုံးထောင်တွဲပွဲတွင် ဘူကော တစ်ကောင်လောက်ပါလျှင်ပင် လျော်ရ များသည်။

ဘီးလစ်စာရေးကြီး ထိုးခိုင်းလို သည့် ဘူကောင်သုံးကောင်စလုံး ဝင်ပြီး တွဲပွဲတိုက်ဖို့ ဆိုသည်မှာ မိုးေ အပ်တစ်ချောင်းနှင့် မြေကြီးပေါ်က အ တစ်ချောင်း ထိပ်တိုက်ထိမိဖို့ ဆိုသ ထက်ပင် ခက်ခဲသည်။

ဘီးလစ်စာရေးကြီး ထိုးခိုင်းလို သည့် မြင်းသုံးကောင်းမှာ ပထမပွဲ



www.burmeseclassic.com

www.burmeseclassic.com

နံပါတ်သုံး တပ်ထားသည့် မြင်း။

တစ်ခါမှ မေဒင်မပြုတ်ဖူးသေး။

ဝင်၊ သော်လည်းကောင်း။ ပလေး သော်လည်းကောင်း တစ်ခါဖူးမျှ မချိတ်ဖူးသေးသည့်မြင်း။

ဝင်၊ ပလေးခေါ် ပထမ၊ ဒုတိယ ချိတ်ဖို့ မဆိုထားဘိ၊ မြင်းဆယ့်ကောင် ပြေးသည့်ပွဲတွင် မြင်းခုနစ်ကောင်၏ နောက်က လိုက်လေ့ရှိသည့်မြင်း။

ပဥ္စမ၊ ဆဋ္ဌမနေရာလောက်က သော်မှ တစ်ခါဖူးမျှ နံပါတ် မချိတ်ဖူး သေးသော မြင်းတွေ။

မြင်းသမားများအခေါ် မြက်စား လိုက်သည့်မြင်း။

ဘီးလစ်စာရေးကြီးနှင့် ခင်မင်နေ သည့်အလျောက် သည်အတွဲကို မထိုး ဖို့ ပြောကြည့်သေးသော်လည်း မရ။

ဘီးလစ်ကြီးက ဒါဆိုမှ ဒါ။

ဒါလောက်တောင် ရှိလှတာဆိုပြီး လက်ခံဖြတ်ပိုင်း ပြန်ပေးသည်။

ကွင်းထဲရောက်သည့်အခါ အခြား ထိုးနိုင်းသော တွဲပွဲလက်မှတ်များအနက် ဘီးလစ်ကြီးအတွဲဂဏန်းကို ခေါက်ထား လိုက်သည်။

လိမ်မည်ဆိုသည့်သဘောဖြင့် ခေါက်ထားလိုက်သည့်မျိုးတော့ မဟုတ်။ ဘယ်လိုမှ မဖြစ်နိုင်ဟု တွက်ဆပြီး ထိုး ရမှာ နမြော၍ ခေါက်ထားလိုက်ခြင်း ဖြစ်၏။

မြို့ပြန်ရောက်ရင် အကျိုး အကြောင်း ပြောပြပြီး ငွေပြန်ပေးမည်ဟု ရည်ရွယ်၍ စေတနာဖြင့် ခေါက်ထား လိုက်ခြင်းသာ ဖြစ်၏။

ဒါပေသိ နဲ့ကြီးနင်းမိသည့်အဖြစ် နှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တိုးသွား သည်။

ပထမတွဲပွဲအပြီးမှာ ရင်တုန်ရင် ခုန်စရာ ဖြစ်သွားသည်။

ဒုတိယတွဲပွဲအပြီးမှာတော့ ရင်တုန် ရင်ခုန်ရုံသာ မဟုတ်၊ အတွင်းကလီဇာ တွေပါ ကပြောင်းကပြန် ဖြစ်ကုန်သည်။ တစ်ခေါင်းလုံး မူးဝေနောက်ကျသွား သည်။

တတိယတွဲပွဲမှ မြင်းနံပါတ် (၉) ကျော်စိုးမိုးသာ ဝင်လိုက်ရင် သူ ဆက် မတွေးရဲတော့။

ကွင်းထိတ်တွဲပွဲ ဖြစ်သွားမည်မှာ သေချာသလို လျော်ငွေကလည်း သောင်းဂဏာန်းနား ကပ်သွားမှာ သေချာ သည်။

နောက်ဆုံးတွဲပွဲ ပြေးတော့မည်။ သူ မကြည့်ရဲတော့။

ကွင်းအပြင်သို့ မထွက်ခဲ့ပေမယ့် မြင်းကွင်းကို ကျောခိုင်းပြီး လွတ်ရာ ကျွတ်ရာ အဆောက်အအုံနောက်ဘက် အုတ်ခုံလေးရှိရာသို့ သွားထိုင်နေလိုက် သည်။

တတိယတွဲပွဲ ပန်းဝင်သွားပြီ။

တစ်ကွင်းလုံး တိတ်သွားသည်။

သုံး။ ခြောက်၊ ကိုး။

သွားပြီ။ ဘဝပျက်ပြီ။

ကိုယ့်ဘဝသာမဟုတ် မိသားစု တစ်စုလုံးပါ ပျက်တော့မည်။

ထိုင်နေရာကအထတွင် မိုက်ခနဲ ဖြစ်ပြီး လဲတော့မလို ဖြစ်သွားသော ကြောင့် နီးရာတိုင်တစ်တိုင်ကို လှမ်းကိုင် ထားလိုက်ရသည်။

သူ၏ အပြန်ခရီးမှာ...

အိမ်ကို ဘယ်လိုပြန်ရောက်ခဲ့ သည်ကိုပင် ပြန်မပြောနိုင်။

အကျိုးအကြောင်း ပြော၍ ဖြေ ရှင်းစရာ အကြောင်းလည်း မရှိ။

တစ်သက်လုံး ကိုယ့်သိက္ခာကိုသာ မက မိသားစုသိက္ခာပါ ထိခိုက်တော့ မည်။

ယုံကြည်မှုနှင့် လုပ်ရသည့် ပွဲစား အလုပ်ကိုပဲ ထိခိုက်တော့မည်မို့ လျော် ရမည်မှတစ်ပါး အခြား မရှိ။

အတွင်းပစ္စည်း ရွှေထည်များကို ရောင်းလိုက်ရရုံမက အိမ်ကိုပါ ရောင်း၊ ပေါင်စာချုပ်ဖြင့် လှည့်ငွေယူလိုက်ရ သည်။

ဒါနှင့် မလောက်သေးသော ကြောင့် ပွဲရုံပိုင်ရှင် အစ်ကိုဝမ်းကွဲထံမှ ချေးငွေကိုပါ ယူ၍ လျော်လိုက်ရသည်။

ဦးသိန်းမောင်မှာ အိပ်ရာထဲ ဘုန်း ဘုန်းလဲသွားသည်။

အခြေအနေ ကောင်းနေသည့် မိသားစု အနေအထားမှာ နေ့ချင်းည ချင်းဆိုသလို အဆိုးဘက်သို့ ပြောင်းလဲ သွားသည်။

ကံကြမ္မာ အလှည့်အပြောင်းမှာ ယိမ်းယိုင်သွားသည့်အဆင့်ကို လွန်၍ ပြို လဲသည့်ဘက်သို့ ရောက်သွားသည်။

ဦးသိန်းမောင်မှာ စိတ်ကျဝေဒနာ အလူးအလဲဖြစ်ပြီး အိပ်ရာထဲ လဲနေသော် လည်း သားဖြစ်သူ ရှေ့ရေးအတွက် သူ ဆက်ပြီး ဦးမဆောင်ရင် မိသားစုမှာ နာ လန်မထူနိုင်တော့ဘဲ နစ်သထက် နစ်



www.burmeseclassic.com

www.burmeseclassic.com

တော့မည့် အခြေအနေကြောင်း အိပ်ရာထဲမှ ကြိုးရုန်းထခဲ့ရသည်။

လုပ်ငန်းခွင်ထဲ ပြန်ဝင်ခဲ့ရသည်။

တင်ရှိနေသည့် ကြွေးမြီများ မပေးအပ်နိုင်လျှင် လူ့ပုံအလယ်မှာ မျက်နှာအပြရခက်အောင် အရှက်တကွဲ အကျိုးနည်းအဖြစ်နှင့် ကြုံရမည်မို့ ပွဲစားလောကထဲသို့ ခြေပြန်ဆန့်ခဲ့ရသည်။

တစ်ခုတော့ ရှိသည်။ အရှုံးထဲက အမြတ်ထွက်သွားခြင်း။

မြင်းပွဲနှင့် ရှင်ခန်းသေခန်းပြတ်ဖြစ်သွားသည်။

ဘွတ်ကီဒိုင်လည်း မလုပ်တော့။ ကိုယ်တိုင်လည်း လောင်းကစားခြင်း မပြုတော့။

မျှော်လင့်အားထားခဲ့သည့်အတိုင်း လွင်ဦးကလည်း ဆယ်တန်းနှစ်ချင်းပေါက် လွတ်လွတ်ကျွတ်ကျွတ် အောင်သွားသည်။

သားဖြစ်သူကို တက္ကသိုလ်သို့ ပို့ရတော့မည်။

ဒါပေသိ သူတို့၏ စီးပွားရေးအခြေအနေက စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် အခြေအနေ။

အိမ်အခြေအနေကို သိနေသည့် လွင်ဦးက တက္ကသိုလ်သွားရေးကို ဦးတည်ချက် မထားတော့ဘဲ တောလက်ကျေးရွာ မူလတန်းကျောင်းများတွင် အလွယ်တကူ ရနိုင်သည့် ဆွဲခန့်ဆရာဝင်လုပ်မည်ဟု ဖခင်ကြီးအား ပြောခဲ့သည်။

ဦးသိန်းမောင်က ခေါင်းကို သွက်သွက်ကြီး ခါပစ်လိုက်သည်။

နယ်ကနေ တက္ကသိုလ်ပို့ရသည့် စရိတ်စကမှာ တစ်မိသားစုလုံး၏တစ်လစာ ကုန်ကျစရိတ်ထက် ပိုသည်။

လွင်ဦးက မြိုးမြိုးမြိမြိ သုံးစွဲနေထိုင်သည့်တိုင် တစ်လ သုံးရာတော့ မို့ရမည်။

တစ်လသုံးရာမှာ ထိုစဉ်အချိန်ကာလက ဌာနခွဲစာရေးကြီး လစာ။

ဦးသိန်းမောင် ရသည့်လစာထက် သုံးပုံတစ်ပုံကျော် ပိုသည်။

သို့စေကာမူ ဦးသိန်းမောင်က သားဖြစ်သူကို မဖြစ်ဖြစ်သည့်နည်းဖြင့် တက္ကသိုလ်ပို့မည်ဟု အနိုင်အမာပင် ဆုံးဖြတ်ထားသည်။

မြို့လယ်ခေါင်က အိမ်ကို ရောင်းပြီး မြို့စွန်မြို့ဖျားမှာ သွားနေရစေကာမူ ရောင်းမည်၊ နေမည်ဟုလည်း ဆုံးဖြတ်ထားသည်။

မိဘမေတ္တာဟူသည် တုနှိုင်းစရာမရှိဟု အဆိုရှိသည့်အတိုင်း ဦးသိန်းမောင်က သားဖြစ်သူအတွက် အရာရာကို စွန့်လွှတ်ဖို့ ဝန်မလေး။

မိခင်ကြီးကလည်း တက္ကသိုလ်သွားရေးမှတစ်ပါး တခြား ဘာမှ မစဉ်းစားရန် သားဖြစ်သူကို နားချခဲ့သည်။

အိမ်ထောင်ကွဲ နေထိုင်သည့် အစ်ကိုကြီးကလည်း သူတတ်နိုင်သမျှ ကူညီမည်ဟု အားပေးစကား ပြောလာသည်။

သည်လိုနှင့် သူ တက္ကသိုလ်တက်ဖို့ ဖခင် ဦးသိန်းမောင်၏ ဆုံးဖြတ်ချက် အတည်ဖြစ်သွားသည်။

ဦးသိန်းမောင်၏ အစ်ကိုတစ်ဝမ်း

ကွဲ ပွဲရုံပိုင်ရှင်က နာရီတစ်လုံးနှင့် အဝတ်
အစားအသုံးအဆောင် ပစ္စည်းများ ဝယ်
ယူပံ့ပိုးပေးခဲ့သည်။

ကျောင်းကိစ္စ အထွေထွေအတွက်
ဦးသိန်းမောင်ပါ ရန်ကုန်သို့ လိုက်
သည်။

ပုဇွန်တောင်ဘက်ရှိ အဖိ
ကျောင်းတိုက်ကြီး တစ်တိုက်တွင် တိုက်
အုပ် စာချဆရာတော်အဖြစ် သီတင်း
နေသူ ဘုန်းတော်ကြီးမှာ မိခင် ခေါ်
ရင်၏ အစ်ကိုဝမ်းကွဲ။

အဲဒီကျောင်းမှာ တည်းခိုပြီး
ဦး ကျောင်းကိစ္စကို စီစဉ်လုပ်ကိုင်ရ
ကျောင်းသို့ ရောက်သည့်
လွင်ဦး၏ ပညာရေး ထူးချွန်မှုနှင့်
ဆက်ရမည့်ကိစ္စကို ဆရာတော်
လျှောက်ထားခဲ့သည်။

ဆရာတော်က သူတို့၏စီးပွား
အခြေအနေကို သိထားသည့်အလျော
လွင်ဦး တက္ကသိုလ်တက်ရေး
အတွက် လမ်းကြောင်းနှစ်ခု ပေးသ
တစ်ကြောင်းက အလုပ်လု
သက်ကြီးတက္ကသိုလ်တက်ဖို့နှင့်
ကြောင်းက တက္ကသိုလ်တွင် ကု
မည့် ဘော်ဒါစရိတ်ကို ခြိုးခြံသော
ဖြင့် သူ့ကျောင်းတွင်နေ၍ တက္က
သို့ နေ့ကျောင်းသားအဖြစ် တက
ဖြစ်၏။

ဦးသိန်းမောင်က ဆရာတော်
သည့် လမ်းကြောင်း နှစ်ခုစလုံ
သဘောမတွေ့။


ရွှေ့လဆက်ရန်

ကျော



www.burmeseclassic.com

www.burmeseclassic.com



# သူခိုးမျက်ရည်

ပိုက်မင်းဇေဝ

သူသည်နေ့ သူငယ်ချင်းတွေနဲ့ ချိန်းထားသည်။

"အမေ ... သား သူငယ်ချင်းတွေနဲ့ ဘောလုံးပွဲသွားကြည့်မလို့ အဲဒါ .."

"သားရယ် ... အမေ့မှာလည်း ပိုက်ဆံက နည်းနည်းပဲရှိတော့တယ်"

"အမေကလဲဗျာ။ လမ်းစရိတ်လောက်ပါဗျ"

"ရော့ ... ရော့"

"နှစ်ထောင်တည်းလား"

"မယူချင်လည်းပြန်ပေး။ ဒါပဲရှိတယ်"

"ဟဲ ... ဟဲ၊ ရပါတယ်အမေရာ။ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ကပ်လိုက်သွားမှာပါ"

"သွားပေ့ ... သွား ... သွား။ အလုပ်ကျတော့ ရှာကြံမလုပ်ချင်ဘူး။ သည်အရွယ်ကြီးထိ မအေ့ဆီက လက်ဖြန့်တောင်းတုန်း"

"အမေကလည်း ဆိုင်ကယ်ဝယ်ပေးပါဆို ဝယ်မှမပေးဘဲနဲ့။ ဆိုင်ကယ်ရရင် အလုပ်ရသလိုပဲ။ ကယ်ရီဆွဲမှာပေါ့"

"နောက်လဝယ်ပေးမယ်လို့ ပြောထားသားပဲ"

"အမေ့ ကတိနော်၊ သွားပြီဗျို့"

□

သူ့အသက် နှစ်ဆယ့်ငါးဝန်းကျင်။ အလုပ်လုပ်နိုင်းလျှင် သူများအလုပ်မလုပ်ချင်ဘူး။ ဆိုင်ကယ်ဝယ်ပေး။ ကိုယ့်ဟာကိုယ် ကယ်ရီဆွဲမယ်ဟူ၍ ပြောသည်။ သူငယ်ချင်းတွေမှာ ဆိုင်ကယ်ကိုယ်စီနှင့်။ သူလည်း စီးချင်နေသည်။ သူပြောသလို ကယ်ရီဆွဲချင်၍တော့မဟုတ်။ တဝီဝီလုပ်ချင်နေ၍ဖြစ်သည်။

သူ့အမေပေးလိုက်သော နှစ်ထောင်ကို အိတ်ထဲထည့်ကာ သူငယ်ချင်းများရှိရာသို့ ဦးတည်လိုက်ပြီး သူ့အတွေးများမှာကား –

"အင်း ... အမေက နှစ်ထောင်၊ ဟိုကတစ်သောင်း၊ သောင်းနှစ်ထောင်။ အင်း ... လောက်ပါတယ်"

ဟု တွေးလျက် ပြုံးပြုံးကြီးလျှောက်လှမ်းနေ၏။ "ဟိုက တစ်သောင်း"ဆိုသည်မှာ အမေဈေးသွားခိုက် အမေ့အခန်းတွင်း သစ်သားစုဘူးထဲမှ နှိုက်ခဲ့ခြင်း ဖြစ်သည်။ သော့ကို သူဖွင့်တတ်သည်။ သည်လိုပဲ လိုအပ်လျှင် နည်းနည်းစီ နှိုက်နေကျ။ အမေကတော့ သိပုံမရ။

□

တစ်နေ့ သူအိမ်ရှေ့ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း လမ်းမဘက်ဆီမှ တဝီဝီပြေးလွှားနေသော ဆိုင်ကယ်များကို ငေးနေမိသည်။ ထိုအခိုက် –

"သားရေ ... ခဏလာဦး"

အမေ့ခေါ်သံကြောင့် "ဗျာ ... ဟုတ်ကဲ့"ဟု သူက အမေ့ဆီကို ထသွားသည်။ အမေက သူ့ရှေ့တွင် ထိုင်နိုင်းပြီး

"သား ... မင်းဆိုင်ကယ်လိုချင်တယ်ဆို"

"ဟုတ်တယ်လေအမေ။ အမေပဲ ရှေ့လဝယ်ပေးမှာဆို။ အခုဆိုရင် ကျော်တောင်နေပြီ"

အမေက ပြုံးလျက် –

"သားရယ် အမေ ကတိမပျက်ပါဘူး။ ဝယ်ပေးမှာပေါ့"

"ဗျာ ... ဘယ်တော့လဲ"

"သည်နေ့လေ သည်နေ့"

"ဗျာ ... အမေတကယ်ပြောတာနော်။ တကယ် ..."

ထခုန်မတတ် ဝမ်းသာသွားသော သူ့ကို အမေက –

"အေးပါသားရယ်၊ တကယ်ပေါ့။ သွား ... အမေ့အခန်းထဲ သစ်သားစုဘူး သွားယူခဲ့"

သူ ယောင်တောင်ပေါင်တောင်နှင့် သစ်သားစုဘူးကို သွားယူကာ အမေ့ရှေ့ချလျက် အမေက –

"ဒီမှာသော့။ ငါ့သားအတွက် အမေစုနေတာ လေးလရှိပြီ။ ခုလောက်ပြည့်ရောပေါ့။ သားအတွက် ဆိုင်ကယ်ဝယ်ပေးဖို့စုထားတာ။ ဖွင့်လိုက်ကြည့် ငါ့သား ..."

သူ သော့ကို တုန်ယင်စွာကိုင်ရင်း မျက်လုံးအိမ်ထဲမှ မျက်ရည်များက သစ်သားစုဘူးပေါ် တပေါက်ပေါက်။

ခေါင်းထဲမှာလည်း ဝီခေါ်နေသော တဝီဝီအသံများ။

သူ့အမေကတော့ သူ့ကို မှင်တက်စွာကြည့်လျက် ...။

ပိုက်မင်းဇေဝ

www.burmeseclassic.com

www.burmeseclassic.com



# ဇင်ယော်လေး

တစ်ကမ္ဘာလုံး (မန္တလေး)

အေးချမ်းကြပါစေ

www.burmeseclassic.com

www.burmeseclassic.com

လွယ်တာလန်းတောင်ကြောကြီးပေါ်မှာ
မြူနှင်းတွေ ဝေ့နေပြီ။
လေဝှေ့လိုက်တော့ နှင်းမြူတွေ တရွေ့ရွေ့သွားနေကြတယ်။
တောင်ကြောကြီးက ပျောက်သွားလိုက် ပေါ်လာလိုက်နဲ့။
ဒီအရပ်ဒေသက ရာသီဥတု အစိုးမရဘူး။
နွေအခါဆိုပေမယ့်လို့ မိုးက ရွာချင်ရွာမယ်။
မိုးအခါဆိုပေမယ့်လို့လည်း
နှင်းတွေကျချင်ကျမယ်။
ဒီအရပ် ဒီဒေသမှာ တာဝန်ထမ်းဆောင်နေတဲ့
အကိုတို့ ဒီသဘာဝတွေကို သိကျွမ်းနေပြီ မဟုတ်ဘူးလား။





www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်လေ၊ အကိုတို့ စစ်သားတွေဟာ အရာရာကို သိတတ်နားလည်တတ်တဲ့ လေ့ကျင့်ပြီးသား အမာခံတွေပဲ။ လွယ်လန်းတောင်ကြောကြီးပေါ်မှာနှင်းမြူတွေ အရင့်အရင်တုန်းကထက်ပိုဝေလာသလိုပါပဲ။ အရှေ့၊ အနောက်၊ တောင်နဲ့ မြောက် မြင်ကွင်းတွေပိတ်နေတယ်။ သဲသဲကွဲကွဲဘယ်နေရာကို မမြင်ရဘူးလေ။ နန်းရွှေယဉ်လို့ခေါ်တဲ့ ရွှေယဉ့်နာမည်ကိုလည်း အကိုက ရွှေယဉ်လို့ပဲ ခေါ်တယ်လေ။ ရွှေယဉ်တို့ရဲ့ ပန်ဝိုးဒေသတစ်ခွင်မှာလည်းပဲ အရပ်လေးမျက်နှာကို မမြင်ရဘဲ အမှောင်ကြီး ကျနေတုန်းပါပဲ အကိုရယ်။

တကယ်ဆိုရင် ဒီအချိန်မှာ တောင်စောင်းတွေပေါ်က တောင်ယာတွေခုတ်ပြီး မီးရှို့ပြီးချိန်ရောက်နေပြီ။ ဒါပေမယ့်လို့ ရွှေယဉ်တို့ တောင်ယာမီးမရှို့ကြရတော့ဘူးအကိုရယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖျက်သမားက ဒီပန်ဝိုးဒေသတစ်ဝိုက်မှာ ဘယ်သူမှ တောင်ယာမလုပ်ရတော့ဘူးလို့ အမိန့်ထုတ်ထားတာကြောင့်ပဲ။ တောင်ယာလုပ်ရင် စပါးရမယ်။ စပါးရရင် အကိုတို့ စစ်ကြောင်းတွေလာရင် ရိက္ခာရသွားမှာစိုးလို့တဲ့။ အကိုတို့ ရိက္ခာရမရတော့ မသိဘူး။ ရွှေယဉ်တို့တစ်တွေ ထမင်း မစား ကြရတော့ဘူးလေ။ ရွှေယဉ်တော့ အကိုတစ်ခါက ပြောပြခဲ့ဖူးသလို မင်းတို့တစ်တွေ တောင်ယာမီးခိုးတွေလည်း မဝေနိုင်၊ နယ်မြေကလည်း မအေးချမ်းဖွံ့ဖြိုးတိုးတက်မှုကလည်း အလှမ်းကွာလှချည်ကလားကွယ်။အကို အဲဒီလိုပြောတာ မှတ်မိသေးတယ်နော်။

အကိုတို့နဲ့ ရွှေယဉ်တို့ ဆုံခဲ့ဖူးတာကို ပြန်ပြီးသတိရမိပါသေးတယ်။ ရွှေယဉ်တို့ ရွာပုန်းတွေ ဆီမရွှေ့ရသေးခင် တစ်ချိန်တုန်းကပေါ့။ တပ်မတော်စစ်ကြောင်း တစ်ကြောင်း ရွာထဲကို ဝင်လာတယ်။ ကနဦးကတော့ သောင်းကျန်းကောင်တွေမှတ်ပြီးတစ်ရွာလုံး ချောက်ချားသွားကြတယ်။ နောက်တော့မှတပ်မတော်စစ်ကြောင်းမှန်း သိသွားကြလို့ အေးအေးဆေးဆေးဖြစ်သွားကြလေရဲ့။ သက်ကြီးရွယ်အိုတွေဖျားနေတာကို စစ်ကြောင်းမှူးက ဆေးအရာခံဗိုလ်နဲ့ သေသေချာချာ စစ်ဆေးကုသပေးတယ်။ အားဆေးတွေ စားဆေးတွေ ဝေငှပေးတယ်။ ရွာမှာက အဲဒီအချိန်တုန်းက ငှက်ဖျားတွေ တအားဖြစ်နေတဲ့အချိန်ပေါ့။ တိုက်ခိုက်ရေးရိက္ခာထဲက အမဲဘူးတွေကိုလည်း သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေ စားဖို့ဆိုပြီး ဝေငှပေးတယ်။ စစ်ကြောင်းကရဲဘော်တွေအတွက်တော့ ရွာလူကြီးက ရွာသားတွေနဲ့ညှိပြီး ဝက်နှစ်ကောင် ရောင်းပေးတယ်။ရွာဦးကျောင်းဆရာတော်ကိုတော့စစ်ကြောင်းမှူးက သကြား၊ နို့ဆီနဲ့ ဆန်တွေ လှူဒါန်းတယ်။ ဆရာတော်က တရားချီးမြှင့်ခဲ့တာပေါ့။

စစ်ကြောင်းက ခရီးဆက်ထွက်တော့ ရွာက ဘုန်းကြီးရော် ဒကာတွေ ဒကာမတွေ သက်ကြီး ရွယ်အိုတွေပါ လက်တွေပြပြီး ကျန်ရစ်ခဲ့ကြလေရဲ့။ အမေအိုဆို မျက်ရည်တွေ တောင်ကျလို့။ စစ်ကြောင်းမှူးက အကူအညီတောင်းလို့ နယ်မြေကျွမ်းတဲ့ လမ်းပြတစ်ယောက် ရှာပြီးထည့်ပေးလိုက်ရတယ်။ အဲဒီလမ်းပြက ရွှေယဉ်ရဲ့ အကိုကြီးလေ။ ပြီးတော့ နေမကောင်းဖြစ်နေကြတဲ့ သက်ကြီးရွယ်အိုတွေ အဘိုးအိုအဘွားအိုတွေကိုပါစစ်ကြောင်းနဲ့ထည့်ပေးလိုက်ကြတယ်။ ရွှေ့တန်းဆေးခန်းမှာ ဆက်လက်

ရွှေယဉ်တို့ တောင်ယာ
မီးမရှို့ကြရတော့ဘူ
အကိုရယ်။
ဘာဖြစ်လို့လဲဆိုတော့
အဖျက်သမားက
ဒီပန်ဝိုးဒေသတစ်ဝိုက်မှာ
ဘယ်သူမှ တောင်ယာ
မလုပ်ရတော့ဘူးလို့
အမိန့်
ထုတ်ထားတာကြောင့်
တောင်ယာလုပ်
စပါးရမ
စပါးရရင် အကို
စစ်ကြောင်းတွေလာ
ရိက္ခာရသွားမှာစိုးလို့
အကိုတို့ ရိက္
မရတော့ မသိ
ရွှေယဉ်တို့တ
ထမင်း
ကြရတော့ဘ



www.burmeseclassic.com

www.burmeseclassic.com

ပေးဖို့လည်း မှာလိုက် ။ ရွှေယဉ်တို့ မိန်းကလေး ောက်ကိုလည်း ခရီးလမ်း လျှောက် အဘိုးအဘွား ကို တွဲခေါ်ပြုစုဖို့ တာဝန် တိုက်တယ်လေ။ ဒါကြောင့် နဲ့ ရွှေယဉ်တို့ ဆုံစည်းခဲ့ ာ မဟုတ်လားအကို။

တစ်ခုတော့ရှိပါရဲ့။ စစ် ကြောင်းနဲ့ ရွှေယဉ်တို့ လိုက်သာ ခဲ့ရတယ်။ ကိုယ့်ရပ်ကိုယ့် တော့ ဘယ်လာခွာချင်ပ့ါ အမေ့ကိုလည်း လွမ်း ။ ရွှေယဉ်တို့ရဲ့ရွာကို ည်း လွမ်းတယ်။ ရွာက ခင် ရွှေ့ရတော့မှာလေ။ အမေ့ကို ပြန်မှတွေ့ရပါ လား မပြောတတ်ဘူး တော့က စစ်ကြောင်းနား ခါ ရင်ထဲကလှိုက်ပြီး ငို ာတယ်။ မျက်ရည်တွေ ည်း တားမရအောင်ပါပဲ။ ည်ငိုနေတာကို တွေ့တော့ တစ်ယောက်က လာ တယ်။

"ဘာဖြစ်လို့ငိုတာလဲ"တဲ့။ ရွှေယဉ်က ဗမာလိုပြော ပေမယ့်လို့ . .

"မဟုခ"လို့ ပြန်ပြော တယ်။

နောက်တော့ ဗမာလို ဘူးထင်ပြီး ဘယ်သူမှ လာမမေးကြတော့ဘူး။ စစ်ကြောင်းနဲ့ ခရီးသွားရတာ ရွှေယဉ်တို့တော့ ပျော်ပါတယ်။ နောင့်နောင့်ရေရာ နန်းခမ်းနွမ်းရော ပျော်နေကြပါတယ်။ အဘိုးအဘွားတွေကို လမ်းခရီးတစ်လျှောက်လုံးတွဲခေါ်ပြုစု၊ စားစရာတွေ ကျွေးမွေး။ ညစခန်းချတဲ့အခါမှာလည်း မီးဖိုပေးပြီး၊ ထွေးထွေးနွေးနွေးသိပ်ပေးကြတယ်။ နေမကောင်းနေတဲ့ အဘွားတွေဆို ထူထူထောင်ထောင်ကိုဖြစ်လို့။

ရွှေယဉ်တော့လေ အကိုတို့ တပ်မတော်သားတွေ သွားတာ လာတာ လုပ်တာကိုင်တာ ကြည့်ပြီးတဖြည်းဖြည်းသဘောပေါက်လာတယ်။ နားလည်း နားလည်လာတယ်။

အဖျက်သမားအုပ်စုထဲက စိုင်းရီပြောသလို ဗမာတပ်တွေ ရိုင်းတယ်၊ ဆိုးတယ်ဆိုတာ ခု ရွှေယဉ်မြင်တာတော့ ဘယ်မှာဟုတ်လို့လဲလို့။ ရောက်တဲ့နေရာတိုင်း ရွာဦးကျောင်းကို ဦးထိပ်ထားပြီးလှူတယ်။ တန်းတယ်။ သက်ကြီးရွယ်အိုတွေကို ပြုစုစောင့်ရှောက်တယ်။ ရွာသူရွာသားတွေရဲ့ ကျန်းမာရေးကို ဂရုစိုက်တယ်။ ဆေးဝါးကုသပေးတယ်။ ဘပ်မတော်ဆိုတာက စိုင်းရီပြောသလို ဗမာတပ်တွေမှမဟုတ်တဲ့။ အကိုတို့ တပ်ထဲမှာက ကချင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ကရင်၊ ရှမ်း စုံလို့ပဲပါတာ။ ဆရာကြီး လမိုင်နော်ဆို ဂျိန်းဖော၊ အကိုတို့ တပ်စိတ်မှူး ဆရာစောနေထွန်းဆိုရင် ကရင်၊ ဆေးအရာခံဗိုလ် ပွန်ဇာကျင့်က ချင်း၊ ပြည်ထောင်စု တပ်မတော်ပေါ့။

ရွာပုန်းတွေ တောင်ယာတွေ အကိုတို့ ဝင်ရှင်းတာ ရွှေယဉ်တို့ မြင်ပါတယ်။ ပိုင်ရှင်မရှိရင်တောင် မုန်ညင်းတစ်ပင်၊ ကျောက်ဖရုံသီးတစ်လုံး မဆွတ်ခူးကြဘူး။ အမိန့်နဲ့ စည်းကမ်းကို အတိအကျအသေအချာ လိုက်တာကြတာ။ ရွာပုန်းက ကြက်တို့ ဝက်တို့ ရောင်းပေးလို့ ငွေပေးတဲ့အခါ တန်ရာတန်ဖိုးထက်တောင် ပိုပေးတာ ရွှေယဉ်မြင်သားပဲ။ အကိုတို့ တပ်စိတ်က ဂီလာနတွေကို စောင့်ရှောက်ကာကွယ်ရတဲ့ တပ်စိတ်မို့ ရွှေယဉ်တို့နဲ့ အကိုတွေ့နေကြုံနေရတာပဲပေါ့။ အကိုတို့ စစ်သည်တွေ ရွှေယဉ်တို့ မိန်းမပျိုလေးတွေကို နှမအရင်းအချာလို . . ကြင်ကြင်နာနာ ဆက်ဆံစောင့်ရှောက်ခဲ့တာ မမေ့နိုင်ပါဘူး။

အဖျက်တပ်သားတွေလို . အဓမ္မပစ်ခတ်ပြီး စားဖို့ယူသွားတာမျိုးနဲ့တော့ ကွာခြားလှပါတယ်။ သင်းတို့တစ်တွေက အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဆိုတာ အကိုတို့ တပ်မတော်သားတွေနဲ့ ရင်းရင်းနှီးနှီးပွန်းပွန်းတည်းတည်း နေကြရတော့မှပဲ သဘောပေါက်လာရတော့တယ်။

ကနဦးက အကိုတို့တပ်မတော်သားတွေ ဘာကြောင့်မို့လို့ ဒီလောက် အပင်ပန်း အဆင်းရဲခံနေရသလဲဆိုတာ နားမလည်နိုင်အောင်ပါပဲ။ ရွှေရင်တို့ရဲ့ ဌာနေကမ္ဘောဇမြေဟာ ပြည်ထောင်စုရဲ့ သွေးရင်းသားချင်းတို့ မှီတည်းနေထိုင်ကြတဲ့ ဒေသမဟုတ်လား။ ဒီဒေသကို အကျည်းတန်အောင် အရုပ်ဆိုးအောင် ဖန်တီးနေတဲ့ ဟရားခံကတော့ အသားထဲက လောက်ထွက်တွေပါပဲ။ ကိုယ့်သွေးရင်း သားချင်းတွေကို နှိပ်စက်ကလူပြုတယ်။ ဆက်ကြေးတွေတောင်းတယ်။ အဓမ္မ တောင်းတယ်။ ချွေးနဲ့ရင်းပြီး ခါးချိအောင် ကုန်းရုန်းလုပ်ခဲ့ရတဲ့ တောင်ယာစပါး ကိုယ်စားဖို့တောင် မလောက်ငရတဲ့အထဲ သူတို့ကိုတောင် ခွဲဝေပေးနေကြရပါသေးတယ်။

မပေးဘဲ မနေရဲကြဘူးလေ။ စစ်တပ်လာရင် ရှောင်



www.burmeseclassic.com

www.burmeseclassic.com

ဒီဒေသကို
အကျည်းတန်အောင်
အရုပ်ဆိုးအောင်
ဖန်တီးနေတဲ့
တရားခံကတော့
အသားထဲက
လောက်ထွက်တွေပါပဲ။
ကိုယ့်သွေးရင်း
သားချင်းတွေကို
နှိပ်စက်ကလူပြုတယ်။
ဆက်ကြေးတွေ
တောင်းတယ်။
အဓမ္မတောင်းတယ်။
ချွေးနဲ့ရင်းပြီး
ခါးချိုအောင်
ကုန်းရုန်းလုပ်ခဲ့ရတဲ့
တောင်ယာစပါး
ကိုယ်စားဖို့တောင်
မလောက်ငှရတဲ့အထဲ
သူတို့ကိုတောင်
ခွဲဝေပေးနေကြ
ရပါသေးတယ်။

ကြ၊ ပုန်းကြရတယ်။ အတွေ့မခံရဘူးတဲ့။ သူတို့က အမိန့်ထုတ်ထားတယ်။ မလိုက်နာရင် သစ်ပစ်မယ်ဆိုတော့ ကြောက်တာနဲ့ လိုက်နာကြရတယ်လေ။ လောလောဆယ်မှာတော့ ဝတ်စရာအဝတ်မရှိဘူး။ စားစရာဆန်မရှိဘူး။ ဖျားနာနေလို့ ဆေးဝါးဆို ဝေလာဝေး။ လူကြီးတွေကတော့ သရောကြီးနိုင်းတယ်လို့ပြောကြတယ်။ ရွှေယဉ်တို့ နားလည်ပါတယ်။ သက်ကြီးရွယ်အိုတွေဟာ ဆေးဝါးမရှိ၊ စားစရာမရှိ၊ စားတဲ့အစာကလည်း အာဟာရမဖြစ်၊ ရာသီဥတုဒဏ်လည်း မခံနိုင်ကြတော့ ရောဂါဘယတွေဝင်ပြီး မကျန်းမမာဖြစ်ကြပြီး ဒီလိုနဲ့ လူကြီးတွေတော်တော်များများ သေသွားကုန်ကြပြီ။

အကိုတို့ကို ဝက်ရောင်းပေးတဲ့ ဦးကြီးစောသာဖိုးလည်း မရှိရှာတော့ဘူး။ ရွှေယဉ်တို့ ဘွားအေကြီး နန်းအဲနွေးလည်း ဆုံးသွားပြီ။ အဘိုးကတော့ **တောင်ဝှေးတစ်ချောင်းနဲ့ သွားနိုင် လာနိုင်တုန်းပါပဲ။** ကျန်းမာရေးက နည်းနည်းညံ့လာပြီမို့ ခပ်ပိန်ပိန်ပဲ။ နှစ်ကုန်အထိ တောင်နေရပ့ါမလားပြောတတ်ဘူး။ ရွှေယဉ်တို့တော့ အခုလို ဆေးဝါးမရှိ၊ စားစရာမရှိ၊ ဒုက္ခ ရောက်နေတဲ့အချိန်မှာ အကိုတို့ကို အရမ်းသတိရမိတမ်းတမိပါတယ်။ အကိုတို့ စစ်ကြောင်းမှူးနဲ့ တပ်မတော်သားတွေရဲ့ စေတနာကိုလည်း နားလည်ကျေးဇူးတင်မိပါတယ်။ အဖြူနဲ့အမည်းလို ကွာခြားလှတာကိုလည်း မြင်ရတယ်။ အသားထဲကလောက်ထွက်လာတဲ့အဖျက်သမားတွေကိုလည်း နာကျည်းမိပါတယ်။ သောင်းကျန်းမျိုးဖျက်ကောင်တွေကို တူးတူးခါးခါး မုန်းမိတယ်။ ရွှေယဉ်တို့တစ်တွေ အနေဆင်းရဲခြင်း ဒုက္ခ၊ အစားဆင်းရဲခြင်းဒုက္ခ၊ အဝတ်ဆင်းရဲခြင်းဒုက္ခတွေ တနင့်တပိုးကြီး ခံစားခဲ့ရတယ် မဟုတ်လား။ ဒုက္ခန့်ကြီးထဲမှာ ရွှေယဉ်တို့ စုန်းစုန်းမြုပ်နေကြရတယ် အကိုရယ်။

ရွာပုန်းတွေမှာ တောင်ယာကို ဖြစ်သလိုလုပ်ကြရတော့တောင်ယာစပါးကလည်း အထွက်နည်းလှပါတယ်။ ဖရုံသခွားလည်းမအောင်ဘူးလေ။ ဝါကလည်း အနည်းအကျဉ်းပဲ စိုက်နိုင်တော့ လုံချည်တစ်ကွင်း၊ စောင်တစ်ထည်လောက်ပဲ ရက်ဖို့တောင်အနိုင်နိုင်။ ချည်မရတော့တဲ့အတွက် ရွှေယဉ်တို့လည်း လုံချည်တစ်ထည်တည်းနဲ့ စခန်းသွားနေရတော့တယ်။ အဖိုးဆို စောင်မရှိလို့ ညညဆို မီးလှုံပြီး မီးနားကပ်နေရတဲ့ အထိပါပဲ။ ဒီနှစ်ဆောင်းတ[...] အေးလိုက်တာ အရိုးကွဲမတတ်ပါပဲ။

ဆည်းဆာဟာ အရောင်မှိန်နေပြီ။ နီစွေးစွေးပဲ ကျန်[...] တော့တယ်။ နှင်းမြူတွေတ[...] တော့ ဝေနေတုန်းပါပဲ။ [...] အချိန်မျိုးပေါ့။ အကိုတို့ တပ်[...] စိတ်အပါအဝင် တပ်စုတစ်[...] ကင်းပုန်းဝပ်ဖို့သွားခဲ့ကြတယ်[...] လေ။ မြူတွေကဆိုင်း၊ လေတွေ[...] က တိုက်နဲ့။ ရာသီဥတုက[...] လည်းဆိုးလိုက်တာ။ ရွှေယဉ်[...] တို့တစ်တွေ အဘိုးအဘွားတွေ[...] အနားမှာနေရင်းက ရင်တွေ[...] နေတယ်။ စိတ်တွေလည်း[...] လေးနေတယ်။ ဘာဖြစ်လို့[...] လိမ့်လို့ အောက်မေ့မိတယ်[...] မမှောင်ခင်မှာ အကိုတို့ထွက်[...] သွားတဲ့ဘက်ကနေ သေနတ်[...] သံတွေ ကြားလိုက်ရတယ်။ [...] ကြောင်းမှူးက ချက်ချင်းပဲ တပ်[...] ခွဲမှူးနဲ့ တပ်စုနှစ်စုစေလွှတ်[...] လိုက်တယ်။ မကြာခင်ပဲ [...] နတ်သံတွေ၊ လက်နက်ကြီး[...] ပေါက်ကွဲသံတွေ ဆက်တိုက်[...] ကြားရပြန်တယ်။ ရွှေယဉ်တို့[...] တအားတုန်လှုပ်နေကြပြီ[...] ကြောက်လည်း ကြောက်နေကြ[...] ပြီ။



www.burmeseclassic.com

www.burmeseclassic.com

သန်းခေါင်လောက်မှာ
ပ်ခွဲမှုနဲ့ ရဲဘော်တွေပြန်
ရောက်လာကြတယ်။ ပြောနေ
ကြားရတာက သောင်း
နှုန်းကောင်နှစ်ဆယ်လောက်
တိုက်ပွဲဖြစ်တာတဲ့။ အကိုတို့
င်းပုန်းဝပ်တဲ့နေရာကို ရန်သူ
ပြေးသုံးယောက် တက်လာ
တွေ့လို့ တပ်ကစပစ်တာ
တိုက်ပွဲဖြစ်ကြတာပေါ့။
သူက လူခွဲပြီး တက်လာကြ
အတွက် တပ်နဲ့ ပြင်းပြင်း
ထန်တိုက်ပွဲဖြစ်ကြတယ်။
လိုက်သွားတဲ့ အဖွဲ့လည်း
ရောက်ရော ရန်သူက မခံနိုင်
ဒရောသောပါး ဆုတ်ပြေး
တယ်။ ရန်သူအလောင်း
လောင်း၊ လေးယောက်
ရရပြီး ဆုတ်ပြေးကြ
၊ အကိုတို့ တပ်က တစ်
ောက် အပြင်းအထန်ဒဏ်
ခဲ့တယ်။ အဲဒါ အကိုပဲ

ဒဏ်ရာတွေနဲ့ သယ်လာ
အကို့ကိုမြင်မိလိုက်တော့
ယဉ်မျက်လုံးတွေ ပြာသွား
၊ ရင်ထဲကလည်း လှိုက်
လှဲ့လှဲ့ ဖြစ်လာတယ်။
ရည်ဆိုတာထိန်းလို့တောင်
ပေါက်ပေါက်ကျလို့။
ထဲကနေ အကျယ်ကြီး
လိုက်မိသလိုပါပဲ။ "အကို
ရယ်" လို့ . . ။ အဲသည်နေ့က
အကြမ်းဖက်သောင်းကျန်းအဖွဲ့
အထိနာသွားတယ်လေ။ တစ်
ဖက်က ဝမ်းသာရသလောက်
တစ်ဖက်ကတော့ ဝမ်းနည်း
မဆုံး ဖြစ်ရပြန်တယ်လေ။ စစ်
ကြောင်းမှူးဆို ကြိတ်မနိုင်ခဲမရ
ဖြစ်လွန်းလို့ မျက်နှာကြီးကို နီ
လို့။ အကို့ကို ဆေးတပ်သားက
ပွေ့ထားလို့ ဒဏ်ရာတွေနဲ့ မှိန်း
နေတယ်။ သွေးတွေဆိုတာ
မြင်မကောင်းဘူး။ ရင်ဝမှာ
တစ်ချက်၊ ဗိုက်မှာ တစ်ချက်
မှန်တာလို့ ပြောသံကြားရ
တယ်။ ချုပ်ရိုးတွေ ဗလပွနဲ့
အကိုဝတ်ထားတဲ့ စစ်ဝတ်စုံ
တစ်ခုလုံး သွေးတွေဆိုတာ မြင်
မကောင်းဘူး။ အကို့ဝတ်စုံတစ်
ခုလုံး သွေးတွေချင်းချင်းနီနေ
ပြီ။ အကို့ဝတ်စုံတွေ ပြနေလို့
ရွှေယဉ်ချုပ်ပေးထားတာမို့လား။
နန်းခမ်းနွမ်းက ရွှေယဉ့်ကို
အားပေးရှာပါတယ်။

"ရွှေယဉ်ရယ် စိတ်ကို
ထိန်းစမ်းပါ။ သူ မသေနိုင်ပါ
ဘူး။ ရဟတ်ယာဉ် လာသယ်
လို့ တပ်မတော်ဆေးရုံကို
ရောက်ရင် သက်သာသွားမှာ
ပါ"

လို့ ပြောတယ်။ ဒါပေ
မယ့် စိတ်ပူတာကတော့ လျော့
မသွားဘူးလေ။

"တန်ခိုးတော်အစုံ၊ ဂုဏ်
တော်အနန္တနှင့် ပြည့်စုံတော်မူ
သော မြတ်စွာဘုရား၊ အကို
ဒဏ်ရာများ သက်သာပျောက်
ကင်းပါစေ၊ အသက်ရှင်ပါစေ၊
ကျန်းမာပကတိ ချမ်းသာစွာ
ရှိပါစေ"

လို့ ရင်တွင်းက ကြိတ်ပြီး
ဆုတောင်းမိပါတယ်။

အကိုဟာ . . အဲဒီညက
တစ်ညလုံး ဒဏ်ရာကြောင့်
တဟင်းဟင်းညည်းနေရတယ်။
ဆေးအရာခံဗိုလ် ဆရာကြီးပွန်
ဇာကျင့်နဲ့ ဆေးတပ်သားနှစ်
ယောက် အကို့ဘေးနားမှာထိုင်
ပြီး မနားမနေပြုစုပေးနေ
တယ်။ ဒဏ်ရာသက်သာ
အောင် ဆေးထိုးပေးထားတယ်
လို့ ပြောပေမယ့် အကိုမအိပ်
နိုင်ဘူးထင်ပါရဲ့။ တဟင်းဟင်း
ညည်းနေတယ်။ ရွှေယဉ်ကိုယ်
တိုင် အကို့အနားမှာလာပြီး
ပြုစုပေးချင်လိုက်တာ။

နောက်တစ်နေ့နံနက်မှာ
ရာသီဥတုသာသာယာယာရှိနေ
တာမို့ စစ်ကြောင်းက စက်နဲ့
အဆက်အသွယ်ယူပြီး ရှေ့
တန်းဌာနချုပ်ကို တင်ပြလိုက်
တဲ့အခါ လားရှိုးက ရဟတ်
ယာဉ်ရောက်လာတယ်။ အကို့
ကို လမ်းမှာသွေးသွင်းရမှာမို့
တပ်ကြပ် ဆရာထွန်းတင်လိုက်
သွားရတယ်။ ရဟတ်ယာဉ်က
အကို့ကို သယ်ဆောင်ပြီး
ကောင်းကင်ပြာထဲကို ပျံတက်
သွားတဲ့အထိ ရွှေယဉ်လှမ်း
မျှော်ကြည့်နေမိတယ်လေ။ ဒါ
ပေမယ့်လို့ ရဟတ်ယာဉ်ကို ရွှေ
ယဉ်မမြင်ရတော့ဘူး။ မျက်လုံး
ထဲမှာ မျက်ရည်တွေ ပြည့်နေလို့
ပေါ့။ ကောင်းကင်ပြာကြီးက
လည်း မပြာတော့ဘူး။ ဝေတေ
တေ ဝါးတားတား ဖြစ်နေပြီ။
မျက်ရည်တွေနဲ့ဖုံးနေလို့လေ။
စိတ်တွင်းကပဲ အကို့ကို နှုတ်
ဆက်လိုက်ပါတယ် အကိုရယ်။

ရွှေယဉ်တို့တစ်တွေက
တော့အကိုသွားပြီဆိုတဲ့နောက်
အမှောင်ကမ္ဘာထဲမှာပဲ ကျန်ခဲ့
ပါတော့တယ်။ အကို့နောက်ကို
ရွှေယဉ်ရဲ့ အသည်းနှလုံးတွေပါ
သွားသလိုပါပဲ။ အကိုထွက်
သွားပြီး စစ်ကြောင်းလည်း
နယ်မြေရှင်းသွားတယ်။ ရွှေ
ယဉ်တို့တစ်တွေကတော့ ပြေး
စရာမြေမရှိ၊ ပေးစရာငွေမရှိ
ဘူးလေ။ ဒါပေမယ့်လို့ ကိုယ့်
အရပ်ဒေသမှာ ကိုယ့်တောင်
ယာလေး ကိုယ်ခုတ်၊ ကိုယ့်ယာ
ကလေးကိုယ်ထွင်၊ စပါးနဲ့
ပြောင်းစိုက်ပြီး ဝမ်းရေးအတွက်
နဖူးက ချွေး၊ ခြေမကျအောင်
အလုပ်လုပ်ရတယ်။ မှတ်မှတ်
ရရ အကိုတို့ ရဟတ်ယာဉ်နဲ့


www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားတာ သုံးလပြည့်တဲ့နေ့။ တောင်ယာခုတ်ပြီး မီးရှို့ကြတယ်။ နေ့လယ်စာစားဖို့ တောင်ယာနားမှာ နားနေကြတုန်း စစ်ကြောင်းတစ်ခု နယ်မြေရှင်းလင်းရင်းနဲ့ ရောက်လာတယ်။ ရွာထဲကို ဝင်လာကြပြီး ခဏနားကြတယ်။ သောင်းကျန်းသူသတင်းရလို့ လိုက်တာတာတဲ့။ စစ်ကြောင်းပြန်ထွက်သွားပြီး ညနေပိုင်းမှာ နောင့်နောင့်တို့ သားအဖ ရောက်လာကြတယ်။ သူတို့ ယူလာကြတဲ့ သတင်းက အမင်္ဂလာသတင်းလေ။ ရွှေယဉ် ပုံလဲသွားလု မတတ်ပါပဲ။

"အကိုဆေးရုံမှာ တစ်ပတ်ပဲခံတယ်။ ဆုံးပြီတဲ့"

ရွှေယဉ် ပုံလဲကျလု မတတ်ပါဘဲ အကိုရယ်၊ ဆေးရုံကို ရောက်ရင် သက်သာသွားမှာ။ မသေနိုင်တော့ဘူးဆို . . ခုတော့ . .။ ရွှေယဉ်ရဲ့နှလုံးသားထဲမှာ နာကျင်ခဲ့ရတာကနေ့အထိပါပဲအကို။ အကို့ကို တမ်းတ မှန်းဆရတဲ့စိတ်တွေကို မေ့ပစ်ပြီး ကိုယ့်ရပ်ကိုယ့်ဒေသ၊ ကိုယ့်ရပ် ကိုယ့်ရွာမှာပဲ တောင်ယာကလေးခုတ်၊ ယာကလေးလုပ်ပြီး အေးအေးလူလူ စိတ်လက်အေးချမ်းစွာနေချင်ပါတော့တယ်။

ဒါပေမယ့်လို့လေ . .။

တစ်နေ့မနေ့က နန့်ပန်ရွာက ဦးစိုင်းအုန်းရောက်လာတယ်။ ဦးစိုင်းအုန်းပြောသွားတဲ့သတင်းက ကြောက်ခမန်းလိလိပါပဲ။ သောင်းကျန်းအဖွဲ့ထဲက အဖွဲ့တစ်ဖွဲ့ရောက်လာပြီး မီးရှို့ကြတယ်။ သက်ကြီးရွယ်အိုတွေ၊ မိန်းမနဲ့ ကလေးတွေ၊ ရွာသူရွာသားတွေကို ပစ်ခတ်သတ်ဖြတ်သွားကြတယ်။ ရွာထဲက အိမ်တွေကိုဝင် ရွှေငွေပစ္စည်းတွေကိုလည်း လုသွားကြတဲ့အပြင် နွားတွေ ဝက်တွေကိုလည်း သတ်ဖြတ်စားသောက်သွားကြသေးတယ်။ ကျေးရွာပြည်သူ့စစ်အဖွဲ့က လည်း အသက်စွန့်ပြီးတိုက်ခိုက်ခုခံပေမယ့် လက်နက်အင်အားက မမျှလို့ ပြည်သူ့စစ်လေးယောက်ကျဆုံးသွားရတယ်။ အကိုစိုင်းလုံက နမ်းပန်ရွာမှာ သူ့မိသားစုနဲ့သွားနေတာမို့ ပြည်သူ့စစ်လေးယောက်ကျဆုံးတဲ့အထဲမှာ အကိုစိုင်းလုံပါသွားတယ်။

ပြည်နယ်ကောင်းစားရေးလို့ နားထောင်ကောင်းအောင် အသံကောင်းဟစ်နေပေမယ့်လို့ စင်စစ်တော့ ဒင်းတို့တစ်တွေက မူးယစ်ဆေးရောင်း၊ လူသတ်၊ ဓားပြတိုက်၊ ရွှေငွေပစ္စည်းတွေ အကြမ်းဖက်လုယက်၊ ကျေးရွာသားတွေ အတင်းအကြပ် ဖမ်းဆီးလူသစ်စုနေတဲ့အပြင် ရွာကိုလည်းမီးရှို့ဖျက်ဆီးလုပ်နေကြတာ ရွှေယဉ်တို့မျက်မြင်ပဲလေ။

ရွှေယဉ်တို့မှာတော့ . . ကိုယ့်လူမျိုးအချင်းချင်း၊ သွေးတူမွေးတူချင်း တစ်ကိုယ်ကောင်းစိတ်နဲ့ သွေးပင်လယ်ဝေအောင် သတ်ဖြတ်နှိပ်စက်ခံနေကြရပြီ။ စားစရာကလည်း နတ္ထိ။ ဝတ်စရာကလည်းမရှိ။ ငတ်တစ်လှည့်ပြတ်တစ်ခါဘဝမျိုး ရောက်နေကြပြီမဟုတ်လား။ကံဆိုးရတဲ့အထဲ မိုးမှောင်ကြီးကလည်း ကျနေတယ် အကို။ လွယ်တာလန်းတောင်ပေါ်ကြီးမှာ နှင်းမြူတွေဝေနေတယ်။ လေတိုက်လိုက်တဲ့အခါ အဝေးကို လွင့်သွားလိုက်၊ ခဏကြာ ပြန်ဖုံးသွားလိုက်နဲ့ပေါ့။ ရွှေယဉ်ရဲ့ ရင်ထဲမှာတော့ အကို ထာဝရရှိနေလိမ့်မယ်လို့ အမြဲအစဉ်မှတ်ယူထားတယ် အကို။ သန့်စင်တဲ့မေတ္တာ၊ မွန်မြတ်တဲ့ စေတနာ၊ နူးညံ့သိမ်မွေ့တဲ့ အကြင်နာတရားတွေနဲ့ ပြည့်လျှံနေတဲ့ အကိုအပါအဝင် တပ်မတော်သားတွေရဲ့ ကရုဏာလက်အစုံကို ဘယ်သောအခါမှ မေ့နိုင်တော့မယ်မထင်ပါဘူး။

ဟော . . အကို၊ ဝမ်းသာစရာသတင်းတစ်ခုကလေ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နဲ့ ရှမ်း ပြန်လည်ထူထောင်ရေး ကောင်စီတို့ ဆွေးနွေးကြပြီး သဘောတူလက်မှတ်ထိုးကြ တယ်တဲ့။ အဲဒီလိုဆိုရင် ရွှေ ယဉ်တို့ အေးချမ်းသွားပြီပေ နော်။ အတိုင်းမသိ ဝမ်းသာ မိတယ်အကို။ ရွှေယဉ်တို့ တောင်ယာလည်း ခုတ်နိုင်ပြီ။ ဝါလည်း စိုက်နိုင်ပြီ။ တောင် ယာတွေမှာ မီးခိုးတွေ ဝေကြ ပေါ့အကိုရေ။

တကယ်လို့များ တန်ခိုး ရှင် တစ်ဦးဦးကများ တောင် တိုင်းပြည့်စေမယ့် ဆုတစ်ခု များ တောင်းပါဆိုလို့ တောင် ရမယ်ဆိုလို့ရှိရင် ရွှေယဉ် တောင်းချင်တဲ့ ဆုကတော့ . .

"တစ်ကမ္ဘာလုံး ငြိမ်းချမ်း နိုင်ကြပါစေ" ဆိုတဲ့ ဆု အကိုရယ် . .။

**ခင်မောင်အေး**
**(မန္တလေး)**



www.burmeseclassic.com

# (၁၂)နှစ်သမီး သေဆုံးသွားမှု

# အိမ်ဖော်ကို ထောင်ဒဏ်(၂၀)နှစ် အပြစ်ပေး

ဦးဦးသိန်း

၂၀၁၀၊ နိုဝင်ဘာလ ၂၄ ရက် နံနက် ...။

စင်ကာပူနိုင်ငံ၊ ဟိုးယူးရန်းအိမ်ရာရှိ တိုက်ခန်းတစ်ခန်း၌နေသော မစ္စတာလီးကိုင်ယမ်း၏ အင်ဒိုနီးရှားအိမ်ဖော် နူးဟာယာတီး (ပုံ-၁)သည် အိမ်ရှင်မစ္စတာယမ်း အလုပ်သွားသောအခါ (အိမ်ရှင်၏ဇနီးဖြစ်သူကလည်း အိပ်ခန်းထဲ၌ အိပ်ပျော်နေသည့်အခါ) အိမ်ရှင်ယမ်း၏ အသက် ၁၂ အရွယ် ဒုက္ခိတမလေး လင်ဒါ(ပုံ-၂)ကို ချီ၍ အိမ်ရာ၏အထပ် ၁၆ ထပ်ပေါ်မှ ပစ်ချလိုက်ရာ ဒုက္ခိတမလေး လင်ဒါ သေဆုံးသွားရှာ၏။ (လင်ဒါသည် မွေးရာပါ ကိုယ်အင်္ဂါမသန်မစွမ်းသူ ဖြစ်ပြီး စိတ်မှာလည်း ပုံမှန်မရှိသော ဒုက္ခိတမလေး ဖြစ်၏။)

အိမ်ဖော် နူးဟာယာတီးသည် အလုပ်လုပ်ရာတိုက်ခန်းသို့ ပြန်လာပြီး ကလေးမလေး လင်ဒါကို လူနှစ်ယောက်က ပြန်ပေးဆွဲသွားပြီး ပြန်ပေးသမားများကလည်း သူမကို ဗျာထဲထည့်လိပ်ထားခဲ့သည်ဟု စိတ်ကူးပြီး ဗျာလိပ်တစ်လိပ်ထဲ၌ အဝတ်မပါဘဲ ဝင်နေလိုက်၏။

လင်ဒါ၏မိခင်ဖြစ်သူ မဒမ်တန် အိပ်ရာမှနိုးလာသောအခါ သမီးနှင့် အိမ်ဖော်ကို မတွေ့ရသည့်အတွက် အိမ်အနှံ့လိုက်ရှာ၏။ မည်သူ့ကိုမှ မတွေ့ရ၍ အိမ်အောက်သို့ဆင်းသွားပြီး လိုက်ရှာ၏။ (တိုက်မြင့်ပေါ်မှ ပစ်ချခြင်းခံရသော လင်ဒါ၏ အလောင်းကို တက္ကစီမောင်းသမားတစ်ယောက်က တွေ့သဖြင့် ရဲတို့ကို အကြောင်းကြားသောကြောင့် ရဲတို့ရောက်လာပြီး အလောင်းကို စစ်ဆေးကြ၏။)



ပုံ(၁) အိမ်ဖော် နူးဟာယာတီး



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၂) သေဆုံးသူ လင်ဒါ

လင်ဒါ၏မိခင်သည် သေနေသော သမီး၏ အလောင်းကို တွေ့သောအခါ ရဲတို့အား မိမိသမီးဖြစ်ကြောင်း ပြောပြ၏။ ရဲတို့က မဒမ်တန်တို့နေသော အခန်းသို့ တက်လာပြီး စစ်ဆေးရာ အိမ်ဖော်ကိုတွေ့၍ စစ်ဆေးမေးမြန်း၏။

အိမ်ဖော်က လင်ဒါကို လူနှစ်ယောက်က ပြန်ပေးဆွဲသွားသည်ဟုပြောရာ ရဲတို့က သူမကို လိမ်ညာမပြောနဲ့ အမှန်အတိုင်းပြောပါဟုပြောသောကြောင့် သူမက မိန်းမတစ်ယောက် လင်ဒါကို ခေါ်သွားပြီး တိုက်မြင့် ထိပ်ပေါ်က ပစ်ချလိုက်ကြောင်း၊ ထိုမိန်းမက သူမကိုလည်း ထိုအကြောင်း မပြောဖို့ သတိပေးခြိမ်းခြောက်သွားသည်ဟု လိမ်ပြောပြန်၏။ သို့သော် ရဲတို့က ထပ်မံစစ်ဆေးမေးမြန်းသောအခါ အိမ်ဖော် နူးဟာယာတီးသည် နောက်ဆုံး၌ အမှန်အတိုင်း ဝန်ခံလိုက်၏။

"အိမ်ရှင် မစ္စတာလီသည် သူမ၏အလုပ်ကို ဝေဖန်ကြောင်း၊ သန့်ရှင်းရေးလုပ်တာ မကောင်းဘူးဟု သူမကို အပြစ်တင်လေ့ရှိကြောင်း။ ထို့ကြောင့် သူတို့၏သမီးကို ယခုကဲ့သို့ ပြုလုပ်လိုက်ကြောင်း"ဖြင့် ဝန်ခံလိုက်၏။

ရဲတို့သည် အိမ်ဖော်ထံမှ မှတ်စုစာအုပ်ကို ရှာဖွေတွေ့ရှိရာ ထိုမှတ်စုစာအုပ်ထဲ၌ အိမ်ဖော်က ဘာဟာဆာအင်ဒိုနီးရှားစာဖြင့် –

"ငါ့မှာ မိသားစုမရှိ၊ ဆွေမျိုးလည်းမရှိ၊ ငါ ဘယ်သူ့ထံမှ အကူအညီတွေ့ောင်းရမှာလဲ။ ငါထွက်ပြေးချင်တယ်။ ငါဘယ်လို ထွက်ပြေးရမှန်း မသိ"ဟု ရေးသားထားသည်ကို တွေ့ရ၏။

အိမ်ဖော်နူးဟာယာတီးကို မစ္စတာလီးကိုင်ယမ်းသည် အိမ်ဖော်များကို စပ်ဟပ်ပေးသည့် အလုပ်လုပ်ရာ အေးဂျင့်မှတစ်ဆင့် ငှားရမ်းခဲ့ပြီး နူးဟာယာတီး၏ အသက်မှာ ၁၆ နှစ်ကျော်ကျော်သာ ရှိသေးသော်လည်း သူမက အသက် ၂၄ နှစ်ရှိပြီဟု လိမ်ညာထားခဲ့၏။

နူးဟာယာတီးသည် မစ္စတာလီး အိမ်သို့ရောက်ပြီး ၁၄ ရက်အကြာတွင် ယခုကဲ့သို့ ကြောက်မက်ဖွယ်ရာ ပြစ်မှုကို ကျူးလွန်လိုက်ခြင်း ဖြစ်၏။

သူမသည် ဦးစွာပထမ မစ္စတာလီး၏ ကော်ဖီထဲတွင် ပိုးသတ်ဆေးခပ်ပြီး မစ္စတာလီးကို သတ်ရန် အားထုတ်ခဲ့သော်လည်း မစ္စတာလီးက ကော်ဖီထဲ ပိုးသတ်ဆေးအနံ့ရ၍ မသောက်သောကြောင့် အိမ်ဖော်သည် ထိုအကြံကို ဆက်မလုပ်တော့ဘဲ လင်ဒါကို သတ်လိုက်ခြင်းဖြစ်၏။

(အိမ်ဖော်သည် ပိုးသတ်ဆေးကို အခြားအိမ်ဖော် တစ်ယောက်ထံမှ ရ သည်ဟု ဝန်ခံ၏။)

အိမ်ရှင်မစ္စတာလီးက အိမ်ဖော် နူးဟာယာတီးသည် အိမ်ဖော်အလုပ်ကို မကျွမ်းကျင်သည်ကို မိမိသိသော်လည်း အခြားအိမ်ဖော်တစ်ဦး မရမီ ခေတ္တခေါ် ထားစဉ် သူမသည် ယခုကဲ့သို့ ရက်စက် သောပြစ်မှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း ဖြင့် ပြောပြ၏။

မစ္စတာလီးသည် ယာဉ်မောင်း သမားတစ်ယောက် ဖြစ်ပြီး သူ့ဇနီးမှာလည်း ငွေကိုင်စာရေးမတစ်ယောက်ဖြစ် ၏။

တရားရုံးတော်မှ အိမ်ဖော်နူးဟာ ယာတီး၏ အမှုကို စစ်ဆေးကြားနာပြီးနောက် ၂၀၁၂၊ အောက်တိုဘာလ ( ရက်နေ့၌ အိမ်ဖော်နူးဟာယာတီးအား ထောင်ဒဏ်နှစ်(၂၀) ကျခံရန် အပြစ် လိုက်၏။


ဦးဦးသိန်း

***Strait Times. 9-10-2012.***



www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းစဉ်ကလေး

ချိုသာ

ကျုပ် အငှားဆိုင်မှာ စတွေ့တာ ငြိမ်းကျော်ရဲ့ လုံးချင်းဖြစ်တဲ့ 'နှလုံးသား မြို့ဟောင်း တူးဖော်ချက် နောက်ဆုံးအသိ ခင်းခံစာ'ပဲ။ စာလုံးရေ စုစုပေါင်း (၁၅)လုံး တိတိ ရှိတယ်။ ခေါင်းစဉ်ရှည်လို့ စိတ်ဝင်စားပြီးဖတ်တာ။ ငြိမ်းကျော်ဆိုတာ ဘာ မှန်းသိတာ မဟုတ်ဘူး။ ကျုပ် ဖေတော့ ကောင်တော့ အချစ်ဝတ္ထုမျိုးစုံ ဖတ်သက် ရင့်ပေမဲ့ သူ့ရေးဟန်က ဖမ်းစားလို့ ကျုပ် ငြိမ်းကျော်ပရိသတ် ဖြစ်ရတာ။ အတိ ကျတော့မဟုတ်ဘူး။ ကျုပ်မှတ်မိတာ က "ဘယ်မိန်းကလေးကိုမှ မောင် ကြည့်ဘူး၊ သားတစ်ရာ မြေးတစ်ဖြာ ညည်အထိ။ ဖြေလေ ဖြူရဲ့"လို့ ငြိမ်းကျော်က သူ့ဇာတ်ကို သိမ်းတာ။ အောင်မာကွာ ...။

*

ကျုပ်အဖေ ခေါင်းတုံးကြီးက လာ ပြောတယ်။

"ကျောက်စရစ်တောမာခေါင်ခေါင် အတောင်ကျွတ်သောကြိုးကြာ ရေရှာ ချောတိသကဲ့သို့"တဲ့။ အောင်မာကွာ။

စာလုံးရေ စုစုပေါင်း (၂၃)လုံးတိတိ ရှိတယ်။ ကျုပ်နဲ့ လက်ပွန်းတတီးမို့ မေတ္တာ လက်ဆောင်ပေးလို့ ကျုပ်ဖတ်ရတယ်။ သူ့ခံစားမှု၊ သူ့အတတ်ပညာနဲ့ ဖန်တီး ထားတာပဲ။ ဆရာကြီးမောင်သာရလေ မကောင်းဘဲနေပါ့မလား။ ကျုပ် သူ့ နောက်ကွယ်မှာ သူ့ကို 'ကြိုးကြာ'လို့ ခေါ်တယ်။ သူ့ဒုတိယဇနီး ဆရာကတော် အေးအေးမြင့်(ခ)မအိကို 'ကြိုးကြာမ'လို့ ခေါ်တယ်။ ဘာဖြစ်လဲ။ ဘာဖြစ်လဲ။ အောင်မာကွာ ...။

*

ကျုပ်အမေ ပြည်သူ့တရုတ်ပြည် ကြီး The People's Republic of China က ကျုပ်ကို ပုခက်လွှဲပြီး ညိဝ်ရင်းသီဆိုတဲ့ သားချော့တေးက အဆန်းသားဗျ။ နား ဆင်ကြည့်ကြပါ။ ဟုတ်ပေါင်။ ယောင်လို့၊ (ဗိုလ်သခင်ဆရာလေ) ဖတ်ကြည့်တော်မူ ကြပါကုန်။

"စစ်စစ်ကလေးက ဘယ်လက် မောင်း။ အစ်ကိုကြီးက ညာလက်မောင်း၊ ငါ့သားနှစ်ယောက်ကြီးရင်တော့ မေမေ ဓိမ်ပဲကွယ် ..."တဲ့။

စာလုံးရေ စုစုပေါင်း (၂၇)လုံးတိတိ ရှိတယ်။ ကျုပ်ပေးချင်တဲ့ခေါင်းစဉ်ပေးပြီး ကျုပ်ဘဝအကြောင်း ကျုပ်ရေးတတ် သလို ရေးတာပဲ။ တာဝန်ခံအယ်ဒီတာ လူကြီးမင်းက "ဒါ ... ခေါင်းစဉ်လား"လို့ အမေးခံရပြီး 'စစ်စစ်ကလေးက ဘယ် လက်မောင်း'ပဲ ပါတော့တယ်။ ကျန်တာ တွေ အားလုံးဖြုတ်ပစ်လိုက်တယ်။ ကျုပ် အသည်းတွေ၊ အူတွေ၊ နှလုံးတွေ၊ ကျောက်ကပ်တွေ၊ (ကန့်တော့ပါရဲ့) အဂ္ဂါ တွေ နုတ်ယူပစ်လိုက်သလိုမျိုး အရမ်းပဲ ခံစားရတယ်။ အောင်မာကွာ။

ဆရာငြိမ်းကျော်ကို မပြိုင်ဝံ့ပါဘူး။ မယှဉ်ဝံ့ပါဘူး။

ကျုပ်အဖေ ခေါင်းတုံးကြီးက ... "ဟော့ကောင် ... မင်းစာရေးဆရာ၊ သတင်းထောက်၊ မင်းမြင်တာ၊ တွေ့တာ ရေး"လို့ ပြောခဲ့ဖူးပါတယ်။


လေးစားစွာ

ချိုသာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဒီဇိုင်းမောင်ဇော်

ဝေဒါကို

မှုန်သုန်သုန် မှိုင်းညို့ညို့နှင့် ပိန်းပိတ်လှလှ မိုးသားမိုးတိမ်တို့သည် အထက်ကောင်းကင် ပင်လယ်ပြင်တစ်လွှား စေ့စေ့ငုငု ဖြန့်ကြက်ထားသည့် နေ့၏အလင်းတို့ကား အားပြတ်၍ အစာချို့တဲ့နေသော လူမမာတစ်ဦးနှယ် ပျော့ဖတ်အိတွဲနိုင်လှ၏။

မိုးကား မရွာနိုင်သေး။

ရွှေစင်ဆယ်တင်းမက တကြွကြွနှင့် မာန်တင်းနေသည့် မိုးသားတို့သည် မသွေမလွဲ ရွာချလိုက်နိုင်သည်ဟု ဆိုနိုင်လင့်ကစား ယခုတော့ ဖျောက်ဆိပ်မှုပင် စက်စက်သွန်နေသေး၍ မြေသင်းနံ့ကလေး တမြမြကိုပင် နှာဝများဆီ ဝေ့သီမလာကြ။ ဖုန်သိပ်မိုးကလေးကြောင့် တလူလူလွင့်ပျံ့တက်နေတတ်သော ဖုန်မှုန့်ကလေးများ အိပ်စက်နေကြတော့သည်သာ။

နေရာအနှံ့အပြားတွင် သွန်သွန်ဖြိုင်ဖြိုင် ရွာချလိုက်သည်မို့ ရှမ်းပြည်ဘက်ဆီလားရှိုးမြို့ဝန်းကျင်၌ ရွာအချို့ ရေများကြီးနေသလို၊ မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းဒေသကြီးရှိ သာပေါင်းမြို့နယ်တစ်ဝန်းရေကြီးသည့်ဒဏ်ကို ရွာအနှံ့ အတိဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေသည့်တိုင် သည်မယ်ဖြင့် တုံဏှိဘာဝေနိုင်လှ၏။

ပြောလို့သောပြောရ၏။ သည့်နေရာလေးက အရင့်အရင်အခါ ကာလများဆီက ဖုန်းဆိုးတောကြီးတစ်ပြင်သာ ဖြစ်ခဲ့ပေသည်။ ယခုတော့ စည်စည်ကားကား ဖြစ်နေ၏။ ညဘက်များဆို လေးပေဖန်ချောင်း မီးတန်းကြီးနှင့် လင်းလင်းထင်းထင်း ဖြစ်နေသေးတော့။ အရှေ့ဘက်ဆီမှာ ရှမ်းရိုးမတောင်တန်းပြာပြာ၏ အခြေစပ်မို့ရယ်၊ ကျောက်သားကျောက်တုံးများကြောင့် သီးနှံစိုက်ပျိုးခြင်း မဖြစ်ထွန်းသောကြောင့် ကျောက်ချောရွာသားအများစုက ထုံးအိုးတစ်ပိုက်တွင် ကျောက်ခန်းဖွဲ့သည့် လုပ်ငန်းကိုသာ တစိုက်မတ်မတ် လုပ်ကိုင်လေ့ရှိကြ၏။ ယခင်ကမူ စိမ့်ကိန်းဝါအချို့ စိုက်ခဲ့ကြဖူးသော်လည်း ကျောက်ပြားစက်ရုံ စိမ့်ကိန်းကြောင့် လယ်မြေဧက ၇၀၀ နီးပါးမှာ အသိမ်းခံလိုက်ကြရ၏။ တကယ်တမ်း ကျောက်ပြားစက်ရုံ တည်တော့ အလွန်အကျွံ စက်ရုံအဝန်းအဝိုင်းက ခြောက်ကေပင် မရှိတတ်။ သို့မို့ကြောင့် အခြားသိမ်းပိုက်မြေများတွင် ပလပ်မြေများ၌ မူလနဂို တာမဦးချ လုပ်ကိုင်ခဲ့ကြသော တောင်သူများက မိမိတို့ ရှိရင်းစွဲ လယ်မြေများကို ပြန်လည်ငှားရမ်းခ ပေးချေလုပ်ကိုင်နေကြရ၏။ အချို့ကမူ မငှားရမ်းနိုင်သောကြောင့် ကျောက်ခန်းဘက်ဆီ(ကျောက်ခွဲ၊ ကျောက်ထုသည့်အလုပ်)သို့ ပြောင်း၍ လုပ်ကိုင်ခဲ့ကြတော့၏။ ကျောက်ခန်းလုပ်ငန်းက မနက်ခင်းပိုင်း ၇ နာရီခွဲသာသာ လုပ်ခွင်ဝင်ပြီး ဆယ်နာရီလောက်ရှိသည့်အခါ မနက်ခင်းပိုင်း အနားပေး၏။ လက်ဖက်ရည်နှင့် ကိတ်မုန့်ကျွေးသည်။ ၁၁ နာရီကျော်ပြီဆိုလျှင် မနက်ထမင်းစားချိန် အနားပေးပြန်၏။ တစ်ရေးတစ်မောအိပ်စက်ခွင့်ရသည်သာ။ နေ့ခင်းတစ်ချက်တီးလောက်မှ ပြန်ပြီး လုပ်ခွင်ဝင်ကြပြီး ညနေလေးနာရီခွဲ၊ ငါးနာရီလောက်တွင် တစ်နေ့တာ အလုပ်ခွင် သိမ်းလိုက်ကြရတော့၏။ လုပ်အားခအဖြစ် တစ်နေ့တာ လေးထောင်ကျပ်လောက် စီဝေကြ၏။ သက်သက်သာသာ ရှိလှသည်တော့မဟုတ်ပါ။ ကျောက်တောင်ကြီးအား ပိုင်းနှင့်ခွဲချလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ ကွဲပြန့်ထွက်လာသည့် ကျောက်ဆိုင်၊ ကျောက်ခဲတုံး ရောမကြီးတွေကို ဆယ့်ခြောက်ပေါင် တူကြီးများနှင့် တဒုန်းဒုန်း၊ တဒိုင်းဒိုင်း ထုခွဲခြေပေးကြရ၏။ အလော်တော် အရွယ်အစားများ၊ လတ်ခွဲသားများအဖြစ် ရောက်ရှိသွားအောင် ထုခြေကြရသည်သာ။ အသားမကျသေးသူများအဖို့မယ်တော့ လက်ဖဝါးတစ်ပြင်လုံး ဖူးရောင်ကိုင်းကာလာတတ်ကြ၏။

ကျောတစ်ပြင်လုံးတွင်လည်း အကာအကွယ်မဲ့ အရိပ်ကင်းစင်နေသည့် ပြင်းပြင်းရှရှ ပူလောင်သော နေရောင်ကြောင့် ချွေးသီးချွေးပေါက်တရွှဲရွှဲနှင့် အသားအရေတို့က ကြေးနီရောင်စွေးစွေးပြေးနေတော့သည်။ ကျောက်ချောသားများကတော့ သိပ်ထူးခြားမှုမရှိကြ။ ကျောက်မထုခင်ကလည်း လယ်မြေနှင့် အကျွမ်းတဝင် ဖက်လဲတကင်းမို့ ကြေးနီရောင်သားတို့သည် သူတို့အတွက် ဒေသထွက်အမှတ်အသားတစ်ခုပင် ဖြစ်နေသေး၏။ အနီးအနားရှိ ကျောက်စွန်း၊ ကြွက်နဖားရွာသားများသည်လည်း ကျောက်ခန်း၌သာ ပျော်မွေ့နေကြ၏။

အဲသည်နေရာကား မန္တလေးမြို့ထွက် ၁၆ မိုင်သာသာလောက်တွင် တည်ရှိနေသည်။ သည်နေရာကလေးတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ အခြေစိုက်လိုက်ခြင်းကြောင့် ညဘက်တွင် ဖန်ချောင်းမီးများ ထိန်ထိန်သာလာခဲ့တော့၏။

သည်ကနေ အရှေ့ဘက်ဆီသွားလျှင် ရှမ်းပြည်နယ်ကိုရောက်သော ထွက်ပေါက်ကြီးတစ်ခု ဖြစ်၏။ ထိုမှတစ်ဆင့် ရှမ်းပြည်ကိုဖြတ်ကျော်လျှင် မူဆယ်က ရွှေလီမြစ်ဖြတ်ပြီး တရုတ်ပြည်သို့ပင် ပေါက်နိုင်လေသည်သာတည်း။

* * *

သို့မို့ကြောင်ပင် စစ်ဆေးရေးဂိတ်ကလေးသည် တရုတ်နိုင်ငံမှ ဝင်လာသော တရားမဝင် ကုန်စည်များ၊ မြန်မာနိုင်ငံမှ ဥပဒေမဲ့ ထွက်ကုန်များ လူးလာဖြတ်သန်းနေသည်ကို လက်လွှတ်စပယ် ဖြစ်မနေရန် လိုအပ်လှသောကြောင့် အကောက်ခွန်ဦးစီးဌာန၊ အထူးမူးယစ်အဖွဲ့၊ သတင်းတပ်ဖွဲ့တို့နှင့်အတူ နယ်မြေပိုင်ရဲတပ်ဖွဲ့ဝင်များ စောင့်ကြည့်နေခြင်းပင်တည်း။

သူသည် ကနေ့ဆို တတိယမြောက်ရက်သို့ တိုင်ခဲ့ပြီ။ မနက်ဖြန်ဆိုလျှင် မူလဌာနဆီသို့ ပြန်ရပေတော့မည်။ သူ့တာဝန်သည် သုံးရက်အိပ်စက်ရပြီး စတုတ္ထရက်တွင် သူနေရာသို့ နောက်တစ်ဦး ရောက်လာဦးမည်သာ။

ကျောက်ချော စစ်ဆေးရေးသည် အရှေ့ဘက်၌ ကျောက်တောင်များ၏ အခြေတွင်ရှိပြီး ပြင်ဦးလွင်၏အခြေ အိုးတစ်လုံးကလေး၏ အောက်တွင်ရှိကာ ကျယ်ပြန့်သော ဇရိယာမြေအနေအထားနှင့်မို့ အေးရှားဝေါ တိုးဂိတ်အလွန်တွင် အတက်လမ်းတစ်လမ်း၊ အဆင်းလမ်းတစ်လမ်း ခွဲခြားထားပြီး အတက်လမ်း အဝင်ဘက်ဆီတွင် ကျောက်ချောရွာသွင်း ကွင်းပြင်ကျယ်၌ ကားများစစ်ဆေးနိုင်ရန်အတွက် ခေါင်မြင့်မြင့်နှင့် ခြေတိုင်ရှည်သော တန်းလျားကြီးက ဆယ့်နှစ်ဘီး၊ ဘီးနှစ်ဆယ်ရှိသည့် တွဲကားကြီးများကိုပင် လွယ်လင့်တကူ ရှာဖွေစစ်ဆေးနိုင်၏။ ထို့အတူပင် အဆင်းဘက်၌လည်း ခေါင်မြင့်မြင့် ရှာဖွေစစ်ဆေးနိုင်သော တဲကြီးတစ်ခုရှိ၏။ ယင်းတဲကြီးများတွင် အကောက်ခွန်နှင့် ရဲတပ်ဖွဲ့တို့က အဆင်းကားများ၊ အတက်ကားများကို တစ်စီးချင်းရှာဖွေစစ်ဆေးကြရ၏။ ထိုရှာဖွေစစ်ဆးကြသူများသည် မနက်ခင်း ခြောက်နာရီထိုးသည်မှ ညရှစ်နာရီခွဲထိပင် ရှာကြဖွေကြရသည်။ မိုးလင်းသည်ဆိုသည်နှင့်ပင် သံချောင်းရှည်ကြီးတမမ ဝင်လာသည့် ကားတစ်စီးချင်း သက်ာမကင်းလျှင် ထိုးဟယ်၊ ဆွဟယ် လုပ်ကြရ၏။ မသင်္ကာ လှန်လှော စစ်တန် စစ်ကြရသည်သာ၊ တစ်နေ့တစ်နေ့ ဆင်းကြ၊ တက်ကြသည့် ကားငယ်၊ ကားကြီးတို့သည် သုံးရာပတ်ဝန်းကျင် ရှိလှသည်မို့ ဖတ်သီလန်ကြ၏။ မလွှတ်မကင်းတွေ တွေ့လာရရင်တော့ ပြီးပါလေရော။ မှတ်တမ်းတွေတင်ကြ၊ ဓာတ်ပုံတွေရိုက်ကြ၊ စာရွက်စာတမ်းတွေကို ရေးကြချတ်ကြနှင့် ဖတ်ဖတ်ကိုမောအောင်ပင် ရှုပ်ထွေးပွေလီခတ်သွားကြစမြဲ။ သည်မျှနှင့် မပြီးတတ်။ အရေးယူကြရပြန်လျှင် သုံးမိုင်သာသာဝေးသော ချောင်ကျကျ အုန်းချောရဲစခန်းလေးဆီ အရောက်ပို့ကြရပြန်သေး၏။

ခြောက်ခြောက်သွေ့သွေ့နေ့များတွင် ကွင်းပြင်ထဲသို့ ဖြတ်လာကြသော ကားအရွယ်မျိုးစုံတို့၏ တွန်းထုတ်လိုက်သော ဖုန်မှုန့်နီလွှလွှက ထောင်းထောင်းထ ဝဲပျံလွင့်တက်နေတတ်သည်မို့ ဝတ်ဆင်ထားကြရသည့် ယူနီဖောင်း မီးခိုးရောင်အကျီနှင့် နက်ပြာရောင် ဘောင်းဘီများတွင် နီလွှလွှ ဖုန်မှုန့်များက အဖွေးသားပင် ဖြစ်နေတတ်၏။

သူ့အနေဖြင့် သည်စခန်းသို့ တတိယအကြိမ်မြောက် တာဝန်ကျခြင်းပင်တည်း။

"လာ .. ဗိုလ်ကြီး .. ထိုင်။ ဘာသောက်မလဲ၊ ကော်ဖီလား၊ အအေးလား"

အသားဖြူပြီး အရပ်အတန်ငယ်ပုကာ စကားပြောလျှင် ဒေသတိအေးစက်ရှိသော ကိုစိုးမြင့်သည် အတက်လမ်းဖက်ခြမ်း စစ်ဆေးရေးစခန်းအဝင်စပ်တွင် ယာယီမိုးကာဖျင် အုပ်မိုးလျက် အအေးပုလင်း၊ ကော်ဖီမစ်ထုပ်၊ ရေသန့်ဘူးများ ရောင်းချနေသော ဆိုင်ကလေးရှေ့ ရောက်လာသည်မို့ လှမ်းခေါ်သံကြားလိုက်ရေ

"ဟုတ် ... ရေသန့်အေးအေးတစ်ဘူးလောက်လုပ်ဗျာ။ ကျွန်တော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားဆိုင် လာမယ် လာမယ်နဲ့ အလုပ်အားတာနဲ့ မရောက်ဖြစ်ဘူးဗျာ။ အခြေအနေ ဘာထူးလဲ။ ထူးတာရှိရင်လည်း ပြောဦးနော်။ ခင်ဗျားဆိုင်ကလေးက ခွင်ကျတယ်မို့လား''

ပြောပြောဆိုဆိုပင် ဝါးကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်တော့၏။

''ဗိုလ်ကြီး ... စိတ်ချပါ။ ထူးတာရှိရင် လှမ်းပြောလိုက်ပါ့မယ်။ ဗိုလ်ကြီးမရောက်ခင် တစ်ရက်ကတော့ တရုတ်ပို့တဲ့ အပဲခြောက်ကားတစ်စီး တက်သွားသေးတယ်''

''ဟုတ်လား ... ဘယ်အချိန်လောက်ကလဲဗျ''

''အမှန်တော့မရှိပါဘူး။ ညဘက်ကြီး တစ်နာရီကျော်ကျော်လောက် ထင်တာပဲ။ ဆယ့်နှစ်ဘီးကားကြီးနဲ့ပဲ။ အဲသည်ကားတွေက ဗိုလ်ကြီးတို့ စစ်ဆေးရေးစခန်းထဲ မဝင်တော့ဘူးလေ။ အဲသည်အုန်းတော့်ဆိုင်တောင်ဘက် အသေသုံးလုံးဘီလပ်မြေစက်ရုံသွားတဲ့ ကားလမ်းတွေ့တယ်မို့လား။ အဲသည်လမ်းက ရွာထဲထိပေါက်တယ်လေ။ ကွင်းလမ်းပေါ့ ဗိုလ်ကြီး''

''အေးဗျာ ... ဒါကြောင့်မို့လည်း ခင်ဗျားဆိုင် လာမယ်၊ လာမယ်နဲ့ မလာအားဘူးဗျာ''

သည်စခန်းလေး၏ အဝင်စပ်က ကိုစိုးမြင့်ဆိုင်ကလေးမှာ ရေသန့်အေးအေးကလေးကို ဖွင့်ဖောက်ပြီး ကိုင်းဖန်ခွက်တစ်ဝက်ကျော်ကျော် လောင်းသွန်လိုက်သည်နှင့် အအေးဓာတ်ကြောင့် ဖန်ခွက်နံရံများတွင် ရေမှုန်ကလေးများက ချွေးသီးထလာတော့သည်။

ကိုစိုးမြင့်ပြောသော ကွင်းလမ်းသည် စစ်ဆေးရေးစခန်းဆီ ရောက်ရန်မလိုတော့ဘဲ ကျောက်ချောရွာထဲဝင်ကာ ရေလမ်းကဖြတ်ကွေ့ထွက်လျှင် ကျောက်ချောရွာအထွက် ဆုတောင်းပြည့်စေတီလေးရှိရာ စစ်ဆေးရေးအတက်ဂိတ်နှင့် ခပ်လှမ်းလှမ်းလောက်တွင် ပြင်ဦးလွင်သို့ ပြန်တက်သည့် လမ်းမကြီးဆီ ပြန်ပေါက်သည်သာ။ အဲသည်ကမှတစ်ဆင့် ပြင်ဦးလွင်ဘက်ဆီကို တအိအိမောင်းတက်သွားရုံသာမို့ အထာကျနေသူတွေက အလစ်အငိုက်တွင် ကွင်းကာ၊ ရှောင်ကာ သွားကြလေ့ရှိတတ်သည်။ တစ်ခါတစ်ရံ လိုင်စင်မဲ့ ဆိုင်ကယ်တန်းများလည်း ဖြတ်သွားလေ့ရှိတတ်သည်။ လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီးမယ် အနောက်ထိုင်ခုံမှာ တန်းပစ်ပြီး နောက်ထပ်ဆိုင်ကယ်သုံးစီးကို အစိတ်အပိုင်းတွေ တစ်စစီဖြုတ်ပြီး အထုပ်လိုက် တွဲသီမောင်းကြ၏။ နည်းနည်းနောနောဝိတ်မဟုတ်။ ဆိုင်ကယ်ကို လူက ထိန်းထားရ၏။ နင့်နေ၏။ လူဆင်းလိုက်လျှင် ဆိုင်ကယ်သည် ယိုင်ယိမ်းပြီး မှောက်သွားနိုင်သည်။ သူတို့က တစ်ခါတစ်ခါ ဆင်းလာကြလျှင် တစ်စီးတလေ မဟုတ်ကြ။ အုပ်စုဖွဲ့လို့ ပခုက္ကူ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ မျဉ်းမနာ။ တပ်ကုန်းဆီက အုပ်လိုက်အုပ်လိုက်နှင့် မူဆယ် ၁၀၅ မိုင်ကနေပြီး ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း မောင်းနှင်လာကြ၏။ တစ်အုပ်စုလျှင် မရှိပါဘူးဆိုရင် တောင်အောက်တစ်ဆယ့်လေးငါးစီးအုပ်။ အဖွဲ့များတောင့်လို့က အစီးနှစ်ဆယ်အစိတ်ထိပင် ရှိတတ်၏။ ဆိုင်ကယ်တန်းကြီးဆင်းလာပြီဆို တဝီဝီ၊ တဝေါဝေါ ဝုန်းဒိုင်းကြဲနေလေ့ရှိ၏။ ချော်ချွတ်လို့ ကတိမ်းကပါးဖြစ်လိုက်လို့ကတော့ အုန်းခနဲမှောက်လိုက်မယ့် ဖြစ်ခြင်း။ အသည်းကယားယားရှိလှ၏။ ဓာတ်ရှင်တွေထဲက ဆိုင်ကယ်သရဲ စတန့်ကားတွေလိုနယ်။ သီလို့ စီလို့ တစ်တန်းကြီးဆင်းဆင်းလာတတ်ကြသည်။

တစ်ထွာသာသာရှိသော ဝမ်းအတွက် ဖြတ်လိုက်ရသည့် သမုဒ္ဒရာက ကျယ်ပြောလှသေး။

* * *

''ဗိုလ်ကြီး ... ဗိုလ်ကြီး ဟော့ဟာ ကြည့်ပါဦး။ ဆယ့်နှစ်ဘီးကား ဝိတ်နဲ့ စစ်ဆေးရေးစခန်းတောင် မဖိတ်ရသေးဘူး အသေသုံးလုံးသွားတဲ့လမ်းထဲ ချိုးဝင်သွားပြီ တွေ့လား''

ကိုစိုးမြင့်က ရုတ်တရက်အပြောဆီ သူလိုက်ကြည့်မိ၏။

မိုးသားမိုးရိပ်ကြောင့် ကြယ်စုများမလင်းကြ။ အမှောင်က ပိန်းပိတ်ပေမည့် ဆိုင်တန်းကလေးများဆီက မီးအလင်းနှင့် အရေးရာဝေါ်တိုးဂိတ်ဆီက မီးအလင်းတို့ကြောင့် အပြာရောင် အဖြူခါးပတ်ကြား ဆယ့်နှစ်ဘီးကားက အသေသုံးလုံးဘီလပ်မြေစက်ရုံဆီ သွားလမ်းချိုးတွင်းကို တအိအိ ချိုးကွေ့သွားသည်ကို သူထိုင်နေသော ဝါးကုလားထိုင်က အတိုင်းသားမြင်လိုက်ရ၏။ သူနှင့်အတူပါလာသော တပည့် ရဲသူအောင်ဆီက ရွှေပြောင်းလက်ကိုင်ဖုန်းကို လှမ်းယူလိုက်ပြီး အတက်အထွက်ဂိတ်တွင် တာဝန်ကျနေသော တပည့်များဆီ

''သီဟစိုးရေ ... ရွာထွက်ပေါက်ကနေ မင်းတို့နှစ်ယောက် သွားစောင့်ကြည့်လိုက်။ ရွာထဲကို ဆယ့်နှစ်ဘီးကားတစ်စီး ဝင်သွားတယ်။ ကားနောက်ကို ငါနဲ့ ရဲသူအောင် လိုက်မယ်။ မင်းတို့ဦးရင်လည်း တားထားလိုက်။ အေး ... အေး။ ဒါပဲ။ ကဲ ... ရဲသူအောင် ... တက်ကွာ။ ရွာထဲဝင်သွားတဲ့ ကားနောက်လိုက်ရအောင်''

သောက်လက်စ ရေသန့်ခွက်ကလေး ဝါးစားပွဲပေါ် အသာပြန်ချလိုက်ပြီး လမ်းဘေးတွင် ထောင်ရပ်ထားသော Blue Bird စီနိုင်တီ စူပါကပ် နက်ပြာရောင်ကလေးအပေါ် ခွစီးကာ စက်နှိုးလိုက်၏။ ချက်ချင်း စက်ကမနိုး။ တရုတ်ဆိုင်ကယ် ဆိုပေသိ သည်ဘီးကလေး သန္ဓေကောင်းသားနဲ့။ အင်ဂျင်အပေါ်ပိုင်းကို ခြောက်နှစ်ကြာမှ ဖွင့်ခဲ့ရတာ။ စတပ်ကို ထပ်နှိပ်ပြန်တော့လည်း ဂိုးဂိုးမြည်ပြီး



www.burmeseclassic.com

www.burmeseclassic.com

စက်ကမနိုး။ မီးသံပျောက်နေ၏။ ခြေနင်းတံကို ဆွဲချပြီး တစ်ချက်ခပ်ဆတ်ဆတ်ကလေး နင်းချလိုက်မှပဲ နိုးတော့၏။

မိုးစက်ကလေးတွေက မှုန်တိမှုန်ဝါး တဖွဲဖွဲ ကျလာနေ၏။

အေသုံးလုံးဘီလပ်မြေစက်ရုံ သွားလမ်းပေါ်ရောက်သွားတော့ ကားကြီးနောက်မီးကိုပင် မမြင်လိုက်ရ။ ဟိုး ... အနောက်စူးစူးက ကြွက်နဖားတောင်သည် အမှောင်ထုထဲတွင် ငိုက်မြည်းနေသေးတော့။

* * *

ကွင်းလမ်းအတိုင်း ကွေ့ရှောင်မောင်းသွားသော ဆယ့်နှစ်ဘီးကားကို ကျောက်ချောရွာထွက်ရှိ တတ်ဆီအရောင်းဆိုင်ရှေ့တွင် သီဟစိုးနဲ့ ကျော်ကျော်ထွန်းက ဆီးတားထားလိုက်၏။

အကောက်ခွန်ဌာန ရှာဖွေရေးလုပ်သားများက စူးတံကြီးမကာ ရောက်လာကြပြီး ကားကြီးကို စစ်ဆေးရေးစခန်းရှာဖွေရေးတဲကြီးဆီ ပြန်မောင်းခိုင်းလိုက်ကြတော့သည်။

ကားကြီး တဲတွင် ထိုးဆိုက်လိုက်၏။

သူနှင့် အကောက်ခွန်ဦးစီးအရာရှိဖြစ်တဲ့ အသားဖြူဖြူ၊ အသက်သုံးဆယ်မျှပင် မပြည့်တတ်သေးသော ဦးထွန်းထွန်းနိုင်ရယ်၊ ရှာဖွေရေးလုပ်သား လေးငါးယောက်လောက်က တဲကြီးအတွင်းရှိ နံဘေးလျှောက်လမ်းကြမ်းခင်းပေါ် အသီးသီးရောက်လာချိန်တွင် ကားကြီးပေါ်တွင် လိုက်ပါလာသော အသက်လေးဆယ်ကျော် ငါးဆယ်မရှိတရှိ အသားညိုလတ်လတ်၊ နှာတံမပေါ်တပေါ်၊ မျက်လုံးမျက်ခုံးထူထဲပြီး ကိုယ်အချိုးအဆစ်မှာ ဝသည်ဟု ဆိုနိုင်ရုံသာရှိသည့် ကားပိုင်ရှင် ဒေါ်ဝင်းတစ်ယောက်မယ် ဖွာလန်ကြဲနေသော ကောက်ကောက်ကွေးကွေး ဆံပင်များကို နဖူးထက်မှ မသပ်ချင်သပ်ချင်ဖြင့် သပ်ချနေပေသည်။ မျက်နှာအနေအထားကား တထိတ်တလန့်။ နဖူးရေးကြောင်းများ အပြိုင်းပြိုင်းထကာ ဖိုးရွံ့နေမှုကို ဟန်ပင်မဆောင်နိုင်အား။ မျက်နှာအပျက်ပျက်ရယ်။

ကားပေါ်တွင် လွှမ်းထားသော မိုးကာချင်ကြီးကို ဆွဲလှန်လိုက်ကြ၏။ ပီနံအိတ်ဖြူဖြူများက အပေါ်လွှာတစ်ပြင်လုံး အပြည့်ရှိနေ၏။ ထိုပီနန်အိတ်ဖြူဖြူများက ဖွဲနုအိတ်များ ဖြစ်နေ၏။ ရှာဖွေရေးလုပ်သားများက ထိုကားကြီးပေါ်တွင် ကုန်းကုန်းကွကွနှင့် ဖွဲအိတ်ဖြူဖြူများကို တစ်အိတ်ချင်း မရွှေ့နေကြ၏။ ပထမတစ်လွှာလှန်အပြီးတွင် ဒုတိယအလွှာသည်လည်း ဖွဲအိတ်ဖြူဖြူများသာ။ ထိုအလွှာကို ထပ်လှန်လိုက်သောအခါ စိမ်းပုပ်ပုပ်မိုးကာ တာလပတ်ဖျင်စကြီးက ကားနောက်ပိုင်းတစ်ပြင်လုံးကို ဖုံးထားလျက် တွေ့လိုက်ရတော့၏။

ခန္ဓာကိုယ်သေးညှပ်ညှပ်၊ ဆံပင်ဘုတ်သိုက်၊ ဆီဝေးဆံစ နီကျင်ကျင်နှင့် စိတ်ရှုပ်ထွေးနေသော ယာဉ်မောင်းကောင်လေးက ရှိလှမှ အသက်နှစ်ဆယ်ကျော်ကျော်မှာ ရှာဖွေနေသူများကို ငူငူငေါင်ပေါင် ငေးမောကြည့်နေသည်။

ဖုံးထားသည့် တာလပတ်ဖျင်ကြီးကို လုပ်သားသုံးယောက်လောက်က အားစိုက်ဆွဲယူ လှန်ချင်းပဲ တာလပတ်ဖျင်အောက်တွင် ဂုန်နီအိတ်များ ပတ်ချုပ်ထားသော မညီမညာ ဖုလုံးရောမကြီးဆယ်ခုကား ကားဇါကြမ်းပြင်တစ်လျှောက် အစီအရီ ပြည့်နေတော့၏။ ရှာဖွေနေသည့် လုပ်သားတစ်ဦးက ခြုပတ်ထားသော ဂုန်နီအိတ်အစကို ဓားဖြင့် ထိုးခွဲဆွဲခွာချလိုက်သည့်အခါမယ် ...

"ဟာ ... ကျောက်စိမ်းအရိုင်းတုံးတွေပါလား"

ဒေါ်ဝင်းခများမှာ အကောက်ခွန်ဌာနရုံးဆီ လိုက်ပါလာသောအခါ ခြေဗလာနှင့် ဖိနပ်ပင်မစီးနိုင်ရှာ။ ခေါင်းကငိုက်စိုက်ရယ်။

FUSO ကားကို အကောက်ခွန်ရုံး[illegible]တွင်း ထိုးဆိုက်ပြီး ဖွဲအိတ်များ မရွှေ့ကာ ဖုံးထားသေ[illegible]ဂုန်နီစများ တစ်တုံးချင်း လှပ်ခွာပစ်လိုက်၏။ ကျောက်စိမ်းအရိုင်းတုံးများက တစ်တုံးဆို ဆိုသလောက်ကြီးမားလှ၏။ ဗလကောင်းကောင်း လူတစ်ယောက်ပင် မနိုင်မစွမ်းပါ။ ကရိန်းကားနှင့် မ,တင်၍ ချိန်တွယ်ကာ ဂိုဒေါင်အတွင်းသို့ ကရိန်းနှင့်ပင် သယ်ရွှေ့ယူရ၏။

ထိုကျောက်စိမ်းရောမအရိုင်းတုံးများသည် မူဆယ်မြို့ကတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ကြမည်သာ။

ဒေါ်ဝင်းမှာ သည့်ကျောက်စိမ်းသယ်ခအတွက် ဆယ့်လေးသိန်းရမှာခြင်းသာရယ်။ အကောက်ခွန်ဌာနရောမကြီးဆယ်တုံးအား ကာလတန်ဖိုးတွက်ချက်လိုက်ရာ ကျပ်သိန်းနှစ်ရာ[illegible]ဆယ်တန်သတဲ့။

ဤအခြေစိုက်စခန်းကသည် သ[illegible]ခွေချပ်၊ လိပ်၊ ဒေါင်းများ မိခဲ့၏။

ဤအခြေစိုက်စခန်းကသည် [illegible]မျိုးစုံ ၁၇ သေတ္တာ မိခဲ့၏။

ဤအခြေစိုက်စခန်းကသည် ဘိ[illegible]ဖြူမိခဲ့၏။

ဤအခြေစိုက်စခန်းကသည် စ[illegible]ကြွေဆေးပြား အလုံးရေ သိန်းချီမိခဲ့၏။

ဤအခြေစိုက်စခန်းကသည် အ[illegible]ဆစ်များ မိခဲ့၏။

ဤမှော်တောရှိ တိမ်လွှာတ[illegible]သည် မည်းမည်းသိုးသိုးနှင့်သာ ...

ဝေအိကို

www.burmeseclassic.com




# လိုနေတဲ့ အသိ

ပန်းတနော်နောင်လတ်

(၁)

ကမ္ဘာပေါ်မှာ နိုင်ငံအများကြီးရှိတယ်။ လူမျိုးအများကြီးရှိတယ်။ ဘာသာအယူဝါဒအများကြီးရှိတယ်။ အဲဒီလူတွေကို မေးကြည့်။

''ချမ်းသာချင်လား၊ ဆင်းရဲချင်လား''လို့။

အဖြေက အတူတူပဲ။

''ချမ်းသာချင်တယ်''

ဒီလိုပဲ ဖြစ်ရမှာပေါ့။ ချမ်းသာချင်ကြတယ်ဆိုရင်တော့ လူတိုင်းမှာ မရှိမဖြစ်ရှိရမှာက 'အတတ်ပညာ'၊ 'နှုတ်မှုပညာ'၊ 'လက်မှုပညာ'၊ အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါဖို့ လိုတယ်မဟုတ်လား။

ချမ်းသာချင်ရင် [illegible]တ်ပညာရှိရုံနဲ့ မပြည့်စုံဘူး။ အဓိကရှိဖို့လိုတာတစ်ခုရှိသေးတယ်။ အဲဒါက 'အသိပညာ'။ အမှန်ကို အမှန်အတိုင်းသိအောင် ဆုံးဖြတ်နိုင်တဲ့ အသိပညာ၊ အမှန်နဲ့အမှားကို ခွဲခြားသိအောင် ဆုံးဖြတ်နိုင်တဲ့ အသိပညာ။

အဲဒီ အသိပညာမရှိလို့ အတတ်ပညာရှိတဲ့ မင်းသားတစ်ပါး အသက်ဆုံးရှုံးဖူးတယ်။ အားလုံးကြားဖူးပြီးသား ဖြစ်မှာပါ။

ဒါပေမဲ့ နှစ်ထပ်ကြည့်လေ မှတ်မိလေဆိုသလိုဖြစ်အောင် ပြောပြပါရစေ။

(၂)

အဲဒီ မင်းသားမှာ သူများထက်ထူးတဲ့ အတတ်ပညာတစ်ခု တတ်မြောက်ခဲ့တယ်။ သေဆုံးသွားတဲ့သတ္တဝါကို အသက်ရှင်အောင် ဆောင်ရွက်တတ်တဲ့ အတတ်ပညာ။

တစ်နေ့မှာ အဲဒီမင်းသားက ကျားသေတစ်ကောင်ကို အသက်ရှင်အောင် ဆောင်ရွက်ခဲ့တယ်တဲ့။ အသက်ပြန်ရှင်လာတဲ့ ကျားက ငါ့ကို သေရာကအသက်ရှင်လာအောင်ဆောင်ရွက်ပေးတဲ့ ကျေးဇူးရှင်ပါလားလို့ မစဉ်းစားဘူး။ မင်းသားကို ကျေးဇူးရှင်လို့ ဘယ်စဉ်းစားမလဲ။ သူက အိပ်မယ်၊ စားမယ်၊ ကာမဂုဏ်ပျော်ပါးမယ်ဆိုတဲ့ သုံးမျိုးတည်း အမြဲစိတ်ထဲစွဲနေတဲ့ အသားစားသတ္တဝါကိုး။

စားဖို့သာ အာရုံရှိတဲ့ကျားရဲ့ အစားခံရတာ အဲဒီမင်းသားမှာ 'အသိပညာ'မရှိလို့။ အတတ်ပညာသာရှိပြီး အသိပညာမရှိလို့။

(၃)

ဒါကြောင့် ကိုယ့်အတတ်ကိုယ် အစူးမခံရအောင် 'အသိပညာ'ရှိကြဖို့ လိုပါတယ်။

ပန်းတနော်နောင်လတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း

ယခင်လမှအဆက်

**လေးမောင်**

ထိုသို့ ပြောပြနေစဉ် အစ်ကိုကြီးဦးသိန်းလွင်က

"ဒီလိုဆို မိစမ်းနဲ့ တင်တင်လှိုင်တို့က လင့်ပေါ်မှာတင် သေသွားကြပြီး သူတို့ယောကျ်ားနှစ်ယောက်ကရော ဘယ်လိုဖြစ်သွားကြသေးလဲကွ ပြောပါဦး"

"ယုန်ပြာကြီးကို ပစ်လိုက်တော့ လူတစ်ယောက်အော်ဟစ်ညည်းတွားသံမျိုးကြီးကို ကြားလိုက်လို့ အနားသွားကြည့်တော့၊ သီဟအမြင်ကလည်း ဆန်းထွန်းမြားမှန်သေပြီလို့ ထင်သလို၊ ဆန်းထွန်းကလည်း သီဟ သူ့လက်ချက်နဲ့ သေသွားပြီအထင်နဲ့ ကြောက်လန့်ပြီး ဦးတည်ရာ ခွတ်ပြေးကြရင်းက ဆန်းထွန်းတစ်ယောက် ချောက်ကမ်းပါးကြီးထဲကျ၊ ကျောက်ဆောင်နဲ့ ရိုက်မိပြီး ပွဲချင်းပြီးသေတယ်။ သီဟဆိုတဲ့အကောင်က ပြေးရင်းက ရှေ့မှာ ပေါက်နေတဲ့ သစ်ပင်ကြီးရဲ့ ပင်စည်လုံးကို ခေါင်းနဲ့အရှိန်ပြင်းစွာ ဆောင့်လိုက်ပြီး အဲဒီမှာ သတိလစ်သွားတယ်။ မိုးလင်းတော့ တောကို ဝါးခုတ်ဝင်ကြတဲ့ သူတွေနဲ့တိုးပြီး အိမ်ကို ပြန်သယ်လာပြီး တစ်လလောက် ဆေးကုသခံ၊ သူပြန်ပြောပြလို့ သိလိုက်ရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအချိန်၊ သူတို့နား နေကြတဲ့ လင့်နဲ့မနီးမဝေးမှာ အခြားသစ်ခုတ်သမားအဖွဲ့ တွေရှိကြသေးတယ်လေ။ ကျားကြီး တက်ကိုက်တဲ့အချိန် ထို မိန်းကလေးတွေရဲ့ ကြောက်လန့်တကြားအော်ဟစ်လိုက်ကြတဲ့ကို ကြားလိုက်ရလို့ မသင်္ကာတာနဲ့ မိုးလင်းလို့ သွားကြည့်လိုက်ကြတော့ နှစ်ဦးစလုံး ဖင်ပိုင်းတွေကို ကျားစားထားတဲ့ အလောင်းတွေကို တွေ့လိုက်ကြရလို့ ရွာကိုပြန်အကြောင်းကြားပြီးအဖြစ်အပျက်တွေကို သီဟာသတိရလို့ ပြန်ပြောလိုက်တဲ့ အချက်တွေနဲ့ ဆက်စပ်စဉ်းစားလိုက်တော့ ခု ကျွန်တော်ပြောပြတဲ့ ဇာတ်လမ်းတစ်ပုဒ်ထွက်လာတာပေါ့ဗျာ နော်"

စောစိန်သန်း ပြောနေသည့်အပေါ် နားထောင်နေရင်း ကျွန်တော်က -

"ဒါနဲ့ အဲဒီသီဟာဆိုတာ ရှိသေးလားကွ"

"ရှိတယ်ဗျ၊ မသေသေးဘူး။ ဒါပေမယ့် အရက်ကြောင်ကြောင်နေတယ်။ အကြောက်လွန်ပြီး ဦးနှောက်ပျက်နေသလို အရက်ချည်းဖိသောက်နေတော့ ကြောင်နေတယ်။ သိပ်မကြာဘူး သူလည်း သွားတော့မှာပါ"

သူပြောလိုက်သည့်စကားနှင့်အဖြစ်အပျက်ကြောင့် ကျွန်တော်တွေးတောနေလိုက်မိသည်က တစ်ချိန်က မုဆိုးကြီးတစ်ဦး ကျွန်တော်နှင့် စကားပြောနေကြရင်း သူပြောပြသည့် စကားကိုပင် ဖြစ်သည်။ ကျားဆိုသည့် သတ္တဝါတို့က ယောကျ်ားကို ကိုက်မိလျှင် ဖင်သားကို အရင်စားကြသည်။ မိန်းမကိုဆိုလျှင် ရင်သားကို အရင်စားကြသည်ဟု ပြောခဲ့ဖူးသည်။ ကျွန်တော် မသိသဖြင့် ဘာကြောင့် အဲဒီလို စားကြရသည်ကို မေးသောအခါ သူပြန်ဖြေလိုက်သည်က အသားများသည့်နေရာကို ဦးစွာစားသောက်ကြခြင်းဖြစ်ကြောင်း သူပြောပြသည်ကို သတိရလိုက်မိသည်။ ယခု သူပြောပြသည့် မိန်းမနှစ်ယောက်စလုံးကို ကျားကြီးက လည်ချောင်းသွေးကိုစုပ်ယူလိုက်ပြီး၊ အသားများသည့် ဖင်ပိုင်းနှင့် ပေါင်သားတို့ကို စားသွားခြင်းသည်ဖြစ်နိုင်ချေရှိ မရှိ၊ ယခု ကျားကြီးက နှစ်ယောက်စလုံးကို ဖင်နှင့်ပေါင်သားများကိုသာ စားသွားသည်။ မဆီမဆိုင် အတွေးတို့ကို တွေးနေလိုက်ရင်း ပြုံးနေလိုက်မိသည်က အမှန်။

"အဲဒီလိုဆိုရင် ကုလားကြီး သန်းညွန့်တွေ့လိုက်ရတဲ့ အပေါ်ဖြူ အောက်ဖြူဝတ်ထားတဲ့ မိန်းမက အဲဒီနှစ်ယောက်ထဲက တစ်ယောက်များဖြစ်နေမလားဘဲနော်"

အာလူးက ဝင်ပြောလိုက်သည့်အတွက် စောစိန်သန်းက

"သူတို့နှစ်ယောက်ထဲက တော့မဖြစ်နိုင်ဘူး။ ကျွန်တော့် အထင်ကတော့ မယ်တော်လိုလို၊ နတ်ကတော်လိုလိုလိုက်လုပ်နေတဲ့ ကျွန်တော်တို့ ရွာထိပ်က မြမြဦးဆိုတဲ့ မိန်းမများ ဖြစ်နေသလားလို့။ သူက အဲဒီလိုမျိုး အထက်အောက်ဆင်တူတွေ ဝတ်တတ်တယ်ဗျ"

တောကြီးအတွင်းပိုင်းမှ အမှောင်ထုက သိပ်သည်းလာသည်နှင့်အမျှ အအေးဘက်ဆီသို့ လုလာသည်။ ဝန်းကျင်ဆီမှ ကျားတစ်သံ၊ ကျားဟိန်းသံ၊ မာန်ဖီသံတို့ကိုပါ ကြားလာကြရသဖြင့် အသာငြိမ်စောင့်နေလိုက်သည်။ အချို့အသံများဆိုလျှင် လင့်အောက်နီးနီးဆီလောက်ကပင် ချိုးချိုးချွတ်ချွတ် အသံများကိုလည်း မျိုးစုံကြားလာရသည်မို့ သေနတ်ကို အသင့်ဆုပ်ကိုင်ထားလိုက်မိကြပေသည်။

သို့သော်လည်း အတော်ကလေးညဉ့်နက်တော့ ကြားနေရသော အသံတို့မှာကျဲပါးသွားသည်။ ညအစာရှာထွက်သွားကြသဖြင့် အဝေးဆီသို့ ရောက်ကုန်ကြဟန်ထင့်။ ဒါတောင် ကိုင်းတောကြီးအတွင်းဆီမှ မာန်ဖီသံသဲ့သဲ့ကိုကြားနေရသေးသည်။ မီးကိုလည်း မထိုးရဲ၊ စကားကိုလည်းမပြော ရဲကြဘဲ ငြိမ်နေကြသဖြင့် အနားယူငိုက်မျဉ်းနေလိုက်ကြ စဉ် အတန်ကြာတော့ မှေးတ အိပ်ပျော်သွားကြပေသည်။

မှေးကနဲဆိုပေမယ့် .. အချိန်မည်မျှကြာသွားသည် တော့ဖြင့် မသိ။ နားစည်တွ အသံများ ကြားလိုက်ရသည့် အတွက် မျက်လုံးကို ဖွင့်ကြ လိုက်သော်လည်း အမှောင် က သိပ်သည်းနေဆဲမို့ တွင် အသင့်ချထားသော နှိပ်ဓာတ်မီးကို ကောက် လိုက်ပြီး မီးနှင့်မထိုးသေး ဝန်းကျင်ကို လိုက်လံရှာ ကြည့်လိုက်ရာ ကောင်း တွင် အရုဏ်တက်အ ရောင်အချို့ကို တွေ့လို ပေသည်။ ထိုစဉ် ..

"ဝေါ် .. ဝေါ် ..

လင့်စင်အောက်

ထက်မှ တဝေါ်ဝေါ်ထိုးအ

သည့်အသံကို ကြားလ

သဖြင့် သေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com

...င်လိုက်ပြီး အသံကြားလိုက် ...ဆီသို့ ထိုးချိန်ထားလိုက် ...သော်လည်း ဘာကိုမှမမြင် ...တွေ့ရသဖြင့် သေနတ်ပြောင်း ...တွင် လက်နှိပ်ဓာတ်မီးကို ကပ် ...ာ ခလုတ်ကို နှိပ်ရင်း လိုက် ...ရှာဖွေလိုက်ပြန်သော်လည်း ...ည်သည့်ထူးခြားမှုကိုမျှ မမြင် ...တွေ့ရသည်မို့ မီးကိုပိတ်ကာ ...ယောင်းတိုင်မီးကို ထွန်းလိုက် ...း အနီးတွင် အိပ်ပျော်နေကြ ...သော အဘကောင်းနှင့်အစ်ကို ...ကြီး ဦးသိန်းလွင်တို့နှစ်ဦးအား ...နှိုးလိုက်စဉ် . .

"တရိန် . . တရိန် . . ...ရိန်"

နီးနီးကပ်ကပ်လူတစ်ဦး ...တ်ကောက်မှုတ်လိုက်သည့် ...အသံမျိုးနှင့် ဆတ်တစ်သံတို့ ... စောစောကကြားလိုက်ရ ...သည့်နေရာဆီမှ ကြားလိုက်ရ ...သည်မို့ အဘကောင်းက အိပ် ...စုံမွှားနှင့် မျက်လုံးအစုံကို ...တ်ခုံနှင့် ပွတ်လိုက်ရင်းက -

"ဟော . . အောက်က ...ဆတ်တစ်သံကြားရတယ်။ ငါ့ ...ို ဓာတ်မီးပေးစမ်း၊ မင်းက ...ဆင်သင့်ပစ်ဖို့လုပ်"

ကျွန်တော့်လက်မှ ဓာတ် ...ကို လှမ်းယူလိုက်ပြီး ဆတ် ...စ်သံကြားရာဆီသို့ ထိုးရှာ ...တော့မည့်အလုပ် ထူးထူး ခြားခြား အသံကိုထပ်မံကြား လိုက်ရသည်က -

"ပီညွပ် . . ပီညွပ် . . ပီညွပ်"

တောကြက်ပေါက်စလေး တစ်ကောင်က မိခင်ရင်ခွင် တွင်းမှကွဲကွာကာ တစ်ယောက် တည်း မျက်စိသူငယ်ဖြင့်ဖြစ် ကာ မိခင်ကြီးအား သူတစ် ကောင်တည်းဖြစ်နေသည့်အ တွက် အမြန်ဆုံးလာရောက်ပါ ရန် အသံပေးခေါ်ယူနေသည့် အသံကို ထပ်မံကြားလိုက်ရ သည်မို့ -

"ဗုဒ္ဓေါ . . ဒီအသံက မရိုးဘူးကွ။ ကိုသိန်းလွင် . . ထစမ်း၊ သေနတ်ယူတော့"

လေသံနှင့်ပြောလိုက် သဖြင့် အစ်ကိုကြီးဦးသိန်းလွင် က သူ့ဘေးတွင် အသင့်ချထား သည့်ဒုသမ (၁၃. ၁၃)သတ် တီး သတ်တီး သေနတ်ကို ဆွဲ ကာ ဘိုးလ်တံကိုဆွဲ၍ ကျည် တစ်တောင့်ပြောင်းရင်းအတွင်း သွင်းလိုက်သည့်အချိန် အဘ ကောင်းကိုင်ဆောင်ထားသည့် ဓာတ်မီးရောင်က ကြက်ပေါက် စကလေးအော်ဟစ်လိုက်သည့် နေရာဆီသို့ ဖြာဆင်းလင်းထိန် သွားသည်ကို တွေ့လိုက်ရသ ဖြင့် ကျွန်တော်တို့နှစ်ယောက် အသံကြားရာဆီသို့ လိုက်လံ ကြည့်လိုက်ကြသော်လည်း မည်သည့်အကောင်မှ မတွေ့ ကြရသဖြင့် ရှိနိုင်လောက်မည့် နေရာအနှံ့လိုက်လံရှာဖွေကြပြန် သော်လည်း ထူးခြားမှုကမရှိ။ ထိုအချိန် ကိုင်းပင်နှင့် ကျူပင် များ ရှုပ်ထွေးနေသည့် အရှုပ် တောကြီးအတွင်းဆီမှ "ဟဲ" ကနဲ မာန်ဖီသံကြီးတစ်ချက် ကြားလိုက်ရသဖြင့် မီးထိုးကာ နေရာအနှံ့ရှာဖွေလိုက်ကြသော် လည်း ထူးခြားမှုကို မတွေ့ရ သဖြင့် လက်လျှော့လိုက်ကြရ ပေသည်။

"အဘကောင်း၊ ဟို အကောင်ကြီးလာပြီး ချောင်း နေတာမို့လား"

"သေချာတာပေါ့ကွ၊ ဒီ အပေါ်မှာ လူတွေရှိနေမှန်းသိ ပေမယ့် တက်မလာတာဘဲ ကံ ကောင်းသွားတယ်မှတ်။ လူ များမှန်းသိလို့ အသံပေးပြီး အောက်ကို မျှားခေါ်နေတာ ကွ"

အဘကောင်းပြောလိုက် သည့်စကားကြောင့် ကျွန်တော့် မှာအံ့ဩသွားမိသည်။ အဘယ့် ကြောင့်ဆိုသော် ယခုကဲ့သို့ "ဟင်းမျိုး"ဆိုသည့်အကောင် များသည် လူတွေကို ယခုကဲ့သို့ အသံတုများပေးလျက် အနီးသို့ ရောက်သောအခါ ကိုက်သတ် စားသောက်တတ်ကြသည်ဆို သည်ကို မုဆိုးရင့်ကြီးတို့ ပြော ပြခဲ့ဖူးသည်ကို ကြားခဲ့ဖူးသော် လည်း ယခုလို ကိုယ်တွေ့တော့ မဟုတ်။ ယခုတော့ "လူအော် အန်သံ၊ ဆတ်တစ်သံ၊ ကြက် ပေါက်ကလေးအော်ဟစ်သံ" တို့က လင့်စင်အောက်တွင် ဆက်တိုက်ဆိုသလို ပြောင်းလဲ အော်ဟစ်နေသည့် အသံကို နားနှင့်ဆတ်ဆတ်ကြားနေရ သည်မို့ အတော်ကလေး ထိတ် လန့်တုန်လှုပ်သွားမိသူက ကျွန် တော်ရယ်သာပင်။ သို့အတွက် ထိုလင့်ထက်တွင် ဆက်နေသင့် မနေသင့်ကို စဉ်းစားရင်း အဖွဲ့ သားတွေကို ကြည့်လိုက်တော့ အိပ်ပျော်နေကြတုန်း။ ထိုစဉ်-

"ဝေါ . . ဗိုး . . ဗိုး"

ရုတ်ချည်းဆိုသလို ဝန်း ကျင်တစ်ဝိုက်ငှလပြင်းများ တိုက်ခတ်လိုက်သည့်အသံကြီး ကို ပြောင်းလဲကြားလိုက်ရသလို အိပ်မှုန်စုံမွှားနှင့်ထလာသော စောစိန်သန်းက -

"ဘယ်လိုဖြစ်တာလဲဟ၊ အောက်ကတစ်မျိုး၊ အပေါ်က တစ်မျိုးနဲ့ လေမုန်တိုင်းတိုက် တော့မယ်နဲ့တူတယ်"

စောစိန်သန်းစကား ကြောင့် . . အဘကောင်းက ဖယောင်းတိုင်မီးကို ထွန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အိပ်ပျော်နေသည့် ယူငယ်အဖွဲ့ကို နှိုးလိုက်ရင်း၊ အိပ်ရာမှ နိုးလာသည့် ကုလားကြီး သန်းညွန့်က -

"ဘယ်လိုလဲဗျ၊ ခြောက်ပြန်ပြီနဲ့ တူတယ်ဗျာ"

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်က လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်လိုက်ပြီး လေပြင်းတိုက်ခတ်သည့် အသံကြားလိုက်ရာဘက်ဆီသို့ လိုက်လံမီးထိုးလျက် ကြည့်လိုက်ရာ မည်သည့်ထူးခြားမှုကိုမှ မတွေ့မြင်ရ။ သစ်ပင်ကြီးများ ယိုင်လဲသံကြားနေရသလို ယိမ်းထိုးလှုပ်ရှားနေကြသည်ကိုလည်း မမြင်တွေ့ရ။ ယုတ်စွအဆုံး သစ်ကိုင်းသစ်ရွက်တို့ပင် လှုပ်ရှားသည်ကို မမြင်တွေ့ရသော်လည်း ကြားနေရသည့်အသံက လေပြင်းတိုက်ခတ်သည့်အခါ ကြားနေရသည့်အသံမျိုး။ သည်ကြားထဲ "တဝေါ့ဝေါ့" အသံကိုပါ ကြားနေရပြန်သည်ကား အထင်အရှား။

အားလုံးက သေနတ်တွေ ကိုင်ဆောင်လိုက်ကြပြီး အသံကြားရာဆီသို့ ထိုးချိန်ကာ အဘကောင်းကို မီးထိုးခိုင်းလျက် ဝိုင်းဝန်းရှာဖွေလိုက်ကြသော်လည်း ရှာလို့ကမရ။အသံက ချုံနွယ်တောကြီးအတွင်းမှ ကြားနေသည်က အမှန်။ မြေပြင်ထက်တွင် ဝပ်စင်းလျက် မီးရောင်ကို တအံ့တသြပြန်ကြည့်နေသည့် မြေဝပ်ငှက်ငယ်ကလေး၏ မျက်လုံးရဲရဲကို တွေ့ရသည်မှအပ မထူးခြား။

"ဟင်းကောင်ကြီး မာယာများနေတဲ့အသံကွ။ ငါတို့အောက်ကိုဆင်းအောင် အသံနဲ့ မြူဆွယ်နေတာ။ ဒီအကောင်ကြီး ဒီနေရာမှာ ငါတို့ကို ကပ်စောင့်နေတာဆိုတော့ စိတ်မချရဘူးဟေ့။ မွန်နဲ့ ဉာဏ်ကျယ် ဗိုက်ဖြည့်ဖို့ စီစဉ်ကြတော့။ နေရာပြောင်းမှဖြစ်မယ်ကွ"

အဘကောင်းပြောလိုက်သဖြင့် မီးဖိုတွင်မီးမွေးလျက် ရှိနေသည့်အချိန် စောစောက ကြားနေရသည့် အသံတို့ အတန်ငယ်ငြိမ်သွားပြီး နောက်ထပ်တစ်မျိုးထွက်ပေါ်လာပြန်သည်။

"ဝေါ . . ဗျော . . ဗျော"

"အား . . အား . . အား . . အား"

ချုံနွယ်တောကြီးအတွင်း အထိတ်တလန့်အသွင်နှင့်တောတိုးပြေးလွှားနေကြသည့် သားကောင်အုပ်ကြီး ပြေးလွှားနေသည့်အသံအပြင်၊ ကျီးကန်းအုပ်ပြိုလိုက်သဖြင့် ဝိုင်းဝန်းအာနေကြသည့်အသံများ ထူးထူးဆန်းဆန်းပင်ကြားလိုက်ကြရသည်မို့ ဉာဏ်ကျယ်က -

"ကျီးကန်းတွေကပါ ဝိုင်းအာနေကြပါလားဗျ။ ဒီတောကတော့လုပ်နေပြန်ပါပြီ။ မဖြစ်နိုင်တာတွေကို"

သူပြောသည့် စကားအရ ကျွန်တော်လည်း သတိထားလိုက်မိသည်က ယခုလို အမဲပစ်ခရီးထွက်ကြရာတွင် တောတောင်များအတွင်း ကျီးကန်းဆိုသည့်အကောင်များကို အလွန်တွေ့ရခဲသည်။ ရှားရှားပါးပါးဆို၍ ရခိုင်ရိုးမကြီးအတွင်း တောဆင်ရိုင်းအုပ်နောက်သို့ လိုက်သည့်အခါ တောဆင်ရိုင်းကြီးကို ပစ်ခတ်ခါနီးတွင် ယခုလို ကျီးကန်းများ ဝိုင်းဝန်းအာကြသည့် အသံကြားဖူးသလို၊ အကောင်ရေအတော်များများက ကျွန်တော်တို့ကိုလိုက်လံထိုးနှင်ကုတ်ဖဲ့ကြသည်ကို ကြုံတွေ့ခဲ့ဖူးသည်။ သူတို့ အနှောင့်အယှက်ပေးမှုကြောင့် တောဆင်ရိုင်းကြီးက ရန်သူရှိသည်ကို သိရှိသွားသဖြင့် လစ်ပြေးသွားသည်။ သို့အတွက် မပစ်ခတ်ရဘဲ လက်လွှတ်ပြန်ခဲ့ရသည်။ ဒါက နေ့ဘက်။

ယခုအဖြစ်က နေ့ဖက်မဟုတ်။ မိုးလင်းခါစ ရောင်နီပင် မထွက်သေးသည့်အချိန် ကျီးကန်းအုပ်ဝိုင်းအော်နေကြသည့်အသံကို နားထောင်ခြင်းအားဖြင့် ကောင်းရေကနည်းမည်မဟုတ်သည့်အသံမျိုး။

တောတိုးကာ ပြေးလွှ နေကြသည့် သားကောင်အ ကလည်း အကောင်ရေမည် ရှိမည်ကိုတော့မသိ။ ကျွန်တေ ကြည့်ခဲ့ဖူးသည့် နိုင်ငံခြား ရှင်ထဲမှ ကျားတို့၊ ခြင်္သေ့တို့ နောက်ကလိုက်သဖြင့် အသ အန္တရာယ်အတွက် ပြေးလွှ ရှောင်ပုန်းကြရန် ပြေးနေ သည့် သားကောင်အုပ်ကြီး ပြေးလွှားနေကြသည့်အသံ ထိုစဉ် ဉာဏ်ကျယ်က -

"အဘကောင်း၊ တော့်မှာ ကျည်ပြန်ပါ တယ်။ ဆော်လိုက်ရမလာ

ဉာဏ်ကျယ်က ကောင်းထံသဘောထား လိုက်သံကိုကြားတော့မှ တော် သတိရလိုက်မိ ဟုတ်ပေသားပဲဟု တွေး မိသည်။

ကျည်ပြန် ဆိုသည် သားကောင်တို့ကို ပစ် သတ်ဖြတ်ပြီး အရေချွ များကိုခုတ်ထစ်ပိုင်းဖြတ် အခါ၊ အသားထဲသို့



www.burmeseclassic.com

www.burmeseclassic.com

သည့် ကျည်ခဲလုံးများတို့ပင် ဖြစ်ပေသည်။ ထိုကျည်ခဲလုံးများကို သိမ်းထားပြီး နောက်ထပ်လုပ်သည့်ကျည်ဆံတွင် ထည့်သုံးစွဲပစ်ခတ်သည့်ကျည်ဆံမျိုးကို ခေါ်ခြင်းဖြစ်ပေသည်။

မုဆိုးရင့်မကြီးတွေ လမ်းညွှန်မှုကြားချက်အရ ယခုလိုအောမှောက်၊ တောခြောက်ခံရသည့်အခါမျိုးတွင် ထိုကျည်ဆံနှင့် ပစ်ခတ်ပါက နာနာဘာဝ ပြိတ္တာနှင့် တစ္ဆေတို့ လွန်စွာကြောက်သဖြင့် ဆောင်ထားပေပြီး လိုအပ်လျှင် သုံးစွဲရန်အတွက် ဖြစ်ပေသည်။ သို့အတွက် အဘကောင်းက -

"အေး . . ကောင်းတယ်၊ မေးကြည့်လိုက်ကြရအောင်ကွာ"

အဘကောင်းကသဘောအားပေးလိုက်သည့်အတွက် သေနတ်ဖက်ကိုချိုးကာ ထိုကျည်ဆံဖြင့် အစားထိုးလဲလှယ်လိုက်ပေသည်။ ပြီးနောက် အသံကြားလိုက်ရာဘက်ဆီသို့ ချိန်ရွယ်ကာ မောင်းခလုတ်ကို ဆွဲဖြုတ်ချလိုက်ပေတော့သည်။

"ဒိုင်း"

"အား . ."

သေနတ်ပေါက်ကွဲသံကြီးနှင့်အတူ အားဟူသောနောက်ဆက်တွဲပေါ်လာသည့်အသံကြီးက ပဲ့တင်သံကြီးအဖြစ်ကပ်ပါပြီး၊ အရာအားလုံး ငြိမ်သက်သွားသည်ကို အားလုံးသတိပြုမိလိုက်ကြပေသည်။

"သူ့ဆေးနဲ့ သူဆိုတော့လည်း ငြိမ်သွားလိုက်တာပုဇဉ်းရင်ကွဲအော်သံတောင်မကြားရတော့ပါလားကွ ဟေ"

အစ်ကိုကြီးဦးသိန်းလွင်၏ အားပါသောစကားကြောင့် ကျွန်တော်တို့ပင် ဘဒ္ဒဘဩဖြစ်သွားမိသည်က အမှန်။

"အောက် အီးအီး . . အွတ်"

တောကြက်ဖငယ် တွန်ကျူးသံနှင့်အတူ အရှေ့ဘက်ဆီမှ ရောင်နီဦးက ထွက်လာခဲ့ပေပြီ။ အရှက်ဦး၏ ကြည်လင်လန်းဆန်းသန့်စင်မှုသည် ကျွန်တော်အပါအဝင် မုဆိုးတစ်စုရင်ကို အေးမြသွားစေသည်။ အဖန်ရည်ဖြင့်စားစရာကို့နှင့် ဗိုက်ဖြည့်နေလိုက်ကြရင်း အစ်ကိုကြီးဦးသိန်းလွင်က

"စောစိန်သန်း . . ဒီအကောင်ကြီး ဒီမှာကပ်နေတော့ ငါတို့ ဆက်နေကြလို့မဖြစ်ဘူးကွ၊နောက်ပြီး မှောက်တာရော၊ ခြောက်တာရောလိုင်းကစုံတယ်၊ ငါတို့အောက်ကို ဆင်းကြဖို့တောင် ခက်ခက်ပဲ၊ မင်း ဒီလိုဖြစ်မယ်ကို မသိဘူးလား"

"ဟုတ်ကဲ့၊ အစက ဒီနေရာဟာ တောခုတ်သမားတွေ စခန်းချတဲ့နေရာပါပဲ၊ အရင်က ခုလို ပြဿနာမျိုးမရှိခဲ့ပါဘူး၊ မနှစ်က သစ်ခုတ်သမား ဆန်းထွန်းနဲ့ သီဟကိုစွ၊ သူတို့မယား မိစမ်းနဲ့ တင်တင်လှိုင်သေပြီးတဲ့နောက်မှ ခုလိုဖြစ်တယ်လို့ ကြားမိတယ်လေ၊ ခုမှ တကယ့်လက်တွေ့ကြုံရတာပါပဲ၊ ဘယ်လိုလည်းတော့ မသိပါဘူး"

ထိုစဉ် ကုလားကြီးသန်းညွန့်က -

"အလာတုန်းက သစ်ပင်ထက်က ဆင်းပြေးလို့ ငါပစ်လိုက်တာ သူတို့များလား၊ ဒီအတိုင်းဆိုရင် စခန်းပြောင်းမှ ဖြစ်မယ် ဘယ်လိုလဲ"

ထိုသို့ ပြောလိုက်စဉ် အဘကောင်းက -

"ဘယ်နေရာကိုပြောင်းရင်ကောင်းလဲ စောစိန်သန်း"

"ဒါဆို ကျွန်တော်တို့ဆင်တွေသွားထားကြတဲ့ ဘဥစမ်းဆင်စခန်းကို ပြောင်းကြမလား၊ သားကောင်လည်း ပေါတယ်၊ အကောင်ကြီးတွေနောက် လိုက်လို့လည်းရတယ်ဆိုတော့ . ."

"အထိုင်က ဘယ်မှာချကြမှာလဲ"

"ဆင်အုပ်ကြီး ကြည့်စိစဉ်ပေးမှာပါ၊ မပူပါနဲ့"

"ကဲ . . ဒါဆို စားပြီးရင် ထွက်ကြမယ်၊ အောက်ကိုရောက်ပြီး ဒီဝန်းကျင်ကို သတိထားကြနော်"

ဗိုက်ဖြည့်ကြသည်ဆိုသည်ကလည်း ထွေထွေထူးထူးတော့မဟုတ်၊ ဝါးကျည်တောက်ထဲ ဆန်ထည့်ကာ ပါလာသည့်အသားခြောက်နှင့် လမ်းမှုခူးလာသည့်အရွက်၊ အညွန့်တို့ကို ဖြုတ်ပြုတ်ကာ ဆားထည့်လိုက်ခြင်းရယ်သာ။

အားလုံးဗိုက်ဖြည့်အပြီး ထိုနေရာမှ စခန်းပြောင်းကြတော့ နံနက် ၈ နာရီပင်။

(၃)

ကျွန်တော်တို့ ရှစ်ဦးသားကျောပိုးအိတ်များကိုလွယ်၍ သေနတ်များအသင့်ကိုင်ဆောင်လျက် ဘဥစမ်းဆင်စခန်းရှိရာဆီသို့ ဦးတည်လျှောက်လှမ်းခဲ့ကြပေသည်။

ကျွန်တော်တို့အဖွဲ့သည် သတိကြီးစွာ ထားလျက် မျက်စိလျင်လျင်နားပါးပါးထားကာ လျှောက်လှမ်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘယ့်ကြောင့်ဆိုသော် တစ်ညလုံး ဒုက္ခပေးခဲ့သည့်သားကောင်ကြီးတို့က သည်ဝန်းကျင်တွင်ရှိနေသည့်အတွက် အချိန်မရွေး ကြုံတွေ့နိုင်သည် မဟုတ်ပါလား။ လျှောက်လှမ်းရာ လမ်းကြော သစ်ပင်ကြီးငယ်တို့က မျိုးစုံသည်။ အမြစိမ်းတောကြီးအတိုင်း စိမ်းလန်းစိုပြေသည်။ ထိုအပင်ကြီးများတွင် ရစ်ပတ်သွယ်သိုင်းထားသော သပွတ်သိမ်နွယ်၊ ဒိုးနွယ်၊ အလိုလေးနွယ်ပင်။ ထို့အပြင် ဝါးရုံတောကြီးများအတိနှင့် စိမ်းစိုအုပ်ဆိုင်းနေသည်။

လမ်းတစ်လျှောက် တောင်ကြားလျှိုကြီးများအတွင်း ခပ်စောင်းစောင်းဖြင့် သစ်ပင်ကြီးများပေါက်နေပြီး ဟိုအရှေ့ဘက်မှ တောင်ထိပ်တစ်ခုပေါ်တွင် မြက်ပင်များ ဖုံးလွှမ်းနေသည့် တောင်ကတုံးများတို့ကိုလည်း လှမ်းမြင်တွေ့နေရသည်။

သစ်ပင်များခပ်ကျဲကျဲပေါက်နေသည့် ဆင်ခြေလျှော တစ်ခုအဆုံးတွင် ခပ်ပြေပြေ၊ ခပ်နိမ့်နိမ့် တောင်ကုန်းကလေး တစ်ခုဆီသို့ ရောက်လာကြပေသည်။

ထိုနေရာဆီတွင်ကျောက်ဖုံး၊ ကျောက်ခဲ၊ ချုံပုတ်ငယ်များတို့နှင့်အတိ။ မြက်ပင်တို့ကလည်း အချို့နေရာတို့တွင် ဖုံးအုပ်နေသည်။ ကုန်းထိပ်တွင် ကနစိုး(ဗုမပါ)ပင်ကြီးက ထီးထီးမားမား။ အခိုင်လိုက် အတွဲလို အသီးတို့က မှည့်ဝါဝင်းနေကြသည်။ အကောင် ၅၀ ခန့် မျောက်စပ်အုပ်က တပျော်တပါးပွဲတော်တည်နေကြသည်ကို တွေ့လိုက်ကြရသည်။ ကျွန်တော်တို့ကိုတွေ့မြင်သွားသည့် မျောက်အုပ်က အစာကိုလွှတ်ကာ မြေပြင်ထက်အော်ဟစ်ပြေးဆင်းကာ လျှိုကြီးဟိုမှာဘက်ထူထဲစွာ ပေါက်နေကြသော ဝါးရုံတောများအတွင်း တိုးဝင်ပျောက်ကွယ်သွားကြသည်။

လျှိုအောက်ဆီသို့အရောက် ချုံနွယ်ပိတ်ပေါင်းတို့က ရှုပ်နေသည်။ လမ်းကြောင်းအတိုင်း လျှိုပေါ်သို့ တက်မည်အပြု၊ လျှိုအတွင်းမှ တောတိုးသံကြီးတစ်ခု ဘယ်ဘက်ဆီမှ ကြားလိုက်ကြရသဖြင့် လှမ်းကြည့်လိုက်ရာ လျှိုအောက်ဖက်ကိုက်တစ်ရာခန့်အကွာ သဖန်းပင်ကြီးများ စီတန်းပေါက်နေကြသည့် ကွက်သာတစ်ခုတွင် လှံကိုင်လူသားတစ်ဦးနှင့် ကျားကြီးတစ်ကောင်ရင်ဆိုင် နေကြသည့် မြင်ကွင်းကို အားလုံး မြင်တွေ့လိုက်ကြရပေသည်။

သူတို့နှစ်ဦးကား တောင်ကျော၏ဟိုမှာဘက်ကွက်သာဆန်ဆန် မြေပြင်ထက်မှာ ဖြစ်ကြသည်။ ကျွန်တော်တို့ ရှစ်ဦးက ဒီမှာဘက်ကုန်းအထက်တွင်မို့ ကိုက် ၁၀၈ နီးပါးကွာဝေးသည်။ ချုံနွယ်တောများကြားခံနေကြသဖြင့် သူတို့က ကိုယ့်ကိုမမြင်သော်လည်း ကျွန်တော်တို့ မြင်ကွင်းကတော့ ပြတ်သားထင်ရှားနေသည်။ အဘကောင်းက ကျွန်တော်တို့ကို ကြည့်လျက် အသံမထွက်ရန် သတိပေးဟန့်တားနေသည်မို့ ခေါင်းညိတ်ပြလိုက်သည်။ လူရွယ်က လှံရှည်တစ်ချောင်းကို ဆုပ်ကိုင်ထားသော်လည်း ကျားကြီးကိုအတင်းဝင်မထိုးဘဲ အလစ်အငိုက်ကို ငံ့လင့်စောင့်စားနေသည်၊ သူ့အသွင်က ကျားကြီးကိုလည်း ကြောက်ရွံ့ပုံမရ။ ကျားကြီးကို ရင်ဆိုင်နေရင်း ပျော့ကွက်ကို စောင့်စားနေဟန်အသွင်၊ ကျားကြီးကလည်း မိမိရင်ဆိုင်တွေ့နေရသည့်လူသားကို အထင်သေးပုံမရ။ ရှောင်ထွက်သွားပုံလည်း မပေါ်။ ကျားဆိုသည့် တောဘုရင်တို့၏ ပညာစွမ်းကို ပြချင်ပုံရသည်။ ထို့အပြင် အခုသူရင်ဆိုင်နေရသည့်လူသားသည် ခပ်ချာချာလူသားတစ် ယောက်မဟုတ်ဘူးဆိုသည် လည်း တွက်မိပုံရသည်။ မည် သည့်နည်းဖြင့် သူ့အစာဖြ ရေးကို ညက်နီညက်နက်ထု ကာ သုံးစွဲရမည်ကို တွေး နေဟန်ထင့်။

ကျွန်တော်တို့အဖွဲ့မှာ ကြီးပွဲကောင်း လူသားနှင့် ကြီးတို့၏ ရင်ဆိုင်တိုက်ပွဲ ကြည့်နေကြရသည်ဖြစ်၍ တောင်ပင်မခတ်မိကြ။ အချိန် စောစိန်သန်းက တော့်နားအနီး တိုးကပ်လ လေသံနှင့်ပြောလိုက်သည်

“အဲဒါ အဲဒီအတော ဟာ သီဟပဲ”

သူပြောလိုက်သည့် ကြောင့် ခေါင်းညိတ်ပြလိုက် ကျားကြီးကနောက်ကိုလှည့် ကွေ့ပတ်ပြီး အနည်းငယ် မျက်နှာချင်းဆိုင်အရှိန်ယူ ပြီး လှံကိုင်လူသားထံ ပြင်းပြင်းနှင့် ခုန်အုပ်တို လိုက်သည်။ ထိုမြင် ကြောင့် ကျွန်တော်တို့အာ နှုတ်ဖျားမှ “ဟယ်”ကနဲ ကာ ကိုင်ဆောင်ထား သေနတ်များနှင့်ထိုးချိန် ကြပေသည်။

လှံကိုင်လူသား အတွေ့အကြုံရှိဟန်ထင့်

www.burmeseclassic.com

www.burmeseclassic.com

ကို၏ သဘောသဘာဝကို အထိုက်အလျောက်သိရှိနားလည်ထားဟန်မို့၊ အသာထိုင်ချလိုက်ပြီး သူ့ဆီသို့ လေထဲမှ အရှိန်နှင့် ပြေးဝင်လာသည့် ကျားကြီး၏ လည်တိုင်ရင်းဆီသို့ လှံဖျားကို ချိန်လိုက်ပြီး ထောက်ထားလိုက်ပေသည်။

ဗျက်အကျယ်က လက်တစ်ဝါးသာသာ၊ လှံ သွားအရှည်က တစ်တောင်နှစ်မိုက်ခန့်၊ ဝါးကျစ်သားနှင့် လုပ်ထားသည့် လှံရိုးက ခုနစ်တောင်နီးပါးနှင့်ဖြစ်ပြီး လှံသွားပုံစံမှာ (ဝါးပိုးဝါးရွက်ကြီး)ပုံသဏ္ဍာန်နှစ်ဖက်အသွားချွထားသည့် လှံဦးက အရှိန်နှင့်ထိုးဝင်လာသည့် ကျားကြီး၏လယ်တိုင်ရင်းဆီသို့ လိုးစိုက်ဖောက်ထွင်းဝင်သွားပေသည်။ ကျားကြီးမှာ ဒေါသဖြစ်လွန်းနေဟန်ထင့်။ ရှောင်တိမ်းချိန်ပင်မရလိုက်။ လှံဖျားက လယ်တိုင်ရင်းမှအမြီးနားထိဖောက်ထွင်းဝင်သွားခြင်းခံလိုက်ရကာ သွေးသံရဲရဲလူးလှိမ့်ရင်း လူးလှိမ့်ရင်း ဟော်ချာလည်ခံနေသည်။

လှံသမားက ကျားကြီးကိစ္စတုံးလောက်ပြီအထင်နှင့်မို့သားမသိ။ လှံကိုလက်လွှတ်ပေးကာအသက်ဓီးက စောင့်ကြည့်နေလိုက်သည်။ ကျားကြီးမှာ လှံကြီးတန်းလန်းနှင့်ဆိုသော်လည်း ဒေါသကြီးလွန်းသည့်အတွက် အထိနာနေသည်ကို အမှုမထား၊ လက်စားပြန်ချေရေးကိုသာ ဦးတည်နေသည်မို့ နေရာမှထကာ လှံတန်းလန်းဖြင့် ခုန်အုပ်လိုက်စဉ်-

"ဒိုင်း"

ပွဲကိုဆက်မကြည့်နေနိုင်သူ ကျွန်တော့်လက်မှ ကိုင်ထားသည့် သေနတ်က ပေါက်ကွဲသံကြီးထွက်ပေါ်လာသည်နှင့်အတူ ကျားကြီးမှာ ကျည်ခဲလုံးများ အရှိန်နှင့် ဘေးသို့ လွင့်ပါသွားပြီး မြေပြင်ထက်ပြုတ်ကျလျက် ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

မထင်မှတ်သောသေနတ်ပစ်သံကြောင့် လှံသမား ကျွန်တော်တို့ သူ့ထံပြေးကပ်သွားကြသည်ကို ကြောင်၍ ကြည့်ရင်း ငိုကြွေးနေသည်ကို တအံ့တဩ တွေ့လိုက်ကြရသဖြင့် သူ့ကို ဝိုင်းကြည့်နေစဉ်၊ စောစိန်သန်းက -

"ကျွန်တော်ပြောပြတဲ့လင့်ပေါ်မှာ ကျားကိုက်လို့သေသွားတဲ့ တင်တင်လှိုင်ယောကျ်ား သီဟဆိုတာ သူပဲ အဘကောင်းရဲ့။ သူ့မိန်းမအတွက် လက်စားပြန်ချေဖို့ ကျားနောက်ကိုလိုက်နေတယ်ဆိုတဲ့သတင်းတော့ ကြားမိပါရဲ့။ ဒီလောက်အထိ ဖြစ်လာလိမ့်မယ်လို့ မထင်မိဘူးလေ။ ခုတော့ အားလုံးရှေ့မှာ မျက်မြင်ပါပဲလေ"

စောစိန်သန်းရှင်းပြလိုက်သည့်စကားကြောင့် အားလုံးက ရှင်းလင်းစွာ အဖြစ်မှန်ကို သိလိုက်ကြရသဖြင့် ဘာတစ်ခွန်းမှ မမေးဘဲ ကရုဏာသက်စွာနှင့် မိုက်လုံးကြီးလှသည့် သီဟကို ဝိုင်းကြည့်ရင်း အဘကောင်းက -

"စောစိန်သန်း ပြောပြလို့ အဲဒီလင့်ပေါ်မှာ .. မင်းတို့အကြောင်းသိလိုက်ရလို့ စိတ်မကောင်းပါဘူး သီဟရယ်။ ငါတို့လည်း မနေ့က အဲဒီကို ရောက်ကြတာ။ အိပ်လို့တောင်မရကြပါဘူး။ ခြောက်လိုက်တာလွန်ပါရော။ ခုငါတို့စခန်းပြောင်းဖို့ထွက်လာခဲ့ကြရင်း မင်းနဲ့ခုလို ဆုံပြီးကူညီလိုက်ရတာပါ။ ဒီကျားကြီးကို မင်းလက်စားချေပြီးလို့ ကျေနပ်လိုက်ပါတော့ကွယ်။ ငိုနေလို့လည်း သေတဲ့လူတွေ ပြန်ရှင်လာမှာမဟုတ်တော့ မင်းအတွက် အကောင်းဆုံးက ဒီအကောင်ကြီးကို မင်းယူသွားလိုက်ပါ။ ရောင်းချလို့ရတဲ့ငွေ နဲ့ သူတို့အတွက် အလှူဒါနပြုပြီး



ရေစက်ချအမျှဝေရင်း ကောင်းမှုကုသိုလ်လုပ်လိုက်ပါလို့ ငါတို့ တိုက်တွန်းချင်တာပါပဲ။ ကဲ - ငါတို့လည်း ရှေ့ခရီးဆက်ကြရမယ်ဆိုတော့ သွားလိုက်ကြရအောင်ကွာ"

ကျွန်တော်တို့ သူ့ကို နှုတ်ဆက်ထွက်ခဲ့ကြရင်း ရှေ့တွင် လှမ်းမြင်နေရသည့် သားကောင်ကြီးတွေကိုသာ လိုက်လံပစ်ခတ်သည့်အခါ .. စခန်း (အထိုင်ချ)မည့် တာဥစမ်း ဆင်စခန်းရှိရာကို လှမ်းကြည့်လိုက်မိသည်။ တောင်ခိုးဝေ မြူခြေဆိုင်းဆိုင်းတို့ရှိရာဆီသို့ လျှောက်လှမ်းခဲ့ကြပေတော့သည်။

**လေးမောင်**



www.burmeseclassic.com

www.burmeseclassic.com

## ဒိုင်နိုဆောအရိုး၊ ကျောက်ဖြစ်ရုပ်ကြွင်း မှောင်ခိုဂိုဏ်း အရေးယူဖမ်းဆီး





အဖိုးမဖြတ်နိုင်သော တန်ဖိုးကြီး ရှေးဟောင်းပစ္စည်း ဒိုင်နိုဆောအရိုး ကျောက်ဖြစ်ရုပ်ကြွင်းကို အသက်(၃၈)နှစ်ရှိ အမေရိကန်နိုင်ငံသား မစ္စတာပူလော့ခိုဖီက တရုတ် မွန်ဂိုဒေသမှ ခိုးယူသယ်ဆောင်ပြီး နယူးယောက်မြို့ လေလံတင်အဖွဲ့သို့ အမေရိကန်ဒေါ်လာ (၁)သန်းနှင့် (၅)သောင်း (US$ 1050000) ဖြင့် ရောင်းချရန် ထုတ်ပြန်ကြေညာစဉ် ၁၇-၁၀-၂၀၁၂ ရက်နေ့က အရေးယူဖမ်းဆီးခံရကာ အမေရိကန်အစိုးရက ယင်းလေလံပွဲကို ပိတ်သိမ်းလိုက်ရသည်ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် မွန်ဂို(တရုတ်)အစိုးရက ပေါက်ကြားသိရှိသွား၍ ပြင်းပြင်းထန်ထန် ကန့်ကွက်နေခြင်းကြောင့် ဖြစ်သည်ဆိုသည်။

ဂေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref: Sin Chew Daily(Malaysia), Page:(33)**

---

## i phone ဖုန်းအကူဖြင့် လူဆိုးလက်ရဖမ်းဆီးမိ





ယခုနောက်ဆုံးပေါ် i phone လက်ကိုင်ဖုန်းထဲတွင် လမ်းပြမြေပုံပါရှိလေသည်။ လွန်ခဲ့သော ၁၈-၉-၂၀၁၂ ရက်နေ့က မလေးရှားနိုင်ငံ၊ ပါတာလိန်မြို့တွင် ရွှေဆိုင်အဖောက်ခံခဲ့ရပြီး အဖိုးတန် စိန်ရွှေလက်ဝတ်လက်စားများ ပါသွားခဲ့သည်။ ဆိုင်ရှင်ဖြစ်သူက ချက်ချင်း i phone ဖုန်းဖြင့် ရဲဌာနကို အကြောင်းကြားခဲ့ရာ ယင်း i phone ရှိ software လမ်းပြမြေပုံကြောင့် လူဆိုးကို ခိုးရာပါပစ္စည်းများနှင့်တကွ ဖောက်ထွင်းကိရိယာများကိုပါ နေ့ချင်း ဖမ်းဆီးသိမ်းဆည်းခဲ့ရသည်ဆိုသည်။ ရုပ်ပုံ ။ ဖမ်းဆီးသိမ်းဆည်းရမိခဲ့သော ဖောက်ထွင်းကိရိယာများကို ရဲစခန်းတွင် တွေ့ရစဉ်။

ဂေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

***Ref: Si Chew Daily (Malaysia), (19-9-2012)***




www.burmeseclassic.com

www.burmeseclassic.com

# ကြွံများကိုသတ်ဖြတ်ရန် ဦးဆောင်သူ ထောင်ဒဏ် နှစ် ၄၀ ချမှတ်ခံရ





တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နက်စ်ဘတ်မြို့၊ အေအက်ဖ်ပီနှင့် ရိုက်တာသတင်းဌာနများက တောင်အာဖရိကတရားရုံးတစ်ရုံးမှ တရားသူကြီးသည် တောင်အာဖရိက၏ တောများအတွင်းရှိ ကြွံများကို သတ်ဖြတ်၍ ကြွံဦးချိုများကို ရယူရန် ဦးဆောင်ဦးရွက်ပြုသော ထိုင်းနိုင်ငံသားတစ်ယောက်ကို ထောင်ဒဏ်နှစ် (၄၀) ချမှတ်လိုက်သည့်သတင်းကို ဖော်ပြလိုက်၏။

ထိုထိုင်းနိုင်ငံသား၏ အမည်မှာ ချမ်လောင်းလမ်တောင်ထိုင်း(၄၃)နှစ် ဖြစ်၏။ တောင်အာဖရိကတွင် ယခုနှစ်အတွင်း ကြွံများ ခိုးသတ်ခြင်းခံရမှု အလွန်များသောကြောင့် အဆိုပါကြွံများကို ခိုးသတ်မှုတွင် ငွေကြေးစိုက်ထုတ်၍ ဦးဆောင်ဦးရွက်ပြုသော ထိုနိုင်ငံသားအား ယခုကဲ့သို့ နှစ်ရှည်ထောင်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်ဟု တောင်အာဖရိကအစိုးရ၏ ဥပဒေဘက်တော်သားများက ပြောဆိုလိုက်၏။

ထိုင်းနိုင်ငံသား ချမ်လောင်းကလည်း မိမိတွင် အပြစ်ရှိကြောင်း ဝန်ခံလိုက်ပြီး၊ မိမိသည် ကြွံလိုက်မုဆိုးများကို ငွေများများပေး၍ ကြွံဦးချိုများကို ရယူခဲ့ကြောင်း၊ အာရှတိုက်သားအချို့သည် ကြွံဦးချိုကို တိုင်းရင်းဆေးများ ဖော်စပ်ရာ၌ အသုံးပြုကြသောကြောင့် မိမိသည် တောင်အာဖရိကသို့ လာ၍ ကြွံဦးချိုများရအောင် ရှာအောင် ပြုလုပ်ခြင်းဖြစ်သည်ဟု ဝန်ခံပြောဆို၏။

ထိုင်းနိုင်ငံသား ချမ်လောင်းထံမှ ကြွံဦးချိုစုစုပေါင်း ၂၆ ချောင်း သိမ်းဆီးရမိခဲ့၏။

ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူက "ကြွံများကို တရားမဝင် လိုက်လံသတ်ဖြတ်သော တောလိုက်မုဆိုးများကိုလည်း ဖမ်းဆီးအပြစ်ပေးရေးသည်လည်း အလွန်အရေးကြီးသည်။ သူတို့မပါဘဲ နိုင်ငံခြားသားများသည် ဤအလုပ်ကို မလုပ်နိုင်ပါ"ဟု ပြောဆိုလိုက်၏။

တောင်အာဖရိကတွင် ၂၀၁၂၊ အောက်တိုဘာလကုန်အထိ ကြွံကောင်ရေ ၅၂၈ ကောင် တရားမဝင်သတ်ဖြတ်ခြင်းခံရသည်ဟု သိရ၏။

တောင်အာဖရိကအစိုးရသည် ကမ္ဘာလှည့်ခရီးသည်များအား ၎င်း၏သဘာဝဘေးမဲ့တောများအတွင်းရှိ တောရိုင်းတိရစ္ဆာန်များကို လွတ်လပ်စွာ လေ့လာခွင့်ပြုထား၏။ ဤသည်ကို အချို့သော နိုင်ငံခြားသားများသည် တောင်အာဖရိကတိုက်သားမုဆိုးများနှင့် ပေါင်း၍ ရှားပါးတိရစ္ဆာန်များကို တရားမဝင်သတ်ဖြတ်မှုများပြုလုပ်လျက်ရှိသည်ဟု နိုင်ငံခြားသတင်းဌာနများက သတင်းရေးသားထား၏။

ဦးဦးသိန်း

**Ref: Strait Times, 10.11.2012**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဆီ၌ ကျားကိုရလျှင် နောက်ရက်မှာ 'ရက်ကန်း'ဟု သတ်မှတ်ပြီး တစ်ရွာလုံး အလုပ်နားကြသည်။ ပထမဦးဆုံး ကျားသေကို ပုံမပျက် အရေခွံခွာယူရ၏။ ထို့နောက် ဝါးနီးဖြာ၍ ထိုနီးပြားများကို ကျားပုံသဏ္ဌာန် ရက်လုပ်ရသည်။ ထို ကျားပုံသဏ္ဌာန် ရက်လုပ်ထားသော နီးပြားပေါ်တွင် ကျားသားရေခွံကိုအုပ်ပြီး တကယ့်ကျားအဖြစ် လုပ်ကြသည်။ ကျားစွယ်၊ ကျားခြေသည်း၊ လက်သည်းများနှင့် အသားများကိုပါ ရွာလယ်မှာရှိသော ယဇ်နတ်ပူဇော်ရာ ယစ်တိုင်မှာ ချည်ဆွဲပြီး ကျားကိုသေအောင် ပစ်သငါသူး သို့မဟုတ် ကူညီဝိုင်းသတ်ကြသူများက ဝတ်ကောင်းစားလှ ဝတ်ဆင်ပြီး ကျားပွဲကို ကျင်းပကြရ၏။

ကျားကို သေအောင်သတ်သူက ကျားစွယ်ကို ယူရသည်။ ကျားသေအောင် ကူညီဝိုင်းသတ်ကြသူတွေက ခြေသည်း၊ လက်သည်းတွေကို ဝေစုယူရသည်။ ကျားကို သေအောင်သတ်သူက သူပိုင်ကျွဲဖြစ်စေ၊ နွားနောက်ဖြစ်စေ ယဇ်ပူဇော်ရန်အတွက် တစ်ကောင်ကောင်ကို သတ်ရမည်။ ကျားသေအောင် ကူညီသူတွေကလည်း သူတို့ပိုင် ဝက်တစ်ကောင်စီ သတ်ပြီး ယဇ်ပူဇော်ပွဲမှာ ပါရမည်။ ထိုသို့ ကျွဲ၊ နွား၊ ဝက် တိရစ္ဆာန်တွေကို သတ်ပြီးနောက်မှာ ကျားကိုသတ်လာသူ လက်နှင့်ပင် ကျားသတ်သူက ယဇ်တိုင်မှာ ချည်ဆွဲထားသော နီးကျားရုပ်ကြီးကို "နင်ဟာ ဘယ်ဝက်၊ ဘယ်ကြက်၊ ဘယ်နွားတွေကို သတ်ခဲ့ပြီ၊ ငါတို့ရပ်ရွာကို လာနှောင့်ယှက်သည့်အတွက် ငါတို့က ပြန်၍ ကလဲ့စားချေ သတ်ဖြတ်ရခြင်း ဖြစ်သည်။

နောင်ကျ ကျားဆိုးများ ဒီရွာ၊ ဒီပိုင်နက်အတွင်း ဝင်ရောက်နှောင့်ယှက်ခြင်း မပြုအောင် နင်လုပ်ရမည်။ တကယ်လို့ လာခဲ့ရင် နင်အခုသေသလို သေရမည်ကို မြဲမြဲမှတ်ထား။ အခု ငါတို့သတ်လို့သေတဲ့ နင့်ရဲ့ဝိညာဉ်ဟာ ငါတို့ရဲ့ ရန်သူဖြစ်ကဲ့ ရွာများကို သွားပြီး ဒုက္ခပေးစမ်း။ ငါတို့ အနေနဲ့ နောက်နောင်ခါ သည်းခံမှာ မဟုတ်ဘူး"ဟူသော စကားကို ဦးဆုံး ရွတ်ဆိုပြောကြားပြီး ကျားဝိညာဉ်ကို အမိန့်ပေးရမည်။

ဤသည်နှင့် မပြီးသေး။ ကျားသတ်ရာတွင် ပါဝင်သူများသည် ထိုကဲ့သို့ တစ်လှည့်စီ ရွတ်ဖတ်ပြောဆို၍ ကျားဝိညာဉ်ကို အမိန့်ပေးရမည်။ ထို့နောက် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ကကြဆိုကြ ပျော်ကြမည်။ ဤသည်နှင့်လည်း ကျားပွဲ ဂှ မပြီးသေး။ ကပွဲပြီးသည်နှင့် တစ်ပြိုင်နက် ကျားသားကို အတုံးငယ်များလုပ်ပြီး ဝါးတံမှ ထိုးသီထားသော အတုံးငယ်လေးတွေကို ကလေးတွေကပါ တစ်ခုစီ တစ်ခုစီ ယူကြပြီး အစွယ်၊ ခြေသည်း၊ လက်သည်းပိုင်သူများက သူတို့၏ ပိုင်ဆိုင်မှုကို လည်ပင်းတွင် ဆွဲထားကြရမည်။ ဤပွဲတွင် မိန်းမနှင့် ကလေးငယ်များပါ ကျားသားအတုံးလေးတွေကို ကိုင်မြှောက်၍ ရှီးရာဘာသာဘာဝ သီချင်းဆို၍ တစ်ယောက်နောက်တစ်ယောက် တန်းစီလိုက်ပြီး လှည့်ပတ်ကခုန်ကာ ရွာက ထုတ်သွားကြရမည်။ နီးရာတောကို ရောက်သောအခါ ယူလာကြသော ကျားသားအတုံးငယ်များကို စွန့်ပစ်ကြရမည်။





www.burmeseclassic.com

www.burmeseclassic.com

ကျားရိုးကျားသားတွေကို ထိုတောမှာပင် စွန့်ပစ်ကြရမည်။ ကျားရိုး ကျားသားတွေကို ထိုတောမှာပင် စွန့်ပစ်ကြရမည်ဟု သူကြီးက ကျားပွဲအစီအစဉ်ကို ပြောပြပါလေသည်။

အလွန်စိတ်ရှည် သည်းခံတတ်သော ပြည်သူ့ဆက်ဆံရေးအရာရှိ အေဖ်ပေနှင့် စိန်တောက်တို့မှာ သူကြီးပြောပြသော အစီအစဉ် ကျားပွဲကို ကြားရပြီး ခေါင်းနောက်၊ ခေါင်းကြီးသွားကြသည်။ ထို့ကြောင့် မိမိတို့မှာ ညှော်သည် အာဂန္တုဖြစ်ပါသည်။ ကျွဲ၊ နွား၊ ဝက်တို့လည်း ပိုင်ဆိုင်မှုမရှိကြပါ၊ မပါလာကြပါ။ ဤကျားသစ်မသည်လည်း သင်တို့၏ရွာက ကျွဲ၊ နွား၊ ဝက်တို့ကို ကိုက်သောကျား မဟုတ်ပါ။ မိမိတို့မှာ ခရီးသွားကြရမည့် အာဂန္တုဧည့်သည်ဖြစ်၍ ကျားပွဲလည်း မလုပ်ပါရစေနှင့်ဟု တောင်းပန်ပြောကြားကြသည်။ သို့သော် မည်သို့ပင်ဖြစ်စေ စတီပင်ဖြစ်ဖြစ် လုပ်ကိုလုပ်ရမည်။ ထိုသို့မလုပ်လျှင် ယခုသေသွားသော ကျားသစ်မ၏ ဝိညာဉ်သည် ကျားသစ်ပေါင်းများစွာကို ခေါ်လာပြီး သူတို့ရွာကို မုချဒုက္ခပေးတော့မည်ဟု သူကြီးက အကျောက်အကန်ပြောသည်။ ထို့ကြောင့် စိန်တောက်က –

"ကဲ ... မုဆိုးမောင်းလျှော့နဲ့ ကျားပစ်ကောင်းတဲ့ ဂြိလ၊ မင်းအဲဒါတွေ ဖြစ်မယ်ဆိုတာ မသိဘူးလား။ မင်းလည်း နာဂသွေးတစ်ဝက်ပါတဲ့လူပဲကွ"

"ကျွန်တော့်အဖေတို့နဲ့ သူတို့နဲ့ မျိုးနွယ်မတူဘူး ဆာဂျင်ကြီး။ ကျွန်တော့်အဖေကလည်း ဒီလိုကျားပွဲလုပ်တဲ့ အကြောင်း တစ်ခါမှ မပြောဖူးပါဘူး။ ကျားသစ်မရေက သိပ်လှလို့ နမြော .."

"တော်ပြီကွာ။ ဒီတော့ ငါပြောမယ်။ ကျွဲ၊ နွားတစ်ကောင်နဲ့ ဝက်သုံးလေးကောင်ဖိုးတော့ ဆရာအေဖ်ပေနဲ့ တိုင်ပင်ပြီးတော့ ငါတို့ပေးမယ်။ မင်းထိုက်နဲ့ မင်းကံပဲ။ ကျားပစ်တာက မင်းတစ်ယောက်တည်းပဲ။ ဒီပြင် ဘယ်လူမှ မပါဘူးလို့ သူကြီးကိုပြော။ ငါတို့က အာဂန္တုဧည့်သည်ပဲ။ ကဲ ... ဒီတော့ မင်း သူကြီးနဲ့ တိုင်ပင်ပြီး ကျားပွဲကြီးသာ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ကျင်းပလိုက်ကြပါတော့၊ ဟုတ်လား"

ဂြိလခမျာမှာလည်း ကျားသတ်၍ ဆုမရသည့်အပြင် ကျားပွဲထဲ ကခုန်၍ ပါရတော့မည်။

နောက်ပြဿနာတစ်ခုမှာ ကျားသစ်ကို ထမ်းပိုးယူလာရသူ ကိုနာဂမှာ အစကတော့ သူသည် ကျားထမ်းလာသူဖြစ်၍ တစ်စုံတစ်ခုတော့ ရသင့်သည်၊ နောက်ဆုံး သားရေ အစွယ်တစ်ခုခုတော့ ရမည်ဟု ထင်ထားပုံရှိ၏။ ထို့ကြောင့်လည်း သူက မညည်းမညူ ရင်ကော့ ထမ်းလာသည်။ လမ်းချယ်ရွာရောက်တော့ ကျားထမ်းလာသူမှာ အပေါင်းပါဖြစ်သဖြင့် ဝက်တစ်ကောင်ကျခံရမည်ဟု ပြောသောအခါ –

"ဒီကျားသစ်မကို တို့ လမ်းကပစ်လာတာ။ ခင်ဗျားတို့ရွာက ကျွဲ၊ နွား၊ ဝက်တွေကို ဘယ်တုန်းက ကိုက်လဲ။ သူက တောထဲနေတာ။ ရွာကို ဝင်ဖူးလို့လား"

ဟု စောဒကတက်၏။ ဤသည်ကို သူကြီးက –

"မင်းလည်းနာဂပဲ၊ ဒီအစဉ်အလာကို မသိဘူးလား။ ဒီကျားသစ်မဟာ ငါတို့ရွာက ဝက်တွေကို ဟိုနှစ်ဟိုနှစ်တွေက ခဏခဏ လာလာဆွဲတာ မင်းမှမသိဘဲကိုး။ ပြီးတော့ ဒီကျားသစ်မနေတဲ့ တောကိုလည်း ငါတို့ရွာက ပိုင်တယ်"

"ဒီကျားသစ်မလို့ ခင်ဗျားဘယ်လိုလုပ်သိလဲ"

"ဒီကျားသစ်မ မဟုတ်ရင် သူ့လင်ကျားသစ်ထီး ဖြစ်ရမယ်။ မင်းနာဂဖြစ်နေပြီး နားမလည်ဘူးလား"

သူကြီးနှင့် အထမ်းသမား ကိုနာဂတို့ ကိစ္စကို အေဖ်ပေနှင့် စိန်တောက်တို့က ပြေရာပြေကြောင်း ဝင်ပြောကြရသည်။ ကျားထမ်းလာသူ ကိုနာဂကိုလည်း လက်တို့ခေါ်၍ ဝက်တစ်ကောင်ဖိုးကို ငါတို့ပေးပါမည်ဟု ပြောခိုင်းလိုက်တော့မှ ပြဿနာက ပြေငြိမ်းသွားသည်။

ဝက်ဖိုးမပေးရဆိုမှ ကျားပွဲလုပ်သောအခါ ဂြိလနှင့်အတူ သူပါဝင်က[illegible] သည်။ သူဝင်ကဟော့ နာဂအထမ်း[illegible] သမားအားလုံးလည်း ဝင်ကကြသည်[illegible] လန်းချယ်ရွာမှာ အိမ်ခြေ ခုနစ်ဆယ်[illegible] သော ရွာကြီးဖြစ်သဖြင့် စည်လိုက်သည်[illegible] ကျားပွဲမှာ မိန်းမ၊ ယောက်ျား ကလေး[illegible] ငယ်များနှင့် ပျော်စရာလည်းကောင်[illegible] သည်။

ပြည်သူ့ဆက်ဆံရေးအရာရှိနှင့် [illegible] တောက်တို့လည်း စတီသဘော ဝင်[illegible] ကြရာ နောက်ဆုံးမှာ လဲ၊တရုတ်တွေ[illegible] ကိုးရိုးကားရား ဝင်ပါကခုန်ကြ၊ စာ[illegible] သောက်ကြနှင့် တကယ့် မဟာ[illegible] ကျားပွဲကြီး ဖြစ်သွားလေသည်။ ဤသ[illegible] ကို သူကြီးကလည်း အကျေနပ်ကြီး [illegible] နပ်ကာ သူ၏ အဆောင်အယောင်[illegible] ပြည့်နှင့် ဝင်ကလေသည်။

ကျားပွဲကြီးကြောင့် စိန်တောက်[illegible] မှာ ဟောကွန်ကို ခရီးမဆက်နိုင်ဘဲ [illegible] ချယ်မှာ သုံးရက်နှစ်ည နားခဲ့ကြရသ[illegible] နာဂသူကြီးနှင့် ရွာသူရွာသားတွေ[illegible] လည်း ကျားပွဲမလုပ်ကြရတာ နှစ်[illegible] ဖြစ်သဖြင့် စိန်တောက်တို့အဖွဲ့ကို အ[illegible] ကျေးဇူးတင်ကာ ဖော်ရွေကြသည်[illegible] ကြောင့်လည်း သူတို့က ညှော်ခံကြ[illegible] နှုတ်ဆက်ပွဲကို 'ရက်ကန်း'ခံ၍ [illegible] ပေးကြသည်။

... ... ...

စိန်တောက်တို့အဖွဲ့ လန်[illegible] က ဟောကွန်သို့ ခရီးဆက်လာကြ[illegible] နာဂတောင်ပေါ်ရှိ နေလုံးမှာ လ[illegible] သာ ဖြူရော်ရော်သာ ရှိနေသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မှာ နေဝန်းက နီလာသည်။ နေရောင်တို့ မှိန်ကြက်လာသည်။ သို့သော် နွေးထွေးမှုကို နေရောင်ခြည်က မပေးနိုင်သေး။ လေတိုက်နှုန်းမှာ ပိုပြင်းလာသည်။ နှင်းသီးကြွေသံများသည် မိုးရွာလာလား ထင်ရ၏။

တမြန်နေ့က ကျားသစ်အန္တရာယ်ကြောင့် လူတွေမှာ သတိဝီရိယနှင့် သွားနေကြရသည်။ ဘယ်အချိန်မှာ လားဟီးသံ၊ လူအော်သံ၊ သေနတ်သံကို ကြားရမလားနှင့် စိုးတထိတ်ထိတ် ရှိနေကြ၏။ တောင်တွေမှာ မတ်စောက်ပြီး ချောက်တွေမှာ ပိုနက်လာသည်။ ရေတိုက်စားထားသဖြင့် တောင်ပြို၊ ကမ်းပါးပြိုများကိုလည်း မြေသားချည်း မြင်လာရသည်။ ရေမျက်နှာပြင်မှ ပေပေါင်း ၃၈၆၀ မြင့်သော ဟောကွန်ရွာကို ဆယ့်တစ်နာရီထိုးမီ ရောက်လာကြ၏။

ဟောကွန်နှင့် လန်းချယ်မှာ ခြောက်မိုင်လောက်သာ ဝေးသော်လည်း တောင်တက်တောင်ဆင်းများသဖြင့် တစ်မနက်လုံး လာခဲ့ကြရသည်။ ဟောကွန်ရွာမှ အိမ်ခြေလေးဆယ်ခန့်သာ ရှိ၏။ နာဂတိုင်းရင်းသားများမှာ ပုံညှိုမျိုးနွယ်စု ဖြစ်သည်။ ခရီးတစ်လျှောက်တွင် တွေ့ခဲ့ကြရသော နာဂများလိုပင် တောင်ယာနှင့် အသက်မွေးကြသည်။ တစ်ခုထူးခြားသည်မှာ အခြားရွာများလို ရေကို တောင်အောက်ဆင်းပြီး မခပ်ကြရ။ ရွာအတွက်ရေကို သူတို့တောင်ထက်မြင့်သော တောင်ပေါ်ရှိ ချောင်းက ဝါးတံလျှောက်နှင့် အဆင့်ဆင့်သယ်လာပြီး သုံးကြသည်။

ဤနည်းကို သူတို့ သုံးလာကြသည်မှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ဆယ်လောက်က သူတို့ဆီ ရောက်လာသော ချင်းအမျိုးသား ခရစ်ယာန်သာသနာပြု ဘုန်းကြီးတစ်ပါးက လုပ်ပေးထားခဲ့သည်ဟု သူကြီးက ပြော၏။

ယခင်က နာဂလေ့ 'ပန်'ဖြစ်မည်ဆင်သော ဝါးတဲတန်းတွင် သူကြီးက နေရာချထားပေးသည်။ သူကြီးအား ဆားနှင့်စောင် လက်ဆောင်ပေးကြသဖြင့် သူကြီးက လိုလေသေးမရှိ ကူညီသည်။ စိန်တောက်တို့ရောက်လာ၍ ချက်ပြုတ်စားသောက်နေကြချိန်မှာပင် မြွေသည်းခြေ (စပါးကြီး)၊ ဝံသည်းခြေ၊ ဆတ်၊ တောင်လိပ်ခွံနှင့် ဆေးပင်များ လာရောင်းကြသည်။

စိန်တောက်တို့အဖွဲ့မှာ လောလောဆယ် လိုအပ်သည့် ကြက်နှင့် ကြက်ဥများကိုသာ ဝယ်ကြသည်။ ကြက်တစ်ကောင် နှစ်ကျပ်၊ ငွေတစ်ကျပ်လျှင် ကြက်ဥငါးလုံးရသည်။ စိန်တောက်တို့ နံနက်စာ စားနေကြသည်ကို သူကြီးက လာကြည့်၏။ စိန်တောက်က ငါးသေတ္တာတစ်ဘူးပေးရာ ခေါင်းခါ၍ မယူဟု ပြောသည်။ အားနာ၍ မယူထင်သဖြင့် အတင်းထပ်ပေးရာ ယူအမ်ပီဗိုလ်ကြီးတွေ ပေးသွားသော ငါးသေတ္တာမှာ အိမ်၌ပင် မဖောက်ရသေးဘဲ တစ်လုံးရှိသည်ဟု ပြော၏။ အခွံသည်သာ ငါးရုပ်ကလေးနှင့် လှပပြီး အနံ့က ဆိုးလွန်းသည်။ စား၍လည်း ဘာအရသာမှမရှိ။ စားမည့်သူလည်း မရှိဟု လက်ခါ၊ ခြေခါနှင့် နှာခေါင်းရှုံ့ပြသည်။

နေ့ဝက်အချိန်ရှိသေးသဖြင့် ရွာကို လျှောက်ကြည့်ကြ၏။ ဂျပ်ခုတ်ရက်နေသော အမျိုးသမီးအချို့ကို တွေ့ရသည်။ အိမ်အောက်တွင် ကြက်,ဝက်မွေးထားကြ၏။ တောင်ယာသွားနေကြသဖြင့် ယောက်ျားများကို မတွေ့ရ။ နာဂရွာတိုင်းတွင် မရှိမဖြစ်ရှိနေသော ရွာလယ်က တုံးခေါင်းကြီးကို နီးနီးကပ်ကပ် ကြည့်ရှုကြသည်။

ထိုတုံးခေါင်းကြီးမှာ လူနှစ်ယောက်ဖက်လောက်ရှိပြီး အရှည်မှာ လူကြီးသုံးလေးလံခန့် ရှည်သည်။ သစ်လုံးကြီးကို ထွင်းထားသဖြင့် တုံးခေါင်းကြီးမှာ အထွေအထူးတော့ စိတ်ဝင်စားစရာ မရှိ။ သို့သော် သူတို့ရိုးရာအရ ထိုတုံးခေါင်းလုပ်မည့် သစ်ပင်ကြီးကို ရှာခုတ်ကြပြီး ရွာလယ်အရောက် သယ်ယူလာကြသည်ကတော့ စိတ်ဝင်စားစရာကောင်းသည်။

ရွာလယ်မှာထားသည့် တုံးခေါင်းလျှာ သစ်ပင်ကို ရှာကြတော့မည်ဆိုလျှင် ရွာ၌ မည်သည့်အိမ်မှာမှ ညှော်သည် အာဂန္တု မရှိရ။ ညှော်သည်လာလျှင် ပြန်နိုင်းရသည်။ ပထမတစ်ရက်မှာ ဗေဒင်ကြည့်ကြသည်။ သူတို့ ဗေဒင်ဆရာက ဘယ်အရပ်က၊ ဘယ်သစ်ပင်သည် ရွာအတွက် ကောင်းသည်ဟု အဟောထွက်လျှင် နေ့မကူးညီ ထိုသစ်ပင်ကို ရှာ၍ ခုတ်လှဲကြ၏။

ဗေဒင်ဆရာက ဟောသောသစ်ပင်ကို ရှာမတွေ့လျှင် နောက်တစ်နေ့ ဗေဒင်ကြည့်၍ ထပ်ရှာကြပြန်၏။ တစ်စုံတစ်ခုကြောင့် နတ်မကြိုက်၍ နတ်ဖွက်ထား၍ မတွေ့လျှင်လည်း ထပ်ပြီး ဗေဒင်မေး နတ်မေးနှင့် မတွေ့မချင်း ထပ်ရှာကြသည်။ ရွာလယ်တုံးခေါင်းလုပ်မည့် သစ်ပင်မှာ လုံးပတ်လည်း ကြီးရမည်။ ရှည်လည်းရှည်ရမည်၊ လူကြီးနှစ်ယောက်ဖက်၍မမီသော သစ်ပင်ကြီးလည်း ဖြစ်ရမည်။

သစ်ပင်ကိုတွေ့ပြီ၊ လှဲပြီ၊ အကိုင်းအခက်ရှင်းပြီးလျှင် အခေါင်းဝထွင်းမည့်နေရာကို အိုးမဲနှင့် အရာပေးရသည်။ သစ်ပင်ကြီးကို ခုတ်လှဲကြတုန်းက အသုံးပြုသော ပုဆိန်၊ ရဲဒင်းတွေကို အရိုးချွတ်ပြီး ဝါးလုံးရှည်ရှည်တပ်ကာ တူရွင်း၊ ဆောက်သဘောမျိုးလုပ်ပြီး ထွင်းကြသည်။ ရွာမှာရှိရှိသမျှသော ယောက်ျားအားလုံး ပါဝင်ကြရ၏။ ထိုတုံးကြီးကို မထွင်းပြီးမချင်း သူတို့ရွာကို မည်သည့်ညှော်မှ မဝင်ရ၊ ညှော်သည်လာလျှင်လည်း ကျားကိုက်ကိုက်၊ ဝက်ပက်ပက် ရွာပြင်၌သာ အိပ်ခွင့်ပေးရသည်။ ရွာထဲကိုမူ လုံးဝမဝင်ရ။ ထိုရွာပြင်မှာ အိပ်ရသည့်ညှော်သည်တွင် ပါလာသော ဓားလှံတို့ကိုလည်း တောင်းယူထား



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ ဒဏ်တပ်သည့်သဘော ဖြစ်၏။

ထိုတုံးကြီးကို တုံးခေါင်းဖြစ်အောင် သုံးရက်နှင့်ပြီးအောင် နေ့ညမရွေး ထွင်းကြရ၏။ နေပူပူ မိုးရွာရွာ ရွာရှိယောက်ျားတိုင်း ပါဝင်ကြရသည်။ သစ်တုံးကြီးကို အရင်းနှင့် အဖျား တစ်ဖက်တစ်ချက်မှာ ကျွဲချိုပုံသဏ္ဌာန် အိုးမဲနှင့် အရုပ်ရေးထွင်းရသည်။ အထဲထိ မဟုတ်။ အရုပ်ကျွဲချိုပုံ ပေါ်ရုံထင်ရုံသာ။

တတိယရက်မှာ အပြီးထွင်း၊ အချောသတ်ပြီးသွားသော တုံးခေါင်းကြီးကို ကြိမ်နှင့် နောက်နှစ်ကြိုး၊ ရှေ့နှစ်ကြိုး တပ်ပြီး ရွာဘက်ကို ဆွဲယူရန် အသင့်ပြင်ထားရသည်။ မဆွဲကြမီ နတ်ဆရာက တုံးဘက်မျက်နှာမူပြီး ထိပ်ကြိုးနှစ်ချောင်းကိုကိုင်ကာ ဆုတောင်းရသည်။ ထို့နောက် နတ်ဆရာက ကောင်းချီးပြဘာ သုံးခါအော်၍ စဆွဲသည်။ နတ်ဆရာဆွဲ၍ သုံးကြိမ်စေ့သောအခါ ရွာသားများက တညီတညွတ်တည်း ညာသံပေး အော်ဟစ်၍ ဆွဲကြတော့သည်။ ထိုနေ့မှာ တောထဲက လမ်းပေါ်ရောက်နေအောင် ဝိုင်းဆွဲထားခဲ့ကြ၏။

စတုတ္ထနေ့၌လည်း နတ်ဆရာက ရွာသားများမဆွဲမီ ဆုတောင်း၍ သုံးကြိမ်သုံးခါ စတင်ဆွဲရသည်။ ပြီးတော့မှ နောက်လူများက ရွှေ့ပါလာအောင် ဆွဲကြရသည်။ ရွာဝင်ပေါက်ကို ရောက်သည်နှင့် အဆွဲရပ်၍ ရွာသားတွေက တညီတည်း တုံးခေါင်းကို ချက်ကျကျ သုံးကြိမ်ခေါက်ကြရသည်။ ထိုသို့ခေါက်ပြီးလျှင် နတ်ဆရာတစ်ယောက်က တုံးခေါင်းပေါ်တက်၊ မတ်တတ်ရပ်၊ ဓားကိုညာဘက်ပခုံးပေါ်ထမ်းပြီး ရွာဘက်ကို မျက်နှာမူကာ ဆုတောင်းရသည်။

နတ်ဆရာ ဆုတောင်းနေစဉ် တုံးခေါင်းဆွဲကြိုးကို မည်သူမျှ မကိုင်ရ။ နတ်ဆရာ ဆုတောင်းပြီးမှ တညီတည်း ဆွဲကြကြသည်။ တုံးခေါင်းထားမည့် ရွာလယ်ကနေရာနား ရောက်သောအခါ ယခင်က ရှိနှင့်သော တုံးခေါင်းအဟောင်းကို တွန်းဖယ်ပစ်ပြီး၊ တုံးဟောင်းနေရာတွင် တုံးခေါင်းသစ်ကို ထားကြသည်။

ညပိုင်းတွင် ကပွဲလုပ်ကြ၏။ ထိုကပွဲ၌ ကျွဲ၊ ဝက်တို့ကို သတ်စားကြသည်။ ဤသို့ ကနေချိန်မှာ နတ်ဆရာက ခွေးသတ်ပြီး ထမင်းချက်သည်။ ထမင်းကို ခွေးအဆီနှင့် နယ်သည်။ ခွေးဆီနှင့်နယ်ထားသော ထမင်းကို နတ်ဆရာက တစ်ယောက်လျှင် လက်တစ်ဆုပ် ပါးစပ်ထဲခွံ့ပေးသည်။ ယခင်က သစ်တုံးပိဖူးသူ၊ သားသမီးမရဘတ်သော ယောက်ျား၊ ကိုယ်လက်အင်္ဂါမစုံသူ၊ ငယ်စဉ်အခါက ဝက်စာထမင်း၊ ခွေးစာထမင်းများကို ယူစားဖူးသူများအား ထိုထမင်းကို မကျွေးရ။

ထိုသူများမှာ တုံးဆွဲ၊ တုံးထွင်းတုန်းကသာ ပါဝင်ရပြီး မင်္ဂလာယူချိန်မှာ သူတို့ကို ပထားကြသည်။ ပဥ္စမရက်မှာ တစ်ရွာလုံး 'ရက်ကန်း' ထားပြီး မည်သည့်အလုပ်မှ မလုပ်ကြဘဲ နားကြသည်။ တောင်ယာကိုလည်း မသွား။ တုံးခေါင်းအသစ်ကိုလည်း မည်သူမျှ မခေါက်ရဲသေး။

ခြောက်ရက်မြောက်သောနေ့မှာ ရွာရှိယောက်ျားမှန်သမျှ တောလည်ထွက်ကြပြီး တောထဲက မျောက်၊ ဝက်၊ ဆတ်၊ ချေ တစ်ကောင်ကောင်ရမှ ပြန်ကြရသည်။ တောထဲကရလာသော အသားနှင့် တုံးခေါင်းနားမှာ စင်ထိုး၍ နတ်တင်ကြသည်။ နတ်တင်ပြီးမှ လက်ရွေးစင်ထမင်းတစ်ဆုပ်စီ စားကြရသူတွေက တုံးခေါင်းကြီးကို ညီတူညာတူ သုံးကြိမ်ခေါက်ကြရသည်။ တုံးခေါက်သည်ဆိုခြင်းမှာ လက်နှင့်၊ အခြားတစ်စုံတစ်ခုနှင့် မဟုတ်ဘဲ ကျည်ပွေ့လို ခေါက်တံနှင့် ထိုးရိုက်တီးခေါက်ရခြင်းဖြစ်သည်။

တုံးခေါင်းကြီးကို သုံးကြိမ်ခေါက်ပြီး ညမှာ စတီသဘော ကာကပြန်သည်။ ထို့နောက် သုံးရက်လုံးလုံး တောင်ယာမသွားဘဲ 'ရက်ကန်း' လုပ်ကာ နားကြသည်။ ထိုသုံးရက်လွန်မြောက်သောအခါ ဘေးရွာတွေကို သွားလာဝင်ထွက်နိုင်ပြီ ဖြစ်ကြောင်း အကြောင်းကြားရသည်။ တုံးခေါင်းကြီးကိစ္စ မပြီးမချင်းတော့ သူတို့လည်း ဘယ်ရွာကိုမှ မသွားကြသလို ... ဧည့်သည်ကိုလည်း လုံးဝ ရွာဝင်လက်မခံ ... ကြပေ။

စိန်တောက်တို့ တည်းခိုရာ ဝါးတဲ ... ပန်သို့ ပြန်လာကြချိန်မှာ ညနေဝါးနာ ... ခန့်သာ ရှိသေး၏။ နာဂအထမ်းသမား ... များနှင့် လားထိန်းတရုတ်တို့သည် မီး ... ကြီးတွေ ဖိုနေကြသည်။ မီးလှုံရင်း ချ ... ပြုတ်နေသူများက ချက်ပြုတ်နေကြ ... မကြာမီ ပြည်သူ့ဆက်ဆံရေးအဖွဲ့နှင့် စိ ... တောက်တို့လည်း မကြာမီ ထမင်းစား ... စောင်ခြုံကွေးကာ မနက်ဖြန်ခရီးစဉ် ... ပြောဆိုရင်း အိပ်ပျော်သွားကြသည်။

••• ••• •••

နေ့ဦး၏ နံနက်ခင်းနေရောင် ... ခရီးထွက်ရန် အစီအစဉ်လုပ်ကြ ... သည်။ စကားပြန်ပါသော အဖွဲ့ ... ရှေ့ချီအဖွဲ့က စတင်ထွက်ခွာသည်။ ... နောက်တွင် တောင်တက်သန့်သော ... အထမ်းသမားများ။ ထို့နောက်မှာ လား ... လားတရုတ်များ။ သူတို့ကြားတွင် ... တောက်တို့ လက်နက်ကိုင်အဖွဲ့က လိုက် ... ပါကြရသည်။

တောင်မြင့်၌ တောကြီးလာသ ... တောတိရစ္ဆာန်များ၏ အသံဗလံမျိုး ... လည်း ကြားလာရသည်။ လေတိုက် ... ထင်းရှူးတောထဲက တရှဲရှဲမြည်နေ ... အသံအပြင် မိုးပေါ်ကလည်း တဝေါ ... မြည်လာသံကို ကြားရသဖြင့် မိုးပေါ် ... မော့ကြည့်ရာ ငှက်ကြီးအကောင်သုံး ... ခန့် မြောက်စူးစူးသို့ အုပ်လိုက်ပျံ ... သည်ကို မြင်ရ၏။ နာဂအထမ်းသမား ... တစ်ယောက်ကို မေးကြည့်ရာ ... လာခိုသော အောင်းလောင်းငှက်ကြီး ...



www.burmeseclassic.com

www.burmeseclassic.com

[ချ]ဦးရောက်၍ ဟိမဝန္တာသို့ ပျံသွားနေကြ[သ]ည်ဟု ဆို၏။ လှည်းထောက်ပုံသဏ္ဍာန် [ပျံ]သွားနေကြသော ငှက်ကြီးများမှာ [ကြ]ာပီ မြင်ကွင်းထဲက အကောင်ရေး[လ]ုတ် တောင်ပံခတ်သံရော ပျောက်သွားသည်။ ထိုငှက်များမှာ ဂျုန်တောင်ပံပါသဖြင့် တောင်ပံခတ်သံကျယ်သည်ဟုလည်း ဆိုပြန်သည်။

အောင်းလောင်းငှက်ကြီးများက [မြ]ောက်စူးစူးကို ပျံနေကြသော်လည်း စိန်[တ]ောက်တို့ကမူ အနောက်စူးစူးသို့ ချီလာကြ၏။ အချိန်မှာ နံနက်ကိုးနာရီခန့် ရှိပြီ။ တောင်အောက်တွင် နှင်းမြူလိပ်များ ငြိမ်[သ]က်နေသဖြင့် မိမိတို့မှာ မိုးပေါ်ရောက်နေသလို ခံစားရသည်။ တစ်ချက်တစ်[ချ]က်တွင် နှင်းတိမ်များက လေနှင့်အတူ [လ]ူကြာ၊ လားကြားမှ ဖြတ်ပြေးသွားကြသည်။ ထိုအခါ ရှေ့လူကို နောက်လူက [မ]မြင်ရ ဖြစ်သွားတတ်၏။ ခဏသာကြာသဖြင့် တော်သေးသည်။

တောင်တွေမှာ မတ်စောက်လွန်းသဖြင့် ယာတောဟောင်းများကိုလည်း [မ]မြင်ကြရတော့၊ သစ်ပင်ကြီးများ ထူထပ်[သ]ာ တောအုပ်ကြီးဖြစ်သဖြင့် တောမျောက်နှင့် တောဘိရစ္ဆာန်မျိုးစုံတို့၏ အော်မြည်နေကြသံကို ကြားလာရသည်။ အများဆုံးကြားရသည်မှာ မျောက်အော်သံနှင့် ချေ[ြ]ဟာက်သံ၊ ငှက်မြည်သံတို့ ဖြစ်သည်။

တောင်ကမ်းပါးယံကြီးကို ကွေ့[ေ]ကာက်၍ ဖောက်ထားသော လမ်းဖြစ်သဖြင့် လားရော လူပါ အထူးသတိထားသွားနေကြရသည်။ 'ယုန်နစ်'ဟုပြောသော တောင်အောက်က ချောင်းကို ကြိုးတံတားတစ်ခုက ကန့်လန့်ဖြတ်ထိုးထားသည်။ ချောင်းရေမှာ အရှိန်အဟုန်ပြင်းပြင်းနှင့် စီးဆင်းနေ၏။ နွေဦးကာလ ရေခဲ[အ]ရ[ည်ပ]ျော်[နေ]သဖြင့် ရေခဲချောင်းများက [စ]ီးဆင်းလာသော ရေများလား ထင်ရ

စစ်ပို့ရွာသို့ သွားသောလမ်းမှာ လားသွားနိုင်အောင် ဖောက်လုပ်ထားသော လမ်းဖြစ်သဖြင့် ခက်ကျဉ်းအကျပ်ကြီးတော့ မဟုတ်ပေ။ သို့သော် မတ်စောက်သော တောင်စောင်းများကို မှေးကပ်ဖောက်ထားသဖြင့် တောင်အောက်ကို လှမ်းကြည့်မိလျှင် နှလုံးခုန်၊ ရင်တုန်စရာ ကောင်းလှသည်။

သည်လိုနှင့် မွန်းတိမ်းစတွင် ဟောကွန်ရွာမှ ၁၄ မိုင်ခန့်ဝေးသော စစ်ပို့ရွာကို ရောက်လာကြသည်။ နာဂတိုင်းရင်းသားတို့၏ ထုံးစံအတိုင်း တောင်ထိပ်ပေါ်တွင် တည်ထားသော ရွာဖြစ်၏။ ရေမျက်နှာပြင်မှ ပေ ၃၇၀၀ မြင့်သည်။ ဟိုင်မြီနာဂ အုပ်စုဝင် ဝေလန်နာဂတို့၏ ရွာဖြစ်သည်၊ အိမ်ခြေ ၄၀ ခန့်ရှိ၏။

ဤရွာအထိ သက်ဆိုင်ရာ ပြည်သူ့လမ်းလုပ်ငန်းဌာနက လားလမ်းဖောက်ထားခြင်းဖြစ်၏။ လားထိန်းများနှင့် လားများမှာ ဤရွာအထိသာ လိုက်ပို့နိုင်ကြသည်။ ပြည်သူ့ဆက်ဆံရေးအဖွဲ့နှင့် စိန်တောက်တို့ ပြည်စောင့်ရဲအဖွဲ့မှာ ရှေ့ဆက်ပြီး လားကုန်တင်များ သွားနိုင်သော လမ်းမရှိတော့သဖြင့် လားနှင့် လားတရုတ်များကို တန်ရာတန်ကြေးပေး၍ ဤစစ်ပို့ရွာက ပြန်လွှတ်ကြရတော့မည်ဖြစ်သည်။

လားထိန်းများနှင့်အတူ ဆင်သေက လိုက်ပါလာကြသော နာဂအထမ်းသမားများကလည်း ပြန်ကြတော့မည်ဖြစ်သည်။ သူတို့ပြန်ကြရမည်ဖြစ်သလို ပြည်သူ့ဆက်ဆံရေးအဖွဲ့နှင့်လည်း စိန်တောက်တို့က ဤရွာတွင် လမ်းခွဲကြရမည်ဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးအဖွဲ့က သူတို့၏ လူထုစည်းရုံးရေးအတွက် 'အာရိုကြိန်'သို့ ခရီးဆက်ကြရမည်ဖြစ်သလို စိန်တောက်တို့ ပြည်စောင့်ရဲတပ်ဖွဲ့ကလည်း ဝေလွန်စွန်ခေါင်ကို တာဝန်ထမ်းဆောင်ရန် ခရီးဆက်ကြရဦးမည်ဖြစ်၏။

ထို့ကြောင့် လားတရုတ်များနှင့် ဆင်သေရွာက လိုက်ပါလာကြသော နာဂအထမ်းသမားများကို ငွေရှင်းပေးကြရာတွင် လားတရုတ်များက ငွေစက္ကူပေး၍ ရသော်လည်း ပညာမင်းကြီး ဦးကောင်းလက်မှတ်ပါသော ၁၉၅၀ ခုနှစ်ထုတ် ငွေစက္ကူများကို အထမ်းသမား နာဂတို့က မယူကြ။ ခြင်္သေ့တံဆိပ်ပါသော နှစ်ထပ်ဒင်္ဂါးကိုသာ ပေးပါဟု တောင်းဆိုကြသည်။

ပြည်သူ့ဆက်ဆံရေးတို့အဖွဲ့နှင့် စိန်တောက်တို့မှာ ယူရလွယ်သော ပေါ့ပေါ့ပါးပါး ငွေစက္ကူများကိုသာ ယူလာကြရာ နာဂအထမ်းသမားများကို ပေးရာ၌ အခက်တွေ့ကြရသည်။ ထို့ကြောင့် ဤငွေစက္ကူများမှာ မြန်မာ့ငွေကြေးဘုတ်အဖွဲ့ဝင် ပညာမင်းကြီး ဦးကောင်းက မှောင်ခကောင်းဟု လက်မှတ်ထိုးထားသဖြင့် ဤနိုင်ငံ၌သာ မဟုတ်၊ နိုင်ငံတကာ ငွေစက္ကူလဲလှယ်ရာ နိုင်ငံတိုင်းတွင်လည်း လဲလှယ်၍ရကြောင်း၊ သူတို့ရောက်တတ်ပေါက်တတ်သော အိန္ဒိယပြည်မှာလည်း ဆားနှင့်တကွ ဘာဝယ်ဝယ်ရကြောင်း စကားပြန်နှင့် ပြောပြရသည်။

နာဂအထမ်းသမားတို့ အကြောင်းပြချက်မှာ ခြင်္သေ့တံဆိပ်ပါဒင်္ဂါးလို ငွေစက္ကူက ရေစိုမခံ။ သူတို့မှာ ဝါးဆစ်ကို ဖောက်ကာ ဒင်္ဂါးပြားတွေကို စီထည့်ပြီး မြေထဲမြှုပ်ထားလျှင် အစိုပြန်၍ ငွေစက္ကူများ ပျက်စီးသွားသည်။ ထို့ကြောင့် ငွေစက္ကူအစား ခြင်္သေ့ဒင်္ဂါးကိုသာ ပေးပါဟု တောင်းဆိုနေကြ၏။

ပြည်သူ့ဆက်ဆံရေးအရာရှိ အေဖ်ပေကလည်း သူတို့အထင်ကြီးသော အင်္ဂလိပ်တိုင်းပြည်၌လည်း သုံး၍ရကြောင်း၊ အင်္ဂလိပ်တွေသုံးသော ပေါင်စတာလင် ငွေစက္ကူများနှင့်ပင် အဆင့်တူကြောင်း စကားပြန်ကတစ်ဆင့် သူတို့



www.burmeseclassic.com

www.burmeseclassic.com

သခေတာပေါက်အောင် အမျိုးမျိုးပြောပြ၏။ သို့သော် ဘယ်လိုပြောပြော နားမဝင်သဖြင့် နောက်တော့ ပါလာသမျှ အကြေစေ့များအပြင် ယူအမ်ပီတပ်က အရာရှိ အရာခံ အကြပ်တပ်သားများထိ အကြေရှာလဲကြရသည်။

ထိုသို့ရှာလဲကြသော်လည်း အထမ်းသမားပို့ခ ဒင်္ဂါးအကြေများကို လုံလုံလောက်လောက် မရကြသဖြင့် နောက်ဆုံးမှာ ဆားနှင့် စောင်များကို ဈေးဖြတ်ပြော၍ ပေးလိုက်ကြတော့မှ ပညာမင်းကြီးဦးကောင်းက အပြည်ပြည်ဆိုင်ရာ ငွေစက္ကူ လဲလှယ်ရာဌာနတိုင်းတွင် အာမခံပါသည်ဆိုသော ငွေစက္ကူပြသနာက ပြေလည်သွား၏။

နာဂအထမ်းသမားများ ပြောသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ငွေစက္ကူကို ဝါးလုံးခေါင်းထဲထည့်ပြီး မြေကြီးထဲ မြှုပ်ထားလျှင် နာဂတောင်တန်း၏ ပထဝီအနေအထားအရ မြေအစိုဓါတ်၊ ဝါးအစိုဓာတ်နှင့် ငွေစက္ကူများ တာရှည်မခံဘဲ ဆွေးသွားမည်မှာ မုချပင် ဖြစ်သည်။ ခြသေ့်တံဆိပ်ပါ နှစ်ထပ်ကျပ်ပြားစေ့ကမူ အစိုပြန်ရုံမက ဝါးလုံးကို ခြကိုက်ဆွေးမြည့်သွားသော်လည်း နှစ်ထပ်ဒင်္ဂါးပြားက မပျက်စီးနိုင်ပေ။ အလွန်ရိုးသားကြသော နာဂများသည် အမှန်အတိုင်း ရိုးရိုးသားသား ပြောခြင်းပင်။

နာဂတောင်တန်းခရီးတစ်လျှောက်တွင် တောင်ပေါ်၌ တစ်နပ်မှ မစားခဲ့ကြရသော ငါးစိမ်းဟင်းနှင့် ယူအမ်ပီက ပုဇွန်လိပ်များကျွေးသော ညနေစာကို မြိန်ရေရှက်ရေ စားကြရ၏။ တောင်ပေါ်တွင် ငါးစိမ်းဘယ်ကရသနည်း။ ထူးထူးဆန်းဆန်းပါလားဟု စိန်တောက်က မေးကြည့်သော အခါ စိန်တောက်တို့အလာတုန်းက တွေးခဲ့ကြရသော 'ယုန်နစ်'ချောင်းထဲတွင် ယူအမ်ပီများ မိုင်းသွားခွဲကြသော ငါးဟင်းဟု ဆိုသည်။

မနက်ဖြန်ကျလျှင် အသီးသီး အသက အသက ခွဲခွာကြရမည်ဖြစ်သဖြင့် စစ်ပိုသူကြီး ဦးဟာတုညွှန်ခဲ့သော ခေါင်ရည်နှင့် စီးပုံပွဲလုပ်ကြသည်။ စစ်ပိုရွာမှာ အိမ်ခြေ ၄၀ ခန့်သာ ရှိသော်လည်း ယူအမ်ပီများ တပ်စွဲထားသော လားလမ်းအဆုံးရွာ ဖြစ်သည်။ အိမ်ခြေ ၁၀၀ ကျော်ရှိ ဝေလွှန်စွန်ခေါင်မှာ ပြည်စောင့်ရဲ စိန်တောက်တို့ တပ်စွဲကြရမည့် ရွာဖြစ်သည်။ သို့သော် လားဝန်တင်တို့နှင့် သွား၍မရတော့ပေ။

လားလမ်းသာ မပေါက်သော်လည်း နာဂတောင်တန်း ဖွံ့ဖြိုးရေး စီမံကိန်းရှိရာဖြစ်၏။ ဆေးခန်း၊ စာသင်ကျောင်းကို သက်ဆိုင်ရာက မကြာမီ ဆောက်လုပ်ပေးတော့မည် ဖြစ်သဖြင့် ပြည်စောင့်ရဲများက လုံခြုံရေးလာယူထားကြရခြင်း ဖြစ်သည်။ နောင်တွင် ဤပတ်ဝန်းကျင်ရှိ ရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကို ဝေလွှန်စွန်ခေါင်က အခြေစိုက်၍ စီမံကိန်းနှင့် ဆောင်ရွက်ပေးရမည်ဟု အေဖံပေက ပြော၏။

နောက်တစ်နေ့ မနက်တွင် ပြည်သူ့ဆက်ဆံရေးအရာရှိတို့အဖွဲ့က အထမ်းသမားများနှင့် စိန်တောက်တို့ကို ဝေလွှန်စွန်ခေါင်ရွာကြီးသို့ လိုက်ပို့ကြသည်။ စစ်ပိုနှင့် ဝေလွှန်စွန်ခေါင်မှာ ငါးမိုင်ခန့်သာ ဝေးသော်လည်း လမ်းက ကွေ့ကောက်သည်။ လမ်းဘေးချောက်တွေကလည်း အသူတစ်ရာနက်၏။ ရွာနှင့်နီးလာသော အခါ နွားနောက်များကို တွေ့လာရသည်။ သည်အတိုင်းလွှတ်ထားကြ၏။ ခြံနှင့်ထားလျှင် ခြံကိုဖျက်ပြီး ထွက်ပြေးတတ်ကြသည်ဟုဆို၏။

ငါးမိုင်ခန့်သာ ဝေးသောခရီးကို မနက်ခုနစ်နာရီကပင် စထွက်လာကြသော်လည်း ဝေလွှန်စွန်ခေါင်ကို ဆယ်နာရီကျော်မှ ရောက်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၈၅၀ မြင့်သောရွာဖြစ်၏။ မျိုးနွယ်စုတွေမှာ နောက်အော်နှင့် ဝေလန်နာဂမျိုးနွယ်တို့ ဖြစ်ကြ၏။ ကြိုတင်အကြောင်းကြားထားသဖြင့် ရွာသူကြီး ဦးတန်ညူက လာကြိုနေသည်။

ရွာသူကြီး(စစ်ခေါင်းဆောင်)၏ အသက်မှာ ၅၄ ဝန်းကျင်ဟု ခန့်မှန်းရ[...] ဖြက်ငါးလက်မခန့် ဆင်စွယ်ကွင်းကြီးကို လက်မောင်းတစ်ဖက်တစ်ချက်တွင် စွ[...] ထားသည်။ နာဂနားကွင်းသည်လည်း ကောင်း။ ခေါင်းတွင် နောက်တွဲထုံးထား[...] သော ဆံထုံးကြီးသည်လည်းကောင်း ဂျပ်ခုတ်အရောင် သုံးလေးမျိုးနှင့် ရင်ကို လက်ပြတ်အကျီသည်လည်းကောင်း နံငယ်ပိုင်းသားဖွယ် ဝတ်ထားသော အ[...] ပေါ်တွင် ခါးစည်းကြိုးနီနီရဲရဲသည်လည်း ကောင်း။ အရပ်ငါးပေ ဆယ်လက်မခန့် ဝေလွှန်စွန်ခေါင်သူကြီး၏ ဝါးဆေးတံ[...] ကာ မပြုံးမရယ် ရပ်နေသော အသွ[...] သဏ္ဍာန်မှာ ခံ့ညားထည်ဝါလွန်းသ[...] စိန်တောက်စိတ်ထဲမှာ စိုးရွံ့သလိုပင် [...] သွားမိသည်။

ဤသည်ကို သိ၍လားမသိ၊ ပြည်သူ့ဆက်ဆံရေးအရာရှိ အေဖံပေက [...] တောက်ကို သူကြီးနှင့် မိတ်ဆက်[...] သည်။ ထိုအခါ သူကြီး၏မျက်နှာက [...] ရောင်သန်းလာ၏။ သူကြီးက စိန်တော[...] တို့ကို ညွှန်ရိုပ်သာ ပန်သို့ ခေါ်လာ[...] လမ်း၌ အေဖံပေနှင့် စကားပြန်[...] သူကြီးကို တတွတ်တွတ်ပြောလာ[...] သည်။ ထိုအခါ နာဂသူကြီးက [...] တောက်ကို တစ်ချက်တစ်ချက် [...] ကြည့်၍ ပြုံးပြဖော် ရလာ၏။

ဝေလွှန်စွန်ခေါင်မှာ ရွာကြီး[...] သဖြင့် သွေးချင်းသားချင်း နာဂညီ[...] တို့ရွာကို နီးနီးကပ်ကပ် လေ့လာရ[...] ရွာလမ်းတစ်လျှောက်ရှိ အိမ်မျာ[...] အမျိုးသားများက ဝါးကပ်၊ [...] ပလိုင်း၊ ခြင်းများ ရက်လုပ်နေ[...]



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများကလည်း ရက်ကန်းခတ်သူခတ်၊ ဂျပ်ခုတ်သူခုတ်၊ ဝါဖန်သူဖန်၊ ချည်ငင်သူငင်၊ ရွာအောက်ဆင်းပြီး ရေခပ်သူခပ်နှင့် အလုပ်ကိုယ်စီ လုပ်နေကြသည်။

ရွာလယ်တုံးမောင်းရှည်ကြီးနားတွင် ပြည်ထောင်စုအလံတော်ကို ထင်းရှူးပင်တစ်ပင်၌ လွှင့်ထူထားသည်။ ထိုအလံနှင့် တုံးမောင်း(တုံးခေါင်း)ကြီးထိပ်တွင် နာဂဝတ်စုံပြည့် ဝတ်ဆင်ထားသောလုလင်ပျို အားကောင်းမောင်းသံတစ်ယောက်က အောင်လုံရှည်ကို မြေစိုက်ထောက်ကိုင်၍ မလှုပ်မယှက် မာန်ပါပါရပ်နေသည်။ တုံးမောင်းစောင့်ဟု သိရ၏။ ဤတုံးမောင်းကို စစ်ခေါင်းခေါင် သူကြီးသိတဲ မည်သူမျှ မထိုးမထိရဟုဆိုသည်။

နေ့လယ်စာကို သူကြီးက ဝက်သတ်၍ ကျွေးမွေးဧည့်ခံသည်။ စားရင်းသောက်ရင်းနှင့် စကားပြန်နှင့် အေဖံပေတို့က သူကြီးကို ပြောပြနေကြသည်။ စားသောက်ပြီးသောအခါမှာလည်း စကားပြန်က ဝိုင်းထိုင်ပြီး အစီအစဉ်တွေကို ပြောပြသည်။ သူကြီးကိုကြည့်ရသည်မှာ တက်တက်ကြွကြွနှင့် အလွန်အမင်း ဝမ်းသာနေပုံကို မြင်ရသည်။ စကားပြန်က စိန်တောက်ကို လက်ညှိုးထိုးပြပြီး ပြောသဖြင့် သူကြီးက စိန်တောက်ကို ခဏခဏကြည့်သည်။

စိန်တောက်က သိလိုသဖြင့် သူတို့ထဲတွင် နာဂစကား အတော်အတန်နားလည်သော ကော်ပတာ ဂြိုလကို တီးတိုးမေးကြည့်ရသည်။ ဂြိုလက –

"သူကြီးကို စကားပြန် ပြောနေတာက ဒီရွာကို ရောက်လာကြတဲ့ ဒီရွာမှာ တပ်စွဲနေကြမည့် သူတွေထဲက ဆာဂျင်ဟာ အကြီးဆုံး 'ကျအောင်းမင်း'(လေးစားရမည့်ပုဂ္ဂိုလ်)ဖြစ်တယ်။ အဲဒါ ညကျရင် ဆာဂျင်ကို ခေါင်းဖြတ်ပြီး ယစ်ပူဇော်လိုက်ကြပါတဲ့။ ဟိုနေ့က ကျွန်တော်ပစ်လာတဲ့ ကျားသစ်မပွဲလုပ်သလို လူပွဲလုပ်လိုက်ကြပါတဲ့"

ဟု တီးတိုးနောက်၏။

အနားတွင် ထိုင်နေသော အေဖံပေက ရယ်လိုက်သောအခါ စိန်တောက်က –

"မင်းအဘ၊ ငါတို့အဖွဲ့မှာ ခန့်သား နာဂဆိုလို့ မင်းတစ်ယောက်ပဲပါတယ်။ အဲဒီတော့ မင်းတို့ရိုးရာအတိုင်း မင်းကို အလျှင်ပွဲထုတ်ရမယ်"

ဟု တီးတိုးပြန်နောက်၏။ ထိုအခါ ဂြိုလက သူလည်းနာဂပဲဟူသောသဘောနှင့် တန်မန်းကို လက်ညှိုးထိုးပြရာ အစွန်နားရောက်နေသော တန်မန်းက သူ့ကို ခေါ်နိုင်းသည်အထင်နှင့် ပြေးရောက်လာသဖြင့် ရယ်ကြရသည်။

အမှန်မှာ ပြည်သူ့ဆက်ဆံရေးက စကားပြန်နှင့် ပြောပြနေသည်မှာ ဤရွာသည် ရွာကြီးဖြစ်သဖြင့် မကြာမီ အစိုးရက စာသင်ကျောင်းဆောက်ပေးမည်၊ ဆေးခန်းဖွင့်ပေးမည်။ ယခုပါလာသော စောင်၊ ဆား၊ မီးခြစ်၊ မှန်ဝိုင်း၊ ချည်၊ မား၊ ရဲဒင်း၊ ပုတီးစေ့ရောင်စုံများကို စိန်တောက်က သူကြီးနှင့်အတူ ရွာသူရွာသားများကို ဝေငှပေးမည်။ ဤရွာမှာ ရွာကြီးဖြစ်သဖြင့် သူကြီးနှင့် စိန်တောက်တို့က ပတ်ဝန်းကျင်ရွာများကို အုပ်ချုပ်ရမည်။ မကြာမီ ဝန်တင်လားလမ်း ဖောက်ရမည်။ သို့မှသာ ဤရွာမှာ အစိုးရပေးသောပစ္စည်းများ မြန်ဆန်လွယ်ကူစွာ ရောက်လာနိုင်မည်။ ဤသည်ကို သူကြီးက ဦးဆောင်ဆော်ဩ၍ လုပ်ရမည်။ ယခု လောလောဆယ်တွင် စိန်တောက်တို့အဖွဲ့နေရန် တဲဆောက်ပေးရမည်။ စိန်တောက်တို့ ဤရွာမှာနေနိုင်မှ ဤနားဝန်းကျင်ရှိ နာဂအမျိုးသားတို့၏ ရွာများကို တစ်ဖက်နိုင်ငံမှလူများ လာရောက်နှောင့်ယှက်ခြင်းမှ ကင်းလွတ်မည်။ နာဂတစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် ယခုလိုလာရောက်ကြကြောင်း ပြောပြသည်။

သူကြီးကလည်း စကားပြန်နှင့် အေဖံမေကို တစ်ချက်တစ်ချက် မေးခွန်းထုတ်သည်။ နာဂသူကြီးက ဆန်လည်းပေးမလားဟု မေးနေကြောင်း ဂြိုလက ဘာသာပြန်ပြသည်။ သူတို့မှာ တောင်ယာလုပ်ကြသော်လည်း ထိုတောင်ယာစပါးများမှာ တောတိရစ္ဆာန်တစ်ဝက်၊ လူတစ်ဝက်သာ စားကြရသလို ဖြစ်နေသဖြင့် တစ်နှစ်တစ်လယ်တွင် ဆန်ရှားကြောင်း၊ ဝါးစာပင် မရကြကြောင်း သိရသည်။ လားလမ်းပေါက်လျှင် ရနိုင်သည်ဟု ပြောကြရ၏။

သည်လိုနှင့် စိန်တောက်တို့ကို သူကြီးနှင့် ရင်းနှီးအောင် ပြောဆိုဆက်ဆံပေးပြီး နောက်တစ်နေ့မနက်မှာ အေဖံပေတို့အဖွဲ့နှင့် စစ်ပိုရွာက အထမ်းသမား ၄၀ တို့ ပြန်ရန် စိုင်းပြင်းကြသည်။ ပြန်ခါနီးတွင် အေဖံပေက –

"ကဲ . . . ဆာဂျင်ကြီး၊ ကျွန်တော်တို့ စစ်ပိုကို ပြန်လိုက်ဦးမယ်။ သူကြီးကို ကျွန်တော်မှာထားခဲ့ပါတယ်။ ခင်ဗျားတို့ လိုချင်တာကို ဒီကျအောင်းမင်းဆီမှာ တောင်းကြ။ သူက ခင်ဗျားတို့တောင်းတာ အကုန်ပေးနိုင်တယ်။ တောင်းမရရင်လည်း စောစောက ကော်ပတာကြီးပြောသလို ပွဲသာလုပ်ပစ်လိုက်ကြတော့လို့ မှာထားခဲ့ပါတယ်"

ဟု နောက်၏။

အလွန်သဘောကောင်းပြီး အနစ်နာခံနိုင်ရည်ရှိသော အေဖံပေတို့အဖွဲ့ ပြန်သွားကြသောအခါ စိန်တောက်တို့မှာ အားငယ်စိတ်ဝင်ပြီး ဝမ်းနည်းပက်လက်ကျန်နေခဲ့ကြသည်။

(ရှေ့လဆက်ရန်)


စိုးကျော



www.burmeseclassic.com

www.burmeseclassic.com

## ဘရာဇီးနိုင်ငံ မြို့ကြီးပြကြီး မူးယစ်ဆေးဝါးနိမ်နင်းတိုက်ဖျက်



ဘရာဇီးနိုင်ငံအနေဖြင့် မကြာမီလာမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဘောလုံးဖလားဆွတ်ခူးပြိုင်ပွဲနှင့် ၂၀၁၆ ခုနှစ် ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်အားကြို့တင် ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘရာဇီးနိုင်ငံ မြို့ကြီးပြကြီး မြို့တော်အဂါရပ်များနှင့် ကိုက်ညီစေရန်အလို့ငှာ မြို့တော်၊ မြို့ကြီးပြကြီး သန့်ရှင်းရေးအနေနှင့် မူးယစ်ဆေးဝါးရောင်းချသည့် လျှို့ဝှက်မှောင်ခိုဈေးကွက်၊ ဒေသ၊ အိမ်ရာမြေတို့ကို ဘရာဇီးမြို့တော်မှ စစ်ရဲတပ်ဖွဲ့ ပူးပေါင်းပြီး ကပ်သား ၁၇၀ ကျော်၊ သံချပ်တင့်ကား၊ လက်နက်အပြည့်အစုံဖြင့် ... လည် ပိုက်စိပ်တိုက် ရှာဖွေဖမ်းဆီး သိမ်းဆည်း၊ မီးရှို့ဖျက်ဆီး၊ နှိမ်းနင်းတိုက်ဖျက်လျက်ရှိသည်ဟု သတင်းရရှိပါသည်။

ကေဘီအောင်သိန်း(ရန်ကုန်တက္ကသို...)

Ref: C.S.T.(S)(26-10-2012), Page...

---

## ဆေးလိပ်စွဲခဲ့ရသော မျောက်မကြီး ရင်သွေးကြောင့်ဆေးလိပ်ပြတ်ခဲ့ရ




ရုပ်ပုံမှာ အင်ဒိုနီးရှား ကျွန်းရှိမြို့ ကီရွှောန်ဥယျာဉ်ထဲမှ စီးကရက်၊ ဆေးလိပ်စွဲခဲ့ရသော လူဝံစပ်မျောက်မကြီး(မျောက်အိုမကြီး)နှင့် မကြာမီက မွေးဖွားခဲ့သော ရင်သွေးမျောက်ကလေးဖြစ်ပါသည်။ ၎င်းကို လူဝံတောလီ(Tori)ဟု ခေါ်ကြပါသည်။ လူစကားနားလည်၏။ လူ့အမိန့်နာခံလေ၏။ ယခု အသက် (၁၅)နှစ်ရှိ၏။ တောလီ(Tori)သည် လွန်ခဲ့သော (၁၀)နှစ်ခန့်က စီးကရက်ဆေးလိပ် စွဲခဲ့ရသည်ဆိုသည်။ ယင်း၍ ဆေးလိပ်စွဲခဲ့ရခြင်းမှာ တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြည့်ရှုကြသော ခရီးသည် ကမ္ဘာလှည့်ခရီးသည်၊ ဧည့်သည်များတို့က စီးကရက်ကို မီးညှိပြီးဖြစ်စေ၊ သောက်လက်စအတိုအထွာကိုဖြစ်စေ မျောက်လှောင်အိမ်ထဲသို့ ပစ်ထည့်လေ့ရှိရာ ထိုမျောက်မက စီးကရက်ကို ကောက်ယူပြီး သောက်ခဲ့ရာမှ ဆေးလိပ်စွဲခဲ့ရသည်ဟု ဆိုသည်။ ဆေးလိပ်စွဲရင်းတန်းလန်းဖြင့် မျောက်ငယ်တစ်ကောင် မွေးဖွားခဲ့ရာ ကလေး၏ ကျန်းမာရေးကို ထိခိုက်မည်စိုးရိမ်သဖြင့် ဥယျာဉ်ဝန်ထမ်းတို့က ကမ္ဘာလှည့်ခရီးသည်များနှင့် လုံးဝထိတွေ့ခြင်းမရှိစေရန်အတွက် မီတာ ၂၀၀ ဧရိယာအကျယ်အဝန်းရှိ ကျွန်းငယ်တစ်ကျွန်းသို့ မျောက်မနှင့် သားငယ်အားပို့ကာ သီးခြားသိုလှောင်ထား လျက်ရှိသည်ဆိုသည်။ ယခုအခါ မျောက်မကြီးမှာ ဆေးလိပ်ပြတ်ခဲ့ပြီးဖြစ်သည်။ မျောက်ငယ်ကလေးသည်လည်း ကျန်းမာသန်စွမ်းလျက်ရှိ၏။

ကေတီအောင်သိန်း(ရန်ကုန်...)

Ref: Sin Chew Daily(Malaysia) (1-10-2012...)



www.burmeseclassic.com

www.burmeseclassic.com

# ချီကာဂိုမြို့တော်မှ သိမှတ်ဖွယ် မှုခင်းကျဆင်းရေးစီမံချက်

မောင်မောင်စန်းထွေး

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တော်တွင် ရာဇဝတ်မှုခင်းလျော့ပါး ကျဆင်းရေးအတွက် မှုခင်းကျဆင်းရေး စီမံချက်ချမှတ်ကာ မြို့တော်အတွင်း တရားဥပဒေစိုးမိုးရေးကို နှစ်အတော်ကြာ လုပ်ခဲ့ရာအောင်မြင်မှုရရှိခဲ့သည်။ ဤသို့ အောင်မြင်ရရှိရန်အတွက် သမာသမတ် ကျကျလုပ်ဆောင်သည့် မြို့တော်၏ ရဲတပ်ဖွဲ့အကြီးအကဲနှင့် မြို့နေပြည်သူများ ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပင် ဖြစ်သည်။ မစ္စစ်ကာလဲရာခရောင်းနှင်းသည် မှုခင်းတိုက်ဖျက်ရေးသမားကြည့်လည်း မကြည့်ဖူး စကားလည်းမပြောဖူးပေ။ သို့ပါလျက်နှင့် သူမသည် လူတော် လူကောင်းတစ်ယောက်ဖြစ်ကြောင်းမြို့တော် ဝန်ရစ်ချတ်ဂျေလေဒီက တရားဝင်လက်မှတ်ရေးထိုးကာ ချီးကျူးဂုဏ်ပြုခဲ့သည်။ သူမသည် ချီကာဂိုမြို့တော်နေသူများ ထဲမှ တာဝန်သိသူ တစ်ဦးဖြစ်သည်။

သူမသည် ရဲတပ်ကို လိုအပ်လျှင် လိုအပ်သလို သတ္တိပြောင်မြောက်စွာ အကူအညီပေးခဲ့သည်။ သူမ၏ အကူအညီပေးမှုကြောင့် တိုးတက်များပြားလာသည့် ရာဇဝင်မှုခင်းရပ်တန့်သွားသလို အန္တရာယ်ရှိသော လူဆိုးနှစ်ယောက်ကို အကျဉ်းထောင်သို့ပို့နိုင်ခဲ့၏။ ရဲဝန်ထောက် အိုဒဗလျူဗီဆန်သည် ချီကာဂိုမြို့တော် ဉာဏ်ပညာထက်မြက်ပြီး စိတ်ဓာတ်ကြံ့ခိုင်သူရဲတပ်ဖွဲ့အကြီးအကဲ တစ်ဦးဖြစ်သည်ဟု မစ္စစ်ခရောနင်း က ပြောသည်။

"တကယ်လို့များ မြို့တော်တွေမှာ နေထိုင်ကြတဲ့ ယောက်ျား မိန်းမတွေကသာ သူမလို အလေးအနက်ထားလုပ်ဆောင်ကြမယ်ဆိုရင် မြို့ကြီးတွေဟာ နေလို့ထိုင်လို့ကောင်းမယ့် နေရာတွေ ဖြစ်ပါတယ်" ဟု ပြောသည်။

မစ္စစ်ခရောနင်းသည် အသက် (၇၀)အရွယ်မုဆိုးမတစ်ဦးဖြစ်ပြီး ချီကာဂိုမြို့တောင်ဘက် လူလတ်တန်းစားတို့ နေထိုင်သည့်တိုက်ခန်းတစ်ခုတွင် နေထိုင်သူဖြစ်သည်။ မတ် (၂၀)ရက်နေ့ ည(၈)နာရီမိနစ်(၅၀)အချိန် တိုက်ခန်းသို့ အပြန်သူမ၏လက်ကိုင်အိတ်ထဲမှ သော့နှိုက်ယူနေစဉ် သူမ၏ အခန်းချင်းကပ်နေသည့် အခန်းအတွင်းမီးလင်းနေသည်ကိုတွေ့ရ၏။ ထိုခဏအတွင်း အခန်းမှ ပြတင်းပေါက်ကိုအကာအကွယ်ယူလျက် နေသည့် လူတစ်ယောက်ကို တွေ့လိုက်သည်။ သို့သော် ထိုလူသည် မျက်နှာဖုံး စွပ်ထားသည်ကို မစ္စစ်ခရောနင်း က အထင်အရှားတွေ့ရ၏။

မစ္စစ်ခရောနင်းသည် ကြောက်လန့်၍ မအော်မိစေရန် အထူးသတိထားလျက် အခန်းထဲသို့ အမြန်ဆုံးဝင်သွား၏။ "ငါတော့ တစ်ခုခုလုပ်ရမှာပဲ" သူမကိုယ်ကိုသူမပြော၏။ သူမက ရာဇဝတ်မှုခင်းကျဆင်းရေးစီမံချက်(Crime-Stop)ကို သတိရသည်။ သူမ၏ ဘေးမှ အပြာနှင့်အဖြူရောင်ကတ်ပြားပေါ်မှတယ်လီဖုန်းနံပါတ် Po-5-1313 ကို အသေအချာ သတိထားလျက်လှည့်လိုက်သည်။ ရဲတပ်ဖွဲ့ဌာနချုပ်ရှိအရေးပေါ် လှည့်ကင်းစားပွဲမှ အချက်ပြသဖြင့် တာဝန်ကျ ဂျင်းစတုန်းက ချက်ချင်းပြေးလိုက်သည်။ တကယ်ဆိုလျှင် Po-5-1313 ကိုဆက်လျှင် (၄) စက္ကန့်ခန့်



www.burmeseclassic.com

www.burmeseclassic.com

ကြာမှ လှည့်ကင်းတာဝန်ကျ အသံကို ကြားရ၏။ တစ်စုံတစ်ဦးက လိုအပ်နေသည့် တန်ဖိုးရှိသော အချိန်ကို ဖြုန်းမနေတော့ပေ။ ဝင်လာသည့် ဆက်သွယ်မှုများကို မှုလမှုခင်းဖြစ်ပွားသည့် နေရာရှိ လှည့်ကင်းထံ အလိုအလျောက် လွှဲပြောင်းပေး၏။ ချီကာဂိုရဲတပ်ဖွဲ့သည် အချိန်ကုန်သက်သာ စေရန်အတွက် မြို့တော်ကို ဇုန်လေးခု ခွဲခြားသတ်မှတ်ကာ ဇုန်တစ်ခုစီတွင် လှည့်ကင်းအဖွဲ့ရှိပြီး ရေဒီယိုဖရီကွင်စီကိုလည်း သတ်မှတ်ပေးထားသည်။ လှည့်ကင်းတစ်ခုစီတွင် သက်ဆိုင်ရာနယ်မြေ၏ မြေပုံကြီးကြီး တစ်ခုစီထားပေး၏။ မြေပုံပေါ်တွင် လမ်းမများနှင့် လမ်းလျှိုလမ်းကြားများကို ဖော်ပြထား၏။ လျှပ်စစ်မီးရောင်ဖြင့် နေရာဒေသရှိခေါ်ယူနိုင်သော လှည့်ကင်းကားကိုလည်း ဖော်ပြထား၏။ အထက်တွင်ဖော်ပြသည့် မတ်လ (၂၈)ရက်နေ့ ညပိုင်းတွင် မစ္စစ်ခရောနင်းကလှည့်ကင်းတာဝန်ခံအား မှုခင်းကျူးလွန်ရေး ကတ်ပြားပေါ်တွင် ဖော်ပြထားသည့် အတိုင်းတည်ငြိမ် ရှင်းလင်းပြတ်သားစွာ ပြောလိုက်၏။ စတုန်းကလည်းသူ သိလိုသမျှကို မေးမြန်းသလို မစ္စစ်ခရောနင်းကလည်း မှုခင်းဖြစ်ပွားမည့်တိုက်နံပါတ်၊ အထပ်၊ တက်နိုင်မည့် ရှေ့နောက်လှေကားများ။ အနီးဆုံး မီးဘေးရှောင်လှေကား စသည်တို့ကို အမြန်ဆုံး ပြောပြသည်။ ထိုအခါ တာဝန်စတုန်းက ဖုန်းကို ခထာကိုင်နိုင်းထားပြီး အောက်ရှိ ရေဒီယိုခလုတ်ကို ခြေဖြင့်ဖွင့်၍ သတင်းပေးလိုက်သည်။ ထို့ပြင် လှည့်ကင်းတာဝန်ခံ စတုန်းသည် မစ္စစ်ခရောနင်းကိုလည်း ချက်ချင်းလှည့်ကင်း ကားလွှတ်လိုက်ကြောင်းပြောလိုက်သည်။

ဇုန်တစ်ခုတွင် လှည့်ကင်းကား (၁၅)စီးရှိသည့်အနက် (၁၂)စီးကိုအနားပေးထား၏။ အနားပေးသည်ဆိုခြင်းမှာလည်း၊ အများသိအောင်မဟုတ်ပေ။ လှည့်ကင်းနယ်မြေတာဝန်ခံတပ်ကြပ်ကြီးသည် နေရာနှင့်အနီးဆုံး လှည့်ကင်းကားကို တာဝန်ပေးလိုက်သည်။ မစ္စစ်ခရောနင်းထံမှဖုန်းရပြီး စက္ကန့်(၄၀)အတွင်း ပထမဆုံးအနေနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ယောက်သတင်းပေးသည့်အဆောက်အအုံသို့ ရောက်လာကြ၏။

ရဲတပ်ဖွဲ့တစ်ဦးက သေနတ်ကိုင်လျက် အဆောက်အအုံ ရှေ့တံခါးမှ လှေခေါ်ခေါင်းလောင်းထိုးကာ ကျည်ကွယ်နေရာမှ စောင့်နေလိုက်၏။ အရပ်ရှည်ရှည် သေသပ်စွာဝတ်ဆင်ထားသည့် လူကြီးတစ်ယောက် ထိတ်လန့်တကြား ထွက်လာပြီး "ဘာဖြစ်တာလဲ" ဟု မေးပြီး "နေရာမှားနေတယ်" ဟုပြောလိုက်သည်။ ထိုအခါ ရဲတပ်ဖွဲ့ဝင်က လက်မြှောက်ရန် အမိန့်ပေးလိုက်သည်။ ထိုလူက သူ့သေနတ်ကိုထုတ်၍ အိတ်ထဲမှ မျက်နှာဖုံးစွပ်ကို ထုတ်ယူနေစဉ် ရဲတပ်ဖွဲ့ဝင်များ ထပ်မံရောက်ရှိလာကြသည်။ မီးဖိုချောင်ထဲမှလူတစ်ယောက်လည်း လက်မြှောက်အရှုံးပေးလိုက်ရ၏။ ရဲတပ်ဖွဲ့ဝင်များသည် ဓားပြတိုက်ခံရပြီး အခန်းထဲ ပိတ်လှောင်ခံနေရသူနှစ်ယောက်ကို ပြန်လွှတ်ပေးလိုက်သည်။ အချိန်မှ မစ္စစ်ခရောနင်း ဖုန်းဆက်သည့် အချိန်မှ(၄)မိနစ်နှင့် (၁၅)စက္ကန့်အကြားတွင် ဖြစ်ပျက်ခြင်းဖြစ်သည်။ မှုခင်းကျူးလွန်ရေး စီမံချက်ကို ချီကာဂိုမြို့နေ လူများအနေနှင့် လူတိုင်းတွင်တာဝန်ကိုယ်စီရှိကြောင်း သိလာသည့် အချိန်ကောင်းတွင် စီမံချက်ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ ၁၉၆၀ နှစ်များအစောပိုင်းကာလတွင် ရဲတပ်ဖွဲ့ဝင်များ၏ မတရားလုပ်ဆောင်မှုသည် အထွတ်အထိပ်သို့ရောက်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ သတင်းစာများ၏ခေါင်းစီးပိုင်းတွင်ဖော်ပြခြင်းခံရ၏။ ရဲတပ်ဖွဲ့ကိုပြုပြင်ပြောင်းလဲရန်အတွက် မြို့တော်ဝန်ဒေလီက ကာလီဖိုးနီးယားတက္ကသိုလ် ပြစ်မှုဗေဒဌာနမှူးဟောင်းဖြစ်သူ အိုဒဗလျူဝီလ်ဆန်ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေးကော်မတီကို ဖွဲ့စည်းလိုက်သည်။ ဝီလ်ဆန်သည် အခြားမြို့ကြီးများတွင် လှည့်ကင်းရဲတပ်ဖွဲ့ဝင်မှသည် အကြီးအကဲအထိ တာဝန်ထမ်းဆောင်ခဲ့ဖူး၏ သူသည်ပြည်နယ်ရှစ်ခု၊ ဗျူတိုရီကိုနှင့် ကနေဒါနိုင်ငံများတွင် အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့ဖူးသဖြင့် သူ၏ မနားမနေ အားထုတ်ကြိုးစားမှုကြောင့် ရဲတပ်ဖွဲ့ဝင်များကို နိုင်ငံရေးမှ ခွဲထုတ်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်စစ်စစ်သို့ ပြောင်းလဲပေးနိုင် ခဲ့၏။ သူ၏ လုပ်ဖော်ကိုင်ဖက်များ ဝီလ်ဆန်ချီကာဂိုမြို့တော်ရဲဝန်ထော အဖြစ်လျှောက်ထားသူအများအပြားထဲ သူ၏ လုပ်ဖော်ကိုင်ဖက်များ၏ ထော ခံမှုခန့်အပ်ခြင်းဖြစ်သည်။ သူသည် အလုပ်ကို ၁၉၆၀-ပြည့်နှစ် မေလတွ လက်ခံ၏။ မြို့တော်ဝန်ဒေလီက ဝီ ဆန်အား ရဲတပ်ဖွဲ့ကို သူ့စိတ်ကြို



www.burmeseclassic.com

www.burmeseclassic.com

ညည်းခွင့်ပေး၏။ ယခုအခါ ဝီလ်ဆန် သည် တပ်ဖွဲ့ဝင် (၁၀၂၅၀)ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံရေးသမားတို့ကို ကျောထောက်နောက်ခံ ပြုထားနိုင်ခဲ့ သည်။

နယူးယောက်တွင်ဖြစ်ပွားခဲ့သည့် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်တစ်ခုသည် ချီကာဂိုမှုခင်းကျဆင်းစီမံချက်တွင် ဝီလ် ဆန်စိတ်ထဲပြန်လည် ရိုက်ခတ်လာခဲ့၏။ ထိုဖြစ်ရပ်မှာ အမျိုးသမီးတစ်ယောက်ကို ရက်ရက်စက်စက် ဓားနှင့် ထိုးသတ်ခဲ့ သည်ကို အနီးအနားရှိတိုက်ခန်းပြတင်း ပေါက်မှ မြို့နေလူများက ကြည့်နေခဲ့ ကြ၏။ အသက်ခံရသူ အမျိုးသမီးက အော်ဟစ်အကူအညီတောင်းသော်လည်း တစ်စုံတစ်ဦးကမျှ ၎င်းထံ အကြောင်း မကြားခဲ့ကြပေ။ မြင်တွေ့သူ အိမ်နီးချင်း များက ပါဝင်ပတ်သက်ခြင်းမရှိလိုကြ၍ ဖြစ်သည်ဆို၏။

"ကျွန်တော့်အနေနဲ့ ချီကာဂိုမြို့နေ လူထုကတော့ လူသတ်သမားက ဘယ် အမျိုးသမီးတစ်ဦးတစ်ယောက်ကိုမဆို ညှဉ်းပန်းနှိပ်စက်သတ်နေတာကို ကြည့် ရက်ကြမှာမဟုတ်ဘူးလို့ ယုံကြပါတယ်" "ဘယ်အမေရိကန်နိုင်ငံသား မဆို ဘယ် လိုမှုခင်းမျိုးကိုပဲဖြစ်ဖြစ် ကြိုတင်ကာ ကွယ်မယ့်တာဝန်ရှိပါတယ်၊ ဘယ်သူမှ တစ်ဦးချင်းတာဝန်ရှိမှုအတွက် ရှောင်လွှဲ နိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့အားလုံး က ရာဇဝတ်ပြစ်မှုကြွေးကို ပေးဆပ်ကြ မှာပါ။ ဒီလိုပေးဆပ်ရာမှာ တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ၊ အလွန်တန်ဖိုး မြင့်မားတဲ့ ရာဇဝတ်ကြွေးကြီးကိုပေးဆပ် ကြမှာပါ" ဟုပြောကြားခဲ့သည်။ မှုခင်း ကျဆင်းရေးစီမံကိန်းအတွက် ချမ်းသာ သူများက ရန်ပုံငွေကို အချိုးကျထည့်ဝင် ကြသည်။ ၎င်းစီမံချက်ကို လွန်ခဲ့သည့် (၂)နှစ်ခန့်က တည်ထောင်ခဲ့သည်မှ ပြစ်မှုကျူးလွန်သူ(၆၄၃၃)ကို ဖော်ထုတ် နိုင်ခဲ့သည်။ ဝီလ်ဆန်၏ မေတ္တာရပ်ခံ ပန်ကြားချက်ကို တုံ့ပြန်သည့်အနေနှင့် မြို့တော်နေလူများ သံသယဖြစ်ဖွယ်ရာ ကိုတွေ့မြင်ကြားသိရသော်လည်း အစ ပိုင်းတွင် နှေးကွေးသည်ကို တွေ့ရ၏။ သို့ရာတွင် မှုခင်းကျဆင်းရေးရလဒ် သည် တစ်ဦးချင်းအနေနှင့် မှုခင်းအမျိုး အစားနှင့် အရွယ်ပမာဏကြေညာပေး သဖြင့် ချီကာဂိုမြို့တော်နေလူရာပေါင်း များစွာလာရောက်ပူးပေါင်းကြ၏။ ယနေ့ အချိန်တွင် ချီကာဂိုမြို့တော်နေ လူထု (၇၅၀,၀၀၀)တို့က အရေးပေါ်နှင့်တယ် လီဖုန်းနံပတ်တို့ကို၎င်းတို့၏ တယ်လီဖုန်း အနီးတွင်ထားကြ၏။ ဓာတ်ငွေ့ လျှပ်စစ် နှင့် တယ်လီဖုန်းသုံးသောင်းကျော်မှ လုပ်သားများ၊ ကင်းထောက် (၇၉၀၀၀) နှင့် စာတိုက်နှင့် ကြေးနန်းအလုပ်သမား (၃၂၀၀၀)တို့ကလည်းစီမံချက်ကတ်ပြား များကိုင်ဆောင်ထားကြ၏။ အငှားယာဉ် မောင်းသူများသည် အထူးပူးပေါင်းလာ ကြသည်။ အချို့သော သတင်းများသည် အခြေအမြစ်မရှိသလို မလိုအပ်ဘဲ ရဲတပ်ဖွဲ့များကို နှိုးကြားအောင်လုပ်သည့် အတွက် စိတ်ဓာတ်ကျဆင်းမှုကို ဖြစ် စေခဲ့၏။ အကယ်၍ပေးသည့်သတင်း အကြိမ် (၅၀)ထဲမှ တစ်ခုသည်ပြစ်မှု ကျူးလွန်ရန် အခြေအနေရှိပြီး လူဆိုး အစစ်အမှန်ကို ဖမ်းဆီးနိုင်လျှင် မှားယွင်း သတင်းပို့မှုသည်လည်း တန်ဖိုးရှိလာနိုင် သည်ဆို၏။ ပြီးခဲ့သည့်အချိန်က ရဲတပ်ဖွဲ့ က အပြစ်ကင်းမဲ့သူကို အပြစ်ရှိသူ အဖြစ် မြင်တတ်သော်လည်း၊ ယခုအခါ မော်တော်ဆိုင်ကယ်စီးသူများသည် ဖြတ် သန်းသွားနိုင်ကြသလို ကားဘီးကိုလည်း သတ်မှတ်သည့်နေရာတွင် လဲနိုင်ကြပြီ ဖြစ်သည်။ မည်သည့်လှည့်ကင်းသမား ကမျှ ၎င်းတို့ကို ဝိုင်းရံထားခြင်းမရှိ ကြောင်းနှင့် သူခိုးအဖြစ် မသင်္ကာမှုမရှိ တော့ပေ။

မှုခင်းကျဆင်းရေး စီမံချက်ကို စိတ်ပါဝင်စားကြသည့် ပြည်သူတို့က အခြားပြဿနာတစ်ခုကို ဖန်တီးမိကြ ပြန်၏။ လူများလွန်းပြီး မှုခင်းဖြစ်ရပ်ကို မြင်တွေ့သူများက ရဲအလာကို မစောင့် တော့ဘဲ ၎င်းတို့ကိုယ်တိုင်မိအောင် ဖမ်းဆီးခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က ပြည်သူတို့အား ပြစ်မှုကျူးလွန်သူကို မဖမ်းဆီးကြရန် သတိပေးထားသော် လည်း သက်ကြီးရွယ်အို လူကြီးတစ် ယောက်သည် ဒေါင်ချက်စတာစတိုးဆိုင် တွင် ဈေးဝယ်နေစဉ် ဆိုင်မှ ပစ္စည်း တစ်ခုကို အလစ်သုတ်နေသူကိုမြင်လိုက် ၏။ ထိုလူကြီးက ရဲထံတယ်လီဖုန်းဖြင့် အကြောင်းကြားရမည့်အစား "သူခိုးရပ် လိုက်စမ်း" ဟု အော်ပြောလိုက်သည့် အတွက် သူခိုးသည် ထိတ်လန့်တကြား ဖြစ်ပြီး ထွက်ပြေးလေ၏။ ထိုလူကြီး သည် သူခိုးဟု အော်လျက်သူခိုးနောက် လိုက်ရာ အခြားယောက်ျား၊ မိန်းမ၊ ကလေးများလည်း သူခိုးနောက်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

၏။ သူခိုးသည် ချောင်ပိတ်မိနေသည့်အတွက် သူလွတ်မြောက်ရေးအတွက် တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်များရောက်ချိန်တွင် သူခိုးနှင့် လူကြီးတို့မှ ဖုထစ်ဒဏ်ရာများနှင့် ဖြစ်နေခဲ့၏။ သူခိုးဖမ်းဆီးပေးသူလူကြီးကို ရဲတပ်ဖွဲ့က ကျေးဇူးတင်သော်လည်း လူကြီးက သတိမမူဘဲ လုပ်ရပ်ကြောင့် ရဲတပ်ဖွဲ့၏ ဆုပူကြိမ်းမောင်းခြင်းခံရ၏။ ထိုအချိန်မှစ၍ မြို့နေလူများသည် ၎င်းတို့ကိုယ်တိုင် သူခိုးမဖမ်းကြတော့ဘဲ ရဲတပ်ဖွဲ့ကို ဖုန်းဆက်အကြောင်းကြားကြသည်။

ဥပမာ-ခရိုင်တရားသူကြီး ဂျူးဇက်ဘတ္တလာသည် ၎င်းအနောက်ဂျက်ဆန်ဘူးလ်ဘတ်ရှိ နေအိမ်တွင်ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလ(၁၀)ရက်နေ့ည အိပ်ရာဝင်ခါနီးအချိန် ၎င်း၏ အသက်(၁၉)နှစ်အရွယ် သမီးဖြစ်သူ ဂျာနစ်က အော်သံကြား၍ သူမ၏ အိပ်ခန်းပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်လိုက်ရာ သူမ၏ အိမ်အနီးလူတစ်ယောက်က မိန်းမတစ်ယောက်အား တိုက်ခိုက်နေသည်ကို တွေ့ရ၍ တရားသူကြီးဘတ္တလာ ကလည်းသွားကြည့်၏။

"မှုခင်းကျူးလွန်ရေး စီမံချက်ကို အကြောင်းကြားလိုက်" ဟု သူက ညွှန်ကြားလိုက်သည်။ ထိုအချိန်သူသည် ဘောင်ဘီတို့နှင့်ရှိနေခဲ့ပြီး သူ့သမီးကို သွေးအေးအေးနှင့် ပြောလိုက်သည်။ သမီးဖြစ်သူကလည်း ဖခင်ညွှန်ကြားသည့်အတိုင်း Po-5-1313 ကို ဖုန်းဆက်အကြောင်းကြားလိုက်သည်။ ထိုနောက်သူမ၏ ဖခင်နှင့်အတူ အဖော်လိုက်သွား၏။ တိုက်ခိုက်နေသောလူဆိုးသည် ထွက်ပြေးရန် အားထုတ်သော်လည်း အချိန်နှောင်းသွားခဲ့ပြီဖြစ်သည်။ တရားသူကြီးက အကြောင်းကြားလိုက်သည့် စက္ကန့်(၃၀)သို့မဟုတ် မိနစ်ဝက်အချိန်အတွင်း ရဲကား ခုနစ်စီးရောက်လာသည်။ မယုံနိုင်စရာပါပင်။ အကြောင်းမှာ အထူးအကြောင်းကြားမှုကြောင့် ရဲတပ်ဖွဲ့က အသင့်စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ချီကာဂိုမြို့တော်ရှိ လှည့်ကင်းယာဉ်တပ်ဖွဲ့သည် နိုင်ငံအတွင်းအင်အားအကြီးများဆုံးဖြစ်ပြီး ချီကာဂိုမြို့တော်မှုခင်းကျူးလွန်ရေးစီမံချက် အင်အားကြီးလက်နက်တစ်ခုဖြစ်သည်။ မြို့တော်၏ စတုရန်းတစ်မိုင်အတွင်း အနည်းဆုံးလှည့်ကင်းကား (၆)စီးမျှရှိနေပြီး နယူးယောက်မြို့တော်တွင် စတုရန်းတစ်မိုင်အတွင်းလှည့်ကင်းကား(၃)စီးနှင့် လော့စ်အင်းဂျလိစ်တွင် လှည့်ကင်းကား (၂)စီးသာရှိသည်။ ထို့ကြောင့် လူဆိုးများသည် ထွက်ပြေးလွတ်မြောက်ရန်အလွန်အလွန်ခက်ခဲသည်။ ထို့ပြင် လှည့်ကင်းအစီး(၂၀)သည် တစ်မိုင်အတွင်း သို့မဟုတ် တစ်နေရာရာတွင်ရှိနေခြင်းသည် တရားဥပဒေစိုးမိုးရေး လုပ်ဆောင်သူတို့က ခေါင်းအမာအပာန့်အတားဖြစ်စေကြောင်း သိရှိရပေသည်။

ထို့ကြောင့် ဝီလ်ဆန်၏ ပြုပြင်ပြောင်းလဲမှုတစ်ခုမှာ အထူးလေ့ကျင့်ပေးထားသည့် အမျိုးသား အမျိုးသမီးများပါဝင်သော လုပ်ငန်းတပ်ဖွဲ့ကို ဖွဲ့စည်းထားခြင်းပင်ဖြစ်၏။ ဤလုပ်ငန်းအုပ်စုတွင် အဖွဲ့ဝင်(၆၂၃)ဦးပါဝင်ပြီး ကွန်ပျူတာဖြင့် ရာဇဝတ်ကောင်များ စာရင်းများနှင့်ကျူးလွန်မည့် ရာဇဝတ်မှုခင်းများကို သိရှိနိုင်သည်အထိ ညစ်ပတ်ပေရေ စွာအလုပ်လုပ်ကြသည်ဆို၏။ ၎င်းတို့သည်ကား ဘာကိုမျှ အမှုမထားဘဲ ရာဇဝတ်ကောင်းများသည် သမရိုးကျ ကျက်စားနေသည့် ညအချိန် လူစည်ကားရာနေရာများကို စောင့်ကြည့်လျက် ရှိနေကြသည်။

ဤပြုပြင်ပြောင်းလဲမှုကြောင့် FBI ၏ မှတ်တမ်းတွင် ချီကာဂိုမြို့တော်တွင် ရာဇဝတ်မှုခင်းကြီးများ ၁၉၆၅ ခုနှစ် အတွင်း ၁၂-ရာခိုင်နှုန်းကျဆင်းသွား ကြောင်း။ ၁၉၆၄ ခုနှစ်တွင် မြို့ကြီး (၂၂) မြို့အတွင်းပျမ်းမျှသန်းဝက်ခန့်ထဲ (၄)ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဆို၏ အခွန်ဆောင်သူများ၊ လုပ်ငန်းရှင်များ နှင့် မိတ်ဆွေများသည် လက်ရှိအုပ်ချုပ် ရေးစနစ်ကို စိတ်ဝင်စားလာကြ မြို့ကြီးများစွာတို့ကလည်း ဝီလ်ဆန်၏ မှုခင်းကျဆင်းရေးစီမံချက်ကို စုံစမ်း ဆေးရေးအဖွဲ့များ စေလွှတ်ခဲ့ကြ ၁၉၆၅ ခုနှစ် ချီကာဂိုမြို့တော်သတင်း စာကလပ်မှ မစ်ချိဂန်ရေအိုင်အနီး ရဲ ထောက်ဝီလ်ဆန်ကို "ချီကာဂို အတော်ဆုံးပုဂ္ဂိုလ်(Chicago's Man The Year)အဖြစ် ဂုဏ်ပြုမှတ် တင်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

မောင်မောင်စန်းထွေး


Ref: Crime-Stop Stops Cr
by (Chicago Tribune Magaz
Karl Delter ၏ RD 1966, N
vember)



www.burmeseclassic.com

www.burmeseclassic.com

## သစ်ပင်ဝင်တိုက်သည့်ကား



စင်ကာပူနိုင်ငံ ဘုရက်ဒ်ဟဲလ်လမ်းမကြီးတွင် မော်တော်ကားကြီးတစ်စီးက သစ်ပင်ကြီးကို ဝင်တိုက်မိသည်။ ကံကောင်းထောက်မစွာ လော်ရီယာဉ်မောင်း၊ အသက်ဘေးမှ လွတ်မြောက်သွားသကဲ့သို့ တစ်စုံတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ပေ။


ခဏအကြာတွင် သစ်ပင်ကြီးပြိုလဲခဲ့ကြောင်း၊ အနီးရှိလူများ အချိန်မီ ရှောင်တိမ်းနိုင်ခဲ့သည်ဟု သိရသည်။ သို့ရာတွင်လမ်း ပိတ်ဆို့မှုများဖြစ်ခဲ့ရပေသည်။

မောင်ကောင်းယဉ်

**Ref: T.S.T., 13.11.2012**

---

## တာယာဆိုင်မီးလောင်၊ ရင်းဂစ်သုံးသန်းဖိုး ဆုံးရှုံး



မလေးရှားနိုင်ငံ၊ ကို ာခီနာဘာလုမြို့ရှိ နှစ် ပ်အဆောက်အအုံ တာ ာဆိုင် မီးလောင်မှုဖြစ် ားခဲ့သည်။ ဂျူပ်စစ်ခာတ် ား ဆားဂစ်ချို့ယွင်းမှု ကြောင့် မီးလောင်မှု ဖြစ်ခဲ့ ကြောင်း၊ စတင်ဖြစ်ပွားမှု ွင် အနံ့ရသဖြင့် အလုပ် သမား ခေါင်းဆောင်က အလုပ်သမားများကို ဖယ် ားစေလိုက်သည်။

မီးဖိုတာကိုမီးလျှံ ှင်မြန်စွာ ပျံ့နှံ့ခဲ့သဖြင့် စ္စည်းများ သယ်ယူချိန်မရ အောင်ဖြစ်ခဲ့ရသည်။ လက် ိုင်ကွန်ပျူတာ အနည်း ယ်သာရရှိပြီး ပစ္စည်းများစွာ မီးလောင်ဆုံးရှုံးခဲ့ရသည်။ မီးသတ်နှင့် ကယ်ဆယ်ရေးသမားများ ကြီးမားသော မီးခိုးလုံးများအကြား ငြိမ်းသတ်ကြရစဉ် ဖြစ်သည်။

မောင်ကောင်းယဉ်

**Ref: The Star, 18.11.2012**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မြသန်း

# ကြောင်နက်သုံးကောင်

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ခန့်က ကျွန်ုပ်သည်
ဧရာဝတီမြစ်ကမ်းနံဘေးရှိ မြို့ငယ်တစ်မြို့တွင် မြို့ပိုင်အဖြစ်
တာဝန်ထမ်းဆောင်ခဲ့ရ၏။ သုံးနှစ်ကျော်ကျော် ကြာခဲ့၏။
အသွားအလာဆို၍ ရေလမ်းဖြင့်သာ သွားရသောကြောင့်
ကျွန်ုပ်သည် ထိုမြို့သို့ တစ်ယောက်တည်းသွားကာ၊
မိသားစုကို ရန်ကုန်၌ထားခဲ့သည်။ ၂
ထိုအချိန်က ထိုမြို့၏ပတ်ဝန်းကျင်တွင်
သောင်းကျန်းသူများ လှုပ်လှုပ်ရှားရှားသွားလာမှုများ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရဲဌာန အတွင်းရှိ အိမ်လွတ်တစ်အိမ်တွင် တပည့်လူပျိုတစ်ယောက်နှင့်နေသည်။ ကျွန်ုပ်၏ရုံးမှာလည်း ရဲဌာနဝင်းနှင့်တပ်လျက်နေရာတွင်ရှိ၏။ မြို့နယ်အုပ်ချုပ်ရေး၊ တရားစီရင်ရေးအခွန်အခများကောက်ခံရေးစသည်တို့ကို ကျွန်ုပ်က တာဝန်ယူဆောင်ရွက်ရသလို၊ မြို့နယ်အတွင်းရှိ ကျေးရွာများသို့လည်း လုပ်ငန်းတာဝန်အရ ကျွန်ုပ်က သွားရာတွင် ရဲတပ်စိတ်တစ်စိတ်ဖြင့် သတိထားပြီး သွားရ၏။

ကျွန်ုပ်နေသော အိမ်မှာ အိမ်အိုဖြစ်၏။ အိမ်ထောင်ပရိဘောဂအပေါင်းများလည်း ရှိ၏။ ကြွက်များအလွန်များ၏။ ကြွက်များသောကြောင့် ကြောင်မွေးလိုသော်လည်း သတ္တဝါတစ်ကောင်ကိုမွေးမိလျှင် ကရိကထများသည်ကို သိသောကြောင့် ကျွန်ုပ်သည် ကြောင်မမွေးပါ။ ကြွက်များကို ကြွက်သတ်ဆေး၊ ကြွက်ထောင်ချောက်စသည်တို့ဖြင့် နှိမ်နင်းရန်ကိုလည်း ကျွန်ုပ်မလိုလားပါ။

တပည့်ဖြစ်သူကို အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေး ဂရုစိုက်ပြုလုပ်ရန်၊ စားကြွင်းစားကျန်များကို စနစ်တကျစွန့်ပစ်ရန် မှာကြားပါသည်။ အထူးသဖြင့် ရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို ကြွက်မကိုက်ရန် အထူးဂရုစိုက်ရ၏။ နေ့ဘက်တွင် မပြီးပြတ်သော အလုပ်ကို ကျွန်ုပ်သည် ညဘက်၌ အိမ်သို့ ယူပြီးလုပ်ရ၏။

ဤသို့ ဂရုစိုက်နေသည့်ကြားထဲကပင် တပည့်၏ အဝတ်အစားအချို့ကို ကြွက်ကိုက်ခံရ၏။ (နောင့်မှ သိရသည်မှာ တပည့်သည် ကျွန်ုပ်ကွယ်ရာ၌ ကြွက်များကို ဆဲဆိုကြိမ်းမောင်းခြင်း၊ တုတ်ဖြင့် လိုက်ရိုက်ခြင်းများ ပြုလုပ်လေ့ရှိ၏။) ကျွန်ုပ်၏အဝတ်အထည်များမှာမူ ကြွက်ကိုက်ခြင်းမခံရပါ။

ကြွက်များကြောင့် .. ကြောင်မွေးရင် ကောင်းမလား ဟု စိတ်ကူးမိသော်လည်း ကြောင်ထီးမှာ ကြွက်မခုတ်။ ကြောင်မကို မွေးမိလျှင် နောက်ထပ် ကြောင်ကလေးများ ပွားလာမှာကို ကျွန်ုပ်စိုးရိမ်မိသည်။

တစ်နေ့တွင် ကျွန်ုပ်သည် တာဝန်ဖြင့် မြို့၏မြောက်ဘက် ခြောက်မိုင်ကျော်အကွာရှိ ရွာကြီးတစ်ရွာသို့ မော်တော်ဘုတ်ဖြင့် သွားသည်။ ထိုရွာ၌ တစ်နေကုန် အလုပ်လုပ်ပြီး ပြန်ခါနီးတွင် ရွာဦးထိပ်ရှိ ဆရာတော်ကို ဝင်ရောက်ဖူးမြော်ပါသည်။ ဆရာတော်၏ ဩဝါဒကိုခံယူပြီး၊ ကျောင်းဝင်းထဲမှအထွက်တွင် ကြောင်နက်မတစ်ကောင် (အကောင်ခပ်ထွားထွား)သည် ဟညောင်ညောင်ဖြင့်သံပေးပြီး ကျွန်ုပ်၏ခြေထောက်နားမှ ကပ်၍ လိုက်ပါလာပါသည်။

ကြောင်မကို သေသေချာချာကြည့်သောအခါ ကိုယ်ဝန်နှင့် ဖြစ်ပါသည်။ ကိုယ်ဝန်မှာလည်း အတော်ရင့်နေပုံရပါသည်။

ကျွန်ုပ်သည် ရှေ့ဆက်မသွားဘဲ ရပ်၍ ကြောင်မကို ကြည့်သည်။ ကြောင်မကလည်း ကျွန်ုပ်ကို ပြန်ကြည့်သည်။ ၎င်းအကြည့်မှာ မိတ်ဖွဲ့လိုသောအကြည့်၊ ခင်မင်သူကို ကြည့်သောအကြည့်မျိုးဖြစ်သည်။

ကျွန်ုပ်က ဆက်သွားရာ ကြောင်မသည် "ညောင်"ဟု အသံပြုပြီး ကျွန်ုပ်နံဘေးမှ လိုက်လာသည်။

"ကြောင်နက်မက မြို့ပိုင်ကြီးကို ခင်သွားပြီ၊ မြို့ပိုင်ကြီး ခေါ်သွားပေတော့"

ကျေးရွာလူကြီးတစ်ယောက်က ပြောသည်။

ထိုအခါ ကျွန်ုပ်က -

"ဆရာတော်ရဲ့ကြောင် ဖြစ်ပါလိမ့်မယ်။ ခေါ်သွားလို့ မဖြစ်ဘူး။ ဆရာတော်ထံ ပြန် မှ"

ကျွန်ုပ်သည် တပည့်ဖြ သူ မောင်ကျော်ရင်ကို ကြော နက်မကို ဖမ်းပြီးဆရာတော် ပြန်အပ်ရန် တာဝန်ပေးလို သည်။ မောင်ကျော်ရင်အ ကို ကြောင်နက်မ လက်မ မောင်ကျော်ရင်ကို ရန်ပြ ဟန်ပြင်သဖြင့် မောင်ကျော် မဖမ်းရဲ။

"ဒီကြောင်မက ကျွ တော်နဲ့ လိုက်မယ့်ပုံပဲ။ ဆ တော်က ခွင့်ပြုရင် ကျွန် ခေါ်သွားမယ်ဗျာ"

ကျွန်ုပ်သည် ထိုသို့ ပြီး ဆရာတော်ထံ ပြန်သွာ အကျိုးအကြောင်း လျှော ထားသောအခါ -

"မြို့ပိုင်ကြီးကို ကြော နက်မ ခင်တွယ်ပုံရတ လိုက်ရင်ခေါ်သွားပါ။ ကျ ပြုတယ်"

ဟု ပြောသည်။ ဖြင့် ကိုယ်ဝန်အရင့်အ ကြောင်နက်မသည် ကျွ သို့ ရောက်လာပါတော့

ကျွန်ုပ်၏ အိမ်ခန်း ခြေရင်းတွင် ထင်းရှူး အလွှက်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ကြောင်နက်မကို နေရာလုပ်ပေးရာ ကြောင်နက်မသည် ထိုသေတ္တာထဲ၌ အိပ်ပါသည်။

ကြောင်နက်မ ကျွန်ုပ်၏အိမ်သို့ရောက်သည့်နေ့မှစ၍ ညဘက်တွင် သောင်းကျန်းနေသော ကြွက်များ ငြိမ်သွားပါတော့သည်။

နောက်သုံးရက်အကြာ၌ ကြောင်နက်မသည် ကြောင်နက်ကလေး နှစ်ကောင်ကို မွေးရာ၊ နှစ်ကောင်စလုံးမှာ အထီးကလေးများဖြစ်ကြသည်။

ကျွန်ုပ်သည်ကြောင်နက်မကို "နက်မ"ဟူ၍လည်းကောင်း၊ ကြောင်ကလေး နှစ်ကောင်အနက် ပထမဆုံးမွေးသော ကြောင်ကလေးမှာ ခေါင်းပိုကြီး၍ "ခေါင်းကြီး"ဟုလည်းကောင်း၊ နောက်မွေးသောကြောင်ကလေးမှာ ခေါင်းအရမ်းသေး၍ "အငယ်လေး" ဟုလည်းကောင်း အမည်ပေးလိုက်သည်။

ကျွန်ုပ်သည် ကြောင်များကို နွားနို့များတိုက်ပြီး ငါးများကို ပြုတ်၍ ကျွေးသည်။

ကြောင်နက်မသည် ကျော်ရင်ကို ပုံမှန်အတိုင်းဆက်ဆံပြီး ကျွန်ုပ်ကိုမူ ခြေထောက်နားလာ၍ ၎င်း၏ကိုယ်လုံးဖြင့် ပွတ်တိုက်လေ့ရှိသည်။ သို့နှင့်ခြောက်လကျော်အကြာတွင် ကြောင်နက်ကလေးနှစ်ကောင်မှာ အစားအသောက်ကောင်းသောကြောင့် အကောင်ကြီးလာပြီး ဝဝဖြိုးဖြိုးဖြစ်လာသည်။ ၎င်းတို့ သုံးကောင်သည် အိမ်သို့လူစိမ်းလာလျှင် ၎င်းတို့ထဲမှ တစ်ကောင်ကောင်သည် ကျွန်ုပ်နှင့် မလှမ်းမကမ်းတွင်နေ၍ ထိုလူစိမ်းဧည့်သည်ကို စောင့်ကြည့်နေတတ်သည်။

ခွေးလေခွေးလွင့်များ ကျွန်ုပ်အိမ်နားလာလျှင်ကြောင်များက လိုက်လံမောင်းထုတ်ကြသည်။

တစ်ညနေ နေဝင်ရီတရောအချိန်တွင်လူတစ်ယောက် ငှက်ပျောခိုင်တစ်ခိုင်ထမ်း၍ ခမောက်ဆောင်းထားပြီး ကျွန်ုပ် အိမ်ဝသို့ရောက်လာရာ ကျော်ရင်က ဝင်ခွင့်ပြုလိုက်သည်။ ထိုစဉ်က ကျွန်ုပ်သည် ဧည့်ခန်းထောင့်၌ သတင်းစာဖတ်နေသည်။

ထိုသူ အိမ်ထဲရောက်သည်နှင့် ငှက်ပျောခိုင်ကိုချပြီး၊ ခါးကြားထဲမှ ဓားမြှောင်ထုတ်၍ ကျွန်ုပ်ထံပြေးလာရာ ကျွန်ုပ်အနီးတွင်ရှိနေသော ကြောင်နက်သုံးကောင်မှ ကြောင်နက်မကြီးသည် ထိုသူ၏ ဓားကိုင်လက်ကောက်ဝတ်ကို ခုန်၍ ကိုက်လိုက်ပြီး ကျန်ကြောင်နက်တစ်ကောင်က ထိုသူ၏အခြားလက်တစ်ဖက်လက်ကောက်ဝတ်ကို လိုက်ဆွဲကုတ်ခြစ်လိုက်သည်။ ကျန်ကြောင်ငယ်ကလေးက ထိုသူ၏ ရင်ဘတ်ကို ကုတ်ခြစ်လိုက်သည်။ ကျန်ကြောင်ငယ်ကလေးများ၏ လုပ်ရပ်များမှာ အလွန်လျင်မြန်လွန်း၍ ထိုသူ၏ လက်ထဲမှ ဓားမြှောင် လွတ်ကျသွားသည်။ သူသည် နာကျင်စွာအော်တော့သည်။ ကျွန်ုပ်မှာ ကြက်သေသေ၍ ကြည့်နေစဉ် ကျော်ရင်က ထိုသူ၏ ဦးခေါင်းကို သစ်သားခွေးခြေတစ်လုံးဖြင့်ရိုက်ချလိုက်ရာ ထိုသူလဲကျသွားသည်။

ဤတွင်မှ ကျွန်ုပ်သည် စာရေးစားပွဲအနီးရှိထောင်ထားသော ဓားရှည်ကို ယူ၍ ထိုသူ၏ ရင်ဘတ်ပေါ်တွင်ထောက်ထားလိုက်သည်။

ကျွန်ုပ်သည် ကျော်ရင်ကို ထိုသူ့လက်မှ လွတ်ကျသွားသော ဓားမြှောင်သိမ်းယူစေပြီး အနီးရှိ ရဲစခန်းမှ တာဝန်ကျရဲများကို အမြန်ခေါ်ခိုင်းလိုက်သည်။ ရဲစခန်းမှူးကိုယ်တိုင်လိုက်လာပြီး ထိုသူကို လက်ထိပ်ခတ်လိုက်၏။

(ထိုသူမှာ ရွာတစ်ရွာ၌ မူးယစ်သောက်စားပြီး ဓားတစ်ဝင့်ဝင့်နှင့်သောင်းကျန်းလေ့ရှိသောကြောင့် ထိုရွာမှ ရွာသူကြီးက တရားလိုလုပ်ပြီး တိုင်တန်းလာမှုကိုကျွန်ုပ်က ထောင်ဒဏ် (---) လ တရားစီရင်အပြစ်ပေးလိုက်သော လူဆိုးဖြစ်သည်။)

ကျွန်ုပ်သည် ကျွန်ုပ်၏အသက်ကို ကယ်ဆယ်လိုက်သော ကြောင်နက်သုံးကောင်ကို တစ်ကောင်ပြီးတစ်ကောင် ပွေ့ပိုက်ချီပြီးဂုဏ်ပြုလိုက်မိ၏။

**ကြောင်နက်မသည် ကျော်ရင်ကို ပုံမှန်အတိုင်းဆက်ဆံပြီး ကျွန်ုပ်ကိုမူ ခြေထောက်နားလာ၍ ၎င်း၏ကိုယ်လုံးဖြင့် ပွတ်တိုက်လေ့ရှိသည်။**



www.burmeseclassic.com

www.burmeseclassic.com

# "ကြောင်မကြီးက မောင်နဲ့ အရင်ဘဝက ဘယ်လိုတော်ခဲ့သလဲမှ မသိတာ"

ရင်းသတင်းသည် တစ်မြို့လုံးသို့ ပျံ့နှံ့သွား၏။

(ကျွန်ုပ်ကိုသတ်ရန် လာသော လူဆိုးကို --- ခရိုင်ရုံးသို့ လွှဲပြောင်းပေးလိုက်ပါသည်။)

ထိုဖြစ်ရပ်ဖြစ်ပြီး သုံးလကျော်ကျော်အကြာတွင် နွေရာသီကျောင်းပိတ်ရက်၌ .. ကျွန်ုပ်၏ ဇနီးနှင့်သားသမီးများ ရောက်လာ၏။

ထူးဆန်းသည်မှာ ကျွန်ုပ်၏ မိသားစုရောက်လာသည့်နေ့၌ပင်ကြောင်နက်သုံးကောင်စလုံး အိမ်မှပျောက်သွားသည်။

ကျွန်ုပ်က မိသားစုကို ကြောင်များအကြောင်းပြောပြရာ၊ သူတို့ကလည်း ကြောင်များကို တွေ့ချင်ကြ၏။ သို့သော် ကြောင်များကို လုံးဝရှာမတွေ့။

"ကြောင်မကြီးက မောင်နဲ့ အရင်ဘဝက ဘယ်လိုတော်ခဲ့သလဲမှမသိတာ"

ဟု ရယ်မော၍ ပြောသည်။ ကျွန်ုပ်သည်ကြောင်များအတွက် စိတ်ပူမိသည်။

တစ်လအကြာတွင် .. ကျွန်ုပ်၏ ဇနီးနှင့်ကလေးများ ပြန်သွားရာ ထိုည၌ပင်ကြောင်သုံးကောင်စလုံး ပြန်ရောက်လာသည်။

ကျွန်ုပ်သည် အံ့ဩခြင်းနှင့်အတူ ပျော်ရွှင်သွားပါသည်။

"မင်းတို့ဘယ်သွားနေကြတာလဲ။ ငါဖြင့် စိတ်ပူလိုက်ရတာ"

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ ကြောင်များအားလုံး -

"ညောင် .. ညောင် .. ညောင်"ဟု အသံများပြုကြ၏။ ကျွန်ုပ်သည် သူတို့ကို ရှိသည့်နွားနို့များနှင့်အစာများကို ချကျွေးလိုက်ပါသည်။

ထိုညက ကျွန်ုပ်သည် ရုတ်တရက် အိပ်မပျော်။ ကြောင်များသည် လူတို့၏ အတွင်းစိတ်ကိုသိလေသလောဟု တွေးမိသည်။

သို့နှင့် --- မြို့သို့ ကျွန်ုပ်ရောက်ပြီး သုံးနှစ်ကျော်ကျော်အကြာ၌ ကျွန်ုပ်သည် ရန်ကုန်မြို့ရှိ ရုံးချုပ်သို့ ပြောင်းရွှေ့ရန် အမိန့်စာကို ရပါသည်။

ကျွန်ုပ်၏ တပည့်က ကျွန်ုပ်ပစ္စည်းများကို ထုပ်ပိုးနေစဉ် ကြောင်များသည် မျက်နှာငယ်များဖြင့် အထုပ်အပိုးများကို ကြည့်နေကြ၏။

"ကြောင်တွေ ရန်ကုန်ခေါ်သွားရင် ကောင်းမလား"

ကျွန်ုပ် စဉ်းစားကြည့်သည်။

ကျွန်ုပ်၏ မိသားစုများလာနေစဉ် ကြောင်များ တိမ်းရှောင်သွားခဲ့ရာ ရန်ကုန်သို့ခေါ်သွားရန်မဖြစ်နိုင်ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။

"ငါရန်ကုန်ကို ပြောင်းရတော့မယ်။ နင်တို့ကို ငါဘုန်းကြီးကျောင်းကိုပဲ ပြန်ပို့မယ်"

ဟု ကျွန်ုပ်က ပြောသောအခါ ကြောင်နက်မကြီးသည်

"ညောင် .. ညောင်"

ဟု အသံပြုလိုက်၏။

ကျွန်ုပ်ထံမှ တာဝန်လွှဲယူမည့်သူ ရောက်မလာမီ နှစ်ရက်အလိုတွင် ကျွန်ုပ်သည် ထိုကြောင်သုံးကောင်ကို မော်တော်ဘုတ်နှင့် တင်ခေါ်၍ ကြောင်မကြီးလာရာဘုန်းတော်ကြီးကျောင်းသို့ ပြန်ပို့ပါသည်။

ကြောင်များ ရှောရှောရှူရှူလိုက်ပါလာသည့်အတွ ကျွန်ုပ် အံ့ဩမိသည်။

ကျွန်ုပ်သည် ဆရာတော်အား အကျိုးအကြောင်းပြောပြီး ကြောင်များကို အပ်နှံသောအခါ ဆရာတော်က လိုလိုလား လက်ခံပါသည်။

ကျွန်ုပ်နှင့် ဆရာတော် စကားပြောနေစဉ် ကြောင်နက်မသည် ကျွန်ုပ်၏ ခါးပိုင်း ရင်း၏ခန္ဓာကိုယ်ဖြင့် ပွတ်သ ပြီးနောက်ထွက်သွားရာကြော ငယ်နှစ်ကောင်ကလိုက်ပါသွား၏။

ခဏအကြာ၌ ကျွန် သည် ဆရာတော်အား တော့ပြီး ကျောင်းပေါ်မှ ဆင်းလာပါသည်။

ကျွန်ုပ်သည် ကြောင်မျာ ကို နှုတ်ဆက်ရန် လိုက်ရှာ၏။ သို့သော် လုံးဝမတွေ့။ တို့သည် ကျွန်ုပ်ကို သံယော ဖြစ်သွားကြလေပြီ။

**မြသိန်း**





www.burmeseclassic.com

www.burmeseclassic.com

# ကန့်ကွက်ဆန္ဒပြခြင်းကြောင့် တရုတ်နိုင်ငံမှ ဓာတုဗေဒစီမံကိန်း ရပ်တန့်သွား



ဒေသဆိုင်ရာ အစိုးရမှ ဓာတုဓာတ် စီမံကိန်းကို ရပ်တန့်ရန်ရှိသော်လည်း ခဲ့မည်ဟု သတင်းအရ ယမန်နေ့က ရုတ်နိုင်ငံအရှေ့ပိုင်း 'နင်ဘို'မြို့သို့ အင်ပေါင်းများစွာသော ပြည်သူများ ချီ တက်ဆန္ဒပြခဲ့ကြသည်။ အဆိုပါ စီမံကိန်း ဆက်လက်မဆောင်ရွက်ရန်နှင့် ဓာတု အစီမံကိန်း ရွှေ့ပြောင်းဆောင်ရွက်မှုလုပ် များကိုပါ ရပ်တန့်ရန် ဆုံးဖြတ်လိုက်ပြီ ကြောင်း နင်ဘိုမြို့တော်၏ ရှင်ဟေ ိုင် ဝက်ဆိုက်မှ ဖော်ပြလိုက်သည်။

နင်ဘိုမြို့တော်၏ မြူနီစီပယ်အစိုးရ ပြင်ဘက်မှ ဆန္ဒပြသူများက အထက် ဆုံးဖြတ်ချက်ကို ချီးကျူးသြဘာပေး ကြပြီးနောက်ပိုင်း၌ ဖမ်းဆီးထား ည့် ဆန္ဒပြသူများအား လွှတ်ပေးရန် အာဏာပိုင်များကို ထပ်မံတောင်းဆိုကြ ည်။

ရာပေါင်းများစွာသော မြို့တော် သခံများသည် အစိုးရရုံးဝင်းသို့ အုပ် လိုက်သင်းလိုက် ရောက်ရှိလာပြီး မြို့ တော်ရင်ပြင်မှ ဆန္ဒပြသူများလည်း ရောက် ရှိလာကာ စနေနေ့က ပူးပေါင်းဆန္ဒပြရာမှ အကြမ်းဖက်မှုသို့ ပြောင်းလဲလာခဲ့သည်။ အစိုးရရုံးဝင်းအတွင်းမှ အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့ (၂၀၀)ခန့် ထွက်လာပြီး နဖူးစီးစာတန်းများကို ဆုတ်ဖြဲပစ်ခြင်း၊ သစ်ပင်ပေါ် တွယ်ဖက်တက်နေသော ဆန္ဒပြသူအနည်းဆုံး သုံးဦးတို့အား ဆွဲချ ကာ ရုံးဝင်းအတွင်းသို့ ဆွဲယူသွားခြင်းများ ပြုလုပ်ခဲ့ရာ တင်းမာမှုများ မြင့်တက်လာခဲ့ သည်။ တချို့ ဆန္ဒပြသူများမှာ မြို့တော် ကို လှည့်ပတ်၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူ များရှိရာ ပူးပေါင်းရန် ထွက်ခွာသွားကြ သည်။

ဆန္ဒပြမှုသည် အဆိုပါ ဓာတုဓာတ် ငွေ့စက်ရုံတည်ရှိသည့် 'ရှင်ဟေ'ခရိုင်မြို့ မှ လွန်ခဲ့သော တနင်္လာနေ့က စတင်ခဲ့ ခြင်းဖြစ်သည်။ စနေနေ့တွင် အာဏာပိုင် များက မျက်ရည်ယိုဗုံးဖြင့် လူစုခွဲခြင်း၊ ပါဝင်သူများအား ဖမ်းဆီးခြင်းတို့ ပြုလုပ်ခဲ့ရာ မြို့တော်အလယ်ပိုင်းသို့ လူအုပ်ကြီးပြန့် ထွက်သွားပြီး အကြမ်းဖက်မှုသို့ ကူးပြောင်းသွားခဲ့သည်။

ဆန္ဒပြသူများက ရဲစခန်းတစ်ခုကို ကျောက်ခဲ၊ အုတ်ခဲများဖြင့် ပစ်ပေါက် အကြမ်းဖက် တိုက်ခိုက်ခဲ့ကြပြီး ရဲလုံခြုံရေး မော်တော်ကားများကိုမှောက်ပစ် ခဲ့သဖြင့် ရဲတပ်ဖွဲ့အများအပြား ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း၊ မော်တော်ကားများ ပျက်စီးသွားကြောင်း ဟောင်ကောင်မီဒီယာမှ ဖော်ပြလိုက်သည်။

စနေနေ့ညနေပိုင်းက အရေးပေါ် အစည်းအဝေးတစ်ရပ်ကို 'နင်ဘို'ကွန်မြူနစ်ပါတီက ကျင်းပပြီး တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိစေရန် ရဲတပ်ဖွဲ့ဝင်များအား ဆောင်ရွက်ရန် အမိန့်ပေးလိုက်ကြောင်း၊ လိုအပ်ပါက အင်အားသုံး၍ နှိမ်နင်းမည်ဖြစ်ကြောင်း အချက်ပြလိုက်ရန် ညွှန်ကြားလိုက်သည်။ အခင်းဖြစ်စက်ရုံသည် တရုတ်ယွမ်သန်းထောင်ပေါင်း(၅၅. ၈၇)ဘီလျံ၊ စင်ကာပူဒေါ်လာသန်းထောင်ပေါင်း (၁၁. ၀၀)ဘီလျံတန်ဖိုးရှိ 'စီနိုပက်ရှင်ဟေ'သန့်စင်ရေးနှင့် 'ဓာတုဗေဒကုမ္ပဏီ'၏ စီမံကိန်းတစ်ခု ဖြစ်သည်။

လေးဝတီကျော်

**Ref: Straits Times, Mon, Oct 29, 2012**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အဆိပ်ထက်ပြင်းသော အဆိပ်

မော်တင်သိန်းဇော်ဓ

"အိမ်ထောင်ဦးဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ နောင်ပြင်ရန်ခက်တဲ့အမျိုး" ဆိုသော အိမ်ထောင်ရေးဆိုင်ရာ လောကနီတိဆုံးမစာကို စိန်မောင်တစ်ယောက် ယခင်က အလေးမထားမိခဲ့၊ သိပ်မယုံခဲ့။ ဇနီးသည်မိလှနှင့် အကြောင်းပါပြီး အိမ်ထောင်ရေးနှင့် မိုလှ၏ ဒဏ်ကို နုဖူးတွေ့၊ ဒူးတွေ့ကြီး တွေ့ရကြုံရတော့မှ စိန်မောင်တစ်ယောက် ထိုဆုံးမသံတိပေးစာကို သံဝေဂ နောင်တတစ်ပြုံကြီးနှင့် အယုံကြီးယုံခဲ့လက်ခံ ညွှတ်ကျိုးခဲ့ရှာလေသည်။

တကယ်တော့ စိန်မောင်နှင့် မိလှတို့သည် နှစ်အတော်ကြာမျှ မေတ္တာမျှခဲ့ကြပြီးမှ လက်ထပ်ပေါင်းသင်းခဲ့ကြသူများ ဖြစ်လေသည်။ စိန်မောင်ခမျာ မိလှကိုသားသမီးလေးငါးဦးရကြသည်အထိ ဝန်ထမ်း၊ ခေါင်းရွက်ဗျပ်ထိုး၊ ဈေးရောင်း၊ ကူလီ၊ ပွဲစား၊ ပွဲဈေးလိုက်လမ်းပေါ်ကြွေဟော၊ ဒရဝမ် စသဖြင့် ကြုံရာကျပန်းတို့ကို တပင်တပန်းရှာဖွေကျွေးမွေးခဲ့သူလည်း ဖြစ်သည်။ အိမ်ထောင်သက်အတန်ငယ်ရင့်လာသည့်အခါ သန္ဓေမကောင်းသော မိလှသည် ဇာတိရုပ်ပေါ်လာပြီး စိန်မောင်ကို မကြင်နာ၊ အလေးမထားသည်သာမက နောက်ပိုင်း၌ စိန်မောင်ကို ကလေးမြေးငယ်နှပ်သုတ်ရွယ် ကျွန်သဘောက်တစ်ဦးနှယ် အမျိုးမျိုးရန်ရှာပြစ်တင်ပုတ်ခတ်ခဲ့လေသည်။ သားသမီးတွေလည်းရ၊ အသက်အရွယ်တွေလည်း အတော်အတန်မျှရလာပြီဖြစ်ကာ ကွာရှင်းဖို့ရန်လည်း မလွယ်ကူတော့၍ ရိုးသားသိမ်မွေ့သော စိန်မောင်သည် ပွဲကြမ်းလှသော ဇနီးသည် မိလှကို ခြေပါ၊ လက်ပါ၊ နှုတ်ပါမျိုးနှင့် တစ်ခါဖူးမျှ တုန့်ပြန်ဆက်ဆံခဲ့ခြင်းမရှိခဲ့ရှာပေ။ ခေါင်းငုံ့ကာ သည်းခံခဲ့ရှာသည်။ စိတ်ထိခိုက်လွန်း၍ တစ်ခါတစ်ရံ၌ မိလှကို လက်အုပ်ပင်ချီမိရှာသည်။

www.burmeseclassic.com

အထူးသဖြင့် စိန်မောင် အလွန်ခံပြင်းနာကျင်ရချက်တစ်ရပ်အနေနှင့် အိမ်ထောင်သက်ရင့်ကာ သားသမီးတွေပင် အရွယ်ရောက်လာကြပြီဖြစ်သော်လည်း မိလှက ပြင်ပဆီက ပြန်လာသည့်အခါ စိန်မောင့်ကို မဲ့ကာ ရွဲ့ကာဒေါသတကြီးနှင့် အမြဲတမ်းလိုလိုပင် ရန်တွေ့ ရင်ဖွင့်ပြခြင်းကို ခံစားရရှာလေသည်။

"ကျွန်မ ငယ်ရည်းစား ဘယ်သူ ဘယ်ဝါနဲ့တွေ့ခဲ့တယ်။ သူ အကောင်ဖြစ်လို့ ကောင်းစားနေတယ်။ ဒီနေ့မနက်ကလည်း ကိုဇော်ညွန့်နဲ့တွေ့ခဲ့တယ်။ သူ စီးလာတဲ့ ကားကြီးကလည်း ကောင်းလိုက်တာ။ နိုင်ငံခြားကိုလည်း သူတရွှတ်ရွှတ်နဲ့ သွားနေရတယ်တဲ့။ အရာရှိကြီးလည်း ဖြစ်နေပြီတဲ့။ သူက စုတ်နုပ်တဲ့ ကျွန်မကို သေချာကြည့်ပြီး စိတ်မကောင်းတဲ့မျက်နှာနဲ့ ဘာကူညီရမလဲလို့ မေးပြီး သူ့ဖုန်းနဲ့ ရုံးလိပ်စာကိုတောင် ပေးသွားတယ်။ ကျွန်မ ကိုဇော်ညွန့်ကို မယူခဲ့မိတာ မဟာအမှားပဲတော်။ ရှင့်ကို မှားပြီး ယူခဲ့မိလေတော့ ကျွန်မ ကျွန်စုပ်တဲ့ သရက်စေ့သဘောက် ကျွန်မ ဖြစ်ရပြီပေါ့"

တစ်ခါ . .

"ဈေးသွားရင်းနဲ့ ဒီနေ့မနက် ကျောင်းတုန်းက သူငယ်ချင်းဟောင်း တိုးတိုးနဲ့တွေ့ခဲ့တယ်။ သူ့ယောက်ျားက လုပ်ငန်းရှင် ဘော့စ်ကြီးတဲ့။ ကားသုံးလေးစီးနဲ့ တိုက်နဲ့ ခြံနဲ့။ ကောင်မ ဝတ်ထားတာလည်း သီးနေ ညွတ်နေတာပဲ။ သူစီးလာတဲ့ ကားကြီးကလည်း အပုံစား။ ကျွန်မကိုလည်း ဈေးထဲကဆိုင်မှာ တစ်ဝကြီးကျွေးလိုက်သေးတယ်။ မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုသလို အစွမ်းအစမရှိတဲ့ ရှင့်လို အကြံတုံး ဉာဏ်တုံး ခဲမူးစေ့၊ ဆံချောင်ကို မျက်စိလည်ပြီး မှားယူခဲ့တယ်တော်။ ကံဆိုးလိုက်တာ"

ထို့အတူ . .

"ဒီမှာ ကိုစိန်မောင် . . ရှင်က ရှင့်ကိုယ်ရှင် အရက်မသောက်တတ်၊ ဆေးလိပ်မသောက်တတ်၊ ကွမ်းမစား၊ ဖဲမရိုက်တတ်၊ မိန်းမ မလိုက်စားတတ်၊ အပျော်မကျူးတတ်၊ လူရိုးလူအေး၊ သမာအာဇီဝနဲ့ ရှာကျွေးနေတဲ့ သူတော်ကောင်းကလေးလို့ ထင်ပြီး အထင်ကြီးမနေနဲ့။ နှစ်သိမ့်မနေနဲ့။ ကျွန်မ အူခြောက်လို့ ပဲပြုတ်၊ ခရမ်းသီး၊ မျှစ်စုတ်တွေနဲ့ နှစ်ပါသွားနေရပြီ။ ကျွန်မလွဲခဲ့တဲ့ ရှောင်ခဲ့တဲ့သူတွေလို ကောင်းကောင်းကြီး မကျွေးနိုင်၊ မရှာနိုင်၊ မထားနိုင်တဲ့ အဆင့်မရှိဘဲ သုံးစားလို့မရတဲ့ ရှင့်လို ဖွတ်ငမွဲ ငတုံးကို မျက်စိမှားပြီး ကြိုက်ခဲ့၊ ရွေးခဲ့မိတာ သံသရာဆုံးအမှားကြီးမှားခဲ့ပြီရှင်"

ဟု မိလှက စိန်မောင့်ကို မကြာခဏပင် အားမနာ မထောက်ထားဘဲ အမျိုးမျိုး မှိုချိုး မျှစ်ချိုးပင် တစ်ဝကြီး၊ ပြောင်ပြောင်တင်းတင်းပင် ပုတ်ခတ်စော်ကားခဲ့လေသည်။ သူမ မယူခဲ့မိသော ရည်းစားဟောင်းတွေနှင့်လည်း ပျစ်ပျစ်နှစ်နှစ် တစ်ဝကြီးမှ တိုင်းတာကာ နှိပ်ကွပ်ခဲ့လေသည်။ ရင့်သီး၊ ပွဲကြမ်းလှသော မိလှ၏ စိန်မောင့်အပေါ် ဆက်ဆံမှုကြောင့် စိန်မောင်၏ သားချင်းမိတ်သင်္ဂဟများတို့ကလည်း စိန်မောင်၏ အိမ်ကို မလာကြတော့။ မဆက်ဆံကြတော့။ "သူတော်စင်ကြီးဖြစ်မယ့် ဝဋ်ကောင် ငနွားကြီးရယ်၊ ဒီလို မိန်းမမျိုးကို လက်ပါပါ နာနာတီးလို့ ကွဲသာကွဲလိုက်ပါတော့ကွာ"ဟု စိန်မောင့်ကို ကရုဏာဒေါသောနှင့် အကြံပေးရှာကြလေသည်။

ရင်ထဲဆက ခုန်နေ၊ လှုပ်နေသည့် နှလုံးစိုင်က ခေတ္တမျှ ရပ်ချင်ရပ်မည်။ နာရီ အိမ်ထဲဆီက ခုတ်နေရသည့် စက်သီးကလေးကလည်း ခေတ္တမျှ ရပ်ချင်ရပ်မည်။ ထို့အတူ အမြဲတိုက်နေတတ်သည့် သဘာဝ လေပြေကလည်း ခေတ္တမျှ ရပ်ချင်ရပ်မည်။ စိတ်ဓာတ်ဆိုး၊ ဝစီဆိုး၊ အတွေးဆိုးသည့် မိလှကမူ စိန်မောင့်ကို အိပ်စက်ချိန်ကလေးတစ်ခုကလွဲ၍ မိုးလင်းသည်မှ အိပ်ရာဝင်သို့ ဝင်ကြသည့်တိုင် တတွတ်တွတ် တဖွဖွနှင့် မရပ်၊ ကရားရေလွှတ်မျှ မနားတမ်းဆိုသလိုပင် ငယ်ကျိုးငယ်နာဖော်ကာ စော်ကား ပြစ်တင်နေလေသည်။

ယနေ့တွင်တော့ မနက်မိုးလင်းကတည်းက မိလှဆီက ဆိုလိုအပေါ်ကာ မကောင်းပြော၊ ဝေဖန်ပြစ်တင်ပြီး သံမီးကျိုးလို ပူပြင်းပြောဆိုနေ၍ စိန်မောင်သည် ပေါက်ကွဲမိကာ လက်ပါမိမှာစိုး၍ ရှောင်သည့်အနေနှင့် အပြင်ဆီသို့ စိတ်ပျက် အကြံအိုက်စွာနှင့် ထွက်ခဲ့ရှာလေသည်။

စိန်မောင်လျှောက်လှမ်းလာရာ မိတ်ဆွေသက်ကြီးပုဂ္ဂိုလ်တစ်ဦးနှင့် အမှတ်မထင် ဆုံမိ၍ စိန်မောင်နှင့် ထိုမိတ်ဆွေကြီးနှစ်ဦးတို့ လက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြလေသည်။ စိန်မောင်က ထိုမိတ်ဆွေကြီးကို သူ၏ အိမ်ထောင်ရေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

သည်၏ အခြေအနေကို အရိုးခံနှင့် အမှန်အရှိအတိုင်းပင် ရင်ဖွင့်ကာ ပြောပြမိလေသည်။ စိန်မောင်၏ စကားအဆုံး၌ ထိုမိတ်ဆွေကြီးဖြစ်သူက -

"စိန်မောင်ရာ၊ ငါကြားဖူးတဲ့ ပုံဖတ်လမ်းကလေးတစ်ခုကို ပြောပြမယ်။ ဟိုးပဝေသဏီကာလတစ်ခါတုန်းက အာဏာရှိတဲ့သူက ပညာရှိကြီးတစ်ဦးကို မနှစ်မြို့လို့ အဆိပ်ခတ်ပြီး သတ်ခိုင်းတယ်တဲ့။ အာဏာသားတွေက ပညာရှိကြီးရဲ့ သီလ၊ သမာဓိ၊ သိက္ခာ၊ ပညာ၊ ကိုယ်ကျင့်နဲ့တန်ဖိုးကို ရိုကျိုးကြတော့ ပညာရှိကြီးကို အမြန်ထွက်ပြေးဖို့ အကြံပေးကြတယ်။ အဆိပ်မခတ်ကြဘူး။ ဒါပေမယ့် ပညာရှိကြီးက ခုသောက်ရမယ့် အဆိပ်ရည်တွေထက်ပြင်းထန်စူးရှတဲ့အဆိပ်က (သူ၏ ဇနီးသည်ကို ရယ်ရွှယ်ပုံရပါသည်။)မိခဲ့ပြီး၊ လွှတ်လမ်းမလွယ်လေတော့ (အခြားသူ၏ သီလ၊ သမာဓိခံယူချက်၊ သစ္စာ၊ ကိုယ်ကျင့်တရား၊ နှလုံးရည်၊ သတ္တိတို့ အပါအဝင်နှင့်)မထူးတော့ပါဘူးကွာလို့ဆိုရှာပြီး အဆိပ်ရည်ကို သူ့ဟာသူပဲ သောက်သွားရှာတယ်တဲ့။ မင်းလို မပြောနဲ့၊ အိမ်ထောင်ရေးကံမကောင်း အဆိပ်သင့်တဲ့သူတွေ အများကြီးပါကွာ"

ဟု ပြောပြရှာရင်း စိန်မောင်ဖြေသိမ့်နိုင်ရန် နားချလေသည်။

စိန်မောင်သည် ထိုနေ့နံနက်၌ ထိုမိတ်ဆွေကြီးနှင့် လက်ဖက်ရည်ဆိုင်မှာ လမ်းခွဲပြီး ဆက်လျှောက်လာရာ ကွမ်းယာဆိုင်တွင် သူငယ်ချင်းလည်းဖြစ်၊ စာပေအိုးစာချိုးလည်းဖြစ်သော ငယ်သူငယ်ချင်းရင်းတစ်ဦးနှင့်တစ်ခါတွေ့ဆုံမိပြန်လေသည်။ ကြက်နာဖြစ်နေသော စိန်မောင်က ထိုသူငယ်ချင်းဖြစ်သူကိုလည်း သူ၏ အိမ်ထောင်ရေးနှင့် ပွဲကြမ်းကာ နှိမ်လှသော ဇနီးသည်ဖြစ်သူ၏ အကြောင်းတို့ကို ထပ်ကာ ရင်ဖွင့်မိပြန်လေသည်။

ထိုသူငယ်ချင်းကလည်း -

"ဟော့ကောင် ငစိန်ရ၊ မင်းလို အညတြကောင်မျိုးကို မပြောနဲ့၊ အထင်ကရ ပုဂ္ဂိုလ်ကျော်ကြီးတွေတောင်အိမ်ထောင်ရေးမကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတွေရှိသေးတယ်ကွ။ တစ်ခါတုန်းက နာမည်ကျော် စာရေးဆရာကြီးတစ်ဦးဟာ တစ်နေ့သောအခါမှာ ရောဂါစုံပီစီးနှိပ်စက်လို့ ကယောင်ကတမ်းနဲ့ သေအံ့မူးမူးဖြစ်နေချိန်မှာ ပြုစုနေတဲ့ တပည့်တွေက စိတ်ထိခိုက်ကြပြီး အဲဒီဆရာကြီးကို -

"ဆရာကြီး နောက်ဆုံးအနေနဲ့ ဘာကိုများမှာကြားသွားစရာရှိပါသလဲ"

လို့ ကပ်ကာ မေးကြရှာတယ်။ အဲဒီအခါမှာ ဆရာကြီးက -

"ငါ့မိန်းမ ငါ့နားဆီကို မလာပါစေနဲ့ကွာ"

လို့ အားယူပြီး မချိတင်ကဲအသံကလေးယဲ့ယဲ့နဲ့ ပြောရှာရင်း မကြာခင်မှာ အသက်ထွက်သွားရှာတယ်တဲ့ကွာ။ ဆရာကြီးခမျာ သူ့ဇနီးရဲ့ဒဏ်ကိုဘယ်လောက်တောင်ခံခဲ့ရရှာပြီး စိတ်ထိခိုက်နာကျင်နေခဲ့ရရှာသလဲဆိုတာ သိသာထင်ရှားလှပါတယ် ငစိန်ရာ"

ဟု ပြောပြလေသည်။

မြို့ပိုင်မင်းအားကိုးမှ ထောင်လုံးလုံးကျဆိုစကားအတိုင်း မကောင်းရှာကြသော အိမ်ထောင်ရေးအကြောင်းများကို ပြောပြရ၍ မိမိ၏ ဆိုးဝါးသော အိမ်ထောင်ရေးကို နာကြည်း၊ နာကျင်နေသည့် စိန်မောင်သည် ပို၍ စိတ်ပျက်ညည်းညူမိရကာ ဇနီးသည် မိလှနှင့် ကွဲလိုက်ရင်ကောင်းလေမည်လား၊ ဒါမှမဟုတ် ဆက်ကာခံနေတာ ပေါင်းနေတာပဲကောင်းလေမည်လားဟု အမျိုးမျိုး ဝေခွဲတွေးဆ အကြံအိုက်ရင်း ဈေးထဲဆီသို့ ဝင်သွားလေသည်။ ပြီးက -

"မပါလာရင်တော့ အထုပ်ပဲ"ဟု ခက်ထန်တင်းမာရင့်သီးလှသော အမှာစကား၊ မျက်နှာပေး၊ အသံတို့နှင့် အိမ်ပေါက်ဝဆီက လှမ်းအော်လိုက်သော ဇနီးသည် မိလှ၏ ကြောက်စရာကောင်းလှသော မျက်နှာကို မြင်ယောင်ရင်း မိလှဝယ်ခိုင်းလိုက်သော မုန့်ပဲသရေစာတို့ကို ကပျာကယာအမြန်ဝယ်ယူပြီး စိန်မောင်သည် အိမ်ဆီသို့ မပြေးရုံတမယ် သုတ်ခြေတင်ကာ ပြေးပြန်လေတော့သည်။

"လောကလူ့ရွာ၊ လူဘုံနယ်ပယ်၊ လူ့မှုရေးတို့၌ ကိုင်တွယ်မြင်တွေ့နိုင်သော အဆိပ်ထက် ပိုမို၍ ပြင်းထန်လှသော ကိုင်တွယ်မြင်တွေ့နိုင်ခြင်းမရှိသည့် အဆိပ်ထက် ပြင်းသောအဆိပ်တို့ နက်ရှိုင်းစွာရှိတတ်ကြပါသည်။ထိုဒဿနကို စိန်မောင်တစ်ယောက် အခုအခါမှာတော့ ကောင်းကောင်းကြီး သိမြင်နားလည်ခဲ့ပေပြီ။

မော်တင်သိန်းဇော်ဇ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ခရီးသွားမိတ်ဆွေ

ဟန်သီဇင်

မန္တလေးမှ ရန်ကုန်မြို့သို့ အစုန်ရထားခရီးစဉ်တွင် ဒေါ်မိမိ လိုက်ပါလာခဲ့သည်။ ခဏအကြာမှာ သူမထိုင်ခုံနံဘေး နေရာလွတ်သို့ လူတစ်ဦး လာထိုင်လေသည်။ ခရီးဝေးသွားလာခဲသော ဒေါ်မိမိ ခမျာ တစ်ဦးတည်း ခရီးထွက်လာရသဖြင့် စိတ်ထဲမှာ အားငယ်သလိုလို။ အသိအကျွမ်းလေးများတွေ့ဆုံရလျှင် ကောင်းမှာပဲဟု တွေးမိတာ အမှန်ပင်။

သူမတွေးတောနေစဉ် လက်မှတ်စစ်များ လက်မှတ်လိုက်စစ်ပြီး မှတ်ပုံတင်တောင်းကာ တိုက်ကြည့်သည်။

"ဦးသန်းထိုက် ... မှတ်ပုံတင်အမှတ်"

လက်မှတ်စစ်နှစ်ဦးထံမှ သူမ၏ဘေးက လူအမည်ကို ပြောလေသဖြင့် "ငါသိတဲ့ ကိုသန်းထိုက်များ ဖြစ်လေမလား"ဟူ၍ တွေးကာ သေချာအောင် လှည့်ကြည့်မိသည်။ ထိုလူကလည်း ကြည့်လေ၏။

ထိုအခါ ...

"ဟာ ... မမိ"

"အေး ... ကိုသန်းထိုက်"

တအံ့တဩနှုတ်ဆက်ရင်း -

"မတွေ့ရတာ ကြာပြီနော်။ မမိ အမျိုးသားရော"

"ဆုံးသွားတာ ခုနှစ်လရှိပြီ၊ ကိုသန်းထိုက်တို့ မိသားစုရော ကျန်းမာကြရဲ့လား။ ဘယ်မှာနေကြသတုံး"

ဝိတ်ပေဟာင်း၊ ခွေပေဟာင်းနှင့် ယခုလို ခရီးဝေးသွားစဉ် တွေ့ရသဖြင့် ဝမ်းသာမိတာ အမှန်ပင်။ တစ်လမ်းလုံး စကားများ ပြော၍မကုန်ပေ။

လွန်ခဲ့သော ဆယ်နှစ်တာကာလ ဆီက တစ်ရပ်ကွက်တည်း အိမ်နီးချင်း အဖြစ် နေခဲ့ကြဖူးသည်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com

ကိုသန်းထိုက်တို့မှာ ရေကြည်ရာ မြက်နုရာ ရှာသကဲ့သို့ ပြောင်းရွှေ့သွားကြသဖြင့် ဝေးကွာသွားကြခြင်း ဖြစ်သည်။

သို့သော် ...

ခင်မင်ရင်းစွဲ မိတ်ဆွေသံယောဇဉ်ကြောင့် ဒေါ်မိမိ ခရီးသွားဖော်အဖြစ် အားကိုးမိတော့သည်။

"ကျွန်မ ခရီးမသွားတာ ကြာပြီ။ ခုလို တစ်ယောက်တည်း ခရီးသွားတဲ့ အခိုက် အသိတစ်ယောက်ယောက်နဲ့ ဆုံရင် ကောင်းမှာပဲလို့ တွေးနေတာ။ ဆုတောင်းပြည့်သွားပြီ"

ဒေါ်မိမိစကားအပေါ် ကိုသန်းထိုက်ပြုံး၍ ခေါင်းညိတ်ကာ အသိအမှတ်ပြုလိုက်သည်။

စကားလည်းကောင်းသကဲ့သို့ ဒေါ်မိမိထံမှ ပါလာသော စားဖွယ်ရာများကိုလည်း ကိုသန်းထိုက်အား ကျွေးမွေးဧည့်ခံလိုက်သည်။

"မမိကျွေးတာ စားရတာတော့ ကောင်းပါတယ်။ ကျွန်တော်ပြန်ပြီး ကျွေးဖူးပြုပါရစေခင်ဗျာ"

ကိုသန်းထိုက် ကမ်းပေးလာသော လစ်ပိုအချိုရည်ပုလင်းကို အားနာနာနှင့် လှမ်းယူထားလိုက်သည်။ ကိုသန်းထိုက်ကတော့ ပုလင်းကိုဖောက်၍ သောက်ချလိုက်၏။ ဒေါ်မိမိက မသောက်သေးဘဲ အသာပင် စလင်းဘက်ဘေးအိတ်ထဲ ထိုးထည့်ထားလိုက်သည်။

တစ်စစနှင့် ညအမှောင်သန်းလာကာ ရထားတွဲမီးကလည်း မှိန်လေတော့ ဒေါ်မိမိလည်ပင်းမှ အမ်စီကြိုးပြား နှစ်ကျပ်သား ရွှေဆွဲကြိုးနှင့် ငါးမူးသားခန့်ရှိ ရွှေလော့ကတ်ပြား ကြဲဆစ်တစ်မတ်သားခန့် လေးကွင်းကို လှမ်းကြည့်ရင်း –

"မမိ ... ကျွန်တော့်တော့ တစ်မျိုးမထင်ပါနဲ့။ ညကမှောင်တော့ မမိရဲ့ ဆွဲကြိုးနဲ့ လက်ဝတ်လက်စားတွေကို ချွတ်သိမ်းထားရင် ကောင်းမယ်ထင်တယ်"

လမ်းသွားရင်း စောင့်ရှောက်ပေးဖော်ရသည့် သတိပေးစကားမို့ ချက်ချင်းပင် ဒေါ်မိမိ လက်ကောက်၊ ဆွဲပြား၊ ဆွဲကြိုးတို့ကိုချွတ်၍ ဆလင်းဘက်အတွင်းအိတ်ထဲသို့ သိမ်းဆည်းလိုက်သည်။

အတန်ကြာလာတော့ ရေဆာသလိုလို အာခေါင်ခြောက်ကပ်လာသဖြင့် အိတ်ဘေးမှာထည့်ထားသော အချိုရည်ပုလင်းကို ဖွင့်ကာ မော့သောက်လိုက်တော့သည်။ တဖြည်းဖြည်း မော့သောက်ရင်း ပုလင်းကုန်လေသောအခါ ဒေါ်မိမိတစ်ယောက် ဦးခေါင်းများ လေးလံထိုင်းမှိုင်းကာ မူးဝေသွားပုံက ဣန္ဒြေပင်မဆောင်နိုင်တော့ပေ။ ဘေးဘီဝဲယာ ခရီးသွားများကလည်း ကိုသန်းထိုက်နှင့် ဒေါ်မိမိ စကားဖောင်ဖွဲ့လာသဖြင့် ခရီးတူသွားသည့် အမြင်သာရှိ၍ မသင်္ကာမဖြစ်ကြ။

ကိုသန်းထိုက် ဖေးမခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့ရသည်။ နှုတ်မှ စကားလည်း မဟနိုင်။

"နေမကောင်းတဲ့ လူမမာပါခင်ဗျာ။ သန့်စင်ခန်းသွားချင်လို့တဲ့"

ကိုသန်းထိုက်ပြောဆိုသံကို ကြားပေမဲ့ ဒေါ်မိမိနှုတ်မှ စကားသံထွက်မရခဲ့။

"မမိ .. လက်မှတ်စစ်တွေ လာနေတယ်။ ရထားလက်မှတ်နဲ့ မှတ်ပုံတင်ပေးလေ"

ဒေါ်မိမိခမျာ ခြေလက်ပင် မသယ်ချင်အောင် လေးလံနေသဖြင့် စလင်းဘက်အိတ်ကိုဖွင့်ယူရန် ကြိုးစားနေရသည်။ ထိုသို့သော အခွင့်အရေးကို ကိုသန်းထိုက်မှာ အကြိုက်တွေ့သွားရသည်။ စောစောက ဒေါ်မိမိချွတ်သိမ်းထားသည့် ဆွဲကြိုး၊ ဆွဲပြား၊ လက်ကောက်တို့က အိတ်အဖွင့်မှာ ဖိတ်ခေါ်လို့နေလေသည်။ လိုချင်တပ်မက်စိတ်တို့ ထိန်းမရတော့။ သူယူလိုက်သောရွှေထည် တို့ကို ဒေါ်မိမိမသိရှာပေ။ သူ့ကိုယုံကြည် အားကိုးစိတ်ဖြင့် ...

"ကျွန်မကို လှဲအိပ်လို့ရအောင် ကူညီပေးပါ"

ထိုမျှသာ အားယူပြောရင်း မှိန်း ရှာသည်။ ဒေါ်မိမိထံမှ ပါလာသောအခ ဖြင့် ခင်းပေးပြီး လှဲအိပ်စေခဲ့သည်။ ပ ဝန်းကျင်အရိပ်အခြည်ကြည့်ကာ ကိုသ ထိုက် ဘူတာငယ်သို့အဝင် ရထား အရှိန်ရပ်စဉ်မှာ ဆင်းနေရစ်ခဲ့လေ သည်။

ဒေါ်မိမိခမျာ မှေးမှိတ်နားနေ အသိစိတ်နှင့် ကြိုးစားကာ ပတ်ဝန်း ကို အကူအညီတောင်းရတော့သ သူမ၏ စလင်းဘက်ထဲမှာ ရွှေထည် ရှိမနေတာ လက်နှင့်စမ်းရင်း သိလို ဖြစ်သည်။ ခင်မင်ဖူးသည့် မိတ်ဆွေ ဆိုပြီး ခရီးသွားဖော်အဖြစ် ယုံကြ သော နောင်တတရားကြောင့် သော အပူပွားရရုံမက ဥပဒေဝန်ထမ်းများ အလုပ်များရလေတော့သည်။

တကယ်တော့ ကိုသန်းထိုက် အစဉ်မရှိပါဘဲ သွားရင်း လာရင်း ကြွေးမှု၊ ငွေပူကိစ္စများ ဖြေရှင်းရန် ဝင်ခဲ့ပြီး လောဘသားကောင် ဖြစ် လေရာ ပြစ်မှုပုဒ်မ–၃၇၉ အရ အလု ထောင်ဒဏ် နှစ်နှစ် ပေးဆပ်ခံရ

အင်း ...

ဘယ်ခရီးသွားသွား တစ်ယော တည်းသွားလို့က စားသတိ၊ သ သတိ၊ မိတ်ဖွဲ့ချင်းသတိ၊ အစစ ရမည်ဟူ၍ ဒေါ်မိမိ သင်ခန်းစာ ရခဲ့လေတော့သည်။

(ဟန်သီဖင်)



www.burmeseclassic.com

www.burmeseclassic.com

# မြေကိစ္စ နာလန်ထူရန် လေလံပွဲနေးကွေးနေ၍ တရုတ်ရွာသားများ ကန့်ကွက်



ဝူခန်ဒေသတောင်ပိုင်း ရေလုပ်သားကျေးရွာတွင် ရွေးကောက်တင်မြှောက်ထားသော အရာရှိများသည် စိတ်ပျက်စရာများကို အသေးအဖွဲ့နှင့် ဒေါသဖြစ်သော ဆန့်ကျင်ကန့်ကွက်မှုကို အစပျိုးစေခြင်းဖြင့် တရုတ်နိုင်ငံ၏ အအောင်မြင်ဆုံး လက်တွေ့စမ်းသပ်မှုတစ်ခုကို အောက်ခြေလူတန်းစား ဒီမိုကရေစီကျင့်သုံး တုံ့ဆိုင်းစွာ ပြသခဲ့ကြသည်။

ယမန်နေ့ ပုန်ကန်ထကြွမှု ပထမဆုံး အခမ်းအနားတွင် လက်တွေ့စမ်းသပ်မှုအဖြစ် ရွာသားတစ်ရာကျော်တို့က 'ဝူခန်' မြို့နစ်ပါတီရုံးအပြင်ဘက်သို့ စုရုံးချီတက်ကြပြီး ရွာမှ ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ထားသော အာဏာရကော်မတီသည် ဒေသမြေအငြင်းပွားမှုကိစ္စကို ဖြေရှင်းရန် နှောင့်နှေးကြန့်ကြာနေခြင်းအပေါ် ဒေါသတကြီး ဖော်ပြခဲ့ကြသည်။

မိမိတို့သည် မိမိတို့မြေကို ယခုအချိန်ထိ ပြန်မရသေးဟု အသက်(၆၂)နှစ်အရွယ် ပါတီဝင်တစ်ဦးဖြစ်သူ အငြိမ်းစားဆမ်း မစ္စတာ'လီယူဟန်ကေ'က အော်ပြောလိုက်သည်။ သူသည် မြေပြန်လည်ရရှိရေးအတွက် တိုက်ပွဲဝင်ရွာသားများအနက်တစ်ဦးဖြစ်သည်။ ဝူခန်၏ ယခင်အုပ်ချုပ်ရေးအဖွဲ့က ဖွံ့ဖြိုးတက်ရေးအတွက် မြေများကို တရားမဝင် ရောင်းချသွားခဲ့ခြင်းဖြစ်သည်။

ဆူပူမငြိမ်မသက်မှု ကျယ်ပြန့်စွာ ဖြစ်ပွားမည်ကို စိုးရိမ်အဆိုပါလူအုပ်အား မော်တော်ဆိုင်ကယ်စီး ထောက်လှမ်းရေးအဖွဲ့များ ခြံရံထားကာ ရဲတပ်ဖွဲ့မော်တော်ယာဉ်များမှ လမ်းများကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။ ထိုနေရာတွင် လူများအပြား စုရုံးလျက်ရှိကြကြောင်း၊ သို့သော် လူများသည် ပြဿနာဖြစ်မည်ကို စိုးရိမ်၍ တစ်ဦးတစ်ယောက်မျှ ပြင်ပသို့ ထွက်လာခြင်းမရှိကြောင်း မစ္စတာ'လီယူ'က ပြောကြားလိုက်သည်။

မြေများကို သိမ်းဆည်း၍ မငြိမ်မသက်ဖြစ်ကာ ဒေသခံ အရာရှိများအား အလုပ်မှထုတ်ပယ်ပြီးနောက် တစ်နှစ်အကြာ ဝူခန်သည် အခွင့်အရေးအတွက် နိုင်ငံရေးလှုပ်ရှားပြောင်းလဲမှုတွင် အချက်ပြမီးပြတိုက် ဖြစ်လာခဲ့သည်။ ယင်းကြောင့် အလှည့်အပြောင်းအားဖြင့် ပြဿနာကို ဖြေရှင်းရာမှာ ပိုမိုအဆင်ပြေရန် လူထုအတွက် ပိုမိုကိုယ်စားပြုသည့် ကော်မတီကို ကျေးရွာတစ်ခွင် ရွေးကောက်တင်မြှောက်ရန် ဦးတည်ခဲ့သည်။

ယမန်နေ့က ဆန္ဒပြမှုသည် လွန်ခဲ့သောနှစ်က ဝူခန်သတင်းခေါင်းစဉ်ကို ကမ္ဘာသိအောင် ကန့်ကွက်ဆန္ဒပြခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် များစွာအားပျော့နေခဲ့သည်။ သို့သော် သေးငယ်သော ချီတက်ဆန္ဒပြမှုက မည်မျှစောစော အကောင်းမြင်ခြင်းသိရှိစေရန် ဖော်ပြခဲ့ခြင်း ဖြစ်သည်။

ဝူခန်၏ သက်ကြီးပိုင်း ကျေးရွာအကြီးအကဲနှင့် ဆန္ဒပြအဖွဲ့ခေါင်းဆောင်ဟောင်း 'မစ္စတာလင်ဇူယူယင်'သည် ရွေးကောက်ပွဲတွင် အောင်ပွဲခံနိုင်သော်ငြားလည်း ဤနစ်နာမှုသည် ပွင့်သစ်စ ဒီမိုကရေစီနှင့်အတူ သဘာဝအလျောက်ဖြစ်ထွန်းလာသော ပြဿနာဖြစ်ကြောင်း အလေးအနက်ပြောကြားလိုက်သည်။ သူ့အစိုးရအဖွဲ့သည် နိုင်မာသည့် ခြေလှမ်းကျဲကျဲလှမ်းနေခြင်းဖြစ်ကြောင်းလည်း အလေးထားပြောကြားလိုက်သည်။

ဤကိစ္စများတွင် လုယူထားသည့် မြေကော ၂၉၃ ပြန်ရရှိရေး၊ သန့်ရှင်းစွာ အကောင်အထည်ဖော်ရေး၊ လက်တွေ့စီမံခန့်ခွဲမှုကို ပွင့်လင်းစွာဆောင်ရွက်ရေးတို့ပါဝင်ပြီး စီမံကိန်းအတွက် ကျေးရွာငွေကြေးကိစ္စနှင့် ပွင့်လင်းသော တင်ဒါကိစ္စတို့ကို အပြည့်အဝဖော်ထုတ်သွားရန်တို့ ပါဝင်ကြောင်း ဖော်ပြလိုက်သည်။

ဝူခန်ကို ဤသို့ စတင်ဆောင်ရွက်သောအခါ ပြဿနာအချို့ သေချာပေါက်ပေါ်ထွက်လာမည် ဖြစ်သည်။ သို့သော် ယင်းသည် ထိုဒေသ၌ ဒီမိုကရေစီမရှိဟု ဆိုလိုခြင်းမဟုတ်ပေ။ သို့မဟုတ် မိမိတို့သည် ကြီးမားသောအမှားကို ပြုလုပ်မိကြသည်ဟု ၎င်းက ပြောကြားလိုက်သည်။

မတ်လတွင် ဤကျေးရွာ၌ မျှော်မှန်းချက်များ မြင့်မားနေခဲ့ကြသည်။ မစ္စတာလင်နှင့် သူ၏အဖွဲ့ဝင်တို့ ခေါင်းဆောင်ရွေးချယ်ခံခဲ့ရပြီး မြေကိစ္စကို လျင်မြန်စွာ ဖြေရှင်းပေးမည်ဟု ကတိပေးခဲ့ပြီးနောက် တောင်များဝန်းရံသောနေရာတွင် ခိုလှုံရန် နေရာတစ်ခု တည်ဆောက်ခဲ့ကြသည်။

အဆိုပါ မြေခြဝင်းသဘောတူညီချက်များနှင့် မြို့ရှိ ကရေစီကြိုးနီစနစ်များသည် သူတို့၏ လုပ်ငန်းကို ဟန့်တားလျက်ရှိကြောင်း၊ အငြင်းပွားလျက်ရှိသော မြေဟက်တာ (၇၀၀) နီးပါးသည် ယခုအချိန်ထိ မဖြေရှင်းနိုင်သောကိစ္စဖြစ်နေကြောင်း မစ္စတာလင်က ပြောကြားလိုက်သည်။

လေးဝတီကျော်

**Ref: The Straits Times, Saturday, Sep 22, 2012**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တောဆင်ရိုင်းတို့၏ မုဆိုးဝိညာဉ်

■ သန်းထွန်း(ဂျေဂျေ)

ရိုးမရဲ့အလယ် တောကြီးမျက်မည်း တော်ရုံတန်ရုံမုဆိုး မရောက်ဖူးတဲ့နေရာ။ တောဆင်ရိုင်းတွေ၊ ဝက်ဝံတွေ၊ တောဝက်ကြီးတွေ၊ မြွေကြီးတွေ ပေါ်တဲ့နေရာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့နဲ့ တစ်ည သွားရတယ်။ တောကောင်ရလျှင်လည်း သယ်ပိုးရမှာက တောင်တက်တောင်ဆင်း။ ချောင်းတွေ၊ မြောင်းတွေ ခဏခဏဖြတ်ရတဲ့နေရာ။ ဒါကြောင့် ဆင်စွယ်လိုချင်တဲ့ မုဆိုး၊ စပါးကြီးသည်းခြေလိုချင်တဲ့ မုဆိုး၊ ဝက်ဝံသည်းခြေ လိုချင်တဲ့ မုဆိုးတို့သာ အဖော်နဲ့ ညအိပ်သွားရတဲ့ နေရာပါ။ အန္တရာယ်ကလည်း များလွန်းတာကြောင့် တစ်ခေါက်သွားဖို့ရာ တစ်ခါစဉ်းစားနေရပါတယ်။ ရှေးရှေးက သမိုင်းဝင် နေရာတွေ၊ လူကြီးသူမတွေ ပြောပြောနေတဲ့ နေရာတွေပါ။

ကျွန်တော်ကတော့ အဘိုးကလည်း မုဆိုး၊ အဖေကလည်း မုဆိုး။ ဒီနေရာဒေသဟာ ကျွန်တော်ရောက်ဖူး သွားဖူးပေမဲ့ အခု သူတို့မရှိတော့ ကျွန်တော် မသွားတော့ပါဘူး။ အဲဒီနေရာတွေကို မသွားဖို့လည်း ကျွန်တော့်ကို တားမြစ်ခဲ့ပါတယ်။ ဒါကတော့ ကြာခဲ့ပေမဲ့ ကျွန်တော့်အဘိုးနဲ့ အဖေရဲ့ အမှာစကားက ရင်ထဲမှာ ရှိနေတုန်း ဖြစ်ပါတယ်။

ကျွန်တော် အဲဒီဒေသကိုမရောက်ပေမဲ့ အနီးအနားကိုတော့ ရောက်ပါတယ်။ ကျွန်တော်က ဆင်သေကောင်ရှာတယ်၊ အစွယ်ယူတယ်။ ဝက်ဝံပစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

အသားယူတယ်၊ သည်းခြေယူတယ်။ စပါးကြီးမြွေလိုက်တယ်၊ သည်းခြေယူတယ်၊ အသားယူတယ်။ သစ်မွှေးရှာတယ်။ အဲဒါတွေက ကျွန်တော့်စားဝတ်နေရေးပါပဲ။ ဒါပေမဲ့ တစ်နေ့တော့ ရွာထဲက သူငယ်ချင်း မြင့်မောင်၊ သူလည်းမုဆိုးပဲ။ အဲ ... သူက –

"ဟေ့ကောင် စောမြသန်း။ မင်းက ဆင်တွေသေပါစေပဲ ဆုတောင်း။ အစွယ်မပါတဲ့ အကောင်သေရင် မင်းဘာရမှာလဲ။ သစ်မွှေးဆိုတာကလည်း ရှားမှရှား။ စပါးကြီးနဲ့ ဝက်ဝံကတော့ ထားပါတော့။ ဝီရိယရှိရင် ရှိသလိုရပါတယ်။ ဒါပေမဲ့ ဘဝမှာ အဲဒီလို လှေကြီးထိုး ရိုးရိုးလုပ်နေရင်တော့ မင်းဒီအခြေအနေက တက်မှာမဟုတ်ဘူး။ မင်းသားသမီးတွေကို မြို့မှာပို့ပြီး ကျောင်းထားချင်တယ်ဆို၊ တခြားကလေးတွေလို စာမတတ် ပေမတတ် မဖြစ်စေချင်ဘူးဆို၊ တစ်တောလုံး တစ်တောင်လုံးလည်း မင်းခြေရာတွေချည်းပဲ။ မင်းမသိတဲ့နေရာ မရှိဘူး"

"အေးပါကွာ။ အဖေမှာခဲ့တဲ့စကားကြောင့်ပါ။ မင်း ဒီတောဒီတောင်မှာ လုပ်စားမယ်ဆိုရင် ပေးသလောက်၊ ကျွေးသလောက် ရိုးရိုးသားသားပဲ လုပ်စားတဲ့။ မသမာတာတွေ၊ လောဘတွေ တက်ရင်တော့ မင်းထိုက်နဲ့ မင်းကံပဲတဲ့"

"အဲဒါ မှိုးတုန်းကကွ။ အခုခေတ် မဟုတ်တော့ဘူး။ အခုခေတ်က မင်းမလုပ်ရင် သူများလုပ်မှာပဲ။ ငွေရှိမှကွ။ သူတို့ခေတ်နဲ့မှ မတူတော့တာ"

"အေးပါ ... ငါစဉ်းစားပါ့မယ်"

ဒီလိုနဲ့ တစ်နေ့တော့ စောမြသန်းလည်း လောကီသားပေမို့ ဘာသားနဲ့ထုထားတာမှတ်လို့။ သားရေး၊ သမီးရေး အိမ်ထောင်ရေးတွေက ရှိနေတာမို့ ... သဘောတူလိုက်ပါတော့တယ်။

\+ + + + +

"မင်းနှစ်လုံးပြူးကြီးက ကောင်းရောကောင်းသေးရဲ့လားကွ"

"မင်းကလည်း။ ငါ့တူမီးကို ဖားပစ်တဲ့ သေနတ်များ အောက်မေ့နေတာလား။ ငါ ဒီဟာကြီးနဲ့ လုပ်စားနေတာ မင်းသိရဲ့သားနဲ့။ ဒါနဲ့ ဟေ့ကောင် စောမြသန်း ... မင်းတို့၊ ငါတို့သာ မပြောလည်တာကွ။ ဟိုကောင်တွေအိမ်မှာဆို ကက်ဆက်တွေ၊ ဘက်ထရီအိုးတွေ၊ စက်ဘီးတွေနဲ့ကွ။ သူတို့မိန်းမတွေဆီမှာလည်း နားတောင်းတွေ၊ လက်စွပ်တွေနဲ့၊ အိမ်မှာလည်း ဝက်တွေ မွေးထားတယ်။ လက်ပတ်နာရီတောင် မှာထားပြီတဲ့ကွ"

"ဟုတ်ပါတယ် မြင့်မောင်ရာ၊ မင်းကလည်း မင်းအဖေရော၊ ငါ့အဖေပါ မုဆိုးပဲလေကွာ။ တို့အဖေမှာခဲ့တဲ့စကားရင်ထဲက မထွက်ဘူးကွ"

"ဟေ့ကောင် ... အဲဒါ သူတို့ခေတ်။ ဒါ ... ငါတို့ခေတ်"

တောဆင်ရိုင်းတွေ တောတိုးပြီး တဖျောင်းဖျောင်းနဲ့ ဝါးကိုင်းတွေဆွဲ၊ နှာမောင်းနဲ့သပ်စား၊ သစ်ခေါက်တွေ အစွယ်နဲ့ထိုးပြီးစား၊ ဟိုသစ်ကိုင်းလှမ်းဆွဲ၊ နီးရာအပင်ကလေးတွေ ဆွဲနုတ်နဲ့ တဝုန်းဝုန်း တိုးကာခွေ့ကာ ၁၅ ကောင်လောက် ရှိပါတယ်၊ ဆင်ပေါက်ကလေးတွေက တကျီကျီနဲ့ ဟိုပြေးဒီပြေး လုပ်နေကြပါတယ်။

"စောမြသန်းရေ ... ဆင်အုပ်တော့ တွေ့ပြီကွ။ တို့အသာ နောက်က လိုက်သွားမယ်"

"အေး ... အခုနေလည်း ပစ်လို့ မရသေးဘူးကွ။ အစွယ်ကြီးကြီးနဲ့ ရှည်ရှည်ကို အပိုင်ရွေးပစ်ကွာ"

တောင်ကြောစောင်းတစ်လျှောက် ကနေ တဖြည်းဖြည်း တောင်စွယ်တစ်ခုကို ကျော်ပြီးအဆင်း ချောင်းတစ်ချောင်းကို ရောက်တော့ မြင့်မောင်နေရာယူပြီး ပစ်ရမယ့်ဆင်ကို ရွေးပြီးချိန်ပါတယ်။

သေချာတော့ –

"ဒိုင်း ..."

တောဆင်ရိုင်းအုပ် ပြေးပါတော့တယ်။ သေနတ်က မြေကြီးကိုစိုက်ပြီး မှန်သွားပါတယ်။ အကြောင်းကတော့ သေနတ်ခလုတ်ဆွဲအဖြုတ်မှာ သေနတ်ပြောင်းပေါ် ခမြွေစိမ်းကြီးတစ်ကောင် ကျလာပြီး ပြောင်းအောက်စိုက်ကာ ကျည်ထွက်သွားတာ ဖြစ်ပါတယ်။

"ဟာကွာ ... ဒီမြွေကလည်း တိုက်တိုက်ဆိုင်ဆိုင် ခလုတ်ဆွဲကာမှ သေနတ်ပြောင်းပေါ် ကျရတယ်လို့၊ သွားပြီ ... ဆင်အုပ်က အဲဒီလိုလန့်ပြီးရင် ဒီနေရာကို တော်တော်နဲ့ မလာတော့ဘူး"

"ဒါကတော့ ဘယ်တတ်နိုင်မှာလဲ မြင့်မောင်ရာ ...။ ပြန်လှည့်ပြီး တခြားအကောင် ပစ်ရတာပေါ့"

စိတ်ပျက်စွာ တောလည်တော့ ဘာကောင်မှမတွေ့ဘဲ ရွာကို တစ်နေ့ တစ်ညနီးပါး ပြန်ခဲ့ရပါတယ်။

နောက် ၅ ရက်ခန့်ကြာသောအခါ မြင့်မောင်တစ်ယောက် စောမြသန်းအိမ် ကို ရောက်လာပြီး –

"စောမြသန်း ... တို့ဘယ်နေ့ လောက် ထပ်သွားကြမလဲ"

"မနက်ပဲ သွားကြတာပေါ့ကွာ အိမ်မှာနေရင် ဘာမှရမှာမဟုတ်ဘူး"

တောဆင်တွေနေတဲ့ တောင် ရောက်တော့ ခြေရာလက်ရာတွေ ပေမဲ့ တောဆင်တွေကို မတွေ့ပါဘူး တောင်ကြောကိုကျော်ပြီး ဆက်သွား တွေ့ပါတယ်။ တောဆင်ရိုင်းတွေ သုန်းတောထဲမှာ။ ဒီတော့ အနေအ ကြည့်ပြီး စောမြသန်း တစ်နေရာမှာ ပါတယ်။ မြင့်မောင်က ရှေ့တိုးပြီး ယူနေပါတယ်။ စွယ်စုံဆင်ကြီးကို ပစ်မယ်လုပ်တော့ ဆင်တစ်အု အလန့်တကြား ထွက်ပြေးပါတော့



www.burmeseclassic.com

www.burmeseclassic.com

မြင့်မောင်ချိန်ထားတဲ့ ဆင်ကြီးပေါ်ကို ဆင်ပစ်မြွေက အဝေးက ပစ်ကျလာတော့ အော်ပြီးပြေးတာပါ။ ဆင်ကို မြွေက မကိုက်ပါဘူး။ အဲဒီတော့ မြင့်မောင်က–

"ပိုတစ်ခါကလည်း မြွေပဲဒုက္ခပေးတာ၊ ဒီတစ်ခါလည်း မြွေပဲ။ ဒီတစ်ခါ လမ်းမှာ မြွေတွေ့ရင်တော့ အရှင်မထားဘူး"

"ထူးဆန်းတာကတော့ ထူးဆန်းနေပြီကွ။ တစ်ခုခုတော့ ရှိနေပြီ။ တိုက်ဆိုင်တာလည်း ရှိချင်ရှိမှာပေါ့ကွာ။ လာပါ"

စောမြသန်းနဲ့ မြင့်မောင်တို့ ရွာကို ပြန်ခဲ့ကြပါတယ်။ ရွာနဲ့ တောဆင်တွေနေရာက တစ်နေ့တစ်ညနီးပါးသွားမှ ရောက်တာပါ။ ရွာရောက်တော့ စောမြသန်းမိန်းမက –

"အစ်ကိုစောမြသန်းရေ ... ကိုဘမောင်တစ်ယောက် တောထဲမှာ မြွေကိုက်လို့ ဆုံးပြီတဲ့။ အလောင်းကတော့ ရွာကိုရောက်လာပြီ။ မနက်ကျရင် သွားလိုက်ပါဦး"

"ဟာ ... ဒီကောင် ဖြစ်မှဖြစ်ရလေကွာ၊ ဒုက္ခပါပဲ။ အေး ... အေး .. မနက်ကျမှ သွားလိုက်ဦးမယ်"

"ဟုတ်တယ်အစ်ကို။ သူတို့ စီးပွားရေးပြေလည်နေတာ မကြာသေးဘူး။ သနားပါတယ် အစ်ကိုရယ်"

အသုဘအိမ်မှာ လူကတော့စုံပါတယ်။ ဘမောင်တို့နဲ့ တောလည်တဲ့အဖွဲ့တွေကတော့ ဒိုင်ခံပေါ့။ အကျိုးအကြောင်းပြောကြ၊ ရေနွေးကြမ်းသောက်ကြရင်း ဘမောင်ရဲ့သားကလေး သုံးနှစ်ခွဲလောက်ကလေး ဆော့နေတာ စိတ်မကောင်းစွာကြည့်နေရင်းက ဘမောင်တို့နဲ့ တောလည်၊ တောဆင်ရိုင်းပစ်၊ အစွယ်ရောင်းလုပ်နေကြတဲ့ သူငယ်ချင်းဖြစ်တဲ့ ခင်ရွှေဆိုတဲ့တစ်ယောက်က ကလေးကို –

"သား ... ဦးဦးဆီကိုလာဦး။ သားက လိမ္မာသားပဲ"

ဒီတော့ ကလေးက သူ့ကိုခေါ်တဲ့ ခင်ရွှေဆိုသူရဲ့အနားကိုကပ်ပြီး တိုးတိုးကလေးပြောတာက –

"ဦးဦးတို့လည်း ဆင်ပစ်ရင် အဖေ့လိုပဲ တစ်နေ့မြွေကိုက်ပြီး သေလိမ့်မယ်"

ခင်ရွှေလန့်သွားပါတယ်။ တော်တော်လေး ကြာကြွေပျက်သွားပြီး မျက်စိမျက်နှာပျက်ကာ သူနဲ့ အဖော်ပါတဲ့ နှစ်ယောက်ကို အသုဘအိမ်အပြင်ဘက်ကို ကမန်းကတန်းခေါ်ထုတ်ပြီး အဲကျိုးအကြောင်းပြောပါတယ်။ အဲဒါကို အသုဘအိမ်ကိုလာတဲ့သူတွေအားလုံး အံ့ဩစွာကြည့်နေကြပါတယ်။ မကြာမီ ဘမောင်ရဲ့သူငယ်ချင်းတွေ နှုတ်ဆက်ကာ ပြန်သွားကြပါတော့တယ်။

စောမြသန်းတစ်ယောက်လည်း ဘာတွေဖြစ်တာလဲလို့ စဉ်းစားမရဖြစ်နေချိန်မှာ ဘမောင်ရဲ့သားလေးကို –

"သားသားရေ ... ဦးဦးဆီလာပါဦးကွ။ သားက လူချောပဲကွ"

ဒီတော့ ကလေးက စောမြသန်းနားနားကပ်ပြီး တိုးတိုးလေး –

"ဦးဦးတို့ ဆင်ပစ်ရင် အဖေ့လိုပဲ မြွေကိုက်ပြီး သေလိမ့်မယ်"

စောမြသန်းလည်း ခင်ရွှေလိုလန့်ပြီး မျက်လုံးပြူးသွားပါတယ်။ တခြားလူတွေကလည်း စောမြသန်း ဘာဖြစ်သွားပါလိမ့်ဆိုပြီး ကြည့်နေကြရာက စောမြသန်းလည်း ဘမောင်မိန်းမကို နှုတ်ဆက်ပြီး ပြန်သွားပါတော့တယ်။ ဒီတော့ ရွာထဲက တောင်ယာလုပ်တဲ့ညီကြီးက ဘမောင်ရဲ့သားလေးကို ခင်ရွှေနဲ့ စောမြသန်းတို့လို –

"သားသား ... ဦးဦးဆီလာဦးကွ။ ဦးဦးကိုလည်း ဟိုဦးဦးတွေလို ပြောပါဦး"

ဒီတော့ ကလေးက ညီကြီးရဲ့ နားကပ်ပြီး တိုးတိုးလေးပြောတာက –

"သားသားကို မေမေက မော်တော်ကား ဝယ်ပေးမှာ"

"ဩော် ... ဟုတ်လား။ ငါ့ ဘာများလဲလို့ကွာ"

စောမြသန်း အိမ်ရောက်တော့ တွေဝေနေပါတယ်။ ဒီတော့ သူ့မိန်းမက

"အစ်ကို ဘာဖြစ်နေတာလဲ"

"ငါ ဘာမှမဖြစ်ပါဘူးဟာ။ မြင့်မောင်တို့အိမ်ဘက်ကို ခဏသွားဦးမယ်"

မြင့်မောင် အိမ်မှာမရှိပါဘူး။ တောထဲသွားပါတယ်။ နောက်တစ်နေ့ မြင့်မောင်အိမ်ကို စောမြသန်းသွားပြီး မြွေကိုက်သေသွားတဲ့ ဘမောင်သားလေးက အသုဘအိမ်မှာ သူ့အဖေနဲ့ တောဆင်ပစ်တဲ့ ခင်ရွှေတို့ကိုရော၊ သူ့ကိုပါ ပြောလိုက်တဲ့ 'ဦးဦးတို့ တောဆင်ပစ်ရင် အဖေ့လိုပဲ မြွေကိုက်သေလိမ့်မယ်'လို့ ပြောတာကို ပြောပြပါတယ်။ မြင့်မောင်က –

"ဟာ ... မဖြစ်နိုင်ပါဘူးကွာ။ ဒီလိုသာ လိုက်တွက်နေရင် အိမ်ကနေအပြင်တောင် ထွက်လို့ရမှာမဟုတ်ဘူး။ ဒါနဲ့ ငါမနေ့က နေရာသစ်တစ်ခု သတင်းရတာနဲ့ စုံစမ်းခဲ့တယ်ကွ။ မြွေတွေကတော့ တွေ့တာပဲ။ တောထဲမှာကိုးကွ။ ဒီရာသီက သူတို့ မိတ်လိုက်ချိန်လေ၊ တွေ့မှာပေါ့"

"ငါကတော့ မလိုက်ရဲတော့ဘူးကွာ"

"ဒါကတော့ မင်းသဘောပေါ့ ... သူငယ်ချင်းရာ"

စောမြသန်း တောဆင်ပစ်ဖို့မလိုက်တော့ပါဘူး။ တခြားတောကောင် ပစ်တယ်၊ သစ်မွှေးရှာတယ်၊ ကွမ်းတက်တယ်၊ နွယ်ချို၊ ဆင်တုံးမနွယ်ရှာတယ်၊ ဆေးဆိုင်မှာ ရောင်းတယ်။

မြင့်မောင်တစ်ယောက် သူ့ညီတစ်ဝမ်းကွဲနဲ့ ထုံးစံအတိုင်း တောဆင်ပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ရပါတယ်။ ဒါပေမဲ့ သူညီတစ်ဝမ်းကွဲက မြွေတွေ ခဏခဏတွေ့လို့ မလိုက်လိုတဲ့အကြောင်းပြောတော့ နောက်တစ်ယောက် အဖော်ရှာသွားပါတယ်။

ပွင့်လင်းရာသီတစ်ခုမှာတော့ တစ်နေ့သောအခါ ရွာထဲမှာ ဆူညံဆူညံ ရုတ်ရုတ်သဲသဲမို့ စောပြသန်းမိန်းမက တွေ့တဲ့သူကို မေးတဲ့အခါ ...

မြင့်မောင်တစ်ယောက် တောထဲမှာ မြွေကိုက်လို့ ဆုံးသွားပြီတဲ့။ အဲဒါ သူနဲ့ အတူသွားတဲ့ သူ့တူ မိုးကုလားဆိုတဲ့ ကောင်က ရွာပြန်ပြီး ထမ်းဖို့လူလာခေါ်တာဖြစ်ကြောင်း သိရတော့ ...

"ဟယ်တော် ... ဖြစ်မှဖြစ်ရလေ၊ ဘုရား ... ဘုရား"

အဲဒီအချိန်မှာ စောပြသန်း သူ့ဟာသူ တောထဲသွားနေပါတယ်။ အလောင်းကတော့ မြွေကိုက်တာပဲ။ ဒါပေမဲ့ သူ့တူက တစ်ယောက်တည်းမသယ်နိုင်လို့ တောထဲမှာထားခဲ့ပြီး ရွာမှာ လူပြန်ခေါ်တော့ အလောင်းကို တောဆင်တွေက နင်းထားပြီး ခွေးအတွေက အသားတွေ စားထားတာ အရိုးတွေပဲကျန်တာကြောင့် တောထဲမှာပဲ မြှုပ်ခဲ့ရပါတယ်။ တူမီးသေနတ်လည်း ဆင်နင်းထားတာ သုံးလို့ မရတော့ပါဘူး။

မြင့်မောင်ရဲ့ ရက်လည်တဲ့နေ့မှာတော့ ရွာဦးကျောင်းဆရာတော်ရဲ့ အသုဘရှုတရားတော် နာအပြီးမှာဖြင့် တစ်ဘက်ရွာက အဘဦးစံမြက ဒီကိစ္စတွေဟာ အရင်တုန်းက အဖြစ်အပျက်တွေနဲ့ ဆက်စပ်ပုံကို ပြောပြပါတယ်။

ဦးစံမြကလည်း ငယ်ငယ်က မုဆိုးကျော်တစ်ယောက်ပါပဲ။ ဒါပေမဲ့ စည်းနဲ့ကမ်းနဲ့ သွားတယ်၊ လာတယ်။ တင်စရာရှိရင် တင်တယ်။ မြှောက်စရာရှိရင် မြှောက်တယ်။ သားသည်အမေ ကိုယ်ဝန်သည်တွေကို မပစ်ဘူး။ တောဘုရင်တွေကို ရှောင်တယ်။

သူမမိလိုက်ပေမဲ့ အခု တောဆင်ပစ်တဲ့နေရာမှာ ဦးသီဟဆိုတဲ့ မုဆိုးကြီး တောမှာနေ၊ တောမှာစား။ ကြာတော့ တောမှာပဲ တရားစခန်းဝင်ပြီး တောကောင်တွေနဲ့ ခပ်မင်မင် တစ်ဖက်နဲ့တစ်ဖက် မုဆိုးနဲ့သားကောင် ရန်ဘက်ဟု ဆိုသော်လည်း ပြန်လည်သင့်မြတ်၊ အပြန်အလှန် စောင့်ရှောက်တာတွေကို ယနေ့အထိ အဲဒီမေတ္တာတန်ခိုးတွေ ကျန်ရှိနေတာကြောင့် အခုလို ဖြစ်ရပ်တွေ ဖြစ်နေတာကို ပြောပြပါတယ်။ ဦးစံမြပြောပြတာကတော့ –

ဦးသီဟတစ်ယောက် လူပျိုလူလွတ် ငယ်ငယ်ကတည်းက မုဆိုး။ အိမ်ထောင်ကျတော့လည်း မိသားစုကို မုဆိုးအလုပ်နဲ့ လုပ်ကိုင်ကျွေးမွေးပါတယ်၊ အခုအခါလည်း မုဆိုးပါပဲ။ ဇနီးသည်လည်း ဆုံးပါးပြီး သမီးတစ်ယောက်လည်းရှိတော့ အဲဒီသမီးကလည်း တစ်နယ်တစ်ကျေး ခပ်ဝေးဝေးမှာ သူ့အိမ်ထောင်နဲ့သူ အဆက်အသွယ်က ကျဲလှပါတယ်။

ဦးသီဟ မုဆိုးလုပ်တာ အခြားမုဆိုးတွေလို မဟုတ်ပါဘူး။ သားကောင်မရလျှင် မပြန်ပါဘူး။ တောထဲမှာ လင့်စင်ထိုးထားတယ်၊ အဲဒီမှာအိပ်တယ်၊ ထမင်းချက်ဖို့ မြေအိုး၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး ရှိတယ်၊ သီးသန့် သစ်ခေါင်းထဲထည့်ပြီး ပိတ်ထားတယ်။ သားကောင်ရလျှင် ကျပ်တင်ပြီး များများရမှ ရွာကိုပြန်၊ မြို့မှာ သွားရောင်းတယ်။ မြို့ကမှာတဲ့ ကိစ္စတွေလည်း လုပ်ပေးတယ်။

"အဘဦးသီဟ ... ပျားရည်လိုချင်တယ်"

"အဘဦးသီဟ ... မျောက်ချေးခါး လုပ်ပါဦး"

အဲဒီလို စသဖြင့် မှာတတ်ကြတာကြောင့်တစ်ကြောင်း၊ သူလည်း ဆန်၊ ဆီ၊ ဆား၊ မီးခြစ် လိုအပ်တာတွေ ...
ရအောင် သွားလေ့ရှိပါတယ်။ တစ်...
တော့ လေးတစ်နေရာက သမီးက ...
လာပြီး ဦးသီဟ တောထဲကပြန်လာ...
ကိုစောင့်လို့ –

"အဖေ ... သမီးနဲ့ လိုက်...
လား၊ အဖေ အသက်ကလည်း ရ...
သမီးပြုစုပါရစေ။ သမီးတို့ ရှမ်းပြည်...
ဘက်မှာလည်း အဖေဝါသနာပါတဲ့ ...
အလုပ် လုပ်လည်းရတာပဲ"

"အခုလိုပြောတာ ဝမ်းသာပါ...
သမီးရယ်။ ဒါပေမဲ့ အဖေ့ရဲ့မိသ...
ခေါင်းချခဲ့တဲ့ ဒီနေရာ၊ သမီးအမေ ...
ချခဲ့တဲ့ ဒီရွာရယ်၊ ဒီရိုးမကြီးကို ...
မခွဲချင်တော့ဘူး"

ဦးသီဟ အမဲလိုက်တဲ့နေ...
တစ်နေ့တစ်ည သွားရတယ်။ ...
လုတော့ လူသူအရောက်အပေါက် ...
သလောက်ပဲလို့ ပြောလို့ရပါတယ်။ ...
နေရာမှာ တောဆင်ရိုင်းတွေ၊ ဝက်...
ရောမတောဝက်ကြီးတွေ၊ မြွေ...
ကျက်စားတဲ့နေရာ ဖြစ်ပါတယ်။ ...
နေရင်းက နှစ်ပေါင်းများစွာ ...
တော့ ဦးသီဟလည်း အသက်ရ...
ဒါပေမဲ့ မုဆိုးအလုပ်ပဲ လုပ်ပါတ...

တစ်နေ့ တောထဲမှာ ...
ရောဂါထပြီး တစ်ညလုံး အိပ်...
တယ်၊ အားနည်းသွားတော့ လမ်း...
ပြီး ရွာကိုပြန်ရအောင်လည်း မ...
ဘူး။ ဒီလိုပဲ အနားယူရင်း သ...
သွားပါတယ်။ အဲဒီအချိန်မှာ ...
ကယောင်ချောက်ချားဖြစ်နေတော...
မက်လိုလို၊ တကယ်လိုလိုနဲ့ သ...
မှာ တောဆင်အုပ်ကြီးက သ...
ရောက်လာပြီး အဲဒီထဲကမှ ...
ကြီးတစ်ကောင်က ဦးသီဟကို ...
နဲ့ မ,ယူကာ ကျောက်ဆောင်...
သွားထားပါတယ်။ ဦးသီဟသ...



www.burmeseclassic.com

www.burmeseclassic.com

တော့ တကယ်လိုလို၊ သူ့ဟာသူသွား သလိုလို ဇဝေဇဝါဖြစ်နေပါတယ်။ သို့သော် ဘေးနားမှာလည်း ဆင်ချေးတုံးတွေ၊ ဆင်ခြေရာတွေ အသစ်စက်စက် တွေ့တာမို့ ဦးသီဟ အံ့ဩနေပါတော့တယ်။

ဦးသီဟ ဖြစ်ခဲ့တာတွေ မတွေးတော့ဘဲ ရေဆာတာကြောင့် ချောင်းရှိရာကို အားပြုသွားပါတယ်။ ရေသောက်ပါတယ်။ သူ့အိုးခွက် စားစရာတွေက သစ်ခေါင်းထဲမှာထားတာကြောင့် သစ်ပင်ပေါ်လည်း မတက်နိုင်တော့တာမို့ အနီးအနားက ကင်မလင်းရွက်၊ ချောင်းစပ်က သဖန်းသီးအမှည့်တွေစားကာ အနားယူပြီး နည်းနည်းပါးပါး သွားနိုင်တော့ ကျွဲဒညင်းပင်အခေါင်းထဲက ဆန်၊ ဆီ၊ ဆား၊ အိုးခွက်တွေယူပြီး ဆန်ပြုတ်သောက်ပါတယ်။ ရွာလည်းမပြန်နိုင်၊ အမဲလိုက်ဖို့က ဝေးပါသေးတယ်။ လင့်စင်ပေါ်ကို ညဆိုတက်အိပ်တယ်၊ နေ့ဘက် ကျောက်ဆောင်ထဲ သွားနေပါတယ်။

ခုနစ်ရက်ခန့်ကြာသောအခါ ... ဦးသီဟအနားကို ဆင်အုပ်တစ်အုပ် ရောက်လာပြီး သူ့ကို ကြောက်လည်း မကြောက်၊ အန္တရာယ်လည်းမပေးဘဲ သူတို့ဟာသူတို့ စားစရာရှိတာစားပြီး ပြန်သွားကြပါတယ်၊ မြွေတွေလည်း စုံလို့ သူ့အနီးအနားမှာ လာအိပ်တယ်။ ခွေနေကြပါတယ်။ ဦးသီဟ အံ့ဩလွန်းလို့ ထူးဆန်းနေပါတယ်။

ဦးသီဟ အမဲမလိုက်တော့ပါဘူး။ ကျောက်ဆောင်အောက်မှာ တရားထိုင်တယ်၊ ဘုရားရှိခိုးပါတယ်။ ဘုန်းကြီးကျောင်းထွက်ဆိုတော့ ဘုရားစာ၊ တရားစာ ရတာကြောင့် မေတ္တာပို့တယ်၊ ပရိတ်ရွတ်တယ်။ ဒူးလေးနဲ့ ဒားကို မကိုင်တော့ပါဘူး။ သူ့ပြုပြုသမျှကုသိုလ်တွေအတွက် တောနေသတ္တဝါတွေကို သူ့အသက် တောထဲမှာ ဆုံးစေတော့ မေတ္တာပို့လို့ ပေးဆပ်ပါမည်ဟု အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

ဦးသီဟ ရွာကိုပြန်ချင်မှ ပြန်ပါတော့တယ်။ ရွာကို ဆန်သွားသယ်လျှင်လည်း ရွာက လူတွေက ဦးသီဟကို စိတ်မနှံ့သူတစ်ယောက်အဖြစ် သံသယမကင်းတော့ပါဘူး။ ဒါကြောင့် ဦးသီဟကလည်း သူ့ဟာသူ ကိုယ့်ကိစ္စကိုယ်လုပ်ပါတယ်။ ကြာတော့ ဦးသီဟ ရွာကို မပြန်တော့ပါဘူး။ တောငှက်ပျောပင်တွေကိုခုတ်၊ အမြစ်ကိုတူးပြီး ငှက်ပျောခေါင်းကို ခေါင်းတုံးတုံးကာ ချောင်းဘေးမှာ စိုက်တယ်။ ငရုတ်စိုက်ပါတယ်။ အဲဒါတွေ မအောင်ခင် တောထဲက ပေါင်ကန်စွန်း၊ တောင်မှို၊ ဝါးရောင်းချဉ်၊ ကင်မလင်း၊ ကျောက်ချဉ်ပေါင် ရှာစားပါတယ်။ မိုးတွင်းဆိုရင် မှဆိုးကြက်သွန်၊ မှဆိုးငရုတ်ကောင်း အခေါက်၊ ပုတတ်စား၊ ဇရစ်တို့ရှာပြီး သက်သတ်လွတ် စားပါတော့တယ်။

တောထဲ ဟင်းရွက်ခူးထွက်တဲ့အခါ တောဆင်တွေ၊ ဝက်ဝံတွေ၊ မြွေကြီးတွေနဲ့ တွေ့ပါတယ်။ မြွေငယ်တွေဆို ကျင်းတစ်ခုထဲမှာ စုပြုံပြီး အများကြီးနေထိုင်ပါတယ်။ ထူးဆန်းတာ သူအပြင်ထွက် ဟင်းရွက်ရှာတဲ့အခါ ပြန်လာရင် ဦးသီဟ နေတဲ့အိပ်ရာမှာ မြွေကြီးတစ်ကောင် အမြဲတမ်းခွေနေလေ့ရှိပါတယ်။ ဦးသီဟပြန်လာသံကြားရင် ထွက်သွားပါလေရော။ ဦးသီဟလည်း နေ့စဉ် သတ္တဝါတွေကို မေတ္တာပို့၊ ပရိတ်ရွတ်၊ တရားထိုင်အလုပ်ကို စွဲစွဲမြဲမြဲလုပ်ရင်း နေထိုင်ခဲ့တာ တောထဲမှာ နှစ်နှစ်ချီ ကြာမြင့်ခဲ့ပါတယ်။ ရွာက လူတွေက တချို့ ဦးသီဟသေပြီ၊ တချို့က ရူးသွားပြီရယ်လို့ အမျိုးမျိုးပြောကြပါတယ်။

တစ်နေ့တော့ ဦးသီဟ အသက်အရွယ်ရလာပြီး ကျန်းမာရေးချို့တဲ့လာပါတယ်။ အိပ်ရာက မထနိုင်တဲ့ ဘဝရောက်မှာ မြွေကြီးက သူ့အနားမှာ စောင့်နေပါတယ်။ ဒီတော့ တောထဲက ခွေးအတွေ က ဦးသီဟကို စားချင်လို့ ရစ်သီရစ်သီနဲ့ လုပ်နေပါပြီ။ တောခွေးတွေလှုပ်ရှားတာနဲ့ တောင်ကျိုးကန်းတွေလည်း သစ်ပင်ပေါ်မှာ ရှိစမြဲပါ။ အဲဒါကို မြွေကြီးက ကာကွယ်ပေးထားပေမဲ့ မကြာမီ ဦးသီဟ သေဆုံးရှာပါတယ်။ ထူးဆန်းစွာပဲ ... ဦးသီဟအလောင်း အကောင်းပကတိက နေ ဘာကောင်မှမစားဘဲ အရိုးကျပါတယ်။ ကျောက်ဆောင်ရှေ့မှာ ဆင်အုပ်ကလည်း ဆုံးပြီးတာနဲ့ ရောက်လာပြီး တချို့အစာသွားစားလျှင် စာချို့ အလောင်းနားမှာ ကျန်ခဲ့ပါတယ်၊ ဒီလိုနဲ့ အရိုးလည်း ကျရော ဆင်တွေ၊ မြွေတွေလည်း ဘာမှ မရှိတော့ပါဘူး။ ဦးသီဟလည်း ဘယ်ဘဝ ကိုရောက်တယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။

ဒါပေမဲ့ တောဆင်ရိုင်းတွေနဲ့ အဲဒီလို နှစ်ပေါင်းများစွာ နေလာတဲ့ ဦးသီဟ တစ်ယောက် အခုမရှိတော့လည်း ဘာဖြစ်လို့ အဲဒီနေရာက တောဆင်တွေကို ဒုက္ခပေးတဲ့သူကို ပထမသတိပေးပြီး မရရင်တော့ ဒီလိုပဲဖြစ်တတ်တဲ့သဘောကို စဉ်းစားတဲ့အခါ ဦးသီဟ ကောင်းရာဘုံသို့ ရောက်ပါစေလို့သာ ဆုတောင်းနေရတော့ မှာပါပဲ ...။

---

သန်းထွန်း(ဂျေဂျေ)

---





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ကိုးရီမောင်နှံတို့ရဲ့ သွေးရောင်လွှမ်းတဲ့အချစ်

✶ ဝင်းသောင် (ရမည်းသင်း) ✶

အကြောင်းကိစ္စမရှိပဲ ရဲစခန်းနဲ့ တရားရုံးများသို့ လူအများစုဝင်ထွက်လေ့မရှိကြပါ။ ရှောင်နိုင်သမျှ ရှောင်ကြသည်။ ရဲစခန်း၊ အချုပ်ထောင်၊ တရားရုံး၊ ခေးရုံ၊ သုသာန်တို့သည်ကား စည်ကားအပ်သည့် နေရာများမဟုတ်ကြ၊ သို့သော် မည်သို့ဆိုရိုးရှိရှိ၊ မည်သူတွေဘာပြောပြော စည်ကားမြဲပါပဲ။ ဤလူ့ဘောင်ဆိုတာ တစ်မျိုးမဟုတ်တစ်မျိုး တွေ့ရှုပ်နေတတ်တယ်လေ။

"ကျွန်တော့် နာမည် လှမြတ်သူပါ။ ဆောဝင်ခွင့်ပြုပါ ဗိုလ်ကြီး"

"ဟုတ်ကဲ့ ဝင်ပါခင်ဗျာ၊ ထိုင်ပါ"

"ကျွန်တော့်နာမည် လှမြတ်သူ ( ) ဒုနက အင်ဂျင်နီယာ တစ်ယောက်ပါ။ ရော့ ဒါကျွန်တော့် လိပ်စာကတ်ပါ"

ညွှေ့သည်သည် မြို့နယ်မှူးအတွက် မျက်နှာစိမ်းတစ်ယောက်ဖြစ်သော်လည်း သူ့အမည်ကို မြို့နယ်မှူးက မစိမ်းပါ။ ဦးလှမြတ်သူ သူ့ထံဘာကြောင့်ရောက်လာရသည်ကို သိထားပါသည်။

နီးလှမြတ်သူသည် သားမြတ်မင်းခန့်ဆိုသူကို အိမ်မှ ဗွီဒီယိုပြစက် (အောက်စက်)ခိုးမှုနှင့် အမှုဖွင့်တိုင်ကြားခဲ့သလို သားဖြစ်သူနှင့် ချစ်ကြိုက်ခိုးရာလိုက်ခဲ့သော မိန်းကလေးကိုလည်း သူ့ဇာတ်သား အသက်မပြည့်အရွယ်မရောက်သေးသည့် မြတ်မင်းခန့်ကို သွေးဆောင်ဖြားယောင်း နိုးယူပေါင်းသင်းပါသည်ဟု အမှုဖွင့်တိုင်ကြားထားသူဖြစ်သဖြင့် လူကိုမမြင်ဘူးသော်လည်း နာမည်ကိုသိနေခြင်းဖြစ်သည်။

အရွယ်မရောက်သေးသူကို သွေးဆောင်ဖြားယောင်းပေါင်းသင်းပါသည်ဟု တိုင်ကြားလေ့ရှိသူများသည် အများအားဖြင့် မိန်းကလေးရှင်တို့သာ တရားလိုပြုတိုင်ကြားတတ်ကြရာ ယခုကိစ္စမှာမူ ယောကျ်ားလေးဖခင်က တရားလိုပြု



www.burmeseclassic.com

www.burmeseclassic.com

တိုင်ကြားထားကြောင်း သိရသဖြင့် တစ်မျိုးကြီးဖြစ်နေပြီး ဖြစ်လေဖြစ်ထနဲ့ အံ့ချော်သယောင်ခံစားမိ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ယောက်အနေနှင့် စခန်းမှူးကိုပင် ပြန်လည်စီစစ်ခိုင်းထားသော အမှုမှ တရားလိုဖြစ်ကြောင်း အမည်နဲ့လူတစ်ထပ်တည်းသိလိုက်ခြင်းဖြစ်သည်။ ဦးလှမြတ်သူ တရားလိုပြု တိုင်ကြားခဲ့သည့်အမှုဖြစ်စဉ်ကို စခန်းမှူးတင်ပြလာကတည်းက ကိုယ်ချင်းစာစိတ်နဲ့ စိတ်မကောင်းဖြစ်မိသည်။

"စခန်းမှူး ခိုးမှုဆိုတာ လူတစ်ယောက်အတွက် ဒုစရိုက်မှတ်တမ်းဝင်သွားပြီး အညွန့်ကျိုးသွားမယ့်ကိစ္စအကျင့်စာရိတ္တနဲ့ ပတ်သက်တာမို့ နောင်မှ အမှုပြန်ပိတ်ပေးပါ၊ သားလေးထောင်ကျမှာ မကြည့်ရက်ပါဘူးဆိုပြီး တောင်းပန် တိုးလျှိုးလို့ရတဲ့အမှုမျိုး မဟုတ်ဘူးဆိုတာ တရားလိုကိုရှင်းမပြပဲ အမှုတန်းဖွင့်လိုက်တာလားဟင်"

"မဖွင့်ရင်မဖြစ်တော့လို့ ဖွင့်ပေးလိုက်တာပါ၊ အမှုမဖွင့်ခင်မှာလည်း ဦးလှမြတ်သူကို ရှုထောင့်အမျိုးမျိုးက ဥပမာ-အမျိုးမျိုးပြပြီး စိတ်လိုက်မာန်ပါမလုပ်ဖို့ တားပါတယ်၊ ဒါပေမဲ့ ဘယ်လိုမှတားမရဘူး။ ဒီထက်တားရင် ကျွန်တော်အမှုထိန်ချန်မှုနဲ့ ပြဿနာတက်တော့မှာ၊ စခန်းမှူးတစ်ယောက် အမှုထိန်ချန်မှုကျူးလွန်မိရင် ဘယ်လောက်အပြစ်ကြီးသလဲဆိုတာ ဗိုလ်ကြီးလည်းသိပါတယ်၊ ဒါကြောင့် ဘယ်လိုပြောပြော မရတာမို့ အမှုဖွင့်ပေးလိုက်တာပါ ဗိုလ်ကြီး"

မှန်ပါသည်။ တစ်ခါတစ်ရံ စေတနာကြောင့် ဝေဒနာဖြစ်တတ်တာလဲ မြို့နယ်မှူးသိပါသည်။

စခန်းမှူးက မြို့နယ်မှူးထံ နေ့စဉ်အမှုစာရင်း တင်ပြစဉ်ကပင် ဦးလှမြတ်သူ၏ ရာထူး အဆင့်အတန်း၊ အလုပ်ဌာန စသည်များကို မှတ်သားမိပြီး၊ သားဖြစ်သူ မြတ်မင်းခန့်ဆိုသူမှာလည်း (၁၀)တန်းကျောင်းသားတစ်ဦးဖြစ်တာကို သိလိုက်ရသည်။ သားဖြစ်သူကိုခိုးမှုဖွင့်ပြီး နောက်တစ်နေ့မှာပင် မြတ်မင်းခန့်နဲ့ ခိုးရာလိုက်သည့် မိန်းကလေးကိုလည်း အမှုဖွင့်ပြန်သည်။ ဖွင့်တဲ့အမှုက အရွယ်မရောက်သေးတဲ့သားကို မြှူဆွယ်ခိုးယူပေါင်းသင်းသူကို အရေးယူပေးပါတဲ့။

ဒီလူစိတ်မှ ကောင်းသေးရဲ့လား။ အရွယ်မရောက်သေးတဲ့ ကိုယ့်သားလေးကိုလည်း မညှာ သူတစ်ပါးသမီးပျိုကိုလည်း သမီးချင်းမစာ၊ အမှုဖွင့်ပြန်တယ်ဆိုတော့ အတွေ့အလွန်ကြီးတာပဲ၊ မြတ်မင်းခန့်နဲ့ ခိုးရာလိုက်တဲ့မိန်းကလေး အမည်က မြလေးငယ်တဲ့၊ အသက်ကြည့်ပြန်တော့ (၁၇)နှစ် (၃)လတဲ့ တကယ်ဆို မလိမ်မိုး မလိမ်မာအရွယ်ပါပဲ။ အဲ အဲ မြတ်မင်းခန့် အသက်က (၁၆)နှစ်ပြည့်ဖို့ (၁)လလိုဆိုတော့ မြတ်မင်းခန့်ထက်တော့ ကြီးသပေါ့လေ။

"ကျွန်တော် မြို့နယ်မှူးဆီလာတွေ့တဲ့အကြောင်းကတော့ သားကိုခိုးမှုဖွင့်တဲ့ဖခင်တစ်ယောက်အဖြစ် အမြင်စောင်းနေမှာ မခံချင်လို့လည်းတစ်ကြောင်း၊ ကျွန်တော့်သားကို မမှန်မကန်ကျူးသွင်းစည်းရုံးပြီး ကျွန်တော့်မိသားစု ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေကြသူတွေအကြောင်း သိထားအောင် ပြောဆိုရှင်းပြချင်လို့ ရောက်လာတာပ

× × × × ×

"ဦးတိုက်အောင် ဆိုတာ ကျွန်တော်တို့ဌာနက အရာရှိပါပဲ (⋯⋯မြို့နယ် အရာရှိရိပ်သာ)မှာ ကျွန်တော်တို့အခန်းချင်းကပ် နေထိုင် တယ်။ ကျွန်တော့်မိသားစုမှာ သားသ တွေရှိသလို သူ့မိသားစုမှာလည်း သာ သမီးတွေရှိကြပါတယ်။ ဦးတိုက်အော မှာ မွေးစားသမီးတစ်ယောက်ရှိတာ အညာဘက်ကလို့ပြောတာပဲ၊ အိမ် ကူဖော်လောင်ဘက် ဝိုင်းလုပ်ကိုင်တ ကောင်မလေးက တော်တော်ချော ပတ်ဝန်းကျင်က ဦးတိုက်အောင်သ ထင်ကြတာ။ ကျွန်တော်တို့တော အခန်းချင်းကပ်နေလို့ မွေးစားသ သိတာ၊ ကျွန်တော့်သမီးနှစ်ယော အဲဒီမိန်းကလေးထက်ငယ်တယ်၊ မိန်းကလေးက ရောလာပေမယ့် ပြန်မရောဘူး။ ဘာလို့လဲဆိုတော့ မိန်းကလေးဟာ ဦးတိုက်အောင် တွေနဲ့ ဖက်လှဲတစ်ကင်း နေသလို



www.burmeseclassic.com

www.burmeseclassic.com

အစ်ကို ကျွန်တော့်သားမြတ်မင်းခန့်နဲ့လည်း ရဲရဲတင်းတင်းနေသတဲ့"။

"ကျွန်တော့် အမျိုးသမီးက အထက်တန်းပြ ကျောင်းဆရာမတစ်ယောက်ပါ။ သားသမီးတွေကို ပညာတတ်တွေဖြစ်ပြီး အချိန်တန် လုပ်ငန်းခွင်ဝင်စေချင်တဲ့သူ။ စည်းကမ်းကြီးတဲ့သူဆိုတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စားတာမျိုးတွေမကြိုက်ဘူး။ တစ်ဘက်ကိုအားမနာပဲမကောင်းပြောတာမဟုတ်ပါဘူး။ ဦးတိုက်အောင်အိမ်က ကျွန်တော်တို့နဲ့ ဆန့်ကျင်ဘက် အရမ်းလွတ်လပ်တယ်။ ဦးတိုက်အောင်ကိုယ်တိုင်က ဂေါက်ကွင်းသွားကစားတာအကြောင်းပြ အပြင်မှာ ဝိုင်းဖွဲ့တာများသလို၊ သူ့အမျိုးသမီးက ပိုကာသမား ဟောလီဂု(ဒ်) သမားဆိုတော့ ချိန်းဝိုင်းထိုင်တာများတယ်၊ သားသမီးတွေကလည်း ကွပ်ကဲမှုမရှိ လွတ်လပ်တော့ စယ်တောက်မယ်၊ ဒိုးဇက်ဆော့မယ်ပေါ့ အဲဒီလွတ်လပ်မှုကို အားကျတဲ့ ကျွန်တော့်သားဟာလည်း လစ်ရင် လစ်သလို အဲဒီအိမ်ရောက်တော့တာပဲ။"

"ကျွန်တော့်သား ပျက်စီးမယ့် အခြေအနေမြင်လို့ ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးက သားမြတ်မင်းခန့်ကို တစ်တက်အိမ်နဲ့ ကူးလူးသွားလာဆက်ဆံခြင်းမပြုဖို့ တားမြစ်တယ်။ ဆုံးမတယ်၊ဒါကြောင့်သားတော်မောင်က ကျွန်တော်တို့ကို မကျေမနပ်ဖြစ်တယ်။ စကားနားမထောင်ပဲ သွားဖြစ်အောင်သွားတယ်လေ"။

"တကယ်တော့ မြတ်မင်းခန့် အဲ့ဒီလို ဖြစ်လာတာဟာ၊ သူတို့ကြောင့်ပဲ၊ သူတို့မြှောက်ပေးလို့ပဲ"။

"ဒါနဲ့ ဦးလှမြတ်သူ ကျွန်တော် မေးစမ်းပါရစေ၊ ဦးတိုက်အောင်ဟာ လုပ်ဖော်ကိုင်ဘက်လည်းဖြစ်၊ အိမ်နီးချင်းလည်းဖြစ်တဲ့ ခင်ဗျားမိသားစုအပေါ် ဘာမကျေနပ်လို့လဲဟင်"

"အဲဒီလိုတော့ လက်ဆုပ်လက်ကိုင်မပြနိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော် စိတ်ထဲကအတတ်သိတယ်ဗျာ၊ ဥပမာဆိုပါတော့ ကျွန်တော်နဲ့သူဟာ အဆင့်တူဌာနချင်းတူပေမယ့် နေရာချင်းမတူဘူး။ ကျွန်တော်က စီမံရေးအရာရှိတာဝန်နဲ့ ညွှန်ချုပ်ရဲ့ကိုယ်ရေးအရာရှိတာဝန်ပါ ပူးတွဲထမ်းဆောင်ရတယ် ဆိုတော့ သာမန်အရာရှိများထက်တော့ လူကြီးများနဲ့ ထိတွေ့ဆက်ဆံရတာများတယ်၊ အရာရှိကြီးငယ်များနဲ့လည်း ခင်မင်ရင်းနှီးတယ်။ လူချင်းခင်တော့ တာဝန်တစ်ဝက်ပြီးတယ်ဆိုသလို၊ အစစအဆင်ပြေတယ်ပေါ့ မြို့နယ်မှူးရယ်၊ အဲဒါလည်း သူ သိပ်ကျေနပ်ပုံမရဘူး"

"နောက်တစ်ခု ကလေးတွေ စာကျက်ရမယ့်အစား၊ ဒိုးဇက်ဆော့၊ ဂေါ်လီရိုက်၊ စယ်တောက်နေတယ်၊ သူ့သားသမီးတွေနဲ့အတူ ကျွန်တော့်သားလည်းပါတော့၊ အတန်းကြီး တရားလာရင် အခက်တွေ့မယ်၊ ဒါကြောင့် သားကို သူတို့အိမ်မသွားနဲ့လို့ တားမြစ်ထားတယ်။ အဲဒါကိုလည်း ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးက အဖြစ်သည်းတယ်ပေါ့လေ၊ ကိုယ့်သားသမီးကိုလည်း မဆုံးမ သူများသားသမီးဆုံးမတာကိုလည်း ဘဝင်မကျတဲ့ လူတမ်းစားတွေ၊ ဦးတိုက်အောင်ထက်ကို သူ့အမျိုးသမီးက ပိုဆိုးတယ်။ အပျော့ဆွဲလို့ပြောရမလား ပျော့ပျော့နှံ့နှံ့တဲ့ ကြောင်ချေးလို့ ပြောရမလားပဲ။"

"တစ်ရက်မှာ ကျွန်တော်အိမ်မှာ ရှိတုန်း ကျွန်တော့်သား မြတ်မင်းခန့်ကို ဦးတိုက်အောင် အမျိုးသမီးက လှမ်းခေါ်တယ်..."

"ကိုခန့်ရေ မြလေးမီးပူတိုက်ရင်း မီးပူဖြူး(စ်)ပြတ်သွားတယ်။ လာလုပ်ပေးပါဦးသားရယ်"

"ကဲကြည့်ပါဦး မြို့နယ်မှူးရယ်၊ ဖြူး(စ်)ပြတ်တာ၊ ကျွန်တော့်သားနဲ့ ဘာဆိုင်လဲ၊ တစ်ခြားလူခိုင်းပေါ့ ဒီဘက်ခန်းမှာစာကျက်နေတဲ့ သားကိုခိုင်းစရာလား အဲဒါ တမင် သူ့မွေးစားသမီးနဲ့ နီးစပ်အောင်လုပ်တာ"

"ကောင်းတဲ့ အတတ်ပညာတတ်ဖို့ခက်ပေမယ့်၊ မကောင်းတဲ့ အတတ်ပညာဟာ သင်ရင်လွယ်တယ်၊ အတတ်မြန်တယ်ဆိုသလိုပဲ တစ်စတစ်စနဲ့ သားဟာမကောင်းတဲ့အတတ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့တတ်လာတယ်။ အဆိုးဆုံးကတော့ မိဘစကားလုံးဝနားမထောင်တော့တာပဲ။ ဒီကြားထဲ သူတို့ရဲ့ မွေးစားသမီးနဲ့ ဖြားယောင်း သွေးဆောင်လိုက်တော့ သားဟာ အရွယ်မတိုင်မီ နွံနစ်သွားတော့တာပဲ"။

"သားတော်မောင်ကို ဆုံးမလို့ မရတဲ့ထဲ ပြဿနာတစ်ခုကလည်း ဝင်နှောက်လိုက်တာ ဘယ်လိုရှင်းရမလဲ မသိအောင်ဖြစ်သွားတယ်။"

"ဘယ်လိုပြဿနာ ဖြစ်လို့လဲ ဟင်"

"မြတ်မင်းခန့်ဟာ ကျွန်တော်တို့ သားမဟုတ်ဘူးတဲ့၊ မွေးစားတာဆိုပဲ၊ တောက် ခံပြင်းဖို့ကောင်းလိုက်တာ မြို့နယ်မှူးရာ။"

ဦးလှမြတ်သူ တစ်ယောက် တကယ်ပင်ခံပြင်းသွားသည် ထင်ပါသည်။ မျက်နှာတစ်ပြင်လုံးနီကာ အံကြိတ်လိုက်တာကို သတိထားကြည့်နေသောမြို့နယ်မှူး တွေ့မြင် သတိပြုမိလိုက်သည်။

"ဒါနဲ့ တကယ်က…"

"ကျွန်တော့်သားမှ ကျွန်တော့်သားပါဗျာ"

"မြတ်မင်းခန့်ကို မွေးစားသားလို့ ဘယ်သူက ပြောလိုက်တာလဲဟင်"

"ဘယ်သူချွန်လိုက်တယ် မသိပါဘူး။ နောက်မှ ကျွန်တော်တို့သိရတာ၊ သိရတာကလည်း မြတ်မင်းခန့်ရဲ့ အတန်းပိုင်ဆရာမဟာ ကျွန်တော့် အမျိုးသမီးနဲ့ တစ်နစ်တည်းဘွဲ့အတူ ရတဲ့သူငယ်ချင်း။ ပြောမနာ ဆိုမနာလို့ ပြောရအောင် ခင်မင်ကြတာ၊ အဲ… အဲဒီဆရာမ ကျောင်းပိတ်ရက် အိမ်ကို ရောက်လာပြီး ပြောပြလို့သိတာ။"

"သား မြတ်မင်းခန့်နေမကောင်း ဘူးလား။ သားကိုကြည့်ရတာ ညှိုးငယ်နေတယ်၊ ဘာဖြစ်လို့လဲ ဆရာမကို ပြောပြပါဦး။"

"အဲဒီဆရာမက အဲဒီလို မေးတော့ ရှိုက်ကြီးတငင်ငိုသတဲ့၊ တော်တော်ကြာချော့မော့မေးမှ သူဟာမွေးစား သားလားလို့ ဆရာမကို မေးသတဲ့၊ ဆရာမက မဦးမချွတ် သားရယ် သားဟာ မွေးစားသား မဟုတ်ပါဘူး။ ဦးလှမြတ်သူနဲ့ ဒေါ်မေခန့်သွင်တို့ သားသမီး (၃)ယောက်အနက် အကြီးဆုံးသားပါ။ သားအမေနဲ့ ဆရာမက အိမ်ထောင်မကျခင် ကတည်းက ကျောင်းနေဖော်သူငယ်ချင်းတွေပါ၊ ဒါကြောင့် ဆရာမစကားကို သားယုံပါလို့ ပြောလိုက်တယ်တဲ့။"

"မွေးစားသားဆိုတဲ့ ထိုးနှက်ချက်က အတော်ထိရောက်တယ်၊ ဒီကောင်လေးတစ်မှိုင်မှိုင် တစ်တွေတွေဖြစ်နေတာ အတော်ကြာပြီ၊ ကျွန်တော်တို့ ထင်တာ ကျွန်တော်က ဟိုဘက်အိမ် မသွားရလို့၊ တားမြစ်တာကြောင့်လို့ ထင်တာ။"

"ဒါနဲ့ ဦးလှမြတ်သူ့ ခုကောသား အရင်းလို့ ယုံသွားပြီလား။"

"ကနဦးကတော့ အဖေ၊ အမေနဲ့ကော ညီမလေးတွေနဲ့ပါ ခပ်စိမ်းစိမ်း ဖြစ်သွားတာ နောက်မှ ပိုနေမြဲ ကျားနေမြဲဖြစ်သွားတယ်၊ စိတ်အေးမယ် မကြံသေးဘူး ဟိုကောင်မလေးခေါ်ရာနောက် လိုက်သွားတာ ကိစ္စအားလုံး သူတို့ ထိုးနှက်ချက်တွေပဲ။"

"ခင်ဗျားပြောသလို ဆိုရင်တော့ လုပ်ဖော်ကိုင်ဘက်ကောင်း မပီသသလို အိမ်နီးချင်းကောင်းလဲ မပီသဘူးပေါ့ဗျာ"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော် ကိုယ့်သားကိုအမှုဖွင့်တဲ့ အထိဖြစ်ရတာပေါ့ (၁၆)နှစ်တောင် မပြည့်သေးတဲ့ သားတော်မောင်၊ အထိအတွေ့ကြောင့် မိမှန်းမသိ၊ ဘမှန်းမသိ ဖြစ်သွားတာ ရင်နာလွန်းပါတယ်။ အဲဒါ မြို့နယ်မှူးအနေနဲ့ နွံနစ်နေတဲ့ သားတော်မောင် နွံ့ကလွတ်မြောက်ရေး အမြန်ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ် မြို့နယ်မှူး။"

"ဟုတ်ကဲ့ ဦးလှမြတ်သူ စိတ်အေးအေးထားပါ။ ဥပဒေနဲ့အညီ အမြန်ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ ဒါနဲ့ မြတ်မင်းခန့် ကောင်မလေးဇာတိက စစ်ကိုင်းတိုင်းဒေသကြီး (….)မြို့ကနော်။"

"ဟုတ်ကဲ့၊ အဲဒီလိုပဲ အရင်က ပြောသံကြားဘူးပါတယ်။"



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်မှူးသည် ဦးလှမြတ်သူ စခန်း၌ အမှုဖွင့်ပြီးစကတည်းက မြလေးငယ်ရဲ့ဇာတိမြေ ( · · · · · )ရဲစခန်းနှင့် ဆက်သွယ်ကာ မြတ်မင်းခန့်ဆိုသူနှင့် မြလေးငယ်ဆိုသူတို့ကို ရန်ကုန်တိုင်းဒေသကြီး ( · · · · · )စခန်းမှ အလိုရှိကြောင်း အကြောင်းကြားထားပြီးဖြစ်သည်။ ဆောင်ရွက်ချက် အားလုံးပြောပြရန်မလိုသဖြင့် ဟုတ်ကဲ့ဟုသာ အဖြေပေးလိုက်ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်ဆိုသည်က အလွန်နှုတ်လုံရသည်၊ သူ့ထံ ကစကားသာ သေသေချာချာ နားထောင်၍ ကိုယ့်ဘက်ကစကားကျွံထွက်မသွားရန် အလွန်စောင့်စည်းအပ်သည်ဆိုသော ဆရာသမားများ၏စကားများကို တစ်သွေမတိမ်း လိုက်နာမှ ရဲတပ်ဖွဲ့ဝင်ကောင်း ဖြစ်မည်ဆိုတာ မြို့နယ်မှူးယုံကြည်ပါသည်။ ထို့ကြောင့် မြို့နယ်မှူးသည် ဦးလှမြတ်သူ စကားကို သာလက်ခံနားထောင်ထားပြီး စကားရှည်ရှည်မပြောပဲ တိုတိုတုတ်တုတ် ပြောကာ စကားဖြတ်လိုက်သည်။

"ဟာ· · ·အတော်ပဲ၊ မြို့နယ်မှူးကို တွေ့မှတွေ့ပါ့မလားလို့ ခုဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရလို့ တော်ပါသေးရဲ့။"

"ဦးလှမြတ်သူ အကြောင်းကိစ္စရှိလို့လားဟင်။"

"ဟုတ်ကဲ့မေးစရာလေးရှိလို့ပါ။"

"ဒါဆို လာပါ။ မေးစရာရှိတာမေးပါ။"

"ကျွန်တော့်သား ကိစ္စနဲ့ပတ်သက်ပြီး အကြားအမြင်ဆရာကြီးတစ်ဦးကိုမေးကြည့်တော့ မကြာခင်ပြန်ရောက်မယ်၊ ဒါပေမယ့် လွတ်လွတ်လပ်လပ်တော့မဟုတ်ဘူး၊ အချုပ်အနှောင်နဲ့ ပြန်ရောက်မယ်လို့ ပြောတယ်၊ မြို့နယ်မှူး အဲဒါ ဘာဖြစ်တာလဲဟင်။"

"ဒီလိုလေ ဦးလှမြတ်သူ၊ ခင်ဗျား ကိုယ်တိုင် တရားလိုလုပ်ပြီး ခင်ဗျားသားကို ဗွီဒီယိုစက် (အောက်စက်)ခိုးယူသွားတယ်လို့ အမှုဖွင့်ထားတယ်လေ၊ ကျွန်တော်တို့ ရဲစခန်းကလည်း အမှုဖွင့်ပြီးတာနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ တရားခံသွားလာဝင်ထွက်နိုင်တဲ့ နယ်မြေစခန်းတွေဆီ သင့်ရာနည်း (ဖုန်း/ကြေးနန်း/စာ)နဲ့ ကူညီ ဖမ်းဆီးပေးဖို့ အကြောင်းကြားထားရတယ်၊ အဲဒီတော့ ကျွန်တော်တို့ ဆက်သွယ်ထားတဲ့ သက်ဆိုင်ရာစခန်းက မြတ်မင်းခန့်ကို ခိုးမှုနဲ့အလိုရှိတဲ့ တရားခံလို့ သဘောထားပြီးဖမ်းဆီးမယ်၊ ပြီးတော့ ကျွန်တော်တို့ စခန်းလွှဲပေးရမှာဆိုတော့ အကြားအမြင်ဆရာကြီးပြောတာလည်း ဖြစ်နိုင်တာပေါ့ဗျာ။"

"မြို့နယ်မှူးရယ် အချုပ်အနှောင်ဆိုတာတွေတော့ ကျွန်တော်မတွေးမိဘူး မသိဘူး၊ ကျွန်တော့်သား ဟိုကောင်မလေးရဲ့ ညှို့ကွင်းကလွတ်အောင်သာ လုပ်မိတာ၊ ခုတော့ ခုတော့ အကြားအမြင်ဆရာကြီးပြောသလိုသာ မှန်ရင် ကျွန်တော်တို့ရင်ကျိုးရတော့မယ် မြို့နယ်မှူးရယ် ကယ်ပါဦးဗျာ။"

"ကျွန်တော့် စခန်းမှူးက ခိုးမှုဆိုတာ ဒုစရိုက်မှုခင်းစာရင်းဝင် အမှုမျိုးမို့ တစ်သက်လုံး အမည်းစက်စွန်းထင်သွားမယ်၊ နောင်မှ အမှုပိတ်ပေးပါ၊ ကျေအေးပေးပါဆိုလို့ ရဲတပ်ဖွဲ့အနေနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ အမှုမျိုးမဟုတ်ဘူး၊ ဒါကြောင့် မိဘတစ်ယောက်အနေနဲ့ စဉ်းစားပါ၊ ခိုးမှု မဖွင့်ပါနဲ့လို့ ရှင်းပြခဲ့တာ၊ ဦးလှမြတ်သူက လက်မခံပဲကိုး"

"သားဇောကပ်ပြီး လုပ်မိတာ ကျွန်တော် ကျွန်တော် သိပ်မှားပါတယ်"

"ဒီလောက်လည်း သောကမဖြစ်ပါနဲ့ ဦးလှမြတ်သူ၊ ဖြစ်လာမှတော့ ဖြေရှင်းရတော့မှာပေါ့၊ ကျွန်တော့် အပိုင်းက အတတ်နိုင်ဆုံး ကူညီပါ့မယ်"

တကယ်တော့ "ဒီမှာ ဟော့လူ ဒီလိုဖြစ်မှာသိလို့ အစကတည်းက ခင်ဗျားကို တားခဲ့တယ်၊ အမှုမဖွင့်ဖို့ တောင်းပန်ခဲ့တယ်။ အဲဒီတုန်းက ခင်ဗျားမှာ စေတနာကို စေတနာလို့ မထင်ဘူး၊ တာဝန်ရှိတဲ့ စခန်းမှူးကိုတောင် အမှုဖွင့်မပေးရင် သက်ဆိုင်ရာတိုင်တော့မလိုပြောလာလို့ အမှုဖွင့်ပေးခဲ့ရတာ၊ ခုမှလာပြီး လွမ်းပြမနေနဲ့လို့" ပြောလွှတ်ရမှာ၊ ဒါပေမယ့် မြို့နယ်မှူးကသူ့မှာလည်း သားလေးတစ်ယောက်ရှိတာဆိုတော့ မိဘချင်း ကိုယ်ချင်းစာတယ်လေ၊ ဒါကြောင့်ရင်ထဲကပြောသင့်



www.burmeseclassic.com

www.burmeseclassic.com

တဲ့စကားမပြောပဲ၊ ဦးလှမြတ်သူကို နှစ်သိမ့်စကားပြောလိုက်တာပါ။

အမှန်ပြောရရင် ဦးလှမြတ်သူ မြို့နယ်မှူးရုံး ရောက်မလာခင်မှာပဲ စစ်ကိုင်းတိုင်းဒေသကြီး (····စခန်း)က မြို့နယ်မှူးထံ ဖုန်းဆက်လာလို့ မြတ်မင်းခန့်တို့ စုံတွဲရထားပြီဆိုတဲ့ သတင်း မြို့နယ်မှူး သိထားပါတယ်။ ဒါကြောင့် မြတ်မင်းခန့်တို့ကို သွားခေါ်ဖို့ အမျိုးသား အရာရှိတစ်ဦးနဲ့အမျိုးသမီး ရဲတပ်ဖွဲ့ဝင် တစ်ဦးတို့ကို စီစဉ်စေလွှတ်လိုက်ပြီ ဖြစ်ပါတယ်။

× × × × ×

"ကျွန်တော်တို့ ပြန်ရောက်ပါပြီ စခန်းမှူး မြတ်မင်းခန့်နဲ့ မြလေးငယ် တို့လည်း ခေါ်ခဲ့ပါတယ်"

"ဘယ်လိုလဲ ဆရာစောသီဟ ထွန်း၊ သွားလမ်းသာပြီး ပြန်လမ်းဖြောင့်ခဲ့ရဲ့လား"

"ဟုတ်ကဲ့ သွားလမ်းသာခဲ့ပါ တယ်၊ ဒါပေမယ့် ပြန်လမ်းတော့ အတော်စိတ်ညစ်ခဲ့ရပါတယ်"

"ဟေ··ဟုတ်လား၊ ဘာကြောင့် လဲပြောပါဦး"

စစ်ကိုင်းတိုင်းဒေသကြီး(····စခန်း)သို့ အမှုမှတရားခံများဖြစ်တဲ့ မြတ်မင်းခန့်နဲ့ မြလေးငယ်တို့ကို သွားရောက်ခေါ်တဲ့ နယ်ထိန်းအရာရှိနဲ့ အမျိုးသမီးရဲတပ်ဖွဲ့ဝင် တပ်ကြပ်မေယုတို့ပြန်ရောက်ကြောင်း၊ စခန်းမှူးကို သတင်းပို့စဉ် အဆင်ပြေသလားဟု မေးရာ နယ်ထိန်းအရာရှိက မသက်မသာပြောလာသဖြင့် စခန်းမှူးက ဘာတွေဖြစ်သလဲသိချင်တာကြောင့် နယ်ထိန်းအရာရှိကိုပြောပြရန် ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး (····စခန်း)ရောက်တော့ အဲဒီကစခန်းမှူးက ကျွန်တော်နဲ့အင်းစိန် စီအိုင်ဒီမှာ သင်တန်းအတူ တက်ဖူးတဲ့ သူဖြစ်နေတယ်။ စားဖို့နေဖို့ကအစ အားလုံးအကူအညီပေးပါတယ်။ မေယု အတွက်လည်း အဲဒီစခန်းက ရဲမေတွေနဲ့ အတူ စခန်းရိပ်သာမှာထားတယ်၊ ကျွန်တော်တို့စခန်းက အကြောင်းကြားလို့ သူတို့ကိုဖမ်းထိန်းလိုက်စဉ်က အကြီးအကျယ် ပြဿနာတက်တော့မလို့တဲ့"

"ဘာပြဿနာ ဖြစ်တာတဲ့လဲ ဟင်"

"မြတ်မင်းခန့်လေ မြတ်မင်းခန့်ပေါ့၊ သူက စစ်ကိုင်းတိုင်းဒေသကြီး (········စခန်း)က စခန်းမှူးကို သူတို့ကို ဘာကြောင့် ဖမ်းတာလဲမေးတော့၊ စခန်းမှူးကလည်း ရန်ကုန်တိုင်းဒေသကြီး(·······စခန်း) က ဗွီဒီယိုအောက်စက် ခိုးမှုဖွင့်ထားကြောင်း မြတ်မင်းခန့်နဲ့ မြလေးငယ်တို့အား အလိုရှိကြောင်း ကူညီဖမ်းဆီးပေးဖို့ အကူအညီတောင်း တာကြောင့် ဖမ်းဆီးရတာဖြစ်ကြောင်း ရှင်းပြလိုက်တယ်၊ အဲဒီတော့ "ဒါ အဖေ့လက်ချက်"ပဲ၊ ဒီကိစ္စ ငါ့သေမှ အေးမှာ ဆိုပြီး နံရံနဲ့ ခေါင်းနဲ့ တိုက်တာ စခန်းတာဝန်ကျအရာရှိနဲ့ ကင်းအဖွဲ့ အတော်ထိန်းယူရတယ်တဲ့၊ အချုပ်ထဲထည့်ထားဖို့ကျပြန်တော့ အထဲမှာ ဒိတ်ဒိတ်ကြဲ ကောင်တွေ၊ သူက သေချစိတ်နဲ့ သွားစလို့ငြိသွားရင် တစ်ယောက်တစ်ချက် ဆိုသလို၊ ဝိုင်းကပွဲတာခံရပြီး ဒုက္ခတွေ့သွားနိုင်တယ်။ ဒါကြောင့် သူ့ကို စခန်းရုံးဝင်းမှာပဲ မြလေးငယ်နဲ့အတူထားပြီး တာဝန်မှူးအရာရှိ တာဝန်ကြပ်တွေနဲ့ ကျွန်တော်တို့လာခေါ်တဲ့အထိ မျက်စေ့ ဒေါက်ထောက်ကြည့်နေရတယ်လို့ ပြောပြတယ်။"

"သူတို့ကို ရန်ကုန်ခေါ်တဲ့အခါ မန္တလေးကရထားနဲ့ ခေါ်ရမှာဆိုတော့ အလစ်အငိုက်ရထားပေါ်က နှစ် ယောက်လုံး လက်တွဲခုံချရင် တာဝန်ရှိ ရဲတွေအတွက် ပြဿနာကြီးတက်မှာ မြတ် မင်းခန့်က (၁၆)နှစ်သာ မပြည့် သေးတာ အရပ် ကျွန်တော့်ထက်မြင့် တယ်၊ ကိုယ်ခန္ဓာလည်း တောင့်တင်း သန်မာတယ်၊ ရုပ်ရည်လည်း ချော သလားမမေးနဲ့ ပွဲလယ်တင့်တဲ့ရုပ်ချော အပျိုချောတွေ အကဲပိုပိုနဲ့ နှုတ်ချိုး ဆက်ဆံရမယ့်ရုပ်မျိုး။ မြလေးငယ် လည်းကြည့်ဦး၊ ပြစ်မျိုးမဲ့မထင် ချော ပစ်ကင်း သဲလဲစင်လို့ ပြောလို့ရတဲ့ အသားဝါဝါလေးနဲ့ ချောလိုက်တဲ့ မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com

"အဲ…သူတို့နှစ်ယောက် စမတ်ကျပြီး အလုချင်းပြိုင်သလို လုကြလေလေ အပြန်အလှန်ချစ်ကြ ကြင်နာကြလေလေ၊ ကျွန်တော်တို့က အဆဲခံရလေလေပဲ ဒီတစ်ခါရဲဖြစ်ရတာ အတော်ကိုစိတ်ပျက်မိတယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (····စခန်း)ကလည်း အတော်အကူအညီပေးပါတယ်၊ ကျွန်တော်တို့ကို မန္တလေးဘူတာရထားပေါ်ရောက်တဲ့အထိ ပို့ပေးတဲ့အပြင် စခန်းမှူးက ထမင်းအတွက် (၄)ယောက်စာ စီစဉ်ပေးလိုက်တယ်၊ ထမင်းအတွက် တစ်ဖက်တရားခံထိန်းရမှာတစ်ဖက်နဲ့ တာဝန်လစ်ဟင်းမှာစိုးတာကြောင့် စီစဉ်ပေးမှန်း ကျွန်တော်သိပါတယ်"

"ဒါနဲ့ ဗိုလ်စော ဘာတွေစိတ်ပျက်စရာကြုံခဲ့တာလဲပြောစမ်းပါဦးကွာ"

"ဗိုလ်ကြီး ဇာတ်သဘင် (ဇာတ်ပွဲ) ကြည့်ဘူးတယ်မို့လား။ နောက်ပိုင်း ဇာတ်ထုပ်တွေက အလွမ်းဇာတ်တွေများတယ်လေ၊ အဲဒီအလွမ်းဇာတ်တွေမှာ ဇာတ်နာအောင်၊ ဇာတ် စာရေးဆရာတွေက အကွန့် အညွန့်လေးတွေနဲ့ စီကာ ပတ်ကုန်းရေးသားတာကို၊ သရုပ်ပါအောင် သဏ္ဍာန်လုပ် အဟုတ်တူအောင်ကရတဲ့ ရွှေမင်းသား/ရွှေမင်းသမီးလေးတွေကို ဘုရင်အမိန့်နဲ့ အမတ်ကြီးတွေ၊ ပုဏ္ဏားကြီးတွေက နှိပ်စက်ရတဲ့ ဇာတ်ရုပ်ကပြရတာတွေ တွေ့ဘူးမှာပေါ့ ရွှေမင်းသား၊ ရွှေမင်းသမီးများကလည်း တရှုံ့ရှုံ့နဲ့ငို၊ ပုဏ္ဏားကြီးတို့ ကလည်း ကြိမ်းရင်းမောင်းရင်း ကန် ကျောက်ရင်း တစ်ဘုန်းဘုန်းနဲ့ကတ္တီပါ အိပ်စွပ်ထားတဲ့ စက္ကူကြိမ်နဲ့ ရိုက်ပြ နှိပ်စက်ပြတဲ့အခါ ပရိသတ်က မခံစား နိုင်လောက်အောင် ပေါက်ကွဲပြီး ပြောင်း ဖူးအူတိုင်နဲ့ သရုပ်ဆောင်နေကြတဲ့ အမတ်ကြီး၊ ပုဏ္ဏားကြီးတွေကို ပေါက်ကြတာ ကြည့်ဘူးမယ်၊ ဒါမှ မဟုတ် ကြားဘူးမယ်ထင်တယ်"

"အေး ကြုံဘူး ကြားဘူးတယ်"

"ကျွန်တော်တို့လည်း အဲဒီဇာတ်ထဲက အမတ်ကြီး/ပုဏ္ဏားကြီးများလိုပဲ မန္တလေးဘူတာမှာ ခံခဲ့ရတယ်၊ အဲ တစ်ခုသက်သာတာက ပြောင်းဖူးအူတိုင်နဲ့တော့ ပစ်တာမခံခဲ့ရဘူး လေသေနတ်နဲ့တော့ တဒိုင်းဒိုင်း အပစ်ခံရတယ်၊ ကျွန်တော်နဲ့ မေယုတစ်ကိုယ်လုံး လေကျည်ဆံရာတွေ အနံ့ပဲ"

"အမလေးတော် သားသမီးချင်းကိုယ်ချင်းမစာ၊ ဒီဇာလေးက သူတို့ဘာလုပ်မှာမို့ လက်ထိပ်ကြီးတောင်ခတ်ရတာတဲ့လဲ"

"တစ်မိသားနဲ့ တစ်မိသား၊ ချစ်လို့ ခင်လို့ နှစ်ဦးသဘောတူ ထွက်ပြေးတာ အပြစ်မဟုတ်ဘူး၊ ကောင်လေး ကော၊ ကောင်မလေးပါ ကြည့်ရတာ၊ ရုပ်ရည်သနား ကမားနဲ့ မိကောင်းဖခင် သားသမီးတွေ ဖြစ်မှာပါ။ ဒီဟာတွေ သက်သက်မယ့် အပြစ်ရှာတာ ဖွန်း"

"ရထားပေါ် ရောက်တော့ ကျွန်တော့်လက်နဲ့ မြတ်မင်းခန့်လက်ကို လက်ထိပ်တစ်ဖက်စီခတ် တွဲထိုင်ပြီး မျက်နှာချင်းဆိုင်ထိုင်ခုံမှာတော့ မေယုနဲ့ မြလေးငယ်တို့ ထိုင်ကြတယ်၊ ရထား ထိုင်ခုံတစ်ခုနဲ့တစ်ခုက ကြားတစ်တောင် ပဲကွာတာ တကယ်ဆိုတစ်ယောက်နဲ့ တစ်ယောက် ဒူးချင်းထိမတတ်အနေ အထားပေါ့၊ ဒါတောင်ဝေးတယ်ထင် သလားမသိဘူး မြလေးငယ်ကရထား ကြမ်းပြင်မှာဆင်းထိုင် မြတ်မင်းခန့် ပေါင်ပေါ်မျက်နှာမှောက် လိုက်လာတာ မြင်ရတွေ့ရတာ ကြည့်မကောင်းဘူး၊ သူတို့က အဲသလိုဖြစ်လေ ရထား တစ်တွဲတည်းအတူ စီးလာရတဲ့ ရောမ မေတ္တာရှင်ကြီးများက ကျွန်တော်တို့ကို ဘုကြည့်ကြည့်လေပဲ။"

"ဒါတော့ နားလည်သည်းခံရမှာပေါ့၊ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ တစ်နေ့ တို့ ရဲတပ်ဖွဲ့တာဝန်တွေကို ဂယနဏ သိလာတဲ့အခါ နားလည်ခွင့်လွှတ်နိုင်ကြမှာပါ"

"ဒီလောက်နဲ့ ရပ်မသွားသေးဘူး ဗိုလ်ကြီး"

"အေး ဗိုလ်စော မပြီးသေးရင် ပြီးအောင်ပြောလေကွာ"

"တောင်ငူရောက်တော့ လင်းကာနီးပြီ၊ ရထားလည်း ကြာကြာရပ်တယ် မေယုက ဆင်းပြီး စားစရာ သောက်စရာဝယ်တယ်၊ သူတို့စုံတွဲကို



www.burmeseclassic.com

www.burmeseclassic.com

ဘာစားမလဲမေးတော့ လက်ဖက်ရည်နဲ့ ပဲနံပြားစားမယ်ပြောလို့ မှာတဲ့အတိုင်းပဲ ဝယ်လာပြီး တွဲပေါ်မှာ အတူစားကြ သောက်ကြတယ်၊ အဲဒီအချိန်မှာပဲ ရထားတွဲအလယ် လျှောက်လမ်းအတိုင်း လျှောက်လာတဲ့ လူတစ်ယောက်က ချစ်ညီလေး ညီမလေးတို့ရေ သတိထား စားကြွ အစာကျွေးပြီးရင် သေဆေးပေး တတ်တယ်တဲ့အဲဒီစကားသံနဲ့တစ်ဆက် တည်း ကျွန်တော်တို့ကျောဘက်နစ်ခုံ ကျော်ကလူတွေ ဝါးကနဲ ဟားတိုက်ရယ် မောလိုက်တဲ့ အသံတွေဟာ ရထားတွဲ အတွင်း ဆူညံသွားတယ်"

"ငါ့တပည့်တွေ အတော်သည်းခံ ခဲ့တာပဲ၊ ကောင်းပါလေ့ကွာ၊ ကောင်းပါ လေ့ တို့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ တာဝန်ထမ်းဆောင်ရာမှာ အရေထူထူ… တာဝန်ပြီးမြောက်အောင် ဆောင်ရွက်… က အဓိကပဲလေ၊ အဲဒီရထားတွဲပေါ်မှာ… တစ်ဘက်သတ်ရှုမြင်တတ်သူက နည်း… နည်း။ ဘက်စုံကကြည့်တတ် မြင်တတ်… သူတွေက အများကြီးပဲလို့ သိထား… စိတ်ဓါတ်မကျနဲ့ ငါ့ညီ"

ဝင်းသောင် (ရမည်းသင်…

* ဒီဖြစ်စဉ်စဉ်ဟာ (၁၉၉၁-၉၂) ကဖြစ်စဉ်မို့ ကြာခဲ့ပါပြီ။ စာရေးသူသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ စခန်းမှူး… မြို့နယ်မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တိုင်းဦးစီးမှူး တာဝန်အမျိုးမျိုးနဲ့ နေရာဒေသအမျိုးမျိုးမှာ တာဝန်ထမ်းဆောင်ရင်… တွေ့သမျှ ကြုံသမျှတွေကို ဇာတ်အိမ်ဖွဲ့ မဂ္ဂဇင်းစာမျက်နှာတွေမှာ တင်ပြခဲ့တာမို့ ဖြစ်ရပ်မှန်တွေလို့ ပြောပါရ… အမည် နေရပ်တွေတော့ ပြောင်းထားပါတယ်။

* ဒီဖြစ်စဉ်ကိုကြည့်ရင် အိမ်နီးချင်းနေလာရာက သားရေးသမီးရေး ရှုပ်ထွေးလာတော့ ငြိကြတယ်၊ ဦးလှမြတ်သူ… သူ့စိတ်ထဲထင်တာကို အမှန်လို့ကောက်ချက်ချပြီး တဖက်ကအိမ်နီးချင်းတွေအပေါ် အပြစ်တွေစုပုံချ ပေါက်ကွဲရာ… အညွှန့်တလူလူတက်နေတဲ့ ကိုယ့်သားကိုလည်းနိုးမှုဖွင့်သလို တစ်ခြားလူသမီးကိုလည်း အမှုဖွင့်တယ်၊ နိုးမှုဆိုတာ ဒုစရိုက်… မှုခင်းစာရင်းဝင်တဲ့ အမှုအမျိုးအစားမို့ မဖွင့်သင့်ကြောင်း စခန်းမှူးကတားတယ်၊ ရာသက်ပန်အမဲစက်စွန်းသွားမှာ သားနဲ့အ… ကြားမဖြစ်ကောင်းလို့တားတာပါ။ ဒါကို ဦးလှမြတ်သူက အမှုဖွင့်မပေးရင် တိုင်မယ်ဆိုပြီးပြောလာလို့ အမှုဖွင့်ပေးလိုက်ရ… စခန်းမှူးအနေနဲ့ အမှုထိန်းချုပ်မှုနဲ့ အထက်ကအရေးယူခံရရင် မှတ်တမ်းဝင်သတိပေးခံရမယ်၊ လုပ်သက်ဖြတ်တောက်… ဝေးလံခေါင်သီတဲ့ အရပ်ဒေသအပို့ခံရမယ်၊ နောက်ဆုံး တာဝန်ကထုတ်ပယ်ခံရမယ်ဆိုတာသိတော့ မနေဝံ့ဘူးလေ…

* ရဲဆိုတာက အမှုဖွင့်ပြီးတာနဲ့ တရားခံနဲ့ သက်သေခံပစ္စည်း အမြန်ဖမ်းဆီးရမိရေး စတာတွေ ဖယ်စက်သ… ဆောင်ရွက်ရမယ့် တာဝန်ရှိတယ်၊ အဲသလိုနဲ့ စခန်းချင်းဆက်သွယ်ပြီး ဖမ်းတော့ မြတ်မင်းခန့်နဲ့ မြလေးငယ်တို့… စစ်ကိုင်းတိုင်းဒေသကြီး (…စခန်း)ကဖမ်းထားတယ်၊ မြတ်မင်းခန့်က သူတို့အဖမ်းခံရတာဟာ သူ့အဖေလက်ချက်ဆို… ဗေဒင်မမေးပဲသိတယ်၊ သိတော့ ဒီလောက်တောင်ဖြစ်လုတာ၊ နံရံနဲ့ခေါင်းဆောင့်သေပစ်မယ်ဆိုပြီး နံရံကိုခေါင်းနဲ့တိုက်… သွေးချင်းချင်းနီ သွားတာမြင်မကောင်းဘူး တာဝန်ကျရဲတွေလျှင်လို့ မသေတာ။ ဆယ်ကျော်သက်လေးတွေကို လျော့တွ… လို့မရဘူး။ အချစ်နဲ့ပတ်သက်ရင် ငါ့လိုလူ ဇမ္ဗူမှာရှိသေးလားဆိုပြီး ကသောက်တိ ကသောက်ချာ လုပ်တတ်ကြတ… ဒါကြောင့် အများအမြင် မနှစ်မြို့စရာဖြစ်ပေမယ့် တာဝန်ကိုသတိထားဆောင်ရွက်ခဲ့ကြတာပါ။ တကယ်လို့ သူတို့… လက်ချင်းတွဲပြီး ရထားပေါ်ကခုန်ဆင်း သေပွဲဝင်သွားကြရင် ဘယ်လိုဖြေရှင်းကြမလဲ၊ ကြည့်သောသူဟာ မြင်ပါ… သို့သော် တစ်ဖက်သပ်မကြည့်ပဲ၊ ဘက်ပေါင်းစုံက ကြည့်တတ် မြင်တတ်မှ အမြင်ကြည်မယ် ထင်ပါတယ်။

(စာရေး…



www.burmeseclassic.com

www.burmeseclassic.com

# လူသားစား ဥရုဂွေးလေယာဉ်မှုုး





လွန်ခဲ့သောအနှစ်(၄၀) ၁၉၇၂ ခုနှစ်၊ အောက်တို
ဘာလ (၁၃)ရက်နေ့က ဥရုဂွေးစစ်လေယာဉ်ကြီး
တစ်စင်းသည် အင်ဒီး(Indies)ရိုးမတောင်တန်း၌ ပျက်
ကျခဲ့ပြီး ရေခဲတောင်ပြိုကျပြန်သဖြင့် ၎င်းစစ်လေယာဉ်
တွင် စီးနင်းလိုက်ပါလာခဲ့သော ,လူ(၄၅)ဦးအနက်
တစ်ဝက်ကျော်ကျော်သေဆုံးခဲ့ပြီး လေယာဉ်မှုုးအပါ
အဝင် လူ(၁၆)ယောက်သာ အသက်ရှင်ကျန်ရစ်နေခဲ့
ရေခဲတောင်ကြားတွင် (၇၂)ရက်ခန့်ကြာမျှ ပိတ်မိ
နေခဲ့သည်။ (ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၀၀
မီတာအမြင့် ရေခဲတောင်ပေါ်၌) စားနပ်ရိက္ခာပြတ်ကာ
အသက်ပျောက်သေဆုံးခဲ့ရပြန်သည်။ ကျန်လေယာဉ်
မှုုးနှင့် စစ်သည်တော်၊ ခရီးသည်များမှာ လူသေအလောင်းကောင်မှ လူသားကို ခွဲစိတ်ဖြတ်တောက်စားသောက်ပြီး အသက်ရှင်
နေခဲ့ရသည်ဆိုသည်။ ၎င်းဖြစ်ရပ်မှန်ကို အမေရိကန် ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီက ၁၉၉၃ ခုနှစ်တွင် (Alive) ရုပ်ရှင်ကားကို
ရိုက်ကူးခဲ့သည်ဆိုသည်။ ရုပ်ပုံမှာ လူသားစား၍ အသက်ရှင် ကျန်ရစ်ခဲ့သော လေယာဉ်မှုုးနှင့် စစ်ခရီးသည်ကို တွေ့ရစဉ်ဖြစ်သည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref: Sin Chew Daily(Malaysia), (16-10-2012), Page:(32)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



စောသီရှင်

အစွမ်းကုန်သာနေသော လမင်းကြီး၏ အလင်းရောင်ကြောင့် ရွာလယ်လမ်းကြီးမှာ လင်းထိန်နေသည်။

ဟိုမှ ဒီမှ . . ယိမ်းထိုးလျက်ရှိသော ဝါးပင်ကြီးများမှာ သာယာကုန်းရွာသဘာဝအလှကို တစ်မျိုးတစ်ပါဒ တန်ဆာဆင်နေသယောင်။

လူတစ်ဦးနှင့်တစ်ဦး ဝါသနာမတူတတ်ကြ၍လည်း တစ်ခုတည်းသော လမင်းကြီး၏ လရောင်အောက်တွင် ဂီတဝါသနာထုံသူတို့က မယ်ဒလင်သံနှင့်အတူ တေးသီကြွေးလို့၊ သူရာရည်ကြိုက်သူတို့က သူတို့ကြိုက်သော ထန်းအိုးများနှင့်အတူ။

ရွာလယ်ပိုင်းချက်ကြီးတို့ တစ်သိုက်ကတော့ ဘကြီးမြအိမ်ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် တဝါးဝါးတဟားဟားဖြင့်ပွဲကျနေကြပြန်သည်။

သူတို့ပြောကြသည့် . . ပေါက်ကရ ဒဿနများ . .



www.burmeseclassic.com

www.burmeseclassic.com

"ဘကြီးမြ ပြောတာမှန်တယ်"

"ဟုတ်ပ ဘကြီးမြရယ်"

စကားဝိုင်းနား ရုတ်တရက် ရောက်လာသောဖိုးချစ်က

"ဘာတွေဟုတ်နေတာလဲ ကိုပိန်သေးရေ ကျုပ်တို့ကိုလည်း ပြောပြပါဦး"

"ဒီလိုကွ .. အဖိုးမြက ကျုပ်တို့ကို ပြောပြတယ်။ အသက်ကြီးလာရင် အဖိုးကြီးတွေက ခေါင်းကို အရှေ့စိုက်တုန်ပြီး၊ အဖွားကြီးနဲ့တွေကျတော့ ခေါင်းကို ဘေးယမ်းတုန်ကြတယ်။ ငါ့အမြင်အရ ပြောရရင် ကောင်မလေးတွေ လာခဲ့လာခဲ့ပေါ့။ အဖွားကြီးတွေကျတော့ အင့်အင်း မလာနဲ့ .. မလာနဲ့ပေါ့"

လူငယ်များ၏ ဝါးလုံးကွဲရယ်သံများ ထွက်ပေါ်လာသည်။ လူငယ်ခေါင်း သာအေးက -

"ဒါဆို အမေပုက အင့်အင်း .. အင့်အင်း .. ပေါ့နော်"

အမေပု ယောင်ယမ်းပြီး ..

"သာအေးရဲ့၊ ငါခေါင်း မခါသေးပါဘူး"

အကွက်စောင့်နေသာ ဦးဖိုးမြက ..

"ဒါဆို ရှင်မက ကျုပ်ကို လာခဲ့ လာခဲ့လို့ ခေါ်နေတယ်ပေါ့"

"ဟာ .. ဒီအဖိုးကြီးက ကလေးကလား"

အမေပု၏ စကားဆုံးသောအခါ ကာလသားတစ်သိုက်၏ ဟားတိုက်ရယ်သံများ။

လမင်းကြီးကတော့ ထိန်ထိန်လင်းလျက်။

*

ဘကြီးမြသည် မြန်မာဆေးဆရာတစ်ဦးဖြစ်ပြီး အမျိုးသမီးရောဂါကုသရာတွင် နာမည်ကြီးသည့် ဆရာတစ်ဦးဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးဝေဒနာရှင်များက ဘကြီးမြအိမ်တွင် အမြဲလိုလို ရှိတတ်သည်။ ရွာမှအချို့သူများ၏ ပြောစကားအရ၊ ဘကြီးမြသည် မိန်းမကျွမ်းကျင်သည်ဟု ကွယ်ရာတွင် ပြောဆိုကြသည်။ အပေါ်ယံသဘောသာ သိကြ၍ လက်တွေ့ဟုတ် မဟုတ် မည်သူမျှ မသိ။ သိအောင်လည်း မကြိုးစားကြ။

တောသူတောင်သားပီပီ ရိုးရိုးအေးအေးနှင့် ကိုယ့်ဖာသာကိုယ် နေကြသည်။

ယခုလည်း မြို့တက်ပြီး ဆေးဝယ်မည်ဖြစ်၍ အမေပု အလစ်တွင် မွေးစားသမီး ချမ်းဘုံကို စူးစိုက်သောအကြည့် မှိ့အားများများဖြင့် ကြည့်ကာ-

"ညည်းအတွက် ကျုပ်ဘာဝယ်ရမလဲ။ ကျုပ်ကတော့ မင်းလေးကို လွမ်းနေမှာပဲ"

ချမ်းဘုံသည် ဦးဘိုးမြကို မနှစ်မြို့သော်လည်း မိဘရောဂါကြောင့်သာ သူ့အိမ်တွင် နေနေရသည်။

"ဟဲ့ .. ချမ်းဘုံ၊ ကျုပ်မေးတာဖြေဦးလေ"

"ရှင် .. ဘာပြောတာလဲ"

တကယ်တော့ ချမ်းဘုံသည် ဦးဖိုးမြ၏ မရိုးသားသော ဉာဏ်ကိုသိပါလျက် မိဘ၏ အခက်အခဲများကြောင့်သာ ဤအိမ်တွင် နေနေရသူတစ်ဦးဖြစ်သည်။

ဦးဖိုးမြသည် အပြောအဆို၊ အမူအရာပေါင်းများအတွင်း အရှောင်အတိမ်းအမျိုးမျိုးကို မိန်းမဟာသုံးကာ အလိမ္မာသုံးနေရရှာသည်။

"ကျုပ်မှာထားတဲ့မျက်နှာလိမ်းပေါင်ဒါလေးသာ ဝယ်ခဲ့ပါ"

"စိတ်ချ .. စိတ်ချ ငါဝယ်ခဲ့မယ်"

ဦးဖိုးမြသည် လူအလစ်မှို

ဘကြီးမြသည် မြန်မာဆေးဆရာတစ်ဦးဖြစ်ပြီး အမျိုးသမီးရောဂါကုသရာတွင် နာမည်ကြီးသည့် ဆရာတစ်ဦး ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးဝေဒနာရှင်များက ဘကြီးမြအိမ်တွင် အမြဲလိုလိုရှိတတ်သည်။ ရွာမှအချို့သူများ၏ ပြောစကားအရ ဘကြီးမြသည် မိန်းမကျွမ်းကျင်သည်ဟု ကွယ်ရာတွင် ပြောဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင့်တက်ကာ ချမ်းဘုံ၏ လက်ကို ဆုပ်ကိုင်တော့မည် အပြု အိမ်ရှေ့ရောက်လာသော အမေပုကြောင့် ချမ်းဘုံ ဦးဖိုးမြ စက်ကွင်းမှ သီသီလေးလွတ်ခဲ့သည်။

✻

"အဖိုးမြ၊ အဖိုးမြ"

"ဟဲ့ - ဘယ်သူတုန်း၊ တကြော်ကြော်ခေါ်နေတာ"

"ကျုပ်ပါ . . အဖိုးမြရဲ့ ဖိုးဆောင်းပါ"

"ကဲ . . ဘာကိစ္စလဲ ပြော"

"ကျုပ်မိန်းမ သစ်ငုတ်စူးရာက အဖျားကြီးပြီး တက်နေလို့"

"ကဲ . . ကျုပ်အမြန်လိုက်ခဲ့ပါ့မယ်။ မယ်ပု . . ဆေးအိတ်ပေး"

အဖွားပုပေးသော ဆေးအိတ်ကို ယူကာ အဖိုးမြတစ်ယောက် လူနာရှိရာသို့ ထွက်သွားတော့သည်။

✻

အဖိုးမြတစ်ယောက် လှေကြုံမရှိ၍ မနက်ဖက်မှ ရွာသို့ ပြန်ရောက်လာသည်။

"ရှင့်နှယ်တော်၊ မိုးလင်းမှပဲ ပြန်လာတော့တယ်"

"ငါ မနေ့ညနေကတည်းက လာမလို့တဲ။ တောင်ကျစမ်းရေကျနေလို့ မယ်ပုရဲ့"

"ကိုယ့်အန္တရာယ်ကိုတော့ ကိုယ်ကြည့်သွားပါတော်"

အဖွားပုသည် အဖိုးမြကို ပြောအပြီး ဆေးလိပ်ကိုဖွာ သောက်လိုက်သည်။

"အဘ . . ဒီမှာ ထမင်းကြော်နဲ့ ရေနွေးကြမ်း"

"အေး . . အေး . . ထားခဲ့ . . ထားခဲ့"

ဦးဖိုးမြသည် ကျားငစဉ်းလဲပဟန်ဖျောက်၍ ပကတိရိုးသားသည့်သဏ္ဌာန်ကို ဆောင်နေပြန်သည်။

"ဒါနဲ့ . . ရှင့်လူနာရော သက်သာရဲ့လား"

"ခုတော့ အဖျားကျသွားပါပြီ။ ကျုပ်ငန်းကျဆေးသုံးလေးခွက်စာတော့ပေးခဲ့တယ်"

"အေးပါရှင် . . ကျုပ်တို့ အလုပ်က ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့အလုပ်ပဲ"

အဖွားပုသည် သူ့ခင်ပွန်း၏ အလုပ်ကိုတွေးမိကာ ကျေနပ်ပြုံးပြုံးနေသည်။

အဖိုးမြသည် မိန်းမမူပွေသော်ငြားလည်း သူ၏ လူနာများအပေါ်တွင် စေတနာအပြည့်ထားသူဖြစ်သည့်အတွက် အခကြေးငွေကိုလည်း သိပ်မယူပေ။ သည့်အတွက်လည်း တစ်ရွာလုံးက အဖိုးမြကို ရှိသေခင်မင်ကြသလို၊ ပွင့်ပွင့်လင်းလင်းနှင့်ပျော်ပျော်နေတတ်သူဖြစ်၍ လူချစ်လူခင်ပေါသူဖြစ်သည်။

✻

လမိုက်ညတွင်မှ မိုးသည်အငြိုးကြီးစွာရွာချလေပြီ။

မိုးမှာ ပြင်းထန်၍ သူ့အိမ်၊ ကိုယ့်အိမ်အလျှိုလျှိုတံခါးပိတ်ကာ စောစောအိပ်ရာဝင်ကြသည်။ ရုတ်တရက်ခွေးအူသံကြောင့် . .

"ဟဲ့ . . ဘယ်သူတွေတုန်း၊ ဒီလောက်မိုးကြီးတဲ့ကြားက"

"လူလေးယောက်တော့ တွေ့တာပဲတော်"

အဖိုးမြတို့ အိမ်ရှေ့ရောက်သည်နှင့် -

"အဖိုးမြ၊ အဖိုးမြရေ"

"ဘယ်သူတွေတုန်းကွ"

"ကျုပ်တို့ပါအဘရဲ့၊ မိုင်းကလောက်ရွာကပါ"

"မင်းတို့ကလည်းကွာ။ ညကြီးမင်းကြီးမိုးတွေသည်းမှ"

"ကျုပ်မိန်းမပိုးထိထားလို့ပါ။ ရွာက ကြက်ခြေနီနည်းအရ မြွေဆိပ်ထုတ်ထားပြီးပေမယ့် စိတ်ချရအောင် အဆိပ်ပြေဆေးလေးပါပေးရမလားလို့ပါ အဘ"

"ဒါဆိုလည်း ကျုပ်လိုက်ကြည့်ပေးပါ့မယ်"

"လိုက်ခဲ့ပါအဘရယ်၊ ကျုပ်တို့က မြို့ဆေးရုံကို အချိန်မီသွားချင်ပေမယ့် မိုးတွေကသည်းနေတော့ တောင်ကျလမ်းကို လူနာနဲ့ သွားဖို့က မလွယ်ဘူးလေ"

"မယ်ပု . . ကျုပ်ကို ဆေးအိတ်ပေး"

"ညကြီးမင်းကြီးရှင်၊ မိုးတွေကလည်း သဲနေတော့ မသွားပါနဲ့လား။ ကျုပ်စိတ်ထဲ လေးနေတယ်"

"အို . . မယ်ပုကလဲ၊ အသက်တစ်ချောင်း ကယ်တောင်းပါတယ်။ ခါတိုင်းလည်း ကျုပ်သွားနေကျပဲ"

"တားမရလည်း . . သွားတော်"

"မယ်ပု ငါသွားတော့မယ်"

ဦးဖိုးမြ၏ ကျောပြင်ကြီးကို လှမ်းကြည့်ရင်း အမေပု တစ်ယောက်ကျန်ခဲ့သည်။

ဦးဖိုးမြ၏ ဘဝတစ်သက်တာ၏ နောက်ဆုံးနှုတ်ဆက်သံမှန်း ဒေါ်ပု မသိလိုက်ရှာပေ။

✻



www.burmeseclassic.com

www.burmeseclassic.com

မနက် ၁၀ နာရီလောက် အချိန်တွင် တဒူဒူထုနေသော မောင်းသံသည် တစ်ရွာလုံး ဆူညံသွားသည်။

"ချမ်းဘုံ၊ ဒီကိုလာစမ်း။ ရွာထဲက တဒူဒူနဲ့ မောင်းသံကြားကယ်။ သွားကြည့်စမ်း။ ဘာဖြစ်လို့လဲမသိဘူး။ ညည်းအဘကလည်း ခုထိမရောက်သေးဘူး။ ကျုပ်စိတ်ပူလိုက်တာ"

ချမ်းဘုံပြန်လာတော့ . .

"ဟိုဘက်ရွာ တောင်ခြေမှာ လူတစ်ယောက်လက်တွေ ခြေတွေဖြတ်ပြီး အသတ်ခံရလို့တဲ့"

"ဘယ်သူတဲ့လဲ"

"ဘယ်သူမှန်းမသိလို့ မောင်းခတ်ကြော်ငြာနေတာ"

"ဘုရား . . ဘုရား"

ဦးဖိုးမြတစ်ယောက် မိုးလင်းသည့်တိုင် မရောက်လာခဲ့။

ဒေါ်ပု ချမ်းဘုံကိုခေါ်၍ တစ်ဖက်ရွာကို သွားခဲ့သည်။

ဟိုဘက်ရွာ တောင်ခြေသို့ ရောက်ချိန်တွင် သစ်ငုတ်ပေါ်တွင် လက်ဖျားခြေဖျား အပိုင်းပိုင်းဖြတ်၍ အသတ်ခံရရှာသော ဦးဖိုးမြ၏ အလောင်းကို သွေးအိုင်ထဲတွင် တွေ့လိုက်ရသည်။

အမေပုမှာ အသက်ကြီးရင့်သည်ကတစ်ကြောင်း၊ စိတ်သောကဖြင့် အခြေးလေးလာခဲ့ရသော ပင်ပန်းဒဏ်ကြောင့် မူးလဲကျသွားတော့သည်။ ဘေးမှ လူများက ကရုဏာသက်ကာ . .

"ငယ်ထိပ်မှုတ်၊ ငယ်ထိပ်မှုတ်"

ငယ်ထိပ်မှုတ်သူကမှုတ်၊ ခြေမချိုးသူကချိုးဖြင့် အမေပု သတိရလာသည်။

xxx

အမေပု သတိရလာချိန်တွင် အဖိုးမြသတင်းလာမေးသူများနှင့် ရဲဝန်ထမ်းများ ရောက်နေသည်။

"အမေကြီး၊ ဖြစ်ပုံကို ပြောပြပါဦး"

"လမိုက်ညကလည်းဖြစ်၊ မိုးကလည်းရွာနေလို့ ကျွန်မသူ့ကိုအတန်တန်တားလိုက်ပါသေးတယ်။ သူကိုယ်က ဖြစ်ချင်လို့"

ဒေါ်ပုပြောရင်း ချုံးပွဲချငိုတော့သည်။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အမေ"

ရဲဝန်ထမ်းမှ ကရုဏာသက်စွာ စကားဆိုသည်။ ဒေါ်ပုက တရှုံ့ရှုံ့ငိုရင်းက -

"ခါတိုင်းလည်း ဒီလိုပဲ သွားနေကျပါကွယ် . . ။ ငါ့ယောက်ျားမှာ မုန်းတဲ့သူမရှိပါဘူး။ စုံစမ်းကြည့်ပါ"

"အမေရယ်၊ ရန်သူဆိုတာ ချိုနဲ့မှမဟုတ်တာ။ ကိုယ့်ကို စိတ်ထဲမှာ နာကြည်းမုန်းပြီး အချိုသတ်နေတဲ့သူတောမရှိဘူးလို့ ဘယ်လိုပြောမတုန်း"

ရဲအရာရှိ၏စကားသည် အမှုအတွက် ကွင်းဆက်အဖြေကို ရစေသည်။

"ဦးဖိုးမြရေ . . ရှင့်စေဟနာက ရှင့်ဆီအကျိုးပေးသွားပြီ"

"သူတို့က လူနာအစစ်မဟုတ်ဘူးလေအမေ။ အမေလည်း ပင်ပန်းသွားပြီ။ သွားနားပါတော့။ ကျွန်တော်တို့လည်း အချိန်တိုတိုနဲ့ အမှုမှန်ပေါ်ဖို့ ကြိုးစားနေပါတယ်"

"သာဓုကွယ် . . သာဓု"

✲

ရဲဝန်ထမ်းများသည် ဒီရက်အတွင်း ခရီးထွက်သူစာရင်းကို အဓိကကောက်ယူသည်။ အမှုနှင့်ဆက်နွယ်သမျှ သိရှိနိုင်ရန် မိသားစုဝင်များကို သီးခြားခေါ်ယူစစ်ဆေးသည်။ ရင်းနောက် ဦးဖိုးမြအိမ်တွင် လာရောက်ဆေးကုသသူများ အမည်စာရင်းကို အတိအကျကောက်သည်။ ဒုရဲအုပ်သည် အမှုနှင့် ပတ်သက်၍တွေ့ရှိချက်များကို ရဲမှူးထံ အသေးစိတ်တင်ပြသည်။

အမှုနှင့်ပတ်သက်၍ ဆန်းစစ်လျှင် အိမ်မှာမွေးစားထားသည့် ချမ်းဘုံရောမဖြစ်နေဘူးလား။ ချမ်းဘုံကို သီးခြားခေါ်စစ်စဉ်က သူ့အပေါ်တွင် ဦးဖိုးမြမရိုးသားကြောင်းကို ထွက်ဆိုထားသည်။

ထပ်မံစစ်ဆေးချက်များအရ ဦးဖိုးမြသည် ကလေး. . . များကို မွေးစားလေ့ရှိပြီး အရွယ်ရောက်လာသောအ. . . ခြေတော်တင်တတ်ကြောင်း သတင်းအစအနရသည်။ ရဲမှူး ဦးအောင်မြိုင်သည် အမှု. . . ဆက်စပ်တွေးတောကာ ဆေး. . . လိပ်ကိုဖွာသောက်လိုက်သည်။

ဦးဖိုးမြထံလာရောက်. . . များနှင့် ဆွေမျိုးနီးစပ်မျာ. . . မကျန် လက်လှမ်းမီသမျှ . . . ရင်းစုစည်းလိုက်သည်။

ထိုစာရင်းများထဲ. . . ခင်မေလှဆိုသည့် အမျိုး. . . နှင့် အစ်ကိုတော်စပ်သူ . . . မှာ ရွာမှ ပျောက်နေသည်. . . သုံးလေးရက်ခန့်ရှိပြီဟု . . . သည်။

ထို့ကြောင့် အ. . . ဆိုင်သည့် ကောက်. . .



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရပြန်သည်။ သတင်းအရ ဘချစ်ကို ငုဝါကုန်းရွာတွင်ရှိကြောင်း သိရ၍ ထိုရွာသို့ချက်ချင်း လိုက်သွားသည်။

"ဒါနဲ့ ငါ့ညီက ဘချစ်နော်"

ရဲမှူးဦးအောင်မြိုင်သည် အရပ်ဝတ်ဝတ်ကာ သူ့ထံ ချဉ်းကပ်ခဲ့သည်။

"ဟုတ် . . ဟုတ်ကဲ့"

"ဒီလိုငါ့ညီရဲ့၊ အစ်ကိုက လိုင်းစုရွာကပါ။ ဒီရွာအနီးမှာ ဆေးကုကောင်းတဲ့ ဦးဖိုးမြဆိုတာ ငါ့ညီသိမလားလို့ပါ"

"ဗျာ"

"ဘာဖြစ်သွားတာလဲ ငါ့ညီ"

"ဟို . . သူဆုံးတာ နှစ်ရက်ရှိပြီအစ်ကို"

"မင်း ဦးဖိုးမြကိုသိလို့လား"

"ကျုပ်ညီမဆေးကုတုန်းကတော့ တစ်ခေါက်မြင်ဖူးပါတယ်။ ဆံပင်ရှည်ရှည်သျှောင်ထုံးနဲ့လေ"

"ဒါနဲ့ ငါ့ညီရဲ့ ညီမကော"

ဘချစ်တွေဝေသွားပြီး၊ တစ်လုံးချင်းပြန်ဖြေလိုက်သည်။

"ကျွန်တော့်ညီမဆုံးသွားပြီ"

ပြောရင်း ယောကျ်ားရင့်မကြီးဖြစ်လျက် ရှိုက်၍ ငိုချလိုက်သည်။ ရဲမှူးသည် ဘချစ်အား . .

"ကျွန်တော် ရဲမှူး ဦးအောင်မြိုင်ပါ။ ဦးဖိုးမြအမှုနဲ့ ပတ်သက်လို့ စစ်ဆေးရအောင် စခန်းလိုက်ခဲ့ပါ"

"ကျွန်တော် ဘာလုပ်လို့ . . ၊ ကျွန်တော်မသတ်ဘူး"

"ကဲ . . ဒီအကြောင်းစခန်းရောက်မှရှင်း"

ရဲသားနှစ်ဦးရောက်လာပြီး ဘချစ်အား လက်ထိပ်ခတ်ကာ ခေါ်သွားတော့သည်။

※

ရဲအုပ်အောင်မြိုင်နှင့်အဖွဲ့စစ်ဆေးသောအခါ ဘချစ်မှာ ဤအတိုင်းထွက်ဆိုတော့သည်။

"ကျွန်တော်ပထမတော့ လုပ်ကြံဖို့စိတ်ကူးမရှိခဲ့ပါဘူး။ ဒါပေမယ့်တွေးလေ၊ တွေးလေ အခဲမကြေဖြစ်မိတယ်။ ကျွန်တော့်ညီမ ခင်မေလှဆိုတာ အရွယ်ရောက်ကာစပါ"

"ဆက်ပြောပါ ငါ့ညီ၊ မင်းအမှန်အတိုင်း ဖြောင့်ချက်ပေးပါ။ အစ်ကိုတို့ ဘောင်အတွင်းက ပြစ်ဒဏ်သက်သာအောင် ယောက်ခံပေးပါ့မယ်"

"ပထမတော့ ပြီးပါပြီလို့ သဘောထားကြည့်ပေမယ့် ခုသူ့အိမ်မှာ နေနေတဲ့ ချုံးဘုံဟာ ကျွန်တော့် ချစ်သူပါ။ ချုံးဘုံကိုလည်း ခြေတော်တင်ပြီးပြီလို့ ကျွန်တော်ကြားခဲ့ရတယ်။ ဒီလိုသာ ဆက်နေရင် အမျိုးကောင်းသမီးတွေအတွက် အန္တရာယ်ပါအစ်ကို၊ ဒါကြောင့် ကျွန်တော် ရှင်းပစ်လိုက်တာပါ"

"ငါ့ညီရယ်၊ မင်းက ဥပဒေအရ မတိုင်ကြားဘဲ ခုလိုလုပ်တော့ သူ့အပြစ်ဟာ ကိုယ်ပါအပြစ်ဖြစ်တာပေါ့။ မင်းမှတ်ဖို့က ဆိတ်ကွယ်ရာဆိုတာ မရှိဘူး။ တစ်နေ့အဖြစ်မှန်ဟာ တစ်နည်းမဟုတ် တစ်နည်း ပေါ်လာမှာပဲ"

ရဲမှူးကြီး၏ စကားဆုံးသည်နှင့် ဘချစ်မှာ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ဘချစ်မှာ ရဲသားများ ခေါ်ဆောင်သွားသည့် ထောင်နန်းကို စံရန်သာ ရှိပါတော့သည်။

(လွန်ခဲ့သည့် အနှစ် ၄၀ ကျော်က ဖြစ်ရပ်မှန်ကို အမည်များ ပြောင်းလဲ၍ ရေးသားခြင်းဖြစ်ပါသည်။)

လေးစားလျက်

**တေးသံရှင် သင်းသင်းသူ**

"ပထမတော့ ပြီးပါပြီလို့ သဘောထားကြည့်ပေမယ့် ခုသူ့အိမ်မှာ နေနေတဲ့ ချုံးဘုံဟာ ကျွန်တော့် ချစ်သူပါ။ ချုံးဘုံကိုလည်း ခြေတော်တင်ပြီးပြီလို့ ကျွန်တော်ကြားခဲ့ရတယ်။ ဒီလိုသာဆက်နေရင် အမျိုးကောင်းသမီးတွေအတွက် အန္တရာယ်ပါအစ်ကို၊ ဒါကြောင့် ကျွန်တော် ရှင်းပစ်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လျော်ကြေးငွေ မဟုတ်သော အသက်

ရာဇဝတ်ဘေးပြေးမလွတ်လို့ ဆောင်ပုဒ်ရှိသော်လည်း သူကတော့ သူသတ်လိုသူအား ဥပဒေဘောင်အတွင်းသို့ အရောက်မခံနိုင်။ သူ၏လက်ဖြင့်သာ ကိုယ်ထိ လက်ရောက်သတ်ရမှ ကျေနပ်မည့်သူဖြစ်သည်။

သူ၏ လက်သုံးစကားကား ကမ္ဘာကုန်ကျယ်သရွေ့ပြေးလေဦးပေါ့ကွာ။ ဖျံလေတဲ့ ငှက်ခါးနားမှသိရစေ့မယ်ဟု ရင်တွင်းမှခံပြင်းစွာ ကြိမ်းဝါးလျက်ပင်။

ရာဇဝတ်မှု ကျူးလွန်သူအား ဥပဒေဘောင်အတွင်းမှဆုံးမခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်လေသည်။ သူက ကိုယ့်ကိုလုပ်၍ ကိုယ်က သူ့ကို ပြန်လည်ကလဲ့စားချေက ကိုယ်သာလျှင် ဥပဒေ၏ဆုံးမခြင်းကို ပြန်လည်ခံစားရမည်ကို သိတော့သိသည်။ သို့သော် လူဆိုသည့် မနုဿများသည် ဒေါသကို ချုပ်တီးနိုင်ခဲဘိခြင်း။ နောင်အခါမှသာ နောင်တဆိုသည့် စကားလက်ကိုင်ထား၍ နောင်တရကြလေသည်။

✿✿✿

ဦးမြတ်ကြိုင်နှင့် ဒေါ်ခင်ဝင်းရွှေတို့ ဇနီးမောင်နှံမှာ ရွှေပြည်သာမြို့၊ ထန်းခြောက်ပင် မှတ်တိုင်နှင့်အတော်ကလေးအလှမ်းကွာသည့် လမ်းမတန်းတွင် လူလတ်တန်းစားများနေထိုင်သည့် ရပ်ကွက်တွင် မော်တော်ကား စက်ပြင်အလုပ်ရုံ တစ်ခုကိုဖွင့်လှစ်ကာ လုပ်ကိုင်နေကြလေသည်။ ဦးမြတ်ကြိုင်၏ စိတ်စေတနာနှင့် အလုပ်သမားများ၏ကြိုးစားကျွမ်းကျင်မှုတို့ကြောင့် ထိုကားပြင် အလုပ်ရုံကလေးမှာ တဖြည်းဖြည်း တိုးတက်ကြီးပွားလာ လေရာ ခိုင်ခိုင်မာမာအလုပ်ရုံကြီးအဖြစ်ရပ်တည်နိုင်ခဲ့လေသည်။

ကျော်ဇင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကာလကြာညောင်း သည်နှင့်အမျှ ဦးမြတ်ကြိုင်နှင့် ဒေါ်ခင်ဝင်းရွှေတို့တွင် သားဦးကလေး မွေးဖွားလာလေသည်။ ကံအားလျော်စွာ သားဦးမှာ တစ်ယောက်တည်း မဟုတ်မူဘဲ အမြွှာပူးဖြစ်နေလေသည်။ သူတို့ ဇနီးမောင်နှံမှာ ထိုကလေး ကိုယ်ဝန်ဆောင်စဉ်မှစ၍ စီးပွားမှာ တရိပ်ရိပ် တိုးတက်လာသဖြင့် မွေးဖွားလာ သောအမြွှာပူး သားနှစ်ယောက်ကအကျိုးပေးသည်ဟုယူဆကာလိုလေသေး မရှိရလေအောင် မပူမပင် မကြောင့်မကြထားလေသည်။

ဦးမြတ်ကြိုင်တို့ ဇနီးမောင်နှံမှာ စီးပွားရေးကောင်းမွန်သည်နှင့် အမျှ မကြာခဏ အလှူအတန်းပေးခြင်း၊ ရပ်ရေးရွာရေးကိစ္စများတွင်လည်း လက်မရှိန့် နောက်မတွန့်ဘဲ လှူဒါန်းပေးကမ်းလေ့ရှိသဖြင့် ခင်မင်လေးစားသူပေါများလေသည်။

သားနှစ်ယောက်ကိုလည်း နာမည်ပေးကင်ပွန်းတပ်ပြုလုပ်ကာ သားအကြီးကောင်အား မောင်အောင်ခိုင်၊ အငယ်ကောင်အား မောင်အောင်ကြိုင်ဟု အမည်ပေးပြီး ခမ်းနားကြီးကျယ်စွာလှူဒါန်းလေသည်။ သူတို့ဇနီးမောင်နှံမှာ ပတ်ဝန်းကျင်နှင့်အားလုံး အဆင်ပြေကာ စီးပွားမှာလည်း တဖြည်းဖြည်းတိုးတက်လာလေသည်။

မောင်အောင်ခိုင်နှင့် မောင်အောင်ကြိုင်တို့မှာလည်း မူလတန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားချိန် ရောက်လာသဖြင့် အလုပ်ရုံမှ အလုပ်သမားများကို ချက်ပြုတ်ကျွေးမွေးသောအလုပ်ကို ဒေါ်ခင်ဝင်းရွှေက မကူညီနိုင်တော့ဘဲ ထမင်းချက်ဖြင့်သာလွှဲထားပြီး သူမမှာမူ ကလေးနှစ်ယောက်ကျောင်းပို့ ကျောင်းကြိုအလုပ်ဖြင့်သာ တစ်နေ့တစ်နေ့ အချိန်ကုန်လေတော့သည်။

မောင်အောင်ခိုင်နှင့် မောင်အောင်ကြိုင်တို့မှာလည်း မူလတန်းကျောင်းတက်မှပင် မုန့်ဝယ်စားရန် ငွေကြေးကို လက်ဝယ်စကင်ကိုင်ဆောင်ရလေသည်။ ယခင်ကမူ ဦးမြတ်ကြိုင်၏ စည်းကမ်းအရ အိမ်မှာပင် မုန့်မျိုးစုံဝယ်ခြမ်းထားပြီး ဟောလစ်နှင့် မိုင်လိုကိုတစ်လှည့်စီ သောက်ရလေသည်။

သူတို့ညီအစ်ကို နှစ်ယောက်မှာ မိခင်၏အလိုလိုက်မှုကြောင့် ကလေးနှင့်မလိုက်အောင် မုန့်ဖိုးငွေများ ကိုင်ဆောင်သုံးစွဲရသဖြင့် သူတို့ကျောင်းတွင် အပေါင်းအသင်းက များပြားလေသည်။ ထိုကလေးများမှာ ကျောင်းပိတ်ရက်များတွင် မောင်အောင်ခိုင်နှင့် မောင်အောင်ကြိုင်တို့အိမ်တွင်သာ စုစည်းကြသည်မှာ အထက်တန်းကျောင်းကြီးသို့ ရောက်သည့်တိုင်အောင် ဖြစ်လေသည်။

✿✿✿

ဦးအေးကိုနှင့် ဒေါ်ဖြူလေးတို့၏မိသားစုမှာ ညောင်ပင်သာရွာတွင် ဘိုးဘွားမိဘ အစဉ်အဆက်ကပင် နေထိုင်လာကြပြီး ဘိုးဘွားမိဘလက်ထက်တွင် ကျွန်းပင်လုံးကြီးများကို လှေထွင်း၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသော်လည်း တဖြည်းဖြည်းကာလရွှေ့လျောကာ သစ်လုံးကို ထွင်းသော လှေမပြုလုပ်တော့ဘဲ ကျွန်းပျဉ်များနှင့် လှေစပ်ရန် အသုံးဝင်သော သစ်များဖြင့် လှေများစပ်၍ ပြုလုပ်ခဲ့သည်မှာ ဦးအေးကိုနှင့် ဒေါ်ဖြူလေးတို့ လက်ထက်တိုင်အောင်ပင် ဖြစ်သည်။

ဦးအေးကိုမှာ လှေစပ်ရာတွင် နာမည်ကြီးသည့်အားလျော်စွာ စီးပွားရေးအဆင်ပြေသဖြင့် သားကြီး မောင်တင့်လွင်နှင့်သမီးငယ် မခင်မွှန်[...] မောင်နှံမနှစ်ယောက်အား[...] အထက်တန်း ပညာအထိ [...] ကြားပေးနိုင်ခဲ့လေသည်။

မပျော်လင့်သော[...] နေ့တွင် ဦးအေးကိုနှင့် ဒေါ်[...] လေးတို့ ဇနီးမောင်နှံမှာ [...] အတွင်းခရီးသွားစဉ် မုန်[...] မိသဖြင့် လှေမှောက်၍ ဆုံး[...] သွားကြလေသည်။ မောင်[...] လွင်နှင့် မခင်မွှန်တို့ မောင်[...] နှစ်ဦးမှာ ရွာတွင် ကျန်ခဲ့[...] သည်။

ဆွေမျိုးမိတ်သင်္ဂဟ[...] ၏ အားပေးကူညီစောင့်ရှောက်[...] မှုဖြင့် ထိုညောင်ပင်သာရွာ[...] ပင် မောင်တင့်လွင်က [...] သင်ကြားပေးထားသည့် [...] စပ်သည့်ပညာဖြင့်ပင် [...] လက်၍ အသက်မွေး[...] ကျောင်းပြုကာ စာပေ[...] ချွန်သော ညီမငယ် [...] အား တက္ကသိုလ်ဝင်[...] အောင်ပြီးသည်နှင့် [...] သာရွာတွင် ဆရာမ[...] ခိုင်းမည်ဟု ရည်ရွယ်[...] မွန်ဝါသနာပါသည့် [...] သို့ အမှတ်စာရင်းဝင်[...] ဆက်လက်သင်ကြား[...] သည်။

မောင်တင့်လွင်မှာ[...] ကိုကြီးအဖရာဆိုသ[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူကို ဦးစားပေးကာ ပညာရေးကိုသာ ဆက်လက်သင်ကြားစေ၍ ဘွဲ့ရသည့်အချိန်တွင် ဆရာဖြစ်သင်တန်းတက်စေကာ ရွာတွင်ပင် ကျောင်းဆရာမလုပ်ခိုင်းပြီး မောင်နှမနှစ်ယောက် အိုးမကွာ အိမ်မကွာနေသွားရမည်ဟု ရည်ရွယ်ထားလေသည်။ မောင်တင့်လွင်မှာ မွေးရာပါခြေထောက်တစ်ဖက် ဆာနေသဖြင့် သူတတ်ကျွမ်းထားသည့် လှေစပ်သည့်ပညာဖြင့်ပင် သူငယ်ချင်းသန်းဦးနှင့်တွဲဖက်ကာ ဆက်လက် လုပ်ကိုင်နေလေသည်။

❋❋❋

"မင်းတို့နှစ်ယောက်၊ အခုဘယ်ကပြန်လာကြတာလဲ။ တစ်နေ့တစ်လေများ အိမ်ကပ်ဖူးတယ်ရှိအောင် ကပ်ကြစမ်းပါဦး။ အခု ဘယ်အချိန်ရှိနေပြီလဲ။ အိမ်သားတွေအားလုံး ကော၊ ပတ်ဝန်းကျင်ပါ အိပ်ကုန်ကြပြီ။ အိပ်တဲ့လူတွေနိုးမှာစိုးလို့ မပြောဘဲနေလေ မင်းတို့က ပိုဆိုးလေပဲ"

"စောစောပြန်လာပြီး သားတို့က ဘာလုပ်ရမှာလဲ အမေရဲ့"

"အိမ်မှာတစ်နေ့တစ်လေ ကပ်ပြီး စာလေးဘာလေး ဖတ်ဦးမှပေါ့။ ဆယ်တန်းကို ဖြေနေလိုက်တာ ကျောင်းဖြေလည်း မအောင်၊ အပြင်ဖြေလည်း မအောင်နဲ့၊ ဘယ်နှစ်ကြိမ်ရှိပြီလဲ။ မင်းတို့နဲ့ ရွယ်တူတွေဆိုရင် တက္ကသိုလ်အသီးသီးတွေတောင် ရောက်ကုန်ကြပြီ။ မင်းတို့နှစ်ယောက် နည်းနည်းမှအားမကျဘူးလား။ မင်းတို့မှာတော့ တစ်နေ့လာလည်း ရန်ဖြစ်လို့ မိဘက လိုက်ရှင်းရ၊ တောင်းပန်ရနဲ့ သံသရာကိုလည်နေတာပဲ၊ ရှက်ဖို့ဘယ်လောက်ကောင်းသလဲ"

"တက္ကသိုလ်က ဘွဲ့ရတော့လည်း ပိုက်ဆံရအောင် အလုပ်လုပ်ရမှာပဲ။ ဘွဲ့ရတဲ့သူတွေ အလုပ်လုပ်လို့ ရတဲ့ လခက ဘယ်လောက်များရလို့လဲ။ လမ်းစရိတ်တောင်ရှိမှာမဟုတ်ဘူး။အခုလည်း စားနေသောက်နေရတာ ဘာပူစရာရှိလို့လဲ။ အမေကကြံဖန်ပြီး နားငြီးအောင်လုပ်တယ်။ ဒါကြောင့် စောစောပြန်မလာချင်တာ။ မိုးချုပ်မှ ပြန်လာတာတောင် ပြောဖြစ်အောင် ပြောသေးတယ်။ နားငြီးတယ်ဗျာ၊ အိပ်ချင်ပြီ"

ဟု ညီဖြစ်သူ အောင်ကြိုင်ကပြော၍ အိပ်ခန်းတွင်းသို့ဝင်သွားသလို အကြီးကောင် အောင်ခိုင်က အောင်ကြိုင့်နောက်မှမသိမသာ ကပ်လိုက်သွားသည်ကို တွေ့သော်လည်း မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းရွှေက ညဉ့်နက်နေပြီဖြစ်၍ ဘာမျှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"ကိုကြိုင် . . ဒီကနေ့တော့ ရှင့်သားတွေကို ဆုံးမပြီးမှ အလုပ်ကို သွားပါ။ အဝင်းလည်း ကိုကြိုင်အလုပ်မအားမှန်းသိလို့ မတိုင်ဘဲနေတာ။ တစ်နေ့ထက်တစ်နေ့ ပိုပြီး လွန်ကဲလာပြီ။ ဆုံးမမှ ဖြစ်တော့မယ်"

"အဝင်းမြင်တဲ့အတိုင်းပဲလေ။ ကိုကြိုင့်အလုပ်က မနက်စောစောထွက်ပြီး ညဆိုရင်လည်း အလုပ်များရင် များသလို မိုးချုပ်နေတတ်တာ။ မင့်သားတွေက မနက်လည်း စောစောမထ၊ ညကျတော့လည်း အချိန်နဲ့ အခါနဲ့ ပြန်မလာကြတော့၊ ကိုကြိုင်နဲ့တွေ့ဆုံခွင့်မရသလို၊ ဆုံးမချိန်လည်း မရှိခဲ့ဘူး။ ဒါပေမယ့် ဒီကနေ့တော့ ပြောဖြစ်အောင် ပြောမှာပါ။ နှစ်ယောက်စလုံး နိုးလိုက်ပါဦး အဝင်း"

အောင်ခိုင်နှင့်အောင်ကြိုင်တို့ ညီအစ်ကိုနှစ်ယောက်မှာ ဒေါ်ခင်ဝင်းရွှေအနောက်မှ ကပ်လိုက်လာပြီး ယခုအချိန်ထိ အလုပ်ရုံကိုမသွားသေးဘဲ အိမ်တွင်ရှိနေသည့် ဖခင်အား တွေ့လိုက်ရသဖြင့် အလွန်ပင် အံ့အားသင့်နေကြလေသည်။

"မင်းတို့မျက်နှာကော သစ်ပြီးပြီလား"

"ဟုတ်ကဲ့ သစ်ပြီးပါပြီ"

ဟု နှစ်ယောက် ပြိုင်တူဖြေလိုက်ကြသည်။

"မင်းတို့လည်း ငယ်တော့တဲ့ အရွယ်တွေမဟုတ်တော့ လို့ အဖေ မင်းတို့ကို ရှည်ရှည်ဝေးဝေးမပြောချင်ဘူး။ မင်းတို့ အမေလည်း ငယ်စဉ်ကစလို့ မကြာခဏ သွန်သင်ဆုံးမနေပါလျက်နဲ့ မင်းတို့နှစ်ယောက်ဟာ ပညာကိုလည်း ကြိုးစားပမ်းစား သင်ယူတာမရှိခဲ့ဘူး။ သူများသားသမီးတွေများ စာကိုသာ ကြိုးစားနေကြတာ။ မင်းတို့ အားမကျဘူးလား။ မင်းတို့မှာတော့ အုပ်စုကောင်းတယ်ဆိုပြီး ထစ်ကနဲဆို ရန်ဖြစ်၊ ရိုက်လိုက် နှက်လိုက်နဲ့ ရဲယကရုံးမှာလည်း မင်းတို့နာမည်က ထိပ်ဆုံးကပဲ။ တခြားရန်ဖြစ်တဲ့ သူသာ နာမည်ပြောင်းမယ်၊ မင်းတို့ကတော့ ပွဲကြီးပဲ။ ကြာကြာနေတော့ တို့လည်း ရှက်လှပြီ"

"နောင်ကို ဆင်ခြင်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု နှစ်ယောက်သားက ပြောသည်။

"ကိုယ့်အိမ်မှာ အလုပ်ရှိလျက်သားနဲ့လည်း လုပ်ငန်းခွင်ဝင်ဖို့ စိတ်မဝင်စားကြတော့ မင်းတို့ကြီးပြင်းလာလို့ အိမ်ထောင်ရက်သားကျရင် ဘယ်လိုအလုပ်မျိုးနဲ့ လုပ်ကိုင်ကျွေးကြမှာလဲ။ မိဘကို လုပ်ကျွေးဖို့ ကျေးဇူးဆပ်ဖို့ကို မပြောလိုပါဘူး။ ကိုယ့်ဘဝကို ကိုယ်ရုန်းကန်တတ်ဖို့ စဉ်းစားထားတာလေးများရှိရင်ပြောပြပါဦး။ မင်းတို့နှစ်ယောက်ဟာ နေထွက်ကနေ နေဝင်အပြင်မှာချည်းပဲ။ အပေါင်းအသင်းစုံနဲ့ လတ်လျားလတ်လျားလက်ဖက်ရည်ဆိုင်ထိုင်၊အရည်မရ အဖတ်မရစကားတွေ တောင်ပြော၊ မြောက်ပြောနဲ့။ အသောက်ကလေးကပါဖက်လာသေးတယ်။ အချိန်ကုန်တော့ အိမ် ပြန်လာပြီး စားလိုက်၊ အိပ်လိုက်နဲ့ တစ်နေ့တစ်နေ့ မင်းတို့သုံးတဲ့ ငွေတွေ ဘယ်လောက်လဲဆိုတာ ကိုကောဆန်းစစ်ကြည့်မိရဲ့လား"

"မိဘ လက်ငုတ်လက်ရင်း အလုပ်ကိုမှီခိုပြီး မင်းတို့ကြီးပြင်းလာကြသလို၊ စီးပွားလည်း တိုးတက်နေတာ မင်းတို့အသိအမြင်ပဲလေ။ ဒါနဲ့တောင် ဘယ်လိုလုပ်ငန်းမျိုးကိုများ လုပ်ကိုင်ဖို့ တိုင်ပင်ညှိနှိုင်းနေရတာလဲ။ တစ်ခုတော့ရှိတယ်နော်။ အပေါင်းအသင်းကြောင့် ဂုဏ်မြင့်သလို၊ အပေါင်းကြောင့်လည်း ဂုဏ်နိမ့်သွားတာတွေ လောကမှာ အများအပြားရှိကြတယ်။ ငါကြည့်ရတာတော့ မင်းတို့ အပေါင်းအသင်းတွေဟာ မင်းတို့ကို မှီခိုစားသောက်ပြီး မြှောက်ပင့်ပေးနေတာပဲ မြင်တယ်။ အကြံဉာဏ်ပေးနိုင်မယ့်၊ ဦးဆောင်နိုင်မယ့်လူမျိုးဆိုလို့တစ်ယောက်တစ်လေမှ မမြင်မိဘူး။ စီးပွားရေးနဲ့ ငွေရေးကြေးရေးအရာမှာကော တောင့်တောင့်တင်းတင်း ဘယ်နှစ်ယောက်များရှိလို့လဲ ပြောစမ်းပါဦး"

"ကျွန်တော်တို့လိုချင်တာက ကျွန်တော်တို့အပေါ် ဦးဆောင်မယ့် အကြံဉာဏ်ပေးမယ့်လူမျိုးမဟုတ်ဘူး။ ကျွန်တော်တို့ ဩဇာ နာခံမယ့်လူမျိုးပဲ"

ဟု အောင်ခိုင်က သူ့ဖခင်အား ပြောလေသည်။

"ဒါဖြင့် မင်းတို့အပေါင်းအသင်းတွေက မင်းတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ နောက်လိုက်တွေပဲပေါ့။ ဒါဆိုရင် မင်းတို့ လုပ်မယ့်လုပ်ငန်းဟာ ဧအောင်မြင်ဖို့ လမ်းစမမြင်ဘူး"

ဟု ဦးမြတ်ကြိုင်က ပြောလေသည်။

"မအောင်မြင်တော့လည်း အဖေနဲ့အမေတို့ရှိနေတာပဲ။ ကျွန်တော်တို့ ဘာပူစရာလိုလို့လဲ"

ဟုညီအစ်ကိုနှစ်ယောက်စလုံးက စပ်ဖြဲဖြဲမျက်နှာဖြင့် တစ်ပြိုင်တည်း ပြောလေသည်။

"မိဘတွေရှိနေတုန်း၊ တတ်နိုင်တုန်းတော့ ဟုတ်တာပေါ့"

ဟု မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းရွှေက ပြောပြီးလျှင်ပြီးချင်း သူ့သားများနှင့် မျက်နှာချင်း မဆိုင်လို၍ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွားလေသည်။

✲✲✲

ညောင်ပင်သာရွာတွင် မွေးဖွားခဲ့သော မသန်းမြသည် ရွှေပြည်သာမြို့တွင် နေထိုင်သော ယာဉ်မောင်းသူ ကိုသောင်းမြင့်နှင့် အိမ်ထောင်ကျကာ သမီးတစ်ယောက်မွေးဖွားပြီး အသက် ၁၈ နှစ်အရွယ်ခန့်တွင် ကိုသောင်းမြင့်မှာ ဝမ်းရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။ ကျန်ရစ်သူ ဇနီး ဒေါ်သန်းမြင့်နှင့်သမီးဖြစ်သူ မစန်းမြင့်တို့ သားအမိနှစ်ယောက်မှာ အိမ်ရှေ့တွင် အသုပ်စုံရောင်းစား၍ အသက်မွေးမြူကြလေသည်။

မစန်းမြင့်မှာ အရွယ်ရောက်လာပြီဖြစ်၍ မိခင်တစ်ယောက်တည်းလုပ်စာဖြင့် ကျောင်းဆက်မနေလိုတော့သ[illegible] ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ကာ အထည်ချုပ်စက်ရုံတွင် ဝင်ရောက်လုပ်ကိုင်နေလေသည်။

ဒေါ်သန်းမြတွင် ဆွေမျိုး အရင်းအချာဆို၍ ညောင်ပင်သာရွာတွင် နေထိုင်လျက်ရှိသော တူတော်စပ်သူ မောင်တင့်လွင်နှင့် တူမ မခင်မွန်တို့ နှစ်ဦးသာရှိလေသည်။ သူတို့မှာလည်း သူတို့အလုပ်နှင့်သူတို့ နေရာလျော်ကန်သင့်မြတ်နေ သလို သူမမှာလည်း သူမနေ ရာနှင့် သူမ အရောင်းအဝယ် အဆင်ပြေလေရာ နှစ်ဦးသား ပေါင်းစည်း၍မနေဖြစ်တော့ပေ။

သို့ရာတွင် ညီမဖြစ်သူ မခင်မွန် တက္ကသိုလ်သို့ တက် ရောက် ပညာသင်ကြားခွင့် သဖြင့် သွားလာမှုလွယ်ကူစေ ရန် အစ်ကိုဖြစ်သူ မောင်တင့် လွင်က ညီမအား အဒေါ်ဖြ သူ ဒေါ်သန်းမြထံ အပ်နှံထား လေသည်။

ဒေါ်သန်းမြတွင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းသောသမီး တစ်ယောက်ရှိနေသဖြင့် ညီအစ်မနှစ်ယောက်မှာ အဖော်ရကြလေသည်။ နံနက်မိုးလင်းသည်နှင့် ဒေါ်သန်းမြက အိမ်ရှေ့တွင် အသုပ်ဆိုင်ကလေး ခင်းကျင်းရောင်းချသလို၊ သမီးဖြစ်သူ မစန်းမြင့်ကလည်း ထမင်းချိုင့်ကလေးဆွဲကာ အထည်ချုပ်စက်ရုံသို့ သွားလေသည်။ မခင်မွှန်တစ်ယောက်သာ ခဏတစ်ဖြုတ် အဒေါ်ဖြစ်သူအား ဈေးပိုင်းကူရောင်းပေးပြီး ကျောင်းကြိုကားရောက်ခါနီးမှ ထန်းခြောက်ပင် လမ်းဆုံသို့ ကျောင်းကြိုကားစီးရန် လွယ်အိတ်လွယ်ကာတစ်ယောက်တည်း လမ်းလျှောက်လာလေသည်မှာ ကျောင်းပိတ်ရက်မှ အပနေ့စဉ်ပင် ဖြစ်လေသည်။

အောင်ခိုင်တစ်ယောက်မှာ ထန်းခြောက်ပင်လမ်းဆုံတွင်နေ့စဉ်နံနက်တိုင်းအပေါင်းအသင်းများဖြင့် လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြသော်လည်း သူ၏ မျက်စိမှာ ကျောက်စိမ်းလမ်းအလွန်သို့သာ လှမ်းမျှော်ကြည့်နေလေသည်။ ခပ်လှမ်းလှမ်းမှ လွယ်အိတ်ကလေး လွယ်လျက် ဆံကေသာကို နောက်ကျောတွင်ဖြန့်ချကာ တစ်ကိုယ်တည်း ဆင်မယဉ်သာလမ်းလျှောက်လာသည့် မခင်မွှန်ကို နေစဉ် ဝတ္တရားမပျက်စောင့်စားနေမိလေသည်။

အောင်ခိုင်နှင့် မခင်မွှန်တို့သည် တွေ့ပါမြင်ပါများတော့ ချစ်သူများဘဝသို့ ရောက်သွားကြလေသည်။ သို့ဖြစ်၍လည်း သွားအတူ လာအတူ တပူးတွဲတွဲသွားလာနေကြသည်ကို ပတ်ဝန်းကျင်က တွေ့ရှိသလို မခင်မွှန်၏ ညီမတော်စပ်သူ မစန်းမြင့်မှတစ်ဆင့်အဒေါ်ဖြစ်သူ ဒေါ်သန်းမြပါ သိရှိသွားလေသည်။

ဒေါ်သန်းမြက တူမဖြစ်သူ မခင်မွှန် လူရွေးမမှားစေရန် အောင်ခိုင်တို့ ညီအစ်ကိုအကြောင်းနှင့် မိဘများအကြောင်းကို သူသိသမျှ ပြောပြကာ အနေအထိုင်ဆင်ခြင်ပါဟု ပြောပြဆုံးမသည့်အပြင် အစ်ကိုတော်စပ်သူ မောင်တင့်လွင်အားလည်း စောင်းပါးရိပ်ခြည် ပြောပြထားလေသည်။

မောင်တင့်လွင်အနေဖြင့် မိဘမဲ့ညီမလေးအား မဆူရက်၊ မရိုက်ရက်သဖြင့် ပညာကိုသာ ဆုံးခန်းတိုင်ရောက်အောင် သင်ယူရန် ဖြောင့်ဖျပြောဆိုဆုံးမလေသည်။ သို့သော်လည်း မခင်မွှန်မှာ အစ်ကိုနှင့် အဒေါ်ဖြစ်သူတို့ ဆုံးမစဉ်တွင် ငြိမ်၍နားထောင်ကာ နောင်ကို မဆက်သွယ်တော့ပါဘူးဟု ပြောသော်လည်း နောက်ကွယ်ရာတွင် ကျည်ထောက်က ချွတ်သောခွေးမြီးကဲ့သို့ ကောက်မြဲကောက်နေသလို ဆက်ဆံမြဲဆက်ဆံနေလေသည်။

တစ်နေ့တွင် အောင်ခိုင်နှင့်မခင်မွှန်တို့ နှစ်ယောက်သည် အခါတိုင်း ချိန်းတွေ့နေကျအိမ်တွင် ချိန်းဆိုထားသော်လည်း အောင်ခိုင်မှာနေမကောင်း၍ မသွားနိုင်သဖြင့် ထိုချိန်းဆိုထားသော အိမ်ကို သိသူမှာလည်း အောင်ကြိုင်တစ်ယောက်သာ ဖြစ်သည်။

“အောင်ကြိုင် . . ငါဒီနေ့ ခင်မွှန်နဲ့ ချိန်းထားတယ်။ ငါကိုယ်တွေပူပြီး ခေါင်းကိုက်နေလို့မသွားနိုင်တော့ဘူး။ငါမသွားရင် ခင်မွှန်တစ်နေကုန် စောင့်နေမှာ။ အဲဒါကြောင့် ငါ့ကိုယ်စားမင်းသွားပြီးပြောလိုက်ပါကွာ။ ဆက်ဆက်သွားဖြစ်အောင်သွားနော်။ ငါစိတ်ချပါရစေ”

✿✿✿

“ကိုခိုင်ကလည်း၊ အခုမှပဲ လာတော့တယ်။ အမွှန်ဖြင့် စောင့်လိုက်ရတာ လူမောစိတ်မောနဲ့ ဒေါသကို ဖြစ်နေတာပဲ”

အမြွှာညီအစ်ကို ညီအစ်မတွေမှာ ရုပ်ရည်ထပ်တူဆင်မျှ ခွဲမရအောင်တူသည်ရှိသလို ကွဲလွဲသည်လည်းရှိတတ်ကြသည်။ အသံနှင့်အကျင့်စရိုက် အကြိုက်ချင်းလည်း တူသည်ရှိသလို၊ မတူသည်လည်းရှိတတ်ကြလေသည်။ ယခုမူ အောင်ခိုင်နှင့် အောင်ကြိုင်တို့ ညီအစ်ကို နှစ်ယောက်မှာ ရုပ်ရည်ရော အသံ၊ အပြုအမူ၊ အကျင့်စရိုက်ကအစခွဲမရအောင် တူနေသဖြင့် မိဘနှစ်ပါးကပင်မကြာခဏ မှားယွင်းတတ်ကြလေရာ၊ ဤသည်ကို အခွင့်ကောင်းယူတတ်ကြသော သူတို့ညီအစ်ကို နှစ်ယောက်တာ မိဘကိုပင် ပုံမှားရိုက်လေ့ရှိကြလေသည်။ မငြင်းဆန်နိုင်သည်ကတော့ အောင်ခိုင့်နဖူးဆံစပ်တွင် ဆံပင်များဖြင့် ဖုံးအုပ်နေသော မှဲ့နက်ကလေးတစ်ခုရှိသည်က လွဲ၍အားလုံးတူညီကြလေသည်။

လူကဲခတ်ပါးသော . . အောင်ကြိုင်က ချော့လဲရော ထိုင်သဘောမျိုးဖြင့် လှပကြော့ရှင်းသော မခင်မွှန်နှင့် ယခုလို လွတ်လွတ်လပ်လပ် နှစ်ဦးချင်း တွေ့ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အံဝင်ခွင်ကျ အောင်ခိုင်အဖြစ် သရုပ်ဆောင်ကာ မှားယွင်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝတ်မပြေသော ဆားငံရည်ကဲ့သို့ အောင်ကြိုင်မှာ မခင်မွန်နှင့် နောက်ထပ်တွေ့ဆုံရန် အောင်ခိုင်နှင့် မခင်မွန်တို့မရိပ်မိစေဘဲ ကြံဖန်လှည့်ဖျား၍ တွေ့ဆုံခဲ့ကြလေသည်။

မည်သို့ပင်လှည့်ဖြားဖုံးဖိခဲ့သော်လည်း တစ်နေ့တစ်ချိန်တွင် အမှန်တရားသည် ပေါ်ပေါက်စမြဲဖြစ်လေရာ ထိုအခြင်းအရာကို သိရှိသွားသော အောင်ခိုင်သည် မူလကပင် အပျော်ကြံလိုသဖြင့် ချစ်ဟန်ဆောင်ခဲ့သူဖြစ်လေရာ ယခုကဲ့သို့ မခင်မွန်တွင်ကိုယ်ဝန်ရှိနေကြောင်း သူမ၏ ပြောဆိုချက်အရ အတိအလင်းသိရှိရသည်တွင် မခင်မွန်က မည်သို့ပင် လက်ထပ်ယူရန်ပြောသော်လည်း အောင်ခိုင်က သူ့ကိုယ်ဝန်မဟုတ်ကြောင်း ငြင်းဆန်လေသည်။

ခင်မွန်က မည်သို့ပင် အသနားခံ၍ လက်ထပ်ပါရန် ပြောသော်လည်း အောင်ခိုင်က ငြင်းဆန်မြဲ ငြင်းဆန်နေလေသည်။

"ကိုခိုင်.. ရှင်ကအပြောတစ်မျိုး၊ အလုပ်တစ်မျိုးပါလား။ တကယ်တမ်း တာဝန်ယူရမယ်ဆိုတော့ ရှင်က တာဝန်မယူချင်တော့ဘူးပေါ့။ ရပါတယ်လေ၊ ရှင်က တာဝန်မယူနိုင်ရင်လည်း ကျွန်မက လင်ကောင်မပေါ်ဘဲတော့ အရှက်ကွဲမခံနိုင်ဘူး။ ရှင်နဲ့ ကျွန်မတို့ ချိန်းတွေ့တဲ့ အိမ်ရှင် ကိုပန်းလှိုင်တို့လင်မယားကို ကြိုတင်ဆွေးနွေးပြီးပြီ။ သူတို့ကလည်း မခံချင်လို့ ကျွန်မဘက်က သက်သေလိုက်မှာသေချာတယ်။ အဲဒီတော့ ရဲစခန်းမှာ အမှုဖွင့်ပြီး တရားရုံးရောက်တဲ့အထိ ရင်ဆိုင်ကြတာပေါ့"

ဟု မခင်မွန်က မာမာတင်းတင်း ပြောဆိုကာ ရင်ဆိုင်လေတော့သည်။

အဲဒီအခါကျတော့လည်း အောင်ခိုင်၏ တင်းမာခက်ထန်နေသော မျက်နှာသည် ရှုတ်ခြည်းပင်ပြေလျော့သွားလေသည်။ မလျော့လို့လည်း မဖြစ်ဘူးလေ။ ယခင် ရန်ဖြစ်သည့်ကိစ္စတွေတုန်းကလည်း ရဲစခန်းတို့၊ ရယကရုံးတို့မှာ နောက်ထပ်မည်သည့် ပြဿနာမျှမဖြစ်ပါဘူး ကတိဝန်ခံချက်ထိုးထားသလို မိဘများကလည်း တာဝန်ယူထားကြသည် မဟုတ်ပါလား။

"ဒီလိုတော့ စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ အမွန်ရဲ့"

ဟု လေပြေကလေးဖြင့် စကားစလာလေသည်။

"ဒါဖြင့်ရင် .. ကိုခိုင်က ဘယ်လို စီစဉ်ပေးမှာလဲ။ တိတိကျကျပြောပါ။ ကျွန်မကလည်း ရဲစခန်းတို့ တရားရုံးတို့ကို အရှက်ကွဲခံပြီး မတိုင်ချင်ပါဘူး။ အဲဒီကိုရောက်သွားတဲ့အမှုဆိုရင်လည်း တစ်ရက်တည်းနဲ့ ပြီးပြတ်မှာမဟုတ်သလို၊ နှစ်ဖက်မိဘဆွေမျိုးတွေလည်း အရှက်ကွဲကြရတဲ့အပြင် ကုန်ကျစရိတ်ကလည်း မင်္ဂလာဆောင်တာထက်တောင် ပိုပြီး ကုန်ကျဦးမှာဆိုတော့ ကိုခိုင် စဉ်းစားပါ"

"အေးလေ .. ကိုခိုင် တိုင်ပင်သင့်တဲ့သူတွေနဲ့ တိုင်ပင်ပြီး နောက် သုံးရက်ကြာ ဗုဒ္ဓဟူးနေ့မှာအဖြေပေးပါ့မယ်"

"ကိုခိုင်နဲ့ဘယ်မှာတွေ့ရမှာလဲ၊ တစ်ခါတည်းနေရာကို ပြောလိုက်"

"ဗုဒ္ဓဟူးနေ့ နေ့လယ် ၁၂ နာရီလောက် သာကေတ တံတားဟောင်းနားမရောက်ခင် တို့အရင်တစ်ခါသွားတဲ့ စားသောက်ဆိုင်မှာ စောင့်နေပါ။ ကိုခိုင်ဆက်ဆက်လာခဲ့ပါ့မယ်"

❀❀❀

မောင်တင့်လွင်တစ်ယောက်မှာ ညီမဖြစ်သူ မခင်မွန်၏ကျောင်းစရိတ်နှင့် စားဝတ်နေရေးအတွက် လစဉ်ပံ့ပိုးရန် ရွာတွင် လေ့စပ်၊ လေ့ဖ သည့်အလုပ်ကို ကြိုးစားအားထုတ်၍ လုပ်ကိုင်ကာငွေရ... လေသည်။ သူ့အတွက်ကတော့ ငါးပိရည်နှင့်တို့စရာက အဓိ... ပင်။

တစ်ခါတစ်ရံတွင် ... သမားများလာပေးသည့် ငါးကလေးများသာ ချက်ပြုတ်ကြော်လှော်စားသောက်ပြီး ဝတ်ရန်အဝတ်မှာလည်း အိမ်တွင်အလုပ်လုပ်ရင်းဝတ်သည့် အဟောင်းနှစ်စုံနှင့် ဟိုနားနားထွက်သည့်အခါ ဝတ်... ရှိသည့် တစ်ပတ်နွမ်းနှစ်စုံ... ရှိသည်။ စုဆောင်းထားသည့် ငွေကြေးများကို တစ်လ... ကြိမ် ရွှေပြည်သာမြို့တွင် ... တိုင်သော အဒေါ်ဖြစ်သူ... ပုံမှန်ပို့ပေးလေသည်။

အဒေါ်ဖြစ်သူ ဒေါ်... မြနှင့် ညီမဝမ်းကွဲ တော်... မစန်းမြင့်တို့ နှစ်ဦးမှာလည်း နေ့စဉ် အိမ်စရိတ်နှင့် ... ရိတ်အတွက် ရှာဖွေလုပ်ကိုင်... တစ်နေ့တာ အချိန်ကို ကုန်... နေရသဖြင့် မခင်မွန်အား... အခြေကြည့်ကာ အကဲခတ်...



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါး အခြားနည်းဖြင့် မစောင့်ရှောက်နိုင်ကြပေ။

ညနေစောင်းနေဝင်ရီတရောအချိန်လောက်အထိ မခင်မွန်တစ်ယောက် အိမ်သို့ ပြန်မရောက်လာသေးသဖြင့် ဒေါ်သန်းမြနှင့် မစန်းမြင့်တို့နှစ်ဦးမှာ စိတ်ပူ၍ လည်တဆန့်ဆန့်ဖြင့် မျှော်နေမိလေသည်။ မစောင့်နိုင်တော့သည့်အဆုံးတွင် သားအမိနှစ်ယောက်မှာ သူတို့အိမ်နှင့် နှစ်လမ်းကျော်လောက်တွင်ရှိသောမခင်မွန်နှင့်ကျောင်းကြိုကားအတူစီးသည့် မလှသွယ်၏အိမ်သို့သွားရောက် စုံစမ်းရန် မစန်းမြင့်က ပြောကာ ဦးဆောင်သွားကြလေသည်။

"မလှသွယ်ရေ . . မလှသွယ်ရှိပါသလားရှင်"

"ဪ . . မစန်းမြင့်တို့ပါလား၊ အိမ်ပေါ်တက်ပါဦး၊ ဘာကိစ္စများရှိလို့လဲ"

ဟု မလှသွယ်ကမေးလေသည်။

"မခင်မွန် ခုချိန်ထိ အိမ်ကို ပြန်မရောက်သေးလို့ စိတ်ပူပြီး လာမေးတာပါ"

ဟု ဒေါ်သန်းမြကပြောလေသည်။

"ဒီနေ့ မခင်မွန်ကျောင်းမတက်ဘူး။ သူ ခဏခဏ ကျောင်းပျက်တယ်။ ကျွန်မက မေးတော့ သူ့အဒေါ် နေမကောင်းလို့ ပြုစုနေရတယ်လို့ ပြောတယ်"

ဟု မလှသွယ်က ပြောပြလေသည်။

ဒေါ်သန်းမြနှင့်မစန်းမြင့်တို့ သားအမိမှာ မလှသွယ်ပြောသည့်စကားနားထောင်ပြီး သို့လော သို့လော အတွေးများဖြင့် စဉ်းစားတွေဝေနေလေသည်။ ခဏကြာမှ မစန်းမြင့်က

"ကျေးဇူးတင်ပါတယ် မလှသွယ်ရယ်။ ပြန်လိုက်ပါဦးမယ်"

ဟု မကြည်လင်သော အမူအရာဖြင့် နှုတ်ဆက်ကာ သားအမိနှစ်ယောက် ရွှေပြည်သာ ရဲစခန်းသို့ လူပျောက်တိုင်ကြားရန် ထွက်လာကြလေသည်။

ဒေါ်သန်းမြတို့သားအမိနှစ်ယောက်နှင့်လမ်းမှာတွေ့၍ အဖော်ခေါ်လာသူ ချစ်လွင်ဦးတို့ ရဲစခန်းသို့ အရောက်တွင် စခန်းမှူးက ဖော်ရွေစွာဖြင့် . .

"ဘာများ အကူအညီပေးရမလဲ"

ဟု မေးလေသည်။

"ကျွန်မ လူပျောက်တိုင်ချင်လို့ပါ"

ဟု ဒေါ်သန်းမြက ပြောကြားအပြီးတွင် ရဲကားတစ်စီးနှင့် ရဲများ ရောက်ရှိလာသဖြင့် စခန်းမှူးက ဒေါ်သန်းမြတို့အား နေရာထိုင်ခင်းပေး၍ ခေတ္တစောင့်ခိုင်းစေလေသည်။

ဒုလုံခြုံရေးမှူး ဦးသက်ခိုင်က စခန်းမှူးအား အလေးပြုကာ တွေ့ရှိချက်များ တင်ပြလေသည်။

"ကျွန်တော်တို့အဖွဲ့ အခင်းဖြစ်တဲ့နေရာကို ရောက်သွားတော့ အရင်ရောက်နှင့်နေတဲ့ ဒုလုံခြုံရေးမှူး ဇော်ဦးနဲ့အဖွဲ့က တာဝန်သိပြည်သူတစ်ဦး သူတို့ရဲစခန်းကိုလာရောက်အကြောင်းကြားလို့ လိုအပ်သည်များ စစ်ဆေးမှတ်တမ်းယူနေစဉ် သေဆုံးသူအမျိုးသမီး အလောင်းအနီး ချုံပုတ်နဲ့ ဂိုထောင်ပျက်ကြီးရဲ့ ဝန်းခြံအပြင်ဘက်မှာ လွယ်အိတ်တစ်လုံးကို တွေ့လို့ စစ်ဆေးရှာဖွေတော့ နိုင်ငံသားစိစစ်ရေးကဒ်ကိုတွေ့ရတော့မှ သေဆုံးသူ မခင်မွန်ရဲ့လိပ်စာကို သိရတာနဲ့ ကျွန်တော်တို့အပိုင်နယ်မြေထဲကဆိုပြီး ဆက်သွယ်အကြောင်းကြားတာပါ"

သေဆုံးသူ မခင်မွန်ဆိုသည့် စကားကို ကြားလိုက်ရသဖြင့် ဒေါ်သန်းမြတို့မှာယူကျုံးမရအပူလုံးကြွကာ ငိုကြွေးကြလေတော့သည်။

"ဒုလုံခြုံရေးမှူး ဇော်ဦးနဲ့အဖွဲ့တာ သူတို့လုပ်ထုံးလုပ်နည်းနဲ့ လုပ်ငန်းပိုင်းဆိုင်ရာတွေ စေ့စပ်သေချာအောင်လုပ်ဆောင်ခဲ့ပါတယ်၊ သေဆုံးသူကိုလည်းလိုအပ်သည့်ရှုထောင့်အမျိုးမျိုးက ဓာတ်ပုံရိုက်ယူ၊ ပေကြိုးများဖြင့်တိုင်းတာပြီး သေဆုံးသူအမျိုးသမီးကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များရှာဖွေသော်လည်း သွေးထွက်ဒဏ်ရာနှင့် ပေါက်ပြဲသည့်ဒဏ်ရာများ မတွေ့ရသော်လည်း လည်ပင်းတွင် အညိုအမည်းစွဲနေသော အရာကို တွေ့ရပါတယ်။

သူမရဲ့ ပိုက်ဆံအိတ်ထဲမှာ တစ်ထောင်တန်သုံးရွက်နဲ့ နှစ်ရာတန် တစ်ရွက်တွေ့ရှိရတဲ့ အပြင် သူမရဲ့ ဘယ်ဘက်လက်သူကြွယ်မှာ ကျောက်နီလက်စွပ်တစ်ကွင်းကိုလည်း တွေ့ရတယ်။ သူမအနီးမှာလည်း(AK)လို့ အမှတ်အသားပါတဲ့ လက်ကိုင်ပုဝါတစ်ထည်လည်းတွေ့ရလို့ သိမ်းဆည်းခဲ့ပါတယ်။ အလောင်းကိုတော့ ဆေးရုံကြီး မှုခင်းဌာနကိုပို့ဆောင်ခဲ့ပါတယ်"

"အဒေါ်တို့ ဘာဖြစ်လို့ ငိုနေကြတာလဲ"

"အခု အဒေါ်တို့ . . .



www.burmeseclassic.com

www.burmeseclassic.com

လာတိုင်တဲ့ လူပျောက်မှုဆိုတာ အဲဒီ မခင်မွှန်ပါပဲရှင်"

"အဒေါ်နဲ့ မခင်မွှန်က ဘယ်လိုတော်စပ်ပါသလဲ"

"ကျွန်မရဲ့တူမပါ"

"သူတို့ကကော ဘယ်သူတွေလဲ"

ဟု ဒေါ်သန်းမြန့်အားတွင် ထိုင်နေသူနှစ်ဦးကိုမေးလေသည်။

"သူက ကျွန်မသမီး မစန်းမြင့်ပါ။ မခင်မွှန်နဲ့ ညီမဝမ်းကွဲတော်ပါတယ်။ ဒီသူငယ်ကတော့ ချစ်လွင်ဦးပါ။ အဖော်ခေါ်လာတာပါ"

ဟု ဒေါ်သန်းမြက ရှင်းပြလေသည်။

"ဖြစ်ပုံကိုပြောပြပါဦး"

"မခင်မွှန်ဟာ ကျောင်းတက်တိုင်း (ကြို/ပို့)ကားကို စီးနေကျပါ။ ဒီကနေ့တော့ အောင်ခိုင်နဲ့ ဘတ်စ်ကားစီးသွားတယ်လို့ တွေ့တဲ့သူက ပြောပါတယ်"

"တွေ့တဲ့သူက ဘယ်သူလဲ"

"ဒီသူငယ်. . ချစ်လွင်ဦးပါ"

"အောင်ခိုင်နဲ့ မခင်မွှန်ဟာ ဘယ်လိုတော်စပ်ပါသလဲ"

"သူတို့ဟာသမီးရည်းစားတွေလို့ သိရပါတယ်"

ဒေါ်သန်းမြက ဖြေလေသည်။

"အောင်ခိုင်နဲ့ မခင်မွှန်တို့ အတူသွားတယ်ဆိုတာ သေချာရဲ့လား ချစ်လွင်ဦး။ အောင်ခိုင့်မှာ ရုပ်ချင်းခွဲမရအောင်တူတဲ့ ညီတစ်ယောက်ရှိတယ်လို့သိရတယ်"

ဟု စခန်းမှူးက သေချာစေရန် ထပ်ဆင့်မေးလေသည်။

"သေချာပါတယ် . . ။ အောင်ခိုင်နဲ့ လူချင်းမှားစရာဆိုလို့ သူ့ညီအောင်ကြိုင် တစ်ယောက်ပဲရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လူငယ်တွေက သူတို့ ညီအစ်ကိုနှစ်ယောက်ကို အဝေး ကမြင်တာနဲ့ ခွဲခြားလို့ရပါတယ်"

"ဘယ်လိုများခွဲခြားသလဲ ပြောပါဦး"

"အောင်ခိုင်က မျက်နှာမှာ အမြဲလိုအဆီပြန်တတ်သလို၊ လက်ကိုင်ပုဝါအမြဲ ဆောင်ပြီး ခါးကြားမှာ ညှပ်ထားလေ့ရှိသလို၊ မကြာခဏ မျက်နှာကို လက်ကိုင်ပုဝါနဲ့ သုတ်လေ့ရှိပါတယ်။ အောင်ကြိုင်ကတော့ လက်ကိုင်ပုဝါဆောင်လေ့မရှိပါဘူး"

ဟု ချစ်လွင်ဦးက ရှင်းပြလေသည်။

"သေဆုံးသူရဲ့အလောင်းကို ဆေးရုံပို့ထားပြီဖြစ်လို့ မှန်ကန်ကြောင်း အတည်ပြုနိုင်ရန် အဒေါ်တို့ကို ခေါ်ပြပါ့မယ်။ ဆေးရုံက ခွင့်ပြုချက်ရရင် အဒေါ်တို့အနေနဲ့ သင်္ဂြိုဟ်ဖို့ ဆောင်ရွက်နိုင်ပါပြီ။ ကျွန်တော်တို့အနေနဲ့လည်း မှုခင်းဆရာဝန်ကြီးရဲ့ ဆေးစာအရ အဖြေအတိအကျ သိရမှာဖြစ်လို့ ဆေးစာမရသေးမီ ရှာဖွေစုံစမ်းမှုတွေလုပ်ထားပါ့မယ်။ ဒီအမှုကိုလည်း တရားခံပေါ်အောင် စုံစမ်းပေးပါ့မယ်"

ဟု ဒေါ်သန်းမြတို့အား ပြောလိုက်လေသည်။

စခန်းမှူးလည်း မခင်မွှန်အမှုအတွက် အမြန်ဆုံးတရားခံဖော်ထုတ်နိုင်ရန် သူ့လက်အောက်မှ ဝန်ထမ်းများကို တာဝန်များအသီးသီးခွဲဝေပေးကာ အမာခံသတင်းပေးများကိုလည်း ဆက်သွယ်ဆောင်ရွက်ရန် မှာကြားလိုက်လေသည်။

မောင်တင့်လွင်မှာ မခင်မွှန်၏ သတင်းကိုကြားလျှင်ကြားပြီး စခန်းမှူးထံအကျိုးအကြောင်းကိုလာရောက်စုံစမ်းမေးမြန်းလေသည်။ ယင်းမှုနှင့်ပတ်သက်၍ အမြန်ဆုံး အမှုမှန်ပေါ်အောင် စုံစမ်းထောက်လှမ်းနေကြောင်း ပြောဆိုပြီး၊ ၎င်းအမှုနှင့်ပတ်သက်၍ သတင်းရရှိက စခန်းသို့ ဆက်သွယ်သတင်းပို့ပါရန် နှင့် အကယ်၍များ တရားခံအား စုံစမ်းသိရှိ၍သော်လည်းကောင်း ပက်ပင်းတွေ့ဆုံခဲ့လျှင်သော်လည်းကောင်းဒေါသအလျောက် ကိုယ်ထိ လက်ရောက် မကျူးလွန်မိစေရန်နှင့် ရဲစခန်းသို့ အမြန်ဆုံးအကြောင်းကြားရန် မှာကြားလိုက်လေသည်။

မောင်တင့်လွင်မှာ စခန်းမှူးမှ မှာကြားသည်များကို ခေါင်းငြိမ့်ကာ တွေတွေကြီးနားထောင်နေသော်လည်း သူ့နားတွင် ကြားသည်၊ မကြားသည်ကိုတော့ ကာယကံရှင်မှတစ်ပါး မည်သူမျှ မသိနိုင်ချေ။ စခန်းမှူး၏ မှာကြားချက်များ ပြီးဆုံးသွားသော်လည်း မောင်တင့်လွင်မှာ မပြန်သေးဘဲ ထိုင်မြဲထိုင်နေသဖြင့် စခန်းမှူးက နောက်တစ်ကြိမ်ထပ်မံပြောမှပင် ပျာပျာသလဲထ၍ ပြန်လာခဲ့လေတော့သည်။

မောင်တင့်လွင်ထ၍ပြန်သွားသည်ကို နောက်ကျောမှ ကြည့်နေသည့် စခန်းမှူးတွေ့လိုက်ရသည်က ဘယ်ခြေတစ်ဖက်နိမ့်၍ ထောက်ဆွဲထောက်ဆွဲဖြစ်ပြီး သူစီးထားသည့် ကတ္တီပါအဟောင်းအပြာရောင်ကလေးမှာလည်း ဟောင်း…



www.burmeseclassic.com

www.burmeseclassic.com

နေသည်ကို တွေ့လိုက်ရလေသည်။

ဒုလုံခြုံရေးမှူး ဦးသက်ခိုင်သည် သူ့အဖွဲ့သားများဖြင့် အောင်ခိုင်၏ သွားလာလှုပ်ရှားမှုများ စုံစမ်းရာ အောင်ခိုင်တစ်ယောက် ခြေရာပျောက်နေသည်ကို သိရလေသည်။

တစ်နေ့တွင် မစန်းမြင့်အားတွေ့ဆုံကာ အောင်ခိုင်နှင့် မခင်မွန်တို့၏အကြောင်း သိသမျှ ပြောပြရန်နှင့် သူတို့အကြောင်း ဂဃနဏသိမှသာ တရားခံအမှန်ဖော်ထုတ်၍ရမည်ပြောဆိုသဖြင့် မစန်းမြင့်က တွေဝေစဉ်းစားပြီးမှ မခင်မွန်နှင့် အောင်ခိုင်တို့မှာ သမီးရည်းစားမကဖြစ်နေကြောင်းနှင့် အောင်ကြိုင်ကလည်း ပုံမှားရိုက်ကာ မခင်မွန်ကို ကျူးလွန်ကြောင်း၊ ထိုအကြောင်းကို အောင်ခိုင်က သိသွားသဖြင့် ခင်မွန်နှင့်ပြဿနာဖြစ်ကြောင်း ပြောပြလေသည်။

မခင်မွန်မှာ . . သူမ၏ပြဿနာများဖုံးဖိမရနိုင်တော့သည့်အချိန်ရောက်နေသဖြင့် သူမအား လက်ထပ်ယူပါရန် အကြိမ်ကြိမ်တောင်းဆိုသော်လည်း အောင်ခိုင်မှာ လက်မခံဘဲ ငြင်းမြဲငြင်းလျက်ရှိနေ၍ နောက်ဆုံးအနေဖြင့် သက်သေများဖြင့် တရားဥပဒေအရ တိုင်ကြားမည်ဟု ပြောဆိုသဖြင့် အောင်ခိုင်က လက်ထပ်ပါ့မယ်လို့ ပြောခဲ့ဖူးကြောင်း အစရှိသည်တို့ကို မခင်မွန်ပြောပြခဲ့သည့်အတိုင်း ဒုလုံခြုံရေးမှူး ဦးသက်ခိုင်ကို ပြောပြသကဲ့သို့ တင့်လွင်ကိုလည်း ပြောပြဖူးလေသည်။ လွန်ပြီးမှသိလိုက်ရသဖြင့် တင့်လွင်မှာ ရင်ထုမနာဖြစ်ရသည်မှလွဲ၍ ဘာများတတ်နိုင်ဦးမည်နည်း။

✿✿✿

"ဦးမြတ်ကြိုင်၊ မလာစဖူး အလာထူးလို့ဘာအကြောင်းများရှိလို့လဲ"

ဟု စခန်းမှူးက မသိချင်ယောင်ဆောင် မေးလိုက်လေသည်။

"ကျွန်တော့်သားအောင်ခိုင်နဲ့ အောင်ကြိုင်တို့ မနေ့ညက အိမ်ကို ပြန်မလာလို့ စိတ်ပူပြီး လာတိုင်တာပါ။ အောင်ခိုင့်သူငယ်ချင်း ဖေးဗစ်ကပြောတော့ မနေ့ညက ဝင်းထွန်းကိုလည်း ညဘက်ကြီးမှာတစ်ယောက်တည်း ပြန်လာတာကို မသင်္ကာဖွယ်တွေ့ရတယ်လို့ ပြောပါတယ်။ သူတို့က ရန်စရှိခဲ့ဖူးတော့ ကျွန်တော်စိတ်ပူမိလို့ စခန်းမှူးကို လာအကြောင်းကြားတာပါ။ ကျေးဇူးပြုပြီး စုံစမ်းပေးပါ"

"စိတ်ချပါ။ ကျွန်တော်တို့ စုံစမ်းပေးပါ့မယ်။ ဒါပေမယ့် ခက်နေတာက အောင်ခိုင်တို့ ညီအစ်ကိုအုပ်စုနဲ့ ရန်ဖြစ်ဖူးတဲ့သူတွေက တိုင်ချက်မှာအများကြီးဖြစ်နေတော့ အထောက်အထား မခိုင်လုံဘဲ စွပ်စွဲလို့မရဘူးဖြစ်နေတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကြိုးစားပြီး ရှာပေးပါ့မယ်"

ဟု ပြောနေစဉ် ရဲတပ်ကြပ်ကြီး ဆရာမြိုင်က စခန်းမှူးရုံးခန်းသို့ ဝင်လာကာ . .

"မှူခင်းဆရာဝန်ကြီးရဲ့ ဆေးစာပါ။

ဟုပြောကာ စားပွဲပေါ်တင်ခဲ့ပြီး ပြန်လည်ထွက်သွားလေသည်။

ဆရာဝန်ကြီး၏ ဆေးစာအရ မခင်မွန်၏ အလောင်းတွင် ထိုးခုတ်ရိုက်နှက်သည့် ဒဏ်ရာများမတွေ့ရဘဲ လည်ပင်းကို ညှစ်သဖြင့် အသက်ရှူလမ်းကြောင်းပိတ်ကာ သေဆုံးရခြင်းဖြစ်ကြောင်းနှင့် မခင်မွန်တွင် ကိုယ်ဝန် သုံးလခန့်ရှိနေကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

တစ်နေ့သော ညဦးနက်ချိန် သန်းခေါင်ယံတွင် လုံခြုံရေးတင်းလျှော့နေကြသည့်နယ်ထိန်းအဖွဲ့၏တွေ့ရှိသတင်းပေးချက်အရ လမ်းနံ့သေးတွင် သေဆုံးနေသည့် လူသေအလောင်းအား ဒုလုံခြုံရေးမှူး ဦးသက်ခိုင်နှင့်အဖွဲ့တို့ သွားရောက်စစ်ဆေးရာတွင် သေဆုံးသူ၏ ဝဲဘက်ရင်ဖုံတွင် ချွန်ထက်သော အရာဖြင့်ထိုးထားသည့် ဒဏ်ရာတစ်ခုကို တွေ့မြင်ရပြီး သေဆုံးသူ၏ အနီး ပတ်ဝန်းကျင်တွင် သက်သေခံပစ္စည်းရှာဖွေသော်လည်း မတွေ့ရှိရဘဲ သေဆုံးသူနှင့် ခပ်လှမ်းလှမ်းတွင်သာ ယောကျ်ားစီးကတ္တီပါဖိနပ်(ညာဘက်)ကို တွေ့ရသဖြင့် ဆက်လက်ရှာဖွေရာ သေဆုံးသူနေရာမရောက်မီ ပေ ၃၀ ခန့်လောက်တွင် ကတ္တီပါယောကျ်ားစီးဖိနပ်တစ်ဖက်ကို ထပ်မံတွေ့ရပြန်သည်။

ထိုဖိနပ်များမှာယောကျ်ားစီးဖိနပ်များဖြစ်ပြီး ဖိနပ်နှစ်ဖက်စလုံးမှာ အရွယ်တူ၊ ကတ္တီပါအပြာရောင်ဖြစ်ပြီး ဘယ်ဘက်ဖိနပ်မှာ သဲကြိုးပြတ်နေသည်ကို တွေ့ရပြီး ထိုဖိနပ်နှစ်ဖက်စလုံးမှာ မကြာသေးမီကမှ ပစ်ထားဟန် ဖြစ်ကြောင်း အထင်းသားပေါ်လွင်နေသဖြင့် သိမ်းဆည်းလာခဲ့လေသည်။

မခင်မွန်သေဆုံးသည့်



www.burmeseclassic.com

www.burmeseclassic.com

နေ့နှင့် ယခုအောင်ခိုင်၏အလောင်းတွေ့ရှိသည့်နေ့သည် လေးရက် သာကြာမြင့်ပြီး အောင်ခိုင်နှင့် မခင်မွန်တို့မှာလည်း ဆက်စပ်မှုရှိနေပြန်ရာ ထိုလူသတ်မှု၏နောက်ဆုံး တရားခံမှာ ရှာတွေ့ရန် မဝေးတော့ကြောင်း စခန်းမှူးက ကောက်ချက်ချလိုက်လေသည်။

စခန်းမှူး ဦးမြင့်ကြူသည် သူ၏ ရုံးခန်းထဲတွင် မခင်မွန်အသတ်ခံရမှုနှင့် အောင်ခိုင်အသတ်ခံရမှုတို့အား ဖော်ထုတ်ရန် ရရှိထားသည့် သက်သေများ၊ ကွင်းဆက်များကို အထောက်အထားပြုကာ သူ့အဖွဲ့သားများနှင့် စုပေါင်းဖော်ထုတ်လေတော့သည်။

“မခင်မွန်နဲ့ အောင်ခိုင်ဟာ သမီးရည်းစား ဖြစ်ကြောင်း၊ အဓိက မစန်းမြင့်နဲ့ ဆရာဝန်ကြီးရဲ့ ဆေးစာအရသိခဲ့ရတယ်။မခင်မွန်နဲ့ အောင်ခိုင်နောက်ဆုံးတွဲသွားတာကိုလည်း ချစ်လွင်ဦးရဲ့ ထွက်ဆိုချက်အရ သိခဲ့ရတယ်။ သူတို့နှစ်ယောက် ချိန်းတွေ့တဲ့ အိမ်ရှင်လင်မယားကလည်း သက်သေခံနိုင်တယ်။ မခင်မွန်အလောင်းအနီးကရခဲ့တဲ့ (AK) ဆိုတဲ့ လက်ကိုင်ပဝါဟာလည်း အောင်ခိုင်ရဲ့လက်ကိုင်ပဝါဖြစ်ကြောင်း သူ့မိဘတွေက ထွက်ဆိုထားတယ်။ အဲဒီတော့ မခင်မွန်ကို ကိုယ်ဝန်နဲ့ တာဝန်မယူနိုင်လို့ အောင်ခိုင်သတ်ကြောင်းထင်ရှားနေတယ်”

ဟု စခန်းမှူးက ရှင်းပြလေသည်။

“အောင်ခိုင်အသတ်ခံရမှုမှာ အောင်ခိုင့်အလောင်းအနီးက ဖိနပ်တစ်ရံရခဲ့တယ်။ အဲဒီဖိနပ်ဟာ လူတစ်ယောက်တည်း စီးတဲ့ဖိနပ်ဖြစ်ပြီး ဖိနပ်ရဲ့ ဘယ်ဘက်က ခြေဖဝါးနေရာမှာ ကတ္တီပါစဟာ ပွန်းပြီး ပေါက်ပြဲနေသလို၊ ဖိနပ်ဟာ ခွက်ပြီး နိမ့်နေတာဖြစ်လို့ အဲဒီဖိနပ်စီးတဲ့လူဟာဘယ်ခြေနိမ့်နေတဲ့လူဖြစ်ရမယ်။ နောက်ပြီး တို့ စုံစမ်းသိရှိခဲ့တဲ့သတင်းတွေအရ တင့်လွင်ဟာ အောင်ခိုင်နဲ့ အောင်ကြိုင်တို့နောက်ကို နောက်ယောင်ခံလိုက်နေကြောင်းထင်ရှားတယ်။ ပိုပြီး ထင်ရှားအောင် တင့်လွင်ကို ခေါ်ခိုင်းလိုက်ပါ”

ဟု စခန်းမှူးက ပြောလေသည်။

“စခန်းမှူး၊ ကျွန်တော့်ကို ခေါ်ခိုင်းစရာမလိုတော့ပါဘူး။ ကျွန်တော်ရောက်နေပါပြီ”

“မင်းကဘာကိစ္စနဲ့ရောက်နေရတာလဲ”

“ကျွန်တော် အမှန်ကို ဝန်ခံချင်လို့ပါ။ ကျွန်တော့်အတွက်နဲ့ မဆိုင်တဲ့လူတွေ အနှောင့်အယှက်အဖြစ်စေချင်တာရယ်၊ စခန်းမှူးတို့ကိုလည်း အလုပ်မရှုပ်စေချင်လို့ပါ”

“အဲဒါဆိုလည်း စောစောကပဲ ဝန်ခံလိုက်ရင် ပြီးနေတာပဲ”

“စခန်းမှူးတို့က ပြီးတာပဲလို့ ထင်ပေမယ့် ကျွန်တော့်ဖက်က မပြီးသေးလို့ ဝန်မခံတာပါ။ ကျွန်တော်ဟာ လုပ်ရဲရင် ခံရဲတဲ့သတ္တိရှိပါတယ်။ ဒါပေမယ့် ကျွန်တော်သတ်ရမယ့် အောင်ကြိုင်တစ်ယောက်ကျန်နေသေးလို့ပါ။ အခုတော့လည်း စခန်းမှူးကြီးပြောဆိုဆုံးမတဲ့စကားတွေ၊ ကျွန်တော့်နားထဲမှာ ကြားယောင်နေလို့ (ဥပဒေကျူးလွန်သူကို တရားဥပဒေက ဆုံးမပါလိမ့်မယ်)ဆိုတာ ယုံကြည်လို့ အခုလို လာပြီး ဝန်ခံတာပါ”

“မင်းစောစောကသာ ဒီလိုအသိတရားများရှိခဲ့ရင် မင်းအပြစ်မကျူးတော့ဘူးပေါ့ကွာ။ အောင်ကြိုင်လည်း အခု သူ့အိမ်ပြန်ရောက်နေပြီဆိုတော့ ငါတို့လုပ်ရမယ့်အလုပ်ကို လုပ်မှာပါ”

“ကျွန်တော်လည်း ပုထုဇဉ်လူသားတစ်ယောက်မို့ ကျွန်တော့်ညီမလေးကို သတ်တဲ့ လူကို ကိုယ်တိုင်လက်စားချေချင်လို့ အခုလို လုပ်မိတာပါ။ စခန်းမှူးတို့ အောင်ခိုင့်အလောင်းနားက ရခဲ့တဲ့ကတ္တီပါအပြာရောင်ဖိနပ်ဟာ ကျွန်တော့်ဖိနပ်ပါပဲ။ အခု ကျွန်တော် စီ[illegible]ထားတဲ့ ဖိနပ်နဲ့အရောင်အ[illegible]သွေး၊ အရွယ်အစားနဲ့ တံဆိပ်ကအစ အားလုံးအတူတူပါပဲ”

“နောက်တော့ ဘာကျ[illegible] သေးလဲ”

“အောင်ခိုင့်ကို ထိုးသ[illegible] လိုက်တဲ့ လက်နက်က ဆ[illegible] အိတ်ကို ထိုးတဲ့ ဖော[illegible] ကလောင်ပါပဲ”

ဟု ပြောကာ လူသ[illegible] လက်နက်ကိုပါ တစ်ပါတည်[illegible] ပေးအပ်လိုက်လေတော့သည်။

ရာဇဝတ်ဘေးပြေးမ[illegible] ဆိုသည့်ဆောင်ပုဒ်ကိုယုံကြ[illegible] နားလည်လိုက်နာမည်ဆို[illegible] တင့်လွင်တစ်ယောက် ယ[illegible] သို့ အဖြစ်မျိုးနှင့် ကြုံရလိမ့်[illegible] မဟုတ်ပေ။ နှောင်းမှနှော[illegible] ရလိုက်သဖြင့် မြွေပါလည်[illegible] သားလည်းဆုံးဆိုသည့်အ[illegible] နှမလည်းဆုံး၊ အစ်ကို[illegible] လူသတ်မှုနဲ့ ထောင်ထ[illegible] တော့မည်။

ကျော်ဇ[illegible]

www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်ခွေးများကို ဗွီဒီယိုကင်မရာ တပ်ဆင်ပေးမည်

ဗြိတိန်နိုင်ငံ၊ စတက်ဖို့ရှိုင်းရား ရဲမှူး၏ ဦးစီးဆောင်ရွက်မှုဖြင့် လေ့ကျင့်သင်ကြားပေးထားသော စုံထောက်/ရှာဖွေရေး ခွေးများကို လည်ပတ်တွင် ဗွီဒီယိုကင်မရာများ တပ်ဆင်ပြီး မှုခင်းကြိုတင်ကာကွယ်ရေး၊ ဝင်ရောက်စီးနင်းရှာဖွေရေးတွင် အသုံးချမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြလိုက်သည်။

တိရစ္ဆာန်များအနက် ခွေးသတ္တဝါတို့သည် လေ့ကျင့်သင်ကြားလွယ်ခြင်း၊ သခင်၏အမိန့်ကို လိုက်နာတတ်ခြင်းတို့ကြောင့် ရာဇဝတ်မှုကာကွယ်ရေး၊ စစ်မြေပြင်မိုင်းရှာခြင်း၊ မျက်မမြင်များအတွက် လမ်းလျှောက်ဖော်ဖြစ်စေခြင်း စသည့် လူသားတို့၏ ကဏ္ဍနယ်ပယ်အသီးသီးတွင် အသုံးချ၊ အသုံးဝင်ခဲ့ကြသည်။ ယခုအခါတွင် UK စတက်ဖို့ရှိုင်းရားရဲတပ်ဖွဲ့က မှုခင်းများကာကွယ်ရေး အသက်ရင်း၍ စီးနင်းဝင်ရောက်ရေးကိစ္စတို့တွင် ပိုမိုထိရောက်အောင်မြင်ရန် လေ့ကျင့်ပေးထားသော စုံထောက်ခွေးများ၏ လည်ပတ်တွင် ဗွီဒီယိုကင်မရာလေးများ တပ်ဆင်ပေးကာ အရေးအခင်းတစ်ခု၏ ဆောင်ရွက်ချိန်အတွင်း ကနဦးသွားကြရသော၊ ရှာဖွေကြရသော စုံထောက်ခွေးများက ရှာဖွေတွေ့ရှိချက်ကို ပေါင်းသံပေးသည်နှင့်အတူ လည်ပတ်ရှိ ဗွီဒီယိုကင်မရာကလည်း ရိုက်ကူးပြီး အဝေးရှိ ဥပဒေစိုးမိုးရေးသမားတို့ကို မြင်တွေ့သမျှ အချက်ပြနိုင်မည်ဟု ဆိုသည်။ သို့ဖြစ်၍ လူသားတို့ အနေဖြင့် အခင်းဖြစ်ပွားရာနေရာ၏ အန္တရာယ်အတိမ်အနက်ကို သိရှိပြီး ထိုးဖောက်အောင်မြင်ရေးအတွက် တစ်ပန်းသာမည်ဟု သတင်းကဆိုသည်။

ညီမြင့်းလွင်(မော်ကျွန်း)
**Ref: Internet News, 25.11.2012**

---

# မိမိအိမ်မွေးတိရစ္ဆာန်ကို တရားမဝင်စွန့်လွှတ်သဖြင့် တရားစွဲဆို



အမေရိကန်၊ အိုဟိုင်းအိုးဒေသမှ အိမ်မွေးတိရစ္ဆာန်များကို စွန့်ပစ်ခြင်းကိစ္စကြောင့် ပိုင်ရှင်တစ်ဦးကို တရားစွဲဆိုလိုက်ကြောင်း (၂၊ ၁၂၊ ၁၂) အင်တာနက်ကဆိုသည်။

ဖြစ်စဉ်မှာ အိုဟိုင်းအိုဒေသ၊ တိုလီဒိုအရပ်တွင် ချစ်စဖွယ်အိမ်မွေး ခွေးကလေး(၅)ကောင်ကို ဒေသလူမှုစောင့်ရှောက်ရေးအဖွဲ့က လက်ဆွဲသေတ္တာတစ်ခုတွင် ထည့်၍ လမ်းမပေါ်စွန့်ပစ်ထားကြောင်း တွေ့ရသည်။ ထိုလက်ဆွဲသေတ္တာတွင် ပေါင်းဝပ်ဒေးဗစ်(တိုလီဒို)ဟု ဖော်ပြထားရာ သေတ္တာပိုင်ရှင်ကို ရှာတွေ့ခဲ့သည်။ သေတ္တာက ၎င်းခွေးများကို ကျွေးမွေးရန်မတတ်နိုင်သဖြင့် မက်ချီကန်မှ မိတ်ဆွေကို ပေးခဲ့ကြောင်း၊ လွန်ခဲ့သည့်လက ၎င်းအမည်ပါလက်ဆွဲသေတ္တာလည်း ပျောက်ဆုံးခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ သို့ရာတွင် ကိုယ်ပိုင်သေတ္တာ၊ ကိုယ်ပိုင်မွေး ခွေးကလေးများနှင့် ဖမ်းဆီးမိသော ပေါင်းဝပ်ဒေးဗစ်ကို 'တရားမဝင်တိရစ္ဆာန်များကို စွန့်ပစ်မှု'ဥပဒေအရ တရားစွဲထားသည်။

ညီမြင့်းလွင်(မော်ကျွန်း)
**Ref: Internet News, 2.12.2012**




www.burmeseclassic.com

www.burmeseclassic.com

**Who's Who!**

by Jane E. Brody





www.burmeseclassic.com

www.burmeseclassic.com



မာတင်သည် အသက်(၃၆)နှစ်ခန့်ရှိ ဓာတုဗေဒဆေးဝါး ဖော်စပ်ရောင်းချသော လုပ်ငန်းပိုင်ရှင်တစ်ဦး ဖြစ်သည်။ သုတေသနလုပ်ငန်းကို ဝါသနာပါသဖြင့် ကိုယ်ပိုင်ဓာတ်ခွဲရုံကလေးတစ်ရုံ ဆောက်ကာ သုတေသနလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။

သူသည် စစ်ပြီးခေတ်အတွင်း၌ ဘတ်ကလေမြို့သို့ ရောက်ရှိလာသူ ဖြစ်၏။ စစ်အတွင်းက ပြင်သစ်တပ်မတော်တွင် ဝင်ရောက်ထမ်းဆောင်ဖူးကြောင်း။ လေယာဉ်ပစ်အမြောက် ဆယ့်နှစ်ကြိမ်ခန့် ထိမှန်ခဲ့ဖူးသော်လည်း သေကံမရောက်ခဲ့သော်လည်း ရင်ဘတ်တွင်မူ စက်သေနတ်ထိမှန်သော ဒဏ်ရာများရှိကြောင်းမှ အစပြု၍ ကိုယ်ရေးရာဇဝင်ကို ပြောပြလေ့ရှိ၏။

ယင်းဘတ်ကလေမြို့ပြင်တွင်ပင်တဲ ကုပ်ကလေးတစ်လုံးနှင့်နေထိုင်သူ တရားဟောဆရာလေး ဂီးလ်ဘတ်မှာ အသိအကျွမ်းများသူ ဖြစ်သည်။ သူနှင့် ခင်မင်ရင်းနှီးသူများအနက် ဓာတုဗေဒဘာသာရပ်ကို ဝါသနာပါသူအချင်းချင်းဖြစ်သော မာတင်နှင့် ပို၍ရင်းနှီးကြသည်။ အံ့ဩရသည်မှာ ၁၉၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း၌ တရားဟော ဆရာဂီးလ်ဘတ်မှာ သူနေထိုင်ရာ တဲပုတ်ကလေးမှ ပျောက်ချင်းမလှ ပျောက်သွားခြင်းပင် ဖြစ်သည်။ ဘယ်နေ့၊ ဘယ်အချိန်က ဘယ်အရပ်ကို ထွက်ခွာသွားကြောင်း မည်သူမျှမသိ။ တစ်ယောက်တစ်မျိုး ထင်ကြေးပေးလျက်သာရှိ၏။ ရက်ပေါင်းကြာညောင်းသော် သူ့အကြောင်းကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။ ဘတ်ကလေမြို့အတွက် လုံလောက်ပြီဟု ယူဆကာ အခြား တစ်မြို့တစ်ရွာသို့ တရားဟောထွက်သွားခြင်းဖြစ်လိမ့်မည်ဟု ယူဆကြသည်။

၁၉၂၅ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့တွင် မာတင်သည် သူ၏ ဓာတ်ခွဲခန်း၌ နေဝင်သည်အထိ အလုပ်လုပ်လျက်ရှိ၏။ ညစောင့်ဖြစ်သူ ဂွန်ဖေးလ်ပင်လျှင် သူ၏ ခွေးနှင့်အတူ တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာလေပြီ။

ည(၇)နာရီထိုးသောအခါ ဂွန်ဖေးလ်သည် သူ့ဆရာ မာတင်အတွက် စွပ်ပြုတ်ကို အပေါ်ထပ်သို့ သွား၍ပေးပို့သည်။ ထိုစဉ်က စွတ်ပြုတ်လှမ်းယူသော မာတင်၏မျက်နှာမှာ စိုးရိမ်တကြီးဖြစ်နေပုံရကြောင်း ဂွန်ဖေးလ်က သတိထားမိလိုက်သည်။ ညနေကလည်း ဂွန်ဖေးလ်၏ခွေးသည် ဓီရှိရှေ့တွင် အသံသေးသေးလေးဖြင့်ဟိန်းကာ ဓီရှိကို ကုတ်ခြစ်နေသဖြင့် မာတင်က ခြေဖြင့်ကန်ကျောက်လိုက်မိသဖြင့် ဂွန်ဖေးလ်အား ပြန်လည်တောင်းပန်ခဲ့သည်။

အောက်ပြန်ဆင်းမည် အပြုတွင် မာတင်က "ဈေးပိုင်းသွားပြီး နို့စက်တစ်လုံးနဲ့ ဝီကေတစ်ဘူး ဝယ်ပေးစမ်းပါ။ သိပ်အရင်မလိုပါဘူး။ တစ်နာရီအတွင်း ပြန်ရောက်ရင် ပြီးတာပါပဲ"ဟုဆိုကာ ပိုက်ဆံထုတ်ပေးလိုက်သည်။

ညစောင့် ဂွန်ဖေးလ်သည် နာရီဝက်ခန့်အတွင်း၌ပင် ပြန်လည်ရောက်ရှိလာ၏။ မာတင်က သူမှာသော ပစ္စည်းများကို လှမ်းယူကာ "ဒီညအဖို့ စောင့်စရာမလိုတော့ဘူး။ ပြန်ချင်ပြန်နိုင်ပါပြီ" ဟု ဂွန်ဖေးလ်အား ပြန်လွှတ်လိုက်သည်။

သူ၏ခွေးနှင့်အတူ ပြန်သွားသော ဂွန်ဖေးလ်သည် နောက်သို့ တစ်ချက်ပြန်လှည့်ကြည့်ရာ မာတင်၏အခန်းမှာ မီးလင်းလျက်ပင်ရှိကြောင်း တွေ့နေရသည်။ ဂွန်ဖေးလ်ပြန်သွားပြီးနောက် (၉)နာရီ (၁၀)မိနစ်အချိန်တွင် မာတင်သည် သူ့ဇနီးထံသို့ ယခုပင် ပြန်လာတော့မည်ဖြစ်ကြောင်း ဖုန်းဆက်ခဲ့သော်လည်း မာတင်သည် သူ၏အိမ်သို့ ထိုညက လုံးဝပြန်မရောက်တော့ချေ။

နောက်တစ်နေ့နံနက် သတင်းစာအသီးသီး၌ 'ပေါက်ကွဲသံကြီးသည် လေယာဉ်ပေါ်မှ ကြဲချလိုက်သော ဗုံးသံကဲ့သို့ မြည်ဟည်းကာ အနီးရှိအိမ်များ၏ မှန်ပြတင်းများ၊ ပန်းကန်ခွက်ယောက်များ



www.burmeseclassic.com

www.burmeseclassic.com

ကွဲရှကုန်သည်။ ထို့နောက် နီရဲသော မီးလုံးကြီးများ ကောင်းကင်သို့ တက်လာသော မာတင်၏ ဓာတ်ခွဲရုံတစ်ရုံလုံး မီးဟုန်းဟုန်းတောက်လောင်သွားသည်'ဟု ပါရှိလေသည်။

ဤတွင် မာတင်သည် ဘယ်မှာလဲဟု မေးစရာ ဖြစ်လာသည်။

မီးလောင်ပြီးနောက် အိမ်သို့ပြန်ရောက်မလာသဖြင့် မာတင်ချော မီးထဲပါသွားပြီဟု အားလုံးက ယူဆနေကြသည်။ မီးသတ်တပ်ဖွဲ့နှင့် ရဲတို့ပူးပေါင်း၍ မီးလောင်ထားသော ဓာတ်ခွဲရုံအတွင်း ရှာဖွေကြရာ မာတင်၏အလုပ်စားပွဲအနီး၌ မီးကျွမ်းအလောင်းတစ်လောင်းကို တွေ့ကြရသည်။ ရုတ်တရက်ပေါက်ကွဲသော မီးဖြစ်၍ ပြေးချိန်မရလိုက်သဖြင့် မီးလောင်ကျွမ်းခြင်းခံရသော အလောင်းမှာ မုချ မာတင်ပင်ဖြစ်ရမည်ဟု ယူဆလိုက်ကြသည်။

အံ့ဩရသည်မှာ မီးသတ်အရာရှိချုပ်ဖြစ်သူ စပင်ဇကမှ ရုတ်တရက်ပေါက်ကွဲမှုကြောင့် လောင်ကျွမ်းခြင်းမဟုတ်။ တစ်ပါးသူက သတ်ဖြတ်ခြင်းသာဖြစ်ရန် အကြောင်းရှိသည်ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။ ထိုစကားကြောင့် ရဲတပ်ဖွဲ့မှ ဓာတ်ခွဲခန်းအတွင်း ဆက်လက်ရှာဖွေကြရာ ဓာတ်ဆီစိမ်ထားသော မီးတုတ်ခြောက်ချောင်း တွေ့ရသည်။ ထို့ကြောင့် မီးမှာ ရှို့မီးဖြစ်ကြောင်း သေချာသွားတော့သည်။

မာတင်၏ဇနီးမှာလည်း ပူဆွေးဒုက္ခရောက်နေသည့်အပြင် အလောင်းမှာ ကျွမ်းအောင်လောင်ထားသောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်ကို အသေးစိတ်မကြည့်ရက်သဖြင့် သာမန်မျှကြည့်ကာ သူမခင်ပွန်း၏ အလောင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ပိုမိုတိကျရန်အတွက် ဓာတ်မှန်ရိုက်၍ စစ်ဆေးရန် ဆန်ဖရန်စစ္စကိုသို့ တင်ပို့လိုက်သည်။

စုံထောက်ကြီး ဟိုင်းရစ်ချ်၏ ယူဆချက်မှာ မီးသတ်အရာရှိချုပ် စပင်ဇာ၏ ယူဆချက်နှင့် ထပ်တူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူ့သဘာဝအလျောက် မီးစတင်လောင်ကျွမ်းကြောင်း သိလျှင် သိချင်း ခြေဦးတည့်ရာသို့ ထပြေးလေ့ရှိသည်။ မိမိကိုယ်ကို မီးဘွဲ့သောနေရာသို့ ရောက်မှ လဲကျ၍ မီးစွဲခံရတတ်သည်။ ယခုတွေ့ရသော မီးကျွမ်းအလောင်းမှာ အလုပ်စားပွဲအနီးတွင် နေသားတကျ တွေ့ရသည်ဖြစ်ရာ ပေါက်ကွဲမှုမဖြစ်မှီအခင်ကပင် ထိုနေရာတွင် ရှိနေမည်မှာ သေချာသည်။

ထိုအခိုက် အရေးပါသော သက်သေတစ်ယောက် ပေါ်ပေါက်လာသည်။ ဓာတ်ခွဲရုံအနီး၌နေသော ဂယ်လားဂါးဆိုသူ လူငယ်တစ်ဦးသည် ပေါက်ကွဲသံကြားလျှင်ကြားချင်း အိမ်ရှေ့သို့ထွက်ကြည့်ရာ ဓာတ်ခွဲရုံမီးလောင်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် လမ်းပေါ်သို့ ဆင်း၍ မီးကိုကြည့်ရာ မော်တော်ကားတစ်စီးမှာ မီးလုံးဝမဖွင့်ဘဲ တရကြမ်း မောင်းနှင်လာနေသည်ကို မြင်ရသဖြင့် လွတ်အောင် မနည်းရှောင်လိုက်ရသလို ကားမှာ မာတင်၏ကားဖြစ်ကြောင်းကိုပါ ကောင်းစွာ မှတ်မိလိုက်သည်။

ထိုနေ့မှာတင် ဓာတ်ခွဲရုံအနီးမှ ကော်ရီဆိုသူ လူငယ်တစ်ဦးက ဦးထုပ်နှစ်လုံး ကောက်ရသဖြင့် ရဲစခန်းသို့ လာရောက်အပ်နှံသည်။ တစ်လုံးမှာ ကော်ရည်နှင့် ဓာတ်ဆေးရည်များ စွန်းနေသည်ကို တွေ့ရ၏။ ယင်းဦးထုပ်ကို မာတင်၏ အိမ်သားများအား ခေါ်ယူ၍ ပြသရာ မာတင်ဆောင်းသော ဦးထုပ်ဖြစ်ကြောင်း ထွက်ဆိုကြ၏။ ကျန်တစ်လုံးမှာမူ သက္ကလပ်ဦးထုပ်ဟောင်းတစ်လုံးဖြစ်၍ ပိုင်ရှင်ကို သိသူမရှိသလို ဖြစ်နေသည်။

သုံးရက်ခန့်ကြာသောအခါ မာတင်၏ဇနီးသည် ရဲစခန်းသို့ ရောက်လာကာ သူမ၏အိမ်ကို သူခိုးဝင်ရောက် ခိုးယူသွားကြောင်း တိုင်တန်းသည်။

''ကျွန်မရဲ့ အိမ်ခန်းပြတင်းပေါက်က ဝင်ပြီး တခြားဘာပစ္စည်းမှ မယူဘဲ မာတင်ရဲ့ဓာတ်ပုံတွေကိုချည်း ယူသွားပါတယ်။ ဘောင်သွင်းထားတဲ့ပုံတွေရော အယ်လ်ဘမ်ထဲက ပုံတွေပါ အားလုံးချွ ယူသွားပါတယ်''ဟု မာတင်၏ဇနီးက ပြောပြသည်။

ဤတွင် စုံထောက်ကြီး ဟိုင်းရစ်ချ်သည် မာတင်၏ ဓာတ်ပုံများ အခိုးခံရမှုကို အလေးအနက်စဉ်းစားကာ မာတင်၏ ဓာတ်ပုံတစ်ပုံကို မရရအောင် ရှာပေးရန် သူ၏ဇနီးအား ညွှန်ကြားလိုက်လေသည်။

ဖြစ်ချင်တော့ မာတင်၏ မိတ်ဆွေတစ်ဦးထံမှ မကြာသေးမီက ရိုက်ထား သော ပုံတစ်ပုံ ရရှိ၏။ ဟိုင်းရစ်ချ်သည် ထိုဓာတ်ပုံကိုယူကာ ဆန်ဖရန်စစ္စ လိုက်သွားသည်။ ဓာတ်ခွဲခန်းထဲရှိ မာတ ၏ အလောင်းမှ ကိုယ်အင်္ဂါအစိတ်အပိုင်း များကို ဓာတ်ပုံဖြင့် နှိုင်းယှဉ်ကြည့် လုံးဝမီးလောင်ထားခြင်းမရှိဘဲ အကော ပကတိကျန်ရှိနေသော မာတင်၏နား ကို သွားတွေ့လိုက်ရသည်။ ဟိုင်း သည် စိတ်အားထက်သန်စွာ ဓာတ်ပုံ နားရွက်နှင့် နှိုင်းယှဉ်ကြည့်လိုက်သ နားရွက်ချင်းမတူ။ ကွဲပြားခြားနား သည်။ မီးကျွမ်းအလောင်းမှ နားရွက် နားရင်းနှင့်ပါး တစ်ဆက်တည်း ကြောင်းလေးမရှိ၊ ဓာတ်ပုံထဲမှ နားရွ နားသန်နှင့်ပါး တစ်ခြားစီ အ ကြောင်းလေး ရှိနေသည်။ မာတ လေ့ရှိသော သူ့ရင်ဘတ်မှ စကာ ဒဏ်ရာများကို သတိရပြန်သဖြင့် အလောင်းမှ ရင်ဘတ်တွင် ရှာ မီးကျွမ်းထားသဖြင့် မတွေ့ရ

မမှော်လင့်ဘဲ အလောင်း များကိုစစ်ဆေးလျှင် ပို၍ အချ ပြည့်စုံမည်ဖြစ်သဖြင့် သွားဘ



www.burmeseclassic.com

www.burmeseclassic.com

ပါရဂူတစ်ဦးအား ခေါ်ယူပြသရာ၊ သွားနှစ်ချောင်းကို မကြာသေးမီက နုတ်ထားခဲ့ကြောင်း၊ ကျန်သွားများမှာလည်း ခိုင်ခံ့ကောင်းမွန်ခြင်း မရှိလှကြောင်း သိရသည်။ မာတင်၏ မိသားစုဆရာဝန်နှင့် ဆွေးနွေးကြည့်ရာတွင် မာတင်မှာ သွားလွန်ကောင်း၍ သွားတစ်ချောင်းမှ နုတ်ရခြင်းမရှိသေးကြောင်း သိရသည်။

သည်တော့မှ မီးကျွမ်းအလောင်းမှာ မာတင်၏အလောင်း မဟုတ်ကြောင်း သူ၏ နားနှင့် သွားများက သက်သေခံလျက်ရှိနေသည်။

ဤတွင် စုံထောက်ကြီး ဟိုင်းရစ်ချ်က သက်သေမကာင်းဖြစ်လာကာ အလောင်းကို ထပ်မံရှာဖွေရာ နောက်စေ့တွင် တူဖြင့် ထုနက်ထားသည့် ဒဏ်ရာမျိုး တွေ့လိုက်ရသည်။ လက်ချောင်းကလေးများမှာလည်း မီးလောင်ကျွမ်းခြင်းမျိုးမဟုတ်ဘဲ ငရဲမီးလောင်ထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ကေန္တ လက်ဗွေပုံစံကိုမရနိုင်အောင် ကြိုတင်စီစဉ်ထားခြင်း ဖြစ်မည်။ မျက်လုံးအိမ်များကိုလည်း ဖောက်ထုတ်ထားပြန်သည်။ မာတင်၏ မျက်လုံးများနှင့် အရောင်ချင်းမတူ၍ ဖြစ်မည်။

ဤသို့ဆိုလျှင် မီးကျွမ်းအလောင်းမှာ မည်သူ့အလောင်းဖြစ်သနည်း။ မီးမလောင်မီ ငါးမိနစ်အလိုကပင် ဖနီးထံ ဖုန်းဆက်သေးသည် မဟုတ်လား။

ထို့ကြောင့် ဟိုင်းရစ်ချ်သည် မာတင်၏ ကိုယ်ရေးကိုယ်တာ ပြသနာပါ ထည့်သွင်းကဦးစားရန် လိုအင်လာသဖြင့် ဖနီးဖြစ်သူအား မကွယ်မဝှက် အသေးစိတ်ပြောကြားရန် မေတ္တာရပ်ခံတော့သည်။

"မာတင်က ကျွန်မအမွေပစ္စည်းတွေကို ထုခွဲပြီး လုပ်ငန်းကို လုပ်တာပါ။ အောင်မြင်တယ်လို့တော့ မရှိသေးပါဘူး။ အခုလို သောက်စား သုံးဖြုန်းနေတာကလည်း သူ့ငွေနဲ့မဟုတ်ဘဲ ကျွန်မ အမွေအနှစ်နဲ့ သုံးနေတာပါ။ တစ်ခါကလည်း အမျိုးသမီးတစ်ဦးနဲ့ ငွေကြေးပြဿနာပေါ်လို့ ကျွန်မကပဲ စိုက်ရှင်းလိုက်ရပါတယ်။ သူ့အမြဲ ကြိုစည်နေတာကတော့ 'တစ်ချက်ကောင်းနဲ့ အပွကြီးမယ်'လို့ ပြောနေတာပါပဲ"ဟု ဖနီးသားပွင့်လင်းစွာ ထွက်ဆိုရှာသည်။

ဟိုင်းရစ်ချ်သည် အထည်အလိပ်ပါရဂူများအား အကူအညီတောင်း၍ မာတင်၏ စာတ်ခွဲခန်းသို့ သွားရောက်စစ်ဆေးရာ ဟန်ဆောင်မျှသာ တည်ထောင်ထားသော ဓာတ်ခွဲခန်းဖြစ်ကြောင်း သိလိုက်ရသည်။ သို့သော် ကံကောင်းသည်မှာ ဓာတ်ခွဲခန်းမှ ဘာသာရေးဆိုင်ရာ စာရွက်စာတမ်းအချို့နှင့် သမ္မာကျမ်းစာ တစ်အုပ်ကို တွေ့ရှိခြင်းပင် ဖြစ်သည်။ ၎င်းအုပ်အဖုံးတွင် ဂျီဒဗလျူဘတ်မှ နာမည်တပ်ထားသည်။ အတွင်းဘက်၌ တက်ဆက်ပြည်နယ်အတွင်းရှိ မြို့ရွာနာမည်များကို ရေးမှတ်ထားသည်။ ထို့ကြောင့် ဟိုင်းရစ်ချ်သည် ယင်းအမည်နှင့် နေရပ်ကို ဖောက်လှမ်းပေးရန် တက်ဆက်စုံထောက်ဌာနသို့ အကြောင်းကြားလိုက်သည်။

တက်ဆက်စုံထောက်ဌာနမှ ပြန်ကြားသည်မှာ ဂျီဒဗလျူသည် တရားဟောဆရာတစ်ဦး ဖြစ်ကြောင်း၊ တစ်ချိန်က အလွန်ခင်မင်ရင်းနှီးခဲ့ကြောင်း၊ မကြာသေးမီက ပျောက်ကွယ်သွားသော ဆရာလေးမှာလည်း အဆိုပါ ဘတ်ပင်ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

တစ်နေ့တွင် ဟိုင်းရစ်ချ်၏ ရုံးခန်းသို့ လူနှစ်ယောက်ဝင်လာကာ သူတို့နေထိုင်သော အခန်းတွင် ဝါရင်းဆိုသူ လူစိမ်းတစ်ယောက် ရောက်နေကြောင်း၊ နေ့အချိန်တွင် အပြင်သို့ လုံးဝမထွက်၊ ညဘက်တွင်လည်း သူ့အိပ်ခန်းတွင်း၌ မရပ်မနား လမ်းလျှောက်လျက်ရှိကြောင်း၊ အခြားကိစ္စများပြောလျှင် လုံးဝ စိတ်မဝင်စားသော်လည်း မာတင်၏ မီးလောင်မှုနှင့် ပတ်သက်လျှင် စိတ်ဝင်စားတတ်သည် ဟု ရောက်ပြောဆိုတတ်ကြောင်း၊ မီးကျွမ်းအလောင်းမှာလည်း မာတင်အလောင်းလော ဖြစ်ရမည်ဟု အထပ်ထပ်ပြောတတ်ကြောင်းများကိုပါ ပြောပြကြလေသည်။

ဟိုင်းရစ်ချ်နှင့်အဖွဲ့သည် ထိုသူနှစ်ဦး၏ အခန်းသို့ လိုက်သွားကြသည်။ ဝါရင်းဆိုသူ၏ အိပ်ခန်းတံခါးကို ခေါက်လိုက်သည်။ သို့သော် တံခါးမပွင့်။ ကိုယ်လုံးဖြင့် ပစ်တွန်းဖွင့်ရတော့သည်။

တံခါးပွင့်လျှင်ပွင့်ချင်း ဗိုင်းဟူသော သေနတ်သံ ထွက်ပေါ်လာသည်။ ဟိုင်းရစ်ချ် အိပ်ခန်းအတွင်းသို့ ခုန်ဝင်လိုက်သည်။ ခုတင်ပေါ်၌ သွေးအလူးလူးဖြင့် လဲနေသော ထိုသူ၏ လက်ထဲတွင် ခြောက်လုံးပြူးသေနတ်၊ ခုတင်အနီးရှိ စားပွဲပေါ်တွင် အသင့်ဖြစ်ထားသော ခရီးဆောင်အိတ်တစ်လုံးနှင့် ငွေစက္ကူတစ်ထုပ်ကို တွေ့လိုက်ကြရသည်။ ၀င်စစ် မိမိအတွက် အသက်အာမခံ၊ ဓာတ်ခွဲခန်းအတွက် မီးအာမခံ၊ လျော်ကြေးနှစ်ထပ်ကွမ်းရရန် အကြံဖြင့် သူ့ကိုယ်တိုင် မီးထဲပါသွားဟန်ဆောင်၍ တရားဟောဆရာလေး ဘတ်အား စားစာခံအဖြစ် ရက်စက်စွာ သတ်ခဲ့သူမှာ 'မာတင်'ပင် ဖြစ်လေသည်။ ယခုတော့ ကောင်းကျိုးမပေးသော ရာဇဝတ်မှုအားဖြင့် လျော်ကြေးအစား ကျည်ဆန်ဖြင့် မိမိကိုယ်မိမိ ဇာတ်သိမ်းစေလိုက်ပြီ ဖြစ်ပါ၏။

မာတင် မီးလောင်သေဆုံးသွားပြီဟု လူတိုင်းက ယုံကြည်ရလောက်အောင် အကွက်စေ့စေ့ ပိပိရိရိ ရှိလှသော်လည်း စုံထောက်ကြီး ဟိုင်းရစ်ချ်၏ စွမ်းရည်နှင့် တာဝန်ကျေပွန်မှုတို့က အသတ်ခံရသူကိုရော တရားခံကိုပါ ဖော်ထုတ်နိုင်ခဲ့ပါသတည်း ...။

ဘနှင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မုဆိုးကြီးတောကျော်

နှင့်

# ဂန္ဓရသေ့ချက်

## နေဝင်းမြင့်

"ဆရာတောကျော် . . ဆရာတော်ကျော် . . ဗျို့ ဆရာတောကျော်"

အိမ်ရှေ့မှခေါ်သံကြောင့် ကျွန်ုပ်သည်လည်း လက်စွဲတော်ဝင်ချက်စတာအိုင်ဖယ်ကို တိုက်နေရာမှ အိမ်ရှေ့သို့ကဲကြည့်လိုက်သည်။

"ဆရာတောကျော်မရှိဘူးလားဗျို့"

ကိုပါကြီးသည် ကျွန်ုပ် မမြင်ဘူးသော ဝဝဖိုင့်ဖိုင့် အသက် ၅၀ ကျော်လောက်ခန့်မှန်းရသည့် ဧည့်သည်လူကြီးတစ်ယောက်နှင့် အတူ အိမ်ရှေ့မန်ကျည်းပင်အောက်၌ ရပ်လျက် ကျွန်ုပ်အား အော်ခေါ်နေသည်ကို လှမ်းမြင်လိုက်ရသဖြင့် -

"ရှိပါတယ်"

ဟု ပြောရင်း သေနတ်တိုက်မှုကို အဆုံးသတ်၍ အိမ်ရှေ့ထွက်ခဲ့၏။

"ဆရာတောကျော်၊ အဲ့ဒီက ဧည့်သည်က တွေ့ချင်တယ်ဆိုလို့ ကျုပ်ခေါ်လာတာ။ ဒီမှာ မိတ်ဆွေကြီး၊ ဒါ မိတ်ဆွေကြီး တွေ့ချင်တဲ့ မုဆိုးကြီး ဆရာတောကျော်ပဲ"

ကိုပါကြီးက ဧည့်သည်နှင့်အတူ ကျွန်ုပ်ကို မိတ်ဆက်ပေးပြီး နှုတ်ဆက်၍ ထွက်သွားသည်။ ကျွန်ုပ်က ကျွန်ုပ်မမြင်ဘူးသည့် ဧည့်သည်အား အကဲခတ်ရင်း အိမ်ထဲသို့ ဖိတ်ခေါ်လိုက်၏။

"ကြွပါခင်ဗျာ၊ အိမ်ထဲ ကြွပါ။ ကျုပ် ဘာကူညီရမလဲ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ကျုပ်က ဆရာတောကျော်ကို တွေ့မှတွေ့ပါ့မလားလို့ စိုးရိမ်နေတာ။ ခုလို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လိုက်ရတော့ ဝမ်းသာလိုက်တာဗျာ"

ဧည့်သည်က ဝမ်းပန်းတသာပြောရင်း အိမ်ထဲဝင်လာသည်။ ဧည့်ခန်း၌ ထိုင်မိကြသည်နှင့် ...

"ဆရာတောကျော်၊ ကျုပ်နာမည်က ဆလိုင်းအောင်ဘော်ပါ။ ရခိုင်ရိုးမ အလယ်ကြောက "မသုန်ချောင်း"ဖျားက "ဘူးတောင်း"ဆိုတဲ့ တောင်ပေါ် ရွာကပါ"

ဟု မိတ်ဆက်ရင်း လာရင်း ကိစ္စကို ပြောပြပါ၏။

"လာရင်းကိစ္စကတော့ ဆရာတောကျော်ရယ်၊ ကျုပ်တို့ ဘူးတောင်းရွာပတ်ဝန်းကျင်မှာ ထီးကောင်းကြီးဦးစီးတဲ့ အကောင် ၂၀ လောက်ရှိတဲ့ ဝက်အုပ်ကြီး သောင်းကျန်းနေလို့ ဆရာတောကျော်ကို အကူအညီလာတောင်းတာပါ။ အဲဒီဝက်အုပ်ကြီးကို ရှိုက်ရှင်းပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ခုတော့ ကျုပ်တို့ရွာသားတွေဟာ စပါးလည်းမစိုက်ရ၊ တောင်ယာလည်း စိုက်မရဖြစ်နေတယ်။ စပါးစိုက်ပြန်တော့ အဲဒီဝက်အုပ်ကြီးက စပါးတွေ ဖူးချိန်လုံးချိန်ရောက်ဆို ရောက်လာပြီး စားသောက်ဖျက်ဆီးပစ်ကြတာပဲ။ တခြားတောင်ယာသီးနှံဆိုလည်း အဲဒီလိုပဲ။ အသီးသီးချိန် ပွင့်ချိန်ဆို လာပြန်တာပဲ။ သူတို့ကို ခြောက်လို့လည်း မရဘူး။ လှန့်လို့လည်း မရဘူး။ လွန်ခဲ့တဲ့ လကတော့ တောင်ယာသွားစောင့်နေတဲ့ ဆလိုင်းသာဦး အဲဒီဝက်အုပ်နဲ့ တွေ့သွားပြီး ဝက်ပက်ခံရလို့ သေသွားတယ်။ မသေခင် ပြောသွားတာကတော့ သူ့ကို ထီးကောင်းကြီးပက်သွားတာ ပြောတယ်။ တစ်ကိုယ်လုံး ဒဏ်ရာတွေ ဗလပွနဲ့ဗျာ၊ မြင်မကောင်း ရှုမကောင်းပါဘဲ။ တစ်ရွာလုံးလည်း ဒုက္ခအကြီးကျယ် ရောက်နေရပါတယ်။

အဲဒီဒုက္ခကို ကယ်နိုင်မယ့်လူကို ဘယ်သူမှ ကြည့်မမြင်ဘူး။ ဆရာတောကျော်က လွဲရင်ပေါ့ဗျာ။ ဆရာတောကျော်သတင်းလည်း ကျုပ်တို့က ကြားဖူးတော့ တစ်ရွာလုံး တိုင်ပင်ပြီး ခုလို ဆရာတောကျော်ဆီကိုလာခဲ့တာပါ"

ဆလိုင်းအောင်ဘော်၏ စကားများကို နားထောင်ရင်း ကျွန်ုပ်သည် ဆလိုင်းအောင်ဘော်နှင့် "ဘူးတောင်း"ရွာသူရွာသားများ၏ ခံစားနေရသော ဒုက္ခများကို ကယ်တင်လိုသည့် ဆန္ဒများဖြစ်ပေါ်လာသည်။ ထို့အတူ သားကောင်အသံကြားရလျှင် လက်ယားလှသည့် မုဆိုးဝီဝီ စိတ်ဓာတ်များလည်း တက်ကြွလာကြသည်။

"ဆလိုင်းအောင်ဘော်တို့ အဲဒီထီးကောင်းကြီးဦးစီးတဲ့ ဝက်အုပ်ကို တစ်ခါမှ မပစ်ဖူး၊ မခတ်ဖူးဘူးလား"

ကျွန်ုပ်ကစိတ်ထဲသံသယရှိသည်ကို မေးလိုက်၏။

"ပစ်ပါခတ်ပါသော်ကောဗျာ။ ဒါပေမယ့် ထီးကောင်းကြီးက အဲဒီဝက်အုပ်ကြီးရဲ့ရှေ့က တာထားတာဗျ"

"ဒါဆို ပိုလွယ်တာပေါ့။ အဲဒီကောင်ကြီး ပစ်လိုက်ရုံပေါ့"

"မရဘူးဆရာတောကျော်ရေ၊ ထီးကောင်းကြီးက သေနတ်ပြူးတယ်ဗျ။ သေနတ်နဲ့ ပစ်လို့ကတော့ သေနတ်မီးမကူးဘူး။ ဒူးလေး လင်းလေးနဲ့ ပစ်ပြန်တော့လည်း အသားမပေါက်ဘူး။ အဲဒါကြောင့်ခက်နေတာပေါ့ဗျာ"

ဆလိုင်းအောင်ဘော်က စိတ်ပျက်လက်ပျက်ပြောလိုက်ပါသည်။

ကျွန်ုပ်လည်း ဆလိုင်းအောင်ဘော်၏ စကားအဆုံး တစ်စုံတစ်ရာကို တွေးပြီး ပြ...
လိုက်ရင်း -

"သေနတ်မီးမကူးတဲ့ထီး...
ကောင်းကြီး မုဆိုးကြီးတော...
ကျော်နဲ့တွေ့ကြသေးတာပေ...
ဗျာ"

ဟု ပြောလိုက်ပါသည်။

✿

နောက်တစ်နေ့နံနက်...
ကျွန်ုပ်လည်း တပည့်ကျော်...
စောလဖော်ကိုခေါ်ကာဆလို...
အောင်ဘော်တို့ရွာသို့ လိုက်...
သည်။

ဆလိုင်းအောင်ဘော်...
ရွာမှာ ပန်းတောင်း-တော...
ကုတ်လမ်းမကြီးအတိုင်း ...
စီးပြီး လဲရွာနှင့် ဥသျှစ်ပင်...
လွန်၊ တစ်မိုင်သာသာလော...
ဝေးသည့် ပုသိမ်-မုံရွာလ...
ကြီးနံဘေးရှိညောင်ခြေထော...
ရွာမှ ခြေလျင်သွားကြ...
သည်။

ညောင်ခြေထောက်...
နေပြီးအနောက်ဘက်ဖူး...
ဆက်လက်လာခဲ့ကြရာ...
လယ် ၁၂ နာရီလော...
"လေသာခုနစ်ထပ်တော...
သို့ ရောက်ခဲ့ကြပါသည်။...
ဆက်လျှောက်ခဲ့ကြရာ...
တောဝင်တစ်တောင်...
တစ်တောင်တက် တစ်...



www.burmeseclassic.com

www.burmeseclassic.com

ဆင်းဖြင့် ညနေ ၃ နာရီလောက်၌ တောင်ကျစမ်းရေများ တသွင်သွင်စီးဆင်းလျက်ရှိသော မသုန်မချောင်းကို စတွေ့ရပြီး ထိုမသုန်ချောင်းအတိုင်း အယက်ကို ဆန်တက်ခဲ့ရာ ညနေခင်းမှောင်ရီပျိုးစ ၅ နာရီ ၆ နာရီလောက်၌ တောင်ထိပ်ပေါ်တွင် တည်ထားသည့် "ဘူးတောင်းရွာလေး"သို့ ရောက်ခဲ့ကြပါတော့၏။

ဘူးတောင်းရွာလေးသည် မသုန်ချောင်းဖျားတွင် တောင်ထိပ်ပေါ်၌ရှိသည့် ရွာလေးဖြစ်သည်နှင့်အညီ အိမ်ခြေများများစားစားမရှိလှဘဲ သုံးလေးဆယ်မျှရှိသည့် ချင်းတိုင်းရင်းသားများနေသော ရွာလေးဖြစ်ပါသည်။

*စာကြွင်း*

*(လေသာခုနစ်ထပ်တောင်ဆိုသည်မှာ တောင်ကြီးကိုတန်းတက်မရသဖြင့် ရစ်ပတ်တက်ရရာ ခုနစ်ခါ ရစ်ပြီးမှ တောင်ပေါ်သို့ရောက်ပြီး ၎င်းတောင်ထိပ်ပေါ်မှ မိမိတက်တက်ခဲ့သော လမ်းကို ပြန်ကြည့်လျှင် လမ်းပေါင်း အထပ်ခုနစ်ထပ်ကို မြင်တွေ့ကြရသဖြင့် "လေသာခုနစ်ထပ်တောင်"ခေါ်ကြောင်း ဒေသခံများ ပြောပြချက်အရ သိရပါသည်။)*

ကျွန်ုပ်တို့ ရောက်သည်ဆိုသည်နှင့် ရွာသူရွာသားများ၊ ကလေးလူကြီးအားလုံး ကျွန်ုပ်တို့ တည်းရာ ဆလိုင်းအောင်ဘော်တို့ အိမ်သို့ စုရုံးရောက်ရှိလာပြီး နှုတ်ဆက်စကားဆိုရင်း ဝက်အုပ်ကြီးအကြောင်း၊ ၎င်းတို့၏ ထင်မြင်ယူဆချက်နှင့် အတူ ပြောကြပါတော့၏။ ကျွန်ုပ်လည်း ၎င်းတို့ပြောသမျှ နားထောင်ရင်း ထီးကောင်းကြီးခေါင်းဆောင်နေသည့် ဝက်အုပ်ကြီးကို မည်သို့ ဖြိုခွင်းရမည်ကို စဉ်းစားတွေးတောနေမိပါသည်။

❁

ညက တစ်ညလုံး ထီးကောင်းကြီးနှင့် ဝက်အုပ်စုကို ချေသို့မည်ပုံ ရှင်းလင်းရမည့် အကြောင်းအမျိုးမျိုးတွေးပြီး စိမ်ကိန်းများ ချစဉ်းစားနေမိသဖြင့် တော်တော်နှင့် အိပ်မပျော်သောကြောင့် နံနက်နေထန်းတစ်ဖျားလောက်မှ အိပ်ရာကနိုးလာလေ၏။

"ဆရာတော . . ညက တော်တော်နဲ့ အိပ်ပျော်ပုံမရဘူး။ ကျုပ်တစ်ရေးနိုးတော့ ဆရာတော ဆေးတံတိုက မီးတွေရဲနေတုန်းပဲ။ ကျုပ်က တော့ ပင်ပန်းသွားလို့ထင်ရဲ့။ အိပ်ကောင်းလိုက်တာဗျာ"

စောလဖော်က ကျွန်ုပ်အိပ်ရာကနိုးနိုးခြင်း၊ မျက်နှာသစ် ရေခပ်ပေးရင်း ဆီးပြောလိုက်သဖြင့် ကျွန်ုပ်လည်း -

"ဟုတ်တယ် စောလဖော် ထီးကောင်းကြီးအတွက် တစ်ညလုံး ကျုပ်အော်ပရေးရှင်းလုပ်နေတာနဲ့ တော်တော်နဲ့ အိပ်မပျော်ဘူးဖြစ်သွားတယ်ဗျ"

ဟု ပြန်ပြောရင်း မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဆလိုင်းအောင်ဘော်နှင့် မိုင်းစိန်စိန်တို့ စီစဉ်ထားသော ထမင်းကြမ်း (အစာခံ)နှင့် ပုတာတ်ခြောက်ကြော်ကိုစားပြီး ရှေးလုပ်ရမည့် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြပါသည်။

"ခုအချိန်က လယ်ပြီးမိုးနှောင်းအချိန်ဆိုတော့ လယ်တွေထဲမှာ လယ်တွေစိုက်၊ တောင်စောင်းတွေမှာ စပါးတွေ ဆူးထိုးစိုက်ပြီးတဲ့အချိန်ပဲ ဆရာတောကျော်။ ဒီတော့ ဒီကောင်တွေက သိဂ်မလာကြသေးဘူး။ လာမယ့်နောက်လလောက်မှာ စပါးတွေ ဖုံးကြလုံးကြမှာ။ အဲဒီအချိန်ဆိုရင် သူတို့က ဘယ်ကဘယ်လိုရောက်လာလိုက်မှန်း မသိဘဲ စပါးခင်းတွေကို စားကြ၊ နှာခေါင်းနဲ့ထိုးကြ ချကြတော့တာပဲ။ သူတို့လာပြီဆိုရင် စပါးခင်းတွေလည်း တင်ခင်းပြီးတစ်ခင်း ပျက်ကြတော့တာပါပဲဗျာ။ ခု ဆရာတောကျော်တို့ကို ခေါ်ရတာက စပါးပေါ်ချိန် မတိုင်ခင်သူတို့ရန်ကို ဦးအောင်နှိမ်နင်းဖို့ ကြိုးတင်ကာကွယ်တဲ့အနေနဲ့ အားကိုးတကြီးခေါ်ရတာပါ"

"ဒါဆို ခုဟာက တောင်ယာစပါးခင်းတွေထဲ ဝက်တွေမလာသေးဘူးဆိုတော့ ခြေရာကောက်လိုက်ရင်း တောလည်ရမှာပေါ့။ ဟုတ်စ ဆလိုင်းအောင်ဘော်"

"ဟုတ်ပါ့ ဟုတ်ပါ့"

"ဒါဆို ဒီဘူးတောင်းရွာတစ်ဝိုက်မှာ၊ အနီးအနားမှာပေါ့ဗျာ။ ဝါးတောကြီးတွေရှိလား"

"ဟာ ပေါရောပါ့ဆရာတောကျော်ရာ။ ရွာက ဆင်းသွားတာနဲ့ မသုန်ချောင်းလက်တက် မရော်တောင်ကျချောင်းလေးတစ်ဝိုက်မှာ ဝါးဖြူတောကြီးတွေနဲ့ မျှင်ဝါးတောကြီးတွေ၊ သိုက်ဝါးတောကြီးတွေ၊ ဝါးပိုးဝါးတောကြီးတွေ ဟီးတိုက်နေတာပဲ"

"ဒါဆို အိုကေပေါ့ဗျာ။ ခုအချိန်က ဝါးတောတွေမှာ မျှစ်ပေါက်တဲ့အချိန်ဆိုတော့

www.burmeseclassic.com

ဒီကောင်တွေက မျှစ်သိပ်ကြိုက်တဲ့ ကောင်တွေဗျ။ ခုအချိန်ဆို မျှစ်တောတွေမှာ စားကျက်ဖွင့်ကြတာ"

"ဟာ .. သိပ်ဟုတ်တာပေါ့ဗျာ"

"ကဲ .. ဒါဆို မနက်ကစထွက်ကြစို့။ ဝက်စားကျင်းရှာရင်း အခြေအနေလေ့လာတဲ့သဘောပေါ့ ဆလိုင်းအောင်ဘော်။ အခြေအနေပေးရင်လည်း ပေးသလို လှုပ်ရှားကြရတာပေါ့ဗျာ။ စောလဖော် လိုအပ်တာတွေ အဆင်သင့်လုပ်ဗျာ"

ကျွန်ုပ်စကားအဆုံး၌ အားလုံးသဘောတူဆုံးဖြတ်ပြီး စောလဖော်ကလည်း သူ၏ဂရင်းနားဂန်း (ဗလချိုက်)နှစ်လုံးထိုးသေနတ်ကြီးကို စစ်ဆေးကြည့်ရှုပြီး တောထဲတွင် လိုအပ်သလို သုံးနိုင်ရန် ကြိုးခွေ၊ ဓား၊ ပေါက်ချွန်းတို့ကို အဆင်သင့်ပြင်ဆင်လိုက်ပါ၏။

ထို့နောက် ကျွန်ုပ်တို့ လူအားလုံး နံနက် ၉ နာရီလောက်တွင် ဘူးတောင်းရွာ၏ အရှေ့ဘက် နှစ်မိုင်ကွာလောက်ရှိ ဝါးဖြူတောကြီးဆီ ထွက်ခဲ့ကြပါတော့သည်။

✵

ဝါးဖြူတောကြီးမှာ ရွာနှင့် နှစ်မိုင်သာသာလောက်သာ ဝေးသည်ဆိုသော်လည်းတကယ်သွားသောအခါ အင်းထီတောင်တန်းကြီးခံနေသဖြင့် ထိုအင်းထီတောင်ကြီးကို ပတ်တက်နေရသည့်အတွက် တော်တော်နှင့် မရောက်နိုင်ဘဲ နေ့လယ်တစ်နာရီလောက်မှ ရောက်ကြရချေသည်။

ကျွန်ုပ်တို့လည်း ဘူးတောင်းရွာလေးမှ ဆင်းပြီး မသုန်ချောင်းဖျားရှိ မရော်တောင်ကျချောင်းလေးမှ အင်းထီတောင်တန်းကြီးကိုပတ်တက်ခဲ့ကြရ၍ အတော်ပင်ပင်ပန်းပန်းဖြစ်နေကြရ၏။ ယမန်နေ့ကလည်း ခရီးပြင်းနှင်ခဲ့ရ၊ ယနေ့လည်းခရီးပြင်းမရပ်မနားလျှောက်ခဲ့ကြသဖြင့် အတော်ပင်ပန်းခြင်းဖြစ်ကြရခြင်းဖြစ်သည်။

ရခိုင်ရိုးမကြီး၏ တစ်နေရာဖြစ်သော မသုန်ချောင်းဖျားနှင့် အင်းထီတောင်တန်းကြီးများမှာနေပျောက်မထိုးနိုင်လောက်အောင် ကျွန်း၊ အင်၊ ကညင်ပင်ကြီးများနှင့် မျောက်ချော၊ သစ်ယာ၊ အော်လံ၊ အုံလုံစသော သစ်ပင်ကြီးများနှင့် ဝါးတောကြီးများထူထပ်သိပ်သည်းစွာ ပေါက်ရောက်ရာအရပ်ဖြစ်သဖြင့် အေးစိမ့်၍လည်းနေပေသည်။

လယ်ပြီးမိုးနှောင်းကာလဖြစ်သဖြင့် မိုးရိပ်မပြယ်သေးသော်လည်း ဆောင်းဟေမာန်နှင်းငွေ့ရိပ်က တသိမ့်သိမ့်ဝင်လာပြီဖြစ်သည့်အတွက် ပို၍လည်း အေးစိမ့်နေပေသည်။ ပင်တိုင်း ပင်တိုင်းတို့သည် စိမ်းစိမ်းစိုစိုနှင့် မြရောင်မှိုင်းလျက် ရွက်ကိုင်း ဝေစီလျက် ရှိကြပေသည်။

လမ်းတစ်လျှောက်သား ကောင်ကြီးများ မတွေ့ရသော်လည်း တောကြက်အုပ်နှင့် တောင်လုံးငှက်များ၊ ဟိုပင်သည်ပင် ခုန်ပေါက်ဆော့ကစားနေကြသော မျောက်မောင်းနှင့် မျောက်လွှဲကျော်များကိုတော့ တစ်ကောင်စ နှစ်ကောင်စ တွေ့ခဲ့ကြရ၏။

ကျွန်ုပ်တို့လည်း ဝါးဖြူတောကြီးအစပ်ရောက်သည်နှင့် ထုံးအိုင်ကြီးတစ်အိုင်ဘေးရှိ စရည်းပင်ကြီးအောက်တွင် ရပ်နားရင်း မိုင်းစိန်စိန်ထုပ်ပေးလိုက်သော ထမင်းထုပ်များကို မောမောပန်းပန်းနှင့် မြိန်ရေယှက်ရေ စားလိုက်ကြပါ၏။

ထမင်းစားသောက်ပြီးကြသည်နှင့် ဆလိုင်းအောင်ဘော်နှင့် စောလဖော်တို့ စရည်းပင်ကြီး၏ ပင်စည်ကိုမှီရင်း နှစ်ယောက်သား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြပါတော့သည်။ ကျွန်ုပ်သာ ပတ်ဝန်းကျင်ကိုလေ့လာအကဲခတ်ရင်း ဆေးတံ ·ဖွာလျက် မအိပ်နိုင်ဘဲ ဖြစ်နေပါသည်။

ထိုးကောင်းကြီးဦးဆောင်လာမည့် ဝက်အုပ်ကြီး ဝင်နိုင်ထွက်နိုင် သွားနိုင် လာနိုင် နိုင်နိုင် အောင်းနိုင်မည့်နေရာများကိုလည်း မှန်းဆတွေးတောနေမိ၏။ ကျွန်ုပ်ဆေးနှစ်ဆုံလောက်ကုန်မှ ဆလိုင်းအောင်ဘော်နှင့် စောလဖော်တို့လည်း နိုးလာကြပါသည်။

"ဆရာတောကျော် .. မအိပ်ဘူးလား။ ကျုပ်တို့တော့ မောမောနဲ့ အိပ်ပျော်သွားတယ်ထင်ပါ့"

ဆလိုင်းအောင်ဘော်က ထုံးအိုင်၌ မျက်နှာသစ်ရင်း ပြောလိုက်ပါသည်။

"အေးဗျ၊ အိပ်လို့မဖြစ်ဘူးလေ။ ဆလိုင်းတို့နှစ်ယောက် အိပ်နေတော့ ကျုပ်ပါ အိပ်လိုက်ရင် အကယ်၍ သားကောင်ကြီးတွေနဲ့ မမျှော်လင့်ဘဲတိုးခဲ့ရင် ဒုက္ခရောက်မှာပေါ့။ ကျုပ်တို့က မ မဟုတ်ဘဲ သားကောင် ဖြ သွားမှာပေါ့ဗျ။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကြီးရဲ့ စာကျက်စား ကျင်းနဲ့ သူတို့ခိုအောင်းနေနိုင်တဲ့ နေရာတွေကိုလည်း စဉ်းစားနေတာ"

"ဘယ်လိုသုံးသပ်မိလဲ"

"ခုနေကတော့ ဘယ်အမြေရှာရဦးမှာလဲ ဆလိုင်းရဲ့ ဘယ်မှာမှ မလှုပ်ရှားရသေးတာ၊ စဉ်းစားနေတာပါ"

ထို့နောက် ကျွန်ုပ်တို့သည် ဝါးဖြုတောကြီးတစ်လျှောက် ဝက်ခြေရာ ဝက်ထိုးကျင်းများကို ရှာဖွေကြသည်။ ဝါးတောကြီးများသည် မျှင်ဝါး၊ သိုက်ဝါး၊ တင်းဝါး၊ မျောက်ဝါး၊ ဝါးပိုးဝါးစသည်ဖြင့် သူ့မျိုးနှင့်သူ သူ့အစုနှင့်သူ အရှိုလိုက်ပေါက်ရောက်နေသော တောကြီးများ ဖြစ်ရာ၊ ဝါးတောတစ်တောဝင်လိုက်သည်နှင့် ညို့မှိုင်းနေသော ဝါးတောကြီးများက တမျှော်တခေါ် ရှိသဖြင့် ခရီးကတော်တော်နှင့် မပေါက်နိုင်ဘဲ ဖြစ်နေသည်။

ညနေစောင်းသည့်တိုင် ဝါးတောများအတွင်း အတော်အတန်ရောက်ခဲ့သော်လည်း မည်သည့် ထီးကောင်းကြီးတို့၏ သဲလွန်စကိုမျှ တစ်စေ့တစ်စောင်းပင်မတွေ့ကြရသည့်အတွက် မမျှော်ခင် ရွာအရောက်လှည့်ခဲ့ကြပါ၏။

ညရောက်သောအခါ ရွာသူရွာသားအချို့နှင့်ထီးကောင်းကြီးတို့၏ ရှိနိုင် ကျက်စားနိုင်မည့်နေရာများကို ထင်မြင်ချက်များနှင့် စည်းဝေးတိုင်ပင်ကာ နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့သုံးယောက်အပြင် ရွာမှတောကျွမ်းသည့်မုဆိုးနှစ်ယောက်ကိုပါ ခေါ်၍ ရိက္ခာအပြည့်အစုံဖြင့် ထီးကောင်းကြီးတို့အား ရှာပုံတော်ဖွင့်ကြပါတော့သည်။

ဘူးတောင်းရွာလေးနှင့် မနီးမဝေးရှိ ရွာဝန်းကျင်တောတောင်တစ်ဝိုက်(ရွာနှင့် သုံးမိုင်လောက်တွင်)ကျွန်ုပ်တို့၏ ထီးကောင်းကြီးဦးစီးသော ဝက်အုပ်ရှာပုံတော်စစ်ဆင်ရေးမှာ သုံးရက်မြောက်သည့်တိုင် မည်သို့မျှ မထူးခြားနိုင်ဘဲရှိနေခဲ့ရလေသည်၊

ကြခတ်ဝါးတောကြီးများ၊ ဝါးနက်ဝါးတောကြီးများ၊ ထီးရိုးတောကြီးများအပါအဝင် စပါးစိုက်ခင်းအချို့နှင့် မိုးရာသီတောင်ယာခင်းများအဆုံး အသေးစိတ်ခြေရာကောက်သည့်တိုင် မည်သည့်သဲလွန်စမျှ မတွေ့ရသဖြင့် ကျွန်ုပ်တို့လည်း စိတ်ပျက်စပြုလာကြလေ၏။ သို့သော် ကျွန်ုပ်မှာ တာဝန်ရှိသူ မုဆိုးကြီးဖြစ်နေသဖြင့် စိတ်ပျက်သောအမူအရာကို မပြရဲဘဲ တာဝန်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ပြီးသူ့ပီပီ ဟန်လုပ်နေရပေသည်။

စောလဖော်က စိတ်ပျက်လက်ပျက် ပြောလိုက်သဖြင့် ကျွန်ုပ်က စောလဖော်ကိုပပ်ပြုံးပြုံးကြည့်ရင်း . . .

"သူ့ရဲ့ကောင်းတို့မည်သည် သေခါမှဘဲ လက်လျှော့ရတယ်မဟုတ်လား၊ စိတ်မပျက်ပါနဲ့ဗျ၊ ယောက်ျားတံခွန် လူရည်ချွန်ဖြစ်ဖို့ ကြိုးစားစမ်းပါ"

ဟု ဟန်လုပ်၍ အားပေးစကားပြောကြားလိုက်ပါသည်။

ကျွန်ုပ်တို့လည်း လေးရက်မြောက်နေ့တွင်တော့ ရခိုင်ရိုးမကြီး၏အလယ်ကြော "မရှိ" ရွာဘက်သို့ ရောက်မှန်းမသိ ရောက်သွားကြလေသည်။

ရခိုင်ရိုးမကြီးသည် မြင့်မားမက်စောက်သော တောတောင်ထူထပ်ရာဒေသဖြစ်သည်နှင့်အညီ နက်ရှိုင်းသော ချောက်ကြီးများ၊ ကျဉ်းမြောင်းသော လျှိုကြီးများကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲရကား နယ်မြေအနေအထားအရ တစ်ရွာနှင့်တစ်ရွာမှာ အလှမ်းကွာဝေးကြလေ၏။

မရှိရွာနှင့် ဘူးတောင်းရွာမှာ ခန့်မှန်း ၁၀ မိုင်ခန့်လောက်မျှ ကွာဝေးပြီး ကြား၌ အသူတစ်ရာချောက်ကြီးမျိုး ငါးခုလောက်နှင့် "ဇော်လ၊ မိဂန်၊ တောင်ငူ"စသော ချောင်းကြီးများကို ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ကြရပေသည်။

ကျွန်ုပ်တို့ မိုးထိတောင်မှ ဆင်းပြီး တောင်ငူချောင်းကို ဖြတ်ဆင်းလိုက်သည်နှင့် သစ်ဆီမွှေးနှင့် သစ်ယာတို့ ရောနှောပေါက်ရောက်လျက်ရှိသည့် သစ်တောကြီးကိုတွေ့ရပြီး သစ်တောအစပ်၌ မိုးရာသီတောင်ယာစိုက်ခင်းအချို့ကိုတွေ့လိုက်ရသည့်အတွက် တောင်ယာတဲများရှိလိုရှိငြား ဝင်ခဲ့ကြလေသည်။ အကယ်၍ တောင်ယာတဲများ၌ ယာစောင့်သူတွေ့ရပါက ထီးကောင်းကြီးတို့၏ သတင်းစုံစမ်းရန် ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်တို့ ရောက်ခဲ့သည့်တောင်ယာမှာ ဂျုတ်စိုက်ခင်းနှင့် ပြောင်းစိုက်ခင်းများဖြစ်ပြီး စိုက်ခင်းတစ်ခုလုံး မြေများပေါက်ဖွဆွထားသလိုဖြစ်ရာရကြနေကာ အသီးအနှံများလည်း မရှိကြတော့ဘဲ အပင်များလည်း ယိမ်းယိုင်



www.burmeseclassic.com

www.burmeseclassic.com

ကျိုးပဲ့နင်းခြေထားသလို ဖြစ်နေကြသည်ကိုတွေ့လိုက်ကြရလေ၏။

"ဟာ .. ဆရာတော့ ကျော်၊ ဒါဆို ထီးကောင်းကြီးတို့ လက်ချက်ဖြစ်နိုင်တယ်ဗျ"

ဆလိုင်းအောင်ဘော်က အခြေအနေကို သုံးသပ်ရင်း ထင်မြင်ချက်ပေးလိုက်၏။ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုအတိုင်းပင် ယူဆမိသဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်ကွ .. ၊ ငါ့တောင်ယာကွာ .. ပွဲစပ်နား ရောက်မှ ဖျက်ဆီးခံလိုက်ရတယ်"

ထိုအချိန်တွင်ပင် တဲပျက်ထဲ၌ စိတ်ပျက်လက်ပျက်နှင့် ဒူးလေးကြီးအနားချ၌ချလျက် ထိုင်နေသူတစ်ဦးကို တွေ့လိုက်ကြရလေသည်။ ထိုသူသည် ကျွန်ုပ်တို့ကို ကြည့်ပြီး ယူကျုံးမရပြောလိုက်ခြင်းဖြစ်ပေ၏။ သူ့မျက်နှာ၌လည်း မကျေနပ်မှုကြောင့် ဒေါသရိပ်တို့ လွှမ်းနေသည်ကို တွေ့ရှိနေရပေသည်။

"တော်တော်ဒုက္ခပေးတဲ့ သတ္တဝါတွေပါကွာ။ ဒီအချိန်ဆို ဘယ်ကဘယ်လိုရောက်လာမှန်းမသိဘဲ ရောက်ရောက်လာပြီး ဖျက်ဆီးတော့တာပဲ။ ခုလည်း ဒီလိုပါပဲ။ ငါ့တောင်ယာလားဆိုတော့ မဟုတ်ဘူး။ တို့ရွာက တောင်ယာအတော်များများပါပဲကွာ"

ထိုသူက ဆက်ပြောသဖြင့် ကျွန်ုပ်တို့လည်း ထိုဝက်အုပ်ကြီးကို ရှာဖွေနေသူများ ဖြစ်ကြောင်း ပြန်လည်ပြောပြကြရာ ထိုသူသည် ဝမ်းသာအားရဖြင့် -

"ဟာ .. ဟုတ်လား၊ ဒါဆို အဲဒီဝက်အုပ်ကြီးဆင်းသွားတဲ့ မြောင်ကို ငါသိတာပေါ့ကွာ။ ငါလိုက်ပြပါ့မယ်"

ဟု ပြောရင်း တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် တွေ ဆိုင်းဆိုင်းဖြစ်သွားကာ -

"ဒါ့ထက်နေပါဦးကွ။ အဲဒီဝက်အုပ်ကြီးထဲမှာ အချိန် ၈၀/၉၀ လောက်ရှိမယ့် ဝက်ထီးကြီးတစ်ကောင်က အမြဲတမ်း ဝက်အုပ်ကြီးကိုပတ်ထားတယ်။ အဲဒီဝက်ကြီးမှာ အစွယ်ကလည်း အပြင်ကို တစ်မိုက်လောက်ထွက်နေတယ်။ စွယ်နီကြီးကွ။ သူ့အစွယ်တွေက ရဲပတောင်းခတ်နေတာပဲ။ ပစ်လို့ခတ်လို့ကလည်း ဘယ်လိုမှ မပေါက်ဘူး။ ငါဆို သစ်ပင်ပေါ်က တက်၊ ဒူးလေးနဲ့ပစ်တာခဏခဏပဲ။ ဒါပေမယ့် အရေးတောင်မလုပ်ဘူး"

ဟု ဆက်ပြောလိုက်ပါသည်။

"ဟဲ .. ဟဲ .. ဟဲ .. ဟဲ"

ထိုသူ၏ စကားအဆုံး၌ ကျွန်ုပ်က ခပ်ဟက်ဟက်က လေးရယ်လိုက်ပါသည်။

ထို့နောက် -

"ဒီမှာ မိတ်ဆွေကြီးလိုက်သာပြပါဗျာ။ သူကလည်း ဂန္ဓာရီ ဝက်ထီးကြီး၊ ကျုပ်ကလည်း ဂန္ဓာရမုဆိုးကြီးပါ။ ကျုပ်နဲ့တွေ့ရင် ဒင်းမခံနိုင်လောက်ပါဘူး"

ဟု မိမိကိုယ်မိမိ ယုံကြည်စွာဖြင့် ပြောလိုက်ပါ၏။

✵

ကျွန်ုပ်တို့လည်း ထိုမရှိရွာသား လိုက်လံပြသသည့် ဝက်အုပ်ကြီးဖြတ်သွားရာ လမ်းကြောင်းနောက်သို့ အစဉ်တစိုက်လိုက်ခဲ့ကြရာ ဝမ်းဟန်တောင်ကြောအဆုံး လျှိုကြီးထဲ၌ တအင့်အင့်ဝက်အော်သံများနှင့် ဝက်ထိုးသံများကို ရုတ်တရက် ကြားလိုက်ကြရလေသည်။

"အင် .. အင်၊ အင့် .. အင့်"

"ခွီး .. ခွီး၊ ခွီး ခွီး .. ၊ အင့် .. ၊ ဝုန်း .. ဖူး"

ထိုအခါ မရှိရွာသား ကျော်ဖံသာက ရှေ့မှသွားနေ ရာမှ တုန့်ခနဲ ရပ်လိုက်ပြီး -

"ဟော .. တွေ့ပြီ၊ တွေ့ ပြီ။ အဲဒါ ထီးကောင်းကြီး ခေါင်းဆောင်တဲ့ ဝက်အုပ်ကြီ မြေထိုးပြီး မျှစ်ချိုးစားနေကြ အသံဗျ"

ဟု ဆိုလိုက်သဖြင့် ကျွန်ုပ်က အသံမထွက်ရ အသာနေဆိုသော သဘော ဖြင့် လက်ကာပြလိုက်၍ တို့ အားလုံးကို ထိုနေရာမှာ ရပ်တန့်နေစေကာ ကျွန် တစ်ယောက်တည်း ဝက်အ ကြီး၏ အသံလာရာလမ်း အောက်ဘက်မျှင်ဝါးတော ဆီသို့ လက်စွဲတော်ကြီး အသင့်မောင်းတင်ကာ လျှ ရေခလုတ်ပိတ်ပြီး ဖြည်းဖြည်း ချင်း ချဉ်းကပ်ခဲ့၏။

ကိုက် ၂၀၀ လော အရောက်၌ ကျွန်ုပ်လည်း ဆိမ့်ပင်ကြီးအနီးမှ ဝါးရုံ ကို အကာအကွယ်ယူ အသံလာရာသို့ ကြည့်လိုက် ဝက်ကြီး ဝက်သေး အ ၂၀ လောက်နှင့် အချိန် ၁၀၀ လောက်ရှိမည့်အ နီရဲသော အစွယ်ကြီးနှ ပြူးထွက်နေသည့် ဝက် တစ်ကောင်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ကျွန်ုပ်လည်း သေချာပြီဖြစ်သဖြင့် ဆလိုင်းအောင်ဘော်တို့ဆီအမြန်ဆုံး ပြန်ပြေးလာကာ ဝက်ကြီးထီးကောင်းဦးစီးသော ဝက်အုပ်ကြီးဖြစ်သည်မှာ သေချာကြောင်း ပြော၍ . . .

"ဝက်တွေက မျှင်ဝါးကျင်းမှာ တစ်နေရာတည်း စုပြုံစားနေကြတာ။ ထီးကောင်းကြီးကတော့ ကျန်တဲ့ဝက်တွေကို တစ်ဖက်က ဝါးတောကြီး အကာအကွယ်ပြုပြီး သူက ဝါးတောနဲ့ ဝက်အုပ်ရဲ့အပြင်၊ ဝက်အုပ်ကြီးကို ကြားထဲမှာထားပြီး အစာစားနေတာတွေ့ခဲ့ရတယ်။ ဒီကောင်တွေ တော်တော်ပါးတယ်။ ကျုပ်တို့ ဒီမှာနေလို့မဖြစ်ဘူး။ ဒီနေရာက ဝက်အုပ်ကြီးရဲ့ လေညာဖြစ်နေတော့ မကြာခင်ကျုပ်တို့ အနံ့ကိုရသွားနိုင်တယ်။ ဒီတော့ ချက်ချင်း ဝက်အုပ်ကြီးရဲ့လေအောက်ကို ပြောင်းကြမှဖြစ်မယ်။ ဒါမှ ကျုပ်တို့ အနံ့ကိုမရမှာ"

ဟု ဆိုကာ ချက်ချင်းပင် ဝက်အုပ်ကြီး၏ လေအောက်ဘက်သို့ တိတ်တဆိတ်အသံလုံလုံနှင့် ထွက်လာခဲ့ကြပါသည်။ ဝက်အုပ်ကြီး၏ လေအောက်ဘက်ရောက်သည်နှင့် ထီးကောင်းကြီးအား ပစ်ခတ်ရန် အစီအစဉ်ဆွဲလိုက်ကြပါတော့၏။

သေနတ်မီးမကူးဟုဆိုသော ထီးကောင်းကြီး၏ အန္တရာယ်က မသေးလှသည့်အတွက် ပေါ့ပေါ့ဆဆ လုပ်၍မရကြောင်း ကျွန်ုပ်တို့အားလုံး သိထားကြပါသည်။ သို့သော် ကျွန်ုပ်၌ ထိုစားလုံ့သေနတ်ပီးသော ထီးကောင်းကြီးအား အလွယ်တကူ ဖြိုခွင်းနိုင်သည့် ဂမ္ဘီရပညာတစ်ခုရှိနေပါသည်။ ထိုပညာအသုံးပြုနိုင်ရေးမှာလည်း ထီးကောင်းကြီးက အချက်ပြမှပင်ဖြစ်နိုင်သည်။ ထီးကောင်းကြီး၏အန္တရာယ်ကို လျှော့တွက်၍ မရခြင်းဖြစ်ပါ၏။

ကျွန်ုပ်သည် စောလဖော်ကို အသင့်ပါလာသော ကြိုးခွေကို ထုတ်ရန်အချက်ပြလိုက်ပါသည်။ စောလဖော်ကလည်း ကျွန်ုပ်တပည့် ပီသပါသည်။ ကြိုးခွေထုတ်ရန် အချက်ပြလိုက်သည်နှင့် သစ်ပင်ပေါ်ကို အလယ်၌ ကြိုးစသွင်းချည်နှောင်၍ ပစ်တင်ရန် ငါးကျပ်သားခန့်ရှိ ခဲသီးလုံးကိုပါ ထုတ်လိုက်၏။ ထို့နောက် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီး သစ်ဆိမ့်ပင်ကြီး၏ခွဆုံကောင်းကောင်းအကိုင်းသို့ လောက်လွဲဖြင့် ပစ်တင်လိုက်ပါသည်။

ပစ်လွှတ်လိုက်သော ခဲသီးနောက်သို့ ကြိုးစကပါသွားပြီး သစ်ကိုင်းတစ်ဖက်မှ ပြန်ကျလာလေ၏။ မြေပေါ်သို့ရောက်သည်နှင့် ကြိုးစနှစ်စကို လူလက်တစ်ကမ်းလောက်မှ အသေဆွဲချည်ကာ သစ်ဆိမ့်ပင်ကြီးပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ကြိုးစနှစ်ချောင်းကို ပူးဆွဲပြီးတက်စေပါ၏။ မကြာလိုက်ပါ။ ၁၀ မိနစ်လောက်အတွင်းမှာပင် ကျွန်ုပ် မုဆိုးကြီးတောကျော်မှလွဲ၍ သစ်ဆိမ့်ပင်ဝိုက်ဝိုက်ကြီးပေါ်သို့ မရှိရှာသားကျော်ဇံသာနှင့် ကျွန်ုပ်အဖွဲ့သားအားလုံး ရောက်ရှိသွားပါတော့၏။

၎င်းတို့အားလုံး သစ်ဆိမ့်ပင်ကြီးပေါ်ရောက်ရှိသွားသည်နှင့် နောက်တစ်ခါ ကျွန်ုပ် အချက်ပေးလိုက်ရာ စောလဖော်က စက်သီးဆွဲကြိုးကိုချပေးလိုက်ပါသည်။

ထိုစက်သီးဆွဲကြိုးကို ကျွန်ုပ်က ဖမ်းဆွဲပြီး ကျောပိုးအိတ်ထဲ၌ အသင့်ထည့်ထားသော ကျောသိုင်းကြိုးနှင့် ခါးသိုင်းကြိုးကိုထုတ်ကာ ကိုင်တွယ်ချည်၍ [illegible] သစ်ပင်ပေါ်သို့ [illegible] ဆင်းနိုင်တက်အောင်ရန် သုံးခါလောက် စက်သီးကို [illegible] ချလိုက်လုပ်ခိုင်းလိုက်ပါသည်။ တပည့်ကျော် စောလဖော်မှာ အတွေ့အကြုံများသူပီပီ ကျွန်ုပ်စေခိုင်းသမျှ တစ်သဝေမတိမ်း လုပ်နိုင်သဖြစ်ပေ၏။ သို့ကြောင့်ပင် ကျွန်ုပ်၏ခန္ဓာကိုယ်ကြီးမှာ မြေကြီးမှ ဝက်ကြီးနှစ်ရပ်စာလောက်အထိ တက်လိုက်ဆင်းလိုက်ဖြစ်သွားပါသည်။ ထိုအချိန်တွင်ပင် . . .

နားကင်းပါးလှသော ဝက်ကြီးထီးကောင်းသည် ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကို ကြားသွားပြီး ကျွန်ုပ်ဘက်သို့ နားရွက်ကြီးစူ၍ ကျဉ်းမြောင်းသော မျက်လုံးများနှင့် စူးစူးစိုက်စိုက်ကြည့်လာပါတော့၏။

မှန်ရာကိုဝန်ခံရလျှင် ဝက်ကြီးထီးကောင်းကိုရရှိရန်ထက် ၎င်း၏ ချွန်ထက်၍ အပြင်သို့ တစ်ထွက်တစ်မိုက်ခန့် ရှည်ထွက်နေသော ဟင်္သာပြဒါးရောင်တောက်ထနေကြသည့် အစွယ်ကြီးနှစ်ချောင်းကို ပိုမိုရယူလိုနေပါသေးသည်။ ထီးကောင်းကြီးမှာ ထိုစွယ်နီကြီးများကြောင့်ပင် [illegible] ပီး၊ တုတ်ပီး၊ သေနတ်ပီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်မဟုတ်ပါလား။ ဝက်များ အစွယ်နီလျှင် အလယ်၌ အခေါင်းမရှိဘဲ “ကင်း”(ဂင်း) ပိတ်များဖြစ်၍ ထိုအစွယ်ကို ဝက်မသေခင်ရပါက ကျွန်ုပ်တို့ အတွက် ကာယသိဒ္ဓိခေါ် ဓား၊ လှံ၊ တုတ်၊ သေနတ်အပြီးအစီး ရောက်စေနိုင်သည့် အစီအရင် များ စီရင်၍ရကြောင်း ကျွန်ုပ် သိထားသောကြောင့် ဖြစ်ပါ၏။ ၎င်းဝက်သေမှ ထိုအစွယ်များ ကိုရပါမူ သိဒ္ဓိမရှိတော့ဘဲ မည် သို့မျှ အသုံးမဝင်တော့ပါချေ။ (ကျွန်ုပ်၏ ကြားဖူးနားဝဖြစ်ပါ သည်။)

သို့ကြောင့်ပင် ကျွန်ုပ် သည် ထီးကောင်းကြီး၏ စူးရဲ သော မျက်စိရှေ့၌ ဝင်ချက်စ တာ လုံခြုံရေးခလုတ်ကို ဖွင့် ကာ အသင့်အနေအထားဖြင့် ကိုင်ရင်းထီးကောင်းကြီးကို အနည်းငယ်လှုပ်ရှားပြလိုက်ပါ၏။

ထီးကောင်းကြီးသည် ကျွန်ုပ်၏ လှုပ်ရှားမှုပုံရိပ်ကိုမြင် သဖြင့် တအင့်အင့်အော်ရင်း-

“အင့် .. အင့် .. ဝူး၊ ရှူး .. ရှူး၊ ရှူး .. ရှူး”နှင့် ဒေါသတကြီးဖြစ်ကာ မြေကြီး ကို လှိမ့်ထိုးနေပါသည်။ ကျွန်ုပ် လည်း မျက်စိမမှိတ်ဘဲ ၎င်း၏ လှုပ်ရှားမှုများကို စောင့်ကြည့် နေလိုက်ပါသည်။

“ဆရာတော .. သတိ ထားဗျို့”

သစ်ပင်ပေါ်မှ စောလ ဖော်က လှမ်းသတိပေးလိုက် ပါသည်။ ထို့အတူ ဆလိုင်း၊ အောင်ဘော်နှင့်ရခိုင်အမျိုးသား ကြီးကျော်ဇံသာတို့ကလည်း -

“ဟုတ်တယ် ဆရာတော ကျော် သတိကြီးကြီးထားပါ။ ဒီ ကောင်ကြီးက လူသတ်နေကျ အကောင်ကြီးဗျ”

ဟု လှမ်းအော်သတိပေး လိုက်ကြပြန်ပါသည်။ ကျွန်ုပ် ကလည်း -

“မပူပါနဲ့ဗျို့၊ ဒီကောင်ကြီး မုဆိုးကြီးတောကျော်ရဲ့ သား ကောင်းပါ”

ဟု ပြန်အော်ရင်း ထီး ကောင်းကြီး လှုပ်ရှားသမျှ ဆက်လက်ကြည့်နေလိုက်ပါ၏။

ထီးကောင်းကြီးကတော့ ဝါးရုံမြစ်ခြေမှ မြေကြီးများကို အအင့်အင့်အော်ရင်း လှိမ့်ထိုး နေဆဲဖြစ်ပါသည်။ သူ့နောက် လိုက် ဝက်အုပ်ကတော့ ထီး ကောင်းကြီး အအင့်အင့်အော် ၍ မြေကြီးထိုးသည်နှင့်ပင် ၎င်း တို့အား ပြေးရန်အချက်ပေး လိုက်သည့်အလား နားရွက် များ စူပြီး တအင့်အင့်နှင့် ကြောက်လန့်ထွက်ပြေးကြပါ တော့သည်။

ကျွန်ုပ်ကြည့်နေစဉ်ပင် ထီးကောင်းကြီးသည် သူ၏ ဘယ်ဘက်ပေါင်တစ်ခြမ်းကို မျှင်ဝါးရုံကြီးဖြင့် ပွတ်တိုက်ပါ သည်။ ထိုအချက်ကို စောင့် ကြည့်နေသော ကျွန်ုပ်လည်း ထီးကောင်းကြီးကို ကြည့်ပြီး သဘောကျစွာနှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပါ၏။

ကျွန်ုပ်ပြုံး၍မှ မဆုံးခင် ထီးကောင်းကြီးသည် ကျွန်ုပ်ထံ သို့ လေးလုံးတိုက်၍ တအား ဒေါနှင့်မာန်နှင့် ပြေးလာပါ သည်။ ကျွန်ုပ်လည်းမျက်တောင် မခတ်ကြည့်ရင်းဝက်ကြီး၏ ဒေါသကိုဆွပေးသည့်အနေဖြင့် မလှုပ်မယှက်ရပ်နေလိုက်ပါ သည်။ အစွယ်တစ်ကမ်းအလို ရောက်မှ ကျွန်ုပ်အချက်ပြကြိုး ကိုင်လိုက်ပါသည်။ ထိုခဏ တွင်ပင် ကျွန်ုပ်၏ ခန္ဓာကိုယ် ကြီးသည် လေထဲသို့ ဝက်ကြီး မမှီနိုင်လောက်သည့်အကွာ အဝေးအထိမြောက်တက်သွား ပါတော့၏။ ဝက်ကြီးထီး ကောင်းကတော့ မလှုပ်မယှက် ရပ်နေသော ကျွန်ုပ်ကို အပိုင် တွက်ဆ၍ ဒေါသဖြင့် တအား ပြေးထိုးလိုက်ပါသည်။ သို့သော် ကျွန်ုပ် ခန္ဓာကိုယ်က လေထဲ မြောက်တက်သွားပြီးဖြစ်၍ ကျွန်ုပ်ကို မထိုးမိတော့ဘဲ သစ် ဆိမ့်ပင် ပင်လုံးကြီးကိုထိုးမိရာ “ဖျောင်း”ကနဲ အသံနှင့်အတူ ၎င်း၏စေးစေနီရဲနေသည့် အစွယ်ကြီးနှစ်ချောင်း သစ်ပင် ၌ ကျိုးစိုက်၍ စူးနစ်သွားပါ တော့သည်။

ထီးကောင်းကြီးဒေါသ အလွန်ကြီးသည့်အကောင်ကြီး ဖြစ်ပါသည်။ ၎င်း၏အစွယ်ကြီး နှစ်ချောင်းကျိုးသွားသည်ကိုပင် ဂရုမထားဘဲ သစ်ပင်ကြီးကို ဆယ့်ကိုးခါလောက် ဆက် လက် ထိုးနေပြန်ပါသည်။ ထို့ နောက်မှ လေထဲတွင် ချာလည် လည်နေသော ကျွန်ုပ်နှင့် သစ် ပင်ပေါ်မှ စောလဖော်တို့အဖွဲ့ ကို ကြည့်ရင်း တအင့်အင့် အော်၍ နောက်ကြောင်းပြန် လှည့်သွားပါတော့၏။ ထီး ကောင်းကြီး စိတ်လျှော့သွား ခြင်း ဖြစ်ပေ၏။

ထိုအခါမှ ကျွန်ုပ်လည်း ကပျာကယာ မြေပေါ် ခုန်ဆင်းလိုက်ကာ ဘယ် ဒူးကို ထောင်၊ ညာဘက် မြေမှာထိလှဲ့ပြီး ညာ ဖနောင့်က စအိုကိုပိတ် (မုဆိုး ဒူးထောက်)ထိုင် ထီးကောင်းကြီး ဝါးရုံနှင့် ဖြစ်စဉ်က ပွတ်တိုက်ခဲ့ ဘယ်ဘက်ပေါင်တစ်ခြမ်း လက်စွဲတော် ဝင်ချက်



www.burmeseclassic.com

www.burmeseclassic.com

နှိုင်ဖယ်ဖြင့် နှစ်ချက်ဆင့်ပစ်လိုက်ပါတော့သည်။

"ဒိုင်း . . ဒိုင်း"

"အင့် . . အင့် . . ဝူး၊ ဝုန်း . . ဝုန်း"

တောတောင်တစ်ခုလုံး ကော်ဇိုက်ယမ်းအား ပေါက်ကွဲသံကြီးဖုံးလွှမ်းသွားသံနှင့်အတူ သေနတ်မီးမကူးသည့် ထီးကောင်းကြီး၏ ဘယ်ဘက်ပေါင်နှင့် ခြေထောက်ဆီမှ သွေးတို့က ရဲကနဲ ဖြာကျလာပြီး ကာယသိဒ္ဓိအပြီးတိုင်ပါသည်ဆိုသော ထီးကောင်းကြီးသည် မြေသို့ ဘိုင်းကနဲ ပစ်လဲကျကာ လူးလှိမ့်နေပါတော့၏။

"ဟာ . . ဒါကြောင့် ထီးကောင်းကြီးကလည်း ဂမ္ဘီရဝက်ကြီး၊ မုဆိုးကြီးတောကျော်ကလည်း ဂမ္ဘီရမုဆိုးကြီး၊ ထီးကောင်းကြီးဘယ်လောက်ပြီးပြီး မုဆိုးကြီးတောကျော်နဲ့တွေ့ရင် မခံနိုင်ပါဘူးလို့ ပြောတာပဲ။ အဲ့ဒါရောဗျာ။ဒါကြောင့် မုဆိုးကြီးတောကျော် နာမည်ကြီးတာပေါ့"

ဆလိုင်းအောင်ဘော်က သစ်ဆိမ့်ပင်ကြီးပေါ်မှ အားရဝမ်းသာ အော်ပြောရင်း ဆင်းလာပါသည်၊ အောက်သို့ အားလုံးရောက်သည်နှင့် ၎င်းတို့အားလုံး ဝက်ကြီးဆီပြေးသွားကြပါသည်။ မသေမရှင်ဖြစ်နေသောဝက်ကြီးကို ၎င်းတို့ အဆုံးစီရင်လိုက်ကြပါသည်။

ကျွန်ုပ်ကတော့ သစ်ဆိမ့်ပင်ကြီး၌ ကျိုးပြီးစူးနစ်မြုပ်ကျန်ခဲ့သည့်ဝက်စွယ်နီ ကင်း (ဂင်း)ပိတ်နှစ်ချောင်းကို ရဲဒင်းနှင့် ပေါက်၍နှုတ်ယူပြီး အမော အပန်းဖြေရင်း သစ်ဆိမ့်ပင်ကြီးကို မှီ၍ ဆေးတံကိုမီးညှိကာ အားရပါးရခဲနေလိုက်ပါတော့၏။

✿

ဆလိုင်းအောင်ဘော်နှင့် ကျော်ဇံသာတို့သည်ထီးကောင်းကြီးကို ကြိုးများဖြင့် တုပ်နှောင်ပြီး စောလဖော်နှင့်ကျွန်ုပ်မှလွဲ၍ ကျန်လူများဖြင့် ရွာထိထမ်းခဲ့ကြပါ၏။ မရှိရွာသို့ရောက်သည်နှင့်တစ်ရွာလုံးရှိ ကလေးလူကြီး ယောကျ်ားမိန်းမအားလုံးတို့ "အောင်ပြီ၊ အောင်ပြီ" ဟု ထီးကောင်းကြီးကို ကြည့်ပြီး အားရဝမ်းသာ အောင်ဟစ်ကြွေးခုန်ပေါက်နေကြပါတော့သည်။

"တို့တစ်တွေကို ဒုက္ခပေးတဲ့၊ တို့တောင်ယာတွေကို ဖျက်ဆီးတဲ့ထီးကောင်းကြီး၊ ခုတော့ နင် ဘာတတ်နိုင်သေးလဲ"

ဟု အမြိုးအတေးကြီးစွာဖြင့် ဆဲဆို၍လည်း နေကြပါတော့၏။ တစ်ရွာလုံးအားရဝမ်းသာ ကခုန်အော်ဟစ်နေကြသည်မှာ ဘဝင်မျှည်းထွက်နေပါတော့သည်။

"ဆရာတော၊ သေနတ်ပီးမီးမကူးတဲ့ ထီးကောင်းကြီးကို နင်ကလည်း ဂမ္ဘီရဝက်ကြီး၊ ငါကလည်း ဂမ္ဘီရမုဆိုးကြီးဆိုပြီး အလဲလှဲနိုင်ခဲ့တာ၊ ကျုပ်ဖြင့် တော်တော် အံ့ဩသွားတယ်ဗျာ။ ဂမ္ဘီရဝက်ထီးကြီးကို ဂမ္ဘီရမုဆိုးကြီးက ဘယ်လိုနည်းနဲ့ အနိုင်ယူခဲ့တယ်ဆိုတာ ကျုပ်ကို ပြောပြစမ်းပါဦး"

တပည့်ကျော်ကြီး စောလဖော်က မရှိရွာသူရွာသားများရှေ့မှောက်၌ ဂုဏ်ယူဝင့်ကြွားပီတိများ ဝေဖြာစွာဖြင့် မားမားရပ်နေသော ကျွန်ုပ်အနားသို့ ကပ်လာရင်း မေးလာပါ၏။

ထိုအခါ ကျွန်ုပ်သည် စစ်ပွဲကို အောင်နိုင်လာသော စစ်သူကြီးတစ်ဦးကဲ့သို့ မာန်ပါပါဖြင့် လက်ပိုက်ရင်း . .

"ဒါ ပညာပေါ့စောလဖော်ရဲ့။ သတ္တဝါတွေဟာ ဘယ်လောက်ပဲ "ထကာ . . ထကာသေ"ဆိုတဲ့ ကာယသိဒ္ဓိတွေပြီးနေနေ၊ တစ်နေ့ချင်း သူတို့အတွက် မပြီးနိုင်တဲ့ "သုက်"ကိန်းတဲ့ နေရာတစ်နေရာ တစ်နေရာ ရှိနေတတ်တယ်။ အဲဒီမပြီးနိုင်တဲ့ သုက်ကိန်းတဲ့ နေရာကလည်း အမြဲတမ်းတည်နေတာမဟုတ်ဘူး။ နေ့အလိုက် ပြောင်းနေတတ်တယ်။ အဲ . . သူတို့ စိတ်ဆိုးပြီဆိုရင် အဲဒီသုက်ကိန်းတဲ့နေရာကို ပွတ်ပြတာ၊ ကုတ်ပြတာ စသဖြင့် အချက်တစ်ခုခုပြုပြီး ပြတတ်တယ်။ အဲဒါကို သိတာနဲ့ ပြတဲ့အချိန်ရဲ့ တစ်နာရီအတွင်းမှာ မုဆိုးဒူးထောက်ထိုင်၊ စအိုကိုပိတ်ပြီး အဲဒီနေရာကို ထိုးခုတ်ပစ်ခတ်လိုက်ရင် ဘယ်လောက်ပြီးတဲ့သားကောင်ဖြစ်ဖြစ် မခံနိုင်ဘဲ လဲကျရတာပါပဲဗျာ"

ဟု ပြောလိုက်ပါသည်။

ထိုညက မရှိရွာ၌ ကျွန်ုပ်အား ဂုဏ်ပြုပွဲလေးတစ်ခုကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ပေးကြပါ၏။

"ကျုပ်တို့လည်း ဘူးတောင်းရွာ ပြန်ရောက်ရင် ဆရာတောကျော်ကို ဂုဏ်ပြုပွဲ ပြုလုပ်ရဦးမယ်၊ ဆရာတောကျော်ရဲ့ကျေးဇူးကမ္ဘာပါဗျာ"

ဟု ဆလိုင်းအောင်ဘော်ကလည်း မရှိရွာသားများကို အားကျဂုဏ်ပြိုင်ပြောလိုက်ပါသည်။

နေဝန်းနီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သမီးကလေး ပြန်လာပါ

ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)

''သမီးပြန်မလာတာ နှစ်ရက်ရှိပြီ၊ ဘာသတင်းမှလည်း မကြားရဘူး''

မိခင်ဖြစ်သူ ဒေါ်ခင်ထွေးက မျက်ရည်စက်လက်နဲ့ သူ့အိမ်နီးချင်း ဒေါ်ခင်မမကို ပြောပြနေတယ်။

ဒေါ်ခင်ထွေးက မုဆိုးမ။ သား အကြီးနှစ်ယောက်က လက်သမား၊ ပန်းရန်သမား လုပ်တယ်။ သမီးအငယ် ခင်မာချိုက ဆယ်တန်း နှစ်နှစ်ကျတယ်။ အခု ကျောင်းကထွက်ပြီး ရန်ကုန်က အထည်ချုပ်စက်ရုံတစ်ခုမှာ ဝင်ပြီးအလုပ်လုပ်နေတာ ခြောက်လလောက်ပဲ ရှိသေးတယ်။

''အစ်မထွေး ... ဒီလမ်းထဲက အထည်ချုပ်မှာလုပ်နေတဲ့ ကောင်မလေး နှစ်ယောက်လည်း ပြန်မလာဘူးတဲ့''

ဒေါ်ခင်မမက ပြောတယ်။

''ဟေ ... ငါ့သမီးလေးတော့ ဒုက္ခပါပဲအေ''

''စာလေးဘာလေးကော ရေးမထားခဲ့ဘူးလား''

''မထားခဲ့ပါဘူးအေ။ သူ့အစ်ကိုတွေကို အလုပ်ထဲ သွားစုံစမ်းခိုင်းတော့လည်း အလုပ်မဆင်းဘူးတဲ့''

ဒေါ်ခင်မမ မျက်လုံးတွေပြူးပြီး စဉ်းစားနေတယ်။

''ဧကန္တ ...''

''လင်နောက်လိုက်ရအောင်လည်း သူ့မှာ ရည်းစားတွေဘာတွေ မရှိသေးပါဘူးအေ''

''ဒါဆို သူတို့အထည်ချုပ်စက်ရုံမှာ လုပ်နေတဲ့ ကောင်မလေးသုံးယောက်လုံး ပျောက်နေတာပေါ့''

''အောင်မလေး ... ဒုက္ခပါပဲ ခင်မမရယ်။ ငါ့သမီးလေးက မိဘကို လုပ်ကျွေးနေတာ။ အကြီးနှစ်ကောင်က သူ့အိမ်ထောင်နဲ့သူ။ ဘာမှ မိဘကို ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နိုင်တာ မဟုတ်ဘူး။ မိဘကို ချမ်းသာစေချင်တယ်၊ တိုးတက်စေချင်တယ်။ ဒါကြောင့် သူကိုယ်တိုင် အလုပ်ထွက်လုပ်နေတာ။ ဟီး ..ဟီး ...ငါ့သမီးလေးတော့ ဒုက္ခရောက်နေပြီလား မသိပါဘူးအေ''

ဒေါ်ခင်ထွေးဟာ ပြောလည်းပြော ငိုလည်းငိုနဲ့။ သူ့သမီးလေးအတွက် မျက်ရည်နဲ့မျက်ခွက် ...။

* * *

ခုခေတ်မှာ စီးပွားရေးမပြေလည်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ တစ်ဖက်တစ်လမ်းက အမျိုးမျိုးသော နည်းတွေနဲ့ အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းနေကြတယ်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးတွေ ကစားပြီး အိမ်ထောင်ရေးပျက်တဲ့သူတွေ၊ စီးပွားရေးပျက်တဲ့သူတွေ၊ ဘဝပါပျက်စီးသွားရှာတဲ့ အမျိုးသမီးတွေလည်း အများကြီးပဲ။ မူးယစ်ဆေးဝါးကို သုံးစွဲမိလို့ အူကြောင်ကြောင် ဖြစ်သွားတဲ့သူတွေ၊ အသက်ပါ ပေးသွားရတဲ့သူတွေလည်း မနည်းတော့ဘူး။

ဒီထက်ဆိုးတာက ...လူလူချင်း အရောင်းအဝယ်လုပ်ပြီး စီးပွားရှာ၊ ကိုယ်ကျိုးရှာနေကြတဲ့သူတွေလည်း အုံလောက်ပါတယ်။ အမျိုးသမီးတွေကို အလှအပနဲ့ စည်းရုံး၊ ဝင်ငွေကောင်းကောင်းရမယ်ဆိုပြီး သွေးဆောင်၊ ဘဝအဆင့်အတန်းမြင့်ရမယ်ဆိုပြီး ဖြားယောင်း။ ခေတ်ပေါ်အဝတ်အစားတွေဝတ်ဆင်ဖန်းပြပြီး သွေးဆောင်၊ တိုက်တွေ၊ ကားတွေ၊ ရွှေတွေ၊ ငွေတွေ ပေါကြွယ်ရမယ်ဆိုပြီး မက်လုံးပေး။ အသိဉာဏ်နည်းတဲ့သူတွေ၊ လောဘငမ်းငမ်းတက်တဲ့ အမျိုးသမီးတွေ သူတို့မာယာကျော့ကွင်း ထောင်ချောက်ထဲကို ရောက်ခဲ့ရတယ်။

ကလေးအရွယ် လူမမည်တွေကိုလည်း ချော့ချည်တစ်မျိုး၊ ချောက်ချည်တစ်မျိုးနဲ့ သိမ်းသွင်းလှောင်ပိတ် ဖမ်းဆီးထိန်းသိမ်းထား။ ပြီးတော့ မိန်းကလေးတွေကို၊ လူငယ်လေးတွေကို၊ တချို့ လူငယ်လူရွယ် အမျိုးသားလေးတွေကို တစ်ဖက်နိုင်ငံကို တင်ပို့ရောင်းစား။ သူတို့လက်က လွတ်ရင်တော့ ရောင်းစားခံရတဲ့ လူသားတွေခမျာ ဖြစ်ချင်ရာ ဖြစ်စေတော့။ သဗ္ဗေသတ္တာ ကမ္မသကာဆိုတဲ့ သဘောထားလေရော့သလားမသိ။ သူတို့ ခါးလှရင်၊ ဗိုက်ဝရင်၊ တိုက်နဲ့ကားနဲ့ နေရရင်ပြီးရော။

ရောင်းစားခံရတဲ့
ကလေးတွေဆိုရင်
ရုပ်ပျက်ဆင်းပျက်
ဖြစ်အောင်လုပ်ပြီး
သူတောင်းစားဘဝကို
ပြောင်းပစ်တယ်။
မနိုင်ဝန်တွေကို
ထမ်းခိုင်းတယ်။
ပေရေညစ်ပတ်တဲ့
အလုပ်ကြမ်းတွေမှာ
အခိုင်းခံရတယ်။
မဝရေစာ ကျွေးတယ်။

ရောင်းစားခံရတဲ့ အမျိုးသမီးတချို့ဆိုရင် အိမ်ဖော်ဖြစ်တယ်၊ ပြည့်တန်ဆာဖြစ်တယ်၊ ဝယ်သူရဲ့ ဇနီးမယားဖြစ်တယ်။ ကြိုက်ချင်ကြိုက်၊ ချစ်ချင်ချစ်၊ သူတို့ပြုသမျှ နု[illegible]ယ်။ အရှင်လတ်လတ် ငရဲပြည်ကျနေသလိုပဲ။ ရောင်းစားခံရတဲ့ ကလေးတွေဆိုရင် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ပြီး သူတောင်းစားဘဝကို ပြောင်းပစ်တယ်။ မနိုင်ဝန်တွေကို ထမ်းခိုင်းတယ်။ ပေရေညစ်ပတ်တဲ့ အလုပ်ကြမ်းတွေမှာ အခိုင်းခံရတယ်။ မဝရေစာ ကျွေးတယ်။ ကယ်ရာမဲ့၊ ကူရာမဲ့ဘဝ ကလေးတွေမှာ သနားစရာ။ သားသမီးချင်း ကိုယ်ချင်းမစာလေရော့သလားပဲ။

သန်သန်မာမာ ယောကျ်ားလေးတွေကျတော့ ညစ်ပတ်စုတ်ပြတ်တဲ့ လူများမလုပ်ချင်တဲ့ အလုပ်တွေမှာ လစာလေး မဖြစ်စလောက်နဲ့ အခိုင်းခံရတယ်။ အနိုင်ကျင့်ခံရတယ်။ မဝရေစာ ကျွေးတယ်။ ပြေးလို့မရအောင် ဝင်းတွေခတ်ထား။ အစောင့်တွေချထား။ နည်းအမျိုးမျိုး နှိပ်ကွပ်ထားတာ။ နေ့စဉ်သတင်းမှာ တွေ့ရ၊ ကြားရ၊ မြင်ရတာတွေက ပင်လယ်ထဲ ငါးဖမ်းလုပ်ငန်းတွေမှာ ချောင်ပိတ်ပြီး အခိုင်းခံရတယ်။ နေမကောင်းလို့ မလုပ်နိုင်ရင် ရေထဲကို ကန်ချလိုက်တာပဲ။ လူတစ်ယောက်ရဲ့အသက်ကို စိုးပိုင်နေသလို မဖြစ်လေဘူးလား။ လူ့အခွင့်အရေးဆို[illegible]တာ ဝေလာဝေး ရှိလည်းမရှိတော့ပါဘူး။ လူ့အခွင့်အရေး မရှိမှတော့ လူဟာ တိရစ္ဆာန်တစ်ကောင်နဲ့ တူမနေဘူးလား။ အဆက်ဆံခံရတာ။

ဒီလိုလုပ်တဲ့ မနုဿမှောင်ခို[illegible] လူကုန်ကူးမှုတွေလုပ်တဲ့ လူတွေက[illegible] လူတွေမှ ဟုတ်ပါကော့မလား။ အသည်းနှလုံးမှ ရှိပါတော့မလား။ သူတို့အသည်းနှလုံးတွေဟာ ကျောက်စရစ်ခဲတွေမှ[illegible] ဖြစ်နေမလားပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကဲ ... ဘယ်လိုလုပ်ကြမလဲ။

* * *

ကမ္ဘာနဲ့အဝှမ်း ဒီပြဿနာတွေကို တားဆီးပိတ်ပင် ဖြေရှင်းနေပါတယ်။ သက်ဆိုင်ရာအစိုးရတွေကလည်း ထိထိရောက်ရောက် ကိုင်တွယ်နေပါတယ်။ မြန်မာနိုင်ငံကလည်း လက်မနေးပါဘူး။

၂၀၀၅ ခုနှစ် "လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ" (The Amti Trafficking in Persons Law) ဆိုတဲ့ ဥပဒေကို နိုင်ငံအဝှမ်း ပြဋ္ဌာန်းပြီးတော့ အဲဒီကျောက်စရစ်ခဲနှလုံးသား လူသားတွေကို ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနေပါတယ်။ လက်ပိုက်ကြည့် မနေပါဘူး။

ဤဥပဒေအရ "လူကုန်ကူးမှု" (Trafficking in Person) ... ဆိုတာကို အဓိပ္ပာယ်ဖွင့်ထားပါတယ်။ "လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူ တစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန် အလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်း"ကို ဆိုလိုပါတယ်။

၁။ ခြိမ်းခြောက်ခြင်း (Threat)၊ အင်အားသုံးခြင်း(Use of Force)၊ သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း (Other form of Coercion)

၂။ သွေးဆောင်ခေါ်ယူခြင်း (Abduction)

၃။ လိမ်လည်ခြင်း (Fraud)

၄။ လှည့်ဖြားခြင်း (Deception)

၅။ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း (Abuse of Power on of position taking advantage of the VULNERABILITY of a person)

၆။ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ပေးခြင်း၊ သို့မဟုတ် လက်ခံရယူခြင်း (Giving or receiving of money on Benefit to obtain the concent of the Person having contral over an other Person) ဟု ပြဋ္ဌာန်းထားပါတယ်။

အဲဒီလို တစ်နည်းနည်းနဲ့ လူမှောင်ခိုမှုပြုလုပ်တဲ့သူတွေ အုပ်စုလိုက်ပြုလုပ်တဲ့သူတွေ၊ ဂိုဏ်းဖွဲ့ပြီး ပြုလုပ်တဲ့သူတွေကို လူ့အဖွဲ့အစည်းက မနှစ်သက်၊ မနှစ်မြို့ကြသလို၊ နှလုံးနာသလို ဥပဒေကလည်း မျက်နှာသာမပေးပါဘူး။

အဲဒီ ဥပဒေရဲ့ ပုဒ်မ–၂၄ မှာဆိုရင် "မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၅)နှစ်မှ အများဆုံး ထောင်ဒဏ်(၁၀)နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"

လို့ ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ–၂၆ မှာ –

"မည်သူမဆို ထိုအောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၃)နှစ်မှ အများဆုံး ထောင်ဒဏ် (၇)နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(၁) လူကုန်ကူးမှုကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ပါးဦးအား မွေးစားခြင်း၊ သို့မဟုတ် ထိမ်းမြား လက်ထပ်ခြင်း၊

(၂) လူကုန်ကူးခံရသူကို ပြည်ပသို့ ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ လိုအပ်သော စာရွက်စာတမ်း၊ အထောက်အထား၊ စာတမ်းအမှတ်အသား၊ သို့မဟုတ် တံဆိပ်ကို အတုပြုလုပ်ခြင်း၊ သို့မဟုတ် တရားဝင်ရယူပေးခြင်း၊

စတဲ့ ဆောင်ရွက်ချက်များကို ပြဋ္ဌာန်းထားပါတယ်။

အဲဒီ ကျောက်စရစ်အသည်းနှလုံးပိုင်ရှင် လူသားတွေရဲ့ တစ်ဦးချင်းပြုလုပ်မှု၊ အုပ်စုလိုက်ပြုလုပ်မှု၊ ဂိုဏ်းဖွဲ့ပြုလုပ်မှုတွေကို တရားဥပဒေအရ ကြီးလေးတဲ့ ပြစ်ဒဏ်တွေ သတ်မှတ်ပြီး နိုင်ငံတော်က ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

သည်လိုမျိုး ကိစ္စတွေကို လူ့ယဉ်ကျေးမှုအရ လူ့အဖွဲ့အစည်းအတွင်း မပေါ်ပေါက်အောင် အချိန်မီတားမြစ်နိုင်အောင် ပြည်သူအများကလည်း တာဝန်သိစွာ သတင်းပေးပို့ခြင်း၊ အချိန်မီ အကြောင်းကြားခြင်းဖြင့် အစိုးရအား ပိုင်းဝန်းအကူအညီပေးသင့်ပါတယ်။ ဘယ်သူမှ လက်ပိုက်ကြည့်မနေသင့်ပါဘူး။ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စပါ။

သည်လိုမှ မဟုတ်ရင်တော့ ...

"သမီးလေးရေ ... ပြန်လာပါတော့"

လို့ မျက်ရည်စက်လက်နဲ့ လမ်းမှာ လျှောက်ပြီး စိတ်ဖောက်ပြန်ကာ အော်ဟစ်နေရှာတဲ့ မိခင်ဒေါ်ခင်ထွေးရဲ့ ဖြစ်အင်ကို မြင်ရရင် ဘယ်သူမှ မျက်ရည်ဆည်နိုင်မှာ မဟုတ်ပါဘူး။

**ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အချိုကမ်းမိုးရှည်

လွမ်းသျှင်နောင်(မဟာသာရွာ)

အချိန်က ၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလဖြစ်၏။ နေ့လုပ်၊ နေ့စားအောက်ခြေလူတန်းစားမှသည် ကုန်သည်လယ်လုပ် အလွှာအသီးသီးအထိ ဒီမိုကရေစီကို သူ့အော်၊ ငါဟစ် တောင်းဆိုနေကြချိန် ဖြစ်သည်။ မတည်ငြိမ်သောကာလမို့ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဟူသော ဆိုရိုးစကားလို ကျေးရွာဒေသအချို့တွင်လည်း ဟိုကလု၊ သည်ကလု အသံများ ကြားနေကြရ၏။ ဖြစ်ရပ်နေရာကား ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်တွင်းမှ မဟာသာဆိုသော ရွာလေးတွင် ဖြစ်သည်။

မဟာသာသည် ပတ်ဝန်းကျင်အနီးအနားရှိ ကျေးရွာများနည်းတူ အေးချမ်းသာယာနေ၏။ ယခုလို ဆန်ရေးစပါး ရှားပါးဈေးကြီးမြင့်နေချိန်တွင် ရွာတွင်းရှိ ဆင်းရဲနွမ်းပါးသူများနှင့် ကလေးသူငယ်များကိုအားဟာရအလို့ငှာ နေ့စဉ် အုန်းဆန်ပြုတ်၊ ဘဲသားဆန်ပြုတ်တို့ကို ကျေးရွာလူကြီးနှင့် ရပ်မိရပ်ဖတို့က ကမကထပြု၍ တိုက်ကျွေးနေကြ၏။ ညောင်သီးစားချင်လေးသံနားစွင့် ဆိုသလို ခေတ်အခြေအနေကိုလည်း အမြဲနားစွင့်နေကြရ၏။

အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ကော်သူလေးခေတ် အဆက်ဆက်တို့တွင် မဟာသာသည် သူပုန်၊ ဓားပြလူဆိုးလူမိုက်များကြီးစိုးခဲ့သော ရွာဖြစ်ခဲ့ဖူး၏။ ထို့ကြောင့်လည်း တစ်ချိန်က စွန်းထင်းခဲ့သော အမည်းစက်တို့ကို နောက်ထပ်တစ်ဖန် မစွန်းထင်းဖို့ အထူးဂရုစိုက်စည်းလုံးနေကြခြင်းဖြစ်သည်။

အချိန်မှာ လပြည့်ည သန်းခေါင်ယံဖြစ်၏။ ညဉ့်လွှာရုံအောက် လသာသာတွင် လှည်းငါးစီးမှာ ကုန်အပြည့်ကိုယ်စီဖြင့် တိတ်ဆိတ်အိပ်မောကျနေသော ရွာတွင်းမှ ထွက်လာကြသည်။ ရှေ့ဆုံးမှ လှေဖြင့်ဦးဆောင်လာသူမှာ ဦးကျော်လှဖြစ်သည်။

"သာဝရေ ... သာဝ"

"ဗျို့ ..."

"မြို့ရောက်ရင် မင်းတို့ ဘာဝယ်စရာရှိသေးလဲ၊ ဝယ်စရာမရှိရင် ကုန်ချပြီးတာနဲ့ အတူတူပြန်ကြမယ်။ နွားတွေ ဓနမပူအောင်လို့"

"ဝယ်စရာမရှိဘူး ကိုကျော်လှ။ အတူတူပြန်ကြတာပေါ့"

ကျော်လှမှာ အေးအေးလူလူ စိတ်လွတ်ကိုယ်လွတ်ရှိနေသော်လည်း သူတို့အထဲတွင် အခြေအနေကို တွေးတောပူပန်နေသူက ဦးညိုခင်ဖြစ်သည်။

"ကျော်လှရေ ... ငါ့တိုးပြောကွာ။ ခေတ်အခြေအနေက သိပ်ကောင်းတာမဟုတ်ဘူး"

ဦးညိုခင်မှာ လှည်းခရီးရလွန်းသဖြင့်သာ လိုက်လာရခြင်းဖြစ်သော်လည်း အခုလိုအချိန်တွင် သည်လမ်းသည်ခရီးကို နည်းနည်းမှ စိတ်ချလို့မရနိုင်တာ သူသိနေ၏။

"ဦးညိုခင်ကလည်းဗျာ။ ကြောက်လှည်းအောက်မအိပ်ပဲ့ ဖြစ်နေပြန်ပါပြီ၊ ဒီဆန်တွေက ကိုခင်မြင့်ရဲ့ ဆန်တွေပါဗျ"

"ကျော်လှရာ ... ခင်မြင့်ကရော ဘာသားနဲ့ ထုထားတာမို့လဲ။ ဆန်ဈေးကြီးတဲ့အချိန်မှာ ဇတ်လွှဲလုမယ့်သူတွေကမျက်နှာနာမှာမဟုတ်ဘူးကွ"

ဦးညိုခင်၏ စကားကြောင့် ကျော်လှ ဘာမှမပြောတော့။ အတန်ငယ် တိတ်ဆိတ်သွားကြပြီး လှည်းကိုသာ ဖြည်းဖြည်းမှန်မှန်မောင်းလာကြ၏။ လှည်းသမားအားလုံး အတွေးကိုယ်စီဖြင့် နွားများကို ကြိမ်ဖြင့်တို့ကာ ကျိတ်၍မောင်းလာကြသည်။ လှည်းလမ်းမှာ ပွန်နေသဖြင့် အသံဗလံများကတော့ သိပ်မသိသာလှပေ။

သို့နှင့် ...

မဟာသာနှင့် ပက်တန်းရွာနှစ်ရွာကြား ကလစ်များချောက်အရောက်တွင်

"ဟော့ .. လှည်းတွေအားလုံးရပ်"

ချောက်နှုတ်ခမ်းရှိ သစ်ပင်အသီး



www.burmeseclassic.com

www.burmeseclassic.com

သီးမှ လက်နှိပ်ဓာတ်မီးများကိုယ်စီဖြင့် လူနှစ်ဆယ်ခန့်မှာ လက်နက်များကိုင်ဆောင်၍ ထွက်လာကြသည်။

ရှေ့ဆုံးမှလှည်းမှ ကိုကျော်လှမှာ ခေါင်းကြီးသွားပြီး လှည်းကိုလည်း ကမန်းကတန်း ရပ်လိုက်ရ၏။

"ဘာလုပ်တာလဲဟေ့"

ခပ်တည်တည်မေးလိုက်ရသော်လည်း ကိုကျော်လှရင်ထဲ အလိုလိုသိလိုက်၏။ သူတို့၏လှည်းဦးများကို ဝိုင်းတွန်းကိုင်ထားလိုက်ကြပြီ။

"မင်းတို့လှည်းတွေပေါ်က ဆန်အိတ်တွေကိုချပြီး လှည့်ပြန်ကြ။ တားစရာမရှိလို့လာတာကွ။ ကျန်တာတွေ ဘာမှ မပြောချင်ဘူး"

သည်အသံကို ကိုကျော်လှတို့လူစုကောင်းကောင်းကျက်မိသည်။ ရွာလယ်ပိုင်းမှ ဖိုးတာ၏အသံပင်။ သူတို့အားလုံး၏ လက်ထဲတွင် လက်နက်တွေရှိနေကြသလို လူအင်အားကလည်း သူတို့ထက်များသည်။ သူတို့ မြို့ကို ဆန်အိတ်များသွားပို့မည်ကို ကြိုသိထားပုံရ၏။ အားမတန် မာန်လျှော့ဆိုသလို ကိုကျော်လှတို့ဘာမှမပြောတော့။ ဆန်အိတ်များကိုလှည်းပေါ်မှ အသီးသီးချကြရင်း လာလမ်းအတိုင်း လှည်းများကို ပြန်လည်မောင်းနှင်လာရတော့သည်။

× + × + × +

ရွာတွင် ညက ကိုကျော်လှတို့ကို ဆန်လုသွားသည့် သတင်းမှာ ရွာတွင်းသာမက ပတ်ဝန်းကျင်ကျေးရွာများအထိ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။ လုသွားကြသူများမှာလည်း ရွာလယ်ပိုင်းမှ ဖိုးတာတို့အုပ်စု ဆင်းရဲနွမ်းပါး နေ့လုပ်နေ့စားအဝန်းအဝိုင်းလေးမှ ဖြစ်၏။ ဆင်းရဲငတ်မွတ်မှုအတွက် အခွင့်အခါကို အသုံးချလိုက်ကြခြင်း ဖြစ်သည်။

"အစ်ကိုတင်မြင့် ... သည်ကိစ္စကို ဘယ်လိုသဘောရလဲ"

ပက်တန်းရွာဥက္ကဋ္ဌ စောသာပေါ်မှ မေးလိုက်ခြင်း ဖြစ်သည်။

"ခက်တယ်ကွာ။ သည်ကောင်တွေကို အစကတည်းက သည်လိုဖြစ်လာမှာစိုးလို့ သူတို့ရဲ့ စားဝတ်နေရေးကို အားလုံးနဲ့တိုင်ပင်ပြီး ဖြေရှင်းပေးနေတာ။ ခုလို လုပ်လိုက်တာတော့ တော်တော်ဆိုးတယ်ကွာ"

"ဟုတ်တယ် အစ်ကို။ အစရှိ အနောင်နောင်ဆိုသလို ကျွန်တော်တို့ အနီးနားဝန်းကျင်ရွာတွေအထိ ကူးစက်မလာဖို့တော့ အရေးကြီးတယ်။ ကျွန်တော်တို့ တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

မဟာသာကျေးရွာဥက္ကဋ္ဌ ဦးတင်မြင့်အိမ်တွင် မဟာသာ၊ ပက်တန်း။ ကျုံပတုတ်၊ တံခွန်တိုင်၊ ဝါးချောင်းတို့မှ ရွာလူကြီးများနှင့် ရပ်မိရပ်ဖတို့ စုရုံးရောက်ရှိနေကြခြင်း ဖြစ်သည်။

"မင်းတို့ ဘာလုပ်ချင်ကြသလဲ။ အကောင်းဆုံးဖြစ်အောင်တော့ တို့တွေ စီစဉ်ကြတာပေါ့"

"လူမိုက်ဆိုတာ သူ့ထက်မိုက်မြမှ ဆုံးမလို့ရတာ အစ်ကို။ အခြေအနေက မငြိမ်မသက်ဆိုတော့ သည်ကောင်တွေ ဦးကျိုးသွားမှ ဖြစ်မယ်"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ခြေလွန်လက်လွန် မဖြစ်စေချင်ဘူး"

"စိတ်ချပါ အစ်ကိုရာ။ သည်လိုပဲ ထိန်းထိန်းသိမ်းသိမ်းနဲ့ ကြောက်အောင်လန့်အောင် လုပ်ကြရမှာပေါ့"

"ကဲ ... သာပေါ်တို့၊ အားငိုတို့၊ ကျုံပတုတ်ကရော မနက်ဖြန် နေ့လယ်တစ်နာရီမှာ ကျွန်တော်တို့ သည်ကောင်တွေအစုကို လူအင်အားနဲ့ ဝိုင်းကြမယ်။ ကြောက်အောင်လန့်အောင် လက်နက်တွေတော့ ယူခဲ့ဗျာ"

ဝါးချောင်းရွာဥက္ကဋ္ဌ ကိုတင်မောင်မှ အစီအစဉ်ဆွဲလိုက်၏။

ဦးတင်မြင့်လည်း မည်သို့မျှမတတ်နိုင်ဘဲ အစီအစဉ်ကို လက်ခံလိုက်ရ၏။ သည်လိုမလုပ်လျှင်လည်း လူဆိုးလူမိုက်များ ကမ်းတက်လာကြမှာ သေချာသည်။ အလုအယက်ခံလိုက်ရသော ဆန်ပိုင်ရှင် ကိုခင်မြင့်မှာ ကိုတင်မြင့်၏အစ်ကိုအရင်းဖြစ်သလို ရွာနီးချုပ်စပ် ပတ်ဝန်းကျင်ကျေးရွာများမှာလည်း သားချင်းဆွေမျိုးများချည်းလို ဖြစ်နေကြသည်။

အားလုံးလူရှင်းသွားချိန်တွင် ကိုတင်မြင့် အိမ်မှ သူရင်းငှားညိုကြီးကို လှမ်းခေါ်လိုက်၏။

"ညိုကြီး ... သည်ည မင်းသည်စာကို ဖိုးတာတို့လူစုဆီ သွားပေးစမ်း။ ဘယ်သူမှ မသိစေနဲ့"

"ဟုတ် ... ဟုတ်ကဲ့အစ်ကို"

ညိုကြီးကတော့ ဦးတင်မြင့်၏ လက်ထဲမှစာကိုယူရင်း နားမလည်သလိုရှိနေတော့၏။

× + × + × +

ညဉ့်နက်ချိန်မှ ခွေးက သဲသဲမဲမဲ ဟောင်လွန်းနေသဖြင့် ဖိုးတာ အိပ်ရာထဲမှ ထလိုက်သည်။ အိမ်ရှေ့တံခါးဝမှ လက်နှိပ်မီးရောင် လက်သွားသည်ကို သတိထားလိုက်မိသည်။

"ဘယ်သူလဲကွ"

"ကိုဖိုးတာ၊ ကျွန်တော်ညိုကြီးပါ"

"ဘာကိစ္စလဲကွ ..."

"ဟို ... ဦးတင်မြင့်က စာပေး...
လိုက်လို့ပါ"

ဖိုးတာကို စာပေးပြီး ညိုကြီး...
သွား၏။ ဖိုးတာ မီးခွက်ထွန်းပြီး စာ...
ဖတ်ကြည့်လိုက်သည်။

ဖိုးတာ ...

မနက်ဖြန်နေ့လယ် တစ်နာ...
မင်းတို့လူစုကို လူအင်အားနဲ့ လာ...
လိမ့်မယ်။ မင်းတို့ လုသွားတဲ့ဆန်...
အတွက်က မင်းတို့မိသားစုတွေအား...



www.burmeseclassic.com

www.burmeseclassic.com

တွက်ရင် တစ်ယောက်ကို ဆန်နှစ်ပြည် ထက် ပိုမရနိုင်တာကို ငါသိနေတယ်။ နောက်ကိုလည်း သည်အလုပ်မျိုး ထပ်မလုပ်ကြပါနဲ့။ မင်းတို့ယောကျ်ားသားတွေ အားလုံး ရှောင်နေကြပါ။

အစ်ကိုတင်မြင့်

ဖိုးတာ စာကိုဖတ်ပြီး ငိုင်သွားသည်။ သို့သော် ခေတ္တခဏ တွေနေရာမှ သဘောပေါက်သွားတော့၏။ မနက်ဖြန်ကို သူဘာလုပ်ရမလဲဆိုတာ သူသိလိုက်ပါပြီ။ သည်လိုပဲ ဖြစ်သင့်သည်မဟုတ်ပါလား။ ဒါပေမဲ့ ခက်သည်က သူ့အစ်ကို ဖိုးသာပင်။

ဖိုးသာ၏မိန်းမ မိထွေးလေးမှာ မနက်ကမှ ကလေးမွေးပြီး မီးတွင်းထဲမှာ ရှိနေ၏။ မိထွေးလေးကို ထားခဲ့ပြီး အစ်ကို ဖိုးသာ ရှောင်နေမှာမဟုတ်။ သူဘာလုပ်ရမလဲ။ အစ်ကိုဖိုးသာနှင့်အတူ သူမရှောင်ပြန်လျှင်လည်း သူ့လူများက ရှောင်မှာမဟုတ်။ မနက်မှ မီးစင်ကြည့်ကတော့မည်ဟု ဆုံးဖြတ်ရင်း အိပ်ရာထဲဝင်လိုက်တော့၏။

သည်မနက်ဖိုးလှာတို့အုပ်စု ဆယ်နာရီမထိုးခင်ကတည်းက သူတို့အစုအပိုင်းလေး၏ တစ်ဖက်ကမ်း နတ်စင်ထောင့်ရွာသို့ ကူးသွားကြပြီဖြစ်၏။ နတ်စင်ထောင့်ရွာမှာ အိမ်ခြေပါးရှား၍ သစ်ပင်ချုံပုတ်များရှိသလို၊ အချိုင့်အဝှမ်းလည်း ပေါသဖြင့် ခိုအောင်းရှောင်ပုန်းဖို့ရာ လွယ်ကူ၏။ သူတို့အစုလေးတွင် ဖိုးသာတစ်ယောက်သာ မိထွေးလေးကို မီးနေစောင့်ရင်း ကလေးငယ်များ၊ မိန်းမများနှင့်အတူ ကျန်ရစ်ခဲ့သည်။

သူရိန်နေမင်းကား အရှေ့အရပ်မှ တဖြည်းဖြည်းမြင့်တက်လာပြီဖြစ်သလို ရွာလယ်လမ်းမမှ လူသံ၊ ခွေးဟောင်သံတို့သည်လည်း ညံစည်လာပြီဖြစ်၏။ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲယာမှ လူအုပ်ကြီးသည် ဖိုးသာတို့အစုလေးကို ညာသံပေး၍ ဝိုင်းထားလိုက်ပြီဖြစ်၏။ ပက်တာနီး တံခွန်တိုင်၊ ကျုံပတုတ်၊ ဝါးချောင်း၊ ပြစ်ဆယ်၊ မဟာသာရွာပေါင်းစုံမှ လူငယ်လူလတ်များမှာ လက်နက်ပေါင်းစုံဖြင့် သွေးကြွနေကြ၏။

"ဖုန်း .."

"ဝုန်း ..."

လောက်လေးခွများ၊ ဂျင်ကလိများ၊ အုတ်နီခဲများဖြင့် အိမ်များကို ဝိုင်း၍ ပစ်ပေါက်ကြသည်။

"ဘယ်မှာလဲကွ လူမိုက်။ ထွက်ခဲ့ကြလေကွာ"

"မင်းတို့ပထွေးတွေ လာပြီကွ"

"ဖုန်း"

"ဝုန်း"

"အား ... အောင်မယ်လေး"

"အမေရေ ... အီး ... ဟီး"

မိန်းမများနှင့် ကလေးငယ်တို့၏ အသံများမှာ ကျွှာပျက်တော့မည့်အလား ဖြစ်နေတော့သည်။ မကြားဝံ့မနာသာ အသံမျိုးစုံဖြင့် လူအုပ်ကြီးမှာလည်း သွေးဆူနေ၏။

မိထွေးလေးကား မီးတွင်းထဲမှာ သွေးတက်သွားပြီ။

ဖိုးသာ သည်းမခံတော့။

ငှက်ကြီးတောင်ဓားကိုကိုင်ရင်း တံခါးကို ဖွင့်လိုက်၏။ သို့သော် ...

"ဟာ ... ဟိုမှာ"

"ဟော့ကောင်တွေ ပစ်ကွာ"

လူအုပ်ကြီးမှာ ဖိုးသာဆီသို့ အာရုံရောက်သွားကြ၏။

"ဝှီး ... ဝှစ် ... ဒုတ်"

"အ ... အား"

လေးဘက်လေးတန်မှ ဂျင်ကလိတို့ ဖိုးသာကို လာစိုက်ကြ၏။ ဖိုးသာမှာ လူအုပ်ကြီးကိုကြည့်ရင်း ခေတ္တတွေသွားကာ ရှေ့မတိုးသာသည့်အဆုံး သွေးရူးသွေးတန်းဖြင့် ဓားကိုဝှေ့ယမ်းလိုက်သည်။ လူများရှဲသွားစဉ် ဖိုးတာတို့ရှိရာ တစ်ဖက်ကမ်းသို့ ကူးပြေးဖို့ရာ ရေထဲသို့ ခုန်ချလိုက်၏။

"ဝုန်း ..."

"ဟာ ... ဟိုမှာပြေးပြီး ပစ် ... ပစ်"

"ဝှစ် ..."

"ဒုတ် ..."

နောက်ဘက်မှ ပစ်လွှတ်လိုက်သော ခက်ရင်းခွက ဖိုးသာ၏နောက်ကျောကို ထိထိမိမိစိုက်ဝင်သွားသည်။

"လိုက်ဟ ... လိုက် ... လိုက်"

"ဝုန်း ... ဝုန်း ..."

လူအုပ်ကြီးထဲမှ အချို့က လှေများကို ကြိုးဖြုတ်၍ လှော်လိုက်ကြသည်။

"ဒုန်း ... ဂလုံး"

ဖိုးသာ ရေငုပ်ပြေးသော်လည်း ကျောတွင်စိုက်နေသော ခက်ရင်းခွအရိုးက ရေပေါ်မှာ ပေါ်နေ၏။ လွတ်လမ်းမရှိနိုင်တာ သေချာသွားပြီ ဖြစ်သည်။

သို့နှင့် ...

လှေဖြင့် အတင်းနှင်းလိုက်လာကြသူများထဲမှ ရဲတင်းကိုင်သမားတစ်ဦးမှာ ရေမွန်း၍ ပေါ်တက်လာသော ဖိုးသာ၏ ဦးခေါင်းကို ပွဲသိမ်းခုတ်ချလိုက်၏။

"ဒုတ် ..."

"ဝုန်း ... ဝုန်း"

သွေးများကား ရေထဲတွင် ရဲရဲနီသွားတော့သည်။

"ဟေး ... ဟေး"

လူအုပ်ကြီး၏ သွေးဆူကြွေးကြော်လိုက်သံများမှာ ခံစားချက်မရှိတော့သည့်အလား တကယ့်အနိဋ္ဌာရုံစစ်စစ်ပင်။

ဤကား အမိုက်၏နိဂုံးဖြစ်သည်။

ထိုနည်းတူ မင်းမဲ့စရိုက်၏ လုပ်ရပ်များအတွက် ဥပဒေက ပေးအပ်လာမည့် ဒဏ်ခတ်ခြင်းကိုလည်း ခံရလေဦးတော့မည်တကား။

လွမ်းသျှင်နောင်(မဟာသာရွာ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ညွှမ်းစိမ်းရင့် ငှက်သင့်

ကေတုမောင်ညိုလင်း

ကျွန်တော် ဝါးတီးရွာကြီးကိုရောက်သွားတော့
မိုးကာလမို့ စစ်တောင်းမြစ်ရေက
ကမ်းပြည့်ကမ်းလျှံဖြစ်နေသည်။
ထို့ကြောင့် သွားရမည့်အစ်မအိမ်သို့ မသွားသေးဘဲ
ကမ်းနံဘေးရှိ မန်ကျည်းပင်ငုတ်တိုကြီးပေါ်ထိုင်ကာ
မြစ်ပြင်ကို ငေးကြည့်နေမိသည်။ ဒိုက်တွေမျောနေသည်။
ဗေဒါပင်တွေမျောနေသည်။
ယခင်ကလို ရေမျောထင်းကြီး ထင်းကောင်းများကို
မတွေ့ရတော့ဘဲ တုံးကိုတိုးပြီး ကိုင်းဖျားကိုင်းနားလေးများသာ
မျောပါနေသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် . . . ဝါးဖောင် တစ်ဖောင်က ကျွန်တော့် ရှေ့ ပေသုံးဆယ်ခန့်အကွာ မြစ်ပြင်ဆီမှဖြတ်၍ မျှောသွားသည်။ ဝါးကြီးဝါးကောင်းများ မပါ။ ဝါးသေး ဝါးမွှားများသာ ပါသည်။ ဝါးဖောင်သမားက ကမ်းနှင့် ဖောင်မတိုက်မိစေရန် အတွက် ရှေ့နောက်ပြေးကာ အလုပ်ရှုပ်နေသည်။ ဝါးဖောင် အတွင်းမှာတော့ အမျိုးသမီး တစ်ယောက်က ထမင်းဟင်း ချက်နေပုံရသည်။ ထင်းစို၍ ထင်သည်။ မီးခိုးများက တဲခေါင်မိုးပေါ် အူထွက်လာလျက် ကောင်းကင်ပေါ် အလိပ်လိုက် ထိုးတက်နေသည်။

ဝါးဖောင်ကို မြင်လိုက်မှ တစ်ချိန်က သစ်ဖောင်ကြီးများကို မျက်စိထဲမြင်ယောင်လာသည်။ အဲ့သည့်အချိန်က စစ်တောင်းမြစ်ကြီးသည် ပဲခူးရိုးမမှ ကျွန်းသစ်များ၊ အရှေ့တောမှ ကျွန်းသစ်လုံးများကို ရန်ကုန်အရောက် ဖောင်ဖွဲ့မျှောရာတွင် အရေးပါအရာရောက်ခဲ့သည်။ ယခုလိုမြစ်ရေများချိန်မျိုးတွင် တစ်နေ့ကို ကျွန်းသစ်ဖောင်ဆယ်ဖောင်၊ ဆယ့်ငါးဖောင်မက မျှောတတ်သည်။ ဖောင်တစ်ဖောင်၊ တစ်ဖောင်မှာလည်း ကျွန်းသစ်လုံးကြီးများ တစ်ရာမက ပါသည်။ သစ်ထုတ်လုပ်ရေးမှ မော်တော်များကလည်း သစ်ဖောင်သမားများ၏ အခက်အခဲကို ကူညီပေးရန် ရှေ့မှ၊ ဘေးမှ၊ နောက်မှလိုက်ပါပေးတတ်လေသည်။

သည်ကြား ကျွန်းဦးနှင့် ဖောင်တိုက်မိ၍ ဖောင်ပျက်တာမျိုး ရေအောက်က သစ်ငုတ်နှင့်တိုက်မိ၍ ဖောင်ပျက်တာမျိုးတွေလည်း ရှိသည်။ ထိုအခါ မော်တော်များနှင့်ကျွန်းသစ်လုံးများကို လိုက်ဆယ်သည်။ ဆယ်မရသည့် ကျွန်းသစ်လုံးများကိုတော့ ဆယ်ယူရရှိသူက မြစ်ရိုးတစ်လျှောက် ရှိ သစ်ဆိပ်များကိုလာရောက်ပို့ဆောင်ပေးလျှင် မည်သူတို့မဆို လုံးပတ်ခြောက်ပေ၊ အထက်ကို ကိုးကျပ်နှင့်လုံးပတ်ခြောက်ပေအောက်ဆိုလျှင် ခြောက်ကျပ် ပေးသည်။

ကျွန်တော့်သူငယ်ချင်း ကျော်မွေးကို ပြေးပြီးသတိရလိုက်မိပြန်သည်။ အဲ့သည့်အချိန်က သည်ကောင်က ကျွန်တော်တို့အထဲမှာတော့ ရေကူးအကျွမ်းကျင်ဆုံး.ဖျံတစ်ကောင်ဖြစ်ခဲ့သည်။ အေးလေ . . ဖြစ်လည်း ဖြစ်ပေမပေါ့။ သည်ကောင်က ထမင်းစားချိန်ကလွဲလို့ ရေထဲကမှ မတက်လေဘဲ။ ကျွန်တော်က ရေကူးမကျွမ်းကျင်တာလည်း မပြောနှင့်။ မြို့ကျောင်းတက်နေရသဖြင့် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်မျိုးမှာသာ ရေနှင့်လူ ထိတွေ့ခဲ့ရသည်မဟုတ်လား။ ထိုနေ့မျိုးမှာတော့ ကျွန်တော်လည်း ကျောင်းစရိတ်ကလေးဖာမိစေရန် ကျော်မွေးနည်းတူ ကျွန်းတုံးဆယ်သည့်အလုပ်ကို လုပ်ခဲ့သည်။ သို့သော် သူက ကျွန်းတုံးသုံးတုံးဆယ်ယူရရှိလျှင် ကျွန်တော်က တစ်တုံးပင် အနိုင်နိုင်ဆယ်ယူနိုင်သည်။ ထို့ကြောင့် သူ့လို ကျွန်းတုံးအများအပြားရရှိစေရန် ဝီရိယစိုက်ထုတ်ကာမြစ်ကမ်းဘေးအစောကြီးသွားထိုင်ကာ ကျွန်းတုံးများမျှောလာမည့်မြစ်ညာဆီသို့ ငေးမျှော်ကြည့်နေခဲ့သည်။

"ဟေ့ကောင် မောင်ညို၊ စောလှချည်လားကွ"

ဘယ်အချိန်က ကျွန်တော့်နား ရောက်လာသည် မသိသော ကျော်မွေးက လှော်တက်တိုနှင့် အုန်းဆံကြိုးခွေကြီးကို ဖုတ်ကနဲ ပစ်ချပြီးမေးလာသည်။

"အေးလေကွာ၊ ငါက ကျောင်းအားတဲ့ စနေ၊ တနင်္ဂနွေနေ့မှာပဲ သစ်ဆယ်ရတာ မဟုတ်လား။ ဒါတောင်မင်းက သုံးတုံးရလို့ ငါက နှစ်တုံးမရဘူးလေ။ ဒါကြောင့် ဝီရိယလေးကူလိုက်တဲ့သဘောပါ"

"ဝီရိယကူတာတော့ ကောင်းပါတယ်။ ဒါပေမယ့် မယောဘတော့ သိပ်မကြီးနဲ့ မင်းအတွက် အန္တရာယ်ရှိတယ်ကွ"

ကျော်မွေး ပြောစကားကို ကျွန်တော်က နားမလည်သဖြင့် သူ့ကိုငဲ့စောင်းမော့ကြည့်မိသည်။

"ငါပြောချင်တာက ကျွန်းတုံးမျှောလာတိုင်း ခရီးအနီးအဝေးကို ကြည့်ပြီးမှ ကူးဆယ်လို့ပြောတာပါ။ သိပ်ဝေးနေရင်တော့မဆယ်သင့်မဆယ်နဲ့ပေါ့ကွာ။ တော်တော်ကြာကူးနေရင်းက လက်ပန်းကျသွားရင် ခက်နေမယ်လေ"

"အနို့ မင်းကျတော့ ဟိုဘက်ကမ်းနားအထိ ဘာလို့ကူးပြီးဆယ်တာလဲ"

"ဩော် . . ဒါကတော့ မောင်ညိုရယ်၊ မင်းနဲ့ငါက တူတာမှမဟုတ်ဘဲ"

ဒါတော့လည်း ဟုတ်သည်။ သူက ရေကူးကျွမ်းကျင်သည်။ ပြီးတော့ နေ့စဉ်နေ့တိုင်း ကူးခတ်နေရသူဆိုတော့ အမောလည်းလုံသည်။ ကျွန်တော်က ကျောင်းအားမှ ကူးသူ ဖြစ်သည်။ သူ့လိုအ



www.burmeseclassic.com

www.burmeseclassic.com

အကျင့်မရှိသဖြင့် အမောလည်း မလုံပေ။ ထို့ကြောင့်လည်း တမ်းရောက်လာသော သစ်တုံးများကို သစ်ဆိပ်အရောက်ပို့ဖို့ သူ့ကိုပဲ အားကိုးနေရသည်။

သူကလည်း လုံးပတ်ခြောက်ပေအထက် သစ်လုံးကို ခြောက်ကျပ်ပေးသည်။ ခြောက်ပေအောက်ဆိုလျှင် သုံးကျပ်ပေးသည်။ သစ်ဆိပ်က ပေးနှုန်းအပေါ် သစ်တစ်လုံးကို သုံးကျပ်စားနှင့်လက်ခံပြီး ပို့ဆောင်ပေးသည်။

"အေးပါကွာ . . ငါဆင်ခြင်ပါ့မယ်။ ငါက ကျောင်းစာအုပ်ဖိုးနဲ့ မုန့်ဖိုးလေးမိုထွက်လာအောင်လို့ လောဘတက်မိတာတော့ အမှန်ပဲကွ"

"ငါသဘောပေါက်ပါတယ် မောင်ညိုရာ၊ ဒါပေမယ့် ရေထဲမှာ ကူးခတ်ပြီး အလုပ်လုပ်ရတာနဲ့ ကုန်းပေါ်မှာ အလုပ်လုပ်ရတာက မတူဘူးကွ။ ကုန်းပေါ်မှာက မောလို့ လက်ညောင်းလာပြီဆိုရင် မြေကြီးပေါ်လှဲအိပ်နေလို့ရတယ်။ ရေထဲမှာကတော့ အဲဒီလိုဖြစ်လာရင်သွားပြီ မောင်ညိုရေ သွားပြီကွ"

"အေးပါ၊ ဟုတ်ပါတယ်။ အခုလို စေတနာထားပြီး ပြောပြပေးတာကိုလည်း ကျေးဇူးတင်ပါတယ် ကျော်မွေးရာ"

အမှန်တကယ်ပင် ကျွန်တော်ကလည်း လောဘဇောတက်နေခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ကမ်းနှင့် အနီးအဝေးကို စဉ်းစားမနေတော့ဘဲ သစ်ဖောင်မှ ပြုတ်ထွက်လာသော ကျွန်းတုံးမှန်သမျှကို ကူးဆယ်နေခဲ့သည်။ ကမ်းကပ်ပေးရုံနှင့် တုံးအကြီးဆိုလျှင် ခြောက်ကျပ်၊ တုံးအသေးဆိုလျှင် သုံးကျပ်ရမည်မဟုတ်လား။

ထိုသို့ အပင်ပန်းခံငွေရှာခဲ့သဖြင့် ကျောင်းပိတ်ရက်နှစ်ရက်ကို ငွေနှစ်ဆယ်၊ အစိတ ‘တော့ရသည်။ တစ်ပတ်စာကျောင်းစရိတ်ဖာ မိရုံပဲရှိသည်။ ထို့ကြောင့်သစ်ဆိပ်အထိ လိုက်ပို့နိုင်လျှင် ပို၍ ဝင်ငွေရလာနိုင်သဖြင့် ကျော်မွေးကို ပြောမိသည်။

"ဟေ့ကောင် ကျော်မွေး၊ ငါလည်း မင်းလိုပဲ သစ်ဆိပ်အထိ ကျွန်းတုံးတွေကိုလိုက်ပို့ချင်တယ်ကွာ။ အဲဒါ ရမလား"

"ဘာလဲ၊ ငါက မင်းတို့ဆီက မတရားခေါင်းပုံဖြတ်ထားတယ်ထင်လို့လား။ ကမ်းပါးဘေးကပ်ပေးရုံနဲ့ တုံးအကြီးက ခြောက်ကျပ်၊ တုံးအသေးက သုံးကျပ်ရနေတာဟာ မင်းတို့မနာပါဘူးကွာ။ ငါက ကမ်းပါးရောက်လာတဲ့ သစ်လုံးတွေကို ဖောင်ဖွဲ့ရတယ်။ ပြီးတော့ လေးမိုင်လောက်ဝေးတဲ့ . . အောင်းကြီးသစ်ဆိပ်ကို ဆက်မျှောရတယ်။ အဲဒါကို ငါက သုံးကျပ်စားနဲ့ ပို့ပေးတာပါ။ ဒီကြားထဲ လေကကြမ်း၊ ရေကြမ်းနဲ့တိုးရင် အောင်းကြီးသစ်ဆိပ်မှာ မကပ်နိုင်ဘဲ ဟိုးအုန်းပင်ရွာသစ်ဆိပ်အထိပါသွားတာတွေလည်း ရှိသေးတယ်ကွ"

"ခေါင်းပုံဖြတ်တယ်ထင်လို့ ပြောတာတော့ မဟုတ်ပါဘူး ကျော်မွေးရာ။ ငါက မင်းလို မိဘမလုပ်ကျွေးနိုင်တဲ့ အပြင် မိဘဆီက ကျောင်းစရိတ်နဲ့ မုန့်ဖိုးကိုပါ တောင်းနေရတဲ့ အကောင်မို့ အဖေ၊ အမေတို့ဆီက လက်ဖြန့်ခံရတာ သက်သာအောင်လို့ပါ"

ကျွန်တော်က စိတ်ရင်းအမှန်ကို ပြောပြလိုက်တော့ ကျော်မွေးက ကျွန်တော့်ကို တွေပြီး စိုက်ကြည့်နေသည်။ အတန်ကြာမှ -

"ဒါဆိုရင်တော့လိုက်ပို့ချင်လိုက်ပို့ပေါ့ကွာ။ ဒါပေမယ့် သစ်လုံးကို ကမ်းပါးဆွဲကပ်ရတာလောက်တော့ မလွယ်ဘူးကွ။ အန္တရာယ်တော့များတယ်"

"လမ်းခရီးအန္တရာယ်အတွက်တော့ မင်းကူညီပေါ့ကွာ။ မင်းစကားကို ငါ နားထောင်ပါ့မယ်။ နောက်ပြီး နှစ်ယောက်ဆိုတော့ လမ်းမှာလည်း စကားပြောဖော်လည်း ရတာပေါ့"

သို့နှင့် ကျွန်တော့်သစ်လုံးများကို သူ့သစ်လုံးများနှင့် ရော၍ ဖောင်ဖွဲ့ကာ သစ်ဆိပ်သို့ အတူပို့ဆောင်ခဲ့ကြသည်။ ခါတိုင်းတစ်ပတ်မှာ သစ်ဆယ်ခငွေဆယ်ဂဏန်းမကျော်ခဲ့သော်လည်း ယခုတော့ ရာဂဏန်းကျော်လာသည်။ ကျွန်တော် ပျော်ခဲ့ရသည်။ နောက်နှစ်မှာတော့ ကျော်မွေးက သူ့ဖောင်ကိုယ့်ဖောင်ခွဲ၍ သွားမည် ပြောလာသည်။

"ငါက တစ်ယောက်တည်းဖောင်စီးပြီး မပို့ဘူးသေးတော့ ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ။ ငါကလည်း ဖောင်တစ်ဖောင်စီးပြီးလိုက်မှာပဲဟာ"

"အေး . . ဒါဆိုရင်တော့ သူ့ဖောင် ကိုယ့်ဖောင် ခွဲစီးကြတာပေါ့"

အဲသည့်နေ့က ကျွန်တော် သစ်လုံးငါးလုံးကို ဖောင်ဖွဲ့၍ ရှေ့မှထွက်ခဲ့သည်။ ကျော်မွေးက သစ်လုံး ဆယ့်ငါးလုံးကျော်ကို ဖောင်ဖွဲ့၍ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

နောက်မလှမ်းမကမ်းမှလိုက်လာသည်။ ကျွန်တော်တို့ ပွဲကြီးကိုင်းရွာနားရောက်တော့ မိုးကဖွဲရာက သည်းလာရုံမက၊ လေလည်းထန်လာသည်။ သောက်ရေခပ်ချောင်းနှင့် စစ်တောင်းမြစ်ပေါင်းဆုံရာချောင်းဝရွာကွေ့နားရောက်တော့ မိုးကြီးလေထန်သဖြင့် တစ်ဖောင်နှင့် တစ်ဖောင် စကားအော်ပြောလို့ပင် မရတော့ပေ။ ထိုအခါ ကျွန်တော်ကြောက်စိတ်ဝင်လာသည်။ ချောင်းဝရွာအောက်ပိုင်း ခေါင်ရမ်းကျွန်းဦးက စုပ်ဝဲကြီးကို ပြေးမြင်မိလိုက်သောကြောင့် ဖြစ်သည်။

အဲ့သည့် စုပ်ဝဲကြီးက သစ်လေးငါးလုံးသာပါသည့် ကျွန်တော်တို့ ဖောင်မျိုးကို မပြောနှင့်၊ သစ်လုံးရာနှင့်ချီပြီးပါသော ဖောင်ကြီးများကိုပင် ဦးခိုက် ပြောင်းပြန်စုပ်ယူခဲ့သဖြင့် ဖောင်ပျက်ပေါင်းလည်းများလှပြီ။ ထို့ကြောင့် ကျွန်တော့် ဖောင်ကို စုပ်ဝဲကြီးနှင့်ဝေးရာကမ်းနားဘက် ရောက်အောင်အားစိုက်လှော်ခတ်နေမိသည်။

"မောင်ညိုရေ ငါ့ဖောင်က သစ်ကြိုးတွေပြတ်ပြီး မျောကုန်ပြီကွ"

ကျော်မွှေးအသံကို သဲ့သဲ့ကြားလိုက်သဖြင့် မြစ်အထက်ဖက်ဆီလှမ်းကြည့်မိသည်။ စဲစဲပြုနေသော မိုးဖွဲဖွဲကြားမှာ ကျော်မွှေးတစ်ယောက်ဗျာများနေသည်။ ထို့နောက်မှာတော့ ဖောင်ပေါ်က ခုန်ချကာ ကြိုးပြတ်မျောပါနေသော သစ်လုံးများနောက်သို့ ကူး၍လိုက်နေသည်ကို တွေ့ရလေသည်။

"ဟေ့ကောင် ကျော်မွှေး၊ လောမကြီးနဲ့လေ။ ရှေ့နားမှာ စုပ်ဝဲကြီးရှိနေတာကိုလည်း သတိထားဦးကွ"

ကျွန်တော် အော်ပြောလို့မှ မဆုံးသေး။ သူလိုက်ဆယ်နေသော သစ်လုံးကြီးသုံးလုံးကို စုပ်ဝဲကြီးက ဝေါခနဲအသံနှင့်အတူ စုပ်ယူသွားသည်။ သစ်လုံးကြီးသုံးလုံးမှာ ဝဲအစုပ်ခံလိုက်ရသဖြင့် ထောင်မတ်ကာ လွှန်ပူချောင်းကြီးများပမာ ချာချာလည်လျက် ရေအောက်နစ်မြုပ်သွားသည်။ ကျွန်တော်က ကြက်သေသေကာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေစဉ် ကုန်းပေါ်က အော်ဟစ်သံများကို ကြားလိုက်ရပြန်သည်။

"ဟာ .. ဟေ့ကောင်လေး၊ ဟိုဘက်မှာဝဲကြီးကွ။ ဒီဘက်ကို ရောက်အောင်မြန်မြန်ကူးလေ"

"အားစိုက်ပြီးကူးကွ၊ ဝဲကြီးနဲ့ နီးနေပြီ"

"ဟာ .. မရတော့ဘူးထင်တယ်။ ဝဲကြီးထဲကျတော့မယ်ဟ၊ ဟာ .. အာ .. အာ"

ကုန်းပေါ်ကအသံများကြောင့် ကျွန်တော့်မျက်စိက ဝဲကြီးဆီရောက်သွားပြန်သည်။ စုပ်ဝဲကြီးမှာ ရေမဝဲကတော့ကြီးဖြစ်လျက် တဝေါဝေါအသံမြည်ကာ ကျော်မွှေးကို စုပ်ယူရန် စိုင်းပြင်းနေသည်။ ကျော်မွှေးကလည်း ဝဲနှုတ်ခမ်းမှ လွတ်မြောက်ရန်အတွက် အစွမ်းကုန်ကြိုးစား ကူးခတ်နေသည်။ သို့သော် ရုန်းကန်ကူးခတ်နေသည့်ကြားမှ စုပ်ဝဲကြီး၏ ကျယ်လောင်သော ဝေါခနဲအသံကြီးနှင့်အတူ ကျော်မွှေးတစ်ယောက် ဝဲကန်တော့ကြီးထဲ ခြေနှစ်ချောင်းမိုးထောင်ကာ ဇောက်ထိုးကြီးကျသွားသည်ကို ကျွန်တော်နောက်ဆုံးမြင်လိုက်ရလေသည်။

"ဟာ .. ဟိုကောင်လေး ဝဲကြီးထဲကျသွားပြီဟ။ သနားပါတယ်ကွာ။ အဲ့ဒါမှ ဒုက္ခပဲ။ တို့လည်းဘာမှမလုပ်တတ်ဘူး"

တောင်မင်းကို မြောက်မင်းမကယ်နိုင်ဆိုစကားအတိုင်း ကုန်းပေါ်ကလူတွေလည်း ဘာ

စုပ်ဝဲကြီးမှာ ရေမဝဲကတော့ကြီးဖြစ်လျက် တဝေါဝေါအသံမြည်ကာ ကျော်မွှေးကို စုပ်ယူရန် စိုင်းပြင်းနေသည်။ ကျော်မွှေးကလည်း ဝဲနှုတ်ခမ်းမှ လွတ်မြောက်ရန်အတွက် အစွမ်းကုန်ကြိုးစား ကူးခတ်နေသည်။ သို့သော် ရုန်းကန် ကူးခတ်နေသည့်ကြားမှ စုပ်ဝဲကြီး၏ ကျယ်လောင်သော ဝေါခနဲအသံကြီးနှင့်အ[...] ကျော်မွှေးတစ်ယော[...] ဝဲကန်တော့ကြီး[...] ခြေနှစ်ချောင်းမိုးထောင်[...] ဇောက်ထိုးကြီးကျ[...] သည်ကို



www.burmeseclassic.com

www.burmeseclassic.com

မျှမတတ်နိုင်သလို ကျွန်တော်လည်း အံကြိတ်တက်ခေါက်နေရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့ပါ။ ကျွန်တော် ဘာလုပ်ရမှန်းမသိဘဲ ဖောင်ပေါ်တွင် အငူသားပါသွားသည်။

"ဟိုကောင်လေးလည်း သတိထားဦး၊ အောင်းကြီးသစ်ဆိပ်ရောက်တော့မယ်။ တော်တော်ကြာ အောက်ဘက်ပါသွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ကျွန်တော် ထိတ်ထိတ်ပျာပျာဖြစ်ကာ ဖောင်ကိုကမ်းကပ်နိုင်ရန် လှော်တက်ကို အားစိုက်လှော်ခတ်နေမိသည်။

ထို့ကြောင့် . . မကြာမီအချိန်အတွင်း ကျွန်တော့်ဖောင်က အောင်းကြီးသစ်ဆိပ်တွင် ကပ်မိလျက်သား ဖြစ်သွားသည်။ ဖောင်ကို စွဲသတ်ပြီးသည်နှင့်ကျွန်တော်လည်း သစ်ဆိပ်တာဝန်ခံဆီအပြေးအလွှားသွားမိသည်။

"ဟေ့ချာတိတ်၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာလို့လဲကွ"

"ဟို . . ဟိုလေ . . ကျွန်တော်နဲ့အတူတူသစ်လာပို့တဲ့ ကျွန်တော့်သူငယ်ချင်း ကျော်မွှေး ခေါင်ရမ်းကျွန်းဦးနားက ဝဲကြီးထဲကျသွားလို့ပါ"

"ဟေ . . ဝဲကြီးထဲ ကျသွားလို့ ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းဖောင်ပေါ်က ကျသွားတာလား"

"မဟုတ်ပါဘူး ဦးလေး၊ ကျွန်တော်က တစ်ဖောင်၊ သူက တစ်ဖောင် စီးလာခဲ့ကြတာပါ။ အဲဒါ ခေါင်ရမ်းကျွန်းနားက စုပ်ဝဲကြီးအရောက်မှာ ဖောင်ပျက်လို့ သစ်လုံးတွေလိုက်ဆယ်ရာက အဲ့ဒီအထဲကျသွားတာ ပြန်ပေါ်မလာတော့ပါဘူးခင်ဗျာ"

"ဟေ . . ဟုတ်လား၊ ဒါဆိုရင် မင်းရွာကို မြန်မြန်ပြန်ပြီး သူ့မိဘတွေကို ပြောပြလေ။ မင်းဖောင်ကိုတော့ ထားခဲ့လိုက်ပါ။ နောက်မှရှင်းကြတာပေါ့"

"ဟုတ်ကဲ့ပါဦးလေး"

သစ်ဆိပ်တာဝန်ခံစကားအဆုံးမှာ ကျွန်တော်လည်း ရွာကို ဒုန်းစိုင်းပြန်လာခဲ့ပြီး ကျော်မွှေးမိဘများကို အကျိုးအကြောင်းရှင်းပြခဲ့သည်။ သူတို့လည်း ရာဝင်လှေကြီးတစ်စီးကို ရှာကာ ကျွန်တော့်ကိုပါ ခေါ်ပြီး ခေါင်ရမ်းကျွန်းဦး စုပ်ဝဲကြီးဆီထွက်ခဲ့သည်။ အဲ့ဒီနောက် စစ်တောင်းမြစ်အတိုင်း စုန်ဆင်းလျက် ကျော်မွှေးအလောင်းကို ရှာဖွေခဲ့ကြပြန်သည်။ သို့သော် အုန်းပင်ရွာကြီး ရောက်သည်အထိ ရှာဖွေခဲ့ကြသော်လည်း ရှာမတွေ့သဖြင့် ရွာကို ပြန်ခဲ့ကြသည်။

ကျော်မွှေးမိဘများက ကျွန်တော့်စကားကို ယုံကြည်ကြသော်လည်း ဘယ်သူက အတို့အထောင်လုပ်ကာ . . သတင်းပေးလိုက်သည်မသိ။ နောက်တစ်နေ့မနက်မှာတော့ -- မြို့ရဲစခန်းမှ ရဲအုပ်နှင့် ရဲသားနှစ်ယောက် ရောက်ရှိလာပြီး ကျွန်တော့်ကို စစ်ဆေးကြသည်။ ကျွန်တော်ကလည်း ဟုတ်မှန်သည့်အတိုင်း အစစ်ခံခဲ့သည်။ သို့သော် ယုံချင်ပုံမရပေ။ လူငယ်ချင်းရန်ဖြစ်ပြီး ဝဲကြီးထဲကျသွားသည်ဟုပဲထင်နေပုံရသည်။ ထို့ကြောင့် ဖြစ်ပျက်ခဲ့သည့်နေရာကို လိုက်ပြခိုင်း၍လိုက်ပြရသည်။ ထိုအခါမှ ကျွန်တော်လည်း မနေ့က အဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ကြသော ခေါင်ရမ်းကျွန်းပေါ်ကလူများကို သတိရလိုက်သည်။

"ဗိုလ်ကြီးတို့ မယုံသေးရင်တော့ ဒီကျွန်းပေါ်မှာနေတဲ့ လူတွေကိုလည်း မေးကြည့်နိုင်ပါတယ်ခင်ဗျာ"

ကျွန်တော်ပြောစကားကြောင့် ဒုရဲအုပ်လည်း စုပ်ဝဲကြီးနှင့်အနီးကပ်ဆုံးရှိသည့် တဲမှ လူတစ်ယောက်ကို ခေါ်ပြီး မေးမြန်းစုံစမ်းသည်။

"ဟုတ်ပါတယ် ဗိုလ်ကြီး အဲဒီ စုပ်ဝဲကြီးထဲကျသွားတဲ့ ကောင်လေး စီးလာတဲ့ ဖောင်က တစ်ဖောင်၊ ဒီကကောင်လေးစီးလာတဲ့ ဖောင်က တစ်ဖောင်ပါ။ သူက အခု ဝဲကြီးထဲကျသွားတဲ့ ကောင်လေးရဲ့ ရှေ့က မျှောသွားတာပါ။ ဒါကို ဒီနားက လူတွေအားလုံး မြင်ကြပါတယ်ခင်ဗျာ"


မျက်မြင်သက်သေ၏ ထွက်ဆိုချက်အရ ဒုရဲအုပ်လည်း တဲသုံးလေးတဲမှ လူများကို မေးမြန်းပြန်သည်။ အားလုံးက တညီတညွတ်တည်းပင် ထွက်ဆိုခဲ့ကြသဖြင့် ကျွန်တော်လည်း ဟီးချနိုင်ခဲ့သည်။ သို့မဟုတ်လို့ကတော့ ဆွမ်းခံရင်းငှက်သင့်ဆိုသလို သံသယမှုနှင့် ရဲစခန်းသို့ ခေါ်ဆောင်ကာ တစ်ညလောက်တော့ အသိပ်ခံလိုက်ရဦးမည်မှာ သေချာလှပေသည်။

**ကေတုမောင်ညိုလင်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တစ်မူးသာ

မောင်မဟာ

စိတ်ကျန်းမာရေးဆေးရုံ၏ ထောင့်စွန်းခန်းတွင် ဖြစ်သည်။ ထိုအခန်းသည် ဆေးရုံအုပ်ကြီး၏ ရုံးခန်းဖြစ်သည်။ ဆေးရုံအုပ်ကြီးရှိနေသည်။ အလုပ်များနေ၏။ ခေါင်းမဖော်နိုင်ဖြစ်ရသည်။ နံနက်ရုံးချိန် ရုံးခန်းသို့ စတင်ဝင်ရောက်လာကတည်းကပင် ဖြစ်သည်။

စားပွဲပေါ်တွင် အဆောင်အသီးသီးမှ စိတ်ဝေဒနာရှင်များ၏ နေ့အလိုက် အစီရင်ခံစာများသည် တစ်ထပ်ကြီးဖြစ်နေ၏။ စိတ်ဝေဒနာရှင်များ၏ အနေအထားသည် ပုံမှန်ဆိုလျှင်လည်း ပုံမှန်ပေ။ ထူးခြားဖြစ်စဉ်ရှိနေလျှင်လည်း ထူးခြားဖြစ်စဉ်ပေါ့။ အဆောင်တာဝန်ခံများက အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြ၍ စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီးသို့ သိသာပါရန် တင်ပြအစီရင်ခံရမြဲ ဖြစ်သည်။ ယနေ့တွင်လည်း ဆေးရုံအုပ်ကြီးသည် ဖော်ပြပါအစီရင်ခံစာများကို ဖတ်ရှုညွှန်ကြားရန် ရှိနေပါကလည်း ဆက်လက်၍ ရေးသားညွှန်ကြားဖြင့် အလုပ်ထဲ ခေါင်းမဖော်နိုင် ဖြစ်နေရခြင်း ဖြစ်သည်။

ထိုအခိုက် စေ့ထားသော ရုံးခန်းဆင်နားရွက်တံခါးနှစ်ချပ် ခါယမ်းသွားသည့် အသံမြည်လာ၏။ တံခါးနှစ်ချပ် သွက်သွက်ခါသွားခြင်းလည်း ဖြစ်၏။ လူတစ်ယောက် ဒရောသောပါးဖြင့် ဝင်ရောက်လာသည့်အတွက်ပဲ ဖြစ်သည်။ အဆောင်အမှတ်စဉ်–၂ ၏ တာဝန်ခံဖြစ်သည်။ ယင်းသည် အလျင်စလိုဖြစ်နေသည့်ဟန် ပေါ်လွင်နေ၏။

"ဆရာကြီး . . . ဆရာကြီး"

အဆောင်တာဝန်ခံသည် ပြောပြောဆိုဆို ဆေးရုံအုပ်ကြီး၏ စားပွဲအနီးသို့ တိုးကပ်ရောက်ရှိလာသည်။

ဆေးရုံအုပ်ကြီးသည် ဖတ်ရှုလက်စ အဆောင်အစီရင်ခံစာကို လက်မှ လွှတ်ချမတတ်ပင် ဖြစ်သွား၏။ အဆောင်တာဝန်ခံသည် ဒရောမျောပါး ဖြစ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com

အတွက် ဖြစ်သည်။ ဆင်နားရွက်တံခါး နှစ်ချပ်သည်ပင်လျှင် သွက်သွက်ခါယမ်း သွားရသည့်အတွက် သူမည်မျှ အရေး တကြီးဖြစ်နေသည်ကို ဆေးရုံအုပ်ကြီး သတိပြုလိုက်မိသည်။

"ဘာဖြစ်တာလဲ"

ဆေးရုံအုပ်ကြီးက မေးမေးပြော ပြောပြုလိုက်၏။ အဆောင်အမှတ်စဉ်-၂ ၏ တာဝန်ခံပုံပန်းကို အကဲခတ်ရင်း အရေးပေါ်ကိစ္စတစ်ခု ရှိလာပြီဟူ၍ စွဲမှတ် လိုက်သည်။ ဆေးရုံအုပ်ကြီးသည် ဤ ရာထူးအဆင့်သို့ ရောက်ရှိလာခဲ့ရသည့် အထိ လုပ်သက်နှင့် အတွေ့အကြုံ များ ပြားရင့်ကျက်နေခဲ့ပြီပဲ မဟုတ်ပါလား။

"အဆောင်အမှတ်-၂ က စိတ် ဝေဒနာရှင်တစ်ယောက် ပျောက်သွားပါ တယ် ဆရာကြီး"

အဆောင်တာဝန်ခံက သတင်းပို့ လိုက်သည်။

"ဟေ ..."

•••••

*စိတ်ရောဂါရှင်က*
*ဆေးရုံအုပ်ကြီးသို့*
*ပြုံးကြောင်စွာ ကြည့်နေ၏။*
*ဆေးရုံအုပ်ကြီးက ရှေ့သို့*
*တဖြည်းဖြည်းတိုးသွား၊*
*စိတ်ရောဂါရှင်က နောက်သို့*
*တဖြည်းဖြည်းဆုတ်ခွာနေ၏။*
*ရှေ့တိုးလာသူနှင့်*
*နောက်ဆုတ်သွားသူ ...။*

•••••

ဆေးရုံအုပ်ကြီး အံ့အားသင့်စွာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ စိတ် ဝေဒနာရှင်တစ်ယောက် ကုသမှုခံယူနေရ ဆဲ အနေအထားမှ သွားသည့်အဖြစ် မှာ စိတ်ကျန်းမာရေးဆေးရုံတစ်ရုံလုံး ဖြောင်းဆန်သွားမတတ် လှုပ်ခါသွားရ သည့်နှယ် ဖြစ်၏။ မျက်ကလဲဆန်ပျာ ဖြစ် ကြရသည်ပဲ မဟုတ်လား။ အဆောင် အမှတ်-၂ မှသည် ဆေးရုံအုပ်ကြီးအထိ အဆင့်ဆင့် တာဝန်ရှိသွားခဲ့သည် မဟုတ် လား။

"ဘယ်အချိန်လောက်က ပျောက် သွားတာလဲ"

ဆေးရုံအုပ်ကြီးက စိုးရိမ်ကြီးစွာ ကောက်ကာငင်ကာ မေးသည်။

"အခုပဲ ဆရာကြီး"

"အဆောင်တာဝန်ခံက လိုရင်း တိုရှင်း ပြောလိုက်သည်။ ဆေးရုံအုပ်ကြီး လက်ထဲမှ အစီရင်ခံစာ လွတ်ကျသွား သည်။ ထိုင်နေရာမှ ဖြုန်းခနဲ ထလိုက်၏။

"လူနာ ဝေးဝေးမရောက်သေး ဘူး"

ဆေးရုံအုပ်ကြီးက အတွေ့အကြုံ နှင့်ယှဉ်စွာ ချိန်ဆပြောလိုက်သည်။ စိတ် မနှံ့သည့် လူနာတစ်ယောက်ပေပဲ။ ရုတ် တရက် မည်သည်ကိုမျှပင် ဝေခွဲမရရှိစွာ ဖြစ်နေမည် ဖြစ်သည်။

"ဟုတ်ပါတယ် ဆရာကြီး။ အဲဒီ လူနာဝေးဝေးမရောက်သွားသေးတာ မှန် ပါတယ်"

ဟု အဆောင်တာဝန်ခံက ပြော လိုက်သည်။

"အခု အဲဒီလူနာ ဆေးရုံခေါင်မိုး ပေါ်မှာ ဆရာကြီး။ သူက အောက်ကို ခုန်ချလိုက်တော့မယ့်ဟန် တကဲကဲဖြစ်နေ ပါတယ် ဆရာကြီး"

"ဟာ ..."

ဆေးရုံအုပ်ကြီး အထိတ်တလန့် ဖြစ်သွားကာ ဆေးရုံအုပ်ကြီး ဆေးရုံ အဆောက်အအုံအပြင်ဘက်သို့ တစ်ရှိန် ထိုး ပြေးထွက်သွား၏။ ဆေးရုံအပြင် ဘက်တွင် လူစုလူဝေးကြီး ဖြစ်နေ၏။ ဆေးရုံဝန်ထမ်းများလည်း ပါဝင်နေသည်။ ဆေးရုံဝန်းကျင် ရပ်ကွက်မှ ရပ်ကွက်သူ ရပ်ကွက်သားအချို့လည်း ပါဝင်နေသည်။ စိတ်ဝေဒနာသည်တစ်ဦး ဆေးရုံအဆောင် အတွင်း၌ ကုသမှုကို ခံယူစွာ ရှိနေရမည့် အစား ဆေးရုံခေါင်မိုးပေါ်သို့ ရောက်ရှိနေ ရသည့်အဖြစ်မှာ မည်သို့မျှ အဝ်စပ်မှုရှိ နေမည်မဟုတ်။ မည်သို့မျှ သဘာဝကျ မည် မဟုတ်။

ဆေးရုံအုပ်ကြီး လူစုလူအုပ်ကြီး အတွင်းသို့ ရောက်ရှိသွားသည်။ အားလုံး သည် ခေါင်မိုးပေါ်သို့ အကြည့်ရောက်ရှိ နေကြသည်။ ခေါင်မိုးပေါ်သို့ရောက်နေ သော စိတ်ဝေဒနာရှင်သည် အောက် ဘက်သို့ ငုံ့ကြည့်လိုက်၊ ခုန်ချမည့်ဟန် ပြုလိုက်ဖြင့် ယောက်ယက်ခတ်နေ၏။ သို့ရာတွင် စိတ်ဝေဒနာရှင်၏ အပြုအမူ သည် တွေ့မြင်ရသူများသို့ ရင်တဖိုဖိုဖြစ် စရာပင် ဖြစ်နေ၏။ သူက ဘာဘာညာ ညာမသိ၊ အောက်သို့ ခုန်ချတော့မည် မဟုတ်လား။ ခုန်ချခဲ့သော် အသက်ရှင် သာရာ ရရှိနိုင်မည့်အခြေအနေမှာ ရာနှုန်း နှုန်းနည်းပါးလွန်းလှပါသည်။

"ဟေး ... ဟေး။ မခုန်ချနဲ့ ... မခုန်ချနဲ့"

အောက်တွင် စုရုံးစုရုံးရှိနေကြသော သူများက ဝိုင်းအော်သတိပေးနေကြ သည်။ ခက်သည်မှာ သို့နှယ်သတိပေး သည့်ဟန် အော်ဟစ်ဆူညံစွာ ရှိနေသ ဖြစ်၊ လက်ညှိုးတထိုးထိုးရှိနေကြ ပုံပန်းမှာ စိတ်ရောဂါရှင်အနေဖြင့် ချောက်ချားဖွယ်ရာ ဖြစ်နေမည်ပဲ သည်။ ခေါင်မိုးထက်ပေါ်မှ အောက် ငုံ့ကြည့်လိုက်ရသော မြင်ကွင်းသည်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကို မရိုးမရွဖြစ်စေမည် ဖြစ်သည်။

ဆေးရုံအုပ်ကြီးသည် ခေါင်မိုးပေါ်သို့ ရောက်ရှိသွား၏။ စိတ်ရောဂါရှင်သည် ဆေးရုံအုပ်ကြီးကို တွေ့မြင်လိုက်ရသည့်အခိုက် အမှန်တကယ် တုန်လှုပ်ချောက်ချားသွားသည့်ဟန် မြင်ရ၏။

"သားငယ် ... သားငယ် ... သားငယ်"

ဆေးရုံအုပ်ကြီးက စိတ်ရောဂါရှင်ထံသို့ တဖြည်းဖြည်းတိုးကပ်သွား၏။ ချော့မော့စွာလည်း ပြောဆို၏။

"သားငယ် ..."

စိတ်ရောဂါရှင်က ဆေးရုံအုပ်ကြီးသို့ ပြူးကြောင်စွာ ကြည့်နေ၏။ ဆေးရုံအုပ်ကြီးက ရှေ့သို့ တဖြည်းဖြည်းတိုးသွား၊ စိတ်ရောဂါရှင်က နောက်သို့ တဖြည်းဖြည်းဆုတ်ခွာနေ၏။ ရှေ့တိုးလာသူနှင့် နောက်ဆုတ်သွားသူ ...။

စိတ်ရောဂါရှင်က ခုန်ချမည့်ဟန် ပြုပြန်သည်။ အောက်မှ မော့ကြည့်နေကြသော လူစုလူအုပ်က "မခုန်ချနဲ့ မခုန်ချနဲ့"ဟု အော်ဟစ်သတိပေးနေ၏။

ဆေးရုံအုပ်ကြီးက ရှေ့သို့ တိုးကပ်လာ၏။ စိတ်ရောဂါရှင်က လက်ကာပြသည်။ သူ့အနားသို့ တိုးကပ်မလာရောက်ရန် တားမြစ်ပိတ်ပင်သည့်သဘော။ ပြီးသူက အောက်သို့ ခုန်ချလိုက်မည်တကဲကဲ။

"သားငယ် ... မခုန်ချနဲ့နော်။ မခုန်ချနဲ့"

ဆေးရုံအုပ်ကြီးက ချော့မော့ပြောသည်။

"ခုန်ချမယ်"

စိတ်ရောဂါရှင်က ကောက်ကာငင်ကာ အော်အော်ဟစ်ဟစ် ပြောလိုက်သည်။

"ခုန်ချမယ်၊ ခုန်ချမယ်၊ ခုန်ချမယ်"

စိတ်ရောဂါရှင်က အားပါးတရပင် ပြောနေလိုက်ပြန်သေးသည်။ ဆေးရုံအုပ်ကြီး စိတ်ရှုပ်ထွေးသွား၏။ အောက်မှ ကြည့်နေကြသောသူများပင်လျှင် ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြသည်။ စိတ်ရောဂါရှင်သည် အမှန်တကယ် ခုန်ချလိုက်တော့မည့်ဟန် ဆိုးဝါးစွာ ပိုမိုတိုးတက်ပြသလာသည်။

"ခုန်ချလိုက်တော့မယ်။ တဲနယ် ... တူနယ်ဗျောင်"

စိတ်ရောဂါရှင်က ဆိုင်းဝိုင်းတီးသည့် အသံစွက်ကာ ခုန်ချမည့်ဟန် ပြုနေပြန်ပါသည်။

ဆေးရုံအုပ်ကြီး စဉ်းစားသည့်ဟန် ပြုလိုက်၏။ စိတ်ရောဂါရှင်ကိုလည်း စူးစိုက်ကြည့်နေလိုက်၏။ ရှေ့သို့လည်း မတိုးရဲပေ။ ဆေးရုံအုပ်ကြီးက ရှေ့သို့တိုးလေ၊ စိတ်ရောဂါရှင်က နောက်သို့ဆုတ်လေ။ ခေါင်မိုးတစ်ဖက်အစွန်းတွင် အကာအကွယ်မရှိ အတားအဆီး ကင်းမဲ့နေ၏။ အောက်သို့ ဒုတ်ဒုတ်ထိ ထိုးစိုက်ကျရောက်သွားနိုင်သည်။

"ဒုက္ခပါပဲ"

ဆေးရုံအုပ်ကြီး အခက်တွေ့နေရ၏။ သူက မခုန်ချလိုက်ရန် တားဆီးကြိုးပမ်းလေ၊ စိတ်ရောဂါရှင်က စိတ်ဖောက်ပြန်လေ ဖြစ်နေ၏။

"သားငယ် ..."

ဆေးရုံအုပ်ကြီးက အသံကို လိုအပ်သည်ထက် ပိုမိုမြှင့်ကာ ခေါ်လိုက်၏။ စိတ်ဝေဒနာရှင် ရုတ်တရက် ငြိမ်သက်သွား၏။ ဆေးရုံအုပ်ကြီးကို ပြန်လည်ကြည့်နေသည်။ "ဘာပြောမှာလဲ"ဟူသည့်အသွင် နားစွင့်နေသည့်ဟန်လည်း ရှိ၏။

"သားငယ် မခုန်ချနဲ့"

ဆေးရုံအုပ်ကြီးက ထပ်မံတားမြစ်လိုက်ပြန်၏။

"သားငယ် ... အေးအေးဆေးဆေး အခြေအနေကို ပြန်တော့။ အနားယူနေတော့"

"အို ... ကျွန်တော်က ခုန်ချနေချင်တာ"

စိတ်ဝေဒနာရှင်က ဆေးရုံအုပ်ကြီး၏စကားကို ဆန့်ကျင်ပြောပြန်သည်။

"သားငယ် ... မခုန်ချနဲ့တော့။ သားငယ်အစား ဟောဒီ အဖေကြီးက ခုန်ချလိုက်မယ်"

ဟု ဆေးရုံအုပ်ကြီးက ပြောပြောဆိုဆို သူ့ရင်ဘတ်ကိုသူ ပုတ်ပြလိုက်၏။

"အဖေကြီးပဲ ခုန်ချလိုက်တော့မယ်"

စိတ်ဝေဒနာရှင်သည် ဆေးရုံအုပ်ကြီး၏စကားကို ရုတ်တရက် နားလည်သလို ဖြစ်သွား၏။ ကြွမ်းတမ်းနေသည့် အသွင်မှ ရုတ်ခြည်း အေးဆေးသည့် အသွင်သို့ အပြောင်းအလဲဖြစ်သွား၏။

"ခုန်ချပါ ... ခုန်ချပါ။ ကျွန်တော့်အစား ခုန်ချပါ"

ဟု စိတ်ရောဂါရှင်က လိုက်လိုက်လျောလျော ခွင့်ပြုပေးလိုက်သည့်ပုံပန်းဖြင့် ဆေးရုံအုပ်ကြီးသို့ ပြောလိုက်သည်။ ထို့နောက် တစ်ဆက်တည်း အောက်ဘက်တွင် စုရုံးစွာ ရှိနေကြသော လူစုလူအုပ်ကြီးကိုလည်း သိရှိရန် အော်ဟစ်ပြောလိုက်၏။

"ဆေးရုံအုပ်ကြီးက ကျွန်တော့်ကိုယ်စား အောက်ကို ခုန်ချလိုက်တော့မယ်တဲ့။ အခုအချိန်ကစပြီး ကျွန်တော် ဒီစိတ်ကျန်းမာရေးဆေးရုံကြီးရဲ့ ဆေးရုံအုပ်ကြီး ဖြစ်သွားပါပြီ"

---

မောင်မဟာ

---



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သံသယ မိတ်ရိုင်း

**ဝင်းဖေါ် (သုံးအယ်)**

၁၉၉၃-ခုနှစ်၊ ဌွန်လပိုင်း။

"ကိုဇော်လွင်…ကိုဇော်လွင် ဘယ်သွားမလို့လဲဗျ"

ရွာအရှေ့ပိုင်းသို့သွားရန် အိမ်မှထွက်လာသော ဇော်လွင့်ကို ၎င်းအိမ်၏မျက်စောင်းထိုးတွင် နေထိုင်သော ကျော်ထွန်းက လှမ်း၍မေးသည်။ ဇော်လွင်က မကြားချင်ဟန်ဆောင်ပြီး ဆက်၍ လျှောက်လာခဲ့၏။ ဇော်လွင့်အနေဖြင့် ကျော်ထွန်း၏အသံကိုလည်း မကြားချင်။ မျက်နှာကိုလည်းမမြင်ချင်အောင် ဖြစ်နေရသည်မှာ ကြာပြီ။ ကျော်ထွန်းကို ဇော်လွင်က ဒေါသဖြစ် မုန်းတီးနေမိသည်မှာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com

"တောက်"

ဇော်လွင် တောက်ခေါက်လိုက်မိသည်။

"ငါ မပြောဆိုမဆက်ဆံချင်တဲ့သူက ငါ့ကို မျက်နှာချိုသွေးနေတာဟာဘာကြောင့်လဲ"ဇော်လွင်ကတွေးရင်း ခေါင်းကို ဘယ်ညာခါယမ်းလိုက်မိသည်။ သူ့မျက်နှာခက်ထန်နေမည်ကို ဇော်လွင် သတိပြုမိ၏။ ရွာအရှေ့ပိုင်းသို့လာသည့်ကိစ္စကိုပင် ပြန်စဉ်းစားယူရသည်။ ရွာအရှေ့ပိုင်းမှ ဘကြီးဦးလှတင်၏ ခြံထဲသို့ ဝင်လာခဲ့သည်။

"ဟာ…မောင်ဇော်လွင်၊ လာကွာ၊ ဘာကိစ္စများရှိလို့လဲ"

အိမ်ရှေ့တွင်ထိုင်ကာ နီးဖြာနေသော ဦးလှတင်က ဇော်လွင်ထံသို့လာ၍ ပခုံးဖက်ပြီး အိမ်ထဲသို့ ခေါ်သွားသည်။

"ဘကြီးကို မြက်ခြင်းနှစ်ခြင်းလောက်လာမှာဘာ"

"ဒါများ မောင်ဇော်လွင်ရယ်၊ တစ်ရက်နှစ်ရက်လောက်ပေါ့ စောင့်ရမယ်နော်"

"ရပါတယ် ဘကြီးရယ်၊ ကျွန်တော်လည်း အလုပ်အားတုန်း လာမှာရတာ"

"မင်းရဲ့နိန်းမ မစန်းနွယ်ရော နေကောင်းရဲ့လား၊ ဘကြီးအိမ်ကို လာမလည်တာတောင် အတော်ကြာပြီ"

"စန်းနွယ်လည်း အလုပ်မအားဘူး ဘကြီးရဲ့ အိမ်မှာက ဝက်တွေမွေးထားတော့ ဝက်အစာကျို၊ ဝက်အစာကျွေးနဲ့ အလုပ်များတယ်လေ"

"မင်းက စီးပွားရေးလာဘ်မြင်တတ်သူဆိုတော့ ကြိုးစား…ကြိုးစား။ အသက်ငယ်ရွယ်တုန်း စီးပွားရှာရတာ၊ မင်းရဲ့အိမ်နားက ငါ့တူတော်မောင် ကျော်ထွန်းကတော့ ဘာစီးပွားရေးမှ နားမလည်တဲ့ကောင်"

ဦးလှတင်၏စကားကြောင့် ဇော်လွင်၏မျက်နှာသည် ရုတ်ခြည်းပျက်သွား၏။ ဇော်လွင်သည် ဣန္ဒြေမပျက်အောင် ဟန်ဆောင်လိုက်ရ၏။

"မင်းရဲ့သားလေးလည်း ဘယ်အရွယ်ရောက်ပြီလဲ"

"ရှစ်လသား ဘကြီးရဲ့"

"ဟာ…ဒါဆို ထိုင်နေပြီပေါ့"

"ဟုက်တယ် ဘကြီးရဲ့ မြင်သမျှကို ဟိုလိုက်ဆွဲ၊ ဒီလိုက်ဆွဲနဲ့ဗျ၊ ကြီးလာရင်တော့ အတော်ကဲမယ့်ကလေးပဲ"

"ယောက်ျားလေးဆိုတာ ဒီလိုပါပဲကွာ၊ ငါတို့လယ်သမားတွေဆိုတာ သားသမီးရှိရင် လယ်ယာလုပ်ငန်းအတွက် လုပ်အားရှင်တွေပဲ၊ အားကိုးအားထားရတာပေါ့"

"ကဲ- ဘကြီး၊ ကျွန်တော် ပြန်ဦးမယ်၊ နောက်သုံးလေးရက်ကြာမှ လာယူတော့မယ်"

"ကောင်းပြီ ငါ့တူရေ…စိတ်ချ ပြီးအောင် လုပ်ထားလိုက်မယ်"

ဇော်လွင်က ဦးလှတင်၏ခြံထဲမှ ထွက်လာခဲ့သည်။ အိမ်သို့ရောက်သျှင် အိမ်အောက်ခံင့်တွင် ငူတူတူထိုင်နေမိသည်။ မီးဖိုချောင်ထဲမှ ထွက်လာသော မစန်းနွယ်က ငိုင်ငြိုးငိုင်နေသော သူ့ယောက်ျားဇော်လွင်၏ မျက်နှာကို အကဲခတ်နေသည်။

""ရှင် ဘာဖြစ်လာလို့လဲ"

မစန်းနွယ်က ဇော်လွင်၏ ဘေးနားတွင် ဝင်ထိုင်ရင်း မေးသည်။

"ဘာ…ဘာမှ မဖြစ်ပါဘူး"

"ဟာ…မဟုတ်သေးပါဘူး၊ ရှင် တစ်ခုခုဖြစ်လာတာတော့ သေချာတယ်၊ မိန်းမက ယောက်ျားမျက်နှာကြည့်တာနဲ့ သိတာပေါ့"

မစန်းနွယ်က ဇော်လွင်၏ပခုံးကိုမှီရင်း မျက်နှာချိုသွေး၍ မေး၏။

"ဘာမှမဖြစ်ပါဘူး၊ ပြောနေမှကွာ"

ဇော်လွင်၏အသံက ကျယ်လောင်သွားသည်။ မစန်းနွယ်၏မျက်နှာ တည်သွား၏။ ကိုယ်ကိုလည်း ခွာလိုက်သည်။

"မိန်းမက ကိုယ့်ယောက်ျားရဲ့မျက်နှာကို အရိပ်တကြည့်ကြည့်နေတာ၊ ကိုယ့်ယောက်ျား မျက်နှာညှိုနေလို့ မေးမိတာ၊ မမေးစေချင်လည်းနေပေါ့"

မစန်းနွယ်က ဆတ်ခနဲထပြီးခြေဆောင့်ကာ မီးဖိုချောင်ထဲသို့ ထွက်သွားသည်။ ဇော်လွင်က သက်ပြင်းကို လေးပင်စွာချသည်။

\+ + +

ဇော်လွင်က ထနောင်းရိုးရွာသား မိဘ ချင်းစေ့စပ်ပေးမှုကြောင့် လက်ပံစုရွာသူ မစန်းနွယ်နှင့် အိမ်ထောင်ကျခဲ့သည်။ ဇော်လွင်နှင့် မစန်းနွယ်တို့ သက်ထပ်ခဲ့သည်မှာ (၂)နှစ်ခွဲခန့်သာ ရှိသေး၏။ အစက ဇော်လွင်သည် မစန်းနွယ်၏မိဘများအိမ်တွင် လိုက်နေသည်။ ဇော်လွင်တို့အိမ်ထောင်ကျပြီး သိပ်မကြာခင်တွင် မစန်းနွယ်၏မိဘများက ရွာထဲမှဝယ်ထားသော မြေကွက်တွင် သူတို့လင်မယားနေရန် အိမ်ဆောက်ပေးသည်။ လယ်(၈)ဧကကိုလည်း သူတို့လင်မယား လုပ်ကိုင်စားသောက်ရန် ခွဲပေးသည်။ ဇော်လွင်က သူ့မိဘများထံမှ နွားတစ်ရှဉ်း[illegible] ထားသည်။

ဇော်လွင်က လယ်ယာလုပ်ငန်းကို ကြိုး[illegible] စားလုပ်ကိုင်သဖြင့် လယ်မှ စပါးအထွက်[illegible] ကောင်းခဲ့သည်။ လက်ပံစုရွာမှ လယ်သ[illegible] များက ဇော်လွင်၏ အလုပ်ကြိုးစား[illegible] အားကျသည်။ ဇော်လွင်က စပါးရိတ်[illegible] ပြီးသည်နှင့် မတ်ပဲ၊ မြေပဲ၊ နေကြာ [illegible] သည်။ အိမ်တွင်လည်း ကြက်၊ ဘဲ [illegible] မွေးမြူထားသည်။ ဇော်လွင်နှင့် မစ[illegible] တို့လင်မယားက လက်ပံစု ရွာသူ [illegible] များအတွက် အတုယူစရာ စုံတွဲဖြ[illegible] သည်။ ဇော်လွင်က မစန်းနွယ်ကို မိ[illegible] ပေးစားသည်မှန်ပေမယ့် အိမ်ထောင်[illegible] အချိန်အထိ ရည်းစားတစ်ယော[illegible]



www.burmeseclassic.com

www.burmeseclassic.com

မထားမှုသူ့ကို အလွန်ချစ်သည်။ မစန်းနွယ်က လည်း ဇော်လွင်ကို အလွန်အားကိုးသည်။ သူတို့အိမ်ထောင်ရေးမှာ ပျော်ရွှင်စရာ ကောင်းလှ၏။

ညနေတိုင်း ဇော်လွင်နှင့် မစန်းနွယ်က သူတို့သားလေးကိုချီပြီး လျှောက်လည်တတ်သည်။

"ဟာ . . .ကိုဇော်လွင်နဲ့ စန်းနွယ်တို့ ရွာထဲကို လျှောက်လည်မလို့လား။ ဟေး. . သားလေးက ချစ်စရာကောင်းလိုက်တာ"

ဇော်လွင်တို့မျက်စောင်းထိုးတွင်နေတိုင်သော ကျော်ထွန်းက သူတို့သားလေးကိုယူ၍ ချီပိုးတတ်သည်။ ဇော်လွင်နှင့် မစန်းနွယ်တို့၏ သားလေးကလည်း ဝဝတစ်တစ်က လေးနှင့်ချစ်စရာကောင်းလှသည်။ မစန်းနွယ်၏မိဘများက ကလေးကို တစ်နေ့တစ်ခေါက်လာ၍ပြုစု ကျေနပ်သည်။ ကျော်ထွန်းကလည်း ကလေးကိုချစ်သည်။ မြို့ကပြန်လာတိုင်း ကလေးအတွက် ကစားစရာအရုပ်များ ဝယ်လာပေးတတ်သည်။

"ဟာ . . .ကိုကျော်ထွန်းရယ်၊ သားလေးမှာ ကစားစရာအရုပ်တွေ ရှိပါတယ်ဗျာ၊ ခင်ဗျားဝယ်လာတဲ့ ကစားစရာအရုပ်တွေက တန်ဖိုးများလွန်းပါတယ်"

"ငါက မင်းတို့သားလေးကို ချစ်လွန်းလို့ သားလေးကစားဖို့ ဝယ်လာတာပါ။ ဈေးမများပါဘူး။ အရုပ်များများကစားရတော့ ကလေး ပျော်တာပေါ့"

ကျော်ထွန်းက ညဘက် ကလေးသံကြားလျှင် အော်ဟစ်သွားတတ်သည်။

"သားရေ . . .မအိပ်သေးဘူးလားကွ"

ထွန်းအောင်လွင်က ကျော်ထွန်း၏ အသံကို သိနေသည်မို့ ပြုံးရယ်နေတတ်သည်။

"ကိုကျော်ထွန်းက သားလေးကို ချစ်တယ်နော်၊ ဒီလူ ဒီအသက်အရွယ်အထိ အိမ်ထောင်မပြုဘဲ နေတယ်နော်၊ လွတ်လွတ်လပ်လပ်နေချင်လို့ ထင်ပါရဲ့"

"သူမပြုချင်လို့ မပြုတာ၊ ယောကျ်ားက ကြားထဲက ပူပန်နေပြန်ပါပြီ"

"စကားအဖြစ် ပြောပြတာပါကွာ၊ မိန်းမကလဲ . . ."

\+ \+ \+

"အစ်ကိုတိုလင်မယား စကားများရအောင် စလိုက်ရအုံးမယ်"

မစန်းနွယ်၏ မောင်တစ်ဝမ်းကွဲ ခင်အောင်က ပြောသည်။

"ဘာများလဲကွ ယောက်ဖရ၊ ပြောစမ်းပါအုံး"

"မမစန်းနွယ်က အစ်ကိုနဲ့မယူခင်က ရွာထဲက ကိုကျော်ထွန်းနဲ့ သမီးရည်းစားဖြစ်ခဲ့ကြသေးတယ်ဗျ"

ခင်အောင်၏စကားကြောင့် ဇော်လွင်၏ရင်ထဲတွင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ မျက်နှာအမူအရာ ပျက်သွားသည်။ ပြီးမှ မချိတင်ကဲ ပြုံးနေမိသည်။

"ဟုတ်သလား၊ မသိပါဘူးကွာ"

"ဟုတ်တယ်ဗျ"

"ဒါဆို မင်းအစ်မက ရုပ်ချောတယ်ဆိုပြီး ရည်းစားတွေ အများကြီးထားခဲ့တာပေါ့"

"ဟာ. . .ရည်းစားအများကြီး မထားပါဘူးဗျာ၊ ကျော်ထွန်းကြီးတစ်ယောက်တည်းပါဗျ"

"ငယ်ချစ်ဦးပေါ့"

"ငယ်ချစ်ဦး မဟုတ်ပါဘူး။ အစ်ကိုနဲ့ မယူခင် လပိုင်းလောက်မှ အောင်သွယ်ကြောင့် ကြိုက်သွားကြတာ"

ဇော်လွင်က ရယ်မောပြီး ပြောဆိုနေရပေမယ့် သူ့ရင်ထဲတွင် လှိုင်းထန်နေသည်။ ရှက်စိတ်ကြောင့် ဇော်လွင်၏မျက်နှာ နီပြန်းနေသည်။

"အခုတော့ မင်းအစ်မနဲ့ ငါက သားလေးတစ်ယောက်တောင် ရနေပြီပေါ့ကွာ"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ"

သမီးယောက်ဖနှစ်ယောက်စလုံး ဟားတိုက်ရယ်မောနေမိကြသည်။ ခင်အောင်ပြောသည့်မစန်းနွယ်၏ရည်းစားက ကျော်ထွန်း ဆိုသည့်စကားသံက ဇော်လွင်၏နားထဲတွင် အစဉ်အမြဲ ကြားယောင်နေမိသည်။ သူ့မိန်းမ မစန်းနွယ်ကိုလည်း မသိမသာ အကဲခတ်ကြည့်ရှုနေမိသည်။ မစန်းနွယ်က မည်သို့မှ ဣန္ဒြေမပျက်။

သူ့သားလေးကို ကျော်ထွန်းကချီသည်ကိုပင် ဇော်လွင်က မကြိုက်ချင်တော့။ ကျော်ထွန်းက အိမ်သို့လာလျှင် ဇော်လွင်က အိမ်နောက်ဖေးဘက်သို့ ထွက်သွားပြီး အလုပ်တစ်ခုခုကို လုပ်နေတတ်၏။ လက်ပံစု ရွာထဲမှ ခင်မင်သူများကိုလည်း ကျော်ထွန်းနှင့် မစန်းနွယ်တို့အကြောင်း တီးတိုးမေးမြန်းကြည့်သည်။

"ဟုတ်တယ်ဗျ၊ ကျော်ထွန်းနဲ့ မစန်းနွယ်တို့ သမီးရည်းစားဖြစ်ခဲ့ကြသေးတယ်၊ ခင်ဗျားနဲ့ မစန်းနွယ်ကို နှစ်ဖက်မိဘတွေက စေ့စပ်ပေးခါနီးမှ မစန်းနွယ်က ကျော်ထွန်းကို အဆက်အသွယ်ဖြတ်လိုက်တာ"

ဇော်လွင်နှင့် လယ်ချင်းကပ် လုပ်ကိုင်နေသည့် အုန်းလွင်က ပြောပြသည်။

"သမီးရည်းစားတွေ ဖြစ်ခဲ့ကြပြီး ကျွန်တော်နဲ့ စန်းနွယ်တို့ စေ့စပ်တော့မယ့်သတင်းကြားတဲ့ ကျော်ထွန်းက စန်းနွယ်ကို ဘာလို့ ခိုးမပြေးတာလဲ"

"ကျော်ထွန်းက ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်တာ၊ မစန်းနွယ်က လည်း စဉ်းစားတွေးခေါ်တတ်တဲ့ မိန်းကလေးပဲ။ ဘဝရေးရေး စိတ်အေးရအောင် စဉ်းစားမှာပေါ့။ ကျော်ထွန်းကိုသာ ယူမိရင် မစန်းနွယ် ဒုက္ခရောက်မှာ ကျိန်းသေပဲလေ"

ဇော်လွင်က ခေါင်းဆတ်ဆတ်ညိတ်



www.burmeseclassic.com

www.burmeseclassic.com

ရင်း နားထောင်နေ၏။

"ကိုဇော်လွင်က ဒီအကြောင်းတွေကို ဘာလို့ မေးရတာလဲ"

"ကျွန်တော်ယောက်ဖ ခင်အောင်ပြော ပြတာကို မယုံကြည်လို့ မေးကြည့်တာ"

"မစန်းနွယ်က ခင်ဗျားအပေါ်မှာ မယား ဝတ္တရားကျေပွန်တဲ့ မိန်းကလေးပါ၊ အလုပ်ကို အပင်ပန်းခံပြီး လုပ်နိုင်တယ်"

"အဲဒါတော့ ဟုတ်တယ်ဗျ"

\+ \+ \+

ဇော်လွင်၏စိတ်ထဲမှ သဝန်တိုစိတ်မှာ ပျောက်မသွား။ ကျော်ထွန်းက သူ့သားလေး ကိုချီလျှင် ဇော်လွင်၏မျက်နှာ သုန်မှုန်နေ တတ်၏။ ကျော်ထွန်းက မစန်းနွယ်ကို စကား ပြောလျှင် ဟန်မဆောင်နိုင်အောင် မျက်နှာ ပျက်နေတတ်သည်။

"စန်းနွယ်"

"ဘာပြောမလို့လဲ ယောက်ျား"

"ကျော်ထွန်းကို မင်း စကားမပြောရ ဘူး"

"ဟင်···ဘာဖြစ်လို့လဲ ယောက်ျားရဲ့"

"စကားမပြောနဲ့ဆို မပြောနဲ့ကွာ"

"ဟာ···ယောက်ျားကလည်း တစ်ရွာ ည်းသား အိမ်နီးနားချင်းတွေ၊ သူကပြော ကိုယ်က ပြန်မပြောရင် ဘယ်ကောင်းပါ့ ဲ"

"တောက်···ဘာလဲ၊ မင်းက ငါ့စကား အရေးမစိုက်တာလား"

"မဟုတ်ပါဘူး။ လူမှုရေးအရ ရိုင်းမှာကို ပြောတာပါ"

"အေးလေ၊ ဘယ်စကားမပြောဘဲ နေ ါမလဲ၊ ရည်းစားဟောင်းတွေမဟုတ်လား"

"ယောက်ျား အဲဒါတွေက ပြီးခဲ့ပြီနော်၊ ဉ်···ရှင်က ကျွန်မကို ကျော်ထွန်းနဲ့ နတိုနေတာကိုး"

"ငါယူထားတဲ့မိန်းမက ရည်းစားဟောင်း နဲ့ ရယ်လိုက်မောလိုက် ပြောဆိုနေတာကို ငါက သဘောကျရမှာလား"

"တော်တော့ ကိုဇော်လွင်၊ သူများတွေ ကြားရင် ရှက်စရာကောင်းတယ်၊ ကျွန်မ လည်း သိက္ခာကျမယ်"

"အေး···သိက္ခာမကျချင်ရင် အဲဒီ ကောင်နဲ့ စကားမပြောနဲ့ပေါ့"

"ခက်လိုက်တာ···"

မစန်းနွယ်က တစ်ဖက်သို့လှည့်ကာ သားလေးကို နို့တိုက်နေလိုက်သည်။

\+ \+ \+

"ဟေ့လူ···ကိုဇော်လွင်၊ ခင်ဗျားမိန်းမ နဲ့ ကျော်ထွန်းရဲ့အခြေအနေကို လေ့လာအုံး နော်၊ သူတို့က သမီးရည်းစားဟောင်းတွေ၊ ခင်ဗျားမသိအောင် ပြန်ဆက်သွယ်နေမှ သွေသွေ။ ငါ့သား ဖြစ်နေအုံးမယ်"

မြင့်စိုး၏စကားကြောင့် ဇော်လွင်၏ သံသယစိတ်ကို ပိုမိုကြီးထွားစေခဲ့သည်။ မြင့်စိုးပြောသလို ကျော်ထွန်းနှင့် မစန်းနွယ် တို့ ပြန်လည်ဆက်သွယ်နေကြပြီလား။ အတွေးကြောင့် ဇော်လွင်၏ရင်ထဲတွင် စိုး ထိတ်သွားရသည်။

ဇော်လွင် ခြံဝင်းထဲသို့ဝင်လာတော့ ကျော်ထွန်းနှင့် ခြံပေါက်ဝတွင် ဆုံမိကြသည်။ ကျော်ထွန်းက ဇော်လွင်ကို ပြုံးပြသည်။

"ကိုဇော်လွင်···မြို့က ပြန်လာတာ လား"ကျော်ထွန်း၏အမေးစကားကို ဇော်လွင် က ပြန်မဖြေဘဲ အိမ်ထဲသို့ တန်းဝင်လာခဲ့ သည်။

"ဒီလူ ဘာဖြစ်လာတာလဲ"

ကျော်ထွန်း၏စကားသံကို ဇော်လွင် ကြားလိုက်မိသည်။

"ယောက်ျားရေ···မှာလိုက်တဲ့ပစ္စည်း တွေ တစ်ခုမကျန် ဝယ်ခဲ့ရဲ့လား"

"ကျန်လာတော့လည်း ရွာထဲမှာ ဝယ် လိုက်ပေါ့ကွာ"

"ယောက်ျားရယ်···ဘာတွေဒေါသဖြစ် လာရတာလဲ"

မစန်းနွယ်က ဇော်လွင်၏လက်ထဲမှ ပစ္စည်းများကို လှမ်းယူရင်း ပြောသည်။

"မစန်းနွယ်···မင်း နေပုံထိုင်ပုံတွေ အချိုးမကျဘူးနော်"

"ငါမရှိတဲ့အချိန် ကျော်ထွန်းက အိမ်ကို လာတာကို ဘာလို့ လက်ခံစကားပြောနေရ တာလဲ"

"အရင်လည်း သားလေးဆီကို လာနေ ကျဥ္စွာ၊ အဆန်းလုပ်လို့"

"တော်ကွာ၊ မင်းမပြောနဲ့တော့"

ဇော်လွင်၏စိတ်ထဲတွင် ခံပြင်းမှုများဖြစ် နေမိသည်။ မစန်းနွယ်ကလည်း ဇော်လွင်၏ အစစ အရာရာ သဝန်တိုသည့်စိတ်ကို မနှစ် သက်။ မစန်းနွယ်က သူ၏သစ္စာတရားကို သူယုံကြည်ထားသည်။ ဇော်လွင်၏အပေါ် တွင် ကြင်နာယုယမှုများ ပြခဲ့သည်။ သို့ပေမဲ့ ဇော်လွင်၏အပြုအမူနှင့် စကားများက မစန်း နွယ်၏ကိုယ်ကျင့်တရားကို စော်ကားသလို ရှိခဲ့သည်မို့ မစန်းနွယ်က ဇော်လွင်ကို ခပ် တည်တည် ဆက်ဆံခဲ့သည်။

ထိုအခါ ဇော်လွင်၏သံသယက ပို၍ ကြီးထွားလာခဲ့သည်။

ဇော်လွင်က ရင်ထဲတွင်ခံစားနေရသော ဝေဒနာကို သက်သာမှုရစေရန် အရက် သောက်သည်။ မစန်းနွယ်က ဇော်လွင်ကို တားမရမှန်းသိသည်မို့ ဘာမှမပြောဘဲ နေခဲ့ သည်။ တစ်ညနေ ဇော်လွင်က အရက် သောက်ပြီး ပြန်လာတယ်။ ကျော်ထွန်း၏ လက်ထဲမှ သားလေးကို မစန်းနွယ်က ချော့ မြှူနေသည်မို့ ဇော်လွင်အတွက် အမြင်ရိုင်း သွားသည်။

"တောက်"

ဇော်လွင်က ခြေဆောင့်ပြီး အိမ်ပေါ်သို့ တက်သွားသည်။ မစန်းနွယ်က ကျော်ထွ



www.burmeseclassic.com

www.burmeseclassic.com

၏လက်ထဲမှကလေးကို ယူပြီး အိမ်ပေါ်သို့ လိုက်လာသည်။

"ရည်းစားဟောင်းနဲ့ ကြည်နူးနေတာပေါ့လေ"

"ဘာ...ရှင် ဘာစကားပြောတာလဲ"

မစန်းနွယ်က သားလေးကို နို့တိုက်နေရင်းက မေးသည်။

"အနာပေါ်ကို တုတ်ကျလို့ နာသွားသလား"

"တောက်...ရှင် မဝိုက်ရိုင်းနဲ့နော်"

မစန်းနွယ်၏အသံက မာကြောသွားသည်။ အရက်ရှိန်ကလေးတက်လာသော ဇော်လွင်၏ဒေါသကို မစန်းနွယ်၏စကားက နှိုးဆွပေးသလို ဖြစ်သွားသည်။ မစန်းနွယ်၏ မျက်နှာက တင်းမာနေသည်။ ဇော်လွင်က ထိုင်ရာမှထကာ ပျဉ်ထောင်ကြားတွင် ညှပ်ထားသော ဓားရှည်ကို ဆွဲထုတ်ပြီး ကလေးကိုနို့တိုက်နေသော မစန်းနွယ်၏လည်ပင်းကို ပိုင်းချလိုက်သည်။ မစန်းနွယ်က ရှောင်တိမ်း၍ လွတ်သွားသည်။ သားလေးကို ထိနိုက်သွားမှာ စိုးရိမ်၍ ဖြစ်သည်။ ဇော်လွင်က ဆင်ခြင်တုံတရားကင်းမဲ့နေသူပမာ မစန်းနွယ်ကို ဓားဖြင့် ခုတ်ပိုင်းနေသည်။ ဓားချက်က မစန်းနွယ်၏လည်ပင်းကို ထိသွားသည်။ မစန်းနွယ်သည် ကလေးကိုဖိရင်း လဲကျသွားပြီး ငြိမ်သက်သွားလေ၏။

"ရည်းစားဟောင်းနဲ့ ကြည်နူးချင်တဲ့ မိန်းမ၊ သေစမ်း၊ ဟား...ဟား..."

အိမ်နီးချင်းများက ဆူညံသံကြောင့် အိမ်ပေါ်သို့ ပြေးတက်လာကြသည်။

"ဟာ..."

"ဟင်..."

"ဇော်လွင်...မင်း ဘယ်လိုလုပ်လိုက်တာလဲကွာ"

"ဒေါသတွေ စုပုံသွားတာ၊ ဒီမိန်းမ သေသွားမှ ကောင်းမယ်"

အိမ်နီးချင်းများက ကျေးရွာလူကြီးများထံသို့ သွားရောက်အကြောင်းကြားသည်။ ကျေးရွာလူကြီးများက သွေးရူးသွေးတန်းဖြစ်နေသော ဇော်လွင်၏အနားသို့ မကပ်ရဲ။ သားလေးကိုသာ အိမ်နီးချင်းမိန်းမများက ခေါ်သွားပြီးချော့မြှူထားကြသည်။ မြို့ပေါ်မြို့ရဲစခန်းသို့ အကြောင်းကြားသည်။

စခန်းမှူးရဲအုပ်တင်ရွှေနှင့် နယ်ထိန်းအဖွဲ့မှ ဇော်လွင်ကို ဖမ်းဆီးသည်။ အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော သက်သေခံဓားရှည်ကို သက်သေလူကြီးများ၏ရှေ့တွင် ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းခဲ့သည်။

ဇော်လွင်အား ရဲစခန်းတွင် တရားရုံးမှ ရီမန်ယူ၍ချုပ်ထားစဉ်ကာလအတွင်း ရဲစခန်းသို့ ကျော်ထွန်းရောက်လာပြီး ဇော်လွင်ကို တွေ့သည်။ ဇော်လွင်က ကျော်ထွန်းကို မြင်တော့ မျက်နှာထားတင်းတင်းဖြင့်ကြည့်သည်။

"ခင်ဗျားရဲ့သံသယစိတ်တွေ ပြေပျောက် သင့်ပြီ ကိုဇော်လွင်၊ တကယ်တော့ ကျွန်တော်နဲ့ မစန်းနွယ်က သမီးရည်းစားဖြစ်ခဲ့ကြတာမှန်ပေမယ့် ခင်ဗျားနဲ့ လက်ထပ်ပြီးတဲ့အချိန်ကစပြီး မစန်းနွယ်ကို ကျွန်တော့် ညီမလေးတစ်ဦးပမာ သဘောထားခဲ့ပါတယ်၊ ခင်ဗျားရဲ့ အထင်လွဲခံရမှာစိုးလို့ မစန်းနွယ်က ကျွန်တော့်ကို အိမ်ကို ခဏမလာပါနဲ့လို့တောင် ပြောခဲ့တာ၊ ကျွန်တော်က ကျွန်တော့်ကိုယ်ကျင့်တရားကို ယုံကြည်ပြီး မစန်းနွယ်ကို ပြောဆိုဆက်ဆံခဲ့တာ၊ မစန်းနွယ်ကလည်း ခင်ပွန်းအပေါ်မှာ သစ္စာတရားပြည့်ဝသူဆိုတော့ ကျွန်တော့်ကို ရဲရဲတင်းတင်းခေါ်ပြောတာပေါ့၊ ဒါကို ခင်ဗျားက သံသယစိတ်၊ သဝန်တိုစိတ် တွေနဲ့ ဒေါသရှေ့ထားတော့ မစန်းနွယ်မှာ မသေသင့်ဘဲ သေခဲ့ရ၊ ခင်ဗျားက ဥပဒေ အရ အရေးယူခံရ၊ ဒုက္ခရောက်ရတာက ခင်ဗျားတို့ရဲ့သားလေးထွန်းအောင်လွင်ပဲ၊ ကလေးကို တစ်ရွာလုံးကလေးတွေက သနားကြတယ် ကျွန်တော်က ပိုပြီးစိတ်မကောင်း ဖြစ်ရတယ်ဗျာ"

ကျော်ထွန်း၏အသံက ဆို့နင့်နေသည်။

"သားလေး...နေကောင်းရဲ့လား ကိုကျော်ထွန်း"

"နေကောင်းပါတယ်၊ ကလေးရဲ့အဘိုးအဘွားတွေက သနားစိတ်နဲ့ ချစ်လိုက်ကြတာ၊ ခင်ဗျားက မစန်းနွယ်ကိုသတ်လိုက်မိတာ ကျွန်တော့်ပယောဂမကင်းသလို ဖြစ်နေတော့ သားလေးကို အဝေးကပဲ သတင်းမေးနေရတယ်"

"ကျွန်တော်မှားသွားတယ် ကိုကျော်ထွန်းရယ်"

"ဒါပေမဲ့ အခြေအနေတွေက လွန်ခဲ့ပြီဗျာ၊ ခင်ဗျားမှာ သံသယစိတ်တွေမရှိခဲ့ရင် ခင်ဗျားတို့မိသားစုတွေ အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရမှာမဟုတ်ဘူး"

"မှန်ပါတယ် ကိုကျော်ထွန်း"

"ကျန်းမာရေးကို ဂရုစိုက်ဗျာ၊ ကျွန်တော်က ခင်ဗျားသံသယရှင်းသွားအောင် လာပြောပြတာ၊ ဒါမှလည်း ကျွန်တော့်ရင်ထဲမှာ ပေါ့သွားမှာဗျ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ကျော်ထွန်းက ဇော်လွင်ကို နှုတ်ဆက်ပြီး ပြန်သွားသည်။ ဇော်လွင်သည် အချုပ်ခန်းသံတိုင်ဘေးတွင် ငေးငိုင်စွာထိုင်ရင်း မျက်စိကို စုံမှိတ်လိုက်၏။ ခင်ပွန်းအပေါ် သစ္စာ ရှိခဲ့သော ဇနီးအပေါ် သံသယစိတ်ဖြင့် ဒေါသစိတ်ထားကာ သတ်ခဲ့မိသော မိမိ၏ အမှားကို နောင်တရနေမိသည်။ မစန်းနွယ်၏ ချစ်စရာ မျက်နှာလေးကိုလည်း အတွေးအာရုံထဲတွင် မြင်ယောင်နေမိသည်။ ရင်ထဲတွင် တင်းကျပ်စွာ ခံစားနေရသည်။ မျက်ဝန်းထဲတွင် ပြည့်လျှံနေသော မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာလေတော့၏။

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနီမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

ဒေါက်တာစောယုနွယ်



တကယ်ဆိုရင်ဗျာ…

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွေ့တာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်…

■ အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ညှပ်ပေမယ့်လည်း လုပ်ငန်းသစ်များ စတင်ရတတ်ပါတယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ အလုပ်နေရာ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့် သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေအနည်းငယ် ဝင်တတ်ပါတယ်။ ဒါပေမဲ့ စုဆောင်းလို့ ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာတွေ ပြန်ဝင်လိမ့်မယ်။ ကွဲကွာနေတဲ့ မိတ်ဆွေဟောင်းများနဲ့လည်း ပြန်လည်ဆုံတွေ့ရတတ်တယ်။ အိမ်မှာ သားပျို သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှခွဲထွက်ခြင်းမျိုး ဖြစ်တတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ ကိုယ့်တပည့်လက်သားတွေကလည်း ဒုက္ခပေးတတ်တယ်။ ပြဿနာတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့်လည်း အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့်လည်း အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့်ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညှပ်များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညှိုးသောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၂၄၊ ၄၂၊ ၄၆၊ ၆၄

**အထူးသတိပြုရန်**

မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ အဲဒီပညာရပ်ဟာ ကိုယ့်ကိုအကျိုးပေးလိမ့်မယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်းများ မြင့်တက်လိမ့်မယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပါတယ်။ လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ရန်များခြင်း၊ စကားများ ဖြေရှင်းရခြင်းများ၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲခြင်းများ ဖြစ်တတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအထွက်ကြမ်းခြင်းများလည်း ကြုံလိမ့်မယ်။ လူငယ်လူရွယ်တွေအဖို့ အချစ်ရေး စန်းပွင့်နေတဲ့အချိန်ဖြစ်ပါတယ်။ စေ့စပ်ပွဲများ အလှူမင်္ဂလာပွဲများလည်း ပြုလုပ်ရတတ်တယ်။ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာ ပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ လောင်းကစား အပျော်အပါးမက်တဲ့သူတွေအဖို့ လူလိမ်ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဖူးနာ၊ ခါးနာ ဖြစ်တတ်တယ်။ နှလုံးနှင့်ပတ်သက်၍ ဝေဒနာခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် ဟန်နိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်အဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၄၃၊ ၄၅၊ ၅၃၊ ၅၅

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရ။
ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေ့အိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း
အမွှေးဆပ်ပြာခဲပေါ်တွင် အမွှေးတိုင်ထွန်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

# အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မပြည့်စုံတာတွေ ပြည့်စုံလာပါလိမ့်မယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာပါ။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း။ ပြောင်းရွှေ့ခြင်း ပြုလုပ်ရတတ်တယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း။ နေရာကောင်းရခြင်း၊ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲ ဖြစ်လိမ့်မယ်။ သင်သည် ယောကျ်ားလေးဖြစ်ပါက အိမ်ထောင်ကျလျှင် ကောင်းပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသောကာလ ဖြစ်ပါတယ်။ ယခုအချိန်တွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသောအိမ်မျိုး ဖြစ်လိမ့်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရုပ်ပွားတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်တတ်တယ်။ ယခုကာလတွင်ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေး တာမျိုး ဖြစ်တတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရလိမ့်မယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း။ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ယခုကာလတွင် မြေအဝင် မခံရပါ။ မဖြစ်မနေ မြေဝယ်ရမည်ဆိုလျှင် ဖျာချောလေး(၁)ချပ်ကို ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား ဘာသာခြားတွေ မစထတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင် ကြီးစွာကြုံရတတ်တယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက ကိုယ့်ကို အကူအညီပေးလိမ့်မယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်တတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးကနေ ကိုယ်ကိုးကွယ်နေတဲ့ ဆရာတော် တစ်ပါးလည်း ကြွလာတတ်တယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိုပ်ရစ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၄၂၊ ၄၆၊ ၆၂၊ ၆၄

**အထူးသတိပြုရန်**

အိုးပိုင်၊ အိမ်ပိုင် ရနိုင်သောကာလဖြစ်သောကြောင့် သူတစ်ပါး၏ ပရိဘောဂပစ္စည်းများကို လက်မခံရ။ သူတစ်ပါး၏အိမ်ကိုလည်း မိမိက တာဝန်ယူ၍မဆောက်ပေးရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုတ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မရသေးတာတွေ ရလိမ့်မယ်။ ရပြီးသားပစ္စည်းတွေလည်း တိုးပွားလာတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရတတ်တယ်။ ငွေအစုလိုက်အပုံလိုက် ဝင်လိမ့်မယ်။ မိမိအလုပ်မှသော်လည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင်တော့ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်းများ မြင့်တက်လိမ့်မယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေဝယ်လျှင် အသစ်သာ ဝယ်သင့်သည်။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်း ကြားရတတ်တယ်။ မိမိနှင့် အတူနေသူ သက်ကြီးရွယ်အိုထဲမှာ တနင်္ဂနွေ ဗုဒ္ဓဟူး သားသမီးများ ပါလျှင် တခြားနေရာသို့ ခဏရွှေ့ထားလိုက်ပါ။ လက်အောက်ငယ်သား၊ သားသမီးများနှင့် ပတ်သက်၍ စိတ်ပူရတတ်တယ်။ လုပ်ငန်းများ တိုးချဲ့လုပ်ပါ။ မကြာခဏ ခရီးသွားရတတ်တယ်။ ကျန်းမာရေးတော့ ဂရုစိုက်ပါ။ ဝမ်းဗိုက်နဲ့ ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါပေမဲ့ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီး သွားရတတ်တယ်၊ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကနက္ကဒန်ထီးဖြူ(၁)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

တနင်္လာ၊ စနေ

## ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

## ကံကောင်းသောနံပါတ်

၂၁၊ ၂၇၊ ၇၂၊ ၇၆

## အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်နေသော နိမိတ်တွေ့ပါက လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

# ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေ ဖြစ်တတ်တယ်။ ကိုယ်နဲ့ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေကလည်း ကိုယ့်ဆီကနေ ထွက်သွားတတ်တယ်။ ခရီးတွေလည်း ထွက်ရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ စိတ်ညစ်စရာသတင်းတွေ ကြားရတတ်တယ်။ ဒီအချိန်မှာ စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဇောက်ကန်း မလုပ်သင့်ပါဘူး။ အရာရာကို စိတ်ထိန်းပြီး လောဘ၊ ဒေါသ၊ မာနတွေလျှော့လျှင် ဒုက္ခကြီးကြီးမားမား မတွေ့နိုင်ပါဘူး။ ယခုရောက်ရှိနေသောကာလတွင် ကဆုန်၊ ဝါခေါင်နှင့် ပြာသိုလများ ပါဝင်ပါက သင်သည် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းတွေအဖို့ အလုပ်ပြောင်းဖို့ စိတ်မကူးပါနှင့်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ သင်သည် အိမ်မှာနေရတာကို မပျော်ဘဲ ဖြစ်နေလိမ့်မယ်။ အရာရာကို စိတ်တိုင်းမကျ ဖြစ်တတ်တယ်။ သူတစ်ပါးအတွက် အာမခံတာမျိုး၊ ကိုယ်စားလိုက်ပြီး ပြောပေးတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါသွားတတ်တယ်။ အတတ်ပညာတစ်ခုသင်ဖို့လည်း ကိုယ်က ကြိုးစားမှ ပညာရေးကောင်းတတ်တယ်။ မထင်မှတ်ဘဲနှင့် မြေတစ်ကွက် ဝင်တတ်တယ်။ ငွေကြေးနှင့် ပတ်သက်၍လည်းကောင်း၊ ကားနှင့်ပတ်သက်၍လည်းကောင်း လူလယ်ခေါင်မှာ စွပ်စွဲပြောဆို ခံရတတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ဆေးမှား၊ အစားမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိ၏မွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၅၇၊ ၇၅၊ ၇၇

**အထူးသတိပြုရန်**

ယခုကာလအတွင်း နာရေး လုံးဝမသွားရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**


မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ထမင်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အကောင်းထဲကနေ အညံ့တွေ ရှိတတ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ ပေါ်လာတတ်တယ်။ ထိုအတူ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားလျှင် ဒီကာလမှာ ဖွင့်ရတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ ဖခင်နှင့် ပတ်သက်ပြီး စိတ်တိုင်းမကျတာ၊ စိတ်ဝမ်းကွဲတာမျိုး ကြုံရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ရွှေထွက်မယ်။ ရွှေထွက်လျှင် ကောင်းပါတယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း ထွက်တတ်တယ်။ ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်မှ ထွက်သွားတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ အထူးသဖြင့် တနင်္လာသားသမီး၊ ကြာသပတေးသားသမီးနှင့် ပတ်သက်ပြီး လုပ်ငန်းခွဲလုပ်ရခြင်းမျိုး ကြုံရတတ်တယ်။ ငွေနည်းနည်းပါးပါး ဝင်လာလျှင် ပြန်လှူပေးပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့်ပတ်သက်သောဝေဒနာ ဂရုစိုက်ပါ။ ပါး၊ မျက်စိ၊ ပေါင်တို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၂၊ ၁၃၊ ၃၁၊ ၃၄

### အထူးသတိပြုရန်

ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ မပြောင်းရွှေ့ရ။
အနီရောင်ရှိသော စာအုပ်တစ်အုပ် လက်ဆောင်ရပါက လုပ်ငန်းတိုးတက်ခြင်း၊
အကြံအစည်များ အောင်မြင်ပါလိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း
အုန်းဆွမ်း(၄)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲနေပါတယ်။ အညှိကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလ ဖြစ်ပါတယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွှန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ပိုက်တဲ့ ဖြစ်နေတတ်တယ်။ ပြောင်းရန်စိတ်မကူးပါနှင့်၊ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ မြေတစ်ကွက် ဝင်လာတတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ် လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ပြုလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိပါက ဆေးရုံ၌ မီးဖွားပါ။ အိမ်၌မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးဖြစ်တတ်တယ်။ ယခုအချိန်တွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုနှင့်။ ယခုကာလတွင် အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့ သော ပစ္စည်းများ ရတတ်တယ်။ ယခုအချိန်တွင် လက်ခံလိုက်ပါက အလဟဿကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ပါက သွေးလေဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှံများ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံသောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၃၊ ၅၇၊ ၇၅

### အထူးသတိပြုရန်

ယခုကာလအတွင်း ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်း မအိပ်နှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာခြင်း၊ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ညံ့တယ်ဆိုပေမယ့် မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ မပြောင်းသင့်တဲ့ ကာလဖြစ်ပေမယ့် မဖြစ်မနေ ပြောင်းရွှေ့ရမယ်ဆိုရင်တော့ ပြောင်းလို့ရပါတယ်။ ခရီးဝေးသွားမယ်လို့ ကြံရွယ်ထားလျှင် ဒီအချိန်မှာ သွားလိုက်ပါ။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ စက်ပစ္စည်းနှင့် ပတ်သက်ပြီး မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ အိမ်ကို သက်ကြီးရွယ်အို လာရောက်တည်းခိုလျှင် ထိုလာရောက်တည်းခိုသည့်သူ ကျန်းမာရေး ညံ့သွားတတ်တယ်။ ယခုကာလတွင် အိမ်ထောင်မပြုသင့်ပါ။ အိမ်ထောင်ပြုလျှင် နှစ်ဖက်ဆွေမျိုးမိဘ စိတ်ဝမ်းကွဲတာမျိုး ဖြစ်တတ်တယ်။ အိမ်ရောင်း၊ အိမ်ဝယ် မပြုပါနှင့်။ သစ်၊ သံ၊ သွပ်၊ ရေထွက်ကုန်ပစ္စည်းများ အောင်မြင်အကျိုးပေးလိမ့်မယ်။ မထင်မှတ်ထားသော ဆွေမျိုးသားချင်းများက အကူအညီပေးလိမ့်မယ်။ ရွှေနှင့် ရတနာပစ္စည်းများထွက်ခြင်း၊ ပေါင်နှံရခြင်းများ ပြုလုပ်ရတတ်တယ်။ စက်ပစ္စည်း ထွက်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးထွက်သံယိုဖြစ်တတ်တယ်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ပျက်စီးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၁၇၊ ၆၁၊ ၆၅

### အထူးသတိပြုရန်

အိမ်အနီးအနားတွင် ကလေးမီးဖွားပြီး အဖတ်မတင်သော
နိမိတ်တွေ့လျှင်လည်းကောင်း၊ တစ်ယောက်နှင့်တစ်ယောက် စွပ်စွဲပြောဆိုသော
နိမိတ်တွေ့ပါက သင် ကျန်းမာရေး ညံ့တတ်တယ်။
လျှပ်စစ်မီး ဖုကွဲပေးတတ်တယ်။ အမှုကိစ္စ အာမခံမပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း
သစ်သီးဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com